

The Asia Foundation

# မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ

## နယ်မြေစိုးမိုးရေး ပဋိပက္ခ၊ ထောက်ပံ့ကူညီမှု နှင့် ဖွံ့ဖြိုးရေး



The Asia Foundation

# မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ

## နယ်မြေစိုးမိုးရေး ပဋိပက္ခ၊ ထောက်ပံ့ကူညီမှု နှင့် ဖွံ့ဖြိုးရေး

| | |
|---|---|
| ရေးသားပြုစုသူများ | Adam Burke |
| | Nicola Williams |
| | Patrick Barron |
| | Kim Jolliffe |
| | Thomas Carr |
| အမြုတေ သုတေသနအဖွဲ့ | ကျော်မျိုးဦး |
| | နိုင်ငြိမ်းသူ |
| | Lea Lybecker |
| အခြားပါဝင်ပံ့ပိုးသူများ | Mai Truc Nguyen |
| | သန္တာဖြူ |
| | Niels Huby |
| | John Rieger |
| | Elzemiek Zinkstok |
| | Anna Goodman |
| အကြံပေးအဖွဲ့ | Mary Callahan |
| | Nikolas Myint |
| | စိုင်းဦး |
| | Elizabeth Moorsmith |
| | Melanie Littlejohn |
| | Theo Hollander |
| ဦးဆောင်ပညာရှင် | Adam Burke |
| သုတေသနမန်နေဂျာ | Nicola Williams |

မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ - နယ်မြေစိုးမိုးမှု ပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု စာတမ်းကို
စီးပွားရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ ကိုရီးယားရံပုံငွေ
(Korean Trust Fund for Economic and Peace-building Transitions) မှ
ကမ္ဘာ့ဘဏ်(World Bank) မှ တစ်ဆင့် ဘဏ္ဍာငွေပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။

ထပ်ဆောင်းဘဏ္ဍာငွေ ထောက်ပံ့ကူညီမှုကို
ဩစတေးလျနိုင်ငံတကာရေးရာနှင့် ကုန်သွယ်မှုဌာန (Department of Foreign Affairs and Trade - DFAT) နှင့်
ယူကေနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန (United Kingdom's Department for International Development) တို့မှ ထောက်ပံ့ထားပါသည်။

ယခုစာတမ်းတွင် ပါဝင်သော ရှာဖွေတွေ့ရှိချက်များ၊ သုံးသပ်ယူဆချက်များ၊ ကောက်ချက်ချမှုများသည် စာရေးသူများ၏ အာဘော်သာဖြစ်ပြီး
ကမ္ဘာ့ဘဏ်၊ အာရှဖောင်ဒေးရှင်းနှင့် အခြားသော ဘဏ္ဍာငွေ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ၏ သဘောထားအမြင်များကို
ကိုယ်စားပြုထားခြင်း မရှိပါ။

Copyright © 2017 by The Asia Foundation
အာရှဖောင်ဒေးရှင်း၏ တရားဝင်ခွင့်ပြုချက် တစုံတရာမပါဘဲ
ဤစာအုပ်၏ တစ်စိတ်တပိုင်းကိုဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ
ပြန်လည်ဖြန့်ဖြူးထုတ်ဝေခြင်း အလျဉ်းမပြုလုပ်ရ။

အာရှဖောင်ဒေးရှင်း
၄၆၅၊ ကယ်လီဖိုးနီးယားလမ်း၊ ၉ လွှာ
ဆန်ဖရန်စစ္စကို၊  စီအေ အမေရိကန်ပြည်ထောင်စု ၉၄၁၀၄
www.asiafoundation.org



# ကျေးဇူးတင်လွှာ

စာတမ်းပြုစုသူများနှင့် သုတေသနအဖွဲ့သည် ယခုစာတမ်းပြုစုရာတွင် အချိန်ပေးကူညီခဲ့ကြသည့် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အလှူရှင်များနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံရှိ အတိုက်အခံဖြစ်ပွားနေသည့် ဒေသများ (Contested Areas of Myanmar) လေ့လာမှု စာတမ်းရေးသားရာတွင် လမ်းညွှန်ပေးခဲ့သည့် The Asia Foundation မှ Kim Ninh နှင့် Matthew Arnold တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ ထောက်ပံ့ လမ်းညွှန်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ပေးခဲ့သည့် ကမ္ဘာ့ဘဏ်မှ Nikolas Myint ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ နောက်ဆုံး အနေနှင့် သုတေသနပြုလုပ်စဉ်နှင့် စာတမ်းမူကြမ်းပြုစုစဉ်ကာလတစ်လျှောက် အရေးပါသည့် မှတ်ချက်များပေးပြီး အမြော်အမြင်ပြည့်ဝသည့် အကြံပေးမှုများနှင့် ပံ့ပိုးပေးခဲ့ကြသည့် ပါဝင်ကူညီသူများနှင့် အကြံပေးအဖွဲ့ကို စာတမ်းပြုစုသူများက ကျေးဇူးတင်ကြောင်း အသိအမှတ်ပြုဖော်ပြလိုပါသည်။

# စကားဦး

နယ်စွန်နယ်ဖျားတွင်သာရင်ဆိုင်နေရသည့် ပြဿနာတစ်ခုမဟုတ်သော မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် ကျယ်ပြန့်စွာ ပျံ့နှံ့လျက်ရှိပြီး နိုင်ငံ၏ အရေးအကြီးဆုံးသော နိုင်ငံလုံးဆိုင်ရာ အခက်အခဲများကို ပုံဖော်နေသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် နိုင်ငံ လူဦးရေ၏ ၄ ပုံ ၁ ပုံကို တိုက်ရိုက် ထိခိုက်စေသည်။ ရာစုနှစ်ဝက်ကျော်ကြာအောင် နိုင်ငံတစ်ခုလုံး၏ နိုင်ငံရေးလမ်းကြောင်း၊ စီးပွားရေးတိုးတက်မှုနှင့် လူသားဘဝ ဖွံ့ဖြိုးတိုးတက်မှုများပေါ်တွင် အကြီးအကျယ်သက်ရောက်မှုများ ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သဘာဝအရ ခွဲမရအောင် ဆက်စပ်နေကြသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နည်းလမ်းရှာမည်ဆိုပါက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်ရန်၊ လူနေမှုအဆင့်အတန်းများ မြှင့်တင်ရန် လိုအပ်သည်။ ၂၀၁၁ ခုနှစ်မှ စပြီး ငြိမ်းချမ်းရေးကို ဦးတည်သည့် ထင်ရှားသည့် တိုးတက်မှုများရှိခဲ့သည်။ သို့သော်လည်း ရေရှည်တည်ငြိမ်ပြီး ကဏ္ဍစုံ ပြည့်စုံသည့် ငြိမ်းချမ်းရေးရရှိရန်မှာ ဖွဲ့စည်းပုံစနစ်များ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။ နိုင်ငံရေးအာဏာကို ပြည့်ပြည့်ဝဝ ခွဲဝေပေးခြင်းမှ အရပ်သား အုပ်ချုပ်မှုသို့ပြောင်းခြင်း၊လူမျိုးစုတိုင်းရင်းသား အားလုံးက တရားဝင်ဖြစ်သည်ဟု လက်ခံအသိအမှတ်ပြုသည့် အစိုးရစနစ်တရပ်ပေါ်ထွက်လာရေးအထိ ပြုပြင်ပြောင်းလဲရေးများပြုလုပ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်သည် တမျိုးသားလုံးအဆင့် ကြိုးပမ်းမှုဖြစ်သောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းများမှ အရေးကြီးသည့် အကူအညီပေးရေးဆိုင်ရာ အခန်းကဏ္ဍတွင် ရှိနေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲ၊ ဖွံ့ဖြိုးတိုးတက်မှုများ လျင်လျင်မြန်မြန်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ဆွေးနွေးနေမှုများကို အထောက်အပံ့ဖြစ်စေရန်၊ ငြိမ်းချမ်းရေး အလားအလာများ ဖြစ်ထွန်းအားကောင်းလာစေရန် The Asia Foundation သည် တစ်နှစ်ကျော်ကြာ အချိန်ယူပြီး မြန်မာနိုင်ငံ၏ အတိုက်အခံ ဖြစ်ပွားနေသည့်ဒေသများ - နယ်မြေစိုးမိုးရေးပဋိပက္ခ၊ ထောက်ပံ့ကူညီမှု၊ ဖွံ့ဖြိုးရေး (The Contested Areas of Myanmar: Subnational Conflict, Aid, and Development ) စာတမ်းကိုပြုစုခဲ့ပါသည်။

ပါဝင်ရေးသားကြသည့် သုတေသီများနှင့် ဝေဖန်သုံးသပ်သူများ၏ အတွေ့အကြုံပြည့်ဝ ကျွမ်းကျင်မှုအပေါ်တွင်အခြေခံပြီး စာတမ်းရှင်များ ပူးပေါင်းရေးသားထားသည့် စာတမ်းတစ်ခုဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် တွင် The Foundation က ထုတ်ဝေခဲ့သည့် အာရှရှိ အတိုက်အခံ ပဋိပက္ခများဖြစ်ပွားနေသည့် နေရာများ - နယ်မြေစိုးမိုးရေးပဋိပက္ခနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီ (The Contested Corners of Asia: Subnational Conflict andInternational Development Assistance) စာတမ်းပေါ်တွင် အခြေတည်၍ ပြုစုထားခြင်းဖြစ်ပါသည်။ အာဏာပိုင်များ စင်ပြိုင်အနေအထားဖြင့် အုပ်ချုပ်နေသည့် ပဋိပက္ခ သက်ရောက်မှုရှိသည့် ဒေသများ၊ အုပ်ချုပ်မှုများ ရောထွေးနေသည့် ဒေသများအကြောင်း အပါအဝင်  မြန်မာနိုင်ငံတစ်ခုလုံးပေါ်  သက်ရောက်မှုရှိသည့် အုပ်ချုပ်မှုဆိုင်ရာ အကြောင်းများကို ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၃ ခုနှစ်မှစပြီး တစိုက်မတ်မတ်လေ့လာထားခဲ့မှုများကြောင့် နိုင်ငံနှင့် ပတ်သက်သည့် အဖိုးတန် အချက်အလက်များကို ပံ့ပိုးပေးနိုင်ခဲ့သည်။

ယခုစာတမ်းအတွက် Korea Trust Fund for Economic and Peace-building Transitions မှ ဘဏ္ဍာငွေကို ကမ္ဘာ့ဘဏ်အုပ်စုမှတဆင့် ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ ဗြိတိန်၏ Department for International Development (DFID) ၊ ဩစတေးလျ၏ Department of Foreign Affairs and Trade (DFAT) ထပ်လောင်းပံ့ပိုးပေးမှုများအတွက်လည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ အတိုက်အခံ ပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသများ - နယ်မြေစိုးမိုးရေးပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေး (The Contested Areas of Myanmar: Subnational Conflict, Aid, and Development ) စာတမ်းသည် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများမှ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ပြည့်ပြည့်စုံစုံ တင်ပြပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

**Dr. Kim N.B. Ninh**
ဌာနေကိုယ်စားလှယ်
The Asia Foundation Myanmar
၂၀၁၇ အောက်တိုဘာ



# မာတိကာ


အဓိပ္ပာယ်ဖွင့်ဆိုချက်များ က

စကားရပ်များ ဂ

## အခန်း ၁ – မိတ်ဆက် ၀၃

၁.၁ နိုင်ငံခြားအထောက်အပံ့များဖြင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများကို လျှော့ချနိုင်မည်လား။ ၀၃

၁.၂ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခပေါ်သို့ နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုကို ဆန်းစစ်ခြင်း ၀၅

၁.၃ စာတမ်းပြုစုပုံ ၀၆

၁.၄ စာတမ်းဖွဲ့စည်းပုံ ၀၇

အခန်းလမ်းညွှန် ၀၈

## အခန်း ၂ – မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ ၁၁

၂.၁ မြန်မာနိုင်ငံရှိနယ်မြေစိုးမိုးရေးပဋိပက္ခများ၏ ပုံစံများ ၁၃

၂.၂ နယ်မြေစိုးမိုးရေးပဋိပက္ခများ၏ အကြောင်းအရင်းခံများ ၁၈

၂.၃ မြန်မာနိုင်ငံရှိနယ်မြေစိုးမိုးရေးပဋိပက္ခများလျော့လာရန်မူဘောင် ၂၃

၂.၄ ဒေသတွင်းအခင်းအကျင်း ၂၆

## အခန်း ၃ – ဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ ၃၁

၃.၁ ဖွံ့ဖြိုးရေးနှင့် နယ်မြေစိုးမိုးရေးပဋိပက္ခ ၃၂

၃.၂ ဖွံ့ဖြိုးရေးမူဝါဒကို နိုင်ငံရေးမဟာဗျူဟာအဖြစ်အသုံးချခြင်း ၃၈

၃.၃ သဘာဝသယံဇာတ အသုံးချပြီး ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း ၄၄


## အခန်း ၄ – အထောက်အပံ့နှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ ၄၉

၄.၁ ၂၀၁၁ နောက်ပိုင်း အထောက်အပံ့များ၏ သဘောသဘာဝ - အစိုးရနှင့် ပုံမှန်ဆက်ဆံရေးသို့ ဦးတည်ခြင်း ၅၀

၄.၂ ပဋိပက္ခဖြစ်ပွားရာဒေသများသို့ အထောက်အပံ့များ စီးဆင်းမှု ၅၅

၄.၃ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် နိုင်ငံခြားအထောက်အပံ့ ၅၉

၄.၄ အစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်း - နည်းပညာအကူအညီ၊ အမျိုးသားစီမံကိန်းရေးဆွဲခြင်းနှင့် နိုင်ငံအဆင့် အကြီးစားပရိုဂရမ်များ ၆၀




## အခန်း ၅ – နယ်မြေစိုးမိုးရေး ပဋိပက္ခအပေါ် နိုင်ငံခြား အထောက်အပံ့များ၏ သက်ရောက်မှုများ ၆၅

၅.၁ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုအပေါ် သက်ရောက်မှုများ ၆၆
၅.၂ ပဋိပက္ခအကြောင်းရင်းခံများပေါ် သက်ရောက်မှု ၇၄
၅.၃ ဒေသအဆင့် တင်းမာမှုများနှင့် အကြမ်းဖက်မှုအပေါ် သက်ရောက်မှုများ ၈၀

## အခန်း ၆ – ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအပေါ် နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုများ ၈၇

၆.၁ နိုင်ငံခြားအထောက်အပံ့နှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများ ၈၈
၆.၂ ဆွေးနွေးညှိနှိုင်းခြင်းကို အထောက်အကူဖြစ်စေသည့် အစီအမံများ ၉၃
၆.၃ ပဋိပက္ခအကြောင်းရင်းခံများဖြေရှင်းခြင်း ၉၅
၆.၄ ပဋိပက္ခကိုဆိုးဝါးစေသည့် ဒေသတွင်းမှ အကြောင်းအရာများကို ဖြေရှင်းခြင်း ၉၈

## အခန်း ၇ – သုံးသပ်ချက်များနှင့် အကြံပြုချက်များ ၁၀၃

၇.၁ သုံးသပ်ချက်များ ၁၀၃
အပိုင်း ၁။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများအကြောင်း ၁၀၃
အပိုင်း ၂။ ဖွံ့ဖြိုးရေး၊ အထောက်အပံ့နှင့် နယ်မြေစိုးမိုးရေးပဋိပက္ခ ၁၀၅
အပိုင်း ၃။ အထောက်အပံ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၁၀၈
၇.၂ အကြံပြုချက်များ ၁၁၀

**အခန်းဆုံးမှတ်စု** ၁၁၇
**ကိုးကားရင်းမြစ်များ** ၁၂၇
**နောက်ဆက်တွဲ – သုတေသန နည်းလမ်းများ** ၁၃၇

# အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**3MDG** Three Millennium Development Goals Fund
၃ ထောင်စု၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် ရန်ပုံငွေ

**AA** Arakan Army
ရက္ခိုင့်တပ်မတော်

**ADB** Asian Development Bank
အာရှဖွံ့ဖြိုးရေးဘဏ်

**AIMS** Aid Information Management System
ထောက်ပံ့ရေးအချက်အလက်စီမံမှုစနစ်

**ARSA** Arakan Rohingya Salvation Army
အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်

**ASEAN** Association of Southeast Asian Nations
အရှေ့တောင်အာရှနိုင်ငံများအသင်း

**CSO** Civil Society Organization
အရပ်ဖက်လူ့အဖွဲ့အစည်း

**DACU** Development Assistance Coordination Unit
ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေး အဖွဲ့

**DFID** UK's Department for International Development
ယူကေ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန

**DKBA** Democratic Karen Buddhist Army, also Democratic Karen Benevolent Army
တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (သို့)
ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော်

**EAO** Ethnic Armed Organization
တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း

**EITI** Extractive Industries Transparency Initiative
တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ
ပွင့်လင်းမြင်သာမှု

**ENAC** Ethnic Nationalities Affairs Centre
တိုင်းရင်းသား လူမျိုးများ ရေးရာ စင်တာ

**GAD** General Administration Department
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**IDP** Internally Displaced Person
ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ

**IFC** International Finance Corporation
အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း

**INGO** International Nongovernmental Organization
(နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း)

**JCB** Joint Coordinating Body for Peace Process Funding
ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်
ညှိနှိုင်းရေးအဖွဲ့

**JICA** Japan International Cooperation Agency
ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ

**KIO** Kachin Independence Organization
ကချင် လွတ်မြောက်ရေး အဖွဲ့

**KIA** Kachin Independence Army
ကချင်လွတ်မြောက်ရေးတပ်မတော်

**KNLA** Karen National Liberation Army
ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်

**KNU** Karen National Union
ကရင် အမျိုးသား အစည်းအရုံး

**KWO** Karen Women's Organization
ကရင် အမျိုးသမီးအစည်းအရုံး

**KNWO** Karenni National Women's Organization
ကရင်နီ အမျိုးသမီး အစည်းအရုံး

**KNPP** Karenni National Progressive Party
ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ

**LIFT** Livelihoods and Food Security Trust
သက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ

**MIMU** Myanmar Information Management Unit
မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ်



**MoE** Ministry of Education
ပညာရေးဝန်ကြီးဌာန

**MoEE** Ministry of Electricity and Energy
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**MoNREC** Ministry of Natural Resources and Environmental Conservation
သယံဇာ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန

**MMK** Myanmar Kyat
မြန်မာကျပ်ငွေ

**MNDAA** Myanmar National Democratic Alliance
မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော်

**MWO** Mon Women's Organization
မွန်အမျိုးသမီး အစည်းအရုံး

**NCA** Nationwide Ceasefire Agreement
တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်

**NDAA** National Democratic Alliance
အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်

**NLD** National League for Democracy
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်

**NMSP** New Mon State Party
မွန်ပြည်သစ်ပါတီ

**NRPC** National Reconciliation and Peace Center
အမျိုးသား ပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေး ဗဟိုဌာန

**ODA** Official Development Assistance
တရားဝင် ဖွံ့ဖြိုးရေး အကူအညီ

**OECD** Organization for Economic Cooperation and Development
စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်း

**PNO** Pa-O National Organization
ပအိုဝ့် အမျိုးသား အစည်းအရုံး

**RCSS** Restoration Council of Shan State
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

**SAD** Self-Administered Division
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

**SPDC** State Peace and Development Council
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**TNLA** Ta'ang National Liberation Army
တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်

**UN** United Nations
ကမ္ဘာ့ကုလသမဂ္ဂ

**UNDP** United Nations Development Program
ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်

**UNFPA** United Nations Population Fund
ကုလသမဂ္ဂလူဦးရေရံပုံငွေ အဖွဲ့

**UNHCR** Office of the *United Nations High Commissioner for Refugees*, the UN Refugee Agency
ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

**UNICEF** United Nations Children's Fund
ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့

**USAID** United States Agency for International Development
အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးမှု အေဂျင်စီ

**UWSA** United Wa State Army
ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်

**UWSP** United Wa State Party
ဝ ပြည် သွေးစည်းညီညွတ်ရေး ပါတီ

**WASH** Water, Sanitation, and Hygiene
ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး

# စကားရပ်များ

**Aid agency** (အထောက်အပံ့ပေးသည့် အဖွဲ့အစည်း) - နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီ သို့မဟုတ် နိုင်ငံခြား ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများကို ကြီးကြပ်သည့် နိုင်ငံတကာ အဖွဲ့ အစည်း။ နိုင်ငံခြား ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများကို အကောင်အထည် ဖော်သည့် နိုင်ငံတကာ NGOs များ နှင့် အကြံပေးအဖွဲ့ အစည်းများလည်း အကျုံးဝင်သည်။

**Bamar** (ဗမာ) - မြန်မာနိုင်ငံ၏ အဓိက လူမျိုးစုဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၃ ပုံ ၂ ပုံခန့် ရှိသည်။

**Border guard forces** (နယ်ခြားစောင့်တပ်) - တပ်မတော်မှ ဖွဲ့စည်းထားသည့် ပြည်သူ့စစ် ဖြစ်သည်။ တပ်မတော်မှ တပ်သားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း သို့မဟုတ် ပြည်သူ့စစ်မှ တပ်သားများ ဖြင့်ပေါင်းစပ် ဖွဲ့စည်းထားသည်။

**Burma** (ဗမာ) : **Myanmar** (မြန်မာ) ၏ မူကွဲအသုံး။ ၁၉ ၈၉ ခုနှစ်မတိုင်မီထိ နိုင်ငံ၏ တရားဝင် အမည်ဖြစ်သည်။

**Civil Society Organizations** (အရပ်ဖက် လူ့အဖွဲ့အစည်း) - ပြည်သူ့အကျိုး အတွက် သဘောထား တိုက်ဆိုင်သည့် ကိစ္စများလက်တွဲဆောင်ရွက်ရန် လူ့မှုအသိုင်း အဝိုင်းတစ်ခုမှ သို့မဟုတ် ရပ်ရွာတစ်ခုမှ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းထားသည့် အရွယ်အစားမကြီးပဲ ဖွဲ့စည်းထားသည့် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊

**Concessional loans** (အထူးနှုန်းချေးငွေ) - အတော်အတန်သက်သာလျော့ရဲ သည့် နှုန်းထားဖြင့် ချထားပေးသည့် ချေးငွေ။ နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီ အနေ ဖြင့်လည်း ပေးအပ်သည်။

**Conflict advisors** (ပဋိပက္ခရေးရာ အကြံပေးများ) - အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၊ အကြံပေး အဖွဲ့များ၊ အစိုးရများနှင့် လက်တွဲပြီး ပဋိပက္ခ ဆက်စပ် ကိစ္စများတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်များ။

**Conflict mitigation** (ပဋိပက္ခလျော့ချခြင်း) - ဖြစ်ပွားနေဆဲအကြမ်းဖက် ပဋိပက္ခများ လျော့ပါး သွားစေရန် ရည်ရွယ်လျက်ဆောင်ရွက်သည့် လှုပ်ရှားမှုများနှင့် မဟာဗျူဟာများ။

**Conflict sensitivity** (ပဋိပက္ခ ဆင်ခြင်ရှောင်ရှားနိုင်မှု) - လုပ်ငန်းဆောင်ရွက် နေသည့် အခင်း အကျင်းရှိ ပဋိပက္ခအနေအထားကို အပြည့်အဝဆင်ခြင်မိပြီး၊ ဆောင်ရွက်ပါဝင်သမျှတွင် ဆိုးကျိုးများ ဖြစ်ပေါ်စေမှုကို ရှောင်ရှားနိုင်သည့် အဖွဲ့အစည်း၏ အရည်အသွေး။

**Contested** (အတိုက်အခံ ပဋိပက္ခဖြစ်ပွားနေသည့် အနေအထား) - ပဋိပက္ခ ဖြစ်ပွား နေခြင်း (conflict-affected) နှင့် အဓိပ္ပာယ်ဆင်တူပြီး နေရာ၊ ရင်းမြစ်၊ ဒေသခံတို့ ပေါ်တွင် အာဏာလွှမ်းမိုးနိုင်ရန် ရင်ဆိုင်မှု များရှိသည့် အခြေအနေကို အသားပေးလိုသည့် စကားရပ်ဖြစ်သည်။

**Conventional warfare** (သမရိုးကျရင်ဆိုင်စစ်) - စစ်မက် ဖြစ်ပွားနေသည့် အဖွဲ့များကြား သမရိုးကျ လက်နက်များ၊ နည်းစနစ်များအသုံးပြုသည့် စင်ပြိုင်တိုက်ခိုက်မှု။

**Decentralization** (ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း) - ဗဟိုအဆင့်အစိုးရမှ အောက်အဆင့်သို့ လုပ်ပိုင်ခွင့် များလွှဲပြောင်းပေးခြင်း။

**Development policies and practices** (ဖွံ့ဖြိုးရေးမူဝါဒများ နှင့် လုပ်ငန်းဆောင်ရွက်ချက်များ) - အစိုးရများ သို့မဟုတ် အခြားအစုအဖွဲ့များ၏ အထူး ဆောင်ရွက်ချက်များ။ ယင်းမူဝါဒများနှင့် လုပ်ငန်း ဆောင်ရွက်ချက်များသည် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**Development processes** (ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ) - သဘာဝ သယံဇာတ တူးဖော်မှု တိုးမြှင့်ခြင်း သို့မဟုတ် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများချဲ့ထွင်ခြင်းကဲ့သို့သော စီးပွားရေးတိုးတက်မှု သို့မဟုတ် လူနေမှုအဆင့်အတန်း တိုးတက်မှုနှင့်ဆိုင်သည့် အပြောင်းအလဲများ။

**Development**(ဖွံ့ဖြိုးတိုးတက်မှု) - စီးပွားရေးတိုးတက်မှု သို့မဟုတ် လူနေမှု အဆင့်အတန်း တိုးတက်မှု အဖြစ်နှင့် ယခုစာတမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လက်တွေ့တွင်ယင်းစကားရပ်ကို အသုံးပြုမှု အမျိုးမျိုးရှိပြီး အပြုသဘော၊ အပျက်သဘော အဓိပ္ပာယ် နှစ်မျိုးဆောင်နိုင်သည်။

**Donors** (အလှူရှင်များ) - သို့မဟုတ် မြန်မာနိုင်ငံသို့ လှူဒါန်းမှုများပြုလုပ်သည့် အထူးနှုန်း ချေးငွေ ချေးပေးသည့် တရားဝင်အဖွဲ့အစည်း။ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေချေးအဖွဲ့အစည်းများနှင့် နိုင်ငံခြားအစိုးရများ ပါဝင်သည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများကဲ့သို့ လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်အကောင် အထည်ဖော်ခြင်းမရှိပါ။

**Ethnic areas** (တိုင်းရင်းသားဒေသများ) - ဒေသ၏ လူများစုအဖြစ် ဗမာမဟုတ် သည့် တိုင်းရင်းသား တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ စုဖွဲ့နေထိုင်သည့် ဒေသများ။

**Ethnic Armed Organization**(တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း) - တိုင်းရင်းသား ဒေသများတွင် မြန်မာနိုင်ငံအစိုးရ၏ ဩဇာကို အတိုက်အခံပြုနေသည့် နိုင်ငံတော် အစိုးရနှင့်မသက်ဆိုင်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ။

**Ethnic population** (တိုင်းရင်းသားဦးရေ) - မြန်မာနိုင်ငံရှိ လူနည်းစု တိုင်းရင်း သား လူမျိုးစုတွင် ပါဝင်သူများ။ (ဗမာ မဟုတ်သူများကို ဆိုလိုသည်)

**Federalism** (ဖက်ဒရယ်ဝါဒ) - စနစ်တစ်ခုတည်း၏ အောက်တွင် ဒေသအဆင့် အုပ်ချုပ်မှုပုံစံ အမျိုးမျိုး ပါဝင်လျက် ဖွဲ့စည်း ထားသည့် အစိုးရဖြင့် အုပ်ချုပ်သည့် ပုံစံ။

**Fiscal policy** (ဘဏ္ဍာရေးမူဝါဒ) - နိုင်ငံတစ်ခုအနေဖြင့် ၎င်း၏ စီးပွားရေးကို ထိန်းချုပ် နိုင်ရန် ဝင်ငွေ ထွက်ငွေကို ချင့်ချိန်သုံးစွဲသည့် နည်းလမ်းများ။

**Foreign aid** (နိုင်ငံခြား အကူအညီ) - International Development Assistance (နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီ) ကိုကြည့်ပါ။

**Government** (အစိုးရ) - ပြည်ထောင်စု မြန်မာနိုင်ငံ၏ အရပ်ဘက်၊ စစ်ဘက် ကိစ္စများ အုပ်ချုပ်စီမံမှု

**Grievance** (နစ်နာချက်များ) - တိုင်ကြားမှု အကြောင်းရင်းခံ အစစ် အမှန် သို့မဟုတ် ပုံဖော်ထားသည့် ကိစ္စ။ နိုင်ငံရေး ဆန့်ကျင်မှု၏ အခြေခံအကြောင်းရင်း။ သို့မဟုတ် တရားရေးစနစ် အတွင်း သို့မဟုတ် ပြင်ပ မှ ပြန်လည်ဖြေရှင်းပေးရမည့် ကိစ္စ။

**Implementing agency** (လုပ်ငန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်း) - အလှူရှင်၏ လှူဒါန်း ငွေဖြင့်လုပ်ငန်းများ သို့မဟုတ် စီမံကိန်းများကို အကောင်အထည်ပေးသည့် အဖွဲ့အစည်း။

**Internally Displaced Persons** (ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ) - မိမိနေရပ်ကို စွန့်ခွာရန် အကြောင်းဖန်လာသဖြင့် နိုင်ငံနယ်နိမိတ်အတွင်း ရွှေ့ပြောင်း နေထိုင်ရသူများ။

**International aid** - (နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီ) ကိုကြည့်ပါ။

**International development assistance** (နိုင်ငံတကာ ဖွံ့ဖြိုးရေး အကူအညီ) - နိုင်ငံခြား အထောက်အပံ့ သို့မဟုတ် အထောက်အပံ့ဟုလည်း သုံးနှုန်းသည်။ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး နိုင်ငံတနိုင်ငံမှ အခြား နိုင်ငံတစ်ခုသို့ စေတနာအလျောက်ပေးအပ်သည့် ရင်းမြစ်များ။ ပုဂ္ဂလိက လွှဲပြောင်းပေးမှုများ သို့မဟုတ် NGO များသို့ ပေးလှူခြင်းထက် အလှူရှင်အစိုးရများ သို့မဟုတ် နိုင်ငံစုံ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို အဓိက ရည်ညွှန်းသည်။

**Kayah** (ကယား) - ကရင်နီ ဟု ခြုံငုံခေါ်ဆိုသည့် လူမျိုး နှင့် ကရင်နီများနေထိုင်သည့် ပြည်နယ် အတွက် အစိုးရ၏ တရားဝင် အသုံးအနှုန်း။ ကရင်နီဟု လူသိများသော်လည်း ၎င်းတို့သည် လူမျိုး အရ၊ ဘာသာစကားအရ ကရင်များနှင့် သီးခြားဖြစ်သည်ဟု ခံယူထားသည်။

**Kayin** (ကရင်) - ကရင် (karen) ဟု အများလက်ခံထားသည့် လူမျိုးစုအတွက် အစိုးရ၏ တရားဝင် အသုံး အနှုန်း၊ ကရင် အများစုနေထိုင်သည့် ပြည်နယ်တစ်ခု၏ အမည်။

**Myanmar** (မြန်မာ) - ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ အတိုချုပ်နာမည်။ ယခင်က ပြည်ထောင်စု ဗမာ နိုင်ငံ သို့မဟုတ် ဘားမား ဟု ရည်ညွှန်းကြသည်။

**NLD Government** (အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရ) - နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည် လမ်းညွှန်သည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီ ဦးဆောင်သည့် အစိုးရ။ ၂၀၁၅ ခုနှစ်တွင် ရွေးချယ်ခံရသည်။

**Panglong**(ပင်လုံ) - ပြည်ထောင်စု ဖွဲ့စည်းရန်အတွက် ရည်ရွယ်ပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ အခြားလူမျိုးစုခေါင်းဆောင်များ တက်ရောက်သည့် ၁၉၄၇ ပင်လုံညီလာခံကျင်းပသည့် နေရာ။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD အစိုးရလက်ထက် ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယင်း စကားရပ်ကိုပြန်လည် အသက်သွင်း အသုံးပြုခဲ့သည်။

**Paramilitary** (လက်နက်ကိုင်အရန်တပ်) - အစိုးရနောက်ခံဖြင့်ဖွဲ့စည်း ထားသော်လည်း တပ်မတော်၏ အစိတ်အပိုင်း မဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း။ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်တို့သည် လက်နက်ကိုင်အရန်တပ်များဖြစ်သည်။

**Peacebuilding** (ငြိမ်းချမ်းရေးတည်ဆောက်ခြင်း) - ခိုင်မာသည့် ငြိမ်းချမ်းရေး တည်ဆောက်ရန်၊ အကြမ်းဖက် တိုက်ခိုက်မှုများ ပြန်လည်ထွက်ပေါ်လာခြင်းကို ကာကွယ်ရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်များ။

**Peace dividends** (ငြိမ်းချမ်းရေး အသီးအပွင့်) - အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်သစ်များ နောက်တွင် တပါတည်းခံစားရမည့် အကျိုးအမြတ်များ။

**Region** (တိုင်းဒေသကြီး) - နိုင်ငံရှိ အုပ်ချုပ်ရေးနယ်မြေ ၁၄ ခုအနက် တစ်ခုအပါဝင်ဖြစ်သည်။ ပြည်နယ်နှင့် သဏ္ဌာန်တူသည်။ မြန်မာနိုင်ငံတွင် ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခု နှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဟူ၍ခွဲခြားထားသည်။ တိုင်းဒေသကြီးတွင် ဗမာ တိုင်းရင်းသား အများစုနေထိုင်သည်။

**Self-administered areas** (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ) - ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာတစ်ခုထိ ရရှိထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု (ဓနု၊ ကိုးကန့်၊ နာဂ၊ ပအိုဝ်၊ ပလောင်) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု (ဝ)။

**Stabilization** (တည်ငြိမ်ရေး) - ပဋိပက္ခပြီးနောက် သို့မဟုတ် ဖြစ်နေဆဲ သို့မဟုတ် ဖြစ်လုဆဲဆဲအနေ အထားတွင် လူမှုအသိုင်းအဝိုင်းကို တည်ငြိမ်စေရန် ဆောင်ရွက်သည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ နှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ။

**State** (ပြည်နယ်) - တိုင်းဒေသကြီးနှင့် အလားသဏ္ဌာန်တူသည့် နယ်မြေအပိုင်းအခြားတစ်ခု။ မြန်မာနိုင်ငံရှိ ပြည်နယ် ၇ ခုကို တိုင်းရင်းသားလူနည်းစုများ၏ အမျိုးအမည်ကိုစွဲ၍ ပေးထားသည်။

**Statebuilding** (နိုင်ငံတည်ဆောက်ခြင်း) - တိုင်းပြည်တစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး တိုးတက်မှု များဖြစ်ပေါ်စေရန် လိုအပ်သည့် အင်စတီကျူးရှင်းများကို ပြန်လည်စုဖွဲ့ခြင်း သို့မဟုတ် တည်ထောင် ခြင်း။

**State Counsellor** (နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်) - ဒေါ်အောင်ဆန်းစုကြည် ရယူထားသော ရာထူးနေရာဖြစ်ပြီး ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်အာဏာနှင့် တန်းတူဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတအဖြစ် တာဝန် ထမ်းဆောင်နိုင်ခြင်းမရှိရန် အခြေခံဥပဒေအရ ကန့်သတ်ထားသည်။ နိုင်ငံခြားသားအဖြစ် ခံယူထားသည့် သားသမီးရှိသူများအနေဖြင့် သမ္မတရာထူးရယူခြင်းကို အခြေခံဥပဒေအရ ကန့်သတ်ထားသည်။

**Subnational conflict** (နယ်မြေစိုးမိုးရေး ပဋိပက္ခ) - အချုပ်အခြာနိုင်ငံ တစ်ခုအတွင်း နယ်မြေစိုးမိုး နိုင်ရေး အတွက် ဖြစ်ပေါ်သည့် လက်နက်ကိုင်ပဋိပက္ခများ။

**Tatmadaw** (တပ်မတော်) - မြန်မာနိုင်ငံအစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့၊ ကာကွယ်ရေး တပ်ဖွဲ့


**Technical assistance** (နည်းပညာအထောက်အပံ့) - နိုင်ငံခြား အထောက်အပံ့ဖြင့် စီစဉ်လေ့ရှိသော အကြောင်းအရာ တစ်ခုအတွက် သင်တန်းပေးခြင်း၊ သို့မဟုတ် ကျွမ်းကျင်ပညာရှင် ပံ့ပိုးပေးသည့် လုပ်ငန်း။

**Transformative change** (အသွင်ပြောင်း ပြုပြင်ပြောင်းလဲမှု) - ပဋိပက္ခများကို လျော့နည်းစေ သို့မဟုတ် ပြီးဆုံးစေရန် ဦးတည်သည့် အပြောင်းအလဲတစ်ခု။ ဒေသတစ်ခု သို့မဟုတ် ရပ်ရွာတစ်ခုတွင် တည်ငြိမ်မှု၊ စနစ်ကျသည့် အုပ်ချုပ်မှု ပေါ်ပေါက်လာစေသည့် အပြောင်းအလဲတစ်ခု။

**Transitional justice** (အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု) - အတိတ်ကာလမှ ကျူးလွန်ထားမှုများ၊ အကြီးအကျယ် သို့မဟုတ် စနစ်တကျ ကျူးလွန်ထားသည်များကို စီရင်ချက်ချခြင်း သို့မဟုတ် တရားရုံးပြင်ပ နည်းလမ်းဖြင့် ဖြေရှင်းခြင်း။

## အခန်း - ၁

# မိတ်ဆက်



အရှေ့တောင်အာရှတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခများကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံမှာ မြန်မာနိုင်ငံ ဖြစ်သည်။ သေဆုံးပျက်စီးစာရင်းကို အတိအကျမသိနိုင်သော်လည်း လက်နက်ကိုင်အဖွဲ့ အမျိုးမျိုးပါဝင်လျက် ဆယ်စုနှစ် (၇)ခုခန့် တငွေ့ငွေ့ကြာနေသည့် အကြမ်းဖက်မှုများကြောင့် အရပ်သားများနှင့်၊ တိုက်ပွဲဝင် နှစ်ဖက်စစ်သား ထောင်ပေါင်းများစွာ သေကျေပျက်စီးကြမည်မှာ သံသယရှိရန်မလိုသည့် ကိစ္စဖြစ်သည်။[၁] ဒေသခံများ ခံစားရသည့် ပဋိပက္ခအကျိုးဆက်များမှာလည်း ခါးသီး ပြင်းထန်လှသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မလုံခြုံမှုများ နှစ်ပေါင်းများစွာခံစားရခြင်း၊ လူနေမှု အဆင့်အတန်း နိမ့်ကျခြင်း၊ နိုင်ငံတွင်းရှိ တိုင်းရင်းသားလူနည်းစုများတွင် လုပ်ပိုင်ခွင့် အာဏာမရှိ ဟူသော ခံစားချက်များ ပျံ့နှံ့နေသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ရှိနေခြင်းကြောင့် စစ်တပ်အနေဖြင့် နိုင်ငံရေးကဏ္ဍတွင် ကာလရှည်ကြာ စွက်ဖက်နေရန် အကြောင်းပြချက် ကောင်းရနေသကဲ့သို့၊ နိုင်ငံ စီးပွားရေး အလားအလာကိုလည်း အတားအဆီးဖြစ်နေခြင်းသည် တနိုင်ငံလုံးကို အကြီးအကျယ် နစ်နာစေသည်။ ပဋိပက္ခများကြောင့် အရပ်သားသေဆုံးမှုများ ဆက်လက် မြင့်တက်နေသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ အတွင်း မြေမြှုပ်မိုင်းများကြောင့် သေဆုံးသူ သို့မဟုတ် ထိခိုက်ဒဏ်ရာရသူ အနည်းဆုံး ၄၄၈ ဦးရှိပြီး၊ ကမ္ဘာတွင် တတိယအများဆုံးဖြစ်သည်။[၂]

အချုပ်အခြာပိုင် နိုင်ငံတစ်ခုအတွင်းရှိ နယ်မြေတစ်ခု ချုပ်ကိုင်စိုးမိုးနိုင်ရေးအတွက် အားပြိုင်ကြသည့် လက်နက်ကိုင် ပဋိပက္ခဟု သတ်မှတ်ထားသည့် နယ်မြေစိုးမိုးရေးပဋိပက္ခများ (Subnational conflicts) တွင် ထူးခြားသည့် ဝိသေသလက္ခဏာများရှိသည်။[၃] ယင်းကဲ့သို့သော ပြည်တွင်း ပဋိပက္ခ သည် ဗဟိုအစိုးရနှင့် ၎င်းတို့ဒေသတွင် ပို၍လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုလားသည့် အစုအဖွဲ့များကြား ဖြစ်ပေါ်လေ့ရှိသည်။ အခြေအနေ ယိုယွင်းခြင်းမရှိသည့် တည်ဆဲနိုင်ငံတစ်ခု၏ အစွန်အဖျားတွင် ယင်းကဲ့သို့သော တိုက်ခိုက်အကြမ်းဖက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် များသောအားဖြင့် ပုံစံတူညီကြခြင်းမရှိပါ။ နိုင်ငံလုံခြုံရေးအင်အားစုများသည် ပဋိပက္ခဖြစ်ပွားရာ နေရာမှ ဒေသခံများနှင့် လူမျိုးရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး လက္ခဏာအသွင်တူသည့် လက်နက်ကိုင် တစ်ဖွဲ့ သို့မဟုတ် အဖွဲ့များနှင့် ရင်ဆိုင်ရလေ့ရှိသည်။

လွန်ခဲ့သည့် ၂၅ နှစ်အတွင်း အရှေ့တောင်အာရှ နှင့်တောင်အာရှမှ နိုင်ငံတဝက်သည် နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ ဆိုးကျိုးများကို ခံခဲ့ကြရသည်။ ဗဟိုချုပ်ကိုင်မှုအားကောင်းသည့် အာရှနိုင်ငံများတွင် ယင်းကဲ့သို့ ပဋိပက္ခများ အဖြစ်များသည်။ ယင်းနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုများ

> “ ရင်ဆိုင်တင်းမာမှုရှိသည့် ဒေသများတွင် တိုက်ခိုက်အကြမ်းဖက်မှုများရှိ နေခြင်းသည် ငြိမ်းချမ်းရေး ကူးပြောင်းမှုကို အကျည်းတန်စေရုံမက စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အခက်တွေ့စေသည်။ ”

အလျင်အမြန်ဖြစ် ပေါ်ခဲ့သော်လည်း နိုင်ငံအုပ်ချုပ်ပုံနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာသည့် တင်းမာမှုများကိုဖြေရှင်းနိုင်  ရန်အကြမ်းမဖက်သည့် နိုင်ငံရေးနည်းလမ်းများကို ဖော်ထုတ်နိုင်ခြင်းမရှိသေးပဲဖြစ်နေသည်။ နိုင်ငံအဆင့် ခြုံ၍ ရေတွက်လျှင် လူနည်းစုဖြစ်သော်လည်း ဒေသတစ်ခုတွင် လူများစုအဖြစ် စုရုံးနေထိုင်သည့် လူမျိုးများ ရှိရာဒေသများတွင် တင်းမာမှုများမှာ ပြင်းထန်နိုင်သည်။

နယ်မြေစိုးမိုးရေး ပဋိပက္ခကို ရင်ဆိုင်ရသည့် နိုင်ငံအများစု၏ အခြေအနေနှင့် မြန်မာနိုင်ငံ၏ အခြေအနေမှာ ကွဲပြားနေသည်။ အာရှနိုင်ငံအများစုတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပွားရာဒေသသည် နိုင်ငံလူဦးရေ အချိုးအစားနှင့် ယှဉ်လျှင် လူဦးရေအနည်းငယ်သာရှိသည့်ဒေသဖြစ်လေ့ရှိပြီး ပျမ်းမျှအားဖြင့် နိုင်ငံ လူဦးရေ၏ ၆.၅ ရာခိုင်နှုန်းသာ နေထိုင်သည့် ဒေသများဖြစ်သည်။[၄] ထို့အတွက် ကြောင့်ပင် နယ်မြေစိုးမိုးရေးပဋိပက္ခများသည် နိုင်ငံအဆင့်နိုင်ငံရေးတွင် အဓိကကိစ္စအနေဖြင့် သတ်မှတ်ခံရလေ့မရှိပါ။  မြန်မာနိုင်ငံတွင်မူ အများနှင့်မတူပဲ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗဟိုအစိုးရထံမှ ပို၍ လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ သို့မဟုတ် အပြည့်အဝလွတ်လပ်ရေး တောင်းဆိုသည့် ဆူပူမှုများ၊ သောင်းကျန်းမှုများ နိုင်ငံတနံတလျားတွင် ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် အနည်းဆုံး ၁၁ ခုတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပေါ်နေ သို့မဟုတ် အောင်းနေသည့်ဒေသများဖြစ်သည်ဟု  The Asia Foundation ၏ သုတေသနအဖွဲ့က ထုတ်ဖော်ခဲ့သည်။  ရင်ဆိုင်ပဋိပက္ခများဖြစ်ပေါ်သည့် နေရာများ (contested areas) တွင် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၁၁၈ ခု ပါဝင်ပြီး နိုင်ငံလူဦးရေ ၄ ပုံ ၁ ပုံခန့်နေထိုင်ရာဒေသများဖြစ်သည်။ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့် အာဏာကို ခြိမ်းခြောက် စိန်ခေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (ethnic armed organizations (EAOs) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောအဖွဲ့များက ယင်းနယ်မြေများတွင် လှုပ်ရှားနေကြသည်။[၅]
လက်နက်ကိုင်အကြမ်းဖက်မှုများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုအများအပြားအနက် လူမျိုးစု တစ်စုနှင့် ချိတ်ဆက်မှု ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများ အခြေချ လှုပ်ရှားမှု များသည် နိုင်ငံ၏ နယ်စပ်များ၊ အစွန်အဖျားများတွင်သာ ဖြစ်ပေါ် နေခြင်းမဟုတ်ပါ။ အချို့သောဖြစ်စဉ်များမှာ နိုင်ငံ၏မြို့တော် နေပြည်တော် သို့မဟုတ် အကြီးဆုံးမြို့ ရန်ကုန်နှင့် ကီလိုမီတာ ၁၀၀ ဝန်းကျင်အတွင်းမှာပင် ဖြစ်ပွားနေသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခများတွင် တောင်အာရှနှင့် အရှေ့တောင်အာရှရှိ အင်အား အကြီးဆုံး လက်နက်ကိုင် အဖွဲ့အစည်းအချို့လည်းပါဝင်သည်။ အင်အားအကောင်းဆုံး တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် စစ်သားပေါင်း ၃၀၀၀၀ ခန့်ဖြင့် တိုက်ပွဲဝင်နိုင်သည်။[၆].
မြန်မာ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများသည် အခြားနေရာများတွင် တွေ့ရှိရသည်များနှင့် ကွဲပြားလျက် ရှိသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများဖြစ်ပွားနေသည့် အရှေ့တောင်အာရှနိုင်ငံအများစုမှာ အခြေအနေ တည်ငြိမ်၊ ဝင်ငွေ အလယ်လတ်ရှိပြီး အာဏာရှင်အုပ်ချုပ်မှုကို ဆယ်စုနှစ်ပေါင်းများစွာ ခံခဲ့ရသည့် နိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားလျက်ရှိနေသေးသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများတွင် ပြိုကွဲသွားသည့် အဖွဲ့များ၊ ဆက်လက်လှုပ်ရှားဆဲ အဖွဲ့များ အပါအဝင် အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်း ၂၀ ကျော်နှင့် အစိုးရ၏ ပြည်သူ့စစ်ကဲ့သို့သော အခြားသော လက်နက်ကိုင် အဖွဲ့ အစည်းများပါဝင်သည်။ လက်နက်ကိုင် အဖွဲ့များသည် နိုင်ငံ အစိုးရနှင့် သဘောတူညီ ချက်များရရှိပါက သို့မဟုတ် ဖျက်သိမ်းလိုက်သည်ဆိုပါက အဖွဲ့သစ် သို့မဟုတ် ခွဲထွက်အဖွဲ့များ ပေါ်ထွက်လာလေ့ရှိသည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခ ဖြစ်ပွားနေသော အချို့သော ဒေသများကို တိုင်းရင်းသား လက်နက်ကိုင်များက အုပ်ချုပ်စီမံလျက်ရှိသည်။ အချို့သောနေရာများမှာ ဗဟိုအစိုးရအနေဖြင့် တစ်ကြိမ်တခါမျှ အုပ်ချုပ်ခွင့် မရခဲ့သည့်နေရာ များဖြစ် သည်။ အစိုးရနှင့်အပြိုင် အုပ်ချုပ်စီမံလျက်ရှိပြီး လမ်းဖောက်ခြင်း၊ ဆရာအတတ်သင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဒေသတွင်းတရားစီရင်ခြင်းများကို နိုင်ငံတစ်နိုင်ငံကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခသည် သက်တမ်းရှည်နေပြီဖြစ်သည်။ တောင်အာရှနှင့် အရှေ့တောင်အာရှရှိ နယ်မြေစိုးမိုးရေး ပျမ်းမျှကြာချိန်မှာ ၄၅.၂ နှစ်ဖြစ်ပြီး ကမ္ဘာ့ပျမ်းမျှ ကြာချိန်ဖြစ်သော ၁၆.၈ ထက် ၂ ဆကျော် ကြာမြင့်သည်။ မြန်မာနိုင်ငံရှိ အရှည်ကြာဆုံး နယ်မြေစိုးမိုးရေး ပဋိပက္ခ ၆ ခု၏ ပျမ်းမျှကြာချိန်မှာ ၆၆နှစ် ကျော်နေပြီဖြစ်သည်။[၇]  နယ်မြေစိုးမိုးရေးပဋိပက္ခ ကြာရှည် နေသဖြင့် စစ်တပ်သည် နိုင်ငံရေးကဏ္ဍတွင် အခိုင်အမာနေရာယူရန် အကြောင်းပြချက်ကောင်းများ ရနေသည်။ နိုင်ငံအတွက်လည်း နယ်မြေဆိုင်ရာ ပြဿနာများကိုပေါ်ပေါက်စေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အကြီးအကျယ် ပိတ်ဆို့လျက်ရှိသည်။ (စီးပွားရေး တိုးတက်မှု သို့မဟုတ် လူနေမှုအဆင့်အတန်းကို ဆိုလိုပါသည်)[၈]  ယင်းသို့ဖြင့် နယ်မြေစိုးမိုးရေးပဋိပက္ခသည် နိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ် တစ်ခုလုံးနှင့် နိုင်ငံသားများ၏ ဘဝဖူလုံမှုအပေါ်  ဆိုးကျိုးများဖြစ်ပေါ်နေစေသည်။ ဥပမာအားဖြင့် ရှမ်းပြည်မြောက်ပိုင်း၌ ဖြစ်ပွားသည့် ပဋိပက္ခများကြောင့် တရုတ်နှင့် မြန်မာ နယ်စပ်တရားဝင်ကုန်သွယ်မှု ပမာဏမှာ ၂၀၁၆ ခုနှစ်တွင် မူလကုန်သွယ်မှုပမာဏမှ ဒေါ်လာသန်း ၂၀၀ ကျော် ကျသွားခဲ့သည်။[၉]

မြန်မာနိုင်ငံ၏  နယ်မြေစိုးမိုးရေးပဋိပက္ခသည် အလွယ်တကူမျက်ကွယ်ပြုထားနိုင်သည့် အစွန်အဖျားမှ ပြဿနာ တစ်ခုမဟုတ်ပါ။ အမျိုးသား ဒီမို

ကရေစီအဖွဲ့ချုပ်နှင့် ယခင်အစိုးရသက်တမ်းတလျောက်၊ မြန်မာ လက်နက်ကိုင် အင်အားစု (တပ်မတော်ဟု ရံဖန်ရံခါရည်ညွှန်းသည်) တို့က တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒီမိုကရေစီ အဓွန့်ရှည်တိုးတက်ရေး အတွက် ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသည်ဟု တောက်လျောက် ထုတ်ပြန်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်မှစပြီး မြန်မာအစိုးရသည် စီးပွားရေးအရ ပို၍ပွင့်လင်း၊ ပို၍ ဒီမိုကရေစီဆန်သည့် စနစ်ဘက်သို့ ဦးတည်လျှောက် လှမ်းခဲ့သည်။ တည်ငြိမ်တိုးတက်သည့် နိုင်ငံအဖြစ်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်၊ အောင်မြင်မှုများ ထိန်းထားနိုင်ရန်အတွက် နယ်မြေစိုးမိုးရေး ပဋိပက္ခများဖြစ်ပွားရာဒေသများတွင် ငြိမ်းချမ်းရေး ရရှိ ထားရန်လိုအပ်သည်။

မကြာသေးမီနှစ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် အစိုးရ ခေါင်းဆောင်များကြားတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခများ ဖြေရှင်းနိုင်ရန် ပြန်လည်အဖြေရှာခဲ့ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့မှ တနိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူညီချက် (Nationwide Ceasefire Agreement (NCA) ကို လက်မှတ်ရေးထိုးသဘောတူညီခဲ့သည်။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖြစ်သော ဦးသိန်းစိန်၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လက်ထက်တွင် အစပြုခဲ့ပြီး ဗဟိုနှင့် ပြည်နယ်များဆက်ဆံရေးကို ပြန်လည်သတ်မှတ် နိုင်ရန် ရည်ရွယ်သည့် နိုင်ငံရေးဆွေးနွေးမှုများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရ လက်ထက် တွင် ဆောင်ရွက်ခဲ့သည်။ အရေးကြီးသည့် တိုးတက်မှုအဖြစ် အများမှ လက်ခံခဲ့ကြပြီး အချို့သောဒေသများတွင် တင်းမာမှုများ လျော့ချနိုင်ခဲ့ကြ သော်လည်း အခြေခိုင် တည်တံ့သည့် ငြိမ်းချမ်းရေး ရရှိရန် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ ဖော်ထုတ်ရန် ခက်ခဲနေဆဲပင်ဖြစ်သည်။ ရင်ဆိုင်တင်းမာမှုရှိသည့် ဒေသများတွင် တိုက်ခိုက်အကြမ်းဖက်မှုများရှိ နေခြင်းသည် ငြိမ်းချမ်းရေး ကူးပြောင်းမှုကို အကျည်းတန်စေရုံမက စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အခက်တွေ့စေသည်။

## ၁.၁။ နိုင်ငံခြားအထောက်အပံ့များဖြင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများကို လျော့ချနိုင်မည်လား

ယခုစာတမ်းသည် The Asia Foundation ထုတ်ဝေခဲ့သည့် လေ့လာမှုစာတမ်း (The Contested Corners of Asia) ကို အခြေခံ ထားပြီး မြန်မာ၏ နယ်မြေစိုးမိုးရေးပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများ တွင် ငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများ (နိုင်ငံခြားအကူအညီ သို့မဟုတ် အထောက်အပံ့) က မည်သို့မည်ပုံ အကူအညီဖြစ်စေနိုင်မည်ကို ဖော်ထုတ်ရန်နှင့်၊ မည်ကဲ့သို့သော ဆိုးကျိုး များ ကျရောက်စေနိုင်သည်ကို တင်ပြနိုင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပေးအပ်သည့် နိုင်ငံခြား အကူအညီသည် အကြီးအကျယ်မြင့်တက်လာပြီး ၂၀၁၁ ခုနှစ် နှင့် ၂၀၁၅ ကြား စီမံချက်အသစ်များအတွက် ပံ့ပိုးမှုမှာ အမေရိကန်ဒေါ်လာ ၁၃.၇ ဘီလီယံရှိခဲ့သည်။[၁၀] နိုင်ငံတကာ အထောက် အပံ့ပေးသည့် အဖွဲ့များသည် နိုင်ငံ၏ကြွေးမြီများ လျော်ပစ်ခြင်း၊ အားနည်းချက်ရှိသည့် အခြေခံအဆောက်အဦများ ဖြည့်စွက်ပေးခြင်း၊ လူမှုရေး ထောက်ပံ့မှု လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ စီးပွားရေး အရှိန်မြင့် ပေးခြင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ခိုင်မာစေရန် ဦးစားပေးဆောင်ရွက်ခဲ့ကြသည်။ ပံ့ပိုးမှု အများစုမှာ

အုပ်ချုပ်မှုစနစ်ကောင်း (good governance) ဖြစ်ပေါ်လာရေးကို ဦးစားပေးခဲ့ကြသည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တိုက်ရိုက်ပံ့ပိုးမှုအနည်းငယ်သာရှိခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများမတိုင်မီ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် အပါအဝင် အနောက်ကမ္ဘာမှ အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာမှ အထောက်အပံ့ပေးသူများသည် မြန်မာအစိုးရနှင့် လူသိရှင်ကြား ဆက်ဆံခြင်းကို ရှောင်ရှားကြသည်။ အချို့သော အနောက်အစိုးရ များသည် စစ်တပ်ချုပ်ကိုင်သည့် စနစ်ကို ဆန့်ကျင်သည့် အတိုက်အခံများ ကို အင်တိုက်အားတိုက်ပံ့ပိုးခဲ့ကြသည်။ နိုင်ငံရေး အပြောင်းအလဲများ၊ ပိတ်ဆို့မှုများ အလျင်အမြန်ဖယ်ရှားပြီးသည့်နောက်ပိုင်းတွင် အလှူရှင်များ သည် အစိုးရနှင့် အလုပ်သဘော ဆက်ဆံလာခဲ့ကြသည်။ လက်ရှိအချိန်တွင်တော့ နည်းပညာအကူအညီပေးခြင်း၊ ကဏ္ဍအလိုက် ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော်ကို တိုက်ရိုက်ပံ့ပိုးပေးခြင်းများဖြင့် ကူညီမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး အလားအလာကို နိုင်ငံခြားအထောက်အပံ့များက မည်သို့အပြောင်းအလဲများဖြစ်စေနိုင်မည်နည်း။ အခြားနိုင်ငံများမှ နယ်မြေ စိုးမိုးရေးပဋိပက္ခများကို လေ့လာမည်ဆိုပါက စနစ်တကျပြင်ဆင်ထား သည့် အထောက်အပံ့များသည် အသွင်ပြောင်းလဲရေးဆိုင်ရာ ပြုပြင်မှု များကို ပံ့ပိုးပေးနိုင်သည်။ သို့သော်လည်း ရံဖန်ရံခါတွင် ထိရောက်မှု မရှိခြင်း၊ အပျက်သဘောဆောင်ခြင်းများ ရှိနိုင်သည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကို မည်ကဲ့သို့သော ပံ့ပိုးမှုပုံစံက အကောင်းဆုံး အထောက် အပံ့ ဖြစ်စေနိုင်မည်နည်း။ အလှူရှင်များအနေဖြင့် ပိတ်ဆို့မှုအများစု ဖယ်ရှားနိုင်ခဲ့သော်လည်း ပုံမှန်ဆောင်ရွက်နေကျ ပုံစံအတိုင်း ဆောင်ရွက် မည်လား သို့မဟုတ် နယ်မြေစိုးမိုးရေး ပဋိပက္ခများကို အလေးထားလျက် ချဉ်းကပ်ဆောင်ရွက်မည်လား။ ငြိမ်းချမ်းရေးအသွင်ကူးပြောင်းမှုကို အထောက်အပံ့ဖြစ်စေရန် နိုင်ငံခြား အကူအညီပေးသည့် လုပ်ငန်းများကို မည်သည့်နည်းဖြင့် မြှင့်တင်ဆောင်ရွက်သွားမည်။ ယင်းမေးခွန်းများ၏ အဖြေကို စာတမ်းတွင်ဖော်ထုတ်ထားပါသည်။

## မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေးပဋိပက္ခ များဖြစ်ပွားနေသည့် နေရာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ခြင်း

နိုင်ငံတကာတွင် လက်ခံထားသည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း သဘောတရားအချို့သည် မြန်မာ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများနှင့် ဆက်စပ်မှုရှိသည်။

**နိုင်ငံတည်ထောင်ခြင်း (statebuilding)** - ငြိမ်းချမ်းရေးတည်ဆောက်နိုင် ရန်အတွက် နိုင်ငံတည်ထောင်ခြင်းကို နည်းလမ်းတစ်ခုအဖြစ် နိုင်ငံခြား အထောက်အပံ့ပေးရေးအဖွဲ့အစည်းများက တကမ္ဘာလုံးအတိုင်းအတာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။ အားကောင်းသည့် နိုင်ငံတော် ၏ ဌာနများသည် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဖွံ့ဖြိုးရေး ရလဒ်များ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လက်နက် ကိုင်ပဋိပက္ခများကို ကာကွယ်၊ ဖြေရှင်းနိုင်သည်ဟူသော အယူအဆဖြစ် သည်။[၁၁] ရေရှည်တွင် ပဋိပက္ခဖြစ်ပွားနေသည့်နေရာများတွင် အကြမ်း ဖက်မှုများ လျော့ချနိုင်ရန် နိုင်ငံတော်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် အကူအညီများကိုရံဖန်ရံခါ အသုံးချလေ့ရှိသည်။ မဆင်မခြင် ဆောင်

> “ နယ်မြေစိုးမိုးမှုရယူနိုင်ရန် ရည်ရွယ်သည့် လုံခြုံရေး ဦးစားပေး အားထုတ်မှုများ အစိတ်အပိုင်းတခုအနေဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရံဖန်ရံခါအသုံးချ လေ့ရှိသည်ဖြစ်သောကြောင့် ဒေသခံများကြားတွင် ဗဟိုကဦးဆောင်သည့် လုပ်ငန်းများ၏ ရည်ရွယ်ချက်များကို မလိုလားမှုများ အကြီးအကျယ် ဖြစ်ပေါ်စေခဲ့သည်။ ”

ရွက်သည့် နိုင်ငံတည်ထောင်ခြင်း နည်းလမ်းများနှင့် ပတ်သက်ပြီး ဝေဖန်သုံးသပ်မှု အများအပြားရှိသည်။ The Contested Corners of Asia စာတမ်းတွင် နိုင်ငံတော်ကို အားကောင်းအောင် ဆောင်ရွက်ခြင်းသည် ပဋိပက္ခများ ပြေလည်စေမည့်အစား တိုး၍ဖြစ်ပွားစေကြောင်း၊ နယ်မြေစိုးမိုးရေးပဋိပက္ခများ ဖြစ်ပွားနေသည့်ဒေသများမှ ဖြစ်ရပ်များအရ ဗဟိုမှချမှတ်သည့် နိုင်ငံတော်စိုးမိုးမှုချဲ့ထွင်မှုများသည် ပဋိပက္ခများကို ဖြစ်ပေါ်စေ သို့မဟုတ် တဖန်ပြန်လည်ဖြစ်ပေါ်စေကြောင်းကို တွေ့ရသည်။[၁၂] ယင်းတွေ့ရှိချက်များကြောင့် အကူအညီပေးသည့် အဖွဲ့အစည်းများသည် နိုင်ငံတော်၏ တရားဝင်မှုကို တည်ဆောက်နိုင်ရန်အားထုတ်နေကြသည်။ သို့မှသာ အစိုးရနှင့် ပြည်သူများကြား ဆက်ဆံရေး တိုးတက်လာမည်ဖြစ်သည်။[၁၃] အားထုတ်မှုများကို မည်သည့်နည်းဖြင့်အကောင်အထည်ဖော်မည်မှာ မေးခွန်းကြီးတစ်ခုအနေဖြင့်ရှိနေသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်နှင့် သက် ဆိုင်ခြင်း မရှိသည့် အခြားအစုအဖွဲ့များ  အသာစီးရလွှမ်းမိုးနေပြီး နိုင်ငံတော် စိုးမိုးမှုကို ခုခံသည့် အနေအထားမျိုးတွင် နိုင်ငံတော်၏ တရားဝင်မှု အားကောင်းလာရန် ပံ့ပိုးမှုများဆောင်ရွက်နိုင်ရန် အခက်အခဲရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားထောက်ပံ့မှုပေးနေသူများအနေနှင့်လည်း ဝိရောဓိ အနေအထားနှင့် ရင်ဆိုင်နေရသည်။ တစ်ဖက်တွင်လည်း နိုင်ငံအနေဖြင့် ကြုံတွေ့နေရသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန် နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုသည် အဓိကဆောင်ရွက်ရမည့် ကိစ္စဖြစ်နေသည်။ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးနိုင်ရန်မှာ နိုင်ငံတော်၏ ဌာနအစုအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ရန်၊ ရံဖန်ရံခါ ၎င်းတို့မှတစ်ဆင့် ဆောင်ရွက်ရန်လိုအပ်သည်။ နိုင်ငံအရွယ်အစား၊ ဆောင်ရွက်ရမည့် လုပ်ငန်း ပမာဏအရ နိုင်ငံသားများကို သက်သာစေမည့် စနစ်များ ဖြစ်ပေါ်လာရန် အတွက် အစိုးရနှင့်လက်တွဲလုပ်ဆောင်ရန်လည်း အရေးကြီးသည်။ တစ်ဖက်တွင်လည်း နိုင်ငံရေး၊ စစ်ရေး စုဖွဲ့မှုများရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည်လည်း ၎င်းတို့၏လွှမ်းမိုးမှု သို့မဟုတ် ပို၍ လွတ်လပ် သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရယူလိုသည့် ၎င်းတို့ ရည်မှန်းချက်ကို ထိခိုက် သေးသိမ် စေ မည့် နိုင်ငံတည်ထောင်ခြင်းလုပ်ငန်းစဉ်များကို ခုခံကြမည်ဖြစ်သည်။ ထို့ကြောင့် အရိုးစွဲနေပြီဖြစ်သော လုပ်ပုံကိုင်ပုံအတိုင်း ဆက်လက်ဆောင်ရွက်မည်၊ ကြိုတင်ဆွေးနွေး သဘောတူညီချက်များ မရပဲ ရှေ့ဆက်မည်ဆိုပါက မြန်မာနိုင်ငံတော် တည်ထောင်ခြင်းသည် ပဋိပက္ခများ၊ တိုက်ခိုက်မှုများကို ပို၍ဆိုးဝါးစေမည်ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုများလွန်းသည့်စနစ်၊ လွတ်လပ်ခွင့်များလွန်းသည့် စစ်တပ်၊ နိုင်ငံရေးတွင် အခိုင်အမာဝင်ရောက်နေရာယူထားသည့် စစ်တပ်ရှိနေခြင်းတို့ကြောင့် နိုင်ငံအဆင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် နယ်မြေစိုးမိုးရေး ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် တင်းမာမှုများကို ဖြေရှင်းနိုင်မည်ဟုအာမ မခံနိုင်ပါ။

**ဖွံ့ဖြိုးရေးဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း (Peace through development) -** တိုးတက်မှုကို အလေးထားဆောင်ရွက်ခြင်း၊ လူနေမှုအဆင့်အတန်းမြှင့်တင်ခြင်းများသည် ပဋိပက္ခဖြေရှင်းရန် နည်းလမ်းဖြစ်သည်ဟု နိုင်ငံအဆင့် အစိုးရများနှင့် နိုင်ငံခြား အထောက်အပံ့ပေးသည့် အဖွဲ့များ အနေဖြင့် လက်ခံ ထားကြလေ့ရှိသည်။ ယင်းကိစ္စများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် အချို့သော အခြေအနေ များတွင် လက်နက်ကိုင်အဖွဲ့သို့ ဝင်ရောက်လိုသည့် ဆန္ဒများကို လျော့ချပေးနိုင်သည်။ ပဋိပက္ခဖြစ်ပွားစေသည့် မကျေနပ်ချက်များကို ဖြေရှင်းပေးနိုင်သည်။ The contested corners စာတမ်းတွင် ဖော်ပြထားသည့် အတိုင်း နိုင်ငံပေါင်းများစွာ၏ ဖြစ်ရပ်များကို လေ့လာကြည့်ပါက ဖွံ့ဖြိုးရေးနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခများကြား တိုက်ရိုက်သက်ဆိုင်မှု သို့မဟုတ် တသမတ်တည်း ပတ်သက်နေမှု မရှိသည်ကိုတွေ့ရမည် ဖြစ်သည်။[၁၄] အာရှတခွင်ရှိ ပျှမ်းမျှဝင်ငွေ ရရှိနှုန်းမှာ မြင့်တက်လာသကဲ့သို့ နယ်မြေစိုးမိုးရေး ပဋိပက္ခ အရေအတွက်မှာလည်း တိုးတက်လျက်ရှိသည်။ ထိုင်းနှင့် ဖိလစ်ပိုင်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန် ဖြစ်ပေါ်ခဲ့သည့် ဝင်ငွေအလယ်အလတ်နိုင်ငံများတွင် ပဋိပက္ခများ ဆက်ဖြစ်နေသေးသည်။  အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ တပြိုင်တည်းဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း အသာစီးရသူ၊ အရေးနိမ့် ဆုံးရှုံးရသူများကို ဖြစ်ပေါ်စေပြီး၊ မတည်ငြိမ်မှုများကို ဖြစ်စေသည်။ ယင်းကဲ့သို့သော တင်းမာမှုများသည် မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသများတွင် အထူးပြင်းထန်သည်။ အသေးစိတ်ကို နောက်ပိုင်းအခန်းများတွင်ဖော်ပြထားပါသည်။ ဆင်းရဲမွဲတေမှုနှုန်းမြင့်ခြင်း၊ နေထိုင်မှုအဆင့်အတန်းနိမ့်ကျခြင်းတို့ကြောင့် လူမှုဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာစေရန်၊ စီးပွားရေး တိုးတက်လာစေရန် မြန်မာနိုင်ငံတနံတလျားမှ လူအများစုက ဦးစားပေး လိုလားလျက်ရှိသည်။ သို့သော်လည်း အတိုက်အခံ ဖြစ်ပွားနေသည့် နေရာများတွင် နယ်မြေစိုးမိုးမှုရယူနိုင်ရန် ရည်ရွယ်သည့် လုံခြုံရေး ဦးစားပေး အားထုတ်မှုများ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရံဖန်ရံခါအသုံးချ လေ့ရှိသည်ဖြစ်သောကြောင့် ဒေသခံများ ကြားတွင် ဗဟိုကဦးဆောင်သည့် လုပ်ငန်းများ၏ ရည်ရွယ်ချက်များကို မလိုလားမှုများ အကြီးအကျယ် ဖြစ်ပေါ်စေခဲ့သည်။ ဗဟိုက ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပါဝင်အမြတ်ထုတ်လိုသည့် ကိုယ်ကျိုးရှာလုပ်ရပ်များကိုသာ ဖြစ်ပေါ်စေခဲ့သည်။ မြန်မာနိုင်ငံရှိ ကြွယ်ဝလှသည့် သဘာဝသယံဇာတများကို တူးဖော်ခြင်း၊ ရေကာတာဆောက်ခြင်း၊ သစ်တောထုတ်ကုန်များ ရယူခြင်း၊ စိုက်ခင်းများ လာရောက်စိုက်ပျိုးခြင်း အစရှိသည့် နည်းအသွယ်သွယ်ဖြင့် အမြတ်ထုတ်ရန် ကြံစည်နေမှုများကလည်း စိုးရိမ်မှုများကိုမြင့်တက်စေသည်။ နိုင်ငံ၏ သယံဇာတ အများစု၊ အဓိက ကုန်သွယ်ရေး လမ်းကြောင်းများသည် လူနည်းစုများနေထိုင်ရာ၊ သမိုင်းနှင့်ချီသည့် ပဋိပက္ခများ ဖြစ်ပွားနေသည့် နေရာများတွင် ရှိနေသည်။

## ၁.၂။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခပေါ်သို့ နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုကို ဆန်းစစ်ခြင်း

လုံခြုံရေးဗဟိုပြုအားထုတ်မှုများ၏ အစိတ်အပိုင်းအနေဖြင့် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများသည် ဗဟိုကဦးဆောင်သည့် လုပ်ငန်းရည်ရွယ်ချက်များအပေါ် နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့်ပေးအပ်သည့် နိုင်ငံခြားအထောက်အပံ့ များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်ထွန်းမှု အလားအလာကို အပြု သဘော သို့မဟုတ် အပျက်သဘော၊ တိုက်ရိုက် သို့မဟုတ် မရည်ရွယ်ပဲ သက်ရောက်မှုရှိမရှိကို စာတမ်းတွင် လေ့လာထားသည်။

ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့် နယ်မြေစိုးမိုးရေးပဋိပက္ခများ၊  နိုင်ငံရေး၊ စီးပွားရေး အသွင်ပြောင်းမှုနှင့်အတူ စင်ပြိုင်ဖြစ်ပေါ်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ နိုင်ငံခြား သံတမန် ဆက်ဆံမှုအသစ်များ၊ နိုင်ငံခြား အထောက်အပံ့များ စီးဝင်မှု အစရှိသော ဖြစ်စဉ်အမျိုးမျိုး ပါဝင်နေသည့် မြန်မာနိုင်ငံ အနေအထားတွင် နိုင်ငံခြားအထောက်အပံ့ များသည် နိုင်ငံ၏ ငြိမ်းချမ်းရေးကို မည်သို့ အထောက်အပံ့ဖြစ်စေသည်ကို လေ့လာရန် အရေးကြီးသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်ရသည့် အကြောင်းရင်း နှင့် သဘော သဘာဝကိုစောကြောရန်၊ မည်သည့် အတွက်ကြောင့် အချိန်ကြာ နေရ သည်၊ အထောက်အပံ့များ အနေဖြင့် အပြုသဘော၊ အပျက်သဘော ပါဝင်နိုင်မှု ပုံစံများကို ဖော်ထုတ်ရန် အတွက် The Contested Corners တွင်ဖော်ပြခဲ့သည့် မူဘောင်အမျိုးမျိုးကို အခြေခံ၊ ချဲ့ထွင်အသုံးချလျက် စာတမ်းကို ပြုစုထားခြင်းဖြစ်သည်။

နိုင်ငံခြားအထောက်အပံ့၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် ပဋိပက္ခကြားမှ သုံးနားညီဆက်နွယ်မှု အနေ အထားကို စာတမ်းတွင်တင်ပြထားသည်။ ပုံ ၁.၁။ ပဋိပက္ခပေါ်တွင် နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုသည် အထောက်အပံ့လုပ်ငန်းများနှင့် မူဝါဒများ၏ နိုင်ငံအနှံ့ အစိုးရ၏ လွှမ်းမိုးမှုတိုးချဲ့ခြင်း သို့မဟုတ် နယ်မြေစိုးမိုးရေးပဋိပက္ခများ ဖြစ်ပွားနေသည့် နေရာတွင် သဘာဝ သယံဇာတ လုပ်ကွက်သစ်များ ချထားထုတ်ယူခြင်း ကဲ့သို့သော နိုင်ငံအဆင့်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် များအား မည်သို့ အပြောင်းအလဲများ ဖြစ်ပေါ်စေသည် ဟူသော အချက်တွင် မူတည်လျက်ဖြစ်ပေါ်သည်။


နိုင်ငံခြား အထောက်အပံ့များသည် ယင်းကဲ့သို့သော လုပ်ငန်းစဉ်များ ပေါ်သက်ရောက်မှု၊ ယင်းသက် ရောက် မှုများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ် ရောင်ပြန် ဟပ်မှုများကို စာတမ်းတွင်လေ့လာထားသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များပေါ်တွင် သက်ရောက်မှုရှိစေခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို အကျိုးသက်ရောက်မှုများရှိစေသည့် နိုင်ငံခြား အထောက်အပံ့၏ အလားအလာ ၃ မျိုးကို လေ့လာထားသည်။

- အထောက်အပံ့များသည် တည်ငြိမ်သည့် ငြိမ်းချမ်းရေးပြောင်းလဲမှုကို အကူအညီဖြစ်စေသည် သို့မဟုတ် စေ့စပ်ညှိနှိုင်းမှုများကို အနှောက်အယှက်ဖြစ်စေသည်။
- အထောက်အပံ့ များသည် ပဋိပက္ခဖြစ်စေသည့် အကြောင်းအရင်းများကို လျော့ပါးစေသည် သို့မဟုတ် ပို၍ ဆိုးဝါးစေသည်။
- အထောက်အပံ့များသည် မြေပြင်တွင်ဖြစ်ပေါ်နေသည့် တင်းမာမှုများ၊ အကြမ်းဖက်မှုများကို လျော့ကျ စေသည် သို့မဟုတ် လှုံ့ဆော်သည်။

အထောက်အပံ့များသည် အပြုသဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေပါက ငြိမ်းချမ်းရေး အလားအလာကို ပံ့ပိုးပေးသည်။ အပျက်သဘောသက်ရောက်မှုရှိပါက ငြိမ်းချမ်းရေး တိုးတက်မှု လမ်းကြောင်းများကို အခက်တွေ့စေသည်။

### ပုံ ၈ – ၁

ပဋိပက္ခ၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် အထောက်အပံ့



## ၁.၃။ စာတမ်းပြုစုပုံ

မြန်မာနိုင်ငံ၏ အတိုက်အခံနယ်မြေများ (The Contested Area of Myanmar) စာတမ်းကို အရည်အသွေးယူသည့်နည်း (qualitative) အရေအတွက် ယူသည့်နည်း (quantitative) ၂ ခုပေါင်းလျက် ပြုစုခဲ့သည်။ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲတွင်ကြည့်ရှုနိုင်ပါသည်။

**တဆင့်ခံရင်းမြစ်များမှ ဆန်းစစ်ခြင်း (Secondary source assessment)။** မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခ များကို စာအုပ်စာတမ်းများက မည်သို့ ပုံဖော်ထားသည်ကိုလေ့လာခြင်းဖြင့် စာတမ်းရေးဖွဲ့ခြင်းကို စတင်ခဲ့သည်။ ထို့ပြင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ နှင့်မူဝါဒများ၊ နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီများ၏ စံနှုန်းများနှင့် လုပ်ပုံလုပ်နည်းများကို လေ့လာရန်အတွက် တဆင့်ခံရင်းမြစ်များကို အသုံးပြုသည်။

**မြို့နယ်ဖွံ့ဖြိုးမှုအဆင့်သတ်မှတ်ချက် (Township Development Index)။** ပြည်နယ်များ၏ ပုံစံများ နှင့် လားရာများ (subnational patterns and trends) ကိုလေ့လာရန်အတွက် သုတေသနအဖွဲ့သည် မြန်မာနိုင်ငံရှိ မြို့နယ် ၃၃၀ ၏ တမြို့နယ်ချင်း အချက်အလက်များကို အရေအတွက်ယူသည့်နည်း (Quantitative) ဖြင့်အချက်အလက်များစုစည်းခဲ့သည်။ မြို့နယ် ဖွံ့ဖြိုးမှုအဆင့်သတ်မှတ်ချက်တွင် ရင်းမြစ်အမျိုးမျိုးမှ အချက်အလက် အမျိုးမျိုးကို စုစည်းထားသည်။ နယ်မြေစိုးမိုးရေးပဋိပက္ခ၊ ဖွံ့ဖြိုးမှုအဆင့်အတန်းနှင့် လူဦးရေအချိုးအစား၊ ပထဝီအနေအထားနှင့် သဘာဝသယံဇာတများ၊ နိုင်ငံခြား အထောက်အပံ့ စသည့် အချက်အလက်များ ပါဝင်သည်။ နှိုင်းယှဉ်အသုံးချနိုင်သည့် အချက်အလက်များ အလုံအလောက် ရရှိနိုင်သည့် အနိမ့်ဆုံးအုပ်ချုပ်ရေးယူနစ်ဖြစ်သောကြောင့် မြို့နယ်အဆင့်ကို ရွေးချယ်ရခြင်းဖြစ်သည်။ မြို့နယ်များကြားမှ ကွာဟမှုများကို ဖြစ်စဉ်လေ့လာမှု (case studies) အပါအဝင် အခြား နည်းလမ်း အမျိုးမျိုးဖြင့် ဆန်းစစ်ထားသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းပေါ်အခြေခံ မြို့နယ်အဆင့် ဖွံ့ဖြိုးမှုညွှန်းကိန်းကို စုစည်းဆောင်ရွက်သည်။ ပညာရေး၊ လူနေမှု အဆင့်အတန်းနှင့် ကျန်းမာရေးအခြေအနေများကိုလည်း ထပ်မံပေါင်းထည့် လေ့လာသည်။

**အထောက်အပံ့အချက်အလက် (Aid database)။** သုတေသနအဖွဲ့သည် မြန်မာနိုင်ငံရှိ နိုင်ငံခြား အထောက်အပံ့ လုပ်ငန်းများကိုလည်း လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည်။ Mohinga Aid Information Management System (AIMS) တွင်ဖော်ပြထားသည့် အချက်အလက်များဖြင့် ကိန်းဂဏန်းများကို ပုံဖော်နိုင်သည့်တိုင်အောင် နောက်ဆုံးအတည်ပြုအချက်အလက်များဖြစ်ရန်မှာ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ ပုံမှန်အစီရင်ခံစာအပေါ်တွင် မှီခိုနေရသည်။ အချက်အလက်ပြည့်စုံမှုပေါ်တွင် သံသယရှိမှုများက သီးသန့်ဆန်းစစ်မှုများပြုလုပ်ရန်နှင့် အချက်အလက် အသစ်များ သီးသန့် စုဆောင်းရန် တွန်းအားဖြစ်စေခဲ့သည်။

**ဖြစ်စဉ်လေ့လာချက် (Case studies)။** သုတေသနအဖွဲ့သည် မြို့များ နှင့် ကျေးရွာများတွင် တဦးချင်း မေးမြန်းမှုများ၊ ဦးတည် အုပ်စုဖွဲ့ ဆွေးနွေးမှုများ ပေါင်းစပ်ပါဝင်သည့် ဖြစ်စဉ်လေ့လာချက် ၄ ခုကို ပြုလုပ်ခဲ့သည်။ မတူညီသည့် ပဋိပက္ခ သက်ရောက်မှုများကို ဖော်ထုတ်နိုင်ရန် သုတေသနနေရာများကို ရည်ရွယ်ချက်ဖြင့်ရွေးချယ်ခဲ့သည်။ ကယားပြည်နယ် (လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲ)၊ ရှမ်းပြည်နယ် (နမ်ဆန်နှင့် ပတ်ဝန်းကျင်ဒေသများ) ကရင်ပြည်နယ် (လှိုင်းဘွဲ) နှင့် ကချင်ပြည်နယ်တို့ဖြစ်သည်။ကချင်ပြည်နယ်တွင် အပစ်ရပ်ထားသည့် ၁၇ နှစ်တာ (၁၉၉၄ မှ၂၀၁၁) နှင့် နောက်ပိုင်း ကာလ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံခြားအထောက်အပံ့များကို လေ့လာခဲ့သည်။ မြစ်ကြီးနား၊ ဝိုင်းမော်မှ ကျေးရွာ ၅ ရွာ နှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်း ၃ ခု တွင် လေ့လာမှုပြုလုပ်ခဲ့သည်။ ဖြစ်စဉ်လေ့လာချက်များ ပြုလုပ်ရာတွင် ဖွံ့ဖြိုးရေးအထောက်အပံ့၊ ရေအားလျှပ်စစ်များနှင့် လျှပ်စစ်ထုတ်ယူမှု၊ လမ်းများ၊ ရပ်ရွာနှင့် ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ကျန်းမာရေး နှင့် ပညာရေးကို အထူးပြုသည့် လူမှုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ် နေသည့် ဒေသ ၅ ကို အဓိကထား ဆောင်ရွက်ခဲ့ သည်။

**တွေ့ဆုံမေးမြန်းမှုများ (Interviews)။** ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အလှူရှင်များ၊ အစိုးရအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများ ခန့်မှန်းအကြိမ် ၁၂၀ ခန့်ပြုလုပ်ခဲ့သည်။ ပြည်ထောင်စု အဆင့် ဝန်ကြီးဌာန ၈ ခုမှ ဝန်ထမ်းများ၊ အလှူရှင်အဖွဲ့ အစည်းပေါင်း ၃၀ ကျော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများကို မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အဓိကပတ်သက်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန National Reconciliation and Peace Center (NRPC)၊ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန (Myanmar Peace Centre) မှ ဝန်ထမ်းဟောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မဟာမိတ် အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေး ညှိနှိုင်းမှုများနှင့် သက်ဆိုင်သည့် ကော်မတီ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်းဖော်ပြမှုဆန်းစစ်ချက် (Media discourse assessment)။** သုတေသနအဖွဲ့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ လမ်းများ၊ ရေအားလျှပ်စစ်ဆည်များ၊ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းများ၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး သတင်းဌာနများ၏ ဖော်ပြမှုကို ထပ်တိုးဆောင်ရွက်ချက်အနေဖြင့် လေ့လာဆန်းစစ်ခဲ့သည်။

ယခုစာတမ်းတွင် ရခိုင်ပြည်နယ်မှ အခြေအနေများကို အလေးထားဖော်ပြထားခြင်းမရှိပါ။ စာတမ်း၏ အထောက်အထားနှင့် သုံးသပ်မှုများပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားခဲ့သော်လည်း ထူးခြားသည့် အခြေအနေများရှိနေခြင်းကြောင့် ရခိုင်ပဋိပက္ခသည် ဖြစ်နိုင်သမျှ အထူးဂရုထား၍ လေ့လာရန် လိုအပ်သည်ဟု သုတေသနအဖွဲ့က အစောပိုင်းတွင် ဆုံးဖြတ်ခဲ့သည်။

## ၁.၄။ စာတမ်းဖွဲ့စည်းပုံ (Overview)

စာတမ်းတွင် အပိုင်း ၂ ပိုင်းပါဝင်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းမှ ပုဂ္ဂိုလ်များအတွက် အကြံပြု တိုက်တွန်းမှုများ တင်ပြထားသည့် အခန်းတစ်ခုနှင့် အဆုံးသတ်ထားသည်။

အပိုင်း ၁ ( အခန်း ၂ မှ ၄) တွင် နယ်မြေစိုးမိုးရေးပဋိပက္ခများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ နှင့် မြန်မာနိုင်ငံ သို့ပေးအပ်သည့် နိုင်ငံခြားအထောက်အပံ့များနှင့်ဆိုင်သည်များကို ဖော်ပြထားသည်။

အခန်း ၂ တွင်  မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများ နှင့် လက်ရှိအနေအထားကို တွန်းပို့ခဲ့ သည့် အကြောင်းအရာများကိုခြုံငုံတင်ပြထားသည်။ ပဋိပက္ခ အရင်းအမြစ်ဖြစ်သော သမိုင်းအချက်အလက်၊ ပဋိပက္ခဆိုင်ရာ အချက်အလက်များ နှင့် မြေပုံများ၊ ပဋိပက္ခသံသရာရှည်နေရသည့် အကြောင်းရင်းများကို တင်ပြထားသည်။ မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခများအကြောင်း လေ့လာနိုင်ရန် မူဘောင်တစ်ခုသတ်မှတ်ဖော်ထုတ်ခဲ့ပြီး နိုင်ငံအဆင့်၊ ဒေသအဆင့်တွင် ဖြစ်တည်နေသည့် ပဋိပက္ခဖြစ်စေသည့် အဓိက ကိစ္စများကိုတင်ပြထားသည်။ ဤအခန်းတွင် ပဋိပက္ခ၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့် နိုင်ငံခြား အကူအညီများကြားမှ ဆက်နွယ်နေမှု အယူအဆကို တင်ပြထားသည်။

အခန်း ၃ တွင် မြန်မာနိုင်ငံရှိ ရင်ဆိုင် အတိုက်အခံ ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသများမှ  လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လားရာများကို သုံးသပ်ပြထားသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများမှ လူမှုစီးပွားဖွံ့ဖြိုးမှုကို နိုင်ငံ၏ အခြားဒေသနှင့် နှိုင်းယှဉ်ပြသ ထားသည်။ နိုင်ငံတော်၏ စိုးမိုးမှု နှင့် အာဏာ တိုးချဲ့မှု အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သည့် အစုအဖွဲ့များကြားမှ မကျေလည်မှု များကို မည်သို့ပုံဖော်နေသည်ကို ဆွေးနွေး ထားသည်။

အခန်း ၄ တွင် မြန်မာနိုင်ငံသို့ပေးသည့် နိုင်ငံခြား အထောက်အပံ့ပုံစံများကို တင်ပြထားပါသည်။ ဖွံ့ဖြိုးရေး ရလဒ်ကောင်းများ ထွက်ပေါ်ရန် ရည်ရွယ်သည့် အထောက်အပံ့၊ ငြိမ်းချမ်း ရေး တည်ဆောက်ခြင်းအတွက် အဓိက ရည်ရွယ်သည့် အထောက်အပံ့ ပုံစံ ၂ မျိုးလုံးကိုတင်ပြထားသည်။ ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အစပြုပြီးနောက်ပိုင်း နိုင်ငံတကာအထောက်အပံ့များ ပြောင်းလဲသွားပုံကို အထောက်အပံ့ပေးသူ၊ ပေးအပ်သည့် အထောက် အပံ့ အမျိုးအစား၊ ရည်ရွယ်ချက်နှင့် အထောက်အပံ့ပေးသည့် လုပ်ငန်းများ ဆောင်ရွက်ပုံနှင့်တကွ တင်ပြထားသည်။

အပိုင်း ၂ (အခန်း ၅ မှ ၇ ထိ) နယ်မြေစိုးမိုးရေး ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသများတွင် အထောက် အပံ့များ၏ သက်ရောက်မှုကို လေ့လာတင်ပြထားသည်။

အခန်း ၅ တွင် ဖွံ့ဖြိုးမှု ရလဒ်ကောင်းများရရှိစေရေးအတွက် ပေးအပ်သည့် အထောက်အပံ့များသည် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများပေါ်တွင် အပြုသဘော သို့မဟုတ် အပျက်သဘော သက်ရောက်နေမှုများကိုလေ့လာထားသည်။ ထောက်ပံ့ရေးအစီအစဉ်များသည် ငြိမ်းချမ်းရေးကို အားဖြစ်စေမည်လား သို့မဟုတ် ပဋိပက္ခအခြေအနေကိုပြင်းထန်စေမည်လား ဟူသောအချက်ကို အထောက်အပံ့၏ အလားအလာ ၃ ရပ်ကိုလေ့လာလျက်တင်ပြထားသည်။ ဥပမာ အဆိုး နှင့် အကောင်းကို တင်ပြထားပြီး၊ ငြိမ်းချမ်းရေး အလားအလာ တိုးတက်စေရန် နိုင်ငံတကာ အထောက် အပံ့ပေးသူများအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သည်ကို အကျယ်တဝင့်တင်ပြထားသည်။

အခန်း ၆ တွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အဓိက ဦးတည်သည့် အထောက်အပံ့များသည် ပဋိပက္ခကို မည်သို့ ပုံစံပြောင်းစေသည်ကို အခန်း ၅ တွင်ဖော်ထုတ်ခဲ့သည့် မူဘောင်ကို အခြေပြုလျက် ဆန်းစစ် တင်ပြထားသည်။

အခန်း ၇ သည် စာတမ်း၏ အဆုံးသပ်ဖြစ်ပြီး နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအတွက် အကြံပြု တိုက်တွန်းချက်များအား ဖော်ပြထားသည်။



# အခန်းလမ်းညွှန်

# အပိုင်း – ၁

## အခန်း ၂ – မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ

### အကြောင်းအရာ




### အလေးပေးတင်ပြချက်များ


မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများသည် အစွန်အဖျားတွင်သာ ဖြစ်ပေါ်နေသည့် ပြဿနာ မဟုတ်ပါ။ မြန်မာနိုင်ငံရှိ မြို့နယ် ၃၃၀ အနက်မှ ၃ ပုံတပုံသည် နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ ဆိုးကျိုးများကို ခံစားနေရသည်။

ဗဟိုချုပ်ကိုင်သည့်စနစ်ထက် ဖက်ဒရယ်ပုံစံဖြစ်သည့်စနစ်၊ တန်းတူအခွင့်အရေးများအတွက် စစ်ဘက်နှင့် အရပ်ဖက် နိုင်ငံအဆင့်တွင် အားပြိုင်မှုများကြောင့် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသည်။

ဒေသတွင်းဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများမှာအလွန်ရှုပ်ထွေးသည်။ ထူးခြားသည့် အခင်းအကျင်း၊ ထူးခြားသည့် အုပ်ချုပ်စီမံမှုများလည်းရှိနေသည်။ ဒေသအဆင့်တွင်မူ သယံဇာတ၊ ဩဇာလွှမ်းမိုးလိုမှု၊ နယ်မြေထိန်းချုပ်နိုင်ရေးအတွက် ယှဉ်ပြိုင်ကြရင်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည်။

## အခန်း ၃ – ဖွံ့ဖြိုးရေးနှင့် နယ်မြေစိုးမိုးရေ ပဋိပက္ခများ

### အကြောင်းအရာ




### အလေးပေးတင်ပြချက်များ

- § နယ်မြေစိုးမိုးရေးပဋိပက္ခ၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူနေမှုအဆင့်အတန်းမြင့်တက်လာမှုများကြား တိုက်ရိုက် ဆက်နွယ်မှုမရှိပါ။ ပဋိပက္ခဖြစ်ပွားရာဒေသများ၏ ဖွံ့ဖြိုးမှုနောက်ကျမှုပပျောက်အောင် ဆောင်ရွက်ခြင်းထက် ငြိမ်းချမ်းရေးဖန်တီးခြင်းက ပို၍ရှုပ်ထွေးသည်။
- § ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ပေးမှုများကို ဘက်မလိုက်ပဲ ဆောင်ရွက်ခဲ့ခြင်းမျိုးမရှိခဲ့ပါ။ မြန်မာနိုင်ငံ၏ စစ်တပ်ဦးဆောင်သည့် အစိုးရများက တည်ငြိမ်ရေး လုံခြုံရေး အတွက် အထောက်အပံ့ဖြစ်စေရန်၊ EAO များအပါအဝင် ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များအကျိုးကို ပံ့ပိုးပေးနိုင်ရန် ဖွံ့ဖြိုးရေးကို အသုံးပြုခဲ့သည်။
- § ယခင်ကဆောင်ရွက်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသည် လူတစုကို စီးပွားရေး အခွင့်အလမ်းများ ဖြစ်ထွန်းစေခဲ့သည်။ ပြည်သူအများစုမှာ အကျိုးခံစားမှုအနည်းငယ်သာရှိခဲ့ပြီး၊ နိုင်ငံရေး သဘောတူညီချက်များမှာလည်း အများအားဖြင့် ပျက်ပြားသွားလေ့ရှိသည်။
- § မြန်မာနိုင်ငံ၏ ပဋိပက္ခသည် သယံဇာတတစ်ခုတည်းကြောင့် ဖြစ်ရခြင်းမဟုတ်ပါ။သို့သော်လည်း ပေါများစွာတည်ရှိနေသည့် သယံဇာတများသည် ပဋိပက္ခကို အားပေးနေသည်။

## အခန်း ၄ – အထောက်အပံ့နှင့် နယ်မြေစိုးမိုးရေ ပဋိပက္ခများ

### အကြောင်းအရာ




### အလေးပေးတင်ပြချက်များ

၂၀၁၁ မှ ၂၀၁၅ အတွင်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၃.၇ ဘီလီယံ အသုံးပြုခဲ့သည်။

၂၀၁၁ ခုနှစ်မှစပြီး အလှူရှင်များသည် နိုင်ငံတော်နှင့် ဆက်ဆံရေးပုံမှန်ပြန်ဖြစ်ရန် ဆောင်ရွက်ခဲ့ကြသည်။


ကျန်းမာရေး၊ စွမ်းအင် နှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍများတွင် ရန်ပုံငွေအများအပြား သုံးစွဲခဲ့သည်။ ငြိမ်းချမ်းရေးနှင့်ဆက်စပ်သည့် လုပ်ငန်းများအတွက် အသုံးပြုမှုမှာ အခြားကိစ္စများနှင့် ယှဉ်လျှင် များစွာလျော့နည်းနေသည်။ မြန်မာနိုင်ငံသို့ပေးသည့် နိုင်ငံခြားအထောက်အပံ့၏ ၃ % ကိုသာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပဋိပက္ခ ကာကွယ်ရေးအတွက် အသုံးပြုသည်။

အခက်အခဲများရှိနေသည့်တိုင် (အထူးသဖြင့် နိုင်ငံအဆင့်တွင်) အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ၎င်းတို့လုပ်ငန်းများတွင် ပဋိပက္ခကိစ္စများ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်ကို ယေဘုယျအားဖြင့် သဘောပေါက်ထားကြသည်။

# အပိုင်း - ၂

## အခန်း ၅ – ပဋိပက္ခအပေါ်နိုင်ငံခြားအထောက်အပံ့များ၏သက်ရောက်မှုများ

### အကြောင်းအရာ




### အလေးပေးတင်ပြချက်များ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများသည် အပြန်အလှန်ဆက်စပ်နေသည်

ရေရှည်ခိုင်ခံ့သည့် အပြောင်းအလဲသို့ ဦးတည်သည့် ဆွေးနွေးညှိနှိုင်းမှုများကို ပံ့ပိုးပေးခြင်း သို့မဟုတ် အတားအဆီးဖြစ်စေခြင်းဖြင့် ငြိမ်းချမ်းရေး အလားအလာများပေါ်တွင် အထောက်အပံ့များ ၏ သက်ရောက်မှုများရှိနိုင်သည်။ ပဋိပက္ခအကြောင်းရင်းခံများကို လျော့နည်းစေခြင်း သို့မဟုတ် မြင့်တက်စေခြင်း၊ မြေပြင်ရှိ အကြမ်းဖက်မှုများနှင့် တင်းမာမှုများကို လျော့ချပေးခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းတို့ဖြင့် ငြိမ်းချမ်းရေးပေါ် သက်ရောက်မှုရှိနိုင်သည်။

အခြေခံဆောက်အအုံများ၊ သယံဇာတတူးဖော်ခြင်းလုပ်ငန်းများကို ငွေကြေးပံ့ပိုးပေးခြင်းသည် အချို့သောဆိုးကျိုးများကို ဖြစ်စေနိုင်သည်။ လူမျိုးစုများ၏ နစ်နာမှု နာကျည်းချက်များကို ပို၍ပြင်းထန်စေနိုင်သည်။

ပဋိပက္ခမဖြစ်အောင် ဆင်ခြင်ဆောင်ရွက်သည့် ချဉ်းကပ်ပုံသည် ရှိပြီးသားအစီအစဉ်များကို ဆက်လက် အသုံးပြုခြင်း၊ ဒေသခံများ၏ နစ်နာချက်များကို ဖြေရှင်းပေးခြင်းတို့ကို ဦးစား ပေးသည့် အနေအထားဖြစ်ပြီး မူဝါဒလမ်းကြောင်းများကို လွှမ်းမိုးအကြံပေးနိုင်မှု သို့မဟုတ် နိုင်ငံအဆင့် ပြဿနာများဖြေရှင်းရာတွင် ထိရောက်မှုအားနည်းလျက်ရှိသည်။

## အခန်း ၆ – ငြိမ်းချမ်းရေးတည်ဆောက်ခြင်းပေါ်နိုင်ငံခြားအထောက်အပံ့များ၏သက်ရောက်မှုများ

### အကြောင်းအရာ





### အလေးပေးတင်ပြချက်များ

နိုင်ငံတကာက နည်းပညာ၊ ဘဏ္ဍာရေး အထောက်အပံ့များပေးနေသော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပြည်တွင်းကသာ ဦးဆောင်နေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဖြောင့်ဖြောင့်ဖြူးဖြူး ရှိမည့်ပုံ မတွေ့ရသဖြင့် အထောက်အပံ့ပေးသည့် အဖွဲ့များအနေဖြင့် ရေရှည်လက်တွဲ လုပ်ဆောင်နိုင်မည့် အစီအစဉ်ကို ပြင်ဆင်ထားသင့်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပေးရာတွင် ပုံစံကွဲပြားသည့် လုပ်ငန်းအမျိုးမျိုး ပါဝင်နိုင်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ တိုက်ရိုက်ပံ့ပိုးခြင်း၊  ပုံမှန်ဆောင်ရွက်နေသည့် လမ်းကြောင်းကို ပို၍ အလုပ်ဖြစ်ရန် ညှိနှိုင်းပေးခြင်း၊ ပဋိပက္ခအကြောင်းရင်းကို ဖြေရှင်းရန် အားထုတ်ခြင်း၊ ဒေသအဆင့် တွင်ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသည့်အခင်းအကျင်းတွင် သဘောထားမတူသည့် အမျိုးအစားစုံလင်သည့် အစုအဖွဲ့များပါဝင်နေသဖြင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ အနေဖြင့် သတင်းအချက် အလက်များ ပြည့်ပြည့်စုံစုံ ပြင်ဆင် လေ့လာထားရန်၊ နိုင်ငံရေးအရ လိမ္မာပါးနပ်စွာ ဆောင်ရွက်ရန် လိုအပ်သည်။

ငြိမ်းချမ်းရေး အသီးအပွင့်များ ရရှိခံစားစေသည့် စီမံကိန်းများသည် ရပ်ရွာများသို့ ရပ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအချို့ ခံစားစေသော်လည်း ငြိမ်းချမ်းရေးသို့ကူးပြောင်းခြင်း လမ်းစဉ်အတွက် ထူးထူးခြားခြား အထောက်အကူ မဖြစ်စေသည်များလည်းရှိသည်။



## အခန်း - ၂

# မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ

## အကျဉ်းချုပ်

မြန်မာ၏ မြို့နယ်ပေါင်း ၃၃၀ ၏ သုံးပုံတပုံ အထက်သည် နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ ဆိုးကျိုးများ ခံစားနေရသည်။ ပဋိပက္ခအများစုမှာ ဆယ်စုနှစ် ၆ ခုကျော်အောင် ကြာခဲ့ပြီဖြစ်သည်။ ထောင်ပေါင်းများ စွာ အသက်ဆုံးရှုံး၊ သောင်းနှင့် သိန်းနှင့်ချီကာ နေရပ်စွန့်ခွာထွက်ပြေးရပြီး ထိုထက်ဆိုးဝါးစွာ ခံစား ကြရသူများလည်း ရှိသည်။

လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုမှီပြီး တိုးတက်အောင် ဆောင်ရွက်သွားနိုင်သည့် အခွင့်အလမ်းကောင်းများစွာရှိသည်။ နိုင်ငံ၏ အချို့နေရာများတွင် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရယူထားနိုင်သော်လည်း၊ အစိုးရလက်နက်ကိုင် အင်အားစုနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။

စစ်တပ်အုပ်ချုပ်ရေးနှင့် အရပ်သားအုပ်ချုပ်ရေးအကြား အားပြိုင်မှု၊ တန်းတူညီမျှရေး၊ ဗဟို ချုပ်ကိုင်သည့် စနစ်အစား ဖက်ဒရယ်စနစ် အစားထိုးရန်တောင်းဆိုချက်များကြောင့် ပဋိပက္ခများ မပြိမ်းနိုင်ဖြစ်နေရသည်။

နေရာအကွာအဝေး အနည်းငယ်ကွာခြားသည်နှင့် မြေပြင်အခြေအနေများမှာ အမျိုးမျိုး ကွဲပြားသွားပြီး လက်နက်ကိုင်အုပ်စုအမျိုးစုံပါဝင်နေသည့် တိုက်ခိုက်မှုများလည်းရှိသည်။ နယ်မြေ ထိန်းချုပ်နိုင်ရန်၊ လူထုပေါ်တွင် ဩဇာလွှမ်းမိုးနိုင်ရန်နှင့် သယံဇာတ ထုတ်ယူနိုင်ရန် အပြိုင်အဆိုင် ဆောင်ရွက်ကြသဖြင့် ပဋိပက္ခများဖြစ်ပေါ်ရသည်။


မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်တွင်းမှ ဦးဆောင်ပြီး၊ စီစဉ်ဆောင်ရွက်သည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများတွင် တရုတ်၏ ဩဇာသည် အရေးအပါဆုံး ပြင်ပဩဇာဖြစ်သည်။ အထူးသဖြင့် ၎င်း၏ နယ်စပ်တလျောက်တွင်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းပါဝါများနှင့် အနောက်နိုင်ငံအချို့သည်လည်း လွှမ်းမိုးမှုအနည်းငယ်ရှိကြသည်။

မြန်မာနိုင်ငံရှိ ပဋိပက္ခများအဆက်မပြတ်ဖြစ်ပေါ်နေသည့်ဒေသများတွင် နေထိုင်နေရသူများသည် အကြမ်းဖက်မှု များကို ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ အချို့သောဒေသများသည် ဒုတိယ ကမ္ဘာစစ်အပြီး နိုင်ငံလွတ်လပ်ရေးရပြီးသည် နှင့် တပြိုင်နက် ယင်းကိစ္စများကြုံတွေ့ကြရသည်။ သောင်းနှင့် သိန်းနှင့်ချီသည့် ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးရကာ စစ်ဘေးဒုက္ခသည်အဖြစ် အကြိမ်ကြိမ် နေရပ်စွန့်ခွာရသူများလည်းရှိသည်။ ပဋိပက္ခ၏ ဆိုးကျိုးများသည် သန်းပေါင်းများစွာကို တိုက်ရိုက်ထိခိုက်စေသည်။ နိုင်ငံအဆင့် နိုင်ငံရေး၊ စီးပွားရေး တိုးတက်မှု အခွင့်အလမ်းများကိုလည်း အတားအဆီးဖြစ်စေသည်။

မကြာသေးမီနှစ်များအတွင်း ငြိမ်းချမ်းရေးတိုးတက်မှု အချို့ရှိလာသော်လည်း ရင်ဆိုင်တိုက်ပွဲများ ပါဝင်သည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် နိုင်ငံ၏ ဒေသအများစုတွင် ဆက်လက်ဖြစ်ပေါ်နေသည်။ ပုံ ၂.၁ တွင်ကြည့်ပါ။ ၂၀၁၄ မှ ၂၀၁၇ နှစ်လည်ထိ ၃ နှစ်တာကာလအတွင်း (စာတမ်းအတွက် သုတေသန ဆောင်ရွက်မှုများ အပြီးသပ်ချိန်) မြန်မာနိုင်ငံမြောက်ပိုင်း ကချင်နှင့် ရှမ်းပြည်တို့တွင် လက်နက်ကိုင်ပဋိပက္ခများ၏ ရလဒ်အနေဖြင့် လူပေါင်း ၆၀၀ အသက်ဆုံးရှုံးပြီး ၇၀၀ ခန့် ဒဏ်ရာရရှိခဲ့ရသည်။ အသက်ဆုံးရှုံးသူအများစုမှာ အမျိုးသားများဖြစ်ပြီး ၄၀ ရာခိုင်နှုန်းဝန်းကျင်မှာ အရပ်သားများဖြစ်သည်။[၁၅]

၂၀၁၅ နှင့် ၂၀၁၆ အတွင်း မြို့နယ် ၆၃ မြို့နယ်တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား မှတ်တမ်းတင်နိုင်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုပေါင်း ၁၀၂၂ ခုရှိခဲ့သည်။[၁၆] ပဋိပက္ခကြောင့် ဒေသခံများအနေဖြင့် အကြိမ်ကြိမ် နေရပ်စွန့်ခွာထွက်ပြေးရသည်။ ၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံရှိ အမြဲတမ်းဒုက္ခသည် စခန်းတွင်

## ပုံ ၂.၁
မြန်မာနိုင်ငံအတွင်း နယ်မြေစိုးမိုးရေး
ပဋိပက္ခ ဖြစ်ပေါ်နေသည့် နေရာများ (၂၀၁၆) [၁၈]




**၂၀၁၅ – ၁၆ အတွင်းဖြစ်ပွားခဲ့သည့် လက်နက်ကိုင် တိုက်ပွဲများ**

- ၁ – ၆
- ၇ – ၁၅
- ၁၆ – ၂၅
- ၂၆ – ၅၂
- ၅၃ – ၉၉

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နေရာယူထားသည့်ဒေသများ
- အပစ်ရပ်ဒေသများ(NCA သို့မဟုတ် နှစ်ဖက်သဘောတူ)

ဇယားကွက် ၂.၁
အရေးပါသည့်ကိန်းဂဏန်းများ - မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများ

- မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် ကမ္ဘာပေါ်တွင် အကြာဆုံးသော ပဋိပက္ခများအနက် တစ်ခုအပါအဝင် ဖြစ်သည်။ အချို့သောနေရာများမှာ ၁၉၄၈ လွတ်လပ်ရေး မရမီကပင် နိုင်ငံတော်၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်နေသည့်နေရာများဖြစ်သည်။[၁၉]

- မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၁၁၈ မြို့နယ်နီးပါးသည် ပဋိပက္ခများ၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား ဖြစ်ပေါ်သည့် တင်းမာမှုများ၏ ဆိုးကျိုးများကိုခံစားနေရ သည်။ ယင်းမြို့နယ်များတွင် နေထိုင် သူဦးရေ ၁၂.၄ သန်းရှိပြီး တနိုင်ငံလုံးရှိလူဦးရေ၏ ၄ ပုံ ၁ ပုံ နီးပါးဖြစ်သည်။[၂၀]

- အစိုးရနှင့် နစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် မြို့နယ်ပေါင်း ၉၄ ခုတွင် လှုပ်ရှားလျက်ရှိသည်။ သဘောတူညီချက်များ ရှိထားသည့် တိုင် ယင်းမြို့နယ်များအနက်မှ ၄၀ ရာခိုင်နှုန်းတွင် ၂၀၁၅ - ၁၆ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သည်။

- မြန်မာ လက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) ၏ စစ်ဆင်ရေးအင်အားသည် ၂၅၀ ၀၀၀ မှ ၃၅၀ ၀၀၀ ကြားရှိမည် ဟုလေ့လာသူများက ခန့်မှန်းထားသည်။[၂၁] တပ်မတော်သည် ပြည်သူ့စစ် တပ်ဖွဲ့ များကို ထောက်ပံ့သည်။ အစိုးရ နောက်ခံနှင့်ရပ်တည်သည့် ပြည်သူ့စစ်များ၊ နယ်ခြားစောင့် တပ်ဖွဲ့များအဖြစ် လှုပ်ရှားနေသည့် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိသည့် လက်နက်ကိုင် တပ်ဖွဲ့ ပေါင်း ၂၃ ဖွဲ့လည်း အရံအင်အားအဖြစ်ပါဝင်သည်။

- အစိုးရနှင့် နီးနွယ်ခြင်းမရှိပဲ လွတ်လပ်စွာရပ်တည်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း နှစ်ဆယ်ကျော် ရှိပြီး အင်အားအမျိုးမျိုး၊ လွှမ်းမိုးမှု အမျိုးမျိုးကွဲပြားသည်။ အကြီးဆုံးအဖွဲ့ ၅ ဖွဲ့တွင် တိုက်ပွဲဝင်နိုင်သည့် လက်နက်တပ်ဆင်ထားသော စစ်သည်အင်အား ၅၀၀၀ ကျော်ရှိနိုင်ပြီး အဖွဲ့ငယ်များတွင်မူ ရာဂဏန်းရှိနိုင်သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ဌာနများရှိပြီး၊ ကျန်းမာရေး၊ ပညာရေး၊ နှင့် အခြားသော ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို ၎င်းတို့ထိန်းချုပ်ထားသည့်နေရာများတွင် ဝန်ဆောင်မှု ပေးကြ သည်။

- နိုင်ငံလွတ်လပ်ရေးရပြီးနောက်မှစ၍ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အထိ နိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ကို အဆုံးသတ်နိုင်ရေး နိုင်ငံအဆင့်ဆွေးနွေး ရန်အားထုတ်မှုကြီး ၇ ကြိမ်ရှိခဲ့သော်လည်း ခိုင်မာသည့် အဖြေတစ်ခု မရခဲ့ပါ။[၂၂]

နေထိုင်ရသူပေါင်း ၁ သိန်းကျော်ရှိသည်။ တိုက်ပွဲများမှ ရှောင်ရှားရန်အတွက် တရုတ်သို့ ထွက်ပြေး တိမ်းရှောင်သူ များလည်းရှိပြီး ကချင်နှင့် ရှမ်းပြည်များတွင် နေရပ်စွန့်ခွာနေရသူ ပေါင်းလည်း ၁ သိန်းကျော်ရှိနေသေးသည်။[၁၇]

မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ပျံ့နှံ့တည်ရှိမှုကို လေ့လာမည်ဆိုပါက အခြားသော အာရှနိုင်ငံများမှ နယ်မြေစိုးမိုးရေး ပဋိပက္ခများကဲ့သို့ နိုင်ငံ၏အစိတ်အပိုင်းငယ်တစ်ခုတွင်သာ ဖြစ်ပေါ်နေသည့် ပြဿနာမဟုတ်သည်ကိုတွေ့ရမည်ဖြစ်သည်။ ၎င်းတို့၏ ဖွဲ့စည်းပုံများ၊ ကာလ ရှည်ကြာမှုများသည် လွတ်လပ်သောနိုင်ငံတစ်ခု၏ ရှုပ်ထွေးလှသော သမိုင်းနောက်ခံနှင့် အနီးကပ် ဆက်စပ်နေသည်။ ယခုအခန်းတွင် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများအကြောင်းကို ခြုံငုံတင်ပြသွားမည်ဖြစ်ပြီး၊ သမိုင်းကြောင်း၊ လက်ရှိအခြေအနေကို တွန်းပို့ နေသည့် အကြောင်းအရာ များကိုလည်း တပါတည်းဖော်ပြသွားမည်ဖြစ်သည်။ ယင်းပဋိပက္ခများကို နားလည်သွားစေရန် အတွက် မူဘောင်တရပ်ကိုတင်ပြထားပြီး၊ ပြည့်စုံခိုင်မာသည့် ငြိမ်းချမ်းရေးကို ဝေဝါးစေသည့် နိုင်ငံအဆင့် ဒေသအဆင့် ပြဿနာ အရင်းခံများကိုလည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

## ၂.၁။ မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ ပုံစံများ

မြန်မာနိုင်ငံတွင်းဖြစ်ပေါ်နေသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ အသွားအလာ အခင်းအကျင်းမှာ အင်မတန် ရှုပ်ထွေးပါသည်။ အမျိုးအစားခွဲခြားမှု သို့မဟုတ် အတန်းအစားခွဲခြားရန် ချွင်းချက်အများ အပြားလိုသကဲ့သို့ စည်းမျဉ်းစည်းကမ်းအများအပြားလိုအပ်သည်။ ၂၀၀၅ - ၂၀၀၆ ခုနှစ်အတွင်း တိုက်ပွဲကြီး အများစုမှာ မြန်မာနိုင်ငံအရှေ့တောင်ခြမ်းနှင့် ရှမ်းပြည်တောင်ပိုင်းတွင် ဖြစ်ပြီး ကရင်အမျိုးသားအစည်းအရုံး လှုပ်ရှားသည့် နေရာများတွင်အဖြစ်များသည်။ မြောက်ပိုင်းရှိ ကချင်ပြည်နယ်တွင် အခြေအနေများမှာ အတော်ပင်တည်ငြိမ်သည်။ ဆယ်စုနှစ် ကြာသည့် အခါတွင် အခြေအနေများ ပြောင်းလဲသွားသည်။ အစိုးရလက်နက်ကိုင် တပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၄ ခု ပေါင်းစပ်ထားသည့် မဟာမိတ်တို့ကြား တိုက်ခိုက်မှုများသည် နိုင်ငံမြောက်ပိုင်း တစ်ခုလုံးတွင် ပျံ့နှံ့နေပြီး ကရင်အမျိုးသားအစည်းအရုံးသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်ပါဝင်လာခဲ့သည်။ ပုံ ၂.၂ တွင် ယင်းကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်တွင်းနေရပ်စွန့်ခွာပြေးရသူများ ခိုလှုံနေသည့်


## ပုံ ၂.၂

၂၀၀၆ နှင့် ၂၀၁၆ အတွင်းဖြစ်ပေါ်ခဲ့သည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများ – ပြည်တွင်းနေရပ်စွန့်ခွာပြေးရသူများ ဝင်ရောက် နေထိုင်သည့် မြို့နယ်များစာရင်းမှာ လူသားချင်း စာနာမှု အထောက်အကူပြု အဖွဲ့အစည်းများမှ ပြုစုထား ခြင်းဖြစ်သည်။ [၂၃]

နေရပ်စွန့်ခွာ ဒုက္ခသည်များ
တည်ရှိမှု
၂၀၀၆





နေရပ်စွန့်ခွာ ဒုက္ခသည်များ
တည်ရှိမှု
၂၀၁၆




## ပုံ ၂.၃

ပဋိပက္ခနှင့် မြေမျက်နှာသွင်ပြင်ကြား ဆက်စပ်မှု (armed clashes, presence of EAOs) [၂၄]



နေရာများကို ဖော်ပြထားသည်။ မြန်မာနိုင်ငံရှိဒေသအများစုသည်လည်း အကြမ်းဖက်မှုများကြောင့်ဆိုးကျိုးခံစားရနိုင်မှုမရှိသည့်တိုင် ပဋိပက္ခ ဖြစ်ပွားရန် အလားအလာအလွန်များ သည်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ်တွင် ကချင် ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ရာ ကချင် လွတ်လပ်ရေးအဖွဲ့၊တပ်မတော်၊ အခြားအုပ်စုများ ပါဝင်ခဲ့သည်။ ရှမ်းပြည်နယ်အနှံ့အပြားတွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများတွင်လည်း တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၊ အစိုးရနှင့် လက်နက်ကိုင်အဖွဲ့ အစည်းများ၏ လက်ဝေခံများသည် ပဋိပက္ခ အမျိုးမျိုး တွင် ပတ်သက်ခဲ့ကြသည်။ ကရင်ပြည် နယ်တွင် လက်နက်ကိုင် အဖွဲ့ ငယ် အများအပြားသည် အသေးစားထိပ်တိုက်ရင်ဆိုင်တွေ့ မှုများတွင် ပါဝင်ခဲ့ သည်။ မကြာသေးမီ ကာလများတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည် နယ်စပ် တွင် ရက္ခိုင့် တပ်မတော် သည် စတင် အခြေချလာခဲ့ပြီး၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လှုပ်ရှားမှုအသစ်အနေဖြင့် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် Arakan Rohingya Salvation Army (ARSA) ပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခနှင့် စပ်လျဉ်းပြီးပေါ်ပေါက်လာသည့် တိုက်ခိုက်မှုများ၏ ပုံစံမှာ အမျိုးမျိုးကွဲပြားသည်။ လက်နက်ကြီးများနှင့် တိုက်ခိုက်သည်များရှိသကဲ့သို့ လက်နက်ငယ်များဖြင့် တိုက်ခိုက်သည်များ လည်းရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် တပ်မတော်ကြား ၂၀၁၆ အတွင်းဖြစ်ပွားသည့် တိုက်ပွဲများအနက် နယ်မြေ များကို ထိန်းချုပ်နိုင်ရန် အင်အားအများ အပြားဖြင့် တိုက်ခိုက်ကြသည့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းမှ တိုက်ပွဲများ ပါဝင်သည်။ နှစ်ဖက်စလုံးမှ လက်နက်ကြီးများအသုံးပြုခဲ့ကြပြီး မြန်မာလေတပ်မှ လေကြောင်းစစ်ဆင် မှုများပြုလုပ်ခဲ့ သည်။ အခြားနေရာများမှ ပဋိပက္ခများမှာ ကျေးလက် ဒေသများတွင် တပ်မတော် လှုပ်ရှားတပ်များနှင့် နိုင်ငံတော်နှင့်သက်ဆိုင် ခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ များ  လှုပ်ရှားချိန် တိုက်ဆိုင်သွားသဖြင့် လက်နက်ငယ်များဖြင့် တိုက်ခိုက်ကြသည့် တိုက်ပွဲများဖြစ်သည်။ မဟာ ဗျူဟာကျသည့် နေရာများကိုလည်း ရံဖန်ရံခါ တိုက်ခိုက်မှုများရှိသည်။

ပင်လယ်မြေမျက်နှာပြင်အမြင့်နှင့် ပဋိပက္ခဖြစ်ပွားနေသည့် အချက်အလက် များကို ဆက်စပ်ကြည့် မည်ဆိုပါက မြေအနေအထားနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခကြား ဆက်နွယ်မှုများကို ရှင်းလင်းစွာ မြင်တွေ့ရမည်ဖြစ်သည်။ (ပုံ ၂.၃) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုကျင့်သုံးသည့် ပြောက် ကျားနည်းဗျူဟာ အောင်မြင်ရန် အလားအလာများသော ဒေသများ ဖြစ်သော တောတောင်ထူထပ်သည့် ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများ အဖြစ်များပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အခြေချ သည်ကို အများအားဖြင့်တွေ့မြင်ရသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ဒေသခံလူထုကြား ရင်းနှီးသည့် ဆက်ဆံရေးရှိသော ဒေသ များတွင်လည်း တိုက်ပွဲများ အဖြစ်များသည်။ အနိမ့်ပိုင်း၊ မြေပြန့်ဒေသများ တွင်မူ တပ်မတော်သည် စစ်ရေးအရ အသာစီးရပြီး ဗဟိုအစိုးရအနေဖြင့် လည်း ထိုဒေသများတွင် ၎င်း၏ အာဏာကိုဖြန့်ကျက်ထားနိုင်သည်။

နိုင်ငံတနံတလျားတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် အဖွဲ့ အမျိုးမျိုးပါဝင် သည်ဖြစ်သောကြောင့် ရှုပ်ထွေးလှပါသည်။ (ပုံ ၂.၄) မတူညီသည့်ဒေသ များတွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများတွင် နယ်ခြား စောင့်တပ်များ၊ ပြည်သူ့ စစ်၊ အခြားလက်ဝေခံများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ နှင့် တပ်မတော်တို့ ပေါင်းစပ် ပါဝင်နေသည်။ တိုက်ပွဲအများစုတွင် တပ်မတော်အင်အားစုများ၊ ၎င်းနှင့်ဆက်စပ်သည့် အဖွဲ့များ ပါဝင်လေ့ ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ သို့မဟုတ် ၂ ဖွဲ့ ကြား ရင်ဆိုင်တိုက်ခိုက်မှုများမှာလည်း အဖြစ်များသည်။

## ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် နယ်မြေစိုးမိုးရေးပဋိပက္ခနှင့် အကြမ်းဖက်မှု


မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး အကြမ်းဖက်တိုက်ခိုက်မှုများသည် ဒေသခံ ပြည်သူများကြား တိုက်ခိုက်မှု မဟုတ်ပဲ တပ်မတော်အပါအဝင် အမည်နာမ တိတိကျကျရှိသည့် လက်နက်ကိုင်အဖွဲ့ များကြားဖြစ်ပွားသည့် တိုက်ခိုက်မှု များဖြစ်သည်။ အုပ်စုဖွဲ့ အကြမ်းဖက်မှုတွင်မူ လူမျိုးရေး သို့မဟုတ် ဘာသာရေး အစုအဖွဲ့များ ပါဝင်ပြီး ဒေသန္တရအဆင့်တွင် အကြမ်းဖက် တိုက်ခိုက်ကြခြင်းဖြစ်သည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခနှင့် အုပ်စုဖွဲ့ အကြမ်း ဖက်မှု ၂ ခုလုံးရှိနေခြင်းကြောင့် ရခိုင်ပြည်နယ်အတွက် အထူးအလေးပေး၊ သီးသန့်အာရုံစိုက်ဖြေရှင်းမှု လိုအပ်နေသည်။ အကြမ်းဖက်မှု၊ လူ့အခွင့် အရေး ချိုးဖောက်မှုများ ထပ်တလဲလဲ ဖြစ်ပေါ်နေခြင်းကို ရပ်တန့်ရန် အားထုတ်နေသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့ အစည်းများအနေဖြင့် ရခိုင် ပြည်နယ်အတွင်း နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် တင်းမာမှုများနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခနှင့် ဆက်နွယ်မှုများကို နားလည်ထားရန် အထူး အရေးပါသည်။

အစိုးရနှင့် ရခိုင်လူမျိုးများကြားတွင် ဗဟိုနှင့် ပြည်နယ်ကြား တင်းမာမှု ရှိနေပြီး၊ အစိုးရနှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာဟု မိမိကိုယ်ကို ခံယူထား သည့်[၂၅] မူဆလင်များကြားတွင်လည်း တင်းမာမှုများ ရှိနေသည်။ မြန်မာ နိုင်ငံသား အများစုအနေဖြင့် ၎င်းတို့ကို နိုင်ငံသား မဟုတ်သူများ သို့မဟုတ် တရားမဝင် ခိုးဝင်သူများအဖြစ် လက်ခံထားကြပြီး၊ နိုင်ငံသား ဖြစ်မှုနှင့်ပတ်သက်ပြီး မရေရာသောကြောင့် လက်တွေ့ ဘဝတွင် လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း  တန်းတူအခွင့်အရေးများ မရရှိကြပဲ ရှိနေသည်။ ခရီးသွားလာခွင့်၊ နိုင်ငံရေးတွင်ပါဝင်လှုပ်ရှားခွင့်များ ကို ကန့်သတ်ထားပြီး အခြား တင်းကျပ်စွာသတ်မှတ်ထားသည့် ကန့်သတ် ချက်များအောက်တွင် နေထိုင်သက်ရှင်ရသည်။[၂၆]

ဗဟိုနှင့် ပြည်နယ်ကြား တင်းမာမှုများသည် ရခိုင်တိုင်းရင်းသားနှင့် မူဆလင်များကြား ပဋိပက္ခများကို အားပေးလျက်ရှိသည်။ ၂၀၁၂ ခုနှစ် တွင် ရခိုင်ဗုဒ္ဓဘာသာနှင့် မူဆလင်ကြား တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၀၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အများစုမှာဒုက္ခသည်စခန်းများတွင် သွားရောက် နေထိုင်ကြရသည်။ တင်းမာမှုများ ဆက်လက်ရှိနေပြီး ဆန္ဒ ပြမှုအများအပြားရှိသည့်တိုင် ရိုဟင်ဂျာဟု ခံယူထားသည့် ရခိုင်ပြည်နယ်မှ မူဆလင်များသည် ၂၀၁၅ရွေးကောက်ပွဲတွင်မဲပေးခွင့်မရခဲ့ကြပါ။ ၂၀၁၆ အောက်တိုဘာနှင့် နိုဝင်ဘာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ သည် တိုက်ခိုက်မှု များ ဆက်တိုက်ခံခဲ့ရပြီး မူဆလင်လက်နက်ကိုင်အဖွဲ့ အာရကန် ရိုဟင်ဂျာ ကယ်ဆယ်ရေး တပ်မတော်၏ လက်ချက်ဟု ကြေညာခဲ့သည်။ တိုက်ခိုက် မှုများကို တပ်မတော်က မြန်မြန်ဆန်ဆန် တုန့်ပြန်ခဲ့ပြီး တိုက်ခိုက်မှုများ ပိတ်ဆို့ရန်နှင့် ၎င်းတို့ကို ထောက်ခံသည့် နယ်မြေများ စိုးမိုးမိစေရန် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။[၂၇] အကြမ်းဖက်မှုများကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ပျက်စီးခဲ့ပြီး၊  လူပေါင်း ၇၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ရသည်။[၂၈]  ပြည်သူများ အပေါ် ပြုကျင့်မှုအထောက်အထားများ ကို လူ့အခွင့်ရေးအဖွဲ့ အစည်းများက မှတ်တမ်းတင်ခဲ့ကြသည်။[၂၉]

## ပုံ ၂.၄

## မြန်မာနိုင်ငံ နယ်မြေစိုးမိုးရေး ပဋိပက္ခများတွင် ပါဝင်နေသည့် လက်နက်ကိုင်အဖွဲ့များ (၂၀၁၆) [၃၃]



### တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ နေရာယူထားမှု

- **AA**: ရက္ခိုင်တပ်မတော်
- **ABSDF**: မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး
- **ALP**: အာရကန်လွတ်မြောက်ရေးပါတီ
- **CNF**: ချင်းအမျိုးသားတပ်ဦး
- **DKBA**: ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော်
- **KIO**: ကချင်လွတ်မြောက်ရေးအဖွဲ့
- **KNPP**: ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
- **KNU**: ကရင်အမျိုးသားအစည်းအရုံး
- **KNU/KNLA-PC**: ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီ
- **LDU**: လားဟူဒီမိုကရက်တစ်အစည်းအရုံး
- **MNDAA**: မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော်
- **NDAA ESS**: အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်/ ရှမ်းပြည်အရှေ့ပိုင်း
- **NMSP**: မွန်ပြည်သစ်ပါတီ
- **NSCN-K**: နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ
- **PNLO**: ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်
- **PSLF/TNLA**: ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
- **RCSS/SSA**: သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော်
- **SSPP/SSA**: ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်
- **UWSA**: ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်
- **WNO**: ဝအမျိုးသားအဖွဲ့ချုပ်

## ဇယားကွက် ၂.၂
## မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များမှ အဓိက အဖွဲ့များ

- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေး အဖွဲ့အစည်းများ၏ စစ်ရေးအင်အားစုအဖြစ် လှုပ်ရှားကြသည်။ ကချင်လွတ်မြောက်ရေးတပ်မတော်သည် ကချင်ပြည် လွတ်လပ်ရေးအဖွဲ့၏ စစ်ရေးအင်အားစုဖြစ်သည်။ ရှမ်းပြည်တပ်မတော် (မြောက်) သည် ရှမ်းပြည်တိုးတက်ရေးပါတီ၏ စစ်ရေးအင်အားစုဖြစ်သည်။ ယင်းနိုင်ငံရေးအဖွဲ့အစည်းများသည် အစိုးရပြုလုပ်သည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့် မရှိပါ။

- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနီးပါးသည် လူမျိုးတစ်မျိုးကို ကိုယ်စားပြုရပ်တည်သည့် အဖွဲ့များဖြစ်သည်။ အချို့သောအဖွဲ့အစည်းများတွင် တစ်မျိုးထက်ပိုသည့် ကိုးကွယ်မှု (အများအားဖြင့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်) ရှိတတ်သည်။ ဒေသလူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား သို့မဟုတ် ပထဝီအနေအထားကွဲပြားမှုကို အခြေခံသည့် အကွဲအပြဲများ၊ ခွဲထွက်မှုများ တစ်ခါတရံဖြစ်ပေါ်သည်။

- ပဋိပက္ခကာလများနှင့် အပစ်အခတ်ရပ်စဲရေးကာလများအတွင်း အချို့သောအဖွဲ့များ ပျက်သွားပြီး ခပ်ဆင်ဆင် လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုပြန်လည်ပေါ်ထွက်လာသည်။ ဒေသတွင်း အနေအထားအပြောင်းအလဲများရှိသည့်တိုင် ပဋိပက္ခသည် ယခင်အတိုင်းရှိနေဆဲဖြစ်သည်ကို ယင်းအဖြစ်အပျက်များက သက်သေပြနေသည်။

- လူအင်အားများသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေး အင်အားကောင်းသကဲ့သို့ စစ်အင်အားလည်း တောင့်တင်းသည်။ ဗဟိုအစိုးရထိန်းချုပ်မှုအောက် လုံးဝ ကျရောက်ခြင်းမရှိသည့် နယ်မြေများကို ထိန်းချုပ်ထားပြီး အခွန်ကောက်၊ လမ်းဖောက်၊ ကျောင်းဆရာများကို မွေးထုတ်ပြီး၊ တရားစီရင်မှုများကို နိုင်ငံငယ်လေးတစ်ခုသဖွယ် စီမံလျက်ရှိသည်။[၃၄]

- နယ်ခြားစောင့်တပ် ၂၃ ခု၊ ပြည်သူ့စစ်အဖွဲ့ ၁၅ ဖွဲ့သည် စစ်တပ်အရန်အင်အားများဖြစ်ပြီး တပ်မတော်နှင့် တပေါင်းတည်းဖြစ်ကာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အဖြစ် စာရင်းသွင်းထားခြင်းမရှိပါ။ ၎င်းတို့၏ လွတ်လပ်မှု၊ လုပ်ပိုင်ခွင့်မှာ အမျိုးမျိုးကွဲပြားသည်။ အခြားသော အစိုးရလက်ဝေခံ ပြည်သူ့စစ်များသည်လည်း နိုင်ငံအနှံ့တွင် ရှိနေပြီး နယ်မြေ စိုးမိုးရေး ပဋိပက္ခများရှိသည့်နေရာများတွင် အရေအတွက်များပြီး အင်အားလည်း တောင့်တင်းကြသည်။ ရှမ်းပြည်မြောက်ပိုင်းတစ်ခုတည်းမှာပင် ပြည်သူ့စစ်အဖွဲ့ပေါင်း ၃၉၆ ဖွဲ့ရှိသည်ဟု စာတမ်းတစ်ခုတွင် ဖော်ပြထားသည်။ [၃၅]

ရခိုင်ပြည်နယ်အတွင်း လတ်တလောပေါ်ပေါက်ခဲ့သည့် အကြမ်းဖက်မှုများသည်  ဘာသာရေး၊ လူမှုရေး အကြမ်းဖက်မှု၊ အစိုးရ၏ ကြမ်းတမ်းစွာဖြေရှင်းမှုများကြောင့်သာမကပဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် နယ်မြေရယူအုပ်ချုပ်လိုမှု၊ တပ်မတော်သြဇာနှင့် စင်ပြိုင်လိုမှုတို့ကြောင့်လည်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတွင်းရှိအခြား ဒေသများမှာကဲ့သို့ပင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ ဒေသခံ နိုင်ငံရေးပါတီများနှင့် ဒေသခံ တက်ကြွလှုပ်ရှားသူများ အဓိက ဆန့်ကျင်သည့် ကိစ္စမှာ ခေါင်းပုံဖြတ်ခြင်းနှင့် ဗဟိုအစိုးရ၏ လွဲမှားသော စီမံအုပ်ချုပ်မှုတို့ဖြစ်သည်။ ဒေသခံ လူမျိုးစုများကြား အမုန်းပွားမှုမှာ ရခိုင်ပြည်နယ်တွင် အထူး ပြင်းထန်သည်။ အခြားသော နယ်မြေစိုးမိုးရေး  ပဋိပက္ခများရှိနေသည့် နေရာများမှ လူမျိုးစုကြားတွင်လည်း အမုန်းပွားမှုများရှိ နေသည်။[၃၀]

ရခိုင်ပြည်နယ်အတွင်း လူနည်းစုမူဆလင် အရေအတွက်ကြီးမားစွာ ရှိနေမှုသည် ပို၍လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုလားသည့် ၎င်းတို့၏ ရေရှည်ရည်မှန်းချက်အား အနှောက်အယှက်ပေးမည်ကို ရခိုင် ခေါင်းဆောင် များက စိုးရိမ်ကြသည်။ ၎င်းတို့က လူနည်းစုမူဆလင်/ ရိုဟင်ဂျာများ အများစုနေထိုင်ရာ ရခိုင်ပြည် မြောက်ပိုင်းမှ နယ်မြေ ခွဲထွက်ရေး တောင်းဆိုချက်များကို အကြောင်းပြနိုင်သည်။

ယင်းတောင်းဆိုမှုများသည် ၁၉၅၀ ခုနှစ်များကတည်းက ရှိနေပြီး ယင်းအချိန်တွင် ရခိုင်ခွဲထွက်ရေး သမားများကလည်း နယ်မြေ ထိန်းချုပ်မှု ရယူရန် အားထုတ်နေချိန်ဖြစ် သည်။ မြန်မာအစိုးရသည် နှစ်ဖွဲ့လုံးကို နှိမ်နင်းခဲ့သည်။[၃၁]

လတ်တလောမြန်မာနိုင်ငံတဝှမ်းတွင် ပျံ့နှံ့နေသည့် မူဆလင် ဆန့်ကျင်ရေးစိတ်များသည် ရခိုင်ပြည် အတွင်းရှိ တင်းမာမှုများကို ပို၍မြင့်တက်စေပြီး၊ အကြမ်းဖက်နည်းဖြင့် ရည်မှန်းချက်များအကောင်အထည်ဖော်မည့် ရခိုင် တက်ကြွလှုပ်ရှားသူ လှုပ်ရှားနိုင်ရန်အခွင့်အရေးများ ပေါ်ပေါက်စေသည်။ ယင်းကဲ့သို့သော တင်းမာသော အခြေအနေသည် အချို့သော ရခိုင် ခေါင်းဆောင်များကို အကြိုက်တွေ့စေသည်။ အနည်းဆုံးအနေဖြင့် ၎င်းတို့ တောင်းဆိုချက်များ၏ တစိတ်တပိုင်းကို မဲဆန္ဒဖြင့် ဆုံးဖြတ်ရယူနိုင်ပြီး မူဆလင်များ၏မဲကြောင့် ဝေဝါးသွားမည့် အဖြစ်ကိုရှောင်ရှား နိုင်တော့မည်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေး သို့မဟုတ် မဲပေးနိုင်သည့်အခွင့်အရေးများ  ရရှိရေးအတွက် ကြိုးစား နေသည့် ပြည်တွင်းပြည်ပအဖွဲ့များ သို့မဟုတ် ရိုဟင်ဂျာဟူသော အသုံးအနှုန်းကို အသိအမှတ်ပြု သုံးစွဲသူများသည် ရခိုင်ခေါင်းဆောင်အများအပြားနှင့် ၎င်းတို့ကိုထောက်ခံသူများ၏ တခဲနက် ဆန့်ကျင်မှုကို ကြုံတွေ့ရမည်ဖြစ်သည်။

## ၂.၂။ နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ အရင်းခံ အကြောင်းများ

ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုမစတင်မီကပင် လက်ရှိမြန်မာနိုင်ငံဟု ခေါ်ဆိုနေသည့်ဒေသတွင် ပဋိပက္ခ ပေါင်း များစွာရှိခဲ့သည်။ နယ်စားပယ်စားများ၊ ရှင်ဘုရင်များသည် အချင်းချင်းသော်လည်းကောင်း၊ ကိုလိုနီပြုသူများက ၁၉ ရာစုနောက်ပိုင်းတွင် သတ်မှတ်ထားသည့် နယ်စပ်မျဉ်းများပြင်ပရှိ ပဏ္ဏာဆက် နိုင်ငံများနှင့် သော်လည်းကောင်း ရင်ဆိုင်တိုက်ခိုက်မှုများရှိခဲ့သည်။ မတူညီသည့် အစုအဖွဲ့များကြား၊ လူ့အသိုင်းအဝိုင်းများကြားတွင်လည်း အပြန်အလှန်တိုက်ခိုက်မှုများ ရှိခဲ့သည်။ အထူးသဖြင့် မြို့ပြနေလူတန်းစားနှင့် တော်ဝင်မိသားစုများကြားတွင်ဖြစ်သည်။[၃၂] ယနေ့ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစု များသည်လည်း ယင်းသမိုင်းအစဉ်အလာကို ပြန်လည်တမ်းတနေသည်။ အများစုမှာ လူမျိုးစု တစုတည်း သီးသီးသန့်သန့် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ရသည်ကို လိုလားသည့် နိုင်ငံရေး ရည်မှန်းချက်များ ရှိကြသည်။

ဗြိတိသျှအုပ်ချုပ်သည့်အချိန်တွင် ဗမာပြည် (နောက်ပိုင်းတွင် မြန်မာဟု တရားဝင်ပြောင်းလဲခေါ်ဆိုခဲ့သည်) ကို နိုင်ငံရေးယူနစ်တစ်ခုအဖြစ် အုပ်ချုပ်ခဲ့ခြင်း မရှိပါ။ ဗမာအများစုနေထိုင်သည့်ဒေသနှင့် အနီးအနားဒေသများပါဝင်သည့် ပြည်မနှင့် ဗမာမဟုတ်သည့် လူမျိုးအများစု နေထိုင်သည့် တောင်တန်း ဒေသဟူ၍ အုပ်ချုပ်ရေးအရ ၂ မျိုးခွဲခြား အုပ်ချုပ်ခဲ့သည်။ မျက်မှောက်အချိန်တွင် နယ်မြေစိုးမိုးရေးပဋိပက္ခများ ဖြစ်ပွားလျက်ရှိသော တောင်တန်းဒေသသည် ယခင်က ပြည်မ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက် အပြည့်အဝ ကျရောက်ခြင်းမရှိပဲ သက်ဆိုင်ရာ ရိုးရာဓလေ့ ခေါင်းဆောင်များက နေ့စဉ်အုပ်ချုပ်မှုများကို ဆောင်ရွက်သည်။[၃၆]

ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံသည် လွတ်လပ်သည့်နိုင်ငံအဖြစ်နှင့် ပေါ်ထွက်ခဲ့သည်။ လွတ်လပ်ရေး လှုပ်ရှားမှုကို ဒေါ်အောင်ဆန်းစုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ခဲ့သည်။ ၎င်းအပါအဝင် အခြား နာမည်ကြီး ခေါင်းဆောင်အများစုမှာ ဗမာများဖြစ်သည်။ နိုင်ငံသစ်၏ အစိုးရဌာနများဖွဲ့စည်းပုံ၊ နိုင်ငံတွင်းရှိ ဒေသအသီးသီးမှ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များသို့ ပေးအပ်သည့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီး တင်းမာမှုများရှိခဲ့သည်။[၃၇]

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သော်လည်း ယင်းမတိုင်မီမှာပင် နိုင်ငံသည် ပြည်တွင်းစစ်မီး တောက်လောင် နေပြီဖြစ်သည်။ လက်ဝဲလှုပ်ရှားမှုများစတင်ခဲ့ပြီး နိုင်ငံတော်နှင့် ကရင်အမျိုးသား အစည်းအရုံးကြား ပဋိပက္ခများ ပေါ်ထွက်လာသည်။ ပအိုဝ့်၊ မွန်၊ ရခိုင်[၃၈] နှင့် မူဂျာဟီဒင် လှုပ်ရှားမှုများလည်း စတင်ခဲ့ပြီး နိုင်ငံရှိ ဒေသအများစု၏ လုံခြုံရေး အခြေအနေမှာ စိုးရိမ်စရာ ဖြစ်ခဲ့သည်။

နှစ်ကြာလာသည်နှင့်အမျှ အစိုးရ၏လက်နက်ကိုင်အင်အားစုများ၏ အင်အားမှာလည်းကြီးသထက်ကြီး လာသည်။ အချို့သောဒေသများတွင် ပဋိပက္ခများလျော့ကျသွားသော်လည်း ဗဟို အစိုးရ၏ အာဏာ ရုပ်သိမ်းခြင်းခံလိုက်ရသည့် အစဉ်အလာအရ ရှိနေသော ခေါင်းဆောင်များရှိရာ ရှမ်းပြည်နယ် အပါအဝင် အချို့သောဒေသများတွင် ပဋိပက္ခများ ပြန်လည် ဖြစ်ပွားလာသည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး၊ စစ်အုပ်ချုပ်ရေးကို စတင်ခဲ့သည်။ မတည်ငြိမ်မှုများနှင့် ပြည်ထောင်စုအရေးကို ခြိမ်းခြောက် နေသည့် ကိစ္စများကို အကြောင်းပြပြီး ကာလရှည်ကြာ အာဏာရယူခဲ့ပြီး နောက်ပိုင်းနှစ်များတွင်လည်း ယင်းအကြောင်းပြချက်ကိုပင် ထပ်တလဲလဲ သုံးစွဲခဲ့သည်။

စစ်အစိုးရသည် အမျိုးသားရေးလမ်းစဉ်ကို အင်တိုက်အားတိုက်ကျင့်သုံးခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများကို နိုင်ငံခြားအစိုးရများ၏ အယူလွဲနေသော လက်ဝေခံများအဖြစ် ပုံဖော်ခဲ့သည်။ သောင်းကျန်းသူ တိုက်ဖျက်ရေး နည်းဗျူဟာများသည် အကြမ်းဖက်မှုများနှင့် မကျေနပ်မှုများကို မြင့်တက်စေခဲ့သည်။ ၁၉ ၆၀ နှစ်များတွင် ဖြတ်လေးဖြတ် မဟာဗျူဟာအရ တိုင်းရင်းသားရပ်ရွာများကို အစိုးရ အုပ်ချုပ်သည့် နယ်မြေများသို့ အတင်းအဓမ္မရွှေ့ပြောင်းသွတ်သွင်းခဲ့သည်။[၃၉]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခွဲထွက်အဖွဲ့များနှင့် မဟာမိတ်ဖွဲ့နိုင်ခြင်းကြောင့် တပ်မတော်သည် အကျိုးအမြတ်များရရှိခဲ့ပြီး ၁၉၇၀ နှစ်ကုန်ပိုင်းတွင် နယ်မြေအများအပြားကို ထိန်းချုပ်လာနိုင်ခဲ့သည်။ စစ်အစိုးရလက်ထက် တပ်မတော်စစ်ဆင်ရေးများကြောင့် ပြည်သူများ နစ်နာရပုံကို သုတေသနပြုလုပ်သူများနှင့် အခွင့်အရေးလှုပ်ရှားသူများက မှတ်တမ်းတင်ခဲ့ကြသည်။ ပြည်သူပိုင်ပစ္စည်းများဖျက်ဆီးမှု၊ အတင်းအဓမ္မမိုင်းစေမှုနှင့် လူသားဒိုင်းအဖြစ်အသုံးချမှု၊ ဆက်ကြေးကောက်ခြင်းသို့မဟုတ်မတော်မတရား အခွန်ကောက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများကို အထောက်အထားများနှင့် မှတ်တမ်းတင်ထားခဲ့ကြသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများမှ ဗမာမဟုတ်သည့် အသိုင်းအဝိုင်းများကြားတွင် ယင်းကိစ္စများသည် မကျေနပ်ချက်ကြီးအဖြစ် ရှိနေဆဲဖြစ်သည်။ ပြည်သူများခံစားရမှုများမှာ ရပ်တန့်သွားခြင်းမရှိပါ။ နယ်စပ် ညွှန့်ပေါင်းအဖွဲ့ ခန့်မှန်းချက်အရ ၁၉၉၆ မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ အရှေ့တောင်ခြမ်းနှင့် ရှမ်းပြည်တောင်ပိုင်းတို့မှ ရွာပေါင်း ၃၆၀၀ ကျော်မှာ ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်းနှင့် စွန့်ပစ်ခြင်းများ ခံခဲ့ကြရသည်။[၄၀]

တပ်မတော်သည် နိုင်ငံ၏ အဓိက နိုင်ငံရေးအင်အားစုအဖြစ် ၅၅ နှစ်ကျော်ရပ်တည်ခဲ့သည်။ ၁၉၈၈ နှင့် ၂၀၀၇ တွင် တခဲနက် ဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အခြေခံ ဥပဒေအသစ်ရေးဆွဲရန် ဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း စစ်တပ်ခေါင်းဆောင်များသည် အပြောင်း အလဲများ တဖြည်းဖြည်းပြုလုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် လက်မှတ်ထိုး အတည်ပြုခဲ့သည်။ အခြေခံ ဥပဒေသစ်သည် ဒီမိုကရေစီ ရွေးကောက်ပွဲများ၊ လွတ်လပ်သော နိုင်ငံရေးပါတီများ ပေါ်ထွက်လာရန်ခွင့်ပြုပေးသကဲ့သို့ နိုင်ငံရေးတွင် တပ်မတော်ဆက်လက် ပါဝင်ရေး၊ အရပ်သားစောင့်ကြည့်မှုမှ ကင်းလွတ်ရေးကို အာမခံပေးထားသည်။ အထက်ပါအပြောင်းအလဲများပြုလုပ်ချိန်မှစပြီး တပ်မတော်သည် နိုင်ငံတကာစံနှုန်းများနှင့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန် ပြင်ဆင်အားထုတ်မှုအချို့ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် အသက်မပြည့်သေးသည့် ကလေးငယ်များအား တပ်သားသစ်အဖြစ်စုဆောင်းခြင်းကို ရပ်တန့်ရန် အားထုတ်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကြပ်မှုပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ သို့တိုင်အောင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တွင် အရပ်သားများကို အကြမ်းဖက် နှိပ်စက်သည့် သတင်းများမှာလည်း ပျံ့နှံ့နေဆဲဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း အရပ်သားများအား ထိခိုက်စေသည့် နည်းဗျူဟာများကို

အသုံးပြုကြောင်း စွပ်စွဲထားမှု များရှိသည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ် ရှမ်းပြည်မြောက်ပိုင်းမှ လောက်ကိုင်မြို့ကို တိုက်ခိုက်ရာတွင် တရုတ်ပြည်သို့ ထွက်ပြေးသွားသူပေါင်း ၂၀၀၀၀ ခန့်ရှိပြီး၊ စီးပွားရေး လုပ်ငန်းများ နှင့် နေအိမ်များ မီးရှို့ခံရကာ အရပ်သားသေဆုံးမှုများ ဖြစ်စေခဲ့သည်။[၄၁]

## အပစ်အခတ်ရပ်စဲရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု

၁၉၉၀ အစောပိုင်းတွင် အရေးပါသည့် အမျိုးသားအဆင့်မူဝါဒအပြောင်း အလဲအချို့ဖြစ်ပေါ်ခဲ့သည်။ မြန်မာ့စီးပွားရေးစနစ်ကိုလည်း တစိတ်တပိုင်း လွတ်လပ်ခွင့် ပေးခဲ့သည်။ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင် အများ အပြား တွေ့ရသည့် သဘာဝ သယံဇာတ ကြွယ်ဝမှုများပေါ် စိတ်ဝင်စား မှုများ တိုးတက်ဖြစ်ပေါ်စေခဲ့သည်။ အပစ်အခတ် ရပ်စဲရေး သဘော တူညီချက် အများအပြား (နောက်ဆုံးတွင် သဘောတူညီချက်ပေါင်း ၄၀ ရှိသည်)[၄၂] ကိုလည်း လက်နက်ကိုင်တဖွဲ့ခြင်းနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး လက်မှတ်ထိုးသည့်အဖွဲ့များသည် လက်နက်မချပဲနှင့် အချို့ဒေသများကို ထိန်းချုပ်နိုင်ခဲ့ကြသည်။[၄၃] လုပ်ပိုင်ခွင့်အပိုင်းတွင် ကွဲပြားမှုများ ရှိနေပါသည်။

တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အချိတ်အဆက်ရှိသည့် ကုမ္ပဏီများသည် စီးပွားရေးဆိုင်ရာ လုပ်ကွက် ကောင်းများရရှိခဲ့ကြပြီး သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် အခြားသော လုပ်ငန်းများမှ ငွေကြေးအမြောက်အများ ရရှိခဲ့ကြသည်။ ပြည်သူအများစုအတွက် သိသာစွာ အကျိုးဖြစ်ထွန်း လာခြင်းမရှိဘဲ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်ပိုင်း များကိုသာ စီးပွားရေးအကျိုး အမြတ်ဖြစ်ထွန်းစေသည့် အပစ်အခတ်ရပ် စဲရေးလုပ်ငန်းစဉ်များအပေါ်တွင် ပြည်သူလူထု၏ ယုံကြည်မှုမှာ တဖြည်းဖြည်း ပျောက်ဆုံးလာသည်။ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို လည်း မည်သည့်အခါမျှ အလေးအနက် ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပေ။[၄၄] အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးသည့်နေရာ သို့မဟုတ် ပျက်သွား သည့် နေရာများတွင်တိုက်ခိုက်မှုများ ဆက်လက် ရှိနေခဲ့ခြင်းကြောင့် ယင်းသဘော တူညီချက်များသည် တပ်မတော်၏ အမျိုးသားလုံခြုံရေး ရည်မှန်းချက်များ အကောင်အထည် ဖော်ရာတွင် ဘက်ပေါင်းစုံမှ တိုက်ခိုက်ခံရခြင်းမျိုး မဖြစ်စေရန်၊ ရန်သူများ မဟာမိတ်ဖွဲ့စုစည်းခြင်းကို တားဆီးရန်အတွက် ရည်ရွယ်သည်ဟု အများစုမှ ယူဆခဲ့ကြသည်။

၂၀၀၈ အခြေခံဥပဒေအရ မြန်မာနိုင်ငံရှိလက်နက်ကိုင်တပ်ဖွဲ့အားလုံး သည် တပ်မတော်၏ လမ်းညွှန်မှုအောက် တွင်ရှိရမည်ဖြစ်သည်။ အပစ် အခတ်ရပ်စဲရေးသဘောတူထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများကို နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် ဆောင် ရွက်ခြင်းဖြင့် ယင်းအချက်ကို အကောင်အထည်ဖော်ခဲ့သည်။ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းအများစုက ငြင်းပယ်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အစိုးရသည် တည်ဆဲအပစ်အခတ်ရပ်စဲရေး စာချုပ်များ အားလုံး ကို ပယ်ဖျက်လိုက်သည်။ တိုက်ခိုက်ပစ်ခတ်မှုများ ပြင်းထန်လာခဲ့သည်။

၂၀၁၁ ခုနှစ် အာဏာရသည်နှင့်မကြာမီတွင်ပင် သမ္မတဦးသိန်းစိန်သည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင် ပြောင်းလဲမှုများနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်း အသစ်ကိုလည်း လျင်လျင်မြန်မြန်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို လွတ်လပ်စွာကျင်းပခဲ့ခြင်း၊ နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးခြင်း၊ မီဒီယာများပေါ်တွင် ကန့်သတ်ထားသည့် ဆင်ဆာများ လျှော့ချခြင်းနှင့် စီးပွားရေး မူဝါဒသစ်များ ချမှတ်ခြင်း တို့ကြောင့် အနောက်နိုင်ငံများမှ ချမှတ်ထားသည့် ပိတ်ဆို့မှုများလျော့ကျ သွားပြီး၊ နိုင်ငံတကာဖွံ့ဖြိုးရေးအထောက်အပံ့များ ဝင်ရောက်လာခဲ့သည်။[၄၅] ဘာရက် အိုဘားမား အပါအဝင် နိုင်ငံတကာခေါင်းဆောင်များ လာရောက် လည်ပတ်ပေးခြင်း၊ ၂၀၁၄ တွင် အာဆီယံ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း အပါအဝင် အာဆီယံတွင် တက်ကြွစွာဆောင်ရွက်ပါဝင်ခြင်းကြောင့်လည်း နိုင်ငံတကာတွင် ပုံရိပ်ကောင်းများပြန်လည်ရရှိလာခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့နှင့် နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲရေး စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ အများစုမှာ ယခင် စာချုပ်ဟောင်းများပေါ်တွင် အခြေခံထားသည်။[၄၆] အစိုးရသည် နိုင်ငံရေး ဆွေးနွေးပွဲ များကို စားပွဲဝိုင်းတွင်သာပြုလုပ်ရန်၊ တိုက်ပွဲဖြစ်ပွားနေဆဲ အဖွဲ့များ အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး စုပေါင်းပြီးဆောင်ရွက်ရန် ပထမဆုံးအနေဖြင့် သဘောတူသည် ဖြစ်သောကြောင့် ငြိမ်းချမ်းရေး မျှော်လင့်ချက်များ တိုးတက်လာသည်။ နိုင်ငံရေး ဆွေးနွေးမှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ချုပ်ဆိုသည့် အားလုံးပါဝင်သော အပစ်အခတ်ရပ်စဲရေး စာချုပ်ပေါ်တွင် အခြေခံကာ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ဆွေးနွေးမှုများ စတင်ခဲ့သည်။

၃ နှစ်ကြာဆွေးနွေးမှုများပြုလုပ်ပြီးနောက် ၂၀၁၅ အောက်တိုဘာလတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ ခုက တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement (NCA) ကို သဘောတူ လက်မှတ် ရေးထိုးခဲ့သည်။ စာချုပ်ဆွေးနွေးစဉ် တောက်လျှောက် ပါဝင်ခဲ့သည့် ဒါဇင်ဝက်သော လက်နက်ကိုင် အဖွဲ့အစည်းများလည်း ပါဝင်လက်မှတ် ထိုးကြမည်ဟု မျှော်လင့်ထားခဲ့သော်လည်း အချို့ကို အစိုးရက ချန်ထားခဲ့ သည်။ တပ်မတော်၏ ထိုးစစ်များကို တုန့်ပြန်ရန်၊ ညီညွတ်ရေး ရပ်တည် ချက်အရ လက်မှတ်မထိုးရန်ဆုံးဖြတ်ခဲ့သည့် အဖွဲ့များရှိခဲ့သည်။ တနိုင်ငံ လုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေး ထိုးထားသည့် အဖွဲ့များကိုသာ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်စေမည် ဟူသော အစိုးရ၏ ထုတ်ပြန်ချက်ကြောင့် ယုံကြည်မှုများ ပျက်စီးခဲ့သည်။

## နိုင်ငံတကာဖိအားများ (International Factors)

၁၉၉၀ နှင့် ၂၀၀၀ နှစ်များတောက်လျှောက် အနောက်နိုင်ငံ မဟာမိတ် များသည် အုပ်ချုပ်ရေးစနစ် ပြောင်းလဲရန်၊ စစ်ခေါင်းဆောင်များကို နိုင်ငံတကာမှ အရေးယူနိုင်ရန်အားထုတ်သည့် အတိုက်အခံ လှုပ်ရှားမှု များကို အားပေးခဲ့ သည်။ အနောက်နိုင်ငံပံ့ပိုးငွေများဖြင့် ရာနှင့်ချီသည့် နိုင်ငံရေးအဖွဲ့အစည်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ အများစုမှာ မြန်မာနယ်စပ်နှင့်နီးသည့် ထိုင်းနိုင်ငံ အတွင်းအခြေစိုက်ကြသည်။

မြန်မာသည် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနီးသည့်ဆက်နွယ်မှုကို တည်ဆောက်ထားသည်။ အထူးသဖြင့် တရုတ်နှင့် ရင်းနီးသည်။ ၁၉၉၇ တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast

# မြန်မာနိုင်ငံ၏

## နိုင်ငံရေးအပြောင်းအလဲနှင့် နယ်မြေစိုးမိုးရေးပဋိပက္ခများ သမိုင်းအကျဉ်း

**၁၉၄၇**

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမည်ဟု သဘောတူခဲ့သည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ထိုးပြီးမကြာမီ ဆွေးနွေးပွဲကို ဦးဆောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံခဲ့ရသည်။

**၁၉၄၈**

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီး တနှစ်အကြာတွင် လွတ်လပ်ရေး ရရှိခဲ့သည်။ ဦးနုသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

**၁၉၄၉**

ပထမဆုံး လူမျိုးရေးအခြေပြု အမျိုးသားရေး လက်နက်ကိုင်ပဋိပက္ခများ ရန်ကုန်တွင် စတင်ဖြစ်ပွားခဲ့သည်။ ကရင်အမျိုးသား အစည်းအရုံးနှင့် တပ်မတော်ကြား ဖြစ်ပွားခြင်း ဖြစ်သည်။

**၁၉၆၁**

ကချင်လွတ်မြောက်ရေးအဖွဲ့ ပေါ်ပေါက်လာသည်။ ရှမ်းအမျိုးသားရေး လှုပ်ရှားမှုများ စတင်ချိန်နှင့် မရှေးမနှောင်းတွင်ဖြစ်သည်။

**၁၉၆၂**

ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းလိုက်ပြီး ပါလီမန်စနစ်ဖြင့်အုပ်ချုပ်သည့် စနစ်ကို ပယ်ဖျက်လိုက်သည်။

**၁၉၆၃**

ဗိုလ်ချုပ်နေဝင်းသည် ၎င်းသက်တမ်း အတွင်း အောင်မြင်မှုမရခဲ့သည့် ဆွေးနွေးမှုများကို စတင်ခဲ့သည်။ ဆွေးနွေးမှု ၂ ကြိမ်ပြုလုပ်ခဲ့ပြီး ဒုတိယ အကြိမ်ဆွေးနွေးမှုကို ၁၉၇၅ တွင် ပြုလုပ်ခဲ့သည်။ ယင်းနှစ်မှာပင် တပ်မတော်သည် ဖြတ်လေးဖြတ် မဟာဗျူဟာကို စတင်ကျင့်သုံးခဲ့သည်။

**၁၉၇၄**

ဆွေးနွေးအကြံပြုမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီးနောက်တွင် ဗိုလ်ချုပ်နေဝင်းသည် အခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ယနေ့ ထိ အသက်ဝင်နေဆဲဖြစ်သော ပြည်နယ် နှင့် တိုင်း ၇ ခု ပါဝင်သည့် ဖွဲ့စည်းပုံပေါ်ပေါက်လာသည်။

**၁၉၇၆**

ဖက်ဒရယ်စနစ်ကိုလိုလားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ မဟာမိတ်အဖွဲ့ အမျိုးသားဒီမိုကရက်တစ်တပ်ဦးကို ဖွဲ့စည်းခဲ့သည်။

**၁၉၈၈**

တိုင်းပြည်အနှံ့ ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီး ဆိုရှယ်လစ်အစိုးရ ပြုတ်ကျသွားသည်။ ဆန္ဒပြမှုများကို အပြင်းအထန် နှိမ်နင်းခဲ့သည်။ စစ်အစိုးရသည် ပြန်လည်စုစည်းခဲ့ပြီး နဝတ (နောင်တွင် နအဖ ) သည် အာဏာရယူခဲ့သည်။

**၁၉၈၈**

ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု (democratic alliance burma) ကိုဖွဲ့စည်း ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီ လိုလားသည့် ဗမာအင်အားစုများ စုပေါင်းနိုင်ခြင်းဖြစ်သည်။

**၁၉၈၉**

နဝတသည် နိုင်ငံအမည်ကို မြန်မာနိုင်ငံ အဖြစ်ပြောင်းလဲခဲ့ပြီး စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် ရွေးကောက်ပွဲပြုလုပ်ပေးရန် ကတိပြုခဲ့သည်။

**၁၉၈၉**

နဝတ သည် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်ဆိုမှုများစတင်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်လာသည့် တိုင်းရင်းသားလူမျိုးစု တပ်ဖွဲ့များနှင့် စာချုပ်ချုပ်ဆိုခြင်းမှ စတင်ခဲ့သည်။ ၂၀၁၀ နှစ်ကုန်ပိုင်းတွင် နအဖ အသိအမှတ်ပြုသည့် အပစ်အခတ် ရပ်စဲရေးစာချုပ် ၁၇ ခုရှိပြီး အခြားစာချုပ်စာတမ်း ၂၃ ခုရှိသည်။

**၁၉၉၀**

ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သော်လည်း နဝတ မှ ရွေးကောက်ပွဲ ရလဒ်ကို ပယ်ဖျက်ခဲ့သည်။

**၁၉၉၆**

ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီသည် ရှမ်းပြည်တောင်ပိုင်းသို့ တပ်ဖွဲ့များ တိုးမြှင့်ချထားခဲ့သည်။ ခွန်ဆာ လက်နက်ချခဲ့ပြီး MTA သည်လည်း အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားသည်။ ယနေ့ RCSS အဖြစ်လှုပ်ရှားနေသည့် ရှက်စစ်အဖွဲ့သည် MTA ခွဲထွက် အဖွဲ့ဖြစ်သည်။

**၂၀၀၃**

အစိုးရသည် အဆင့် ၇ ဆင့်ပါသည့် ဒီမိုကရေစီ လမ်းပြမြေပုံကို ချပြခဲ့သည်။

**၂၀၀၇**

နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်ရန် အတွက်တောင်းဆိုသည့်ရွှေဝါရောင်တော်လှန်ရေး ဟုလူသိများသည့် လှုပ်ရှားမှုဖြစ် ပွားခဲ့သည်။

**၂၀၀၈**

ဝေဖန်မှုများစွာရင်ဆိုင်ရသည့် ပြည်သူ့ဆန္ဒခံယူပွဲနောက်တွင် အခြေခံဥပဒေသစ်ကို အတည်ပြုခဲ့သည်။

**၂၀၀၉**

အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ အားလုံး နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အစီအစဉ်ကို အစိုးရက ဖော်ထုတ်ခဲ့သည်။ တပ်မတော်၏ တိုက်ရိုက်လမ်းညွှန်မှုအောက်တွင် လှုပ်ရှားရမည်ဖြစ်ပြီး တပ်မတော်အရာရှိများကို ၎င်းတို့ဖွဲ့စည်းပုံတွင် ထည့်သွင်းပေးရမည်ဖြစ်သည်။

**၂၀၁၁**

အရပ်သားအစိုးရဟုဆိုနိုင်သည့် အစိုးရ လက်ထဲသို့ အာဏာလွှဲပြောင်းပေးခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများ အကြီးအကျယ်ပြုလုပ်ခဲ့ပြီး ရလဒ်အနေဖြင့် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများနှင့် အထောက်အပံ့များ တိုးတက်လာခဲ့သည်။

**၂၀၁၁**

၂၀၁၁ နှင့် ၂၀၁၂ တွင် နှစ်ဖက်သဘောတူအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများမှာ အောင်မြင်မှုရရှိခဲ့သည်။ သို့သော်လည်း ကချင်ပြည်နယ်တွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး ကေအိုင်အေနှင့် ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေး စာချုပ်မှာ ၁၇ နှစ်အကြာတွင် ပျက်စီးသွားခဲ့သည်။

**၂၀၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲနေရာ ၈၀ ရာခိုင်နှုန်းခန့်တွင် အနိုင်ရခဲ့ပြီး ပြည်ခိုင်ဖြိုးနှင့် တိုင်းရင်းသား ပါတီ ၅၅ ခုကို အနိုင်ရခဲ့သည်။

**၂၀၁၅**

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၈ ခု သည် တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ - ၁၆ တလျှောက်လုံး နိုင်ငံအရှေ့မြောက်တွင် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

**၂၀၁၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျမ်းကျိန် သစ္စာဆိုသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွင် နေရာအများစုရရှိခဲ့ သည့်တိုင် စစ်တပ်သည် ၂၀၀၈ အခြေခံဥပဒေနှင့်အညီ လွှတ်တော်နေရာ ၂၅ ရာခိုင်နှုန်းကို နေရာရယူထားပြီး၊ အဓိကကျသည့် ဝန်ကြီးဌာနများကိုလည်း ဆက်လက်ချုပ်ကိုင်ထားသည်။

**၂၀၁၆**

ပထမဆုံးအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို ဇန်နဝါရီလတွင် ကျင်းပခဲ့သည်။ အာဏာလွှဲပြောင်းပေးပြီးနောက် ဒုတိယအကြိမ်ကျင်းပသည့် ညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၁ ရာစု ပင်လုံညီလာခံဟုလည်း ခေါ်ဆိုပြီး ဩဂုတ်လတွင် ကျင်းပခဲ့သည်။

Asian Nations (ASEAN) အဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၁၁ ခုနှစ်မှစပြီး သမ္မတဦးသိန်းစိန်သည် တရုတ်အပေါ် မှီခိုနေသည့် အခြေအနေကို စတင်ပြောင်းလဲခဲ့ပြီး အနောက်နိုင်ငံအစိုးရများကို အောင်အောင်မြင်မြင် မိတ်ဖွဲ့နိုင်ခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ အနိုင်ရပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နှင့် ဆက်ဆံရေးကောင်းကို ထိန်းထားနိုင်ရန် ဆောင်ရွက်ခဲ့ပြီး အမေရိကန်သို့ ခရီးမသွားမီ ဘေဂျင်းသို့ ဦးစွာသွားရောက်ခဲ့သည်။

တရုတ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်၊ အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သည်။[၄၇] တရုတ်သို့ သဘာဝဓာတ်ငွေ့များတင်ပို့ခြင်းသည် မြန်မာအစိုးရ၏ အကြီးဆုံးသောဝင်ငွေရလမ်းဖြစ် ပြီး နိုင်ငံဝင်ငွေ၏ ၁၅ မှ ၂၀ ရာခိုင်နှုန်းဝန်းကျင်ရှိသည်။[၄၈] တရုတ်အစိုးရသည် တပ်မတော်နှင့် စစ်ဘက်ဆိုင်ရာ အနီးကပ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားသည်။ မြန်မာကို မိတ်ဖက်အနေဖြင့် ဆက်လက်ထိန်းသိမ်းထားရန် မဟာဗျူဟာကျသည့် ဆုံးဖြတ်ချက်များ ရှိနေဆဲဖြစ်သည်။


နယ်မြေစိုးမိုးမှုပဋိပက္ခများ (အထူးသဖြင့် တရုတ် - မြန်မာနယ်စပ်အနီးတွင်ဖြစ်ပွားသည့် တိုက်ပွဲများ) သည် တရုတ်အဖို့ မူဝါဒဆိုင်ရာ အခက်အခဲကြီးဖြစ်သည်။ တပ်မတော်ပေါ်တွင်လည်း ရိုက်ခတ်မှုရှိသည်။ တရုတ်အစိုးရသည် နယ်စပ်တလျှောက်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားသည်။ ဆက်ဆံရေးဆိုသည်မှာ တရုတ်နိုင်ငံမှ တစ်ဦးချင်း ပံ့ပိုးမှုမှသည် လက်နက်ကြီးများ ပံ့ပိုးခြင်းထိ အမျိုးမျိုးရှိသည်။[၄၉] တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ရှိနေခြင်းသည် အသုံးဝင်သည့် ကြားခံနယ်တစ်ခုဖြစ်နေပြီး၊ မူဝါဒပိုင်းဆိုင်ရာ အသာစီးရရန်အတွက် အခွင့်အလမ်း များဖြစ်နေသော်လည်း လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ကုန်သွယ်ရေးကို ထိခိုက်ခြင်းနှင့်၊ မတည်ငြိမ်မှုများဖြစ်ပွားစေမည်ကို တရုတ်ကစိုးရိမ်သည်။ တိုးတက်မှုများ ရှိရန်အချိန်ယူရမည်ဖြစ်သည့်တိုင် တရုတ်သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ငွေအား၊ သံတမန်အားဖြင့် ပံ့ပိုးပေးနေသည်။[၅၀] တိုက်ခိုက်မှုများ ရပ်တန့်သွားရန် ရည်ရွယ်သည့် အလွတ်သဘောဆွေးနွေးမှုများဖြစ်ပေါ်ရန် တရုတ်များအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးမှုများရှိသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ပါဝင်ရန် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်။[၅၁]

## ၂၀၁၇ နှစ်လည်ပိုင်းထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေ

၂၀၁၅ နိုဝင်ဘာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရခဲ့ ပြီးနောက် တွင် ငြိမ်းချမ်းရေးကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပြီး နိုင်ငံတွင် ငြိမ်းချမ်းရေး မရှိလျှင် ဘာမှလုပ်နိုင်မည်မဟုတ် ဟု ကြွေးကြော်ခဲ့သည်။[၅၂] ၂၀၁၆ မတ်လတွင် အာဏာလွှဲပြောင်းယူပြီးနောက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက် သွားမည်ဟု ကတိပြုခဲ့သည်။[၅၃] ထို့ပြင် ငြိမ်းချမ်းရေးကော်မရှင်ကိုလည်းဖွဲ့စည်းခဲ့ပြီး၊ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre) ကို အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဌာန ဟု ပြန်လည်ဖွဲ့စည်းခဲ့ပြီး အချို့သော ဝန်ထမ်းများကို ဆက်လက်ခန့်ထားပြီး အချို့ကို အစားထိုးခဲ့သည်။ ငြိမ်းချမ်းရေးကို ပံ့ပိုးသည့် အဖွဲ့အသစ်ဖြစ်သော ပူးတွဲညှိနှိုင်းရေးအဖွဲ့ (Joint Coordination Body)ကိုလည်းဖွဲ့စည်းခဲ့သည်။

၂၀၁၆ ဩဂုတ်နှင့် ၂၀၁၇ မေ တွင် ၂၁ ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ သည်။ ၁၉၄၇ ခုနှစ် ပင်လုံတွင် ရရှိခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရများကို ဖော်ထုတ်နိုင်ရန် အတွက် ယင်းကဲ့သို့ အမည်ပေးထားခြင်းဖြစ်သည်။[၅၄] ညီလာခံများသည် အဓိပ္ပာယ် များစွာရှိခဲ့ပြီး လွတ်လပ်ရေးမရမီကတည်းက ပေါ်ပေါက်ခဲ့သည့် တိုင်းရင်းသား နိုင်ငံရေးလှုပ်ရှားမှုများတွင် အစဉ်တစိုက်တောင်းဆိုခဲ့သည့် ကိစ္စဖြစ်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်ဝါဒကို အခြေခံသည့် ပြည်ထောင်စုဖွဲ့စည်းရန် အခြေခံမှုများ[၅၅] ရရှိရန် အစုအဖွဲ့ပေါင်းစုံပါဝင်သည့် နိုင်ငံရေး ညှိနှိုင်းမှုအဖြစ် ဆောင်ရွက်ခဲ့သည်။

**ပုံ ၂.၅**
**နယ်မြေစိုးမိုးရေးပဋိပက္ခများကို ခွဲခြားလေ့လာခြင်း**



ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး ယခင်အစိုးရလက်ထက်က လက်ရှောင်သည့်ကိစ္စများကို ပြည်သူများစိတ်ဝင်စားလာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော်လည်း လက်ရှိဖြစ်ပွားနေသည့်တိုက်ခိုက်မှုများကြောင့် အားလုံး ပါဝင်နိုင်မှုမရှိခြင်း၊ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်း အုပ်စုများ ကြား အကွဲအပြဲများကြောင့်လည်းကောင်း တိုးတက်မှုများ ရပ်တန့်နေ သည်။ ငြိမ်းချမ်းရေးညီလာခံများတွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ များသာ မဲပေးခွင့် ရမည်ဟူသော အချက်ကိုတပ်မတော်က ဆက်လက် ဆွဲကိုင်ထားသဖြင့် အရှေ့ပိုင်း တွင် လက်မှတ်ထိုး ခွင့်မရသည့် အဖွဲ့ ၃ ဖွဲ့ ပါဝင်လာရေးကို အခက်တွေ့စေသည်။ အပစ်အခတ် ရပ်စဲရေး လက်မှတ် ရေးထိုးထားသည့်နေရာများတွင်ပင် စောင့်ထိန်းရမည့် ကျင့်ဝတ်များ (Code of Conduct) မှာ ဝေဝေဝါးဝါး ဖြစ်နေပြီး၊ စောင့်ကြည့်ရေးစနစ်ကို မြန်မြန်ဆန်ဆန်ထူထောင်နိုင်ခြင်းမရှိပဲ၊ ဆက်လက်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကြောင့် စာချုပ်မှာအားနည်းလျက်ရှိသည်။ နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများမှာလည်း အစမပြုနိုင်ပဲရှိနေသည်။[၇၆]

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများစုမှာ သံသယ ဝင်နေဆဲ ဖြစ်သည်။ အထင်ရှားဆုံး အနေဖြင့် အင်အား အတောင့်တင်းဆုံးဖြစ်သော ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီသည် လက်မှတ်မထိုးဟု အမြဲတစေ ထုတ်ဖော်ကြေညာထားသည်။ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီသည် တပ်မတော်နှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် ကချင်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ အဖွဲ့ ၄ ဖွဲ့ပါဝင်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်း အစုအဖွဲ့၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။[၇၇] ၂၀၁၆ ခုနှစ်တွင် ယင်းမဟာမိတ်အဖွဲ့သည် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှု ကော်မတီ (Federal Political Negotiation and Consultative Committee) ကို ဖွဲ့စည်းခဲ့ပြီး NCA လုပ်ငန်းစဉ်ကို အတိအလင်း ငြင်းဆန် ခဲ့ပြီး ပုံစံသစ်ကို တင်ပြခဲ့သည်။ မြင့်မားသည့် နိုင်ငံရေး ရည်မှန်းချက်များ ကိုလည်းတင်ပြခဲ့သည်။လက်ရှိအချိန်ထိ ယင်းမဟာမိတ်အဖွဲ့နှင့် ညှိနှိုင်းမှု များကို တိတ်တဆိတ် သို့မဟုတ် ပုံမှန်အစည်းအဝေးများ၏ ကြားထိုး အစည်းအဝေးများအဖြစ်သာ ဆောင်ရွက်ခဲ့သည်။

## ပုံ ၂.၆
**နယ်မြေစိုးမိုးရေး ပဋိပက္ခစက်ဝန်း**



## ၂.၃။ မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခများ လေ့လာရန် မူဘောင်

မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး  ပဋိပက္ခများကို လေ့လာသုံးသပ်ကြည့် မည်ဆိုပါက ကျယ်ပြန့်သော နိုင်ငံအဆင့် အခင်းအကျင်းများ၏ သက်ရောက်မှု၊ မတူညီသော ဒေသတွင်း အကြောင်းတရားများ၏ သက်ရောက်မှုများကို မြင်တွေ့ရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများကို နားလည်အောင်ကြိုးပမ်းရာတွင် နိုင်ငံ၏ နယ်မြေဖွဲ့စည်းပုံများနှင့် ယင်းပဋိပက္ခများအကြား အဓိကအားဖြင့် ဆက်စပ်လျက်ရှိကြောင်းကို ယခုအခန်းတွင် ဖော်ပြထားသည်။

အာဏာလက်ကိုင်ထားသူများ ရင်ဆိုင်ခဲ့ရသည့်အခက်အခဲများအနက် အကြီးဆုံးမှာ မည်သည့် နိုင်ငံရေးပုံစံကို ရွေးချယ်ကျင့်သုံးမည်ဆိုသည့် အချက်ပင်ဖြစ်သည်။ အတိုက်အခံခေါင်းဆောင်ဟောင်း ဒေါ်အောင်ဆန်း စုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် စစ်တပ်ဦးဆောင်သည့် စနစ် အဆုံးသတ်ရေး၊ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ ဖြစ်ပေါ်လာရေး၊  ဒီမိုကရေစီ အစိုးရတရပ်ထူထောင်ရေးအတွက် စစ်တပ် အာဏာပိုင်များကို စိန်ခေါ်ရင်ဆိုင်မှုများပြုလုပ်ခဲ့ရာ အောင်မြင်မှုအချို့ ရရှိခဲ့သည်။ အစောပိုင်းတွင် အုပ်စုအမျိုးမျိုး၊ ဗမာပြည် ကွန်မြူနစ်ပါတီ အပြင် အခြား အဖွဲ့အမျိုးမျိုး၊ ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်း ခံလိုက်ရသည့် အစိုးရ အဖွဲ့ဟောင်းများ၊ တိုင်းရင်းသား လူမျိုးစုနောက်ခံ အဖွဲ့အစည်းများက အာဏာပိုင်များကို ရင်ဆိုင်ဆန့်ကျင်မှုများပြုလုပ်ခဲ့သည်။[၃၈]

တိုင်းရင်းသားလူမျိုးစုများ၏ မူရင်းဌာနေဟု ယူဆထားသည့် နေရာများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် အစိုးရ၏ အာဏာကို အတိအလင်းဆန့်ကျင်မှုများရှိသည်။ မညီမျှမှုများကို ဖြေရှင်းရန်အတွက် နိုင်ငံဖွဲ့စည်းပုံကိုပြောင်းလဲပစ်ရန်  မြန်မာ့ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှစ၍ တိုက်ပွဲဝင်ခဲ့သည့် အဖွဲ့အချို့ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းမှ ခေါင်းဆောင်များနှင့် အခြား နိုင်ငံတွင်းမှ ခေါင်းဆောင်များ၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစု ဒေသမှ ခေါင်းဆောင်များသည် အစိုးရ၏ အာဏာကို မည်သည့်အခါကမျှ အပြည့်အဝ လက်ခံထား ခြင်းမရှိပါ။ အထူးသဖြင့် လက်နက်ကိုင် အင်အားစုများ ကျင့်သုံးသည့် အာဏာကို အထူးဆန့်ကျင်ကြသည်။ အပြန်အလှန် ချိတ်ဆက်မှုရှိသော အာဏာယှဉ်ပြိုင်မှုပုံစံ ၃ မျိုးကို မြင်တွေ့ ရမည်ဖြစ်သည်။

### အရပ်ဘက်နှင့် စစ်ဘက် အာဏာပြိုင်ဆိုင်မှု

နိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစပြီးတလျောက်လုံး တပ်မတော်သည် နိုင်ငံရေးတွင် ခိုင်ခိုင်မာမာနေရာ ယူခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေအရ အာဏာအများစုကို ရွေးကောက်ခံအာဏာပိုင်များ သို့ပေးအပ် လိုက်သည့် ပြုပြင်ပြောင်းလဲမှုများရှိသည့်တိုင် တပ်မတော်သည် နိုင်ငံရေးအရ လွှမ်းမိုး ထားမှုကို ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သည်။ အုပ်ချုပ်ရေးနှင့် လုံခြုံရေး ဌာနများပါဝင်သည့် အာဏာ အရှိဆုံး ဝန်ကြီးဌာန ၃ ခုကို ဆက်လက် ထိန်းချုပ် ထားသည်။ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် ၂၅ ရာခိုင်နှုန်း ရယူထားပြီး၊ လုံခြုံရေး နှင့် ကာကွယ်ရေး ကိစ္စများတွင် လွတ်လပ်စွာဆောင်ရွက်နိုင်သည်ဟု အခြေခံဥပဒေက ခွင့်ပြုထားသည်။ ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင် တပ်မတော်၏ လွှမ်းမိုးမှုအားကောင်းသည်။ စစ်တပ်နှင့် ဆက်နွယ်သည့် ကုမ္ပဏီများက ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများကို သိမ်းကျုံးရယူ ထားလေ့ရှိသည်။

လုံခြုံရေးကို ဦးစားပေးသည့် ဗဟိုဦးစီး ဆုံးဖြတ်သည့်စနစ်၊ စစ်ရေးအရ အသာစီးရရန် အားထုတ်ခြင်းတို့ကြောင့် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်ဆံရေး တင်းမာစေပြီး ခိုင်မာသည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများကို အတားအဆီးများဖြစ်စေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များနှင့်အခြားတိုင်းရင်းသား ခေါင်းဆောင် များ သည် တန်းတူအခွင့်အရေးများ ရရှိသည့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည့်၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရန် ရည်မှန်းချက် ထားကြသည်။ ယင်းသဘောထားများသည် စည်းလုံး ညီညွတ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးသည့် သဘောထားများ ဖြစ်သည်ဟု တပ်မတော်က ယူဆသည်။[၃၉]

စစ်တပ်တိုးချဲ့မှုများဆက်တိုက်ဆောင်ရွက်နေခြင်း၊ ပဋိပက္ခများ ဆက်တိုက် ဖြစ်ပွားနေခြင်းတို့ကြောင့် မြန်မာ နိုင်ငံ၏ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပြီး၊  နိုင်ငံရေးအာဏာ၊ စီးပွားရေး လုပ်ပိုင်ခွင့် မည်သည့်အတိုင်းအတာကို ဗဟိုကချုပ်ကိုင် ထားမည်ဆိုသည့် ခွဲဝေမှုနှင့် ပတ်သက် သည့် အငြင်းပွားမှုများက အခြေအနေများ ပို၍ ဆိုးဝါးစေသည်။ ပုံ ၂.၆ တွင် အဓိက အပြောင်း အလဲများကို ဖော်ပြထား သည်။ ပုံ၏ အလယ်စက်ဝိုင်းတွင် တင်းမာသည့် အခြေအနေများ၊ သဘောထားကွဲပြားမှုများကို ဖြစ်စေသည့်အချက်များကို ဖော်ပြထားသည်။ တိုင်းရင်းသား လက်နက် ကိုင်များ ဆက်လက်စုဖွဲ့နေမှုနှင့် တရားမဝင် စီးပွားရေး ဆောင်ရွက်ချက်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဖရိုဖရဲဖြစ်စေမည်ဟု အကြောင်းပြကာ စစ်ဆင်ရေး များပြုလုပ်၊ အာဏာလွှဲပြောင်းပေးခြင်းကို နောက်ဆုတ်ထားသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကလည်း တပ်မတော် စစ်ဆင်မှုများ၊ စီးပွားရေး နိုင်ငံရေးအာဏာများကို ဗဟိုကသာ ချုပ်ကိုင် ထားမှုများကို အကြောင်းပြကာ လက်နက်စွဲကိုင်တော်လှန်မှုလမ်းစဉ် မှန်ကန်ကြောင်း အကြောင်းပြချက်ပေးကြသည်။

ပုံ ၂.၆ တွင်ဖော်ပြထားသည့် အပြင်ဘက် စက်ဝိုင်းများတွင် သီးသန့် အကြောင်းအရာများကိုဖော်ပြထား သည်။ ပဋိပက္ခများ အချိန်ကြာမြင့်စွာ ဖြစ်နေခြင်းသည် လက်နက်ကိုင်အဖွဲ့အစည်းများတည်ထောင်သည့် စင်ပြိုင်စနစ်များကို ပေါ်ပေါက်စေပြီး ၎င်းတို့နယ်မြေအတွင်းလွတ်လပ်စွာ လုပ်ပိုင်ခွင့်များကို ကျားကုတ်ကျားခဲကာကွယ်မှုများကို ဖြစ်ပေါ်စေသည်။ နိုင်ငံတော်သာမက အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များသည် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများမှ သယံဇာတဝင်ငွေများပေါ် မှီခိုနေရသည်ဖြစ်ရာ နှစ်ဖက်စလုံးတွင် ကိုယ်ကျိုးရှာသမားများ ပေါ်ထွက်လာသည်။

တရားဥပဒေစိုးမိုးမှုအားနည်းသည့်နေရာ၊ အာဏာနှင့်ပတ်သက်ပြီး ပြိုင်ဆိုင်မှုများရှိသည့် နေရာများ တွင် ပုဂ္ဂလိကအကျိုးနှင့် ပြည်သူ့ အကျိုးကြား လွန်ဆွဲမှုများလည်း မြင့်တက်လာသည်။ မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျား သည့် ဒေသများ၊ လက်နက်ကိုင်အဖွဲ့အစည်း အများအပြားအတွက် အကာကွယ် ဖြစ်စေသည့် တောင်တန်းဒေသ များတွင် ဗဟို၏ သြဇာသက် ရောက်မှုမှာ အားအနည်းဆုံးဖြစ်သည်။

နိုင်ငံတကာမှ စွက်ဖက်မှုများ၊ အိမ် နီးချင်းနိုင်ငံများ၏ မူဝါဒများသည်လည်း ပဋိပက္ခများ အဆုံးသတ်ရန် အား ထုတ်မှုများကို အတားအဆီးဖြစ်စေသည်။ ချုပ်ကိုင်ထိန်းကျောင်းနိုင်မှုအားနည်းသည့် နယ်စပ် ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ဖြစ်ထွန်းနေပြီး ယင်းသည်လည်း ဒေသအတွင်းတင်းမာမှုများကို ဆိုးဝါးစေသည်။

## ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းအတိုင်းအတာ

တိုင်းရင်းသားဒေသများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများစုမှ ခေါင်းဆောင်များက လက်ခံထားကြသော်လည်း ဖက်ဒရယ် သို့မဟုတ် အာဏာခွဲဝေပေးမှုရှိသည် စနစ်ကို လိုလားကြသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှစ၍ ဗဟိုကခန့်အပ်ထားသည့် အုပ်စုများမှ လွဲ၍ ပြောရေးဆိုခွင့်မရှိခြင်း၊ လုပ်ပိုင်ခွင့် အနည်းငယ်သာပေးခြင်း၊ ဒေသခံ ခေါင်းဆောင်များကို ဆုံးဖြတ်နိုင်ခွင့် အနည်းငယ်သာ ပေးခြင်းတို့ ကြောင့် မတည်မငြိမ် အတိုက်အခံများ ဖြစ်ခဲ့ရသည်။[၆၀] စစ်တပ်ဦးဆောင်သည့် အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ နိုင်ငံရေး ဖွဲ့စည်းပုံများတွင် ဗဟိုချုပ်ကိုင်မှု အားကောင်းသထက် ကောင်းလာသည်။

အချို့သော ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး အာဏာများကို ခွဲဝေပေးရန် ရည်ရွယ်သည့် ပုဒ်မများ ၂၀၀၈ အခြေခံဥပဒေတွင်ပါဝင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များရွေးချယ်ခြင်း၊ ပြည်သူ့ အသုံးစရိတ်နှင့် ပတ်သက်ပြီးဖြေလျော့မှုအနည်းငယ်ပါဝင်သည်။ မည်သို့ပင်ဖြစ်စေ လက်တွေ့တွင် ဗဟိုချုပ်ကိုင်မှု အလွန်များနေဆဲ ဖြစ်သည်။ ယင်းအပြောင်းအလဲများသည် ဖက်ဒရယ်ဝါဒလိုလားသည့် တိုင်းရင်းသားခေါင်းဆောင်များကို ကျေနပ်စေခြင်းမရှိပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ ဒေသတွင် အာဏာရှိသည့် မြို့နယ်တိုင်းရှိ အုပ်ချုပ်ရေးပိုင်း ဦးဆောင်သူအားလုံးကိုလည်း နေပြည် တော်မှ ခန့်အပ်သည်။ အသေးအဖွဲ ကိစ္စများအတွက်ပင် ဝန်ကြီးဌာနများမှ ဒေသခံဝန်ထမ်းများသည် နေပြည်တော်မှ အရာရှိများ၏ ခွင့်ပြုချက်ကို ရယူရသည်။[၆၁]

## နိုင်ငံသားဖြစ်ခြင်း၊ ထည့်သွင်း အသိအမှတ်ပြုခြင်း

ဘာသာစကားပေါင်း ၁၁၁ ကိုမြန်မာနိုင်ငံတွင် အရင်းခံသည့် ဘာသာစကားအဖြစ် သတ်မှတ်ထားသည်။[၆၂] လူနည်းစုလူမျိုးများ စုဝေးနေထိုင်သည့် လူမျိုး ၇ မျိုးအမည်ကိုစွဲပြီးပေးထားသည့် ပြည်နယ် ၇ ခုရှိ မြို့နယ် ၁ ခုတွင် ပျှမ်းမျှပြောဆိုသုံးစွဲသည့်စကား ၃.၈ မျိုးရှိသည်။[၆၃] ရေရှည်တွင် ဖြစ်ပွား နိုင်သည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများကိုရှောင်ရှားနိုင်ရန် သဘောတူညီမှုများတည်ဆောက်ရန် လိုအပ်မည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုံ တည်ရှိမှုကညီညွတ်စည်းလုံးသည့် နိုင်ငံတစ်ခုအဖြစ် အေးချမ်းစွာ တည်ဆောက်နိုင်ရန် အတားအဆီး ဖြစ်စေသည်။ လူမျိုးရေး ဘာသာရေးကွဲပြားမှုကို ကျော်လွန်၍ တာဝန်နှင့် ဝတ္တရားပေါ် အခြေခံသည့် နိုင်ငံသားဖြစ်မှုကို နားလည်လက်ခံမှုမှာ အနည်းငယ်သာ ရှိသည်။ ကိုလိုနီခေတ်အတွင်းပို၍အားကောင်းလာခဲ့သည့် လူမျိုး အမျိုးအစားခွဲခြားမှုများသည် ဥပဒေနှင့် လူမှုစံ သတ်မှတ်ချက် (social norms) များအတွင်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေခဲ့သည်။ ယာယီသဘောသဘာဝကို သာအပေါ်ယံ သုံးသပ်ပြီး မရေရာမှုများ ရှိသည်ကို မျက်ကွယ်ပြုလျက် လူမျိုး အမျိုးအစား ခွဲခြားမှုများပြုလုပ်ခဲ့သည်။[၆၄] အမျိုးသားရေးလက္ခဏာသည် နယ်မြေသတ်မှတ်ပုံနှင့် လေးလေးနက်နက် ဆက်နွယ်မှုရှိသည်။ လူမျိုးစုတစ်စု၏ ဇာတိရပ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေအတွင်း နိုင်ငံရေးအာဏာရယူနိုင်ရန်တောင်းဆိုမှုများပြုလုပ်ရာတွင် နယ်မြေအတိ အကျသတ်မှတ် တောင်းဆိုမှုများပေါ်ပေါက်စေသည်။ ရခိုင်ပြည်နယ်တွင်ယင်း အနေအထားသည် ပို၍သိသာသည်။ ရခိုင်ခေါင်းဆောင် အများစုက ရိုဟင်ဂျာဟူသော အသုံးအနှုန်း၊ နိုင်ငံသားဖြစ်မှုနှင့် ဆက်နွယ်နေ သည့် လုပ်ငန်းစဉ်အားလုံးသည် ရခိုင်ပြည်နယ်အတွင်း ပို၍လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် ဆောင်ရွက်နေမှုများကို အနှောက်အယှက်ဖြစ်စေသည်ဟု ရှုမြင်ကြသည်။ မိမိကိုယ်ကို ရိုဟင်ဂျာဟု သတ်မှတ် ထားသည့် အုပ်စုများကို နိုင်ငံ၏ တိုင်းရင်းသား ၁၃၅ မျိုးတွင်ထည့်သွင်းသတ်မှတ်ထားခြင်း မရှိသဖြင့် လူဦးရေ ၁ သန်းကျော်ကို နိုင်ငံမဲ့ သို့မဟုတ် တစိတ်တပိုင်းသာ အသိအမှတ်ပြုခံရသည့် နိုင်ငံသားများအဖြစ်သို့ ရောက်စေခဲ့သည်။[၆၅]

ကမ္ဘာတဝှမ်းတွင်ဖြစ်လေ့ရှိသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများနည်းတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များမှ ခေါင်းဆောင်များနှင့် ဒေသတွင်း လှုပ်ရှားသူများသည် ဒေသတွင်းလူထုနှင့် လူမျိုးရေးအရ သွေးစည်းမှုကို တည်ဆောက်လေ့ရှိသည်။ ဒေသခံလူမျိုးနှင့် ၎င်းတို့၏ ဘုံလက္ခဏာများ သည် ဗဟိုနှင့်၊ ဗမာလူမျိုးများနှင့် ယှဉ်လျင် အောက်ကျနောက်ကျနိုင်ပုံကို အလေးပေးတတ်ကြသည်။ အခြား အားကောင်းသည့် တိုင်းရင်းသား လူမျိုးစုများနှင့် နှိုင်းယှဉ်သည့်အခါများလည်းရှိသည်။ တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းရုံးရေး နည်းစနစ်များတွင် အမျိုးသားရေးအသုံး အနှုန်းများ ထည့်သွင်းခြင်း၊ ဘာသာစကား၊ အလံ သို့မဟုတ် ရိုးရာအလေ့အထကဲ့သို့သော တိုင်းရင်းသား လက္ခဏာသင်္ကေတများ ထည့်သွင်းသုံးနှုန်းခြင်းတို့ပါဝင်သည်။ နိုင်ငံတော်၏ အာဏာဖြန့်ကျက်ရန် အစိုးရ၏အားထုတ်မှုများသည် ဒေသလက္ခဏာများကို သေးသိမ်စေသည်ဟုယူဆပါက ပြင်းထန်သည့် ဆန့်ကျင်မှုများကို ဖြစ်ပေါ်စေသည်။ ကျန်းမာရေး ပညာရေးကဲ့သို့သော လက်ငင်းအကျိုးဖြစ်ထွန်း မှုအထင်အရှားရှိသည့် ကိစ္စများတွင်ပင် ဆန့်ကျင်မှုများပေါ်ပေါက်နိုင်သည်။

နိုင်ငံရေးစနစ်အတွင်း တိုင်းရင်းသားလူမျိုးစုံပါဝင်ပေါင်းစပ်နိုင်ရန် စစ်တပ်ဦးဆောင်သည့် အစိုးရက ပြောင်းလဲမှုအချို့ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် ပြည်ထောင်စုတွင်ပေါင်းစပ်ပါဝင်သည့် တိုင်းရင်းသား လူမျိုးစု အမျိုးမျိုးကို ကိုယ်စားပြုလျက် အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းထားသည်။ ၂၀၀၈ အခြေခံဥပဒေအရ ပြည်နယ်နှင့် လွှတ်တော်များကိုလည်း ရွေးကောက်သည့်စနစ်ဖြင့် ဖွဲ့စည်းသည်။ တိုင်းရင်းသား ခေါင်းဆောင်အများစုကမူ ယင်းကဲ့သို့သော လုပ်ဆောင်ချက်များသည် အပေါ်ယံသဘော၊ ရှိရင်းစွဲစနစ်အတွင်းသို့ သွတ်သွင်း လိုသည့် မရိုးသားသည့်သဘောဟု မှတ်ယူကြသည်။[၆၆] နယ်မြေစိုးမိုးရေး ပြဿနာနှင့် လူမျိုးရေး တင်းမာမှုများကို ဖြေရှင်းရန်အတွက် ညှိနှိုင်းဖြေရှင်းမှုများပြုလုပ်ခဲ့သည့် တိုင်းရင်းသား လူမျိုးအများအပြားနေထိုင်သည့် နိုင်ငံများနှင့် နှိုင်းယှဉ်ရလျှင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် ဗဟိုမှ ချမှတ် သည့်အတိုင်း လိုက်နာနေရ ဆဲဖြစ်ပြီး၊ အဓိကကျသည့် နေရာ များကို ဗမာ၊ ဗုဒ္ဓဘာသာ၊ ယောကျ်ားများက သာစိုးမိုးထားသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံအဆင့်၊ ဒေသ အဆင့်တွင် နိုင်ငံရေးလွတ်လပ်ခွင့်အချို့ ရရှိလာသည်။

အဖွဲ့ချုပ်၏ သောင်ပြိုကမ်းပြို အောင်မြင်မှု၊ အခြေခံဥပဒေဖြင့် လွှတ်တော်တိုင်းတွင် စစ်တပ်က ၂၅ ရာခိုင်နှုန်း နေရာယူထားမှုတို့ကြောင့် အရာမရောက်လှသည့်တိုင် လွတ်လပ်စွာ ရပ်တည်သည့် တိုင်းရင်းသား နိုင်ငံရေးပါတီအချို့သည် ၂၀၁၅ ရွေးကောက်ပွဲတွင် မှတ်တမ်းတင်လောက်သည့် အောင်မြင်မှုများ ရရှိခဲ့သည်။[၆၇] ယင်း အောင်မြင်မှုသည် အခြားသော တိုင်းရင်းသား ခေါင်းဆောင်များအနေနှင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်လာဖွယ် အလားအလာရှိပုံကို ဖော်ပြလျက်ရှိပြီး၊ လူနည်းစုအခွင့်အရေးများရယူရန် ငြိမ်းချမ်းသည့် နည်းလမ်းများအသုံးပြုလာစေရန် အနာဂတ်တွင် အာဏာခွဲဝေမှုများကို ထိထိရောက်ရောက် ဆောင်ရွက်သင့်သည်။

တိုင်းရင်းသားလူနည်းစုဒေသများတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီပါတီ၏ ရေပန်းစားမှုကလည်း တိုင်းရင်းသား လက္ခဏာများသည် မဲပေးပြည်သူများ၏ စဉ်းစားချက်များကို လွှမ်းမိုးမှု မရှိကြောင်းကို ပြသနေသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးကွဲပြားမှု၊ ငြိမ်းချမ်းမှု ထိန်းသိမ်းထားနိုင်ရန် တူညီသည့် တန်ဖိုးထားမှုများ၊ နိုင်ငံရေး စနစ်များ လိုအပ်နေသည့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားဖွယ်များရှိနေသည့် မြန်မာကဲ့သို့သော နိုင်ငံမျိုးတွင် ယင်းအချက်သည် အရေးပါသည်။

## ၂.၄။ ဒေသတွင်း အခင်းအကျင်း

နယ်မြေစိုးမိုးရေး ပဋိပက္ခများကို နိုင်ငံအဆင့် အခင်းအကျင်းများက ပုံဖော်နေသည်ဖြစ်သော်လည်း ဒေသတွင်း ကွဲပြားသည့် အခင်းအကျင်းများကလည်း ပါဝင်ပုံဖော်နေသည်။ နေရာဒေသ အနည်းငယ် ကွာဝေးသည်နှင့် မြေပြင်အခြေအနေများပြောင်းလဲသွားနိုင်ပြီး၊ ဒေသတွင်းအခင်းအကျင်း ပြိုင်ဆိုင်မှု ဆိုရာတွင် အုပ်စုအများအပြား အားပြိုင်နေမှုများ ပါဝင်နေတတ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အများစုသည်  ထပ်တလဲလဲ ကွဲထွက်ခြင်း၊ ပြိုကွဲခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ရှိသည်ဖြစ်သောကြောင့် နာမည်အမျိုးမျိုး၊ ဦးတည်ချက်အမျိုးမျိုးနှင့် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ နှင့် တပ်မတော်ကြားဆက်ဆံရေးမှာလည်း ပုံမှန်မရှိပါ။ ဒေသတစ်ခုမှ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တဦးသည် တပ်မတော် အရာရှိနှင့် နားလည်မှုကောင်းတည်ဆောက်ထားနိုင်သော်လည်း၊ ယင်းအနီးအနားမှ ခေါင်းဆောင် တဦးသည် တိုက်ခိုက်မှုများတွင်ပါဝင်နေနိုင်သည်။

“နိုင်ငံတော်ရော၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများပါ ဒေသခံ ပြည်သူများပေါ်တွင် ဩဇာလွှမ်းမိုး နိုင်ရန် နည်းလမ်းများရှာဖွေကြသည်။ နှစ်ဖက်လုံးမှ ၎င်းတို့နယ်မြေဟု သတ်မှတ်ထားသည့် နေရာများတွင် အုပ်ချုပ်ရေး ချထားနိုင်ရန်မှာ ၎င်းတို့၏ အဓိက တာဝန်ဖြစ်သည်ဟု လက်ခံထားကြသည်။”

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ တပ်မတော်အပြင်၊ နယ်ခြားစောင့်တပ်၊ ဒေသခံ ပြည်သူ့စစ် ကဲ့သို့သော တပ်မတော်ကဖွဲ့စည်းပေးထားသည့် ပြည်သူ စစ်များသည်လည်း နေရာအနှံ့တွင် ရှိနေသည်။ ယင်းအင်အားစုများသည် တပ်မတော်၏ အမိန့်ကိုနာခံရသော်လည်း ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေး၊ နိုင်ငံရေး ဦးတည်ချက်များကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ အချို့သော လက်နက်ကိုင် အုပ်စုများသည် ဗဟိုဦးစီးမှုအားကောင်းပြီး အချို့မှာ ရည်ရွယ်ချက် အမျိုးမျိုးနှင့်ရပ်တည်နေသည့် ခေါင်းဆောင်များကို စုစည်းထားသည့် အဖွဲ့များဖြစ်သည်။ ဘာသာရေး ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းများ၊ ပြည်ပရောက် အုပ်စုများ၊ ပြည်ပတွင်ဆောင်ရွက်သည့် လှုပ်ရှားမှုများ၊ နိုင်ငံခြားအစိုးရများသည်လည်း လက်နက်ကိုင်ခေါင်းဆောင်များပေါ်တွင် ဆက်စပ်မှု အလိုက် လွှမ်းမိုးမှုများရှိသည်။ လက်နက်ကိုင်အဖွဲ့များ၏ ယှဉ်ပြိုင်မှုများ၊ ပဋိပက္ခအခင်းအကျင်း နှင့် ဒေသရေးရာကိစ္စများကို ဇယားကွက် ၂.၃ တွင်ဖော်ပြထားသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများစုနှင့် တပ်မတော် ၂ ခုလုံး၏ မဟာဗျူဟာ ရည်မှန်းချက်များတွင် ထပ်တူကျသည့် ဒေသအဆင့် ရည်မှန်းချက် ၃ ခုပါဝင်သည်။

### ဒေသခံပြည်သူများပေါ်တွင် ဩဇာသက်ရောက်ရန်

နိုင်ငံတော်ရော၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများပါ ဒေသခံ ပြည်သူများပေါ်တွင် ဩဇာလွှမ်းမိုး နိုင်ရန် နည်းလမ်းများရှာဖွေကြသည်။ နှစ်ဖက်လုံးမှ ၎င်းတို့နယ်မြေဟု သတ်မှတ်ထားသည့် နေရာများတွင် အုပ်ချုပ်ရေး ချထားနိုင်ရန်မှာ ၎င်းတို့၏အဓိက တာဝန်ဖြစ်သည်ဟု လက်ခံထားကြသည်။ ပြည်သူများပေါ် ဩဇာလွှမ်းမိုးနိုင်သည်ဆိုပါက ငွေရေးကြေးရေး၊ မဟာဗျူဟာ၊ နည်းဗျူဟာ အကျိုးအမြတ်များ ရရှိနိုင်သည်။

ပြည်သူလူထုများပေါ်ဩဇာလွှမ်းမိုးနိုင်ရန် အားထုတ်သည့် ပုံစံအမျိုးမျိုး ရှိသည်။ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း နည်းလမ်းမှ ပြည်သူ များဘဝ ကောင်းစားရေး၊ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးကို စိတ်ရင်းအမှန်ဖြင့် ဆောင်ရွက်ခြင်း အထိ ပုံစံအမျိုးမျိုးဖြစ်သည်။ နိုင်ငံတော်ရော၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများပါ ပြည်သူများပေါ် ဩဇာတည်ဆောက်နိုင်ရန်၊ သစ္စာစောင့်သိမှုကို အထောက်အပံ့ဖြစ်စေသည့် နောင်ကြိုးများ ချည်နှောင်နိုင်ရန် ကျန်းမာရေး စောင့်ရှောက်မှုကဲ့သို့သော ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလေ့ရှိသည်။

## နယ်မြေစိုးမိုးမှု

နယ်မြေများ စိုးမိုးထိန်းချုပ်ထားနိုင်ပါက စစ်အင်အားတိုးချဲ့နိုင်မည်၊ ဩဇာအာဏာစုစည်းနိုင်မည်ဖြစ် သည်။ ပြည်တွင်းလုံခြုံရေးကို ထိန်းသိမ်းရန်၊ နယ်စပ်ဒေသထိန်းသိမ်းရန်အတွက် တပ်မတော်၏ ရေရှည်စီမံကိန်း၏ အစီအမံတစ်ခုအနေဖြင့်နယ်မြေစိုးမိုးမှုရရှိရန်ဆောင်ရွက်လေ့ရှိသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည်လည်း ဩဇာတည်ဆောက်ရန်နှင့် ရန်ပုံငွေများကောက်ခံရန် အားထုတ်ကြသည်။ နယ်မြေနှင့် ပြည်သူများကို ထိန်းသိမ်းထားနိုင်သည်ဆိုပါက လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို လျော့ချနိုင်မည်ဖြစ်သည်။ လမ်း၊ ရေကာတာ၊ ဓာတ်အားလိုင်း သို့မဟုတ် နယ်စပ်ဂိတ် ကဲ့သို့သော စီးပွားရေးအရ အရေးပါသည့် နယ်မြေများကို အပြင်းအထန်စုခံကာကွယ်လေ့ရှိသည်။ တောင်ထိပ်ကဲ့သို့သော နေရာများသည် နည်းဗျူဟာအရ အသာစီး ရရှိစေသဖြင့် မဆုတ်တန်းစုခံ ကြသည်။

## သယံဇာတ ထုတ်ယူသုံးစွဲခြင်း

တတိယမြောက်တူညီသည့်ရည်မှန်းချက်ဖြစ်သော သယံဇာတအရေးသည် ဒေသတွင်း အခင်းအကျင်း များပေါ်တွင် သက်ရောက်မှုများ ရှိသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများသည် စီးပွားရေး အကျိုးအမြတ်တစ်ခုတည်း အတွက် ဖြစ်ရခြင်း မဟုတ်သော်လည်း ပဋိပက္ခဖြစ်ပွားရာနယ်မြေများတွင် တည်ရှိနေသည့်သဘာဝသယံဇာတများသည် အဓိက အကြောင်းရင်းကြီးအဖြစ်နှင့်ပါဝင်နေသည်။ အထူးသဖြင့် ဒေသအဆင့်တွင် ပို၍သိသာသည်။ တပ်မတော် ဖြစ်စေ၊တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းဖြစ်စေ သဘာဝ သယံဇာတများ ရရှိပါက၊ ကုန်သွယ်ရေး လမ်းကြောင်းများ ထိန်းချုပ်ထားနိုင်သည်ဆိုပါက ငွေရေးကြေးရေးအတွက် အာမခံချက်ရှိသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် နီးစပ်သည့်

ဇယားကွက် ၂.၃

### ဒေသတွင်းဖြစ်ပေါ်နေသည့် ရောထွေးမှုများကို လေ့လာခြင်း။ ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်။

ကရင်ပြည်နယ်၊လှိုင်းဘွဲမြို့နယ် မြောက်ပိုင်းဒေသများသည် ဒေသတွင်းအခင်းအကျင်းများ၏ မှင်ရေးကျယ်ပုံကို အကောင်းဆုံးပြသသည့် ဥပမာဖြစ်ပြီး၊ အခြေအနေအကြောင်းအရာ အမျိုးမျိုးကြောင့် တိုက်ခိုက်မှုများ ပေါ်နိုင်သည်ကို ဖော်ပြလျက်ရှိသည်။ KNU နှင့် အစိုးရအပြင်၊ ၁၉၉၅ တွင် KNU မှ ခွဲထွက်ခဲ့သည့် DKBA လည်းရှိနေသည်။ အဖွဲ့ကို ဩဇာညောင်းသည့်နာယကမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဦးသုဇနဖြစ်သည်။ လှိုင်းဘွဲ့ အနောက်ဘက်တွင် ရပ်ကွက် ၂၂ ခုနှင့် ကျေးရွာများပါသည့် မြိုင်ကြီးငူဒေသရှိပြီး ဘုန်းတော်ကြီး၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ မြိုင်ကြီးငူဒေသလုံခြုံရေးကို DKBA မှ ဖွဲ့စည်းထားသည့် နယ်ခြား စောင့်တပ် ၂ ဖွဲ့မှ တာဝန်ယူထားသည်။ မြို့နယ်အရှေ့ဘက်ခြမ်း ထိုင်းနယ်စပ်တွင် KNU ဌာနချုပ်ဖြစ်ပြီး၊ KNU ခရိုင် ၂ ခု နှင့် သက်ဆိုင်ရာ တပ်မဟာများသည်လည်း မြို့နယ်နယ်နိမိတ် အတွင်းရှိနေသည်။

၂၀၁၂၊ ၂၀၁၄ နှင့် အောက်တိုဘာ ၂၀၁၆ တို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ တပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့ ပူးပေါင်းပြီး မြိုင်ကြီးငူမှ နယ်စပ်သို့ ဆက်သွယ်ထားသည့် လမ်းကို DKBA ခွဲထွက်အဖွဲ့လက်မှ ပြန်လည်ရယူခြင်း ဖြစ်သည်။ ခွဲထွက် အဖွဲ့သည် DKBA တပ်မှူး ၃ ဦးနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပထမတစ်ဦးမှာ ၂၀၁၂ ခုနှစ်မှစပြီး ဦးသုဇန ခွင့်ပြုချက်နှင့် လမ်းပိုင်းကို အပြည့်အဝ ထိန်းချုပ်ထားသည့် ဗိုလ်ပိ ခေါ် နယ်ခြားစောင့်တပ် တပ်မှူးဟောင်းဖြစ်ပြီး လမ်းဖောက်လုပ်ခြင်းကို ဦးဆောင်ခဲ့သူဖြစ်သည်။[၆၉] နောက် ၂ ဦးမှာ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များ အားလုံးနှင့် သဘောတူထားသည့် အခွန်သဘောတူညီချက်များကို ချိုးဖောက်သဖြင့် DKBA ဌာနချုပ်မှ ထုတ်ပယ်လိုက်ပြီး၊ တပ်မတော်၏ တိုက်ခိုက်ခြင်းကို ခံရကာ ယင်းဒေသသို့ ခိုဝင်လာသူ ၂ ဦး ဖြစ်သည်။

အခြားအခြားသော မကျေလည်မှု အများအပြားရှိသည့်တိုင် လှိုင်းဘွဲ့မြောက်ပိုင်း ရွှေ့ပြောင်းပြီး ဗိုလ်ပိနှင့် မဟာမိတ်ပြုလုပ်ရန်ဆုံးဖြတ်ခဲ့မှုကြောင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များသည် ယခင့်ယခင်ကပင် အပိုင်စီးထိန်းချုပ်လိုသည့် လမ်းပိုင်းကို ထိန်းချုပ်နိုင်ရန်၊ KNU ၏ အမာခံနယ်မြေကို ဝင်ရောက်နိုင်ရန် အခွင့်ကောင်းဖြစ်သွားသည်။ လမ်းပိုင်းကို ဗိုလ်ပိ ထိန်းချုပ်ထားသည်ဖြစ်သောကြောင့် ယင်းဒေသအတွင်းဝင်ရောက်ရန် ခက်ခဲနေပြီး၊ မြန်မာနှင့် ထိုင်းအစိုးရ များ၏ ပူးပေါင်းစီမံကိန်းတစ်ခုဖြစ်သော ဟတ်ကြီး ရေကာတာ ဆောက်လုပ်မှုကိုလည်း နှောင့်နှေး မှုများ ဖြစ်ပေါ်နေစေသည်။ ၂၀၁၇ ခုနှစ် နှစ်လည်ပိုင်းထိ လမ်းတလျောက်မြုပ်ထားသည့် မြေမြုပ်မိုင်းများကြောင့် သော်လည်းကောင်း၊ နေရပ်ပြန်ရန် အသင့်မဖြစ်သေးဟု ဦးသုဇန မိန့်ထားချက်ကြောင့် သော်လည်းကောင်း ဒေသခံထောင်နှင့်ချီပြီး နေရပ်မပြန်နိုင်ပဲရှိနေသည်။



ကုမ္ပဏီများသည် နေရာစုံမှ အကျိုးအမြတ်အများအပြားရရှိကြသည်။ အမြတ်အစွန်းများမည့် တွင်းထွက်လုပ်ကွက်များရှိရာ ဝန်းကျင်တဝိုက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ တပ်မတော်၊ ပြည်သူ့စစ်အင်အားစုများ အားလုံးတပ်စွဲသည့်အခြေအနေများရှိတတ်သည်။ ရှမ်းပြည်နယ်နှင့် အခြားနေရာများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အများအပြားနှင့် ပြည်သူ့စစ်အဖွဲ့များသည် မူးယစ်ဆေး ထုတ်လုပ်ခြင်း၊ လူကုန် ကူးမှုနှင့် ပတ်သက်သည်ဟု အကြီးအကျယ် စွပ်စွဲခံရသည်။[၆၈] ရည်မှန်းထားသည်များ အောင်မြင်ရန်အတွက် သယံဇာတနှင့် အခြားရင်းမြစ်များ ရယူအသုံးချလေ့ရှိသော်လည်း အချို့သော အုပ်စုများ၊ ပုဂ္ဂိုလ်များမှာ သယံဇာတ ရရှိရေးကိုသာ ဦးတည်သည်များလည်း ရှိလာသည်။

## ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် အာဏာစီးဆင်းပုံ

နယ်မြေစိုးမိုးရေး ပဋိပက္ခများဖြစ်ပွားနေသည့်နေရာအများစုတွင် အုပ်ချုပ်သည့် စနစ်များ ရောထွေး နေပြီး သမာရိုးကျစစ်ပွဲတွင်ရှိတတ်သည့် လက္ခဏာများလည်းရှိမနေပါ။ ရှေ့တန်းနေရာများ အတိအကျ သတ်မှတ်ထားမှုမရှိပါ။ ရင်ဆိုင်နေသည့်အဖွဲ့အစည်းများအနေဖြင့် နယ်မြေတစ်ခုလုံး အပြည့်အဝချုပ်ကိုင်ရေး ထက် ပြည်သူများနှင့် မဟာဗျူဟာကျသည့်နေရာများကို ထိန်းချုပ်ထားနိုင်ရန် အားထုတ်ကြသည်။ အပစ်အခတ်ရပ်စဲရေးကို ကာလရှည် ထိန်းထားနိုင်သည့်နေရာများတွင် လက်နက် ကိုင်အင်အားစုများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား နားလည်မှုရယူပြီး မိမိအခြေခံနယ်မြေများကို ညှိနှိုင်း

### ဇယားကွက် ၂.၄
### ရှမ်းပြည်နယ်ရှိ ပဋိပက္ခဘေးသင့်ဒေသ ၃ ခု

အစိုးရ အာဏာအားကောင်းသော ရှမ်းပြည်နယ် အနောက်တောင်ပိုင်း အင်းလေးကန်ဝန်းကျင်ဒေသ



အင်းလေးကန်သည် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့်သာ ဆက်စပ်နေပြီး လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်မှု မရှိသည့်နေရာဖြစ်သည်။ လူမျိုးစုံနေထိုင်သည့် ယင်းဒေသသည် အများအားဖြင့် ငြိမ်းချမ်းသည်။ အထူးသဖြင့် အဓိကလမ်းမကြီးနှင့် နာမည်ကျော် ခရီးသွားလည်ပတ်ရာနေရာများတွင် ငြိမ်းချမ်းသည်။

ယင်းဒေသရှိ ခေါင်းဆောင်မှုပုံစံသည် တိုင်းရင်းသား လူမျိုးအုပ်စု အများအပြား ပါဝင်သည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများကို အခြေခံကာ ပြောင်းလဲလာသည့် အနေအထားဖြစ်သည်။ အတိအကျဆိုရလျှင် ပအိုဝ့်ခေါင်းဆောင်အချို့သည် လက်နက်ကိုင်လမ်းစဉ်မှ နိုင်ငံရေးညှိနှိုင်းမှုသို့ အောင်အောင်မြင်မြင် ကူးပြောင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး၊ တပ်မတော် နှင့် ပူးပေါင်းနိုင်မှုတို့ဖြင့် ပအိုဝ့်အမျိုးသား အစည်းအရုံး (Pa-O National Organization (PNO) သည် နိုင်ငံရေး အင်အားစုအဖြစ် ပေါ်ထွက်လာခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုအဆင့် ၄ နေရာ၊ ပြည်နယ်အဆင့် ၆ နေရာ ရရှိခဲ့သည်။ ပအိုဝ့် အထူးအုပ်ချုပ်ခွင့်ရဒေသ၏ အဓိကကျသည့် ရာထူးများကိုလည်း PNO က ရယူထားသည်။

ဝေးလံချောင်ကျ၊ မြင့်မားသည့်တောင်တန်း များရှိသည့် ဒေသများတွင် ပဋိပက္ခနှင့် ဆက်နွယ်သည့် တင်းမာမှုများ ဆက်လက် ရှိနေဆဲဖြစ်သည်။ PNO တွင် ပအိုဝ့်အမျိုးသား တပ်မတော်ဟု အမည်တွင်သည့် လက်နက်ကိုင် ပြည်သူ့စစ် အဖွဲ့တဖွဲ့ရှိသည်။ တပ်မတော်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး နေရာ အတော်များများကို ပိုင်ပိုင်နိုင်နိုင် စိုးမိုးထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အချို့သောနေရာများတွင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရှိကြသည်။ ဝေးလံသည့်ဒေသများတွင် ဘိန်းစိုက်တောင်သူ အချို့ရှိသည်။

အခြေခံဝန်ဆောင်မှုများနှင့် ဒေသအုပ်ချုပ်ရေး လုပ်ငန်းများကို အစိုးရလမ်းကြောင်းမှ တဆင့် ဆောင်ရွက်သည်။ PNO သည် (Parami Development Network) ကိုလည်း ဖွဲ့စည်း ထားပြီး ပြည်တွင်း၊ ပြည်ပ ဘဏ္ဍာရေး ပံ့ပိုးမှုများကို ရှာဖွေလက်ခံသည်။ ပအိုဝ့် အဖွဲ့အဖြစ် အများက သတ်မှတ်ထားသော်လည်း ဒေသခံများကို လူမျိုးမရွေး ဘာသာမရွေး ကူညီမည့် အဖွဲ့အစည်းဖြစ်သည်ဟု ပါရမီ အဖွဲ့မှ တာဝန်ရှိသူများက ဆိုကြသည်။

PNO ၏ ကျောထောက်နောက်ခံနှင့် နောက်ကြောင်းအချိတ်အဆက်များသည် မေးခွန်းများကို ဖြစ်ပေါ်စေသည်။ အဖွဲ့တည်ထောင်ရာတွင် အဓိကကျသည့် နေဝင်းထွန်းသည် ကချင်ပြည်နယ်တွင် ကျောက်စိမ်းတူးဖော်မှု ပြုလုပ်နေပြီး၊ အခြားကဏ္ဍ အများအပြားတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်။ PNO ခေါင်းဆောင်များ၊ ပြည်သူ့စစ် ခေါင်းဆောင်များသည် မြေယာသိမ်းဆည်းမှုများတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲမှုများရှိသည်။[၇၁]

## ဇယားကွက် ၂.၄ (အဆက်)
## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အာဏာပိုင်များ



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၁၁ ခုနှစ် တွင်ဖွဲ့စည်းခဲ့သည်။ မန်တုံ နှင့် နမ်ဆန်မြို့နယ်များ ပါဝင်သည်။ တအာင်း သို့မဟုတ် ပလောင် လူမျိုးများသည် တရားဝင် သတ်မှတ်ထားသည့် အဓိက လူမျိုး ဖြစ်သည်။ ရှမ်း၊ ကချင်၊ လီဆူကျေးရွာများသည် ဒေသတလျောက် ပျံ့နှံ့တည်ရှိနေသည်။

၁၉၉၁ ခုနှစ်တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေး အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် လက်နက်ဖျက် သိမ်းခဲ့သည်။ အစိုးရ၏ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဥ်ခဲ့ပြီး အထူးအုပ်ချုပ်ခွင့်ကို နောက်ပိုင်းတွင် ချထားပေးခဲ့သည်။ လက်တွေ့တွင် အပြောင်းအလဲ အနည်းငယ်သာရှိသည်ဟု ဒေသခံများက စောဒက တက်ခဲ့ကြသည်။

၂၀၀၉ ခုနှစ်တွင် ယခင်ခေါင်းဆောင်ဟောင်းများက ပလောင်ပြည် လွတ်မြောက်ရေးတပ်ဦးကို ဖွဲ့စည်းခဲ့ပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့မှာ တအာင်းအမျိုးသား လွတ်လပ်ရေး တပ်မတော် (Ta'ang National Liberation Army (TNLA) ဖြစ်သည်။[၇၂] ပြည်သူအများစု နေထိုင်ရာ ကျေးလက်ဒေသများတွင် အလျင်အမြန်နေရာယူနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် တွင် တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပေါ်ခဲ့ ပြီး တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများ၊ ကျေးရွာများမီးရှို့မှု များပြုလုပ်ခဲ့သည့် ၂၀၁၆ - ၁၇ တွင် တိုက်ပွဲများအရှိန် မြင့်တက်လာခဲ့သည်။ တိုက်ပွဲများကို ရှောင်ရှားရန် အရပ်သား အများအပြား နေအိမ်စွန့်ခွာ ထွက်ပြေးသွားကြသည်။

TNLA သည် နယ်မြေများကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားခြင်းမရှိသော်လည်း တအာင်းပြည်သူများကြား ၎င်းတို့၏ သြဇာ၊ ၎င်းတို့ကို ထောက်ခံမှုမှာ မြင့်တက်လျက်ရှိသည်။ TNLA တွင် အခွန်၊ ကျန်းမာရေး၊ လမ်းနှင့် အခြေခံ အဆောက်အဦ၊ ပညာရေး၊ အမျိုးသမီးရေးရာ၊ ဖွံ့ဖြိုးရေး ဌာနအပါအဝင် ပြည်သူများနှင့်ဆိုင်သည့် ဌာန ၁၂ ခုရှိသည်။

ဝေးလံသည့်ဒေသများမှ တအာင်းကျေးရွာများ တွင် TNLA သည် အချို့သော ဝန်ဆောင်မှုများ ကို ပံ့ပိုးသည်။ လက်နက်ကိုင် တိုက်ပွဲများ ဖြစ်နေသည့်တိုင် အစိုးရ ပံ့ပိုးမှုများကိုလည်း အများအားဖြင့် လက်ခံလိုလာကြသည်။ ဥပမာ ကျောင်းသား များအတွက် အစိုးရက လေ့ကျင့်ခန်း စာအုပ်များ ပံ့ပိုးခြင်း၊ ခရီးစရိတ်ထောက်ပံ့ခြင်းများကို လက်ခံသည်။ အစိုးရမှ လမ်းသစ်ဖောက်ပေးမှုကို ဒေသခံပြည်သူများနှင့်တကွ TNLA ကပါ ကြိုဆိုခဲ့သည်။ TNLA သည် ၎င်း၏ မူးယစ်ဆေးဆိုင်ရာ ဥပဒေကို အကောင်အထည် ဖော်ရန် ဆောင်ရွက်နေပြီး မူးယစ်ဆေးစွဲနေသူများကို အင်အားသုံးကာ ဆေးဖြတ်စေသည်။

အစိုးရနှင့် TNLA ကိုယ်စားလှယ်များကြားတွင် အလွတ်သဘောပုံမှန်တွေ့ဆုံမှုများရှိသည်။ ရံဖန် ရံခါတွင် တဆင့်ခံဆက်ဆံမှုများ ပြုလုပ် သည်။ ကျန်းမာရေးဝန်ကြီးဌာနက လေ့ကျင့်ပေးထားသည့် တအာင်းလူမျိုး သူနာပြုများသည် TNLA သြဇာ လွှမ်းမိုးထားသည့် နမ့်ဆန်တွင် ဆေးကုသမှုများ ပြုလုပ်ပေးသည်။ ပညာရေးတွင် တနိုင်ငံလုံး နှင့် တန်းတူ ဗမာဘာသာသင်ရိုးကိုအသုံးပြုသည်။ TNLA က ထောက်ပံ့ ချီးမြှောက်ထားသည့် တအောင်း ဘာသာစကားကော်မတီမှ တဆင့် အစိုးရ ကျောင်းများတွင် တအာင်း ဘာသာစကား သင်ခန်းစာများကို ထည့်သွင်းသင်ကြားသည်။

## အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ထိန်းချုပ်ထားသည့်ဒေသ ဝ ပြည်

ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီသည် ဝ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဟု အစိုးရက သတ်မှတ်ထားပေးသည့် နေရာအားလုံးနီးပါးတွင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ အခိုင်အမာ ထိန်းချုပ်နေရာ ယူထားသည်။ UWSP သည် တိုင်းဒေသကြီးအဖြစ်ဖွဲ့စည်းပေးရန် သို့မဟုတ် ၎င်းကို ရှမ်းပြည်အတွင်း ထည့်သွင်း သတ်မှတ်ခြင်းကို အသိအမှတ်မပြုပါ။

မြန်မာအစိုးရအနေဖြင့် ယင်းဒေသများတွင် တိုက်ရိုက်ပါဝင်နိုင်မှု အနည်းငယ်သာရှိသည်။ လူဦးရေ ၅၅၀,၀၀၀ ဝန်းကျင်ပေါ်တွင် အာဏာ သက်ရောက်မှု အနည်းငယ်သာရှိသည်။ ဒေသတွင်းအခြေခံ အုပ်ချုပ်ရေးလုပ်ငန်းများကို ဝ ပြည်သွေးစည်း ညီညွတ်ရေးပါတီက သာဆောင်ရွက်သည်။ ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများ ဝ ဒေသတွင် ကျင်းပခွင့်ကို ဝ ပြည်သွေးစည်းညီညတ်ရေးပါတီက တားဆီးခဲ့သည်။[၇၃]

## ဇယားကွက် ၂.၄ (အဆက်)

တပ်မတော်နှင့် UWSP ကြားတိုက်ပွဲ ဖြစ်ပွားမှု မှာ အလွန်ရှားပါးသည်။ ၁၉၈၉ ခုနှစ်တွင် နှစ်ဖွဲ့ကြား အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ပြီး၊ နီးကပ်သည့် ဆက်ဆံရေးရှိခဲ့သည်။ ၂၀၁၆ အောက်တိုဘာတွင် အိမ်နီးချင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သော အမျိုးသားဒီမိုကရေစီ သွေးစည်း ညီညွတ်ရေး တပ်မတော် (National Democratic Alliance Army) ၏ နယ်မြေကို ဝင်ရောက် နေရာ ယူခဲ့သည်။

လက်ရှိအချိန်တွင် UWSP သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ လက်နက်ကိုင် အဖွဲ့များကြားတွင် ခေါင်းဆောင်နေရာကို အလိုအလျောက် ရရှိထားသည်။ တနိုင်ငံလုံး ဆိုင်ရာ အပစ်အခတ် ရပ်စဲရေးကို လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်သည်။ UWSP သည် လုံးဝလွတ်လပ်ရေးကို တောင်းဆိုခြင်းမပြုပဲ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိသော တိုင်းရင်းသား ပြည်နယ် တစ်ခုရရှိရန်သာ တောင်းဆိုထားသည်။



ထိန်းချုပ်ကြသည်။ နားလည်မှုဖြင့် ဆောင်ရွက် ကြခြင်းသည် စီးပွားရေး၊ မရှိမဖြစ် စားဝတ်နေရေး ကိစ္စများကဲ့သို့သော ကိစ္စရပ်များအတွက် အများပြည်သူ များ၏စိုးရိမ်မှုများကိုမြင့်တက်စေသည်။

လက်နက်ကိုင်တိုက်ခိုက်မှုအဆင့်သို့ပြောင်းလဲသွားခြင်းမရှိသည့်တိုင် တင်းမာမှုများသည် ဒေသတွင်း နိုင်ငံရေး နှင့် ဖွံ့ဖြိုးရေးပေါ်တွင် သက်ရောက်မှုကြီးကြီးမားမားရှိသည်။ ဒေသတွင်းနိုင်ငံရေး ဖြစ်ထွန်းမှု ပုံစံပေါ်တွင် သက်ရောက်မှုရှိပြီး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံဝန်ဆောင်မှုများမှစပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုထိ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် အရေးအရာများတွင် သက်ရောက်မှု များစွာရှိသည်။[၇၀]

မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးမှု ပဋိပက္ခများဖြစ်ပွားနေသည့်နေရာ အများစုတွင် အာဏာစီးဆင်းကျင့်သုံးမှု ပုံစံမှာ အမျိုးမျိုး ရောထွေးနေသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ပဋိပက္ခသင့် နေသည့် နေရာအများ အပြားတွင် အစိုးရသည် အချို့သော အခြေခံပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလေ့ရှိသည်။ သို့သော်လည်း တာဝန်ကျ အစိုးရဝန်ထမ်းများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ကြိုတင် အကြောင်းကြားခြင်း သို့မဟုတ် အခွင့်တောင်းရသည်။ ဒေသခံများအနေဖြင့် ၎င်းတို့သား သမီးများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသည့်ကျောင်း သို့မဟုတ် အစိုးရ ဖွင့်လှစ်ထား သည့်ကျောင်းတွင် ထားနိုင်သည်။ မြေယာမှတ်ပုံတင်ခြင်းအတွက် စင်ပြိုင်စနစ်များလည်း ရှိနေတတ်သည်။ ရပ်ရွာသားများအဖို့ အဖွဲ့ အမျိုးမျိုးကို အခွန်အခ၊ လမ်းအသုံးပြုခများပေးရသည်။ ဇယားကွက် ၂.၄ တွင် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများ အဖြစ် အာဏာခွဲဝေပေးထားသည့် ရှမ်းပြည်နယ်မှ မတူညီသည့်ဒေသ ၃ ခုကို ဥပမာ အဖြစ် ဖော်ပြထားပြီး၊ အာဏာပိုင်များကြား ဒေသအဆင့် ဆက်ဆံရေးတွင် အမျိုးမျိုးကွဲပြားရှုပ်ထွေး နေပုံကို တင်ပြထားသည်။

ပဋိပက္ခဖြစ်ပွားနေသည့် မြို့နယ်များအတွင်း ဗဟိုအစိုးရ၏ အာဏာစိုးမိုးမှု အများဆုံးရှိသည့်နေရာများ သည် ဆည်၊ သတ္တုတွင်း၊ လမ်းမကြီးနှင့် မြို့ပြနေရာများကဲ့သို့သော စီးပွားရေးအရ အရေးပါသည့် နေရာများတွင် ဖြစ်သည်။ မြို့ကြီးများ၊ တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားနေသည့် မြို့နယ်များ အတွင်းရှိ မြို့များတွင်ပင် ပဋိပက္ခသင့်နေမှု မရှိသယောင် ထင်ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အနီးအနားနေရာများကို ထိန်းချုပ်ထားနိုင်သည့်တိုင် အစိုးရ ထိန်းချုပ်မှုအောက်တွင်ရှိသည့် မြို့များသို့ နိုင်ငံတဝှမ်းမှ ပြောင်းရွှေ့လာသူ အများအပြားရှိသည်။ အစိုးရ စိုးမိုးမှု အားနည်းသည့် နေရာ၊ ဒေသခံပြည်သူများ၏ ထောက်ခံမှု ရထားသည့်နေရာများဖြစ်သော ကျေးလက်ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ လွှမ်းမိုးမှု အားကောင်းလေ့ရှိသည်။ သို့တိုင်အောင် တိုင်းရင်းသား ခေါင်းဆောင်များသည် မြို့ပြ နေရာများနှင့် အစိုးရထိန်းချုပ်ထားသည့် နေရာများကိုလည်း ၎င်းတို့ အမျိုးသားများ၏ နေရာများအဖြစ် ရှုမြင်ကြသည်။ အနာဂတ်တွင် သဘောတူမည့် ငြိမ်းချမ်းရေး သဘောတူညီချက် သို့မဟုတ် အာဏာခွဲဝေရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များမှတဆင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရသည့် အမျိုးသား ပြည်နယ်ဖြစ်လာစေရန် မျှော်လင့်ထားကြသည်။[၇၄]

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အာဏာတည်သည့် နေရာမှာ အနည်းငယ်သာရှိသည်။ အဓိကအာဏာတည်သည့်နေရာများသည် ကရင်ပြည်နယ်မြောက်ပိုင်း (KNU ထိန်းချုပ်မှုအောက်)၊ ရှမ်းပြည် အရှေ့မြောက်ပိုင်း (UWSP နှင့် NDAA ထိန်းချုပ်မှုအောက်)၊ မွန်နှင့် ကရင်ပြည်နယ် တောင်ပိုင်း (NMSP ထိန်းချုပ်မှုအောက်)၊ ကချင်ပြည် အရှေ့ခြမ်း (ကေအိုင်အို ထိန်းချုပ်မှုအောက်) ကဲ့သို့သော တရုတ် - မြန်မာ နယ်စပ်၊ ထိုင်း - မြန်မာ နယ်စပ်များတွင်ဖြစ်သည်။ ဒေသခံများသို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အာဏာတည်သည့် နေရာများရှိသေးသည်။ မြင့်မားသည့်တောင် သို့မဟုတ် လမ်းမကြီးနှင့် ဝေးသည့် တောနက်များတွင် အာဏာကွက်ကျားတည် လေ့ရှိသည်။ ၎င်းတို့ အာဏာတည်သည့် နေရာသည်ဝေးလံသည့် နေရာများတွင် ဖြစ်လေ့ရှိသော်လည်း မြို့ကြီးများနှင့်နီးကပ်သည့်နေရာများ၊ နယ်စပ်နှင့်အဝေးအတွင်းပိုင်းမှ နေရာများကို စိုးမိုးထားသည့် လက်နက်ကိုင် အဖွဲ့အစည်းအချို့လည်း ရှိသည်။

ယင်းနေရာများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်ဘက်၊ စစ်ဘက် နှစ်ခုလုံးတွင် စိုးမိုးထားသည်။ မြန်မာနိုင်ငံအစိုးရ၏


ဌာနများစင်ပြိုင်မရှိသည့်ဒေသများတွင် ၎င်းတို့၏ အရပ်ဘက်အုပ်ချုပ်ရေးလုပ်ငန်းများမှတဆင့် ပြည်သူများကို ဝန်ဆောင်မှုပေးသည်။ နိုင်ငံတကာနယ်စပ်ဂိတ်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည်များလည်း ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့်နေရာများတွင် နယ်နိမိတ် စည်းအရ တိတိကျကျခွဲခြားခြင်းမရှိ၊ ရောနှောနေသည်များကို တွေ့ရသည်။ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အရပ်ဖက်အုပ်ချုပ်ရေးဌာနနှင့် ဆက်ဆံရေးကောင်းသည့် ဒေသခံ NGOs များက ဝန်ဆောင်မှုများပေးလေ့ရှိသည်။ နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့် နီးနီးကပ်ကပ် ချိတ်ဆက်နေသည်။  တရုတ် သို့မဟုတ် ထိုင်းမှ ငွေကြေး၊ ဖုန်းလိုင်းများကို အသုံးပြုကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများမှ ခေါင်းဆောင်များအပါဝင် ဒေသခံအများအပြားသည် နယ်စပ်များကို ဖြတ်ကျော်လျက်နေထိုင်ကြသည်။

## ငြိမ်းချမ်းရေးသို့

ဒေသအခြေအနေအများရှုပ်ထွေးခြင်း၊ နိုင်ငံအဆင့်တွင် တင်းမာမှုများရှိနေခြင်းတို့ကြောင့် မြန်မာ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများကို ဖြေရှင်းနိုင်ရန် ခက်ခဲရှုပ်ထွေးနေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းရန်ခြေလှမ်းများဖြစ်ပေါ်လာခြင်းသည် တိုးတက်မှုများ ဖြစ်နိုင်ချေရှိနေသည်ကို ဖော်ပြနေသည်။ နောက်ခံအခြေအနေများ၊ ဖြစ်ပွားနေဆဲ တိုက်ပွဲများ သည်လည်း အခက်အခဲအများအပြား ရှိနေကြောင်းကို ထင်ရှားစေသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် မှာ နိုင်ငံရေးသမားများ၊ တပ်မတော် ခေါင်းဆောင်များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ညှိနှိုင်းမှုပေါ်တွင် လုံးဝမူတည်နေသည်။

ယခုအခန်းတွင်  တိုက်ပွဲများ၊ နိုင်ငံရေးအရ အပြိုင်အဆိုင်များသည် အုပ်ချုပ်ရေး၊ နယ်မြေ ထိန်းချုပ်ရေး၊ သယံဇာတ ကိစ္စများပေါ် သက်ရောက်မှုများကို ရှင်းလင်းတင်ပြခြင်းဖြင့် အမျိုးမျိုးစုံသော၊ ရှုပ်ထွေးလှသော နယ်မြေစိုးမိုးရေးပဋိပက္ခများ၏ အခြေ အနေများကို ဖော်ပြထားသည်။ ဆက်လက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နိုင်ငံအဆင့်၊ ဒေသအဆင့်ပေါ်သက်ရောက်မှုများ၊နယ်မြေစိုးမိုးရေး  ပဋိပက္ခများကို သက်ရောက်မှုရှိစေသည့် နိုင်ငံခြား အထောက်အပံ့များအကြောင်းကို ဆက်လက် တင်ပြမည် ဖြစ်ပါသည်။





## အခန်း - ၃

# ဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ

## အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများ အဆုံးသတ်ရေးသည် စီးပွားရေးတိုးတက်မှု သို့မဟုတ် လူနေမှု အဆင့်အတန်းမြင့်မားလာမှုတို့အကြား တိုက်ရိုက်ဆက်နွယ်နေမှုမရှိပါ။ အတိုက်အခံ နယ်မြေများ၏ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို ဖြေရှင်းခြင်းထက် ငြိမ်းချမ်းခြင်း တည်ဆောက်ခြင်းက ပို၍ရှုပ်ထွေးသည်။ မကြာသေးမီကာလများတွင် တိုးတက်မှုများ ရှိလာသည့်တိုင် နိုင်ငံ၏နေရာ အများအပြားတွင်ဆင်းရဲမွဲတေမှုသည် ကျယ်ကျယ်ပြန့်ပြန့် ရှိနေဆဲဖြစ်သည်။ ပဋိပက္ခဖြစ်ပွား နေသည့် မြို့နယ်များသည် ပျမ်းမျှအားဖြင့်အခြား မြို့နယ်များထက် မဆိုစလောက်သာ ဖွံ့ဖြိုး တိုးတက်မှု နိမ့်ကျသည်။ အထူးသဖြင့် စီးပွားရေး မြို့တော် ရန်ကုန်ဖယ်ထုတ်လိုက်နိုင်းယှဉ်လျှင် ကွာဟမှုအနည်းငယ်သာရှိသည်။ ပဋိပက္ခ ဒဏ် ခံနေရသည့်မြို့နယ်များတွင် လူသားဖွံ့ဖြိုး တိုးတက်မှု (Human Development) ပုံစံအမျိုးမျိုးကို တွေ့မြင်ရသည်။ အချို့မြို့နယ်များသည် တနိုင်ငံလုံးပျမ်းမျှ သတ်မှတ်ချက် အထက်တွင် ရှိနေပြီး အချို့သည် တနိုင်ငံလုံးတွင် ဆင်းရဲ မွဲတေမှုနှုန်း အမြင့်ဆုံးနေရာများ ဖြစ်နေသည်။

ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်များကိုလည်း မည်သည့်အခါကမှ မျှတစွာဆောင်ရွက်ခြင်း မရှိခဲ့ပါ။မြန်မာနိုင်ငံ၏ စစ်တပ်ဦးဆောင်သည့်အစိုးရများသည် တည်ငြိမ်ရေး နှင့် လုံခြုံရေး ဦးတည် ချက်များ အောင်မြင်စေရန် ဖွံ့ဖြိုးရေးကို ဆယ်စုနှစ်များစွာ အသုံးချခဲ့ကြသည်။ ဖွံ့ဖြိုးရေး အစီ အစဉ်များရေးဆွဲရာတွင် အထက်မှ အောက်သို့ သွားသည့်ပုံစံဖြင့်ရေးဆွဲခြင်း၊ စည်းမျဉ်းဥပဒေများ အသုံးချမှုအားနည်းခြင်း၊ တာဝန်ခံမှုမရှိသည့် ခေါင်းဆောင်များက စီးပွားရေး အရင်းအမြစ်များကို ရယူခြင်းတို့သည် ပဋိပက္ခတင်းမာမှုများဖြစ်စေခဲ့သည်။

ယခင်ကာလများကဆောင်ရွက်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးအတွင်း ခေါင်းဆောင်ပိုင်းသည် စီးပွားရေး အကျိုးအမြတ်များရရှိခဲ့သော်လည်း ပြည်သူအများစုမှာ အနည်းငယ်သာ ခံစားခဲ့ရပြီး နိုင်ငံရေး သဘောတူညီချက်များမှာလည်း အောင်မြင်လေ့မရှိပါ။ အပစ်ရပ်ကာလအတွင်း ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဂရုတစိုက် စီမံခြင်းမရှိပါကသည် ဆုံးရှုံးနိုင်ချေများသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများသည် သဘာဝ သယံဇာတများအပေါ်တွင် အဓိက အခြေခံသည်မဟုတ်သော်လည်း ပေါ်များစွာရှိနေသည့် ထိုသဘာဝ သယံဇာတများသည် ပဋိ ပက္ခများကို ကြာရှည်ကြီးထွားအောင် အထောက်အပံ့ပြုနေသည်။ အတိုက်အခံ နယ်မြေ အများအပြားတွင် စီးပွားရေးအပြောင်းအလဲများနှင့် သဘာဝ သယံဇာတ တိုးချဲ့ထုတ်လုပ်မှုတို့ ကြောင့် ဖြစ်ပေါ်လာသော ဆန့်ကျင်မှုများနှင် ဘဏ္ဍာငွေရရှိနေမှုများကြောင့်လည်း ပဋိပက္ခ သက်တမ်းကို ရှည်ကြာစေခဲ့သည်။

ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို မည်သည့်အခါတွင်မှ အလုံးစုံ မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ဆောင်ရွက်ပေးမည်သူ၊ မည်သည့် ပုံစံဖြင့် ဆောင်ရွက်မည်၊ မည်သည့်နေရာတွင် ဆောင် ရွက်မည်ဆိုသည်မှာ နိုင်ငံရေးနှင့် အလို အလျောက် ချိတ်ဆက်မှု ရှိနေသည်။ မြန်မာ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခရှုထောင့်မှ ကြည့် မည်ဆိုပါက အစိုးရနှင့် အခြားအစုအဖွဲ့ များ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များသည် လုံခြုံရေး၊ တည်ငြိမ်ရေး၊ အပစ်အခတ် ရပ်စဲထားသည့် နေရာများတွင် နိုင်ငံတော်၏ ထိန်းချုပ်မှုကို တိုးချဲ့ရန်၊ သယံဇာတ ရယူရန်၊ တိုင်းရင်းသားလူနည်းစုပြည်သူ အများစု နေထိုင်သည့် နေရာများတွင် တရားဝင် အုပ်ချုပ်ခွင့်ရရန် အစရှိသော ရည်မှန်းချက်များ အကောင်အထည်ဖော် လုပ်ငန်းတစ်ခု အနေ ဖြင့် ဆောင်ရွက်ကြလေ့ရှိသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများအတွက် ဖွံ့ဖြိုးရေးဟုဆိုလျှင် သမိုင်းကိစ္စ၊ နိုင်ငံရေးကိစ္စ များတွဲလျက်ပါလာလေ့ရှိသည်။ ဖွံ့ဖြိုးရေးသည် ဒေသခံပြည်သူလူထုထက် အစိုးရ၊ စစ်တပ်၊ စီးပွားရေး ခရိုနီများ၊ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများမှ အကျင့်ပျက်နေသော တပ်မှူးများ နှင့် အိမ်နီးချင်းနိုင်ငံများကိုသာ အကျိုးဖြစ်ထွန်းစေခဲ့သည်ဟု ယူဆထားခဲ့ကြ သည်။ အထူးသဖြင့် နယ်မြေစိုးမိုးရေးပဋိပက္ခ သက်ရောက်မှုများ ရှိနေသည့် နေရာများတွင် ဖြစ်သည်။

ယခုအခန်းတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးရေး၏ ထင်ရှားသည့် လုပ်ငန်းစဉ်များ ကို တင်ပြထားပါသည်။ နိုင်ငံတွင်းရှိနယ်မြေစိုးမိုးမှု ပဋိပက္ခများနှင့် မည်သည့်ပုံစံဖြင့် အပြန် အလှန်ဆက်ချိတ်ဆက်နေမှု၊ ပဋိပက္ခများပြင်းထန်စေရန် ရံဖန်ရံခါ တွန်းအားပေးပုံများကို လေ့လာထားပါသည်။ အခန်း ၃.၁ တွင် နယ်မြေစိုးမိုးမှု ပဋိပက္ခဖြစ်နေသည့် နေရာများမှ ဖွံ့ဖြိုးရေးပုံစံများနှင့် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုမရှိသော နိုင်ငံတွင်းမှ အခြားနေရာများမှ ပုံစံကိုနှိုင်းယှဉ်ပြထားပါသည်။ မြို့နယ်အတွင်း ပဋိပက္ခများဖြစ်ပွားနေမှု နှင့် ၎င်း၏ ဖွံ့ဖြိုးမှုအဆင့်အတန်း တိုက်ရိုက် ဆက်စပ်နေမှု သို့မဟုတ် ဆက်စပ်နေကြောင်း ယုံကြည်ရလောက်သည့် အထောက်အထားများ အနည်းငယ်သာရှိသည်ကို တွေ့ရှိရသည်။ အခန်း ၃.၂ တွင် ပဋိပက္ခ ဒဏ်ခံနေရသည့်နေရာများတွင် တည်ငြိမ်မှုဖော်ဆောင် ရန် အတွက် ဖွံ့ဖြိုးရေးကို အသုံးပြုခြင်းကို သုံးသပ်ထားပြီး ၎င်းနှင့် ဆက်စပ်ဖြစ်ပေါ်သည့် အပြောင်းအလဲများကို ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများမှ ခေါင်းဆောင်များက မည်သို့သဘောထားသည်ကို ထည့်သွင်းတင်ပြထားသည်။ အခန်း ၃.၃ တွင် နယ်မြေ စိုးမိုးရေး ပဋိပက္ခပေါ်တွင် အဓိက အကျိုးဆက်များ ဖြစ်စေ ခဲ့သည့် မြန်မာနိုင်ငံ၏ ထင်ရှား သည့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် သဘာဝ သယံဇာတ တူးဖော်မှု၏ သက်ရောက်မှုများကို တင်ပြထားသည်။

## ၃.၁။ ဖွံ့ဖြိုးရေးနှင့် နယ်မြေစိုးမိုးရေးပဋိပက္ခ


ရေရှည် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုများသည် ပဋိပက္ခဒဏ်သင့်နေသည့် အဖွဲ့ အစည်းများကို ပြောင်းလဲနိုင်ပြီး၊ အကြမ်းဖက်မှုများကိုလျော့ချကာ တည်ငြိမ်မှုကို တိုးတက်စေသည်ဟု ကမ္ဘာအနှံ့မှ မူဝါဒချမှတ်သူများက ယူဆ လေ့ရှိသည်။ The Contested Corners of Asia စာတမ်းလေ့လာချက်အရ အာရှတခွင်မှ နယ်မြေစိုးမိုးရေးပဋိပက္ခဝန်းကျင်များတွင် စီးပွားရေး ဖွံ့ဖြိုးရေး နှင့် ပဋိပက္ခများကြား ရှုပ်ထွေးသည့်ဆက်နွယ်မှုများရှိနေသည်ကို တွေ့ရှိခဲ့ရပြီး အထက်ပါယူဆချက်များ ကွဲလွဲနေသည်။[၇၅] နိုင်ငံချမ်းသာလာသော်လည်း နယ်မြေစိုးမိုးရေးပဋိပက္ခများကျဆင်းသွားလေ့မရှိသကဲ့သို့ အာဏာရှင်နိုင်ငံရေးစနစ်ထက် ဒီမိုကရေစီစနစ်တွင် ရှင်းလင်းရန် ပို၍လွယ်ကူခြင်းလည်းမရှိပါ။ နယ်မြေစိုးမိုးရေး ပဋိပက္ခ ရှိသည့်နေရာများမှ လူသားဖွံ့ဖြိုးတိုးတက်မှု (human development) အဆင့်အတန်းမှာလည်း အမျိုးမျိုးဖြစ်သည်ကို စာတမ်းတွင်လေ့လာတွေ့ရှိရသည်။ လူနေမှုအဆင့်အတန်းနှင့် ကြွယ်ဝမှုတွင် တနိုင်ငံလုံးပျမ်းမျှအတိုင်းအတာထက် အလွန်အမင်းမြင့်မားနေသည်များ ရှိသကဲ့သို့ အလွန်ဆိုးရွားစွာ ဆင်းရဲနိမ့်ကျနေသည်များလည်း ရှိသည်။[၇၆] ဒေသခံများ၏ လူနေမှု အဆင့်အတန်းများကို မြှင့်တင်ပေးရန်၊ စီးပွားရေးတိုးတက်မှုများ ဖြစ်လာ စေရန် ဆောင်ရွက်ပေးမှုများသည် အရေးကြီးသော်လည်း ယင်းကိစ္စများ အောင်မြင်အောင်ဆောင်ရွက်ပေးခြင်းတစ်ခုတည်းဖြင့် ငြိမ်းချမ်းရေးသို့ ရှေးရှုသည့် အပြောင်းအလဲတစ်ခုဖြစ်လာမည်မဟုတ်ကြောင်းကိုလည်း စာတမ်းတွင် ဖော်ပြထားသည်။[၇၇] ယင်းတွေ့ရှိချက်များကို မြန်မာနိုင်ငံတွင် လည်း ပြန်လည် မြင်တွေ့ရသည်။

### မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ယုံယုံကြည်ကြည် အသုံးပြုနိုင်သည့် အချက်အလက်များမှာ ရှားပါးသည်။ (ဇယားကွက် ၃.၁ ကိုကြည့်ပါ) ရနိုင်သမျှ အချက်အလက်များအရ ၁၉၉၀ အစောပိုင်းမှစပြီး အစိုးရသည် ဈေးကွက်ပြုပြင်ပြောင်းလဲမှု အချို့ပြုလုပ်ခဲ့ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခဲ့ခြင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်းသို့ ဝင်ရောက်ခဲ့ခြင်း၊ ဖွံ့ဖြိုးရေး ရလဒ်ကောင်းရရှိရေးအတွက် အားထည့်ဆောင်ရွက်မှုများကြောင့် လူမှုရေး၊ စီးပွားရေး အညွှန်းကိန်းများတွင် တဖြည်းဖြည်း တိုးတက်မှုများ ရှိလာသည်။[၇၈]

**ပုံ ၃.၁။**

ညအချိန် လျှပ်စစ်မီး ရရှိမှု (၁၉၉၃ - ၂၀၁၃)




ရင်းမြစ်: National Oceanic and Atmospheric Administration n.d.

၂၀၁၁ သမ္မတ ဦးသိန်းစိန်အစိုးရ အာဏာရလာသည့်အခါတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင် ပြောင်းလဲမှုများကို အလျင်အမြန်အကောင်အထည်ဖော်ခဲ့သောကြောင့် ဥရောပသမဂ္ဂ နှင့် နောက်ပိုင်းတွင် အမေရိကန်တို့က စစ်အစိုးရပေါ် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးခဲ့သည်။ ၂၀၁၂ - ၂၀၁၃ တွင် အဓိကအားဖြင့် ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေး နှင့် ကုန်စည်များတင် ပို့ခဲ့မှုတို့ကြောင့် စီးပွားရေး ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။[၇၉] ကမ္ဘာ့ဘဏ်မှ ၂၀၁၇ - ၂၀၂၀ အတွင်း တစ်နှစ်လျှင် စီးပွားရေး တိုးတက်မှုနှုန်း ၇.၁ ရာခိုင်နှုန်း ရှိမည်ဟု မှန်းဆထားသည်။[၈၀]

သို့သော်လည်း မြန်မာနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများတွင် လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းအနိမ့်ဆုံးအဖြစ် ရပ်တည်နေဆဲဖြစ်သည်။[၈၁] ၁၉၆၂ မှ စစ်အစိုးအရ အဆက်ဆက်၏ တံခါးပိတ်အုပ်ချုပ်မှုကို ခံလာရသည့်နိုင်ငံသည် ၂၀ ရာစု နောက်ပိုင်း ဒေသတွင်း နိုင်ငံအများအပြားဆောင်ရွက်ခဲ့သကဲ့သို့ ပို့ကုန်အဓိကထားသည့် တိုးတက်မှုကို ဖော်ဆောင်နိုင်ခြင်းမရှိပါ။ အစိုးရသည် ဖွံ့ဖြိုးရေး ရည်မှန်းချက်များပေါ်တွင် အလေးထားမှု အနည်းငယ်သာရှိသည်။ အနည်းဆုံး ၁၉၉၀ မတိုင်ခင်ထိ အထီးကျန် တံခါးပိတ် စီးပွားရေး မူဝါဒများကျင့်သုံးခဲ့ပြီး အခြေခံအဆောက်အအုံ၊ ကျန်းမာရေးနှင့် ပညာရေးပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာပြုလုပ်ခဲ့သည်။

မြန်မာ့လူဦးရေ၏ ၂၅.၆ မှ ၃၇.၄ ရာခိုင်နှုန်းသည် နိုင်ငံကသတ်မှတ်ထားသည့် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်အောက်တွင်ရှိနေသည်ဟု အရင်းအမြစ်များက ခန့်မှန်းထားသည်။[၈၂] အမြင့်ဆုံးသော လူသားဖွံ့ဖြိုးမှု၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို နိုင်ငံ၏ အချက်အချာနေရာများတွင်သာ တွေ့ ရသည်။ အဓိကအားဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတွင် တွေ့ရှိရသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်နှင့် ချင်းပြည်နယ်များတွင် ဆင်းရဲမွဲတေမှု အမြင့်ဆုံးဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းမှ လူသားဖွံ့ဖြိုးမှုအညွှန်း များတွင်လည်း အလားတူ တွေ့ ရှိနိုင်ပြီး စီးပွားရေး အင်အားနှင့် ပတ်သက်ပြီး အများအသိအမှတ်ပြု တိုင်းတာနည်း ဖြစ်သော ညအချိန်လျှပ်စစ်အသုံးပြုမှု ၁၉၉၃ မှ ၂၀၁၃ ထိ အချက်အလက်များပေါ် အခြေခံပြုစုသည့် အလင်းရောင်ထွန်းလင်းမှုသတ်မှတ်ချက် (luminosity trends) က အတည်ပြုထားပေးသည်။ (ပုံ ၃.၁) သန်းခေါင် စာရင်းအချက် အလက်များအရ အိမ်ထောင်စု ၃၂.၄ ရာခိုင်နှုန်းသည် မီးထွန်းရန်အတွက် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ကြသည်။ ကျေးလက်ဒေသအများစုတွင် ယင်းပျှမ်းမျှအောက်တွင်သာရှိသည်။[၈၃]

ဆယ်စုနှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှုမရှိခြင်း၊ ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် မြန်မာသည် အခြေခံအဆောက်အအုံ လုံလောက်မှု မရှိဖြစ်နေသည်။ သမ္မတ ဦးသိန်းစိန်အစိုးရသည် ၎င်း၏ နိုင်ငံစုစည်းရေး မဟာဗျူဟာချ ဆောင်ရွက်မှု၏[၈၄] ဦးစားပေးအနေဖြင့် လမ်းဖောက်ခြင်းကို ဆောင်ရွက်ခဲ့သော်လည်း ခန့်မှန်း လူဦးရေ သန်း ၂၀ ခန့် သို့မဟုတ် လူဦးရေ၏ ၃၇ ရာခိုင်နှုန်းသည် လမ်းအသုံးပြုနိုင်ခြင်း မရှိကြပါ။ လမ်းပြဿနာ အဆိုးဆုံးမှာ တိုင်းရင်းသား ပြည်နယ်များတွင် ဖြစ်ပြီး အဓိကအားဖြင့် ကချင်နှင့် ချင်းပြည်နယ်တွင်ဖြစ်သည်။[၈၅] ပြည်သူ့ဝန်ဆောင်မှုများတွင်လည်း အစိုးရသည် ပို၍အာရုံ စိုက်လာသည်။ ၂၀၁၁ ခုနှစ်မှစပြီး ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များသည် စုစုပေါင်း အစိုးရ အသုံးစရိတ်၏ ၄.၆ ရာခိုင်နှုန်းမှ ၂၀၁၇ - ၂၀၁၈ လျာထားချက်တွင် ၁၃.၆ ရာခိုင်နှုန်း ထိတိုးတက်လာသည်။[၈၆] မြန်မာနိုင်ငံ၏ အတိုက်အခံနေရာများမှ ဖွံ့ဖြိုးရေးပုံစံများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင် ရန် The Asia Foundation ၏ သုသေတနအဖွဲ့သည် ၂၀၁၄ သန်းခေါင်းစာရင်းမှ (ဇယားကွက် ၃.၁)လူသား ဖွံ့ဖြိုးမှု အညွှန်းများပေါ်တွင် အဓိကအခြေခံပြီး မြို့နယ်အလိုက် ဖွံ့ဖြိုးရေး အညွှန်းကိန်းကို ပြုစုခဲ့သည်။ ခေါင်းစဉ်ခွဲ ၃ ခုကို စုစည်း ထားသည့် စုပေါင်း အညွှန်းသည် ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များနှင့် အခြားဒေသများကို အလွယ်တကူ နှိုင်းယှဉ်လေ့လာ နိုင်စေမည်ဖြစ်သည်။

## ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များနှင့် သက်ရောက်မှုမရှိသည့် မြို့နယ်များ နှိုင်းယှဉ်ခြင်း

ပဋိပက္ခဒဏ်ခံနေရသည့် ဒေသတစ်ခုနှင့်တစ်ခုအကြားရှိ ဖွံ့ဖြိုးရေးရလဒ်များမှာ များစွာကွဲပြားလျှက်ရှိသည်။ ပဋိပက္ခဖြစ်ပွားရာ နေရာများသည် မဖြစ်ပွားသော နေရာများနှင့် နှိုင်းယှဉ်ပါက အမြဲတစေ နိမ့်ကျနေသည်မဟုတ်သောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် မလွဲမသွေ ငြိမ်းချမ်းရေးရရှိနိုင်မည်လော ဟူသည့်အချက်အပေါ်တွင်လည်း မေးခွန်းထုတ်စရာ ဖြစ်လာသည်။ The Asia Foundation မြို့နယ်ဖွံ့ဖြိုးရေး အညွှန်းကိန်းမှ ရလဒ်များအရ နယ်မြေစိုးမိုးရေး ပဋိပက္ခ ဒဏ်ခံနေရသည့် မြို့နယ်များသည် အခြား သောမြို့နယ်များထက် ပျှမ်းမျှအားဖြင့် မဆိုစလောက်သာ ဖွံ့ဖြိုးမှု နောက်ကျသည်။ ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များ၏ ၇၀ ရာခိုင်နှုန်း နီးပါးခန့်သည် နိုင်ငံ၏ပျှမ်းမျှဖွံ့ဖြိုးမှု ရမှတ်နှင့် မတိမ်းမယိမ်း သို့မဟုတ် အောက်တွင် ရှိနေကြသည်။ အချို့သော ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များ အထူးသဖြင့် ကချင်နှင့် မွန်ပြည်နယ်မှ မြို့နယ်များသည် ထိပ်ဆုံး ၁၅ မြို့နယ်တွင် ပါဝင်သည်။[၈၇]

လူနေမှုအဆင့်အတန်းနှင့်ပတ်သက်သည့် အချက်အလက်များတွင်လည်း အလားတူပုံစံ များကိုတွေ့ရသည်။ ပဋိပက္ခ ဒဏ်ခံနေရသည့် နေရာများမှ ပျှမ်းမျှရမှတ်သည် ပဋိပက္ခ မဖြစ်သည့်နေရာများမှ ရမှတ်ထက် နည်းသည်။ (ပုံ ၃.၃) ပဋိပက္ခ ဒဏ်ခံနေရသည့် မြို့နယ်များကြားမှ သိသိသာသာကွဲပြားနေသည့် လူနေမှုအဆင့်အတန်း အခြေအနေများကို အညွှန်းကိန်းတွင်တွေ့ရှိနိုင်သည်။

> “ဦးစားပေးအနေဖြင့် လမ်းဖောက်ခြင်းကို ဆောင်ရွက်ခဲ့သော်လည်း ခန့်မှန်း လူဦးရေ သန်း ၂၀ ခန့် သို့မဟုတ် လူဦးရေ၏ ၃၇ ရာခိုင်နှုန်းသည် လမ်းအသုံးပြုနိုင်ခြင်းမရှိကြပါ။”

## ဇယားကွက် ၃.၁
## မြန်မာနိုင်ငံမှ ဖွံ့ဖြိုးရေး အချက်အလက်များ

### ၂၀၁၄ သန်းခေါင်စာရင်း

ယုံကြည်ရသည့် နိုင်ငံလုံးဆိုင်ရာ ကိန်းဂဏန်းများမရှိခြင်းကြောင့် မြန်မာနိုင်ငံမှ လေ့လာသုံးသပ်သူများ၊ ဆုံးဖြတ်ချက်ချသူများ၏ ဆောင်ရွက်ချက်များ တွင်ကျယ်မှု မရှိသည်မှာ ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အလှူရှင်များ၏ ဘဏ္ဍာရေး ထောက်ပံ့မှု၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ၏ နည်းပညာအကူအညီဖြင့် နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမဆုံးအနေဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ သန်းခေါင်စာရင်းတွင် လွဲချော်မှုများရှိခဲ့ပြီး အငြင်းပွားမှုအများအပြားရှိခဲ့သော်လည်း မြန်မာနိုင်ငံ၏ လတ်တလော လူမှုရေး၊ စီးပွားရေး အခြေအနေများကို အပြည့်စုံဆုံး ပြုစုမှတ်တမ်း တင်နိုင်ခဲ့သည်။[၈၇]

သန်းခေါင်စာရင်းပါအချက်အလက်များတွင် အကြီးမားဆုံးကွာဟချက်ရှိနသည့်နေရာမှာ လောလောလတ်လတ် အကြမ်းဖက်မှုများဖြစ်ခဲ့သည့်နေရာ၊ လူမျိုးရေးတင်းမာမှုများ ရှိသော ရခိုင်ပြည် နယ်ဖြစ်သည်။ မိမိကိုယ်ကို ရိုဟင်ဂျာဟု သတ်မှတ်လိုသည့် ခန့်မှန်း လူဦးရေ ၁.၀၉ သန်းခန့်သည် စာရင်းမသွင်းခဲ့ဟု UNFPA က ထုတ်ပြန်ခဲ့သည်။[၈၈] မြန်မာ နိုင်ငံအခြားဒေသ များတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်းများသည် အချို့သော ပဋိပက္ခဒဏ်ခံနေရသည့် နေရာ များသို့သွားရောက်ခွင့်မပြုခဲ့ပါ။ ရခိုင်ပြည်နယ်နှင့် ယှဉ်လျှင် စာရင်းမပါဝင်သည့် လူဦးရေ နည်းသော်လည်း ကရင်ပြည်နယ်မှ ခန့်မှန်းလူဦးရေ ၄.၄၃ ရာခိုင်နှုန်း၊ ကချင်ပြည်နယ်မှ ၂.၇၅ ရာခိုင်နှုန်းသည် စာရင်းတွင်ပါဝင်မှုမရှိခဲ့ပါ။[၈၉]

သန်းခေါင်စာရင်းပါ အချက်အလက်များကို ယခုစာတမ်းတွင် အသုံးချထားပြီး မှန်ကန်မှု ရှိစေရန် အကိုးအကားရင်းမြစ်များ အတည်ပြုရန်နှင့် စစ်ဆေးရန် လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်ဖြစ်သောကြောင့် ရခိုင်နှင့် အခြားဒေသမှ အချက်အလက် လစ်ဟာမှုများသည် တွေ့ရှိချက်များပေါ်တွင် အပြောင်းအလဲမဖြစ်စေခဲ့ပါ။

### THE ASIA FOUNDATION ၏ မြို့နယ်ဖွံ့ဖြိုးမှု အညွှန်းကိန်းနှင့် အညွှန်းများ

THE ASIA FOUNDATION သည် ဘက်စုံထောင့်စုံမှ ဆင်းရဲမွဲတေမှုကို တိုင်းတာသည့် မြို့နယ်ဖွံ့ဖြိုးမှု အညွှန်းကိန်းကို ပြုစုခဲ့သည်။ အညွှန်းကိန်းတွင် ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များပေါ်တွင် အဓိကအခြေခံထားသည့် လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးနှင့် ပညာရေး အညွှန်း ၁၆ ခုကို စုစည်းထားသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး ပုံစံ များနှင့် နယ်မြေစိုးမိုးရေးပဋိပက္ခ အလားအလာများ နှစ်ခုလုံးကို လေ့လာရာတွင် မြို့နယ်များသည် အပြောင်းအလဲအနည်းဆုံး ယူနစ်ဖြစ်သည်။ မြို့နယ်ဖွံ့ဖြိုးရေးအညွှန်းကိန်းသည် ခေါင်းစဉ်ခွဲ ၃ ခုကို ပျမ်းမျှချထားခြင်းဖြစ်သည်။


၁။ အိမ်ထောင်စု၏ လူနေမှုအခြေအနေများနှင့် ပိုင်ဆိုင်မှု အညွှန်း ၁၀ ခုကို ပေါင်း ထားသည့် လူနေမှုအဆင့်အတန်း ခေါင်းစဉ်ခွဲ
၂။ မွေးကင်းစကလေးသေဆုံးမှုနှင့် သက်ကြီးရွယ်အိုသေဆုံးမှု အညွှန်းရမှတ်များ စုပေါင်း ထားသည့် ကျန်းမာရေး ခေါင်းစဉ်ခွဲ
၃။ စာတတ်မြောက်မှုနှုန်း၊ ကျောင်းအပ်နှံမှု၊ အခြေခံပညာ (အသက် ၆ - ၁၁) အလယ်တန်း ( အသက် ၁၂ - ၁၆ ) အောင်မြင်စွာ ပြီးမြောက်မှုနှုန်းကိုစုပေါင်းထားသည့် ပညာရေး ခေါင်းစဉ်ခွဲ

အညွှန်းတစ်ခုခြင်းစီအတွက် ရမှတ် သုညကို နိုင်ငံ၏ပျမ်းမျှအဖြစ်သတ်မှတ်ခဲ့သည်။ အညွှန်း ကိန်းဖြင့် နိုင်ငံအဆင့်ပျမ်းမျှရမှတ်များ နှိုင်းယှဉ်နိုင်မည်၊ မြို့နယ်များ၏ အလားအလာ များကို နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်မည်၊ မြန်မာနိုင်ငံ၏ မြို့နယ် ၃၃၀ ၏ အဆင့် သတ်မှတ်ချက်များကို လေ့လာနိုင်မည်ဖြစ်သည်။

The Asia Foundation ၏ စုစည်းမှုတွင် မြို့နယ်အဆင့် နယ်မြေစိုးမိုးရေး ပဋိပက္ခ အညွှန်းများထည့်သွင်းထားသော်လည်း ခေါင်းစဉ်ခွဲများကိုထည့်သွင်းထားခြင်းမရှိပါ။ ပဋိပက္ခအညွှန်းများတွင် လက်နက်ကိုင်တိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ရှိနေမှု၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးသူများ၊ အပစ်အခတ်ရပ်စဲရေးသမိုင်း၊ စစ်တပ် တည်နေရာများ၊ မြေမြုပ်မိုင်းအန္တရယ်၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ ရှိနေမှု၊ လက်နက်ကိုင်အဖွဲ့ သို့မဟုတ်ဆက်စပ် အဖွဲ့များက ပေးနေသည့် ပြည်သူ့ဝန်ဆောင်မှုများပါဝင်သည်။

နည်းလမ်းလေ့လာပုံများကို ဖော်ပြထားသည့် နောက်ဆက်တွဲတွင် မြို့နယ်ဖွံ့ဖြိုးရေး အညွှန်းကိန်းပါ ခေါင်းစဉ်ခွဲများ၊ အညွှန်းများနှင့် ပတ်သက်သည်များကို အသေးစိတ် ဖော်ပြထားသည်။ ယခုစာတမ်းပြုစုရန် အသုံးပြုခဲ့သည့် သုတေသနချဉ်းကပ်ပုံများနှင့်ဆိုင်သည့် အချက်အလက်များကိုလည်း ဖော်ပြထားသည်။

## ပုံ ၃.၂
### မြို့နယ်ဖွံ့ဖြိုးရေး အညွှန်းကိန်း [၉၀]




ပုံ ၃.၄ တွင် နယ်မြေစိုးမိုးရေးပဋိပက္ခဒဏ်ကို အကြီးအကျယ်ခံရသည်ဟု ယူဆရသည့် မြို့နယ် ၁၆ ခုကို လေ့လာခဲ့ရာ ဖော်ပြပါအချက်များတွင် တူညီမှုများရှိသည်ကို တွေ့ရှိခဲ့ရ သည်။ EAO တဖွဲ့ သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ရှိခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ ရှိနေခြင်း (၂၀၁၅ - ၂၀၁၆ အတွင်း မှတ်တမ်းတင်ထားသည့် ဖြစ်စဉ် ၁၀ ခုအထက်ရှိခြင်း) ဗုံး သို့မဟုတ် ဒေသန္တရမိုင်းများကဲ့သို့သော အခြားသော လက်နက်ကိုင် အကြမ်းဖက်မှု ပုံစံများရှိနေခြင်း၊ IDP သို့မဟုတ် ရွှေ့ပြောင်း ထွက်ပြေးရသည့် သမိုင်းရှိနေခြင်း၊ မြေမြှုပ်မိုင်း အန္တရာယ်ရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အများစုမှာ ကချင် သို့မဟုတ် ရှမ်းပြည်နယ်တွင် ရှိသည်။ မြို့နယ် ၁၆ ခု၏ လူနေမှုအဆင့်အတန်းအညွှန်းကိန်း ရမှတ်များမှာ နိုင်ငံအဆင့် ပျမ်းမျှအထက်တွင် ရှိနေသည်များရှိသကဲ့သို့ တနိုင်ငံလုံး အတိုင်းအတာနှင့် အနိမ့်ဆုံး ၁၅ ရာခိုင်နှုန်းတွင် ပါဝင်သည်


အထိ အမျိုးမျိုးကွဲပြားသည်။ ဇယားတွင် ဖော်ပြထားချက်အရ ပဋိပက္ခ ဒဏ်ခံနေရသည့် မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများ၏ လူနေမှု အဆင့်အတန်းမှာ အမျိုးမျိုးကွဲပြားနေသည်ဖြစ်ရာ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကြားမှ ရှင်းလင်းသည့် ဆက်နွယ်မှုပေါ်တွင်ထားသည့် မျှော်လင့်ချက်များကို ပျက်ပြယ်သွားစေသည်။

### နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်ပွားရာနေရာများမှ ကျန်းမာရေး၊ ပညာရေးအခြေအနေ

ကျန်းမာရေးရမှတ်များစုစည်းထားသည့် ခေါင်းစဉ်ခွဲတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်နေ သည့် မြို့နယ် ၇၀ ရာခိုင်နှုန်းသည် နိုင်ငံပျမ်းမျှသတ်မှတ် ချက်အဆင့်ထက် အနည်းငယ် အောက်ကျနေသည်။ ပုံ ၃.၅ တွင် ပဋိပက္ခ သက်ရောက်မှုမရှိသည့် နေရာများနှင့် နှိုင်းယှဉ်ပြထားရာ လူနေမှု အဆင့် အတန်း အညွှန်းကိန်းတွင် တွေ့ရှိခဲ့ရသည့် ပုံစံနှင့် ဆင်တူနေသည်။


ပညာရေးအချက်အလက်များတွင် အနည်းငယ်ကွဲပြားနေသည့်ပုံစံများကို တွေ့ရသည်။ ပညာရေး အချက်အလက် များစုပေါင်းထားသည့် ခေါင်းစဉ်ခွဲတွင်ပဋိပက္ခ ဒဏ်ခံနေရသည့် မြို့နယ် ၆၃ ရာခိုင်နှုန်းသည် နိုင်ငံပျမ်းမျှ သတ်မှတ်ချက်အောက်တွင် ရှိနေပြီး ကျန်းမာရေး ခေါင်းစဉ် ခွဲတွင် နိုင်ငံပျမ်းမျှသတ်မှတ်ချက်အောက် ရောက်နေသည့် မြို့နယ် များနှင့် ရာခိုင်နှုန်းအတူတူပင်ဖြစ်သည်။ သို့တိုင်အောင် နယ်မြေစိုးမိုးရေး ပဋိပက္ခများ ရှိနေသည့် မြို့နယ်များမှ ပျမ်းမျှပညာရေး အဆင့်အတန်း သည် လက်နက်ကိုင် ပဋိပက္ခများ သက်ရောက်မှု မရှိသည့် မြို့နယ်များနှင့် ယှဉ်လျှင် သိသိသာသာ နောက်ကျနေသည်။ (ပုံ ၃.၆) ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် ပျမ်းမျှရမှတ်များ နိမ့်ကျနေခြင်း

## ပုံ ၃.၃
### ပဋိပက္ခရှိသည့် ဒေသနှင့် မရှိသည့်ဒေသမှ လူနေမှု အဆင့်အတန်း အညွှန်းကိန်း [၉၂]




## ပုံ ၃.၄

နယ်မြေစိုးမိုးရေး ပဋိပက္ခဒဏ်ကို အကြီးအကျယ်ခံရသည့် မြို့နယ်များမှ လူနေမှု အဆင့်အတန်း ညွှန်းကိန်း [၉၃]





## ပုံ ၃.၅

ပဋိပက္ခရှိသည့် နေရာနှင့် မရှိသည့်နေရာမှ ကျန်းမာရေး အညွှန်းကိန်း [၉၄]




## ပုံ ၃.၆

ပဋိပက္ခရှိသည့် နေရာနှင့် မရှိသည့်နေရာမှ ပညာရေး အညွှန်းကိန်း [၉၅]



သည် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အပါအဝင် ရှမ်းအရှေ့ပိုင်း အချို့သော မြို့နယ်များ၏ အလွန်နိမ့်ကျသည့် ပညာရေး အညွှန်းကိန်း ရလဒ်များကြောင့် ဖြစ်သည်။ (ပုံ ၃.၇) ယင်းနေရာများမှ အခြေခံပညာ ပြီးမြောက်မှုနှုန်းမှာ ၂၀ မှ ၂၃ ရာခိုင်နှုန်းသာရှိပြီး နိုင်ငံပျမ်းမျှ သတ်မှတ်ချက်နှင့် များစွာ နိမ့်ကျနေသည်။[၉၆] ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များမှ အညွှန်းကိန်းရမှတ်များမှာ အလွန် ကွာခြားနေသည်။ ဥပမာကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ် အများအပြား၏အဆင့် သတ်မှတ်ချက်သည် နိုင်ငံ၏ မြို့နယ် ၃၃၀ အနက် ထိပ်ဆုံး ၃၅ မြို့နယ်တွင်ပါဝင်နေသည်။[၉၇]

ကချင်ပြည်နယ်၏ အချို့သော မြို့နယ်များ၏ အရည်အသွေးမြင့်မားမှု၊ ရှမ်းအရှေ့ပိုင်းမှ မြို့နယ်များ၏ အရည်အသွေးနိမ့်ပါးမှုသည် ပံ့ပိုးသူ (providers) များ စီမံပေးသည့် ကျောင်းများဖွင့်လှစ်နိုင်မှု များစွာ သက်ဆိုင်သည်။ ကချင်ပြည်နေရာအတော်များများတွင် ကချင် လွတ်မြောက်ရေး အဖွဲ့၊ ဘာသာရေး အာဏာပိုင်များနှင့် အခြား ပံ့ပိုးသူ များသည် အဆင့်မီသည့် ကျောင်းများဖွင့်လှစ်ပေးနိုင်သော်လည်း ရှမ်း အရှေ့ပိုင်းတွင် အစိုးရ ၊ အခြား အဖွဲ့အစည်းများ ဖွင့်လှစ်သည့် ကျောင်းများ အနည်းငယ်သာရှိသည်။ (ဇယားကွက် ၃.၂)

## ဂျန်ဒါ၊ ဖွံ့ဖြိုးရေး၊ နယ်မြေစိုးမိုးရေးပဋိပက္ခရှိရာ ဒေသများ

စစ်တပ်အုပ်ချုပ်ရေးနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခသည် ပဋိပက္ခ ဒဏ်ခံနေရသည့်နေရာ များမှ ဂျန်ဒါအခင်းအကျင်းပေါ်တွင်များစွာ သက်ရောက်မှုရှိသည်။[၉၈] ကျားမ တန်းတူ အခွင့် အရေးရှိသည့် အယူ အဆမှာ ကိုလိုနီခေတ်ကတည်းကပင်ရှိနေပြီး ယနေ့တိုင် အစိုးရ မိန့်ခွန်း များတွင် ပါဝင်နေဆဲဖြစ်သည်။[၉၉] အမျိုးသမီးများနှင့် မိန်းကလေးများသည် အချို့ သော ကိန်းဂဏန်းနှိုင်းယှဉ်မှုများတွင် သင့်တော်သည့် အဆင့် အတန်းတွင်ရှိနေသည်။ ဥပမာ ကျောင်းတက်ရောက်သူများတွင် ကျားမ တန်းတူညီမျှမှုရှိပြီး ဆယ်ကျော်သက်များကိုယ်ဝန်စောစီးစွာဆောင်ခြင်း တွင် အခြားသော အရှေ့တောင်အာရှနိုင်ငံများထက် အရေအတွက် နည်းပါးသည်။[၁၀၀] နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုသည် ဒေသတွင်း၌ အနိမ့်ဆုံးဖြစ်ပြီး အမျိုးသမီးများသည် အများနှင့် မတူသည့် စီးပွားရေး၊ ပဋိပက္ခ ဆက်စပ် အခက်အခဲများကို ခံစားကြရသည်။[၁၀၁]

မကြာသေးမီက ပြုလုပ်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာမှုမှာ စလုံးရေစ အဆင့်မှ တဖြည်းဖြည်းတိုးတက်လာသည်။ သမ္မတ ဦးသိန်းစိန် အစိုးရ လက်ထက် တွင် အမျိုးသမီးပါဝင်မှုသည် နိုင်ငံအဆင့် လွှတ်တော်၏ ၅ ရာခိုင်နှုန်း အောက်သာ ရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲမှစ၍ ယင်းအရေအတွက် တိုးတက် လာခဲ့ပြီး ရွေးချယ်ခံနေရာများ၏ ၁၀.၅ ရာခိုင်နှုန်းထိ တိုးတက် လာသည်။[၁၀၂] ဒေသအဆင့် အစိုးရပိုင်း ဦးဆောင်မှုတွင် အမျိုးသမီးများ ပါဝင်လျော့နည်းနေဆဲဖြစ်သည်။ ပဋိပက္ခ နေရာအများစုမှာ တိုင်းဒေသ ကြီးထက် ဒေသန္တရ အစိုးရများတွင် အမျိုးသမီးများ နိုင်ငံရေး အရ ကိုယ်စားပြုပါဝင်မှု နည်းသည့် ပြည်နယ်များတွင် ဖြစ်နေသည်။[၁၀၃]

လက်နက်ကိုင်ပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေမှု၊ အကြမ်းဖက်မှုများ အချိန်ကြာနေမှုတို့သည် ကျားမအလိုက် မတူညီသည့် သက်ရောက်မှုများ ရှိစေသည်။ အမျိုးသားများသည် ပဋိပက္ခနှင့်ဆက်စပ်နေသည့် သေဆုံးမှု၊ ညှင်းပန်းနှိပ်စက်မှု၊ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရမှု၊ မြေမြုပ်မိုင်းဒဏ်၊အဓမ္မ ခိုင်းစေမှု၊ ကလေးစစ်သားများ အပါအဝင် အတင်းအကျပ် စုဆောင်း ခံရမှုများ ပို၍ခံစားရလေ့ရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် အထက်ဖော်ပြပါ ဒုက္ခများကို ရင်ဆိုင်ရနိုင်မှုနည်းသော်လည်း အဓမ္မ ကျင့်ခံရခြင်း၊ လိင်အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုများ ခံရ နိုင်ချေများသည်။[၁၀၄]

ယင်းအခင်းအကျင်းများသည် ရပ်ရွာအသိုင်းအဝိုင်းများပေါ်တွင် နက်ရှိုင်း သည့် လူမှုရေး သက်ရောက်မှုများ၊ စိတ်ဒဏ်ရာများကို ဖြစ်စေနိုင်သည်။ ကရင်ပြည်နယ်မှ ကချင်ပြည်နယ်ထိ အချို့သောနေရာများမှ ပဋိပက္ခ များသည် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ အသုံးပြုမှု၊ ရောင်းဝယ် ဖောက်ကား မှုတို့နှင့် ဆက်စပ်နေသည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ လူငယ် အမျိုးသား၊ အမျိုးသမီးများကြားတွင် မူးယစ်ဆေးအသုံးပြုမှု အထူးမြင့်မား ကြောင်း အထောက်အထားများအရ တွေ့ရသည်။ ပဋိပက္ခရှိသည့်


## ပုံ ၃.၇

ပညာရေးခေါင်းစဉ်ခွဲ၊ ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များ မှ ထိပ်ဆုံး ၅ မြို့နယ်နှင့် အောက်ဆုံး ၅ မြို့နယ် [၁၀၅]

| | ပြည်နယ် | မြို့နယ် | ပညာရေး ခေါင်းစဉ်ခွဲရမှတ် | မြို့နယ် ၃၃၀ တွင် ရပ်တည်မှု အဆင့် |
|---|---|---|---|---|
| ထိပ်ဆုံး ၅ မြို့နယ် | ကချင် | မြစ်ကြီးနား | ၀.၉ ၅၇၃၅၂၄၇ | ၁၂ |
| | ကချင် | မိုးညှင်း | ၀.၈၂၁၂၇၈၆၃ | ၂၈ |
| | ကချင် | မိုးကောင်း | ၀.၈၀၆၄၄၆၃၁ | ၂၉ |
| | ကချင် | ဖားကန့် | ၀.၈၅၉ ၇၈၀၆ | ၃၀ |
| | ကချင် | ဗန်းမော် | ၀.၇၅၇၆၅၄၀၇ | ၃၅ |
| အောက်ဆုံး ၅ မြို့နယ် | ရှမ်း | မိုင်းပင် | -၃.၀၁၀၀၀၀၆၇ | ၃၂၆ |
| | ရှမ်း | ပန်ဝန် | -၃.၂၂၂၈၆၀၈ | ၃၂၇ |
| | ရှမ်း | မက်မန် | -၃.၃၄၉ ၄၅၈၅ | ၃၂၈ |
| | ရှမ်း | နာပန် | -၃.၃၆၁၆၇၇၉ | ၃၂၉ |
| | ရှမ်း | မိုင်းခက် | -၃.၈၉ ၈၄၄၂၃ | ၃၃၀ |

## ပုံ ၃.၈

**ပဋိပက္ခဒဏ်ခံနေရသည့် နေရာများ နှင့် ပဋိပက္ခမရှိသည့်နေရာများမှ အမျိုးသား၊ အမျိုးသမီး စာတတ်မြောက်မှုနှုန်း** [၁၀၆]




အခြေအနေမျိုးတွင် မူးယစ်ဆေး အသုံးပြုမှု၊ အိမ်တွင်းအကြမ်းဖက်မှု မြင့်မားကြောင်း ဒေသခံ လူငယ်ကွန်ယက်များက မှတ်တမ်းတင်ခဲ့သည်။ မိသားစုကို မထောက်ပံ့နိုင်သဖြင့် ယောကျ်ားမာနကို ထိခိုက်မှုများကလည်း လက်နက်ကိုင်ပဋိပက္ခရှိသည့်နေရာများမှ မြင့်တက်နေသည့် အိမ်တွင်း အကြမ်းဖက်မှုနှင့် ဆက်စပ်နေသည်။[၁၀၇]

လက်ရှိအချိန်ထိ အမျိုးသမီးများကို အာဏာခွဲဝေပေးမှု ကြီးကြီးမားမား မရှိသေးသည့်တိုင် အချို့သော EAO ၏အုပ်ချုပ်ရေးဌာနများသည် ဂျန်ဒါကိစ္စ၊ ဆုံးဖြတ်ချက် ချသည့်အခါ အမျိုးသမီးများ၏ အခန်းကဏ္ဍ ပါဝင်လာရန် တက်ကြွစွာ ညှိနှိုင်းဆောင်ရွက်နေကြသည်။ ဥပမာအားဖြင့် ကရင်အမျိုးသမီးအစည်းအရုံးသည် အမျိုးသမီးများအတွက် ဝန်ဆောင်မှုများပေးနေပြီး KNU ဖွဲ့စည်းပုံ၏ မတူညီသည့် အုပ်ချုပ်ရေး အဆင့်များတွင် ၎င်းတို့ အခန်းကဏ္ဍကိုတရားဝင်အသိအမှတ်ပြုထားပေးထားသည်။ ကရင်နီအမျိုးသမီး အစည်းအရုံးသည်လည်း EAO တစ်ခုဖြစ်သော ကရင်နီတိုးတက်ရေးပါတီနှင့် လက်တွဲပြီး အမျိုးသမီး အခွင့်အရေးများ၊ ပညာရေးမှတဆင့် စွမ်းရည်မြှင့်တင်ခြင်း၊ မိခင် ကျန်းမာရေးထောက်ပံ့မှု၊ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရသည့် သက်ကြီး ရွယ်အိုများကို စောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။[၁၁၁]

### မြို့နယ်များကြားမှ ကွဲပြားမှုများ

ပဋိပက္ခဖြစ်ဒဏ်ခံနေရသည့်မြို့နယ်များ အတွင်း ဖွံ့ဖြိုးရေး ရလဒ်များ အကြီးအကျယ်ကွဲ ပြားနေသကဲ့သို့ တမြို့နယ်နှင့် တမြို့နယ်ကြားတွင်လည်း ကွဲပြားမှုများရှိသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခဖြစ် ဒဏ်ခံနေရသည့်ဒေသများမှ မြို့နယ်အဆင့်အောက် နေရာများရှိ ဖွံ့ဖြိုးရေး အဆင့်နှင့် လုပ်ငန်းစဉ်များပေါ်တွင် သက်ရောက်မှုရှိသည့် အကြောင်းရင်းများ ရှိသည်။ နိုင်ငံရှိ အခြားသောနေရာများကဲ့သို့ပင် လမ်းအသုံးပြုနိုင်မှု၊ မြို့ပြနေရာနှင့် အကွာအဝေး တို့တွင် ကွဲပြားမှုများရှိသည်။ အချို့ နေရာများ ဖွံ့ဖြိုးမှု နောက်ကျခြင်းမှာ ပထဝီအနေ အထားနှင့်တစိတ်တပိုင်းပတ်သက်သည်။ နယ်မြေစိုးမိုးရေးပဋိပက္ခနေရာများတွင်မူ အခြား အကြောင်းအရာများလည်း အရေးပါသည်။ ဥပမာအားဖြင့် တောင်ပေါ်ဒေသများရှိ ပဋိပက္ခဖြစ်ဒဏ်ခံနေရသည့် မြို့နယ်များတွင် EAO လှုပ်ရှားမှုများရှိနိုင်ပြီး၊ ဖွံ့ဖြိုးရေး အခွင့်အလမ်း များကို လျော့နည်းစေသည့် လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွားနိုင်သည့် နေရာများဖြစ်သည်။ ကျေးလက်နှင့် ဝေးလံသည့်နေရာများမှ ပြည်သူများသည်အစိုးရဝန်ဆောင်မှုများ တန်းတူညီတူ မရရှိဘူးသည့် တိုင်းရင်းသား လူနည်းစု အုပ်စုများ ဖြစ်နိုင်ချေများသည်။ ၎င်းနှင့်ဆန့်ကျင်ဘက်အဖြစ် မြေပြန့်ဒေသတွင် ရှိသောအဓိကမြို့များ၊ သယ်ပို့လမ်းကြောင်းများကို အစိုးရက ထိန်းချုပ်ထားပြီး၊ တပ်မတော်ကလည်း ပုံမှန်နေရာယူထားလေ့ရှိပြီး ဝန်ဆောင်မှုများ လွယ်လွယ်ကူကူ ရယူနိုင်သောကြောင့် အားသာချက်များရှိသည်။

ကျားမကွဲပြားမှု၊ ဥစ္စာနေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်မှု၊ မြို့နယ်တစ်ခုခြင်းစီအတွင်းမှ အခြား နိုင်းယှဉ်စရာများ သို့မဟုတ်ကျေးရွာငယ်လေးတစ်ခုအတွင်းမှ ကွဲပြားမှုများကြောင့် နယ်မြေ စိုးမိုးရေးပဋိပက္ခဒေသများမှ ရပ်ရွာများသည် တစ်ခုနှင့်တစ်ခု တန်းတူဖြစ်မည်ဟု ယူဆမရနိုင်ပါ။

## ၃.၂။ ဖွံ့ဖြိုးရေးမူဝါဒကို နိုင်ငံရေးမဟာဗျူဟာအဖြစ် အသုံးချခြင်း

### ဖွံ့ဖြိုးရေးလုပ်ငန်းများမှ တဆင့် နယ်စွန်နယ်ဖျားဒေသများ တည်ငြိမ်အောင်ဆောင်ရွက်ခြင်း။

ဖွံ့ဖြိုးရေးသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး အခြေခံများ တည်ဆောက်နိုင်ရန် နည်းလမ်းတစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံမှ နိုင်ငံတည်ဆောက်သူများ (state builder) ယူဆခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ၁၉၈၀ လွန်နှောင်းပိုင်းနှစ်များမှစပြီး မြန်မာစစ်ခေါင်းဆောင်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တည်ငြိမ်ရေးအတွက် အဓိကကျသည့် နည်းလမ်းတစ်ခုအနေဖြင့် မြင်လာကြပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရန် နိုင်ငံ၏ အဂ္ဂမဟာဗျူဟာ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။[၁၁၃] ၁၉၉၂ မှ ၂၀၁၁ အထိ နိုင်ငံအကြီးအကဲ တာဝန်ယူခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကြား အပြန်အလှန်ဆက်နွယ်မှုကို အသိအမှတ်ပြုခဲ့သည်။ သောင်းကျန်းမှုများကြောင့် မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် နောက်ကျနေကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် ၎င်းတို့ကိုဖြေရှင်းရန် အဓိက ကျမည်ဖြစ်ကြောင်းပြောခဲ့သည်။[၁၁၄]

၁၉၈၉ ခုနှစ် EAO များနှင့် နှစ်ဖက်သဘောတူ အပစ်အခတ် ရပ်စဲရေးများ ပြုလုပ်ခဲ့ပြီးနောက်တွင် စစ်အစိုးရသည် နယ်စပ်ဒေသများဖွံ့ဖြိုးရေး အစီအစဉ်ကို စတင်ခဲ့ပြီး နောက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဖြစ်လာခဲ့သည်။ (ဇယားကွက် ၃.၄) နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် EAO အဖွဲ့များကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာစေရန် ဆောင်ရွက်ချက်များ၏ အရေးပါသည့် လုပ်ငန်းတစ်ခု၊ အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် အရေးပါသည့် ကိစ္စအဖြစ် နိုင်ငံပိုင် စာနယ်ဇင်းများက မကြာခဏ ချီးကျူးဖော်ပြခဲ့ကြသည်။ မြန်မာ၏ လက်ရှိနိုင်ငံရေးစနစ်ကို ဖြစ်စေခဲ့သည့် ၂၀၀၈ အခြေခံဥပဒေ၏ ရှေ့ပြေးဖြစ်သော ဒီမိုကရေစီ လမ်းပြမြေပုံ ၇

ချက် အောင်မြင်စေရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ လိုအပ်သည်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်က ယူဆခဲ့သည်။ ထိုအချိန်က အစိုးရဖြစ်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တိုင်းရင်းသား လူနည်းစုများပေါ်တွင် ဆက်ဆံမှုများနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် ဝေဖန်မှုများကို တန်ပြန်ချေပရန်အတွက် အတိုက်အခံနယ်မြေများတွင် စီမံကိန်းအသစ်များ ဆောင်ရွက်ခဲ့သည်။[၁၁၅]

သမိုင်းတလျှောက် စစ်တပ်အသုံးစရိတ်များကြောင့် အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အသုံးစရိတ်မှာ မလုံမလောက်ဖြစ်ခဲ့ရသည်။ စစ်အသုံးစရိတ်မဟုတ်သော အခြား စရိတ်များအတွက် ချထားပေးသည်များကို ကျန်းမာရေး၊ ပညာရေး၊ အခြေခံ အဆောက်အဦများအစား အရင်းအမြစ်ထုတ်ယူသည့် ကဏ္ဍများ ဖြစ်သော စွမ်းအင်နှင့် သတ္တုတူးဖော်မှုတို့တွင်အဓိက သုံးစွဲခဲ့သည်။ ၂၀၁၆ NLD အစိုးရ အာဏာရလာသည့် နောက်ပိုင်းတွင်လည်း ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ တိုးတက်လာသည့် အသုံးစရိတ် စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းဝန်းကျင်တွင် ရှိနေဆဲဖြစ်သည်။[၁၁၆]

၂၀၁၁ ခုနှစ်မှစခဲ့သည့် အစိုးရခေါင်းဆောင်များသည် ဖွံ့ဖြိုးရေးကို ငြိမ်းချမ်းရေး၊ စည်းလုံး ညီညွတ်ရေးနှင့် ချိတ်ဆက် ရည်ညွှန်း နေကြဆဲဖြစ်သည်။ သမ္မတရာထူးလက်ခံ မိန့်ခွန်းတွင် သမ္မတ ဦးသိန်းစိန်က လမ်းများ၊ ရထားလမ်းများ၊ တံတားများ အရေအတွက်တိုးလာသည်နှင့်အမျှ ဒေသ

## ဇယားကွက် ၃.၂။
## ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ ဝန်ဆောင်မှုပံ့ပိုးခြင်းအခြေအနေ

တိုင်းရင်းသားရပ်ရွာများကို ဗမာမှုပြုရာတွင် အစိုးရကျောင်းများနှင့် ကောလိပ်များကို အသုံးပြုလေ့ရှိသောကြောင့် အချို့သော တိုင်းရင်းသား ဒေသများတွင် ပညာရေးသည် အထူးသဖြင့် အကဲဆတ်သည့် ကဏ္ဍဖြစ်သည်။ ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ ပြည်သူများသည် ပညာရေး ဝန်ဆောင် မှုများအတွက် ဒေသခံအစိုးရမဟုတ်သည့် အစု အဖွဲ့မှပေးသည့် ဝန်ဆောင်မှုများပေါ်တွင်မှီခိုနေရသည်။ ရပ်ရွာအခြေပြု၊ ဘာသာရေး အဖွဲ့အစည်း များ၊ အချို့သော EAO များ၏ ပညာရေးဌာနများ၏ ဝန်ဆောင်မှုများ ပါဝင် သည်။ ယင်းဝန်ဆောင်မှုလုပ်ငန်းများသည် များသောအားဖြင့် ဒေသ ဘာသာစကားများ၊ ယဉ်ကျေးမှု၊ သမိုင်းများကို ထိန်းသိမ်းမြှင့်တင်ရန်အတွက် ရည်ရွယ်သည့် အမျိုးသားရေး ရည်မှန်းချက်များနှင့် အနီးကပ် ဆက်စပ် နေပြီး ဝေးလံသည့် သို့မဟုတ် ပေါက်ရောက်ရန် ခက်ခဲသည့်ဒေသများသို့ ပုံမှန်ဝန်ဆောင်မှုပေးရန် ခက်ခဲမှုများကို ကျော်လွှား လုပ်ကိုင်နိုင်ရန် ပြင်ဆင်ထားလေ့ရှိသည်။ အစိုးရ၏ ပညာရေးဝန်ကြီးဌာနသည် မိခင်ဘာသာစကား အခြေခံသည့်ပညာရေးကို ပံ့ပိုးမှုများ စတင်ခဲ့သော်လည်း လုပ်ငန်းအရွယ်အစားမှာ သေးငယ်နေဆဲဖြစ်သည်။[၁၀၈]

ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် EAO ဌာနများ သို့မဟုတ် ချိတ်ဆက်ထားသည့် အဖွဲ့များ အပါအဝင် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများသည် ဝန်ဆောင်မှု မရခဲ့ သည့်လူထုများ နှင့် ရောက်ရှိရန်အခက်ခဲဆုံးဒေသမှ လူထုများအတွက် မရှိမဖြစ် ဝန်ဆောင်မှုများ ပေးနေသည်။ အချို့သောဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင် ကြသည်။ EAO များနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ဒေသခံ ရပ်ရွာအခြေပြုအဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးကဏ္ဍ ကွန်ယက်တစ်ခုက ဝန်ထမ်း ၃၀၀၀ ကျော်ကို ခန့်ထားပြီး ဆေးခန်း ၁၃၉ ခု၊ ရွေ့လျား ဆေးခန်း ၉၃ ခုဖြင့် လူဦးရေ ၆၀၀ ၀၀၀ ကျော်ကို ဦးတည်လျက် ဝန်ဆောင်မှုပေးနေသည်။[၁၀၉]

၂၀၁၁-၂၀၁၂ ခုနှစ်မှစပြီးမြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင်အပစ်အခတ်ရပ်စဲရေး ဆွေးနွေး မှု များနောက်ပိုင်းတွင် အချို့သော EAO များနှင့် နိုင်ငံတော်အစိုးရတို့၏ ကျန်းမာရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ အခြားကဏ္ဍထက်စာလျှင် ပို၍အားကောင်းသည်။ ယုံကြည်မှု တည်ဆောက် ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ ပူးတွဲစီမံချက် အချို့ကို ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၃ တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဖွဲ့စည်းခဲ့သည့် အမျိုးသားကျန်းမာရေးကွန်ယက်သည် တိုင်းရင်းသားနှင့် ရပ်ရွာအခြေပြု ကျန်းမာရေး အဖွဲ့အစည်းများကို လက်ခံ အသိအမှတ်ပြု၊ လက်တွဲ ဆောင်ရွက်ခဲ့သည်မှာ နှစ်ကြာခဲ့ပြီဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးအစီအစဉ် ရေးဆွဲရာတွင်လည်း ပါဝင်စေခဲ့သည်။[၁၁၀]

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (Ta’ang National Liberation Army (TNLA) သည် အစိုးရနှင့် နားလည်မှုယူ ပူးပေါင်းခြင်းကို ဆက်လက်ထိန်းသိမ်းထားသည်။ လက်နက်ကိုင်ပဋိပက္ခများရှိနေပြီး အပစ်အခတ်ရပ်စဲထားမှု မရှိသည့်တိုင် တအောင်းတိုင်းရင်းသားကျေးရွာများ ရှိနေသည့်မြို့နယ်များတွင် အစိုးရ၏ ကျန်းမာရေးဝန်ဆောင်မှုများကို ခွင့်ပြုခဲ့သည်။ TNLA နှင့် အခြားသော EAO များသည် ဝေးလံသည့်ဒေသများတွင် အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ကျောပိုးအိတ် ကျန်းမာရေး အဖွဲ့များကို လေ့ကျင့်ထားပေးသည်။ နိုင်ငံတော်နှင့် EAO နောက်ခံ ဝန်ဆောင်မှု ပေးသူများကြား ပေါင်းစည်းမှု ပေါ်ပေါက်စေရန် အားထုတ်မှုများသည် ဝန်ဆောင်မှုများကို လက်လှမ်းမမှီသည့်၊ ကျန်းမာရေးနောက်ဆက်တွဲပြဿနာများခံစား နေရသည့် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများကို တိုက်ရိုက်ခံစားနေရသည့် ပြည်သူများကို ဝန်ဆောင်မှုများပေးရာတွင် အရေးကြီးသည်။ အချို့သော ဖြစ်စဉ်များတွင် ယင်းအားထုတ်မှုများသည် ပဋိပက္ခအခြေအနေကို ကျော်လွန်လျက် ယုံကြည်မှု တည်ဆောက်ခြင်းကို အားပေးခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အလားအလာများကို တိုးတက်စေခဲ့သည်။

### ဇယားကွက် ၃.၃ ။
### အခွန်ရာယ်များ နှင့် အခွင့်အလမ်းများ - နယ်မြေစိုးမိုးရေးပဋိပက္ခဒဏ်ခံ နေရသည့်နေရာများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ရပ်ရွာ ပြည်သူများ၏ သဘောထား



မယုံကြည်မှုများဆယ်စုနှစ်ကျော်ရှိခဲ့သည်ဖြစ်သောကြောင့် တိုက်ရိုက်အကျိုး ခံစားမှုရှိမှ သာလျှင် ဒေသခံများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ခံနိုင်မည်ကို ကချင်၊ ကယား၊ ရှမ်း၊ ကရင် ပြည်နယ်များရှိ ကျေးလက်ဒေသများမှ ကွင်းဆင်း မေးမြန်း ချက်များအရ တွေ့ရှိရသည်။ ဈေးများ၊ ကျောင်းများနှင့် ဆေးရုံများသို့ အလွယ်တကူ သွားရောက်နိုင်စေသည့် ဒေသတွင်းလမ်းများ ပြုပြင်မှုများကို ရပ်ရွာဒေသခံများက ထောက်ခံလေ့ရှိသည်။ သို့သော်လည်း ရှမ်း၊ ကယားနှင့် ကရင်ပြည်နယ်များမှ ဖြေဆိုသူများက လမ်းမကြီးများနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကို ဖော်ပြခဲ့ကြသည်။ လမ်းများသည် စစ်ရေးအရ ရင်ဆိုင်မှုများကို မြင့်တက်စေမည်၊ အခွန်ကောက်ခြင်းနှင့်ပတ်သက်ပြီး လက်နက်ကိုင်ပဋိပက္ခများကို ဖြစ်ပွားစေမည်၊ မြေသိမ်းခြင်း သို့မဟုတ် အင်အားသုံးရွှေ့ပြောင်းစေခြင်းများ ဖြစ်စေမည်ကို စိုးရွံ့ကြသည်။

အဝေးပြေးလမ်းမကြီးများကြောင့် မြေယာနှင့် စီးပွားရေး အခွင့်အလမ်းများ အပြိုင်အဆိုင်ရယူမည့် အခြားဒေသများမှ ပြောင်းရွှေ့လာသူများ ရောက်လာကြမည်ကို စိုးရိမ်ကြသည်။ ပဋိပက္ခဒဏ် ခံနေ ရသည့် နေရာများတွင် ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုသည် အများလက်ခံသည့် ရေပန်းစား ချဉ်းကပ်ပုံတစ်ခုအနေဖြင့် ပေါ်ထွက်လာခဲ့သည်။ ကျေးရွာကော်မတီများဖွဲ့စည်းပြီး ငွေအသုံးပြုပုံ ဆုံးဖြတ်ခြင်း၊ စောင့်ကြည့်ခြင်းများတွင် ဒေသခံများကို ပါဝင်စေသည့် ဆွေးနွေးအကြံယူ ဆောင်ရွက်သည့် နည်းလမ်းကို ပြည်သူ အများအပြားထောက်ခံကြသည်။ ယင်းလုပ်ငန်းဆောင်ရွက်ချက်များ၏ ခြုံငုံသက်ရောက်မှုများသည် ကျယ်ပြန့်မှုမရှိသော်လည်း ဆောင်ရွက်ချက်အများစုသည် အစီအစဉ် ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်းတွင် ရပ်ရွာများ ပါဝင်ထောက်ခံ စေရန် ဒေသခံများ၏ ဆောင်ရွက်နိုင်စွမ်းနှင့် ကိုက်ညီမှုရှိသည်။ အချို့သော စီမံကိန်းများသည် မလိုအပ်ပဲ ထပ်နေသည်ဟု ဖြေဆိုသူ အများအပြားက ပြောခဲ့ပြီး၊ အချိန် တစ်ခုအတွင်း လုပ်ငန်းအများ အပြားတပြိုင်တည်း ဖြစ်ပေါ်နေမှုကလည်း ပါဝင်ရန်လိုအပ်နေမှုများ ကလည်း ဟုန်သွားစေသည်ဟု ဖြေဆိုခဲ့ကြသည်။

နေရာအနှံ့မှ ကျေးရွာအဆင့်ဖြေဆိုသူများ၏ အဓိက ဦးစားပေးမှာ ကျန်းမာရေးနှင့် ပညာရေး အဆင့်မြင့်တိုးတက်ရေးဖြစ်သည်။ မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုင်းရင်းသား လူနည်းစုများက ၎င်းတို့ သားသမီးများအတွက် မိခင်ဘာသာစကားအခြေပြု ပညာရေးကို လိုလားကြသည်။ တပြိုင်တည်းမှာပင် တရားဝင်အသိအမှတ်ပြုအရည်အချင်းသတ်မှတ်ချက်၊ ဗမာဘာသာကျွမ်းကျင်မှုကိုလည်း လိုလားကြသည်။ အခြေခံဝန်ဆောင်မှုများပေးရန် စွမ်းဆောင်နိုင်မှုအနည်းငယ်သာရှိသောTNLA (ဒေသတွင်း ဩဇာရှိသည့် EAO) နယ်မြေဖြစ်သော ရှမ်းပြည်ရှိ တအောင်းဒေသများတွင်မူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်နေသည့်တိုင် အစိုးရ၏ ပညာရေးဝန်ထမ်းများသည် ကျေးရွာများတွင် အနှောက်အယှက်မရှိ ဆောင်ရွက်ခွင့် ရသည်။ တနိုင်ငံလုံးအသုံးပြုသည့် ကျောင်းသင်ရိုးတွင် တအောင်း ဘာသာစကားသင်တန်းများကို ထပ်မံထည့်သွင်းသည်။ ကယားနှင့် ကရင်ပြည် အချို့နေရာများတွင် EAO များသည် ကျန်းမာရေးနှင့် ပညာရေး ပံ့ပိုးရာတွင် အဓိက နေရာမှ ပါဝင်ကြပြီး အချို့သောနေရာများတွင် အစိုးရကို အယုံအကြည်မရှိသဖြင့် အစိုးရဝန်ဆောင်မှု လုပ်ငန်းများ ဝင်ရောက်မှုကို ပိတ်ပင်ထားသည်။ ကရင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲရေးကြောင့် အစိုးရနှင့် EAO နောက်ခံ ဝန်ဆောင်မှုလုပ်ငန်းများ ပို၍လွတ်လပ်စွာ လုပ်ကိုင်နိုင်ခဲ့ကြသည်။ အခြေအနေအချို့တွင် တင်းမာမှုများဖြစ် ပေါ်စေခဲ့သော်လည်း အများအားဖြင့် ပဋိပက္ခကိုကျော်လွန်လျက် ဒေသခံရပ်ရွာများ အကျိုးအတွက် ပူးပေါင်းမှုများ ဖြစ်ပေါ်စေရန် အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်။ [၁၁၂]

တစ်ခုနှင့်တစ်ခုကြား သွားလာလာရေး အဆင်ပြေချောမွေ့လာသည်နှင့် အမျှ တိုင်းရင်းသားလူမျိုးများကြား ပို၍ရင်းနှီးသည့် ဆက်ဆံရေးများ ရှိလာမည်ဟုပြောခဲ့သည်။[၁၂၁]

## အပစ်အခတ်ရပ်စဲခြင်း၊ နိုင်ငံတော် အာဏာချဲ့ထွင်ခြင်း

အချို့သော ဖွံ့ဖြိုးရေးအစီအစဉ်များသည် လမ်းများပို၍ကောင်းလာခြင်း၊ ကျောင်းများ နှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပို၍တိုးတက်လာခြင်း ကဲ့သို့ လက်ဆုတ်လက်ကိုင်ပြနိုင်သည့် လူမှုစီးပွား အကျိုးအမြတ်များကို ဦးတည်ထားသည့်ဒေသများတွင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများသည် မြန်မာအစိုးရ၏ လက်တံကို လည်း ချဲ့ထွင်ပေးနိုင်ခဲ့သည်။ ဝေးလံခေါင်ဖျားအရပ်ဒေသများမှ ပြည်သူလူထု များပေါ် အာဏာ တည်ဆောက်နိုင်ခဲ့ပြီး အတိုက်အခံ နယ်မြေများတွင် စိုးမိုးမှုကို စုစည်းနိုင်ခဲ့သည်။ အထူးသဖြင့် အပစ်အခတ် ရပ်စဲရေး ကာလတွင် ဖြစ်သည်။[၁၂၂] ၁၉၉၀ နှင့် ၂၀၀၀ ခုနှစ်အတွင်း အပစ်အခတ် ရပ်စဲရေးအတွင်း  သဘာဝသယံဇာတများ စီးပွားဖြစ်ထုတ် ယူနိုင်ရန် အစိုးရအရာရှိများ၊ EAO ခေါင်းဆောင်များနှင့် စီးပွားရေး စွန့်ဦးတီထွင် များကြား ကွန်ယက်များဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်ကို ချဲ့

## ပုံ ၃.၉

ဖွံ့ဖြိုးရေးဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို နိုင်ငံပိုင် စာနယ်ဇင်းတွင် ဖော်ပြထားပုံ [၁၁၇]



The NEW LIGHT OF MYANMAR

Established 1914

Volume XII, Number 163 | 13th Waxing of Tawthalin 1366 ME | Sunday, 26 September, 2004

**Accomplishments of border area development project have strengthened national races' confidence in the government and consolidated national solidarity spirit and Union spirit**

**Myanmar is home to over one hundred national races and so national solidarity is most fundamental strength for ensuring perpetual existence of the Union**

**Prime Minister addresses meeting of Work Committee for Development of Border Areas and National Races**

YANGON, 25 Sept— The Work Committee for Development of Border Areas and National Races held its meeting No 5/2004 at Zeyathiri Beikman on Kommyintha here this afternoon, attended by Chairman of the Work Committee Prime Minister General Khin Nyunt.

Also present on the occasion were Vice-Chairman of the Work Committee Secretary-1 of the State Peace and Development Council Lt-Gen Soe Win, Member of the SPDC Lt-Gen Aung Htwe of the Ministry of Defence, the ministers, the deputy ministers, members of the Work Committee and subcommittees, officials of the SPDC Office, departmental heads and officials.

The Prime Minister in his address said that the committee has carried out tasks for progress of border areas for 15 years. The border areas development project is being implemented across the nation under the supervision of the Central Committee for Development of Border Areas and National Races chaired by Head of State Senior General Than Shwe, the Work Committee for Development of Border Areas and National Races, regional committees chaired by local authorities and sub-committees chaired by deputy ministers.

The Head of State's leadership and supervision on border development tasks implies the importance of the project as well as the State's con-

**National solidarity spirit & Union Spirit**

**Achievements of border area development tasks cause good noble traditions such as strengthening national solidarity and safeguarding the Union. With this concept, officials are to continue to implement the border area and national races development project with added momentum.**

ဇယားကွက် ၃.၄

### နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးလုပ်ငန်းဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆောင်ရွက်ခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၀၈ အခြေခံဥပဒေအရ စစ်တပ်က ထိန်းချုပ်ထားဆဲ ဖြစ်သည့် ဝန်ကြီးဌာန ၃ ခုအနက် ၁ ခုဖြစ်သည်။ ယခင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဟု ရည်ညွှန်းသုံးစွဲကြပြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်ရေး ဦးတည်ချက်ဖြင့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အဓိကဖွဲ့စည်းထားသည်။

၂၀၁၇ ခုနှစ် အောင်မြင်မှုများအသေးစိတ်ဖော်ပြထားသည့် ထုတ်ပြန်ချက်တွင် ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေးမရှိပဲ အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အလားတူပင် ဖွံ့ဖြိုးရေး မရှိပဲနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဖြစ်ပေါ်လာမည်မဟုတ်ဟု ဖော်ပြထားခဲ့သည်။[၁၁၈] ဝန်ကြီးဌာနသည် ကဏ္ဍအများအပြားတွင် အကြီးစား၊ အငယ်စား စီမံကိန်းများကို အကောင်အထည်ဖော်သည်။ အများအားဖြင့် နိုင်ငံခြား အလှူရှင်များ၊ နိုင်ငံ တကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။ ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များထံမှ အထောက်အပံ့တောင်းခံခြင်း၊ လက်ခံခြင်းများကိုဆောင်ရွက်ခဲ့သည်။ Nippon Foundation၊ British Council နှင့် အခြားသော နိုင်ငံခြား အထောက်အပံ့ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။[၁၁၉]

ဝန်ကြီးဌာနသည် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများကို အဓိကဦးတည်သည့် နအဖ ၏ အထူးဒေသ ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်ခဲ့သည်။ ယင်းစီမံကိန်းတွင် ရေအားလျှပ်စစ် ထုတ်ယူသည့် ဆည်များ၊ လမ်းများ၊ စက်မှုဇုန်များ၊ ပညာရေး နှင့် ကျန်းမာရေး အဆောက်အဦများ ဆောက်လုပ်ခြင်းအပါအဝင် ဖွံ့ဖြိုးရေး စီမံကိန်းအမျိုးမျိုးပါဝင်သည်။ လက်ရှိအချိန်တွင် ဝန်ကြီးဌာနသည် ဦးတည်ဒေသများတွင် ရုံး ၁၁ ရုံး ချိတ်ဆက်ထားသည့် ကွန်ယက်မှ တဆင့် လုပ်ငန်းဆောင်ရွက်သည်။[၁၂၀]

ထွင်ခဲ့သည်။ ယင်းကွန်ယက်များသည် ဒေသခံ ခေါင်းဆောင်ပိုင်းကို တပ်မတော် တပ်မှူးများ၏ ကျေးဇူးခံကျေးဇူးစား လက်အောက်ခံအဖြစ်သို့ ရောက်ရှိ စေခဲ့ပြီး EAO များသို့ရောက်ရမည့် ဝင်ငွေများကို နိုင်ငံတော်သို့ တဖြည်းဖြည်း စီးဆင်းစေခဲ့သည်။[၁၂၅] EAO များသို့ စီးပွားရေး လုပ်ကွက်များ ချထားပေးခြင်းဖြင့် ဒေသခံ လူထုအပေါ် အခွန်ကောက်ခြင်းကို တားဆီးနိုင်ခဲ့သည်။ (နယ်မြေအတွင်းမှ ရပ်ရွာအသိုင်း အဝိုင်းများနှင့် ၎င်းတို့ ချိတ်ဆက်မှုကို ဖြတ်ခဲ့သည်) အချို့သော နေရာများတွင် နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုများနှင့် လုပ်ပိုင်ခွင့်များ တောင်းဆိုမှုများမှ လမ်းလွဲ သွားစေခဲ့သည်။

ဖွံ့ဖြိုးရေး အစီအစဉ်ကြီးများမှတဆင့် လမ်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းသည် စစ်သားများ၊ အစိုးရ၊ စီးပွားရေး လုပ်ငန်းရှင်နှင့် ထိုအချိန်က အစိုးရနှင့် လက်တွဲ အလုပ်လုပ်နေသည့် အနည်းငယ်သော အထောက်အပံ့ပေးရေး အစုအဖွဲ့များနှင့် အချိတ်အဆက်ရရှိရန်အတွက် အရေးပါသည့် လမ်းကြောင်းဖြစ်သည်။[၁၂၆] အချိန်ကြာလာသည်နှင့်အမျှ ကုန်သွယ်မှုကို ချုပ်ထိန်းခြင်းဖြင့် နိုင်ငံတော်သည် အာဏာကို ဆက်လက် စုစည်းခဲ့သည်။ ကျွန်းသစ်နှင့် ဓာတ်သတ္တုများ တရားဝင်တင်ပို့မှုကို ဗဟို ချုပ်ကိုင်ထားသည့် ရန်ကုန်၊ မန္တလေး လမ်းကြောင်းများမှသာ ပို့ရမည်ဟု အခြေခံမှုချခဲ့ပြီး EAO နယ်မြေများနှင့် အခြားဒေသများကြား ကုန်သွယ်မှု များကို ကန့်သတ်ခဲ့သည်။ အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင် စိုက်ပျိုးရေး သို့မဟုတ် သစ်ထုတ်လုပ်ခြင်းကဲ့သို့သော သီးသန့်ဆန်သည့်၊ အခွန်ကောက်နိုင်သည့် စီးပွားရေး လုပ်ရှားမှုများ အတွက် နယ်မြေ သတ်မှတ်ခြင်း လုပ်ငန်းစဉ်များသည် နိုင်ငံတော်က ထိန်းချုပ်ထားသည့် နေရာများအဖြစ် နယ်မြေပြန် လည်သတ်မှတ်မှုများကို အထောက်အကူ ဖြစ်စေခဲ့သည်။[၁၂၇]

၂၀၁၁ နှင့် ၂၀၁၂ တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည့် နေရာများတွင် အရပ်သားများ၊ အရာရှိများထက် စစ်တပ်နှင့်သာ အဆက်အဆံရှိသည့် ရပ်ရွာများကို အစိုးရဌာနများဖြင့် ဝန်ဆောင်မှုပေးရန် ရင်းနှီးစိုက်ထုတ်မှု အကြီးအကျယ် ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့သော လုပ်ငန်း စဉ်များမှတဆင့် နိုင်ငံတော်သည် ရပ်ရွာခေါင်းဆောင်များနှင့် ဆက်ဆံရေး တည်ထောင်၊ ရင်းနှီးခဲ့ပြီး အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင် စိုးမိုးနိုင်မှု မြင့်တက်လာသည်။[၁၂၈] ဇယားကွက် ၃.၅ တွင် ကရင်ပြည်နယ် တွင် ဖြစ်ပေါ်နေသည့် အနေအထားများကို ဖော်ပြထားသည်။

## EAO များ၏ ဖွံ့ဖြိုးရေးဆောင်ရွက်မှု

ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များပေါ် EAO များ၏ သဘောထားသည် ၎င်းတို့၏ နိုင်ငံရေး၊ လူမှုရေး ပတ်သက်မှုများပေါ်တွင် အဓိက မူတည်နေ သည်။ ဒေသတွင်းလမ်းဖောက်ခြင်း သို့မဟုတ် လျှပ်စစ်မီး တပ်ဆင်ခြင်း ကဲ့သို့သော အချို့သော စီမံကိန်းများကို လက်ခံ သို့မဟုတ် ၎င်းတို့ ကိုယ် တိုင်ဆောင်ရွက်နိုင်ကြဖွယ်ရှိသော်လည်း ဒေသခံ ပြည်သူများ၏ သက်မွေးမှု၊ နိုင်ငံတော် အာဏာချဲ့ထွင်မှု၊ ၎င်းတို့၏ လုံခြုံရေးကို ထိခိုက် စေနိုင်သည့် သို့မဟုတ် အဖွဲ့အစည်းအင်အားကို ချိနဲ့သွားစေသည်ဟု ယူဆရသည့် စီမံကိန်းများကို ဆန့်ကျင်မည်ဖြစ်သည်။

EAO ခေါင်းဆောင်များသည် အဖွဲ့အစည်းအတွက် သို့မဟုတ် ကိုယ်ပိုင် အကျိုးအမြတ်အတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများမှ အမြတ် ရယူခြင်း၊ အခွန်ကောက်ခြင်း သို့မဟုတ် ၎င်းတို့ ဩဇာလွှမ်းမိုးသည့် ဒေသများရှိ စီးပွားရေးများ သို့မဟုတ် အစိုးရထံမှ ကာကွယ်ပေးခ ငွေများကောက်ခံခြင်းတို့ လုပ်ဆောင်ကြသည်။[၁၂၉] EAO ခေါင်းဆောင်များ သည် ဒေသစီးပွားရေးမြှင့်တင်ရန်၊ ဒေသအတွင်းမှ ဝင်ငွေများနှင့် ပိုင်ဆိုင်မှုများပေါ် အခွန် ကောက်ရန် ဆောင်ရွက်ကြသည်။ ဥပမာ KIO၊ UWSP၊ KNU တို့သည် အပစ်အခတ်ရပ်စဲရေးကာလအတွင်း ယင်းကိစ္စများ ဆောင်ရွက်ခဲ့ကြသည်။ အချို့သော EAO များသည် ဒေသခံများ သက်သာချောင်ချိရေးနှင့် လူမှုရေးအရ ပါးနပ်သည့် မူဝါဒများ ချမှတ်ရန် EAO များကို တိုက်တွန်းမှုများ ဆောင်ရွက်နေသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် နီးကပ်သည့် ဆက်ဆံရေးရှိကြသည်။

၁၉၈၉ နှင့် ၂၀၀၇ အတွင်း အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုး ကြသည့် EAO နှင့် ခွဲထွက်အဖွဲ့ ၄၀ ကျော်အနက်အများစုသည် မြန်မာ အစိုးရနှင့် အိမ်နီးချင်း တရုတ်၊ ထိုင်းတို့၏ ကုန်သွယ်ရေး အသားပေး မူဝါဒများနှင့် အလျင်အမြန်ပူးပေါင်းမှုများပြုလုပ်ကြသည်။ မြန်မာ အစိုးရသည်လည်း ပူးပေါင်းဆောင်ရွက်သည့် EAO များကို ချီးကျူးပြီး၊ နိုင်ငံရေးအရ မြောက်စားမှုများလည်းပြုလုပ်ခဲ့သည်။ EAO အများစုတွင် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီများရှိပြီး[၁၃၀] ထိုအချိန်က အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ပူးပေါင်းခဲ့သည်။

အခြားသော ဆောင်ရွက်ချက်များတွင် ပူးပေါင်းမှုများရှိသော်လည်း တပ်မတော် သို့မဟုတ် အရပ်သားအစိုးရသည် ၎င်းတို့နယ်မြေထဲသို့ ရုတ်တရက် ကျူးကျော်ရန် လမ်းကြောင်းပြ ပေးနိုင်သည့် စီမံကိန်းများ သို့မဟုတ် ဒေသတွင်းပြိုင်ဘက် များကို ငွေကြေးအမြတ် အစွန်း ဖြစ်ထွန်းစေမည့် စီမံကိန်းများကို EAO များ အစဉ်တစိုက် ပိတ်ပင်လာ ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်မတိုင်မီထိ တပ်မတော်နှင့် တိုက်ခိုက်နေသည့် EAO များသည် ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် နိုင်ငံတော်အစိုးရနှင့် တရားဝင် ပူးပေါင်းမှုမရှိပဲ၊ ၎င်းတို့နယ်မြေအတွင်းရှိ အကာအကွယ်မဲ့ ရပ်ရွာများကို ဒေသရန်ပုံငွေ၊ နိုင်ငံတကာအလှူရှင်များနှင့် NGO များ၏ ထောက်ပံ့မှုဖြင့် အခြေခံဝန်ဆောင်မှုများပေးအပ်ခဲ့ကြသည်။

ယခင်ကာလအပစ်အခတ်ရပ်စဲရေးတွင် တွေ့မြင်ခဲ့ရသည့် ပုံစံများကို ယနေ့တွင်လည်း ဆက်လက်မြင်တွေ့နေရသည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်း အပစ်အခတ်ရပ်စဲခဲ့သည့် EAO များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလျင်အမြန် ပါဝင်လာကြပြီး တရားဝင်ကုမ္ပဏီများဖွဲ့စည်းကာ အစိုးရထိန်းချုပ်ထားသည့် မြို့များတွင်ရုံးအသစ်များ ဖွင့်လှစ်လာကြသည်။ ၂၀၁၂ ခုနှစ် KNU နှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးပြီးချင်းတွင် ဝန်ကြီး ဦးအောင်မင်းက ၎င်း၏ရည်ရွယ်ချက်မှာ (သူတို့ကို (EAO များကို) ချမ်းသာအောင် လုပ်ပေးဖို့) (ဒါဆိုရင်သူတို့ စစ်တပ်တွေကနေ အလိုလို ထွက်လာကြလိမ့်မယ်) ဟု သတင်းထောက်များကို ပြောခဲ့သည်။[၁၃၁] ဝန်ကြီးဦးအောင်မင်းနှင့် မြန်မာငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး ဗဟိုဌာနသည် ထိုအချိန်က အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုအား ဦးဆောင်ရန် တာဝန်ပေးအပ်ခြင်းခံထားရသည်။ ၎င်းတို့ လုပ်ငန်းဆောင် ရွက်ပုံ၏ အဓိက အယူအဆမှာ အပစ်အခတ် ရပ်စဲရေးနေရာများတွင် ဖွံ့ဖြိုးရေးအခွင့်အလမ်းများ ဖန်တီးပေးရန်၊ EAO များနှင့် EAO ချိတ်ဆက် ထားသည့် ကုမ္ပဏီများပါသည့် လုပ်ငန်းများ ထူထောင်ပေးရန်ဖြစ်သည်။[၁၃၂]

## ဇယားကွက် ၃.၅
## ကရင်အပစ်အခတ်ရပ်စဲရေးဒေသများတွင် နိုင်ငံတော်အာဏာချဲ့ထွင်မှု



၂၀၁၀ ခုနှစ်မှစပြီး ကရင်ပဋိပက္ခနေရာများမှ အုပ်ချုပ်မှုအခင်းအကျင်း သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ DKBA သည် အဖွဲ့ငယ်လေးများစွာကွဲထွက်ထားပြီး အစိုးရသည် KNU နှင့် ၂၀၁၂ တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့သည်။ အစိုးရသည် လူမှုရေး ဝန်ဆောင်မှု၊ နှင့် ဖွံ့ဖြိုးရေးအရင်းအမြစ်များကို ဝေးလံသည့် ဒေသများမှ ရပ်ရွာ များနှင့် ဆက်ဆံရေးတည်ထောင်ရာတွင် အသုံးချခဲ့ပြီး ၎င်း၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အလျင်အမြန်ပင်ချဲ့ထွင်ခဲ့သည်။ တချိန်တည်းမှာပင် KNU သည်လည်း ဒေသတွင်းမှ ၎င်း၏ပြည်သူနှင့် ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန် အခွင့်အရေးရရှိလာခဲ့ပြီး ကရင်လက်နက်ကိုင်ခွဲထွက်အဖွဲ့ များနှင့် နီးနီးကပ်ကပ်ပူးပေါင်းပြီး စစ်ရေးအရ အရေးနိမ့်ပြီး နောက်ပိုင်းတွင် ဆုံးရှုံးသွားသည့် ၎င်းတို့လွှမ်းမိုးမှုများကို ပြန်လည်ဖော်ထုတ်ခဲ့သည်။

အစိုးရကမည်သည့်အခါမှ အပြည့်အဝအုပ်စိုးခဲ့ခြင်းမရှိခဲ့သော EAO လွှမ်းမိုးထားသည့် နယ်မြေများသို့ ဗဟိုနေရာများမှ လက်တံချဲ့ခဲ့သည်။ ယင်းနေရာများတွင် အစိုးရ ထိန်းချုပ်မှု အောက်တွင် နှစ်ပေါင်းများစွာ ရှိနေခဲ့သော ဖာပွန် သို့မဟုတ် ကော့ကရိတ် ကဲ့သို့ မြို့နယ်များ ပါဝင်သကဲ့သို့ မြို့နယ်များမှအုပ်ချုပ်ရန် ခက်ခဲသည့်နေရာများအတွက် အုပ်ချုပ်ရေး စုရပ် အဖြစ် အသစ်ဖွဲ့စည်း သည့် မြို့နယ်ခွဲများပါဝင်သည်။[၁၂၇] ယင်းလုပ်ငန်း အများစုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ခဲ့သည်။ ထွေအုပ်ဌာနက နိုင်ငံတော်ကို သစ္စာခံရန် အစိုးရက ထောက်ပံ့ပေးသည့် ကျေးရွာအုပ်ချုပ်ရေးမှူး ရာထူးသစ် များကို ဖန်တီးခဲ့သည်။ ဖြစ်စဉ် အများအပြားတွင် ဒေသခံခေါင်းဆောင်များ သည် အစိုးရ နှင့် အခြား အဖွဲ့အစည်း ၂ မျိုးလုံးကို အစီရင်ခံရပြီး ကျေးရွာတစ်ခုအတွင်း အာဏာပိုင် တစ်ခုခြင်းစီက ခန့်ထားသည့် ခေါင်းဆောင်များရှိနေသည့် ကျေးရွာအချို့လည်းရှိသည်။

အပစ်အခတ်ရပ်စဲရေးနေရာများတွင် လမ်းသစ်များဖောက်လုပ်ခြင်းသည် နိုင်ငံတော်၏ ထိန်းချုပ်မှုပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိသည်။ ယခင်ကာလများက သွားလာနိုင်ခြင်းမရှိသည့် တောင်ထူထပ်သည့်ဒေသများသို့ သွားလာနိုင်ခဲ့သည်။ ကျန်းမာရေး အဆောက်အဦသစ်များ ဒါဇင်နှင့်ချီဆောက်လုပ်ခဲ့သည်။ ပညာရေး ဝန်ကြီးဌာနသည် ဝန်ထမ်း ၃၂၀၀ ကျော်ကို ခန့်ထားခြင်းဖြင့် KNU စနစ်အောက်မှ ရပ်ရွာကျောင်းများကိုလည်း ပညာရေးဝန်ကြီးဌာနစနစ်အောက်သို့ သွင်းခဲ့သည်။ အစိုးရသည် ၎င်း၏ မြေယာ စီမံမှု စနစ်ကိုလည်း စတင်ကျင့်သုံးခဲ့သည်။ ပြည်သူများ၏ လယ်ယာမြေများကို ၂၀၁၂ ခုနှစ် မြေယာဥပဒေ ၂ ခုနှင့် အညီမှတ်ပုံတင်ပေးခဲ့သည်။ မူအရဆိုလျှင် ပြည်သူများသည် လုပ်ပိုင်ခွင့်ရရန်သာ ၎င်းတို့မြေများကိုမှတ်ပုံတင်ရမည်ဖြစ်သည်။ အပြည့်အဝ ပိုင်ဆိုင်နိုင် မည် မဟုတ်ပါ။ အချို့သောနေရာများတွင် ပထမဆုံးအကြိမ်အနေနှင့် ရဲစခန်းများ ဖွဲ့စည်း နိုင်ခဲ့သော်လည်း ဝေးလံသည့်ဒေသများသို့ လွှမ်းခြုံနိုင်မှုမရှိသေးပါ။ ယင်းလုပ်ငန်း အားလုံးသည် နေရာအများစုတွင် KNU ၏ ရှိပြီးသား စနစ်နှင့် စင်ပြိုင်ရပ်တည်နေပြီး ပူးပေါင်းဆောင်ရွက်မှုပုံစံအသစ်၊ ပြိုင်ဆိုင်မှု ပုံစံအသစ်ကို ပေါ်ထွန်းစေသည်။[၁၂၈]

## နောက်ဆုံးရလဒ် - ဖွံ့ဖြိုးရေးဖြင့် ငြိမ်းချမ်းရေးမရနိုင်

ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် စီးပွားရေးတိုးတက်မှု မြှင့်တင်ခြင်းမှ တဆင့် ပဋိပက္ခများ ပြီးဆုံးရန် ကြိုးစားခြင်းသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအတွက် ရေရှည်သဘောဆောင်သည့် အခြေအနေ ကောင်းများ ဖန်တီးခြင်းတွင် ရလဒ်မရှိပါ။ ထိုအစား စီးပွားရေးဆိုင်ရာ အပြောင်းအလဲများသည် တင်းမာမှုများကိုမြင့်တက်စေသည်။ ပြင်းထန်သည့် ပြိုင်ဆိုင်မှုများ ဖြစ်ပွားစေသည်။ နှစ်ဖက်လုံးသို့ဝင်ငွေဖြစ်စေ သောကြောင့် ပဋိပက္ခ ရေရှည်ဖြစ်ပွားစေသည်။ အပစ်အခတ် ရပ်စဲရေးများသည်လည်း ပြည့်စုံသည့် နိုင်ငံရေး ဖြေရှင်းချက်များကို ပေးစွမ်းနိုင်ခြင်းမရှိခဲ့ပါ။ ဖွံ့ဖြိုးရေးကိစ္စများသည် နိုင်ငံတော် အစိုးရကို နည်းဗျူဟာပိုင်း၊ မဟာဗျူဟာပိုင်း အသာစီးရစေခဲ့သော်လည်း နယ်စပ် ဒေသများ မှ ပဋိပက္ခများ အဆုံးသတ်ရန်၊ တည်ငြိမ်သွားစေရန် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

စစ်တပ်များသည် လမ်းများ၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ ဆောက်လုပ်ရေး စာချုပ်များ၊ မြေနှင့် အခြား အရင်းအမြစ်များကို ထိန်းချုပ်နိုင်ရန် စစ်တပ်အချင်းချင်း တိုက်ခိုက်ကြသည် ဖြစ်ရာ ဖွံ့ဖြိုးရေးများသည် ဒေသအဆင့်တွင် ပဋိပက္ခနေရာအသစ်များကိုဖန်တီးခဲ့သည်။ တပ်မတော်သည် အရင်းအမြစ်များကာကွယ်ရန်၊ အဓိက နယ်စပ်ကုန်သွယ်ပေါက်များ ရယူနိုင်ရေးကို အာရုံစိုက်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပြီး ကုန်သွယ်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားရန်၊ အခွန်ကောက်ရန် EAO များကို ရန်စတိုက်ခိုက်လေ့ရှိသည်။ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ အတွင်းကရင်ဒေသများမှ တိုက်ခိုက်မှုများသည် အခွန်ကောက်သည့် အာရှလမ်းမ ကြီးအပါအဝင် အခွန်ကောက်နိုင်သည့် လမ်းမများပေါ်တွင်ဖြစ်ပြီး၊ ဟတ်ကြီးရေကာတာ တည်ဆောက်မည့် နေရာများတွင် အများအားဖြင့် ဖြစ်ပေါ်လေ့ရှိသည်။[၁၇၇]

၁၉၉၀ မှ ၂၀၀၀ နှစ်များအထိ ဖွံ့ဖြိုးရေး လုပ်ငန်းများ ထင်ထင်ရှားရှား ရှိခဲ့သည့် ကချင်နှင့် ရှမ်းပြည် အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင် မကြာသေးသည့် ကာလ အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများသည် ဆယ်စုနှစ်အတွင်း တိုင်းပြည်အတွင်း ဖြစ်ပွားခဲ့သည့် အပြင်းထန်ဆုံး ပဋိပက္ခဖြစ်သည်။ ၁၉၉၄ ခုနှစ် အပစ်အခတ် ရပ်စဲရေးပြီးနောက်ပိုင်း ကေအိုင်အိုသည် အစိုးရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကြီးအကျယ်ပူးပေါင်း ခဲ့သည့်တိုင် နိုင်ငံရေးသဘောတူညီချက်များ မရရှိခဲ့သောကြောင့် ပဋိပက္ခ များ တဖန်ပြန်လည်ဖြစ်ပွားခဲ့ သည်။ ၂၀၀၈၊ ၂၀၀၉ တွင်ကြီးမားလာခဲ့ သည့် နိုင်ငံရေးမကျေနပ်ချက်များသည် စီးပွားရေးကိစ္စများနှင့် တစိတ် တပိုင်း သက်ဆိုင်သည်။ ကေအိုင်အို၏ စီးပွားရေးလုပ်ကွက်များ လျော့ချခံ ရခြင်း၊ နိုင်ငံတော်အစိုးရနှင့်ချိတ်ဆက်ထားသည့် စီးပွားရေးများ တိုးချဲ့လာ သဖြင့် နယ်မြေများဆုံးရှုံးရခြင်းနှင့် တရုတ်နောက်ခံနှင့် ဆောင်ရွက်သည့် မြစ်ဆုံရေကာတာ စီမံကိန်းကို ထောက်ခံရန် ငြင်းဆန်ခဲ့မှုတို့ကြောင့်ဖြစ် သည်။[၁၃၄] နောက်ဆုံးတွင် ကေအိုင်အို နယ်မြေ အတွင်းမှ ရေကာတာ လုပ်ငန်းခွင်တစ်ခုတွင် ပဋိပက္ခ များစတင်ခဲ့သည်။[၁၃၅] ၂၀၁၁ ခုနှစ်မှစပြီး ကချင်အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အသင်းတော်များသည် နိုင်ငံရေး အာမခံချက် တစုံတရာမရှိပဲနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးရန် ကေအိုင်အိုကို အကြံပေး တိုက်တွန်းထားကြသည်။ ကေအိုင်အို နိုင်ငံရေး ရည်မှန်းချက်များ အကြောင်းပြုပြီး စီးပွားရေးသို့ ပြန်လည် ဦးတည်သွား မည် ကို စိုးရိမ်သည်က တစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဒေသခံများ သက်သာချောင်ချိရေး အကြောင်းပြုပြီး သဘာဝသယံဇာတများ အတား အဆီးမရှိ ပြန်လည်ထုတ်ယူသွားမည်ကို စိုးရိမ်သည်က တစ်ကြောင်း ဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းမှ ကွန်မြူနစ်ဟောင်းအဖွဲ့များဖြစ်သော ဝပြည် သွေးစည်း ညီညွတ်ရေးပါတီ (UWSP) နှင့် Myanmar National Democratic Alliance (မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော်) တို့သည် တရားမဝင် ကုန်သွယ်မှုများကြောင့် ငွေကြေး အင်အား၊ လက်နက် အင်အားလည်းတောင့်တင်းသည်။ ၎င်းတို့ နယ်မြေ အတွင်းမှ မြို့နယ်များသည် အိမ်နီးချင်းတရုတ်နိုင်ငံ၏ စီးပွားရေးပွင့်လန်း လာမှု အကျိုးခံစား နေရသည်။ ၂၄ နာရီ လျှပ်စစ်မီး အသုံးပြုနိုင်သည်။ ဟိုတယ်အကြီးစားနှင့် လောင်းကစားရုံများ၊ ဒေသဘာသာစကားပြော ရုပ်သံလွှင့်ရုံများရှိသော်လည်း ကျေးလက် ဒေသများတွင်မူ အခြေခံ ဝန်ဆောင်မှုကိုပင် ရယူနိုင်ခြင်းမရှိကြပါ။ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၂၀ ကျော် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်တွင် တပ်မတော်၏ ညွှန်ကြားမှု အောက်တွင် ဝင်ရောက်ရန်ငြင်းဆန်ခဲ့သော ကြောင့် MNDAA ခေါင်းဆောင်ပိုင်းကို အစိုးရက ပစ်မှတ်ထားခဲ့သည်။ ခေါင်းဆောင်များနှင့် ၎င်းတို့၏ အဖွဲ့ ဝင်များကို နိုင်ငံတွင်းမှ တိုက်ထုတ်ခဲ့ သည်။ MNDAA သည် ၂၀၁၅ အစပိုင်းတွင် အင်အားအပြည့်နှင့် ပြန်လည် ထွက်ပေါ်လာခဲ့ပြီး စစ်တပ်နေရာများ၊ မြို့များ၊ ကုန်သွယ်ရေးလမ်းကြောင်း များကို တိုက်ခိုက် ခဲ့သည်။ အချို့ဖြစ်စဉ်များတွင် အခြားသော EAO များ၏ အကူအညီနှင့် တိုက်ခိုက်ခဲ့သည်။

မြန်မာနိုင်ငံ၏အခြားနေရာများတွင်လည်း တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်လာ သည့် ကာလပြီး နောက်တွင် ပဋိပက္ခများပြန်လည်ပေါ်ထွက်လာသည့်ပုံစံ တူ ဖြစ်ရပ်များရှိသည်။ EAO အများ အပြားသည် အခွင့်အလမ်းပေါ်ထွက် လာသည်နှင့်အမျှ စီးပွားရေးလုပ်ကိုင်နေကြပြီး၊ အစိုးရနှင့်ဆက်စပ် လက်နက်ကိုင်အုပ်စုများသည် အတိုက်အခံနယ်မြေများတွင် ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရ ကဏ္ဍ ရင်းနှီးမြုပ်နှံမှုများပြုလုပ်လျက်ရှိသည်။ ယင်းလုပ်ငန်း စဉ်များသည် မပြီးဆုံးနိုင်သည့် ပဋိပက္ခစက်ဝန်း၏ အစိတ်အပိုင်းများ ဖြစ်သည်။

EAO သို့မဟုတ် ခွဲထွက်အဖွဲ့များကို နိုင်ငံတော်အစိုးရ၏ လက်ဝေခံအဖြစ် ပိုင်ပိုင်နိုင်နိုင် စည်းရုံးနိုင်သည့်အနေအထားတွင်ပင် ပဋိပက္ခအသစ်များပေါ် ထွက်လာလေ့ရှိသည်။ မြဲမြဲ လေ့လာလျှင် ယင်းအပြောင်းအလဲ အနေ အထားများသည် အပစ်အခတ်ရပ်စဲရေးသည် လက်နက်ချ အညံ့ခံခြင်း ဖြစ်သည်၊ ဖွံ့ဖြိုးရေးဆိုသည်မှာ ဗဟိုနိုင်ငံတော်အစိုးရကိုသာ အသားပေး သည့် အမြတ်အစွန်းအသားပေး လောဘတက်သည့်လုပ်ရပ်ဟု ယူဆထား သည့် EAO ခေါင်းဆောင်များနှင့် ထောက်ခံသူများ၏ အမြင် သဘောထား များကို ခိုင်မာစေခဲ့သည်။ ယင်း EAO များအတွင်းမှ ဌာနများသည်လည်း စီးပွားရေးပူးပေါင်းမှုမှ တဆင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် အစိုးရ၏ အားထုတ်မှုများပေါ်တွင် သံသယကြီးကြီးမားမား ရှိနေဆဲဖြစ်သည်။[၁၃၆]

## ၃.၃။ သဘာဝသယံဇာတ အသုံးချပြီး ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း

မြန်မာ၏ အမျိုးသားစီးပွားအဓိကမောင်းနှင်အားမှာ သဘာဝသယံဇာတ ထုတ်ယူခြင်း ဖြစ်သည်။ သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် ကျွန်းသစ်တို့သည် ၂၀၁၂ - ၂၀၁၃ ပြည်ပပို့ကုန် ၏ ၇၀ ရာခိုင်နှုန်းဖြစ်သည်ဟု ရရှိလာသည့် အချက်အလက်များအရသိရသည်။[၁၃၇] သဘာဝ ဓာတ်ငွေ့တင်ပို့မှု မြင့်တက်လာခြင်းသည် မြန်မာအစိုးရ၏ အရပ်ရပ်ဝင်ငွေကို အကြီး အကျယ်တိုးတက်စေခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း တစ်လလျှင် ဒေါ်လာ သန်းပေါင်း ၁၇၀ ရရှိစေခဲ့သည်။[၁၃၈] အခွန်မှ ရရှိငွေ အလွန်နည်းသည် ဖြစ်ရာ မြန်မာအစိုးရဝင်ငွေအများစုသည် သဘာဝ သယံဇာတများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ပတ်သက်နေလေ့ရှိသည်။[၁၃၉]

မြန်မာ၏ သဘာဝသယံဇာတအများစုသည် ပဋိပက္ခဒဏ်ခံရသည့် နေရာများတွင်ရှိနေကြ သည်။ထို့ကြောင့် အစိုးရသည် ယင်းဒေသများမှ ထွက်သော သယံဇာတများပေါ်တွင် ငွေကြေးအရ မှီခိုနေရသည်။ သယံဇာတမှ ရရှိသည့်အကျိုးအမြတ်များကို ခွဲဝေခြင်း၊ စီမံခြင်းသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဆွေးနွေး မှုများ ၏ အဓိကအကြောင်းအရာအဖြစ် ရောင်လွှဲ၍မရစွာ တည်ရှိနေသည်။

သယံဇာတထုတ်ယူခြင်းနှင့်ပတ်သက်ပြီး ခိုးကြောင်ခိုးဝှက်ဆောင်ရွက်မှု များ၊ နည်းဥပဒေများ အားနည်းချက်များ အပါအဝင်အခြား တိကျသည့် အချက်အလက်များ မရနိုင်ပါ။ အစိုးရသို့ဝင်ရောက်သည့် သယံဇာတ ဝင်ငွေများအားလုံးကို တိုက်ရိုက်တာဝန်ခံနိုင်ခြင်း မရှိပါ အထူးသဖြင့် နိုင်ငံပိုင်နှင့် စစ်တပ်နောက်ခံ ကုမ္ပဏီများမှ တဆင့် သွားသည့် စီးဆင်းမှု များဖြစ်သည်။ ပွင့်လင်းမြင်သာမှုမရှိသည့် စီးဆင်းမှုများသည် သယံဇာတ ဝင်ငွေ ပေါ်တွင် အဖွဲ့အစည်းလိုက်၊ တဦးချင်းလိုက် ရယူလိုမှုများ ဖြစ်ပေါ်စေသည်။

တပ်မတော်၊ EAO များနှင့်အရံတပ်ဖွဲ့များသည် သယံဇာတ ထုတ်ယူ ခြင်းမှ တိုက်ရိုက် အကျိုးခံစားနေကြသည်။ အချို့သော လက်နက်ကိုင် အဖွဲ့ များအတွက် ယင်းသည် အကြီးမားဆုံး ဝင်ငွေ လမ်းကြောင်း

ဖြစ်သည်။ တပ်မတော်နှင့် အရံလက်နက်ကိုင်တပ်ဖွဲ့ များသည် အကြီးစား သယံဇာတ ထုတ်လုပ်မှုအနီးအနားတွင်ရှိနေသည့် EAO များကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြသည်။ ၁၉ ၉ ၀ အစောပိုင်းနှစ်များ ဈေးကွက်တစိတ်တပိုင်း ဖွင့်လိုက်သည့်အချိန်တွင် အခွင့်ကောင်း ယူနိုင်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်အသစ် အများစုသည် ပဋိပက္ခဒဏ် ခံနေရသည့်ဒေသများမှ သဘာဝသယံဇာတများဖြင့် အမြတ်အစွန်း အများအပြားရရှိခဲ့ကြသည်။ ယင်းလုပ်ငန်းရှင်များသည် EAO ခေါင်းဆောင်များ၊ တပ်မတော် ခေါင်းဆောင်များ သို့မဟုတ် နှစ်ဖက်စလုံးနှင့် အချိတ်အဆက်ရှိသည်။

သဘာဝ သယံဇာတ ဝင်ငွေများသည် ဗဟိုနိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများကြား မှ ပြဿနာဆက်ဆံရေး၏ အမှတ်သညာလည်း ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသား ဒေသများတွင်ဖြစ်သည်။ ဒေသခံ ခေါင်းဆောင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ဒေသခံ သက်မွေးမှုနှင့် ပတ်ဝန်းကျင်ကို ပျက်ဆီးစေပြီး အကျိုးအမြတ်များသည် ခေါင်းဆောင်ပိုင်း သို့မဟုတ် အခြားသို့ရောက်သွားသည်ဟု တရားမျှတမှု မရှိသည့် သယံဇာတ ထုတ်ယူမှုကိစ္စကို မကြာခဏပြောလေ့ရှိသည်။

ယင်းသို့ဖြင့် သယံဇာတ တူးဖော်မှုပုံစံသည် နဂိုရှိပြီးသား မကျေနပ်မှုများ၊ တရားမျှတမှု မရှိ ဟုလက်ခံထားမှုများကို ပို၍အားကောင်းစေခဲ့သည်။ ဥပမာအားဖြင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝ သယံဇာတနှင့် ရေနံပိုက်လိုင်းသည် ပဋိပက္ခဒဏ် ခံနေရသည့် နေရာများကို ဖြတ်ပြီး တရုတ်နှင့် ထိုင်းနိုင်ငံသို့ ရောက်သွားသည်။ ရှမ်းပြည်မြောက်ပိုင်း နေရာအချို့တွင် ရွှေ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ဓာတ်ငွေ့တွန်းသည့် စက်ရုံ အနားတဝိုက်သည် ညဖက်တွင် မီးအသုံးပြုနိုင်ပြီး ဒေသခံ ကျေးရွာလမ်းတလျှောက်မှာ မှောင်နှင့်မဲမဲ ဖြစ်နေသည်။ မြန်မာ့ သယံဇာတသည် မြန်မာနိုင်ငံသားများကို အကျိုး ဖြစ်ထွန်းစေမှုမရှိသော်လည်း တရုတ်ကုမ္ပဏီများနှင့် ပြည်တွင်း ကုမ္ပဏီများကို အကျိုးဖြစ်စေကြောင်း အထင်အရှား ပြသသည့် ဥပမာဖြစ်သည်။ ရွှေ သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်း စမှတ်ဖြစ်သော ရခိုင်ပြည်မှ နိုင်ငံရေးသမားများက ဓာတ်ငွေ့မှ ဝင်ငွေများသည် ဗဟိုအစိုးရသို့သာ ရောက်သွားပြီး ၎င်းတို့ပြည်နယ်သည် တနိုင်ငံလုံးတွင်အဆင်းရဲဆုံးဖြစ်နေသည်ကို စောဒက တက်ခဲ့ကြသည်။၂၀၁၄ ရခိုင်အမျိုးသားအစည်းအဝေးတွင် ရခိုင်ပြည်နယ်နှင့် အနီး ကမ်းလွန် လုပ်ကွက်များမှထွက်သည့် ရေနံနှင့် ဓာတ်ငွေ့ဝင်ငွေ တဝက်ခန့်ကို ဒေသခံများ ထိန်းချုပ် နိုင်ရန် တောင်းဆိုခဲ့သည်။ သယံဇာတ စီမံရာတွင် ဒေသခံ အဖွဲ့များထည့်သွင်းရန်လည်း တောင်းဆိုခဲ့သည်။[၁၄၀]


## သတ္တုတူးဖော်ခြင်းနှင့် ပဋိပက္ခ

မြန်မာ၏ တွင်းထွက်ကြွယ်ဝမှုသည်အငြင်းပွားဖွယ်စရာမရှိအောင် များပြားပြီး တန်ဖိုး အတိ အကျ တွက်ချက်ရန်ခက်ခဲနေဆဲဖြစ်သည်။ ကျောက်မျက်တင်ပို့မှုများ အထူးသဖြင့် တရုတ်ပြည်သို့ ကျောက်စိမ်းပို့ရာမှ ရရှိသည့် ကိန်းဂဏန်းများကို ဖော်ထုတ်နိုင်မှု အားနည်းသည်။ ရရှိလာသည့် အချက်အလက်များပေါ် အခြေခံခန့်မှန်းသည့် လက်ခံနိုင် ဖွယ်မှန်းဆချက် တစ်ခုမှာ ၂၀၁၄ တနှစ်တည်း မြန်မာမှတရုတ်သို့ တင်ပို့ခဲ့သည့် ကျောက်မျက်တန်ဖိုး စုစုပေါင်းမှာ ၁၂.၃ ဘီလီယံခန့်ရှိသည်ဟု ဆိုထားသည်။[၁၄၁] ဂြိုလ်တု ပုံရိပ်များမှ ခန့်မှန်းချက် များအရ အားလုံးခြုံ၍ပြောရလျှင် မြန်မာနိုင်ငံရှိ သတ္တုတွင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာ ၅၆ ရာခိုင်နှုန်းသည် နယ်မြေစိုးမိုးရေး ပဋိပက္ခဒဏ်သင့်နေသည့် နေရာများတွင်ရှိနေသည်။ (ပုံ ၃.၁၀)[၁၄၂] ၂၀၁၅ - ၂၀၁၆ အတွင်း လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွား နေသည့် မြို့နယ် ၃ ပုံ ၂ ပုံတွင် ကျောက်မျက်၊ ရွှေ၊ ငွေ၊ သံ၊ ကျောက်မီးသွေး၊ ခဲနှင့် အခြား ရင်းမြစ်များ တူးဖော်သည့် အသေးစား၊ အကြီးစားလုပ်ငန်းများရှိနေသည်။ အချို့မှာ အပြင်းအထန် အတိုက်အခံ ဖြစ်နေသည့် နေရာများတွင် ရှိနေသည်။[၁၄၃]

တပ်မတော်သည် သတ္တုတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်နေသည့် ဖြစ်စဉ်

**ပုံ ၃.၁၀**

**သတ္တုတူးဖော်ရေးလုပ်ငန်းများ တည်နေရာနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပွားနေသည့်နေရာများ (၂၀၁၆)[၁၄၄]**




| | |
|---|---|
| ၁၁၇၃ | သတ္တုတူးဖော်ရေး လုပ်ကွက်များ ခန့်မှန်းခြေ အရေအတွက် |
| ၅၁၃ | ပဋိပက္ခကင်းစင်နယ်မြေများမှ ခန့်မှန်း သတ္တုတူးဖော်ရေး လုပ်ကွက် အရေအတွက် |
| ၆၆၀ | ပဋိပက္ခနယ်မြေများမှ ခန့်မှန်း သတ္တုတူးဖော်ရေး လုပ်ကွက် အရေအတွက် |
| ၄၂ | ပစ်ခတ်ထိတွေ့မှု ဖြစ်ပွားခဲ့သော သတ္တုတူးဖော်ရေးလုပ်ကွက်တည်ရှိရာ မြို့နယ် အရေအတွက် |

အများအပြား ရှိသည်။ ဥပမာ တပ်မတော်က ဦးစီးသည့် လုပ်ငန်းကြီး ၂ ခု အနက် တစ်ခုဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်သည် ကယားပြည်နယ်ရှိ မော်ချီး သတ္တုတွင်းတွင် ရှယ်ယာ အများစုပိုင်ဆိုင်ထားသည်။[၁၄၄] သတ္တုတွင်းများကို ဒေသမဲ ဆန္ဒနယ်၏ လွှတ်တော်အမတ်ဖြစ်နေသော စစ်ထွက်အရာရှိဟောင်း တစ်ဦး အပါအဝင် ဒေသခံ စီးပွားရေးသမားများက ဦးစီးလုပ်ကိုင်ကြသည်။ သတ္တုတွင်းကို တပ်မတော်က ပံ့ပိုးထားသည့် ဒေသခံပြည်သူ့စစ်များက အကာအကွယ်ပေးသည်။[၁၄၅]

EAO အဖွဲ့များသည်လည်း သတ္တုတူးဖော်ရေးတွင်ပါဝင်နေသည်။ တန်သာရီတိုင်းဒေသကြီးတွင် ဒေသခံအဖွဲ့များက ညစ်ညမ်းမှုများ ဖြစ်စေပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းမှု မရှိသလောက် ဖြစ်သည် ဟူသောအကြောင်းပြချက်နှင့် KNU ၏ ဘန်ချောင်း ကျောက်မီးသွေး စီမံကိန်းကို ထောက်ခံနေမှုကို အကြိမ်ကြိမ် ဆန့်ကျင်ခဲ့ကြသည်။[၁၄၆] စီမံကိန်းတွင် ထိုင်းကုမ္ပဏီအများအပြား ပါဝင်ပြီး ထိုင်း၊ တရုတ်နှင့် မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများမှ သတ္တုတွင်းတူးဖော်မှု လုပ်ငန်းများတွင် ပါဝင်နေကြသည့် အခြားကုမ္ပဏီများပါဝင်သည်။


## ရေကာတာများနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခ

မြန်မာနိုင်ငံလျှပ်စစ်လိုအပ်ချက်သည် တနှစ်လျှင် ၁၅ ရာခိုင်နှုန်း တိုးတက် လာမည်ဟု ခန့်မှန်းထားသည်။[၁၄၇] လိုအပ်ချက်များပြည့်မီရန်အတွက် ဓာတ်ငွေ့တင်ပို့မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး ရေအားလျှပ်စစ်နှင့် အခြား စွမ်းအင်အရင်းအမြစ်များ ဖော်ထုတ်ရန် အစိုးရက စီစဉ်လျက် ရှိသည်။ လည်ပတ်နေဆဲနှင့် လျာထားသည့် ရေအားလျှပ်စစ် ထုတ်ယူသည့် နေရာအများစုမှာ ပဋိပက္ခဒဏ်ခံနေရသည့်နေရာများ တွင်ရှိနေသည်။ ရေအားလျှပ်စစ် ထုတ်ယူသည့် ရေကာတာ ၂၆ ခုအနက် ၁၂ ခုသည် နယ်မြေ စိုးမိုးရေးပဋိပက္ခရှိသည့် ဒေသများတွင် ရှိနေသည်။ ဆောက်ရန်လျာထားသည့် ရေကာတာ ၅၀ အနက် ၄၂ ခုသည် ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင်ရှိနေသည်။ (ပုံ ၃.၁၁)

လူသားဖွံ့ဖြိုးရေးအတွက် ရေကာတာများသည် အရေးပါသော်လည်း လက်မခံနိုင်ဖွယ် ဆိုးကျိုးများကို ပြောင်းရွှေ့ခံရသူများ၊ မြစ်အောက်ပိုင်းမှ ရပ်ရွာများက ခါးစည်းခံရကြောင်း World Commission on Dams ကဖော်ပြထားသည်။[၁၄၈] မြန်မာနိုင်ငံရှိ ပဋိပက္ခ ဒဏ်ခံနေရသည့်နေရာများ တွင်ဖြစ်ပေါ်နေသည့် နေရာပြောင်းရွှေ့ခံရခြင်းပေါ် စိုးရိမ်မှု၊ သက်မွေး ဝမ်းကျောင်းမှုကို ထိခိုက်စေသည့် သဘာဝ ဝန်းကျင်ပျက်စီးမှုနှင့် မြေယာ ပိုင်ဆိုင်မှုကို ထိခိုက်မှုတို့က ရှိပြီးသား နယ်မြေစိုးမိုးရေးပဋိပက္ခ တင်းမာမှုများကို ပို၍ဆိုးစေသည်။ အကြီးစား ရေကာတာ ဆောက်လုပ် ရေးနှင့်အတူ တွဲပါလာသည့် တပ်မတော် အင်အား တိုးချဲ့ ချထားမှု ပေါ်တွင် တိုင်းရင်းသား လူနည်းစု နေရာများမှ ရပ်ရွာများက နစ်သက် မှုမရှိကြောင်း စည်းရုံးလှုပ်ရှားသူများက ပြောသည်။[၁၄၉] မြန်မာနိုင်ငံမှ ရေကာတာများသည် အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွား လေ့ရှိသည့် နေရာများ ဖြစ်ကြောင်းအထောက် အထားများရှိသည်။ (ဇယားကွက် ၃.၆) ရေအားလျှပ်စစ် ထုတ်နိုင် သည့်နေရာအများစုကို ကရင်၊ ကယား၊ ကချင်နှင့် ရှမ်းပြည်နယ် များတွင်တွေ့ရပြီး ယင်းနေရာ အားလုံးတွင် နယ်မြေစိုးမိုးရေးပဋိပက္ခများ ကာလရှည်ဖြစ်ပွား ခဲ့သည့်နေရာများ ဖြစ်သည်။[၁၅၀] အစိုးရ လုပ်ငန်းများကို အထောက်အပံ့ ပေးမည့် ကမ္ဘာ့ဘဏ် အကြံပြုချက်အရဆိုလျှင် ယင်းပြည်နယ်များသည် အမျိုးသားဓာတ်အားလိုင်းချိတ်ဆက်မှုတွင် နောက်ဆုံး ဦးစားပေး ဆောင်ရွက်မည့် နေရာများတွင်ပါဝင်နေသည်။ ဝေးလံပြီး လူနေကျဲသည့် တောင်ပေါ်ဒေသဖြစ်၍ကုန်ကျစရိတ်မြင့်မားနိုင်သောကြောင့်ဖြစ်သည်။[၁၅၁] ယင်းဒေသ များရှိ အချို့သော ရပ်ရွာများသည် ရေအားလျှပ်စစ်ကြောင့် တိုက်ရိုက် အကျိုးခံစားရမှု အနည်းဆုံးဖြစ်သော်လည်း အကြီးစား ရေကာတာဆောက်လုပ်မှု၏ ချက်ချင်း သက်ရောက်မှု၊ ရေရှည်ထိခိုက်မှု

## ပုံ ၃.၁၁

### ရေကာတာများ နှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပွား နေသည့်နေရာများ (၂၀၁၆)[၁၅၂]




| | |
|---|---|
| ၈၄ | ရေကာတာစုစုပေါင်း |
| ၁၂ | ပဋိပက္ခနယ်မြေအတွင်းရှိ ဆောက်လုပ်ပြီး ရေကာတာ အရေအတွက် |
| ၄၂ | ပဋိပက္ခနယ်မြေအတွင်းရှိ လျာထား ရေကာတာ အရေအတွက် |
| ၄ | ပဋိပက္ခနယ်မြေအတွင်းရှိ ဆောက်လုပ်ဆဲ ရေကာတာ အရေအတွက် |

များ၏ ဒဏ်ကိုခံစားရနိုင်မှုပေါ်တွင် စိုးရိမ်မှုများရှိသည်။[၁၅၂] အမျိုးသား ဓာတ်အားလိုင်း တိုးချဲ့မှု ဖြစ်စဉ် ရှေ့နောက်နေရာချထားခြင်းနှင့် ဆိုင်သည့် ဆုံးဖြတ်ချက် များကို ကုန်ကျစရိတ်ပေါ် အခြေခံပြီး အပြောင်းအလဲ ပြုလုပ်နိုင်ပြီး၊ ဒေသတွင်း နေစွမ်းအင်သုံး လျှပ်စစ် စက်ရုံများ တည်ဆောက်ပေးနိုင်သည်ဖြစ်သော်လည်း ဒေသတွင်းမှ လျှပ်စစ်များကို ဒေသခံများအထက်မှ ထုတ်ယူသွားသည့် ဓာတ်အားလိုင်း များပေါ် နမြောတသ ဖြစ်ခြင်းများသည် ရှိပြီးသားမကျေနပ်မှုများကို ထပ်တိုးစေမည် ဖြစ်သည်။

ကရင်၊ ကယား နှင့် ရှမ်းပြည်နယ်ရှိ EAO များက ၎င်းတို့ အာဏာ လွှမ်းမိုးမှု ရှိသည့် နေရာများတွင်  နိုင်ငံရေးအရ ငြိမ်းချမ်းရေး သဘော တူညီချက် ရရှိရန်အတွက် ပြည့်စုံသည့် လုပ်ငန်းအဆင့်များ မတွေ့ရသေးပဲ အကြီး စား ရေကာတာများ တိုးချဲ့ဆောက်လုပ် မည့်အစီအစဉ်ကို ဆန့်ကျင်ကြ သည်။ သို့သော်လည်း အချို့သော ဖြစ်စဉ်များတွင် ၎င်းတို့ အကျိုးစီးပွား နှင့် တိုက်ဆိုင်သည့်အတွက် ရေကာတာဆောက်လုပ်ခြင်းကို ထောက်ခံ သည့် EAO အချို့ရှိသည်။ ဥပမာ ကေအိုင်အိုသည် ၎င်းအာဏာပိုင်သည့် နေရာတွင် ရေကာတာ ဆောက်လုပ်ခြင်းများတွင် ပါဝင်သည်။

## ဇယားကွက် ၃.၆
## ကယားပြည်နယ်မှ ရေကာတာများ



ဘီလူးချောင်းရေအားလျှပ်စစ် (လောပိတဟုလည်း သိကြသည့်) ကို ၁၉၅၀ နှစ်များတွင် စတင်ခဲ့ပြီး ယင်းအချိန်မှစပြီး အငြင်းပွားမှုများစတင်ခဲ့သည်။ ရေကာတာအနီး ဓာတ်အားတိုင်များ စောင့်ရန်အတွက် အရပ်သားများ၏ အသက်ကိုရင်းစေသည်ဟု တပ်မတော်ကို စွပ်စွဲထားသည်။ အနီးအနားနေရာများတွင်လည်း မြေမြုပ်မိုင်းများရှိသည်ဟု  ယူဆရသည်။[၁၅၅] စက်ရုံမှ ရရှိသည့် လျှပ်စစ်များကို နိုင်ငံ၏ အခြားဒေသများသို့ ပေးပို့ခဲ့သည်ဖြစ်သောကြောင့် ရေကာတာသည် ကယားပြည်နယ်မှ ပြည်သူများအကျိုးကိုဆောင်ခြင်းမရှိဟူသော ယူဆချက်များ ကိုအားကောင်းစေခဲ့သည်။

ဘီလူးချောင်းရေကာတာနှင့် ပတ်သက်သည့် အငြင်းပွားဖွယ်ရာများမှာလည်း ရေကာတာ အသစ်များတည်ဆောက်ရန် လျာထားမှုကို ဆန့်ကျင်မှုများကြောင့် နောက်သို့ရောက်သွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရသည် တရုတ်ကုမ္ပဏီ Datang နှင့် ကယားပြည်နယ်တွင် ရေကာတာ ၃ ခုတည်ဆောက်ရန် သဘောတူခဲ့သည်။ ရွာသစ်ရေလှောင်တမံ (သံလွင်မြစ်၊ ရွာသစ်၊ ၆၀၀ - ၄၀၀၀ မီဂါဝပ်)၊ ပွဲချောင်းရေကာတာ ( ပွန်ချောင်း၊ စောလုံဟောကန်၊ ၁၃၀ မီဂါဝပ်)၊ ဒဘတ်ချောင်း ရေကာတာ (ဒဘတ်ချောင်း၊ ရှမ်း - ကရင်နီ နယ်စပ်၊ ၁၁၀ မီဂါဝပ်) တို့ဖြစ်သည်။


လျာထားသည့်နေရာများအနက် ပြည်နယ် တောင်ဘက်တွင်ရှိသော ရွာသစ်ရေလှောင်တမံ သည် အကဲအဆတ်ဆုံးနေရာဖြစ်သည်။ ကယားပြည်နယ်မှ အဓိက EAO ဖြစ်သော ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) သည် စီမံကိန်းကို ကန့်ကွက်ထားသည်။ ၂၀၁၀ ခုနှစ်တွင် ရေလှောင်တမံအနီးတွင် ပညာရှင်အုပ်စုကို တိုက်ခိုက်ခဲ့ပြီး ၃ ဦးသေဆုံးခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ ထိုအချိန်မှစပြီး ရပ်တန့်သွားသည်။


KNPP ၏ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၈ ချက်တွင် အကြီးစား စီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် ပါဝင်ပြီး ရွာသစ်ရေလှောင်တမံ အမည်ကို ဖော်ပြထားသည်။ စီမံကိန်းတွင်ပါဝင်ခွင့်မပြုသဖြင့် ဆန့်ကျင်ခြင်းအပြင် ဒေသတပ်ရင်းမဟုတ်သည့် တပ်မတော်စစ်တပ်များ ထပ်မံရောက်ရှိလာနိုင်မှု၊ အမာခံနယ်မြေဖြစ်သော ရွာတော်သို့ ပြင်ပမှ အလွယ်တကူဝင်ရောက်မှုများ မြင့်တက်လာမည်ကို စိုးရိမ်သဖြင့်လည်း ဆန့်ကျင်ခြင်းဖြစ်သည်။ ရေကာတာနှင့် ပတ်သက်ပြီး ဆန့်ကျင်ခြင်းသည် ကယားပြည်နယ်မှ ပြည်သူများအကျိုးကို ဆောင်ခြင်းလည်းဖြစ်သည်။

လတ်တလောနှစ်များအတွင်း အခြေအနေများ သိသိသာသာပြောင်းလဲသွားသည့်တိုင် ကယားပြည်နယ် နေရာအနှံ့အပြားတွင် လျှပ်စစ်မီး မရရှိမှုပေါ်တွင် ဒေသခံများ၏ မကျေနပ်မှုမှာ ရှိနေဆဲဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ ကယားပြည်နယ်မှ အိမ်ထောင်စု ၄၈.၄ ရာခိုင်နှုန်းသည် အလင်းရောင်အတွက်လျှပ်စစ်ကို အသုံးပြုနိုင်ကြပြီဖြစ်ပြီး နိုင်ငံအဆင့် ပျမ်းမျှသတ်မှတ်ချက်ဖြစ်သော ၃၂.၄ ရာခိုင်နှုန်း အထက်တွင်ရှိနေသည်။[၁၅၆] သန်းခေါင်စာရင်းကောက်ပြီးနောက်ပိုင်းမှစကာ အစိုးရသည် လျှပ်စစ်မီးသွယ်တန်းမှုကို တိုးမြှင့်ဆောင်ရွက်လျက် ရှိသည်။[၁၅၇] ရေကာတာအစီအစဉ်များနှင့်ပတ်သက်ပြီး အချက်အလက် အပြည့်အစုံမရရှိခြင်း၊ ဗဟိုအစိုးရ၏ လုပ်ငန်းကဏ္ဍတွင် ခရိုနီဝါဒ ပျံ့နှံ့နေခြင်းကြောင့် လူပြောများသည့် ကိစ္စများမှာ အပြောင်းအလဲမရှိ ပျံ့နှံ့နေဆဲဖြစ်သည်။

တိုင်းရင်းသား လူနည်းစု ဒေသများမှ အရပ်ဘက်လူ့အဖွဲ့အစည်းများ အပြားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ၎င်းနှင့် ဆက်စပ်နေသည့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များ၏ တိုးတက်မှုများ မရသရွေ့ ရေကာတာ အသစ်များတည်ဆောက်ခြင်းကို ရပ်တန့်ရန်၊ အခြားသော ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရပ်တန့်ထားရန် နည်းလမ်းရှာလျက်ရှိသည်။ ရှမ်းနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်တဦးက (ဆည်တွေများများဆောက်ဖို့ ကြိုးစားလေ ပဋိပက္ခပိုများလေပါပဲ၊ ဒါဟာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ အသေအချာ တွက်ချက်ပြီးမှ ငြိမ်းချမ်းရေးမရသေးခင် ရေကာတာ ဆောက်တာကို ငြင်းပယ်တာဖြစ်ပါတယ်) ဟု ပြောပြသည်။[၁၅၄]

ခြုံငုံသုံးသပ်ရလျှင် သဘာဝ သယံဇာတသည် အစိုးရ၏ အဓိက ဝင်ငွေဖြစ်ပြီး၊ မြန်မာ့ စီးပွားရေး တစ်ခုလုံးကို အဓိက ပံ့ပိုးနေကာ အနာဂတ် အလားအလာကြီးကြီးမားမား ရှိသည်။ နိုင်ငံ၏ မပြီးဆုံးနိုင်သေးသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများ၏ အဓိက အကြောင်းရင်းလည်းဖြစ်သည်။ မြန်မာအနေဖြင့် လတ်တလောဖြစ်ပေါ်နေသည့် စီးပွားရေး တိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာမှု များကို ဆက်လက်ထိန်းသိမ်း တည်ဆောက် ရန်လိုသည်။ထိုသို့ဆောင်ရွက်နိုင်ရန် သဘာဝသယံဇာတမှ ရရှိသည့် ငွေများကို အသုံးပြု ရမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေခြင်းမဟုတ်ပဲ ပံ့ပိုးပေးနိုင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် လိုသည်။ ယင်း အခက်အခဲဖြေရှင်းရန်မှာ မြန်မာအစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းများ၊ နိုင်ငံရေး သမားများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အထောက် အပံ့များပေးနေသည့် အဖွဲ့များ၏ အဓိကတာဝန်တစ်ခုဖြစ်သည်။





## အခန်း - ၄

# အထောက်အပံ့နှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ


## အကျဉ်းချုပ်

၂၀၁၁ ခုနှစ်မှစပြီး အလှူရှင်အများစုသည် မြန်မာနိုင်ငံတွင်း ၎င်းတို့ လုပ်ငန်းအစီအစဉ်များ ပုံမှန်ဆောင်ရွက်ရေးကို ဦးတည်ခဲ့သည်။ အထောက်အပံ့ငွေများကို တိုးမြှင့်ခဲ့ပြီး အစိုးရ ဌာနများနှင့် လက်တွဲလုပ်ဆောင်ခြင်းများကို တဖြည်းဖြည်းတိုးမြှင့်ခဲ့သည်။

မြန်မာသည် ၂၀၁၁ နှင့် ၂၀၁၅ နှစ်ကုန်ထိ အထောက်အပံ့ ကတိကဝတ် လျာထားချက် အဖြစ် အမေရိကန် ဒေါ်လာ ၁၃.၇ ဘီလီယံ ကို လက်ခံရရှိခဲ့သည်။ ယခင်အကြွေး ၆.၅ ဘီလီယံ ကိုလည်း လျော်ပေးခဲ့သည်။ အထောက်အပံ့အများစုမှာ ဂျပန်၊ ကမ္ဘာ့ဘဏ်၊ ယူကေ၊အမေရိကန်များမှထောက်ပံ့ခြင်းဖြစ်သည်။ ကျန်းမာရေး၊ စွမ်းအင်၊ သယ်ယူ ပို့ဆောင်ရေး ကဏ္ဍများသည် ထောက်ပံ့ငွေအများ ဆုံးရရှိကြပြီး၊ နိုင်ငံအဆင့်ဆောင်ရွက်နေ သည့် အစီ အစဉ်များမှ တဆင့်ပေးခြင်းဖြစ်သည်။

မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြည်တွင်းက ဦးဆောင်သော်လည်း  နိုင်ငံ၏ ပဋိပက္ခများကို နိုင်ငံရေးဆွေးနွေးမှုဖြင့် ဖြေရှင်းရန် နိုင်ငံတကာက ဝိုင်းဝန်းအားထုတ်မှုတွင် နိုင်ငံခြားကူညီမှုများက တစိတ်တပိုင်း ပါဝင်နေသည်။ ငြိမ်းချမ်းရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် ငွေအသုံးပြုမှုမှာ အခြားဆောင်ရွက်ချက်များနှင့် ယှဉ်လျှင် လျော့နည်းနေဆဲဖြစ်သည်။ အထောက်အပံ့ငွေမှ ၃.၄ ရာခိုင်နှုန်းကိုသာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပဋိပက္ခကြိုတင်ကာကွယ်ရေး စီမံကိန်းများတွင် အသုံးချသည်။


ယခုအခန်းတွင် မြန်မာနိုင်ငံသို့ပေးအပ်နေသည့် အထောက်အပံ့များ၏ လက်ရှိအနေအထား၊ ပဋိပက္ခနှင့် တိုက်ဆိုင်နေသည့် အချို့သော ဦးတည်ရာများကို ခြုံငုံဖော်ပြထားပါသည်။ ပထမအပိုင်းတွင်  မြန်မာနိုင်ငံသို့  အထောက်အပံ့များ ပုံမှန်ဖြစ်လာသည့် ကာလဖြစ်သော ၂၀၁၁ မှ ၂၀၁၆ အတွင်း ပံ့ပိုးခဲ့သည့် အထောက်အပံ့များ၏ သဘာဝ နှင့် အဆင့် များကို အခြားနိုင်ငံများမှ အနေအထားနှင့် ယှဉ်လျက်တင်ပြထားပါသည်။ ကဏ္ဍအများအပြားတွင် စီမံကိန်း အသစ်များ ထွက်ပေါ်လာသည်နှင့် အထောက်အပံ့ပေးသည့် အဖွဲ့များလည်း များပြားလာခဲ့သည်။ ဒုတိယအပိုင်းတွင် ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူဖြစ်စေရန် အဓိက ပေးသည့် အထောက်အပံ့များအကြောင်းကို ဖော်ပြထားပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် ပံ့ပိုးမှုများသည် မြန်မာနိုင်ငံသို့ ရောက်ရှိသည့် နိုင်ငံခြား အထောက်အပံ့၏ အနည်းစုသာ ဖြစ်သော်လည်း အခြား အာရှနိုင်ငံများနှင့် ယှဉ်လျှင် များပြား သည့်ပမာဏဖြစ်သည်။ တတိယပိုင်းတွင် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများသို့ပေးအပ်သည့် ဖွံ့ဖြိုးရေး အကူအညီနှင့်ပတ်သက်သည်များကို တင်ပြထားသည်။ တစတစ တိုးချဲ့ဆောင်ရွက်လာမှုကို အသားပေးဖော်ပြထားသည်။ စတုတ္ထပိုင်းတွင် မြန်မာနိုင်ငံရှိ အထောက်အပံ့ဆောင်ရွက်မှုများတွင် အရေးအကြီးဆုံး အပြောင်းအလဲများ အနက်တစ်ခုအပါအဝင်ဖြစ်သော နည်းပညာ အထောက်အပံ့၊ အစိုးရ လုပ်ငန်းများကို ငွေကြေးပံ့ပိုးပေးခြင်းတို့ဖြင့် အစိုးရနှင့်ပူးပေါင်းမှု မြှင့်တင်လာသည့်  အထောက်အပံ့အဖွဲ့များ၏ ဆောင်ရွက်ပုံများကို တင်ပြထားသည်။[၁၅၈]

## ၄.၁။ ၂၀၁၁ နောက်ပိုင်း အထောက်အပံ့များ၏ သဘာဝ - အစိုးရနှင့် ပုံမှန် ဆက်ဆံရေးသို့ ဦးတည်ခြင်း

### ထောက်ပံ့မှုအခြေအနေနှင့် ထောက်ပံ့သူများ


၂၀၁၁ အပြောင်းအလဲမတိုင်မီ OECD အဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံသို့ ပေးအပ်သည့် အကူအညီမှာ အလွန်နည်းပြီး ကူညီမှုများကို တင်းကျပ်သော နိုင်ငံရေးအခက်အခဲများ အောက်မှ ဆောင်ရွက်ရသည်။[၁၅၉] ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေး ဆန္ဒပြမှုများကို အကြမ်းဖက် နှိမ်နင်းခဲ့သည်ကို သံတမန်နည်းအရ တုန့်ပြန်မှု၏ တစ်ခုအနေဖြင့် အနောက် နိုင်ငံများမှ အလှူရှင် အသိုင်းအဝိုင်းသည် ၎င်းတို့ အထောက်အပံ့ အစီအစဉ် အများစုကို ရုပ်သိမ်းခဲ့ကြသည်။ ယင်းအချိန်တွင်မြန်မာနိုင်ငံသို့ လှူဒါန်းမှုအများဆုံးဖြစ်သော ဂျပန်သည်လည်း အထောက်အပံ့များကို သိသိသာသာဖြတ်ချ လိုက်သည်။ နောက်ဆယ်စုနှစ်ထိ မြန်မာ အစိုးရသည် နိုင်ငံခြား အထောက်အပံ့ သို့မဟုတ် အခြားပုံစံဖြင့်ရရှိသည့် အထောက်အပံ့ အနည်းငယ်ကိုသာရရှိခဲ့သည်။ နိုင်ငံတွင်းမှ နိုင်ငံခြားသားများ၏ လှုပ်ရှားမှုကိုလည်း စနစ်တကျ ထိန်းကျောင်း ကြပ်မတ်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ NGO အများအပြား ဆက်လက်ရှိနေသော် လည်း အစိုးရနှင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ဆိုင်ပြီး အလှူရှင်များက ကန့်သတ်ထားသကဲ့သို့ အစိုးရကလည်း ၎င်းတို့ လုပ်ငန်း ဆောင်ရွက်ပုံများကို ထိန်းချုပ်ထားသည်။[၁၆၀] ၁၉၉၀ အစောပိုင်းနှစ်များမှစပြီး လူသားချင်း စာနာမှု အဖွဲ့အစည်းများသည် ထိုင်းနယ်စပ် တလျှောက်မှ နေရပ်စွန့်ခွာ ထွက်ပြေးသူများနှင့် ပဋိပက္ခဒဏ် ခံစားနေရသည့် ရပ်ရွာများအား ကူညီခြင်းကို EAO များနှင့် ချိတ်ဆက်ထားသည့် ကွန်ယက်များ၊ ပြင်ပရှိ ဒီမိုကရေစီလှုပ်ရှားမှု ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး ဆောင်ရွက် တိုက်တွန်းရာတွင် NGO များသည် အရေးပါသည့်နေရာ တစ်ခုမှ ပါဝင်ခဲ့ကြ သည်။ တချိန်တည်းမှာပင် တရုတ်သည် အထူးနှုန်း ချေးငွေများ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများမှတင့် တဖြည်းဖြည်းနှင့် မြန်မာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အဓိက ပံ့ပိုးသူဖြစ်လာသည်။

၂၀၀၀ ခုနှစ်များအတွင်း ဥရောပသမဂ္ဂ၊ ယူကေ နှင့် ဩစတေးလျတို့သည် မြန်မာပြည် အလယ်ပိုင်းတွင် အထောက်အပံ့များတိုး၍ပေးခဲ့ကြသည်။ ထောက်ပံ့မှုအများစုကို ကူးစက် ရောဂါထိန်းချုပ်ရေးကဲ့သို့သော အထူး သတ်မှတ်ကိစ္စများတွင် အသုံးပြုခဲ့သည်။ သို့မဟုတ် ဒီမိုကရေစီ ပြုပြင် ပြောင်းလဲမှုများအတွက် နေရာလွတ်များ ဖန်တီးနိုင်ရန် ရည်ရွယ်လျက် ပြည်တွင်း အရပ်ဘက်လူ့အဖွဲ့အစည်းများကို ပံ့ပိုးပေးရန် အသုံးပြုခဲ့ သည်။ ကုလသမဂ္ဂ အဖွဲ့အစည်းအများအပြားသည်လည်း အစိုးရနှင့် ဆက်ဆံမှုကို အကန့်အသတ် နှင့်ပြု လုပ်ခဲ့ပြီး အလှူရှင်များအကူအညီဖြင့် အစီအစဉ်များကို လုပ်ဆောင် ခဲ့သည်။ အားလုံးခြုံ သုံးသပ်လျှင် နိုင်ငံကို ပံ့ပိုးမှုများမှာ နည်းပါးနေဆဲဖြစ်သည်။[၁၆၁] ၂၀၀၈ နာဂစ်ဖြစ်ပြီးနောက် တုန့်ပြန်မှုများကြောင့် နိုင်ငံတကာ အကူအညီများ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့ပြီး နောင်နှစ်များတွင် အနည်းငယ်လျော့ကျ သွားခဲ့သည်။[၁၆၂]

၂၀၁၁ ခုနှစ် နိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် နိုင်ငံခြား အထောက်အပံ့များ အလုံးအရင်းနှင့် ဝင်ရောက်လာမှုကို အစပြုပေးခဲ့ သည်။ သမ္မတ ဦးသိန်းစိန်သည် ဖွံ့ဖြိုးရေး အကူအညီများကိုဖိတ်ခေါ် ခဲ့ပြီး နိုင်ငံ၏ တိုးတက်လက်ခံရရှိနေသော နိုင်ငံတကာ အသိအမှတ်ပြုမှုကို

**ပုံ ၄.၁**


**၂၀၀၆ မှ ၂၀၁၅ အတွင်း မြန်မာနိုင်ငံသို့ နှစ်အလိုက် အထောက်အပံ့ပေးရေး လျာထားမှုများ**




ရင်းမြစ်: OECD Creditor Reporting System Aid Activity Database.[၁၆၆]

# ပုံ ၄.၂

## ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် အရှေ့တောင်အာရှ မှ တစ်ဦးချင်းစီရရှိသည့် တရားဝင် ဖွံ့ဖြိုးရေးအထောက်အပံ့




ရင်းမြစ် : OECD Creditor Reporting System Aid Activity Database.

နိုင်မာစေရန် ဆောင်ရွက်ခဲ့သည်။[၁၆၃] OECD နိုင်ငံများနှင့်၊ နိုင်ငံပေါင်းစုံမှ အဖွဲ့အစည်းများသည် အကြွေးအများအပြားကို လျော်ပေးခဲ့ကြသည်။ ဂျပန်သည်ထိပ်ဆုံးမှ ဦးဆောင်ခဲ့ပြီး မြန်မာအနေဖြင့် ၎င်းကိုပေးရမည့် ဒေါ်လာ ၆ ဘီလီယံ၏ ၆၀ ရာခိုင်နှုန်းကို လျော်ပေးပစ်ခဲ့သည်။[၁၆၄] မြန်မာ အနေဖြင့် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သို့ ပေးရန်ရှိသည့် အကြွေး စုစုပေါင်း ဒေါ်လာသန်း ၉၆၀ ကိုလည်း ဂျပန်၏ ပေါင်းကူး ချေးငွေဖြင့် အကျေအလည်ဆပ်နိုင်ခဲ့သည်။[၁၆၅] အကြွေးလျော်ပစ် ခြင်းနှင့်အတူ မြန်မာနိုင်ငံသို့ အလှူရှင်အသစ်များ ဝင်ရောက်လာပြီး ဆောင်ရွက်ရင်းစွဲ အစီအစဉ်များကို တိုးချဲ့ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် အထောက်အပံ့ပမာဏသည် အလျင်အမြန် မြင့်တက်လာပြီး ၂၀၁၀ နှင့် ၂၀၁၅ အတွင်း ဆယ်ဆနီးပါးတိုးတက်လာသည်။ အကြွေးလျော်ပစ်ခြင်းများ မပါပဲနှင့် မြန်မာနိုင်ငံသို့ ပေးအပ်မှုသည် ၂၀၁၁ ခုနှစ်တွင်ဒေါ်လာ ၃၀၂ သန်းမှ ၂၀၁၃ တွင် ၄.၅ ဘီလီယံထိတိုးတက်ခဲ့ပြီး ၂၀၁၄ နှင့် ၂၀၁၅ တွင် ၂.၁ ဘီလီယံ၊ ၃.၃ ဘီလီယံ အသီးသီးရှိခဲ့သည်။ ပုံ ၄.၁။[၁၆၇]

ယင်းအပြောင်းအလဲကြောင့် တဦးချင်းစီ အထောက်အပံ့ရရှိမှုတွင် ဒေသတွင်းရှိ ဖွံ့ဖြိုးမှု နောက်ကျသည့် နိုင်ငံများနှင့် တန်းတူဖြစ်စေခဲ့သည်။ ပုံ ၄.၂။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ရှိ တဦးချင်းစီရရှိသည့် နိုင်ငံခြား အထောက်အပံ့ပမာဏသည် ၆၂ ဒေါ်လာဖြစ်ပြီး ဝင်ငွေ အလယ်အလတ် ရှိသည့် အင်ဒိုနီးရှား သို့မဟုတ် ထိုင်းနိုင်ငံတို့ထက်များပြီး ကမ္ဘောဒီးယား သို့မဟုတ် လာအိုတို့ထက်နည်းသည်။[၁၆၈]


ထောက်ပံ့မှုများကို အထောက်အပံ့ပေးသည့် အဖွဲ့အမျိုးမျိုးက ပေးနေခြင်း ဖြစ်သော်လည်း အဓိကအကူအညီများမှာ အလှူရှင်ကြီး အချို့ထံမှသာ ဖြစ်သည်။ ပုံ ၄.၃ တွင်ပြထား ပါသည်။ မြန်မာနိုင်ငံတွင် ဝင်ရောက် လုပ်ကိုင်နေသည့် ငွေကြေးပံ့ပိုးသည့်အဖွဲ့ (funding agencies) ၈၂ ဖွဲ့သည် OCED မှဖြစ်သော်လည်း အထောက်အပံ့ ၈၅ ရာခိုင်နှုန်းကို ၆ ဖွဲ့ ကသာ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။[၁၆၉] ဂျပန်အကူအညီအများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကမ္ဘာ့ဘဏ်ဖြစ်သည်။ အမေရိကန်၊ ယူကေ၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ ဥရောပသမဂ္ဂနှင့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျား တိုက်ဖျက်သည့် Global Fund တို့သည် သန်း ၅၀၀ အထက် ပံ့ပိုးမှုပေးနေ သည့်အဖွဲ့များဖြစ်သည်။ တရုတ်တို့၏ အထောက်အပံ့များကို အချက် အလက်များတွင် အပြည့်အစုံဖော်ပြထားမှု မရှိခြင်းကြောင့် အချက် အလက်များ အပြည့်အစုံမရရှိခြင်းဖြစ်သည်။

နိုင်ငံပေါင်းစုံပါဝင်သည့် အကူအညီများတွင် ကမ္ဘာ့ဘဏ်နှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့မှုက အများဆုံးဖြစ်သည်။[၁၇၀] အာရှအခြေခံ အဆောက်အဦ ရင်းနှီးမြှုပ်နှံမှု ဘဏ် အသစ် (The new Asian Infrastructure Investment Bank) သည် မြန်မာနိုင်ငံသို့ ပထမဆုံး ကူညီမှုကို မန္တလေးတိုင်းဒေသကြီးတွင် ဓာတ်ငွေ့သုံး လျှပ်စစ် စက်ရုံ တည်ဆောက်ရန် ဒေါ်လာသန်း ၂၀ ပေးခြင်းဖြင့် စတင်ခဲ့သည်။[၁၇၁] ကုလသမဂ္ဂ အဖွဲ့အစည်းများသည်လည်း ၎င်းတို့လုပ်ငန်းများကို ချဲ့ထွင်ခဲ့သည်။ အထူးကိစ္စအတွက် ရည်ရွယ်သည့် Global Environmental Facility ကဲ့သို့သော တကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေ လုပ်ငန်း အများ အပြားမှာလည်း စတင်ဆောင်ရွက်လာကြပြီဖြစ်သည်။

စီမံကိန်း ၆ ခုအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပုဂ္ဂလိက ငွေချေးပေးမှုသည် ဒေါ်လာသန်း ၅၉၀ ရှိသည်။ နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း ကလည်း ချေးငွေအများအပြား ချထားပေးလျက်ရှိသည်။ ငွေချေး ပေးသည့်နိုင်ငံနှင့် ကုန်သွယ်ရေး ဆောင်ရွက်မှုကို အားပေးရန် အဓိက ရည်ရွယ် ငွေချေးပေးသည့် အစိုးရနှင့်ချိတ်ဆက်ထားသည့် သွင်းကုန် ထုတ်ကုန်ဘဏ်များသည်လည်း ချေးငွေချထားပေးမှုကို တိုးမြှင့်ခဲ့သည်။[၁၇၂]

## ပုံ ၄.၃


၂၀၁၆ နိုဝင်ဘာအထိ ဆောင်ရွက်နေသည့် စီမံကိန်းများအတွက် ပေးရန် လျာထားသည့်/ အမှန်တကယ်ပေးအပ်ခဲ့သည့် အထောက်အပံ့များ ခန့်မှန်းပမာဏ [129]




ရင်းမြစ်: The Asia Foundation Aid Data Verification Survey 2017. အသေးစိတ်အချက်အလက်များအား နောက်ဆက်တွဲတွင်ရှု။

## ပုံ ၄.၄

၂၀၁၆ နိုဝင်ဘာအထိ ကဏ္ဍအလိုက်ဆောင်ရွက်နေသည့် စီမံကိန်းများအတွက် အထောက်အပံ့ပေးအပ်မှု




ရင်းမြစ်: The Asia Foundation Aid Data Verification Survey 2017

## အထောက်အပံ့များကို မည်သည့်နေရာတွင် အသုံးပြုသနည်း

လက်ရှိ ရရှိနေသည့် အထောက်အပံ့ တဝက်နီးပါးကို ကဏ္ဍသုံးခုတွင် အသုံးပြုသည်။ စွမ်းအင်၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး တွင်ဖြစ်သည်။ (ပုံ ၄.၄) အခြေခံ အဆောက်အဦ စီမံကိန်း အသစ်များ အတွက် ငွေကြေးကူညီခြင်း အထူးသဖြင့် စွမ်းအင်နှင့် သယ်ယူပို့ ဆောင်ရေး ကဏ္ဍတွင် ဂျပန်၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က အဓိက ကူညီကြသူများဖြစ်သည်။ အခြားထင်ရှားသည့် ပံ့ပိုးမှုအဖြစ် တရုတ်၊ အန္တိယနှင့်  ထိုင်းတို့သည် လမ်းမကြီးစီမံကိန်းများနှင့် အခြား လုပ်ငန်းဆောင်ရွက်မှုများ အတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးပေးသည်။ နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းနှင့် အာရှဖွံ့ဖြိုးရေး ဘဏ်တို့သည် လျှပ်စစ်ထုတ်လုပ်မှု တိုးချဲ့ရန် ပုဂ္ဂလိက ကဏ္ဍတွင် ဒေါ်လာသန်းနှင့်ချီသည့်  ချေးငွေထုတ်ချေးမှုများ ပြုလုပ် ခဲ့သည်။[၁၇၃] ကျန်းမာရေးအတွက် အသုံးပြုမှုများသည် အခြားသော လူမှုရေး ကဏ္ဍအသုံးစရိတ်များကို နည်းပါးသွားစေသည်။

## ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းအပြောင်းအလဲများ

၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲတွင် NLD အစိုးရရွေးခံရပြီးနောက်ပိုင်းတွင် ဂျပန်၊ ပြင်သစ်၊ ကမ္ဘာ့ဘဏ်နှင့် အခြားမှ ပံ့ပိုးမှုများဆက်လက်ဝင်ရောက် လာခဲ့သည်။ အလှူရှင်များသည် အာဏာရလာသည့် အစိုးရသစ်များနှင့် ရင်းနှီးသည့်ဆက်ဆံရေးတည်ဆောက်ရန် ဆောင်ရွက်ကြသည်။ ၂၀၁၆ အတွက် ကတိပြုချက်များ သိသိသာသာတိုးတက်မှုမရှိပဲ အလှူရှင်များ၏ ချဉ်းကပ်ပုံများမှာလည်း သိသိသာသာပြောင်းလဲသွားခြင်းမရှိပါ။ မြန်မာ သို့ပေးသည့် အထောက်အပံ့များသည် စီးပွားရေးလည်ပတ်မှု အစိုးရ ရသုံးစရိတ်များနှင့်ယှဉ်လျှင် အလွန်နည်းသည့်ပမာဏဖြစ်သည်။ ၂၀၁၅ တွင်ပေးခဲ့သည့် ဒေါ်လာ ၁.၂ ဘီလီယံသည် တစ်နှစ်စာအမျိုးသား စုစုပေါင်းဝင်ငွေ၏ ၂ ရာခိုင်နှုန်းဝန်းကျင်၊ ခန့်မှန်း ၁၈.၅ ဘီလီယံရှိသော နိုင်ငံ ရသုံးစရိတ်၏ ၆.၄ ရာခိုင်နှုန်းသာရှိသည်။

> မြန်မာသို့ပေးသည့် အထောက်အပံ့များသည် စီးပွားရေးလည်ပတ်မှု အစိုးရ ရသုံးစရိတ်များနှင့်ယှဉ်လျှင် အလွန်နည်းသည့် ပမာဏဖြစ်သည်

အထောက်အပံ့များစီမံသည့် အစိုးရဖွဲ့စည်းပုံတွင် အပြောင်းအလဲ ကြီးကြီးမားမား ပြုလုပ်ခဲ့ သည်။ အစိုးရသစ်သည် အထောက်အပံ့ အဝင် အထွက်ကိုကြီးကြပ်စီမံလိုသည်။ NLD အမတ်အချို့က နိုင်ငံခြား ချေးငွေများ ဆိုင်းထားရန်သင့်ကြောင်း ထုတ်ပြောခဲ့သည်။ အစိုးရသည် Development Assistance Coordination Unit (ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့)ကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်း စုကြည် ဦးဆောင်ပြီး အထောက်အပံ့စီမံကိန်းများ နှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်သည့် အဆင့်မြင့်သည့် ဖွဲ့စည်းမှု အသစ်ဖြစ်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အခြေစိုက်ပြီး ကဏ္ဍပူးပေါင်းရေးအဖွဲ့ ၁၀ ခု နှင့် ဝန်ကြီးဌာနများကို ချိတ်ဆက်ပေးသည့် ယူနစ်ဖြစ်သည်။[၁၇၆]

## ဒေသတွင်းအိမ်နီးချင်းများ

နိုင်ငံခြားအထောက်အပံ့အများစုသည် အလှူရှင်နိုင်ငံများ၏ ဦးစားပေး နိုင်ငံခြားရေး မူဝါဒ များနှင့် အတိုင်းအတာတစ်ခုထိ ဆက်စပ်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး အကျိုး စီးပွားများအတွက်ရည်ရွယ်ပြီး အလှူရှင်များက အိမ်နီးချင်း နိုင်ငံများကို အထောက်အပံ့ပေးခြင်း အထင်အရှား ရှိနေခြင်းကြောင့် ယင်းအချိတ်အဆက်သဘောမှာ ပို၍ ထင်ရှားသည်။ ထိုင်းနှင့်တရုတ်တို့သည် မြန်မာအစိုးရနှင့် လုပ်ငန်းသဘော ဆက်ဆံရေးတစ်ခုကို ထိန်းသိမ်းထားပြီး ၎င်းတို့ နယ်စပ်ဒေသ အသီးသီး တွင် ဖြစ်ပေါ်နေသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများကြောင့် ပေါ်ပေါက် လာသည့် ပြဿနာများ ဖြေရှင်းနိုင်ရန် ရည်ရွယ်လျက် မြန်မာအစိုးရကို ချဉ်းကပ်ဆက်ဆံသည်။ နယ်စပ်မျဉ်းနစ်ဖက်တွင် လက်နက်ကိုင်အဖွဲ့များ လှုပ်ရှားနေမှုသည် အန္တိယအတွက်လည်း အရေးကြီးသည့် ကိစ္စတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိက၊ အစိုးရ ရင်းနှီးမြုပ်နှံမှုများအတွက် တရုတ်သည် အဓိက ပံ့ပိုးသူ ဖြစ်နေဆဲဖြစ်သည်။ တရုတ်အစိုးရ၏ တရားဝင် ထောက်ပံ့မှုများသည်၁၉ ၆၀ ခုနှစ်များမှ စတင်ခဲ့ပြီး ၂၀၁၂ မတိုင်မီ အနောက်နိုင်ငံပိတ်ဆို့မှု၊ ဂျပန်မှ အထောက်အပံ့နှင့် ရင်းနှီးမြုပ်နှံ မှုများလျော့သွားသည့်ကာလတွင် အခြားဘဏ္ဍာရေးစီးဆင်းမှုများထက် သိသိသာသာ အရေးပါခဲ့သည်။ လက်ရှိ တရုတ်မှပေးနေသည့်အထောက် အပံ့များသည် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုအမျိုးမျိုးကို ငွေကြေးပံ့ပိုး ပေးနေပြီး  ဗဟိုအစိုးရဝန်ကြီးဌာနများကို ပံ့ပိုးမှုများပြုလုပ်ပေးနေသည်။ အမျိုးအစားကွဲပြားမှု၊ အချက်အလက်များ အကန့် အသတ်ဖြင့်သာ ရရှိနိုင်မှုတို့ကြောင့် အခြားသော အကြီးစားအလှူရှင်နိုင်ငံများနည်းတူ တရုတ် အကူအညီများကို အလွယ်တကူ သတ်မှတ်ဖော်ထုတ်၍ မရပဲဖြစ်နေသည်။ အများသောအားဖြင့် အခြေခံအဆောက်အဦ ဆောက်လုပ်ခြင်း၊ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးစေရန် သင်တန်းများ၊ နည်းပညာ အကူအညီများပေးခြင်း၊ သံတမန်ရေး၊ စစ်ရေး၊ စီးပွားရေး ဆက်ဆံမှုများ၏ လုပ်ငန်း အစိတ်အပိုင်း တစ်ခုအနေဖြင့် ကူညီလေ့ရှိ သည်။ ဥပမာ ၂၀၁၅ တွင် ဒေါ်လာသန်း ၄၀၀ ကို အသေးစားချေးငွေများ အဖြစ်ချထား ပေးရန် ထုတ်ချေးပေးခဲ့သည်။[၁၇၇] မြန်မာအစိုးရ၏ စာရင်းအင်း များအရ တရုတ်သည် အရပ်ဘက်နှင့် စစ်ဘက် အရာရှိများကို လေ့ကျင့် ရေး အစီအစဉ်များ အဓိကပံ့ပိုးပေးသူဖြစ်သည်။[၁၇၈] ၂၀၁၆ တွင် NLD အစိုးရနှင့် ဆက်ဆံရေး တည်ထောင်ထားပြီး နောက်တွင်  ပို့ဆောင် ဆက်သွယ်ရေး အချိတ်အဆက်များ၊ ကုန်သွယ်ရေး တိုးတက်ရန် ရည်ရွယ်

သည့် ၎င်း၏ တိုက်ချင်းဆက် 'One Belt, One Road' လုပ်ငန်းများကိုမြန်မာ နိုင်ငံတွင် စတင်ဆောင်ရွက်ခဲ့သည်။ ၎င်း၏ လုပ်ငန်းအစီအစဉ်များ အောင်မြင်စေရန် အထောက်အပံ့များ၊ နှန်းထားသက်သာသည့် ချေးငွေများ ဆက်လက်ချထား ပေးရန် လည်း အလားအလာရှိသည်။

တရုတ်အထောက်အပံ့များသည် စစ်ရေးအကူအညီပေးခြင်း သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံခြင်းကဲ့သို့သော အခြားသော ဘဏ္ဍာရေး စီးဆင်းမှုနှင့် ခွဲခြား ထားနိုင်ခြင်းမရှိပါ။ တရုတ်ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် အခြေခံ အဆောက်အဦ လုပ်ငန်းများ၏ အရွယ်အစား၊ မြန်မာနိုင်ငံအတွင်း လွှမ်းမိုး နေမှုတို့ကြောင့် အငြင်းပွားဖွယ်ရာ ကိစ္စများ ပေါ်လာလေ့ရှိသည်။ စစ်တပ်ကိုထောက်ခံခြင်း၊ မြန်မာ့အချုပ်အခြာ အာဏာကို ချိုးဖောက် သည်ဟု ယူဆချက်များကြောင့် ဆန့်ကျင်ခံရခြင်း ဖြစ်သည်။ တရုတ်က အဓိက ငွေရင်းနှီးစိုက်ထုတ်သည့် ဒေါ်လာ သန်းပေါင်းများစွာတန်သည့် သဘာဝ သယံဇာတ ထုတ်ယူသည့် စီမံကိန်းများဖြစ်သော ရခိုင်ပြည်နယ်မှ တရုတ်သို့သွယ်တန်းထား သည့် ရေနံဓာတ်ငွေ့ပိုက်လိုင်း၊ ရပ်ဆိုင်းခံထားရသည့် ကချင်ပြည်နယ်မှ မြစ်ဆုံဆည် များကဲ့သို့သော စီမံကိန်းများသည် နိုင်ငံခြားနှင့် ဗဟိုအစိုးရကို အကျိုးအမြတ်ဖြစ်ထွန်းစေ သော်လည်း ဒေသခံများ၏ အခွင့်အရေးနှင့် အကျိုးခံစားခွင့်ကို အရေးမစိုက်သည့် သယံဇာတ ထုတ်ယူမှု ဥပမာများအဖြစ် မြန်မာပြည်သူအများအပြားက ရှုမြင်ကြသည်။

တရုတ်၏ အထောက်အပံ့များနှင့် ယှဉ်လျှင် မများလှသော်လည်း ထိုင်းနှင့် အိန္ဒိယသည် နယ်ပယ်အမျိုးမျိုးတွင် ပံ့ပိုးမှုများပြု လုပ်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးကို ဖွံ့ဖြိုးစေမည့် အခြေခံ အဆောက်အဦပိုင်းကို အလေးထား ဆောင်ရွက်သည်။ ကရင်ပြည်နယ်တွင် လမ်းများကောင်းမွန်လာရေးကို ထိုင်းက ထောက်ပံ့ပြီး အန္ဒိယက ကုလားတန် စီမံကိန်းကို ထောက်ပံ့ သည်။[၁၇၉] မြန်မာနိုင်ငံနှင့် နယ်မြေခြင်းထိစပ်နေသည့် အိမ်နီးချင်း များအပြင် အခြားသောအာရှနိုင်ငံများသည်လည်း စီမံကိန်း အမျိုးမျိုးကို ငွေကြေးပံ့ပိုးလျက်ရှိသည်။ ထင်ရှားသည့် ဥပမာ တစ်ခုမှာ နေပြည်တော်တွင်ရှိသည့် မူဝါဒရေးရာအဖွဲ့အစည်း ဖြစ်သော Myanmar Development Institute ကို တောင်ကို ရီးယားက ပံ့ပိုးခြင်းဖြစ်သည်။ တောင် ကိုရီးယားနှင့် အခြားအာရှ နိုင်ငံများမှ အကြံပေးအဖွဲ့များကဲ့သို့ ဖွဲ့စည်းထားပြီး ဗဟိုအစိုးရ၏ မူဝါဒပိုင်းနှင့်ဆိုင်သည့် နည်းပညာပိုင်း အစွမ်းအစများ မြှင့်တင် ပေးရန် ရည်ရွယ်ထားသည်။

## ဇယားကွက် ၄.၁
## မြန်မာနိုင်ငံရှိ ဂျပန်ဖွံ့ဖြိုးရေးလုပ်ပူးပေါင်းမှုများ

ထုတ်ပြန်ထားသည့် လှူဒါန်းငွေ ကတိပြုချက်များအရ ဂျပန်သည် ၂၀၁၆ နိုဝင်ဘာထိ ဆောင်ရွက် နေဆဲ စီမံကိန်းများတွင် ဒေါ်လာ ၃.၇ ဘီလီယံ ထောက်ပံ့ခြင်းဖြင့် မြန်မာပြည် ၏ အများဆုံးလှူသည့် အလှူရှင် ဖြစ်သည်။ နိုင်ငံနှင့် ကာလရှည် လက်တွဲ ဆောင်ရွက် ခဲ့ခြင်း၊ ၂၀၁၁ နောက်ပိုင်းမှစပြီး OECD အလှူရှင်များနည်းတူ တဖြည်းဖြည်း တိုးချဲ့ပံ့ပိုး မှုများ ကြောင့် ယင်းပမာဏသို့ ရောက်နေခြင်းဖြစ်သည်။ ၂၀၁၆ နိုဝင်ဘာတွင် အကြီးစား ထောက်ပံ့ရေး အစီအစဉ်တစ်ခုကိုကြေညာခဲ့သည်။ ကြေညာချက်အရ ၅ နှစ်အတွင်း ဒေါ်လာ ၇.၇၃ ဘီလီယံ ပံ့ပိုးသွားမည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် အတိုင်း OECD အထောက်အပံ့ပေးသူများအနက် အဓိက နေရာမှ ပါဝင်လိုသည့် ဂျပန်၏ သဘောထားကို ထင်ဟပ် ပြသနေသည်။ ဂျပန်သည် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် အင်ဒို နီးရှားတို့ကို အများဆုံး ပံ့ပိုးနေသည့် အလှူရှင်လည်းဖြစ်သည်။[၁၈၁]


မြန်မာနိုင်ငံသို့ပေးသည့် ဂျပန်၏ အကူအညီအများစုသည် အခြေခံအဆောက်အဦ အတွက် ဖြစ်သည်။ အထူးသဖြင့် သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားအတွက် ဖြစ်သည်။ ယင်းအချက်သည် ရန်ကုန်တွင် အထူးထင်ရှားသည်။ တံတားသစ်များ ဆောက် လုပ်ရန်စီစဉ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ရေပေးဝေရေးစနစ်နှင့် လျှပ်စစ်ဓာတ်အားပေးရေး ကိစ္စများအတွက် ဂျပန်က ငွေကြေးပံ့ပိုးသည်။ အချို့သောပံ့ပိုးမှုများမှာ ဂျပန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ စုစည်းနေသည့် သီလဝါ အထူး စီးပွားရေး ဇုန်တွင် အလျင်အမြန်ဖြစ် ပေါ်နေသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားရန် ရှိသည်။

မြန်မာသို့ပေးသည့် ဂျပန်အထောက်အပံ့အများစုသည် အစိုးရဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သည့် Japan International Cooperation Agency (ဂျပန် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ)မှ တဆင့်ဝင်ရောက်ခြင်း ဖြစ်သည်။ ကျန်ရှိ သေးသည့်ထောက်ပံ့မှုများကို UNHCR နှင့် World Food Programme ကဲ့သို့သော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ သို့မဟုတ် ဂျပန် NGO များသို့ တိုက်ရိုက်ပေးသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂျပန်၏အကူအညီများတွင် မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် အထူးကိုယ်စားလှယ်အဖြစ် ခန့်ထားခံရသည့် Yohei Sasakawa ဥက္ကဌအဖြစ် ဆောင်ရွက်နေသည့် နိပွန်ဖောင်ဒေးရှင်းကို ငွေကြေးပံ့ပိုးခြင်း လည်းပါသည်။ EAO များငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်ပါဝင်လာရန်၊ ပဋိပက္ခဒဏ်ခံ နေရသည့် ပြည်သူများအတွက် အသေးစားအထောက်အပံ့များပေးရန် အပါအဝင် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဒေါ်လာ သန်း ၁၀၀ ကျော်ကိုရရှိထားသည်။

**ပုံ ၄.၅**


## ၂၀၁၆ နိုဝင်ဘာအထိ ဆောင်ရွက်နေဆဲ စီမံကိန်းများအပေါ် ဂျပန်အစိုးရ၏ အထောက်အပံ့များကို ကဏ္ဍအလိုက်ခွဲပြထားချက်




ရင်းမြစ်: The Asia Foundation Aid Data Verification Survey 2017

**ပုံ ၄.၆**


## ဂျပန်၏ နိုင်ငံခြားအထောက်အပံ့ လက်ခံနေသည့်နိုင်ငံများ ၂၀၁၅




ရင်းမြစ်: OECD Creditor Reporting System Aid Activity Database

**ပုံ ၄.၇**

## ဂျပန်နိုင်ငံ၏ အထောက်အပံ့များ အကောင်အထည်ဖော်ပေးနေသည့် မိတ်ဖက်များ။ ၂၀၁၆ နိုဝင်ဘာထိဆောင်ရွက်နေသည့် စီမံချက်များ




ရင်းမြစ်: The Asia Foundation Aid Data Verification Survey 2017

အိမ်နီးချင်းနိုင်ငံများသည်လည်း လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် ကိစ္စများကို ထောက်ခံပံ့ပိုးမှုများပြုလုပ်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်မှုကို မြှင့်တင်ရန်အတွက် တရုတ်သည် မြန်မာအစိုးရနှင့် အကြမ်းဖက်ပဋိပက္ခများ ဖြစ်နေသည့် ၎င်း၏ နယ်စပ်ရှိ EAO များတွေ့ဆုံရန် စည်းဝေးများ၊ အပြန်အလှန်ခရီးများကို စီစဉ်ပေးသည်။[၁၈၀]


## ၄.၂။ ပဋိပက္ခဒေသများသို့ အထောက်အပံ့များ စီးဆင်းမှု

ပဋိပက္ခဒေသများသို့ အထောက်အပံ့မည်မျှရောက်သွားသည်ကို အတိ အကျ ဆုံးဖြတ် နိုင်ရန်မဖြစ်နိုင်ပါ။ နိုင်ငံအဆင့်၏ အောက်ရောက်သွားလျှင် အထောက်အပံ့အချက် အလက်များ အစီရင်ခံမှုအားနည်းသွားပြီး၊ စီမံကိန်း ဘတ်ဂျက်၏ မည်သည့်အပိုင်း သည် မည်သည့်နေရာများသို့ရောက်သွားသည်ကို ဆုံးဖြတ်ရန်ခက်ခဲသွားသည်။ အလှူရှင်များသည် ဒေသ အသီးသီးတွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းအကောင်အထည် ဖော်သည့် အဖွဲ့အစည်းများ (implementing agencies) များနှင့်တွဲပြီး နိုင်ငံအဆင့် လုပ်ငန်းများကို စီစဉ်ကြသည်။ ၂၀၁၆ နိုဝင်ဘာထိ ဆောင်ရွက်နေဆဲ စီမံကိန်းများ၏ အချက်အလက်များအရ မြန်မာနိုင်ငံသို့ ပံ့ပိုးသည့် အထောက်အပံ့ သုံးပုံတပုံအောက် (၃၁.၆ ရာခိုင်နှုန်း)သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး သို့ရောက်သွားသည်။[၁၈၂]

ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ် ၈၃ ရာခိုင်နှုန်းပါဝင်နေသော မြန်မာ နိုင်ငံ၏ ပြည်နယ် ၇ ခုသို့ပေးသည့် အထောက်အပံ့များသည် တိုင်းဒေသ ကြီးသို့ပေးသည့် အထောက်အပံ့များနှင့် ကွာဟမှုအနည်းငယ်သာရှိသည့် လက္ခဏာများရှိသည်။အထောက်အပံ့ပေးသည့် ပမာဏကို မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း စီမံကိန်းတည်နေရာများကို ပို၍ တိကျစွာ ဖော်ထုတ်နိုင်သည့် မြန်မာသတင်းအချက်အလက် စီမံမှုယူနစ် (Myanmar Information Management Unit (MIMU) မှ အချက် အလက်များအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သက်မွေးဝမ်းကျောင်း၊ WASH (ရေ၊ မိလ္လာနှင့် ကျန်းမာရေး)၊ အုပ်ချုပ်ရေး၊ ပဋိပက္ခဒဏ်ခံနေရသည့်ဒေသများမှ အရပ်သားများအကာအကွယ်ပေးရေးနှင့် ဆိုင်သည့် စီမံကိန်း အရေအတွက် တန်းတူ ရှိကြသည်။ (ပုံ ၄.၈)[၁၈၃] စိုက်ပျိုးရေး စီမံကိန်း များသည် တိုင်းဒေသကြီးများတွင် သိသိသာသာ များနေသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အစာရေစာပြတ်လတ်မှု ကြုံတွေ့နိုင်ချေ များသည့် မိုးနည်းရေရှားဒေသတွင် အားထည့်ဆောင်ရွက်ခြင်းကြောင့် ဖြစ်နိုင်သည်။ ပညာရေးနှင့် WASH စီမံကိန်းများကို ပြည်နယ်များတွင် အများအားဖြင့် တွေ့ရသည်။ ပဋိပက္ခဒေသများတွင် အစိုးရနှင့် မဆိုင်သည့်အဖွဲ့ သို့မဟုတ် EAO နှင့်ချိတ်ဆက်ထားသည့် ပံ့ပိုးသူ အရေအတွက် များနေခြင်းကြောင့်ဖြစ်နိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း အရေးအကြီးဆုံး ကွာဟချက်မှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပဋိပက္ခကာကွယ်ခြင်း

## ပုံ ၄.၈


၂၀၁၇ မတ်လအထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်နေသည့် ကဏ္ဍအလိုက် စီမံကိန်းများ အရေအတွက်




ရင်းမြစ်: Myanmar Information Management Unit, Countrywide Subsector Overview March 2017

## ပုံ ၄.၉

၂၀၁၆ နိုဝင်ဘာထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကဏ္ဍအလိုက် ဆောင်ရွက်နေဆဲ စီမံကိန်းများမှ တစ်ဦးချင်းစီ ရရှိနိုင်မှုအခြေအနေ




ရင်းမြစ်: The Asia Foundation Aid Data Verification Survey 2017

ကိစ္စရပ်များတွင်ဖြစ်သည်။ အထောက်အပံ့လုပ်ငန်းများ၏ အနည်းစုသာဖြစ်သော်လည်း ပြည်နယ် များတွင် ယင်းအရေးနှင့်ဆိုင်သည့် စီမံကိန်းအရေအတွက်မှာ တိုင်းဒေသကြီးထက်များသည်။

ပုံ ၄.၉ တွင် နိုင်ငံအဆင့် စီမံကိန်းများတွင် အသုံးပြုရန်ထက် ပြည်နယ် တစ်ခု သို့မဟုတ် တိုင်းဒေသကြီးတစ်ခုကို ရည်ရွယ်သည့် ငွေကြေး ပံ့ပိုးမှုပြုလုပ်ရာတွင် သယ်ယူ ပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍသည် ဒေသအားလုံး၌ အဓိကဖြစ်နေသည်။ စီမံကိန်းအရေအတွက် ထက်စာလျှင် တဦးချင်းရရှိမှုကို အလေးပေးတင်ပြထားသည့် ဇယားဖြစ်ပြီး ဒေသတစ်ခုကို ရည်ရွယ်သည့် အကြီးစား အခြေခံအဆောက်အဦလုပ်ငန်း ဆောင်ရွက်မှု က လွှမ်းမိုးနေရာ ယူထားသည်။ စွမ်းအင်ကဏ္ဍ အဓိက ပံ့ပိုးမှုများအဖြစ် ကယားပြည်နယ်တွင် ဂျပန်၊ မွန် ပြည်နယ်တွင် ကမ္ဘာ့ဘဏ်နှင့် ကရင် ပြည်နယ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်တို့က လုပ်ကိုင်နေသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍ ရရှိအစီရင်ခံထားသည့် အထောက်အပံ့ ၃ ပုံ ၁ ပုံ နီးပါး ကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်တို့က စိုက်ထုတ်ပေးပြီး မွန်နှင့် ကရင်ပြည်နယ်တွင် အပစ်အခတ်ရပ်စဲရေးကြောင့် မြေပြင် အခြေ အနေများ တည်ငြိမ်လာပြီးနောက်ပိုင်းတွင် ထိုင်းနှင့် ဆက်နေသည့်လမ်းကြောင်းကို အလျင်အမြန်တိုးချဲ့ခဲ့သည်။[၁၈၄] ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ ပဋိပက္ခကာကွယ်ခြင်း၊ ပြန်လည် တည်ဆောက်ခြင်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို တိုင်းဒေသကြီးများထက်စာလျှင် ပြည်နယ်များတွင် ဆောင်ရွက်သွားရန် လျာထားနိုင်ချေများသည်။[၁၈၅]


## ပဋိပက္ခမြို့နယ်များမှ ဖွံ့ဖြိုးရေးအထောက်အပံ့များ

အထက်တွင်ဖော်ပြခဲ့သည့် ကိန်းဂဏန်းများအရ ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များသို့ ပေးခဲ့သည့် အထောက်အပံ့များ ဦးတည်သည့်ကဏ္ဍများနှင့် ပဋိပက္ခမရှိသည့်မြို့နယ်များ၏ ဦးတည်သည့်ကဏ္ဍများသည် တန်းတူနီးပါး ဖြစ်သည်။ ပံ့ပိုးမှုပုံစံ အတိုင်းအတာများသည် ဒေသတွင်း အကြောင်း တရားများပေါ် အခြေခံပြီး မြို့နယ်အတွင်း၊ မြို့နယ်များကြား ကွဲပြားမှုများ ရှိနိုင်သည်။

အစိုးရက အပြည့်အဝ ထိန်းချုပ်ထားသည့် ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များမှ နေရာအစိတ်အပိုင်းများဖြစ်သော မြို့များ၊ အဓိက လမ်းမကြီးများနှင့် ကျေးရွာများတွင် နိုင်ငံတကာ အဖွဲ့အစည်းများသည် အစိုးရအာဏာပိုင်နှင့် ပူးပေါင်းပြီး လုပ်ငန်း အကောင်အထည်ဖော် ကြသည်။ လူမှုရေး ဝန်ဆောင်မှုများအတွက်ပေးအပ်သည့် ပံ့ပိုးမှု များသည် အစိုးရစနစ်ကို အားကောင်းစေရန် ရည်ရွယ်လေ့ရှိသည်။ သို့မဟုတ် အစိုးရ မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်လေ့

### ပုံ ၄.၁၀

**ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အထောက်အပံ့ ကတိကဝတ်များ ၂၀၀၀ – ၂၀၁၅၊ မြန်မာနှင့် နယ်မြေစိုးမိုးရေး ပဋိပက္ခဒဏ်ခံနေရသည့် အခြားနိုင်ငံများ**




ရင်းမြစ် : OECD Creditor Reporting System Aid Activity Database

ရှိသည်။ ယင်းဒေသများတွင်  နိုင်ငံအဆင့် အကြီးစား စီမံကိန်းများ ပြုလုပ်ရာတွင်လည်း ပုံမှန်လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်လေ့ရှိသည်။ ပြည်တွင်း၊ နိုင်ငံတကာမှ NGO များ အကောင်အထည်ဖော်သည့် စီမံကိန်းများကိုလည်း တွေ့ရသည်။ ယင်းနေရာများသည် အထောက်အပံ့ ပမာဏ အများအပြား လက်ခံရနိုင်ချေရှိသည်။ ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသည့် လေ့လာသူများက အစိုးရငွေစိုက်ထုတ်သည့် စီမံကိန်း၊ အထောက်အပံ့ ငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်း နှစ်မျိုးလုံးသည် အလွယ်တကူ သွားလာနိုင်သည့် နေရာများတွင် စုပြုံနေသည်ဟု ပြောခဲ့သည်။[၁၈၆]

ပဋိပက္ခဒဏ်ခံနေရသည့်မြို့နယ်များမှ ဝေးလံသည့်ဒေသများတွင် အထောက်အပံ့ ပေးရခြင်းသည် ပို၍ရှုပ်ထွေးသည်။ အဓိကအားဖြင့် EAO များ သို့မဟုတ် အရန်လက်နက်ကိုင် စစ်တပ်များ ရှိနေခြင်းကြောင့် ဖြစ်သည်။ ယင်းနေရာများတွင် အထောက်အပံ့ပုံစံများ ရောနေလေ့ရှိသည်။ အချို့ကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ ပံ့ပိုးပေးပြီး၊ အချို့ကို EAO များနှင့် အချိတ်အဆက်ရှိသည့် ဒေသခံအဖွဲ့အစည်းများက ပံ့ပိုးပေးသည်။ ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်နေလေ့ရှိသော်လည်း စုစုပေါင်း ရရှိသည့် အထောက်အပံ့မှာ နည်းပါးနေလေ့ရှိသည်။

ရပ်ရွာ သို့မဟုတ် ဘာသာရေးအဖွဲ့များအပါအဝင် ပဋိပက္ခဒဏ်ခံနေရသည့်မြို့နယ်များတွင် အထောက်အပံ့များကို စီမံနေသည့် အဖွဲ့အစည်းများသည် လမ်းကြောင်းသွား လာခွင့်ရအောင် လက်နက်ကိုင် အစုအဖွဲ့များနှင့် ညှိနှိုင်းနိုင်စွမ်းရှိကြသည်။ အလှူရှင်များမှ ပံ့ပိုးမှုများ လက်ခံနိုင်ရန် နိုင်ငံတကာ သို့မဟုတ် ဒေသခံ NGO ကြီးများနှင့် မိတ်ဖက်အဖြစ်ဆောင်ရွက်လေ့ရှိသည်။ ပြင်ပမှ စောင့်ကြည့်၊ သုံးသပ်မှု အနည်းငယ်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ကြသည်။

## ပဋိပက္ခဒဏ်ခံနေရသည့် ပြည်သူများအတွက် လူသားချင်းစာနာမှု၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်တည်ဆောက်ရေး အကူအညီများ

လူသားချင်းစာနာမှုအထောက်အပံ့များကို  လောလောလတ်လတ် နေရပ်စွန့်ခွာပြေးရသည့် ပြည်သူ အရေအတွက် အများအပြားရှိနေသော မြန်မာနိုင်ငံ၏ ပဋိပက္ခနယ်မြေများသို့ အများဆုံး ပံ့ပိုးပေးသည်။ အထောက်အပံ့အများစုမှာ စစ်ဘေးရှောင်စခန်းများသို့ ဦးတည် ပံ့ပိုးသည်။ ကျေးရွာများ၊ ဘုန်းကြီးကျောင်းများ၊ ပြန်လည်နေရာချထားသည့် နေရာများတွင် ဆောင်ရွက်သည့် စီမံချက်များလည်းရှိသည်။

ဒေါ်လာ ၄၇ သန်းကုန်ကျမည့် ကုလသမဂ္ဂ ဦးဆောင်ရေးဆွဲသည့် ၂၀၁၇ လူသားချင်း စာနာမှုတုန့်ပြန်ရေး အစီအစဉ် (Humanitarian Response Plan) အပါအဝင် လူသားချင်း စာနာမှုအထောက်အပံ့ ပမာဏအများစုကို လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများ ကြောင့် ထွက်ပြေးရသည့် ကချင်နှင့် ရှမ်းပြည်နယ်များမှ ပြည်သူများအတွက် အသုံးပြုခဲ့သည်။ ကချင်ပြည်နယ်မှ အချို့သောစခန်းများဖွင့်လှစ်ခဲ့သည်မှာ ၆ နှစ်ကျော်ပြီ ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ခြမ်းတွင်မူ ၂၀၁၁၊ ၂၀၁၂ နှစ်ဖက် သဘောတူ အပစ်အခတ် ရပ်စဲရေး စာချုပ်ချုပ်ပြီးနောက်မှစ၍ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းများ ရှားပါးသွားခဲ့သော်လည်း ရှိနေဆဲဖြစ်သည်။ အဆက်မပြတ်ဖြစ်နေသည့် မလုံခြုံမှုများ၊ အခြေခံ ဝန်ဆောင်မှုများ ရရှိနိုင်မှုနည်းပါးခြင်းတို့ကြောင့် ယင်းဒေသများတွင် အဖွဲ့အစည်း အများစုသည် လူသားချင်းစာနာမှုအခြေခံတွင်သာ ဆက်လက်ရပ်တည်နေကြသည်။ အရှေ့တောင်ခြမ်းတွင် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသည့် ပြည်သူပေါင်း ၄၀၀,၀၀၀ ခန့်ရှိမည်ဟု ၂၀၁၄ ခုနှစ် စာတမ်းတစောင်တွင် ခန့်မှန်းထားသည်။[၁၈၇] ရခိုင်ပြည်နယ်တွင် လူပေါင်း ၄၀၂,၀၀၀ အတွက်လူသားချင်းစာနာမှု အထောက်အပံ့လိုအပ်နေသည်။[၁၈၈]

အလှူရှင်များက လူသားချင်းစာနာမှု ပံ့ပိုးငွေများ လျှော့ချရန် ဆုံးဖြတ်သည့်အခါတွင် တင်းမာမှုများ မြင့်တက်လာလေ့ရှိသည်။ နေရပ်ပြန်ခြင်း သို့မဟုတ် အခြားနေရာတွင် အခြေချခြင်းကို ကူညီပေးခြင်းဖြင့် UNHCR နှင့် အခြား အဖွဲ့အစည်းများသည် နေရပ်စွန့်ခွာပြေးရသူများအတွက် ရေရှည်တည်တံ့သော ဖြေရှင်းချက် (durable solutions) ဖော်ထုတ်နိုင်ရန်အားထုတ်လျက်ရှိသည်။ ကချင်ပြည်နယ်ကဲ့သို့ နေရာရွှေ့ပြောင်း နေထိုင်ရမှု ကြာမြင့် နေပြီဖြစ်သောဒေသတွင် ရေရှည်ဖြေရှင်းမှုအတွက် ဆွေးနွေးကြသည့်အခါတွင် နေရာ ရွှေ့ပြောင်းရသည့် စစ်ဘေးဒုက္ခသည်များကို အတင်းအဓမ္မ နေရာချထားခြင်း သို့မဟုတ် ရေရှည်ဆုံးဖြတ်ချက်များကို အလောတကြီး ချမှတ်စေခြင်းများပြုလုပ်စေမည်ကို စိုးရိမ်ကြသည်။

နေရပ်စွန့်ခွာနေထိုင်ရမှု ကြာရှည်နေသည့်ကိစ္စများတွင် နေရပ်ပြန်ရန် သို့မဟုတ် အခြား တနေရာတွင် အခြေချရန် ကူညီခြင်းသည် အလွန် အကဲဆတ်ပြီးအလွန်လည်း ရှုပ်ထွေးသည်။ ၂၀၁၁၊ ၂၀၁၂ တွင် မြန်မာနိုင်ငံအရှေ့တောင်ခြမ်းတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်ပေါင်း ၁၀၀,၀၀၀ ကျော်ကို ပြန်လည်ပို့ရန် ပဏာမအစီအစဉ်များ ရေးဆွဲလျက်ရှိသည်။ ထိုင်း နှင့် မြန်မာအစိုးရများ၏ တိုက်တွန်းချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး အလှူရှင် များပံ့ပိုးမှု တစတစကျဆင်းလာမှုကြောင့်လည်းဖြစ်သည်။  UNHCR က အတိုင်းအတာတစ်ခုထိ စီစဉ်ဆောင်ရွက် ပေးခဲ့သည်။[၁၈၉] အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက လျှော့ချရသော အကြောင်းပြချက် အများအပြား ထုတ်ပြခဲ့သည်။ ပံ့ပိုးငွေအတွက် ပြိုင်ဆိုင်ရခြင်း၊ အခြားနိုင်ငံများတွင် လူသားချင်းစာနာမှုအထောက်အပံ့များလိုအပ်နေခြင်း၊ စခန်းတွင်းနေထိုင်သူများ အနေဖြင့် အထောက်အပံ့ပေါ်တွင် ရေရှည်မှီခိုနေမှုကို အဆုံးသတ်ရန်လိုအပ်ခြင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် လိုက်ဖက်ညီ ဆောင်ရွက်လိုခြင်း အစရှိသော အကြောင်းပြချက်များ ပေးခဲ့သည်။[၁၉၀]

နေရပ်ပြန်ပို့ခြင်းလုပ်ငန်းစဉ်သည် အလွန်နှေးကွေးစွာဖြစ်ပေါ်နေသည်။ မည်သည့် အစိုးရကမှ ပြန်လည်နေရာချထားခြင်းကို အလျင်အမြန် ဆောင်ရွက်ရန် တိုက်တွန်းခြင်း မရှိသေးသော်လည်း ထိုင်းနိုင်ငံအတွင်းမှ ဒုက္ခသည်စခန်းများတွင် နေထိုင်သူများသည် မြန်မာနိုင်ငံတွင်းရှိ လုံခြုံရေး အခြေအနေနှင့် သက်မွေးမှု အခြေအနေပေါ်တွင် သံသယဝင် နေဆဲဖြစ်သည်။ ဒုက္ခသည်များကို မည်သည့်ပုံစံ၊ မည်သည့်နေရာတွင် နေရာချထား ပေးမည်နှင့် ပတ်သက်ပြီး အစိုးရနှင့် EAO များကြားတွင် တင်းမာမှုများ ရှိနေဆဲဖြစ်သည်။ ၂၀၁၆ တွင် ဒုက္ခသည်အချို့ နေရပ်ပြန်နိုင်ရန် UNHCR က ကူညီဆောင်ရွက်ပေးခဲ့သည်။ သို့သော်လည်း နေရပ်ပြန်မှုများကို ဆက်လက်အကူအညီပေးမည့် အစီအစဉ်များနှင့် ပတ်သက်ပြီး ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပါ။[၁၉၁]

## ၄.၃။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် နိုင်ငံခြားအထောက်အပံ့

မြန်မာနိုင်ငံရှိ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းအများအပြားသည် တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်နယ်များရှိ ပဋိပက္ခဆက်စပ် လုပ်ငန်း အမျိုးမျိုး ကို ငွေကြေး ပံ့ပိုးပေးသည့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အထူးအစီအစဉ်များကို စီစဉ်လုပ်ကိုင် ခဲ့ကြသည်။ ယင်းအစီအစဉ်များ သည် အလှူရှင်တဦးချင်းစီ၏ စုစုပေါင်းပံ့ပိုးမှု၏ အစိတ် အပိုင်းငယ် လေးသာဖြစ်ပြီး စုစုပေါင်းပမာဏသည် ၂၀၁၆ အတွင်း လုပ်ဆောင်ခဲ့သည့် စီမံကိန်းများကို ပေးခဲ့သည့် အထောက်အပံ့၏ ၃.၄ ရာခိုင်နှုန်း ဝန်းကျင် သာရှိသည်။

အာရှတခွင်မှ အတိုက်အခံနယ်မြေများအကြောင်းလေ့လာချက်စာတမ်း (Contested Corners of Asia study) တွင် ဖော်ပြထားသည့်အတိုင်း တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆောင်ရွက်နေမှု သို့မဟုတ် နိုင်ငံရေး အပြောင်းအလဲများက နယ်မြေစိုးမိုးရေး ပဋိပက္ခများတွင် အလှူရှင် များအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင် ပါဝင်နိုင်မှုကို အကြီးအကျယ် လွှမ်းမိုးထားသည်။ တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ် မရှိလျှင် နယ်မြေ စိုးမိုးရေး ပဋိပက္ခများ အတွက် ရည်ရွယ်သည့် ငြိမ်းချမ်းရေး အစီအစဉ် များကို မလွဲမသွေ အကန့်အသတ် ဖြစ်စေမည်ဖြစ်သည်။[၁၉၂] ယင်းပုံစံကို မြန်မာနိုင်ငံတွင် အထင်အရှား တွေ့ရ သည်။၂၀၁၂ ခုနှစ် တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်စတင်သည့် အချိန်တွင်မှ အထောက်အပံ့ အားလုံးကိုတိုးချဲ့ခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးကျယ်ပြန့်လာရန် အလှူရှင်များ ၏ အထောက်အပံ့ကို သိသိသာသာမြင့်တက်လာစေခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ဆက်စပ် နေသည့် အထောက်အပံ့ ကတိကဝတ် များသည် ၂၀၁၀ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၁ သန်းနားကပ်နေရာမှ ၂၀၁၂ တွင် သန်း ၂၀ ထိတိုးတက်လာခဲ့ပြီး ၂၀၁၅ တွင် ၁၁၆ သန်းထိ တိုးလာခဲ့သည်။ ပုံ ၄.၁၀။[၁၉၃]

ပုံ ၄.၁၀ တွင်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အလှူရှင်များ၏ သုံးစွဲမှုသည် ယနေ့ခေတ် ဒေသတွင်းရှိ နယ်မြေစိုးမိုးရေးပဋိပက္ခဒဏ်ခံ နေရသည့် နိုင်ငံများတွင်သုံးစွဲခဲ့မှုထက်များ သကဲ့သို့ လွန်ခဲ့ သည့် ၁၅ နှစ်အတွင်းက ကအသုံးပြုခဲ့မှုများထက်လည်း များသည်။ ပြည်သူ့ဝန်ဆောင်မှု သို့မဟုတ်အကြီးစား အခြေခံ အဆောက် အဦ လုပ်ငန်းကဲ့သို့သော ဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ယှဉ်လျှင် နိုင်ငံများ၏ ပံ့ပိုးမှု စုစုပေါင်းပမာဏသိသိသာသာ နည်းနေခြင်းရခြင်းမှာ ငြိမ်းချမ်း ရေးနှင့် လုံခြုံရေး လုပ်ငန်းများ၏ ကုန်ကျစရိတ်နည်းပါးမှုကြောင့်ဖြစ်သည်။ ပဋိပက္ခလွန် သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိအပြီး ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများမှတဆင့် ငြိမ်းချမ်းရေး အသီးအပွင့် များ ရရှိအောင် ကြိုးစားသည့်အခါမျိုးတွင် ငွေကြေးလိုအပ်လေ့ရှိသည်။ ထိုအခြေအနေမျိုးကို ၂၀၀၅ အာချေးသဘောတူညီချက် အပြီး ၂၀၀၇ တွင် အထောက်အပံ့လက်ခံရရှိမှု မြင့်တက်လာသည့် အင်ဒိုနီးရှား၊ ၂၀၀၈ တွင် မြင့်တက်လာသည့် နီပေါ ဖြစ်စဉ်များတွင် တွေ့နိုင်သည်။[၁၉၄] ထိုဖြစ် စဉ်များတွင် မြင့်တက်လာသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အသုံးစရိတ် များကို နယ်မြေစိုးမိုးရေး ပဋိပက္ခရှိရာဒေသများတွင် ဖွံ့ဖြိုးရေးဆောင်ရွက်မှု တိုးချဲ့နှင့် တွဲလျက်ဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေး ညှိနှိုင်း ဆွေးနွေး ပွဲများ အချိန်ကြာနေပြီး ရေရာမှုမရှိသည့် ဖိလစ်ပိုင်၊ ထိုင်းကဲ့သို့သော နိုင်ငံများတွင် အသုံးစရိတ်များ လျော့နည်းနေဆဲဖြစ်သည်။[၁၉၅]

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အလျင်အမြန်ဖြစ်ထွန်းနေသည်၊ နိုင်ငံရေးအရ အထူးဦးစားပေးသည့် ကိစ္စဖြစ်သည်ကို အသိအမှတ်ပြု လက်ခံထားသော်လည်း ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအတွက် ၂၀၁၂ ခုနှစ်မှစပြီး ဒေါ်လာ သန်း ၂၇၀ ကို သီးသန့် အသုံးပြုခဲ့မှုသည် ဒေသတွင်းမှ အခြားနိုင်ငံများနှင့်ယှဉ်လျှင် မြင့်တက်နေသည်။ ဥပမာ သီရိလင်္ကာတွင် တမီးလ်ကျားအဖွဲ့ (Liberation Tigers of Tamil Eelam) ကိုစစ်တပ်က ၂၀၀၉ တွင်ချေမှုန်းပြီး နောက်ပိုင်းလေးနှစ်အတွင်း ဒေါ်လာ ၁၇၂ သန်းလက်ခံရရှိခဲ့သည်။ နီပေါသည်လည်း ၂၀၀၆ ငြိမ်းချမ်းရေးသဘောတူညီချက် ရေးထိုး ပြီး ၂၀၀၆ နှင့် ၂၀၀၉ ကြားတွင် ဒေါ်လာ သန်း ၂၄၀ လက်ခံရရှိခဲ့သည်။ ဖိလစ်ပိုင်နှင့် ထိုင်း နိုင်ငံ၏ လက်ခံရ ရှိမှုပမာဏမှာ နည်းပါးသည်။[၁၉၆]

မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေးထောက်ခံမှု လှုပ်ရှားမှုများမှာပုံစံအမျိုးမျိုး ဖြစ်သည်။ ပုံမှန်အားဖြင့် ကြားခံအဖွဲ့အစည်း တစ်ခုမှတဆင့်ဆောင်ရွက် လေ့ရှိသည့် ငွေကြေးပံ့ပိုးမှုများကို ငြိမ်းချမ်းရေးညီလာခံများကျင်းပသည့်စ ရိတ်၊ ပြင်ဆင်ရေးလှုပ်ရှားမှုများ၊ ညှိနှိုင်းသူများ၏ စရိတ်များတွင် အသုံးပြုသည်။ အစိုးရဦးဆောင်သည့် ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေး ဗဟိုဌာန (Myanmar Peace Center) မှတဆင့် တရားဝင် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးများအတွက် အလှူရှင်များက အထောက် အပံ့ အများအပြားပေးအပ်ခဲ့သည်။ ၂၀၁၂ မှ ၂၀၁၅ ထိ ဂျပန်၊ ဥရောပ သမဂ္ဂ နှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ဆောက်မှု ရန်ပုံငွေတို့က ငွေကြေး၊ နည်းပညာ အထောက်အပံ့များ ပေးခဲ့သည်။[၁၉၇]

ထို့ပြင် ညှိနှိုင်းဆွေးနွေးနေသည့်အဖွဲ့များ၏ စွမ်းဆောင်ရည် မြှင့်တင် ပေးရန်၊ နိုင်ငံရပ်ခြား လေ့လာရေး သို့မဟုတ် သက်တမ်း မကြာသေးသည့် ငြိမ်းချမ်းရေးအပြောင်းအလဲကာလတွင် ယုံကြည်မှုတည်ဆောက်ရန် ရည်ရွယ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင်ပါဝင် စေခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ အချို့သော အစီအစဉ်များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံးပါဝင်မှု တိုးတက်ရန် သို့မဟုတ် ကိုယ်စားပြုမှု အားကောင်းလာစေရန် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဒေသတွင်းမီဒီယာကို ပံ့ပိုးပေးခြင်းနှင့် လုပ်ငန်း အဖွဲ့များ (interest groups) သုတေသန ဆောင်ရွက်နိုင်ရန်၊ ပဋိပက္ခဒဏ်ခံနေရ သူများ နှင့် ဆွေးနွေးနိုင်ရန်၊ ထိထိရောက်ရောက် တိုက်တွန်းမှုများ ပြုလုပ်နိုင်ရန် ကူညီသည့် အစီအစဉ် အချို့လည်းရှိသည်။ နော်ဝေဦးဆောင်သည့် မြန်မာ ငြိမ်းချမ်းရေး ထောက်ပံ့ရေး လုပ်ငန်းဆောင်ရွက်မှုသည် အထောက်အပံ့ငွေဖြင့် ဆောင်ရွက်သည့် အထင်ကရ လုပ်ငန်းဖြစ်ပြီး ၂၀၁၂ မှ ၂၀၁၄ ထိ ၃ နှစ်တာ အတွင်း နိုင်ငံတွင်းရှိ ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ စီမံကိန်း၂၂ ခုအတွက် ဒေါ်လာ ၆.၅ သန်းနီးပါး ချထားပေးခဲ့သည်။[၁၉၈] ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အလုံးအရင်းနှင့်ထောက်ပံ့နေသည့် နိပွန်ဖောင်ဒေးရှင်း (The Nippon Foundation)သည် လူသားချင်း စာနာမှု၊ စိုက်ပျိုးရေး လုပ်ငန်းများပါဝင်သည့် အလားတူစီမံကိန်းများ၊ ဒုက္ခသည် နေရပ်ပြန်ရေး ပြင်ဆင်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။[၁၉၉]

သဘာဝသယံဇာတစီမံမှု သို့မဟုတ် မိခင်ဘာသာစကား ပညာရေး ကဲ့သို့သော ဆက်စပ်မှုရှိသည့် ကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ သို့မဟုတ် ပဋိပက္ခနှင့်ဆိုင်ပြီး ၎င်းတို့၏ စိုးရိမ်မှုတစ်ခုခြင်းစီကို ဖြေရှင်းရန် ပဋိပက္ခဒဏ်ခံနေရသည့် ရပ်ရွာများနှင့် တိုက်ရိုက် လုပ်ကိုင်ခြင်းဖြင့်

ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုပေါ် တိုက်ရိုက်အာရုံမစိုက်ပဲ ပဋိပက္ခဖြစ်ပွားစေသည့် အကြောင်းရင်းကို တိုက်ရိုက်ရှင်းသည့် ငြိမ်းချမ်းရေး တည်ဆောက်မှု စီမံကိန်း များရှိသည်။ ဒုတိယအမျိုးအစား လုပ်ငန်းများတွင် အုပ်ချုပ်ရေးပြဿနာများ ဖြေရှင်းရန်၊ ပဋိပက္ခအခြေအနေအလိုက် လုံခြုံရေး စိုးရိမ်မှုများ ဖြေရှင်းရန် လုပ်ငန်းစဉ်များ ပါဝင်သကဲ့သို့ ဆင်းရဲမွဲတေမှုလျှော့ချခြင်း သို့မဟုတ် ရေနှင့် မိလ္လာ ကိစ္စကဲ့သို့ သာမန်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များလည်းပါဝင်သည်။ စီမံကိန်းအများ အပြားသည် နယ်မြေစိုးမိုးရေး ပဋိပက္ခရှိရာဒေသများတွင်ပင် ရပ်ရွာအချင်းချင်း၊ ဘာသာအချင်းချင်း ဆက်ဆံရေးကို တိုးတက်စေခဲ့သည်။

ဥရောပအထောက်အပံ့ အစီအစဉ်များကဲ့သို့သော ငြိမ်းချမ်းရေးအတွက် လှူဒါန်းပံ့ပိုးမှုများ သည် NGO ကဲ့သို့သော ကြားခံအဖွဲ့အစည်းအချိတ်အဆက်များမှတဆင့် သွားလေ့ရှိ သည်။ ပြည်တွင်း၊ နိုင်ငံတကာ NGO များသည် ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေ (Joint Peace Fund)၊ ငြိမ်းချမ်းရေး အထောက်အကူပြုရန်ပုံငွေ (Peace Support Fund) နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တဆင့်အထောက်အပံ့များ လက်ခံရရှိကြသည်။ နိုင်ငံတကာ NGO များ သည် ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းထက် ဒေသခံ သို့မဟုတ် ပြည်တွင်း NGO များနှင့် ပူးပေါင်းပြီး လုပ်ငန်းအကောင်အထည်ဖော်ကြသည်။ အချို့သော ငြိမ်းချမ်းရေး အထောက်အကူပြု ရန်ပုံငွေများကို အစိုးရသို့ တိုက်ရိုက်လွှဲပြောင်းပေးသည်။ အလှူရှင်များ သည် အစိုးရကို တိုက်ရိုက် ရန်ပုံငွေ မလွှဲတော့ပဲ အစိုးရ စွမ်းရည် တိုးတက်ရေးကို ပံ့ပိုးသည်များ လည်းရှိသည်။ ၂၀၁၅ အောက်တိုဘာတွင် အားလုံးပါဝင်မှုမရှိသည့် တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်ပိုင်းနှင့်၊ တိုးတက်မှု မရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများနှင့်အတူ ရှမ်းပြည်မြောက်ပိုင်းတွင် အကြမ်းဖက် တိုက်ခိုက်မှုများ မြင့်တက်လာပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သိသိသာသာ ပြောင်းလဲသွားသည်။ တရားဝင် နိုင်ငံရေးဆွေးနွေးမှုကို ပံ့ပိုးရန် သို့မဟုတ် NCA တွင်ပါဝင်သည့် အပစ်အခတ် ရပ်စဲရေးစောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များတွင် ပံ့ပိုးရန် အလှူရှင်များ အနေဖြင့် သင့်တော်သည့် နည်းလမ်းကို ခက်ခက်ခဲခဲရှာဖွေနေရသည်။

၂၀၁၆ ခုနှစ်တွင်တော့ ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေ (Joint Peace Fund) သည် အလှူရှင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ပံ့ပိုးမှုတွင် အဓိကစုရပ်ဖြစ်လာသည်။ OECD အလှူရှင်များက ၂၀၂၂ ထိ ပံ့ပိုးထားပြီး တရားဝင်ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း ငြိမ်းချမ်းရေး တည်ဆောက်မှု၊ သုတေသနနှင့်လမ်းသစ်ရှာခြင်းများကို နည်းလုံးစုံဖြင့် ဆောင်ရွက်သွားရန် အတိအလင်း လုပ်ပိုင်ခွင့်ပေးထားသည်။ ၂၀၁၇ နှစ်လည်ပိုင်းထိ ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေကို အလှူရှင် ၁၁ ဖွဲ့က ပံ့ပိုးထားပြီး စုစုပေါင်း အသုံးစရိတ် ဒေါ်လာ သန်း ၁၀၀ နီးပါးရှိသည်။ ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေတွင် ထည့်ဝင်နေသည့် အလှူရှင်အများအပြားသည် အချို့သော လုပ်ငန်းဆောင်ရွက်ချက်များကို အခြားလမ်းကြောင်းမှ ပံ့ပိုးနေသည် များလည်းရှိသည်။ ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသည့် တရုတ်ကဲ့သို့သော အခြားအလှူရှင်များလည်းရှိသည်။ ယခင်ကတည်းကရှိနေသော ပမာဏ မများလှသည့် ငြိမ်းချမ်းရေးအထောက်အကူပြုရန်ပုံငွေ (Peace Support Fund) တွင် အလှူရှင်များ၏ လှူဒါန်းမှုများကို စုစည်းထားပြီး လုပ်ငန်းလည်ပတ်မှု တနှစ်လျှင် ဒေါ်လာ ၆ သန်းရှိသည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ ပါဝင်လာနိုင်ရန် ဆောင်ရွက်သည့် ချဉ်းကပ်ပုံများကို ပံ့ပိုးပေးသည်။[၂၀၀] အဖွဲ့အစည်း စွမ်းရည် တိုးတက်ရေး မှအစ လူငယ် အမျိုးသား အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်း ပေးခြင်းအထိ အများအားဖြင့် အသေးစား လုပ်ငန်းဆောင်ရွက်မှု များပါဝင်သည့် လုပ်ငန်း ဆောင်ရွက်ချက် ၇၅ ခုကို ငွေကြေး ပံ့ပိုးပေးခဲ့သည်။

NLD အာဏာရသည့်ပထမနှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာ ပံ့ပိုးမှု များကို ကြီးကြပ်ရန် ဖွဲ့စည်းပုံအသစ်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ Joint Coordinating Body for Peace Process Funding (ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့) ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ အလှူရှင်များ လှူဒါန်းလိုသည့် စီမံကိန်းများအတွက် ဦးစားပေးကိစ္စ သတ်မှတ်ပေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရန် ဖွဲ့စည်းခဲ့သည်။ အစိုးရ ကိုယ်စားလှယ် ၈ ဦး၊ EAO ကိုယ်စားလှယ် ၈ ဦးပါဝင်ပြီး ဥက္ကဋ္ဌက မဲဖြင့် အဆုံးအဖြတ်ပေးနိုင်သည်။

၂၀၁၆ ဒီဇင်ဘာ ၁၉ အဖွဲ့စတင်ဖွဲ့စည်းသည့်နေ့မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်က အထောက်အပံ့များကို ကဏ္ဍလေးခုသို့ ခွဲချထားပေးမည်ဖြစ်ကြောင်းပြောခဲ့သည်။ အပစ်အခတ်ရပ်စဲရေး၊ ညှိနှိုင်းရေး (negotiation) နှင့်အပြန်အလှန်ဆွေးနွေးမှု (dialogue)၊ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည့် ဖွံ့ဖြိုးရေးကိစ္စများနှင့် National Reconciliation and Peace Center (အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန) ၏ ငြိမ်းချမ်းရေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ တွင်အသုံးပြုသွားမည်ဟု ပြောကြားခဲ့သည်။[၂၀၁] အလှူငွေများ ခွဲဝေချထားပေးရာတွင်လည်း အလှူရှင်စိတ်ကြိုက်ထက် လက်ရှိ အခြေအနေပေါ်တွင်မူတည်ပြီး ချထားပေးမည်ဟု ပြောကြားခဲ့သည်။[၂၀၂]

## ၄.၄။ အစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်း - နည်းပညာအကူအညီ၊ အမျိုးသားစီမံကိန်း၊ နိုင်ငံအဆင့် စီမံချက်ကြီးများ

အနောက်နိုင်ငံများက နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့ထားမှုများ ဖယ်ရှားလိုက်ပြီး သံတမန် ဆက်ဆံရေးပြန်လည်ထူထောင်ခဲ့သဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်သည့် အထောက်အပံ့ အစီ အစဉ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ မြင့်တက်လာသည်။ အထောက်အပံ့ပေးသည့် အဖွဲ့များသည် နည်းပညာအကူအညီပေးခြင်း၊ အစိုးရမဟာဗျူဟာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစိုးရလုပ်ငန်းအစီအစဉ်များကို တိုက်ရိုက် ငွေကြေးပံ့ပိုးခြင်းများ ဆောင်ရွက် ခဲ့ကြသည်။ အနောက်တိုင်းမှ အထောက်အပံ့ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ ဦးဆောင်သည့် လုပ်ငန်းစဉ်များကို ရှောင်ရှားပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ NGOများနှင့် သာလက်တွဲခဲ့သည့် ယခင်စစ်အစိုးရခေတ် အခြေအနေနှင့် လုံးဝကွဲပြားသည့် အပြောင်းအလဲ တစ်ခုဖြစ်ခဲ့သည်။

ယင်းအပြောင်းအလဲများသည် အခြားနိုင်ငံများတွင် တွေ့မြင်ရသည့် အလှူရှင်များ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ပုံသို့ ကူးပြောင်းမှု တစ်ခုဖြစ်သည်။ ပြည်တွင်းစစ်ကဲ့သို့သော ကြီးစားပဋိပက္ခဒဏ်ခံနေရသည့် နိုင်ငံများတွင် အလှူရှင်များ၏ ချဉ်းကပ်ပုံများမှာ ငြိမ်းချမ်းရေး တည်ဆောက်ရေးကို အခြေခံသော်လည်း၊ နယ်မြေစိုးမိုးရေးပဋိပက္ခဒဏ်ခံနေရ

သည့် နိုင်ငံ များကိုမူ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် အစုအဖွဲ့များက သာမန် အဖြစ်သာ သဘောထားဆက်ဆံလေ့ရှိသည်။ အခြားထင်ရှားကြီးကျယ်သည့် ပဋိပက္ခပုံစံများနှင့် ယှဉ်လျှင် နယ်မြေစိုးမိုးရေးပဋိပက္ခများသည် အလှူရှင်များ၏အာရုံစိုက်မှု နည်းသည်။ နယ်မြေ စိုးမိုးရေးပဋိပက္ခဒဏ်ခံနေရသည့် နိုင်ငံများတွင် နိုင်ငံ၏ စွမ်းရည်တည်ဆောက်ပေး ခြင်း (building state capacity) ကို အတုမရှိ အကျိုးပြုလုပ်ငန်းအဖြစ် ယူဆလေ့ရှိသည်။[၂၀၃]

မြန်မာနိုင်ငံတွင် မြင်တွေ့ရသည့် နိုင်ငံခြားအထောက်အပံ့များချဉ်းကပ်ပုံ အပြောင်းအလဲသည် အထောက်အပံ့များထိရောက်မှုရှိစေရန် နိုင်ငံတကာ လမ်းညွှန်ချက်များနှင့် အညီ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အခြေမခိုင်သည့်နိုင်ငံများ (fragile states) အတွက် ရည်ရွယ်သည့် လမ်းညွှန်ချက်များဖြစ်သည်။ Busan Partnership Agreement နှင့် New Deal for Engagement in Fragile States အပါအဝင် နိုင်ငံတကာ ကတိကဝတ်များတွင် နိုင်ငံအစိုးရ ဦးဆောင်ပြီး အစိုးရ၏စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ခြင်းသည် ပြိုကွဲလုဖြစ်နေသည့် အခြေမခိုင်မှု (fragility) ကို အဆုံးသတ်ရန်အတွက် နည်းလမ်းတစ်ခု ဖြစ်သည်ဟု အတိအကျဖော်ပြထားသည်။[၂၀၄]

ယင်းသဘောတူညီချက်များကြောင့် အလှူရှင်များသည် အစိုးရစွမ်းဆောင်ရည် ပြည့်ဝလာရေးကိုသာမက မြန်မာနိုင်ငံနှင့် အစိုးရကပဋိပက္ခ၏ အဓိကတာဝန်ရှိသူ ဖြစ်နေသည့် အခြားနိုင်ငံများမှငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ပါဝင်ရန် အခက် အခဲများ ဖြစ်ပွားစေသည်။ အစိုးရနှင့် ရင်းနှီးသည့်ဆက်ဆံရေးရရှိထားသည့်အလှူရှင်များတိုးလာသည်နှင့် အမျှ တိုင်းရင်းသားခေါင်းဆောင်များနှင့် EAO များ၏သဘောထားများ နှင့်ကိုက်ညီ အောင် လုပ်ငန်းဆောင်ရွက်နိုင်သည့်အခင်းအကျင်းများ လျော့သွားနိုင်သည်။

## အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသော အမျိုးသားအဆင့် အကြီးစား အစီအစဉ်များ

အစိုးရဌာနများ၏ စွမ်းဆောင်ရည်များတိုးတက်လာစေရန်၊ ပြုပြင်ပြောင်းလဲမှုများကို အထောက် အကူဖြစ်စေရန် အလှူရှင်များ၏ ပံ့ပိုးပေးမှုများသည် စရိတ်စက ကုန်ကျမှု နည်းသော်လည်း ဩဇာလွှမ်းမိုးမှုမှာကြီးမားသည်။ နိုင်ငံအချင်းချင်း လှူဒါန်းမှုတွင် ဂျပန်သည် အခြားနိုင်ငံများနှင့် ယှဉ်လျှင် အများဆုံးလှူဒါန်းသူဖြစ်သည်။ နိုင်ငံစုံပါဝင်သည့်အဖွဲ့အစည်းများသည် အရေးပါသည့်နေရာတစ်ခုမှ ပါဝင်နေပြီး ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေး ဘဏ် နှင့် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းအမျိုးမျိုးတို့သည် နည်းပညာပိုင်း အကူအညီများ အလုံးအရင်းနှင့် ပံ့ပိုးနေကြသည်။ ပံ့ပိုးမှုများတွင် လေ့လာဆန်းစစ်မှုများ (surveys)နှင့် မူဝါဒ အားနည်းချက်ဖော်ထုတ်သည့် သုတေသန ဆောင်ရွက်ရန် ပြင်ဆင်ခြင်း၊ နိုင်ငံ အဆင့် စီမံကိန်းများနှင့် မူဝါဒများ မူကြမ်းရေးဆွဲရာတွင် ကူညီပေးခြင်း၊ ဥပဒေပြုပြင်ပြောင်း လဲများတွင် ပံ့ပိုးခြင်း၊ ဥပဒေသစ်များရေးဆွဲရန် ပြင်ဆင်ပေးခြင်းတို့ ပါဝင်သည်။ ပံ့ပိုးမှုများပြုလုပ်ရာတွင် ပြည်သူ့ ဘဏ္ဍာရေးစီမံမှုသည်လည်း အကြောင်းအရာ တစ်ခုအနေနှင့် ပါဝင်သည်။ မြန်မာကဲ့သို့သော ပဋိပက္ခဒဏ်ခံနေရသည့် အခင်းအကျင်း၊ စပ်ကူးမတ်ကူးကာလအခြေအနေတွင်အစိုးရ၏ အခွန်ဝင်ငွေ ဖော်ဆောင်ခြင်းနှင့် ရသုံးစရိတ်ရေးဆွဲခြင်း စွမ်းဆောင်ရည် တိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် ထိရောက်သည့် နိုင်ငံတကာအထောက်အပံ့များ၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။

ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒချမှတ်သူများသည် နိုင်ငံအဆင့်အညွှန်းကိန်းများ တိုးတက်ရန်၊ သတ်မှတ်ထားသည့် ကဏ္ဍတစ်ခုတွင် အစိုးရ၏ မူဝါဒ တိုးတက်လာရေးကို အထောက် အကူဖြစ်စေသည့် အကြီးစား စီမံချက်များကို ဦးစားပေးလေ့ရှိသည်။ အခြား နိုင်ငံများမှာကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း စီမံကိန်းကြီးများသည် မြင့်တက်နေသည့် ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး ပညာရေးကဲ့သို့သော ဝန်ဆောင်မှုများ ရရှိနိုင်မှု နိမ့်ပါးနေမှုများ ပပျောက်အောင် ဆောင်ရွက်ရန်အတွက် အဖြစ်နိုင်ဆုံး နည်းလမ်းအဖြစ် ယူဆထားကြသည်။ တနိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်ရန် ရည်ရွယ်သည့် အကြီး ကျယ်ဆုံးသော အစီအစဉ်များ ပုံစံထုတ်ရေးဆွဲနေသည်ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံအဆင့် စီမံကိန်းများချထားမှုများဆီသို့ ဦးတည်နေသည်ကို ရှင်းရှင်းလင်းလင်း တွေ့ရသည်။ နိုင်ငံအဆင့်ဆောင်ရွက်သည့် အစီအစဉ်များသည် စီမံမှုစရိတ်အနည်းဆုံးဖြင့် အကျိုးခံစားရမည့်သူ များနိုင်သမျှများအောင် အကျိုးရှိခံစားစေနိုင်မည့် နည်းလမ်းရှာနေသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် ထိရောက်မှုရှိသည့် နည်းလမ်းတစ်ခုဖြစ်သည်။

ပြင်ပမှ အထောက်အပံ့ပေးသူများနှင့် အထောက်အပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကိုလမ်းညွှန်လေ့ရှိသော အစိုးရကြားဆွေးနွေးမှုဖြစ်စဉ်များမှ ပြည်နယ်အဆင့်ထက် နိုင်ငံအဆင့်ကို ပို၍အလေးထားမှု ဆောင်ရွက်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံအဆင့်တွင်သာ အဓိကထားလုပ်ကိုင်ခြင်း၏ အားနည်းချက်တစ်ခုမှာ နယ်မြေစိုးမိုးရေး ပဋိပက္ခနှင့် ဆက်စပ်နေသည့် အကြောင်းအရာများ အပါအဝင် နိုင်ငံအတွင်းမတူညီမှုများ ရှိနေခြင်းကို လုပ်ငန်းအစီအစဉ်ရေးဆွဲသည့်အခါ၊ အကောင်အထည်ဖော်သည့်အခါတွင် ထည့်သွင်းတွက်ချက်မှု မရှိဘဲ ကျော်သွားခြင်းဖြစ်သည်။[၂၀၅] နိုင်ငံခြား အထောက်အပံ့များ သည် ပြည်တွင်း နိုင်ငံရေးပေါ်တွင်လည်း သက်ရောက်မှုများရှိနိုင်သည်။ နိုင်ငံရေးသမားများသည် ပြည်တွင်းမှ သဘောတူညီချက်များသို့မဟုတ် ဒေသတွင်းပြည်သူများ၏ ပူပန်မှု များနှင့်အညီဆောင်ရွက်ရန်လိုအပ်မှုကိုလျော့ကျသွားစေပြီး၊ အလှူရှင်များနှင့် ဆက်ဆံရေးကိုသာ အဓိကထားမှုများ ဖြစ်ပွားစေသည်။[၂၀၆]

မြန်မာနိုင်ငံသို့ ရောက်ရှိသည့် အထောက်အပံ့အားလုံးအနက် နိုင်ငံအဆင့် အကြီးစား အထောက် အပံ့ပေးသည့်စီမံကိန်းများမှာ အများစုဖြစ်သည်။ အကြီးဆုံးစီမံကိန်း ၁၀ ခုသည် နိုင်ငံတွင်းသို့ဝင်ရောက်သည့် အထောက်အပံ့အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်။[၂၀၇] ယင်းအရွယ်အစား စီမံကိန်းများသည် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများအပါအဝင် နိုင်ငံအနှံ့တွင် ပျံ့နှံ့မှုရှိပြီး ငွေကြေးအထောက်အပံ့များကို အသုံးပြုရန် အတွက်ကြီးမားသည့် လုပ်ငန်းဖွဲ့စည်းပုံလိုအပ်မည်ဖြစ်သည်။ နိုင်ငံအဆင့်အထောက်အပံ့ပေးသည့် လုပ်ငန်းအစီအစဉ်ကြီးများသည် ချေးငွေထုတ်ပေးသူ (grant partner) သို့မဟုတ် အထူးနှုန်း အတိုးဖြင့် ငွေချေးပေးသူများ အဖြစ် အစိုးရနှင့် နီးနီးကပ်ကပ်ဆောင်ရွက်လေ့ရှိသည်။ ဇယားကွက် ၄.၁ တွင် အကြီးဆုံးလုပ်ငန်းအစီအစဉ် ၅ ခုအနက်မှ ပဋိပက္ခဒေသများထိ သက်ရောက်မှုရှိသော စီမံကိန်း ၃ ခု၏ လုပ်ငန်းဆောင်ရွက်ပုံ၊ ရံဖန်ရံခါ ချဉ်းကပ်ပုံ အပြောင်းအလဲများပြုလုပ်ပုံတို့ကို ဖော်ပြထားသည်။

အလှူရှင်များ၏ ပံ့ပိုးမှုအားလုံးသည် ထောက်ပံ့ငွေ (grant) အဆင့်မှ ချေးငွေ (loans) သို့ ပြောင်းလဲလာသည်။ အစိုးရနှင့် နီးနီးကပ်ကပ် လုပ်ဆောင်သည့် ပုံစံသို့ပြောင်းလဲလာခြင်းဖြစ်ပြီး အစိုးရနှင့် ဆက်ဆံရေး ပုံမှန်ဖြစ်လာသည်ကို ထင်သာမြင်သာရှိစေသည်။ အလှူရှင်အဖွဲ့အစည်းများက မြန်မာနိုင်ငံအစိုးရသို့ အထူးနှုန်းချေးငွေများချထားပေးခြင်းကို ၂၀၁၃ ခုနှစ်တွင်စတင်ခဲ့သည်။ ထိုအချိန်မှစပြီး အထောက်အပံ့ ကတိပြုချက် ၅၀ ရာခိုင်နှုန်းနှင့် အထက်အဖြစ် တစဉ်တစိုက်နေရာယူလာခဲ့သည်။ ချေးငွေအများစုသည် အထူးစီမံကိန်းများကို ငွေကြေးပံ့ပိုးသည့် ပုံစံအဖြစ် ဝင်ရောက်ခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်တွင် ဂျပန်အစိုးရသည် အထူးစီမံကိန်းများဆောင်ရွက်ရမည်ဟု သတ်မှတ်ချက်များနှင့် ကင်းလွတ်သည့် အထွေထွေနှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ထောက်ပံ့မှုများပြုလုပ်ခဲ့သည်။ ကမ္ဘာ့ဘဏ်သည်လည်း ရသုံးစရိတ်ဘတ်ဂျက် အထောက် အကူဖြစ်စေရန် ပံ့ပိုးခြင်းကို ၂၀၁၇ မတ်လတွင် ဒေါ်လာ သန်း ၂၀၀ ချထားပေးခြင်းဖြင့် စတင်ခဲ့သည်။ အစိုးရ သို့ငွေကြေးပံ့ပိုးမှုအများစုသည် အထူးစီမံကိန်း သတ်မှတ်ချက်များနှင့် ချိတ်ဆက်မှုရှိနေဆဲ ဖြစ်ပြီး အလှူရှင်များက လိုအပ်သည့် ပစ္စည်းများ၊ လွှဲပြောင်းမှုများကို ဒေသန္တရအစိုးရ အဖွဲ့အစည်း သို့မဟုတ် ကန်ထရိုက်တာများသို့ တိုက်ရိုက်ချထားပေးသည်။


အလှူရှင်များသည် အကြီးစားချေးငွေ သို့မဟုတ် အသုံးစရိတ်ပံ့ပိုးမှု (budget support) မပြုလုပ်မီ ၎င်းတို့၏ ငွေများကို အလှူရှင်စုပေါင်း ဘုံရန်ပုံငွေထဲသို့ ထည့်ဝင် လိုက်ကြသည်။ ဘုံရန်ပုံငွေ (trust fund)

## ဇယားကွက် ၄.၁

### ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် ဝင်ရောက် အကောင်အထည် ဖော်နေသည့် နိုင်ငံအဆင့် လုပ်ငန်းအချို့၏ ဆောင်ရွက်ပုံများ

| စီမံကိန်း | အလှူရှင် (များ) နှင့် နိုင်ငံတော် အစိုးရ ဌာန(များ) | စုစုပေါင်း လျာထားချက် (အမေရိကန် ဒေါ်လာ) | ပဋိပက္ခနယ်မြေများတွင် ဆောင်ရွက်ပုံ |
|---|---|---|---|
| မြန်မာနိုင်ငံ ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၂ - ၂၀၂၁)[၂၀၈] | ကမ္ဘာ့ဘဏ်၊ အီတလီ၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန | သန်း ၄၈၀ | ပဋိပက္ခနယ်မြေများသို့ တဖြည်း ဖြည်းချဲ့ထွင်ခြင်း။ ၂၀၁၇ တွင် စီမံကိန်း ဆောင်ရွက်သည့် မြို့နယ် ၄၇ ခုအနက် ၁၉ ခုသည် ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များဖြစ်သည်။ စီမံကိန်း နေရာရွေးချယ်ရာတွင် သက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့အစည်းများမှ ခွင့်ပြုချက် အပါအဝင် ခွင့်ပြုချက် အမျိုးမျိုး ရယူရန် လိုအပ်သည်။ ဆန်းစစ်မှု၊ ဘေးကင်းရေး အစီအမံများ၊ ဒေသခံဝန်ထမ်းများ ရနိုင်သမျှ ခန့်ထားခြင်း၊ အစိုးရဝန်ထမ်းများအတွက် ပဋိပက္ခဆင်ခြင် ရှောင်ရှားနိုင်ရန် သင်တန်း ပေးခြင်းအပါအဝင် လုပ်ငန်းစဉ် အမျိုးမျိုး ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ရာထူးကြီး အစိုးရ ဝန်ထမ်းသည် ပြည်နယ်ဝန်ကြီးချုပ်များ၊ EAO ခေါင်းဆောင်ပိုင်းနှင့် ဆက်ဆံရေး မပျက်ရန် ထိန်းသိမ်းထားရသည်။ |
| တနိုင်ငံလုံး မီးလင်းရေး စီမံချက် (၂၀၁၅ - ၂၀၂၁)[၂၀၉] | ကမ္ဘာ့ဘဏ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန | ၅၆၇ သန်း | တနိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရန် ရည်ရွယ်သည်။ ရောက်ရှိရန် ခက်ခဲသည့် ကျေးလက်ဒေသများတွင် ကြိုးမဲ့ (off-grid) နည်းလမ်းများ ဖြစ်သော နေစွမ်းအင်သုံး ထုတ်လုပ်ခြင်းများဖြင့် အကောင်အထည်ဖော်ရန်ထိ ပါဝင်သည်။ ပဋိပက္ခနယ်မြေများတွင် ဒေသန္တရအစိုးရအရာရှိ၏ ညှိနှိုင်းမှုဖြင့်ဆောင်ရွက်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်လျက် ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်ခြင်းတို့ကြောင့် ယနေ့ထိတိုင် မဖြေရှင်းနိုင်သည့် ပဋိပက္ခဆက်စပ်ပြဿနာများကို ထည့်သွင်းသုံးသပ်ရန် အခွင့်အလမ်းများ တိုးတက်လာစေခဲ့သည်။ |
| Livelihoods and Food Security Trust Fund (LIFT) (သက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ)[၂၁၀] | OCED အလှူရှင် ၁၃ ဖွဲ့[၂၁၁] အစိုးရဌာနများနှင့် ပြည်တွင်း၊ နိုင်ငံတကာ NGO များ | ၄၃၀ သန်း | LIFT သည် တောင်ပေါ် ဒေသများအတွက် အဓိကရည်ရွယ်သည့် ငွေကြေးပံ့ပိုးမှု လမ်းကြောင်းကို ၂၀၁၅ တွင် စတင်မိတ်ဆက်ခဲ့သည်။ ပဋိပက္ခ အခြေအနေများကို အပြည့်အစုံ ဆန်းစစ်ခဲ့ပြီး ပဋိပက္ခဆင်ခြင် ရှောင်ရှားနိုင်ရေး အခြေခံမှုများ ချမှတ်ခဲ့သည်။ တင်ပြချက်များကို လေ့လာကြည့်ပါက မိတ်ဖက် NGO များသည် လုံလောက်သည့် ထိတွေ့မှု၊ အဆက်အသွယ်၊ အတွေ့အကြုံများ ရှိကြသည်ကို တွေ့ရသည်။ ပဋိပက္ခဆက်စပ် ကိစ္စများ အတွက် လျာထားချက် တစ်ခုခြင်းစီကို စစ်ဆေးသည်။ အစိုးရနှင့် လက်တွဲဆောင်ရွက်မှုမြှင့်တင်ရန် မဟာဗျူဟာ သုံးသပ်မှုများ ပြင်ဆင်ထားသည်။ |

**ပုံ ၄.၁၂**
၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွက် လျာထားသော ချေးငွေနှင့် ထောက်ပံ့ငွေများ




ရင်းမြစ် :OECD Creditor Reporting System Aid Activity Database.

သည် အထောက်အပံ့ပေးရာတွင် အရေး ကြီးသည့် လုပ်ငန်းဆောင်ရွက်ပုံ တစ်ခုဖြစ်ပြီး ဆုံးရှုံးမှုများကို မျှဝေဖြန့်ထုတ်နိုင်ရန်နှင့် (share risks) အစိုးရမပါပဲနှင့် အထောက်အပံ့ပမာဏကြီးကြီးမားမားကို ပူးပေါင်းဆောင်ရွက်နိုင်ရန် အလွန်အသုံးတည့်သည့် နည်းလမ်းအဖြစ်ယူဆထားကြသည်။ ၎င်းတို့မှ တဆင့် အလုံး အရင်း နှင့်ထောက်ပံ့သည်။ Three Millennium Development Goal Fund (3MDG) သည် ၂၀၁၂ နှင့် ၂၀၁၇ ကြား ကျန်းမာရေးစီမံကိန်းများအတွက် ဒေါ်လာ ၂၇၁ သန်းအသုံး ပြုခဲ့သည်။ Livelihoods and Food Security Trust Fund (LIFT) သည် ၂၀၀၉ မှ ၂၀၁၈ အတွင်း ဒေါ်လာ ၄၂၈ သန်းချထားပေးခဲ့သည်။ အလှူရှင်ပေါင်းစုံပါဝင်သည့် ဘုံရန်ပုံငွေများသည်ကိုယ်ပိုင်စီမံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် အရည်အသွေးများရှိသည့် ဗဟိုထိန်းချုပ် လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းယန္တယားဖြစ်သည်။ ငြိမ်းချမ်းရေး အထူးဆောင်ရွက်သည့် ရန်ပုံငွေမဟုတ်သည့်အတွက် နိုင်ငံရေးအရ ရှုပ်ထွေးမှုရှိသည့် အခင်းအကျင်းသို့ ဝင်ရောက်ခြင်းမပြုမီ ပဋိပက္ခ မဖြစ်ပွားသည့်နေရာများကို အဓိကထားသည်။ အချိန် ကြာလာသည်နှင့် အမျှ၎င်းတို့သည့် အစိုးရနှင့် ချိတ်ဆက် ဆောင်ရွက်မှု မြင့်တက်လာသည်။ 3MDG နှင့်  LIFT funds နှစ်ခုလုံးသည် ၎င်းတို့၏ ရန်ပုံငွေ ဘုတ်အဖွဲ့တွင် အစိုးရကိုယ်စားလှယ်များရှိကြပြီး ၎င်းတို့၏ သက်ဆိုင်ရာ မူဝါဒကဏ္ဍ အသီးသီးတွင် အစိုးရနှင့် ချိတ်ဆက် ဆောင်ရွက်ကြသည်။

ယခုအခန်းတွင် မြန်မာနိုင်ငံသို့ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အလုံးအရင်းနှင့် တိုးမြင့်ဝင်ရောက်ခဲ့သည့် နိုင်ငံခြားအထောက်အပံ့များအကြောင်းကို အလေးပေး ဖော်ပြခဲ့ပါသည်။ လုပ်ငန်းအစီအစဉ်များသည် နိုင်ငံတော်အစိုးရနှင့် ရုံဖန်ရံခါ ၎င်းမှတဆင့် ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ပံ့ပိုးမှုများသည် စုစုပေါင်းကတိပြုလှူဒါန်းငွေများ၏ အနည်းစုမျှသာဖြစ် သော်လည်း အရှေ့တောင်အာရှရှိ အခြားသော ငြိမ်းချမ်းရေး လုပ်ငန်း စဉ်များတွင် ထောက်ပံ့ခဲ့မှုများထက် များပြားသည်။ ပံ့ပိုးငွေတိုးမြင့်ခဲ့ခြင်းကြောင့် ဆင်းရဲမွဲတေမှု လျော့ချရန်၊ ဝန်ဆောင်မှု အဆင့်မြှင့်ရန်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် အခွင့်အလမ်းများ ရရှိခဲ့သည်။ နယ်မြေစိုးမိုးရေးပဋိပက္ခခံနေရသည့် နိုင်ငံအများအပြား၏ ဖြတ်သန်းမှုအရ အထောက်အပံ့သည်လည်း မရည်ရွယ်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်နိုင်သည်ကိုတွေ့ရသည်။ နောက်လာမည့်အခန်းများတွင် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများနှင့် အထောက်အပံ့များ၏ သက်ရောက်မှု အသေးစိတ်ကို ဖော်ပြထားပါသည်။



## အခန်း - ၅

# နယ်မြေစိုးမိုးရေး ပဋိပက္ခ အပေါ် နိုင်ငံခြား အထောက်အပံ့များ၏ သက်ရောက်မှု


## အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆောင်ရွက်ချက်များသည် အစိတ်အပိုင်း တစ်ခုအနေဖြင့်ပါဝင်နေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပြဿနာကြီးများကို ဖော်ထုတ်ထားပြီး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံယူ ဆွေးနွေးမှုပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (Ethnic Armed Organization - EAO) များ၏အခန်းကဏ္ဍကို အဓိကထားဖော်ပြထားသည်။

နိုင်ငံခြားအထောက်အပံ့များသည် အများလက်ခံသည့် တရားဝင်အင်စတီကျူးရှင်းများ ဖွဲ့စည်းခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များကြား ယုံကြည်မှု တည်ဆောက်ခြင်းတို့ကို အထောက်အကူဖြစ်စေသည်။ စနစ်တကျ ဖော်ထုတ်ထားသည့် ချဉ်းကပ်မှုများသည် ဘုံရပ်တည်ချက်များကိုဖော်ထုတ်နိုင်ပြီး၊ ပဋိပက္ခ ဖြစ်ပွားနေသည့် အစုအဖွဲ့များက အထောက်အပံ့ကို လုံခြုံရေးရည်ရွယ်ချက်အတွက် အသုံးချခြင်း သို့မဟုတ် မရည်ရွယ်ပဲ အကြမ်းဖက်မှု စက်ဝန်းကို ကြာရှည်စေခြင်းများကို လျော့ချပေးနိုင်သည်။

အထောက်အပံ့များသည် မြန်မာနိုင်ငံ၏ ပဋိပက္ခအကြောင်းရင်းများကို တစ်နိုင်ငံလုံးအဆင့် ဖြေရှင်းရာတွင် အကူအညီဖြစ်စေနိုင်သည်။ အစိုးရ၏ အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးနိုင်သည်၊ တာဝန်ခံမှုရှိပြီး အခြေအနေအလိုက်တုံ့ပြန်မှုဆောင်ရွက်နိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အင်စတီကျူးရှင်းများကို ပံ့ပိုးပေးနိုင်သည်၊ အားလုံးပါဝင်မှုရှိသည့် နိုင်ငံတော် တစ်ခုဖြစ်လာရေးကို အားပေးနိုင်သည်။ အမျိုးမျိုးကွဲပြားနေသည့် ပဋိပက္ခ အခြေအနေများနှင့် အလိုက်အထိုက်ဆောင်ရွက်နိုင်ခြင်းမရှိသော နိုင်ငံအဆင့်အကောင်အထည် ဖော်နေသည့် လုပ်ငန်းအစီအစဉ်များသည် ပဋိပက္ခဖြစ်စေသည့် အကြောင်းအရာများကို အားကောင်းစေနိုင်သည်။

ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် သဘာဝသယံဇာတ အသုံးပြုမှု မြင့်တက်လာခြင်းသည် တရားမျှတမှုမရှိဟုယူဆချက်ပေါ် အခြေခံသည့် မကျေနပ်မှုများကို ပို၍ခိုင်မာစေသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယင်းနေရာများတွင် လုပ်ငန်းဆောင်ရွက်ရာ တွင် အထူးသတိပြုဆောင်ရွက်ရန်လိုအပ်ပြီး၊ ပို၍ကောင်းသည့် ဆောင်ရွက်ပုံများပေါ်ပေါက်ရန် နည်းလမ်းများရှာဖွေနိုင်သည်။

မူဝါဒ လမ်းညွှန်ချက်တစ်ခုလုံးကိုစိုးမိုးခြင်း သို့မဟုတ် နိုင်ငံအဆင့်ပြဿနာများ ဖြေရှင်းခြင်းများ တွင်ထက် ဆောင်ရွက်နေဆဲ လုပ်ငန်းအစီအစဉ်များ အပြောင်းအလဲပြုလုပ်ခြင်း၊ ဒေသအလိုက် ဖြစ်ပေါ်သည့် ပဋိပက္ခအရေးအရာများ ဖြေရှင်းခြင်းတွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားသည့် ချဉ်းကပ်ပုံနှင့် ဘေးကင်းရေးအစီအမံများ (safeguards) သည် ပို၍ထိရောက်မှုရှိသည်။


ယခုအခန်းနှင့် ရှေ့လာမည့်အခန်းတွင် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများပေါ် နိုင်ငံခြား အထောက်အပံ့များ၏ သက်ရောက်မှုကို လေ့လာထားပါသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများကိုဖြေရှင်းရန် တရားမျှတ၊ ရေရှည်တည်တံ့သည့် နည်းလမ်း များရှာဖွေရာတွင် အထောက်အကူဖြစ်စေခြင်း သို့မဟုတ် ဆုတ်ယုတ်ထိခိုက်စေခြင်းတို့ကို ဆန်းစစ်မည် ဖြစ်ပါသည်။ ယခုအခန်း၏ အဓိက လေ့လာမှုမှာ ဖွံ့ဖြိုးရေးရလဒ်များထွက်လာရန် ရည်ရွယ် ပေးအပ်သည့် နိုင်ငံခြားအထောက်အပံ့ များအကြောင်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးတည် ဆောက်ခြင်းအတွက် နိုင်ငံတကာ အကူအညီ များကို ရှေ့လာမည့်အခန်းတွင် လေ့လာ ဖော်ပြထားပါသည်။

အခန်း ၂ တွင် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ဖြစ်ရသည့်အကြောင်းရင်းများ၊ လက္ခဏာများကို တင်ပြခဲ့ပါသည်။ နိုင်ငံအဆင့် တွင် နိုင်ငံ၏ သဘာဝနှင့် ဖွဲ့စည်းပုံများပေါ်တွင် သဘောထားကွဲလွဲမှုများရှိသည်။ အရပ်သားဦးဆောင်မှု အတိုင်းအတာ၊ ဗဟိုချုပ် ကိုင်မှုလျော့ခြင်း သို့မဟုတ် အာဏာခွဲဝေပေးခြင်း အတိုင်းအတာ၊ နိုင်ငံတော်အစိုးရနှင့် လူ့အဖွဲ့အစည်းများ၏ ဆက်ဆံရေး သဘောသဘာဝ များပေါ်တွင် ကွဲလွဲမှုများရှိသည်။ ယင်းကိစ္စ ၃ ခု ကွဲလွဲမှုများကြောင့် တင်းမာမှုများဖြစ်စေသကဲ့သို့ ဆက်လက်ဖြစ်ပွားနေသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများသည်လည်း ပြည်သူလူထု၊ နယ်မြေ နှင့် သယံဇာတများ ထိန်းချုပ်နိုင်ရန်တိုက်ခိုက်ကြ သည့် ဒေသတွင်းအကြမ်းဖက်မှုများကို ဖြစ်ပွား စေသည်။ အခြေခံ သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မှု မရှိခြင်းကြောင့်

နိုင်ငံသည် အကြမ်းဖက်နယ်မြေစိုးမိုးရေး ပဋိပက္ခများကို ဆက်လက်ခံစားနေရဦးမည်ဖြစ်သည်။

နိုင်ငံခြားအထောက်အပံ့များသည် ယင်းအခင်းအကျင်းများကို ပုံဖော်သည်။ ယခုအခန်း၏ အပိုင်း ၃ ခုတွင် နယ်မြေစိုးမိုးရေးပဋိပက္ခနေရာများမှ ငြိမ်းချမ်းရေး အလားအလာပေါ်တွင် အထောက်အပံ့များက မည်သည့်အတိုင်းအတာထိ သက်ရောက်ပုံဖော်နေသည်ကိုနည်းလမ်း ၃ ခုခွဲ၍ လေ့လာသွားမည်ဖြစ်သည်။ ပထမအနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများပေါ်အထောက်အပံ့များ၏ သက်ရောက်မှု ဒုတိယအနေဖြင့် ပဋိပက္ခဖြစ်ပေါ်စေသည့်အကြောင်းအရင်းပေါ်တွင် သက်ရောက်မှုနှင့် တတိယအနေဖြင့် ဒေသအဆင့် တင်းမာမှုများနှင့် အကြမ်းဖက်မှုများအပေါ် သက်ရောက်မှုကို လေ့လာသွားမည်ဖြစ်သည်။ ယင်းမူဘောင်အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်သည့် အထောက်အပံ့ အစီအစဉ်နှင့် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ရှိသည့် အထောက်အပံ့ အစီအစဉ် စသော အထောက်အပံ့အစီအစဉ် ၂ မျိုးလုံး၏ ငြိမ်းချမ်းရေး အလားအလာကို အားကောင်းစေ သို့မဟုတ် ဆုတ်ယုတ်စေမှုကို ဆန်းစစ်လေ့လာနိုင်ခဲ့သည်။ အထောက်အပံ့များ၏ ငြိမ်းချမ်းရေး အလားအလာပေါ် အပြုသဘောဆောင် သက်ရာက်မှု အတိုင်းအတာသည် ပဋိပက္ခဖြစ်နေသည့် အစုအဖွဲ့များကြား ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အပံ့ ဖြစ်စေမှု၊ ငြိမ်းချမ်းရေးကို ဦးတည်သည့် တိုးတက်မှုများ ဖော်ဆောင်ရမည့် အင်စတီကျူးရှင်းများကို အထောက်အကူပေးနိုင်မှုများတွင် တစိတ်တပိုင်း သက်ဆိုင်နေသည်။ (ဇယားကွက် ၅.၁ ကိုကြည့်ပါ) ယခုအခန်းတွင် ဖြစ်စဉ် လေ့လာမှုများ၊ စာနယ်ဇင်း လေ့လာဆန်းစစ်မှု၊ မေးမြန်းချက်များနှင့် မတူညီသည့် လုပ်ငန်းအစီအစဉ်များ၏ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်မှု အတိုင်းအတာအပေါ် သက်ရောက်စေမှုများကို တဆင့်ခံအရင်းအမြစ်များမှ လေ့လာထားသည်များမှ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။

## ၅.၁။ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုအပေါ် သက်ရောက်မှုများ


### ဖွံ့ဖြိုးရေး မူဝါဒများနှင့် စီမံကိန်းများသည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် တိုက်ရိုက်ဆက်စပ်နေသည်

ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် နိုင်ငံခြား အထောက်အပံ့ကိစ္စသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုတွင် အဓိက အကြောင်းအရာဖြစ်သည်။ အခန်း ၃ တွင် ဖွံ့ဖြိုးရေးသည် အစိုးရနှင့် EAO ၂ ဖွဲ့လုံးအတွက် အဓိကကျသည့် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စဖြစ်သည်ကို ဖော်ပြခဲ့ပါသည်။ နိုင်ငံတကာ အထောက်အပံ့ ပေးသည့် အဖွဲ့အစည်းများသည် ယင်းချိတ်ဆက်မှုများကို အမြဲတမ်း ဆင်ခြင်နိုင်ခြင်း မရကြသော ရလဒ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် EAO များ၏ ယုံကြည်မှုကို ဆုတ်ယုတ်စေမှုများရှိသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ၎င်းတို့ကိုအထောက်အပံ့ပေးနိုင်မည့် မူဝါဒများနှင့် စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုတွင် အဓိကနေရာမှ ပါဝင်လာခဲ့သည်။ ၂၀၁၅ တွင် EAO ၈ ဖွဲ့က လက်မှတ်ထိုးခဲ့သည့် တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement - NCA)တွင် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ နိုင်ငံခြားအထောက်အပံ့များနှင့် ပတ်သက်ပြီး တိုက်ရိုက်ရည်ညွှန်းဖော်ပြထားသည်။ ဇယားကွက် ၅.၂ ကိုကြည့်ပါ။ EAO စုပေါင်းထားသည့် အဖွဲ့များမှ ထုတ်ပြန်ကြေညာချက်များနှင့် နှစ်ဖက်သဘောတူချုပ်ဆိုသည့် အပစ်အခတ်ရပ်စဲရေးများတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်သူ့ဝန်ဆောင်မှု ပံ့ပိုးမှု နှင့် အထူးစီမံချက်များအကြောင်းကို အထပ်ထပ် ဖော်ပြထားသည်။ ဥပမာ ၂၀၁၂ ခုနှစ် မြန်မာအစိုးရနှင့်

### ပုံ ၅.၁

**ပုံစံ ၃ မျိုးဖြင့် ငြိမ်းချမ်းရေးအလားအလာပေါ်သက်ရောက်မှုရှိသည့် အထောက်အပံ့များ**



## ဇယားကွက် ၅.၁
## ယုံကြည်မှု၊ အင်စတီကျူးရှင်းများနှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခ


ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိန်းသိမ်းထားရန်အတွက် အထူးသဖြင့် အရေးပါသည့် အကြောင်းအရာ ၂ ခု ရှိပါသည်။[၂၁၅] ပထမ အချက်မှာ ပဋိပက္ခဖြေရှင်းမှုသည် ၎င်းတို့လိုလားချက်နှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်မည်ဖြစ်ကြောင်းကို အဓိက အစုအဖွဲ့များအကြားတွင် ယုံကြည်မှု အခြေခံတည်ဆောက်ထားရန်လိုသည်။ အကြမ်းဖက် နည်းလမ်းအသုံးပြုသူများအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဝင်ရောက် ပါဝင်ခြင်းမှာ အဆုံးအရှုံးဖြစ်နိုင်ချေရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ခြင်းသည် ၎င်းတို့၏ ဦးတည်ချက်များ၊ အကျိုးစီးပွားများကို ဆုတ်ယုတ်စေမည် မဟုတ်ကြောင်းကို အစုအဖွဲ့များ အနေဖြင့် ယုံကြည်ရန်လိုသည်။ ၎င်းတို့အပြောင်းအလဲလုပ်သကဲ့သို့ တဖက်ကလည်း အပြောင်းအလဲများ ပြုလုပ်မည်ကို ယုံကြည်မှုရှိရန်လိုသည်။ လှည့်စားခံရခြင်း မဟုတ်ကြောင်း ယုံကြည်မှုရှိရန်လိုသည်။ ကာလရှည်ကြာ ဖြစ်ပွားခဲ့သည် နယ်မြေစိုးမိုးရေး ပဋိပက္ခများကြောင့် ယုံကြည်မှုကင်းမဲ့ခြင်းကို ဆိုးဆိုးဝါးဝါးဖြစ်စေခဲ့သည့် အခြေအနေမျိုးတွင် ယုံကြည်မှု တည်ဆောက်ရန်ခက်ခဲသည်။[၂၁၆]

ဒုတိယအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ၏ တိုးတက်မှုသည် အလွတ်သဘော ဈေးညှိခြင်း၊ ဆွေးနွေးခြင်းများတွင်ဖြစ်ပေါ်ခြင်းထက် ယာယီအင်စတီကျူးရှင်း၊ အမြဲတမ်း အင်စတီကျူးရှင်း ၂ ခုလုံးပေါ်တွင်အခြေခံ၍ဖြစ်ရန်လိုအပ်သည်။ ပုံမှန်အားဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို စောင့်ကြည့်ရေးအဖွဲ့၊ညှိနှိုင်း ဆွေးနွေးမှု ဖိုရမ်ကဲ့သို့သော ယာယီ အင်စတီကျူးရှင်းများနှင့် ပံ့ပိုးရန်လိုသည်။ ငြိမ်းချမ်းရေးနောက်ဆုံးသဘောတူညီချက်ပါ အခြေခံမှု များကို ထည့်သွင်းပေါင်းစပ်နိုင်ရန်၊ ကတိပြုချက်များမှချော်ထွက်သွားခြင်းမရှိရန်နှင့် နောင်ဖြစ်ပေါ်နိုင်သည့် ကွဲလွဲမှုများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် အမြဲတမ်းလုပ်ငန်းစဉ်များလိုအပ်မည် ဖြစ်သည်။ ရေရှည်တည်တံ့သည့် တိုးတက်မှုများတွင်အခြေခံဥပဒေ၊ ဥပဒေစနစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်နှင့် အုပ်ချုပ်ရေး၊ စစ်တပ်ပေါ်အရပ်သားစောင့်ကြည့် ထိန်းကျောင်းမှု အစရှိသော အစိုးရ၏ အဓိကကျသည့် ဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် အားဖြည့်ခြင်းတို့ပါဝင်သည်။ ပဋိပက္ခဒဏ်ခံ နေရသည့်နေရာများ သို့မဟုတ် လူနည်းစုများကို ပံ့ပိုးပေးနိုင်ရန် အထူးစီစဉ်ဖွဲ့စည်းမှုများ လိုအပ်လာမည်ဖြစ်သည်။

နိုင်ငံခြားအထောက်အပံ့များသည် ယုံကြည်မှုနှင့် အင်စတီကျူးရှင်းများကို ပံ့ပိုးပေးနိုင်သကဲ့ သို့ ဆုတ်ယုတ်သွားစေနိုင်သည်။ မည်သည့်အစုအဖွဲ့ အကျိုးခံစားရမည်ကို အချက်ပြခြင်းဖြင့် ယုံကြည်မှုကို တိုးတက်စေ သို့မဟုတ် ဆုတ်ယုတ်စေနိုင်သည်။ ကွန်ယက်များကို အထောက်အပံ့ဖြစ်စေခြင်း၊ ရင်ဆိုင်နေသည့်ရန်သူများကြား လုပ်ငန်းသဘော ဆက်ဆံရေးများပေါ်ပေါက်စေခြင်းဖြင့် ပဋိပက္ခများကြားတွင် ယုံကြည်မှုကို တိုးတက်စေသော်လည်း အကျိုးသက်ရောက်မှုများသည် ဘက်လိုက်မှုရှိသည် သို့မဟုတ် တရားမျှတမှုမရှိသည်ဟု ယူဆရသည့် အခြေအနေမျိုးတွင် ဆက်ဆံရေးများ အထူးသဖြင့်ဆုတ်ယုတ်စေသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်များ ဖော်ဆောင်ရန်နှင့် အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် ယာယီ၊ အမြဲတမ်း အင်စတီကျူးရှင်းများကို အားကောင်းစေနိုင်သည်။ ဥပမာ သဘာတူညီချက်များ အမှန်တကယ်အကောင်အထည် ဖော်နိုင်ရန် ငွေကြေး သို့မဟုတ် စွမ်းဆောင်ရည်များ ပံ့ပိုးပေးခြင်းဖြစ်သည်။ သို့သော်လည်း ထပ်တူစင်ပြိုင်ဆောင်ရွက်နေသည့် ညှိနှိုင်းမှု ဖြစ်စဉ်များတွင် အကူအညီများ ထပ်နေခြင်း သို့မဟုတ် ညှိနှိုင်းမှုဖြစ်စဉ်များတွင် အစုအဖွဲ့တစ်ခုကို အခြားအစုအဖွဲ့ထက် ပိုမိုအားကောင်းစေခြင်းတို့ ပြုလုပ်ခြင်းဖြင့် ဆွေးနွေးညှိနှိုင်းမှု အား ဆုတ်ယုတ်သွားစေခြင်းများလည်းရှိသည်။ ဤအယူအဆနှစ်ခုကို ယခုအခန်းနှင့် ရှေ့လာမည့်အခန်းတွင် အသုံးချသွားမည်ဖြစ်သည်။

**ပုံ ၅.၂**

**ယုံကြည်မှုနှင့် အင်စတီကျူးရှင်းများအပေါ် အထောက်အပံ့၏ သက်ရောက်မှု**



### ဇယားကွက် ၅.၂
### EAO များနှင့် အပစ်အခတ်ရပ်စဲရေးနေရာများမှ ဖွံ့ဖြိုးရေး
### ၂၀၁၅ တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် ပါဝင်သည့် ကတိကဝတ်များ

ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတွင် EAO များ၏ ပါဝင်မှုကို တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တွင် အတိအလင်းဖော်ပြထားသည်။ သဘော တူညီချက်ပါ ရှေ့ဆက်ဆောင်ရွက်ရမည့်အခန်းတွင် သဘောတူညီချက် လက်မှတ်ရေးထိုး ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရေး နေရာများမှ EAO များ၏ တာဝန်များကို အောက်တွင်ဖော်ပြထားသည်။[၂၁၇]

- ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ
- သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ
- တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ
- ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ

နောက်တွင်ဆက်လက်ဖော်ပြထားချက်များသည် နိုင်ငံတကာ အထောက်အပံ့ပေးသူများအတွက် အထူးသဖြင့်အရေးကြီးသည်။

- ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ

နိုင်ငံတကာ အထောက်အပံ့များလက်ခံခြင်းအတွက် အခြေခံများချမှတ်ထားနိုင်ခဲ့ပြီဖြစ်ရာ နောက်စာပိုဒ်တွင် စီမံကိန်းများဆောင်ရွက်သင့်သည့် ပုံစံကို ဖော်ပြထားသည်။ အပစ်အခတ် ရပ်စဲရေး နေရာများတွင်ရှိနေသည့် ပြည်သူများ၏ ဘဝကို ကြီးကြီးမားမား သက်ရောက်မှုရှိစေသည့် လုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ဖော်ပြထားသည်။

ကရင်နီ အမျိုးသားတိုးတက်ရေးပါတီကြား ချုပ်ဆိုသည့် သဘောတူညီချက်တွင် ရေးဆွဲထားပြီးဖြစ်သော စီမံကိန်းအကြီးစားများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန် (ရွာသစ်ရေအားလျှပ်စစ်စီမံကိန်းအပါအဝင်)၊ ပြည်သူများကို သတင်းအချက်အလက်များပေးရန် နှစ်ဖက်က သဘောတူကြောင်း၊ ဒေသခံ ပြည်သူများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို အချက်အလက်များ ရယူခွင့်ပေးရန်များကို ဖော်ပြထားသည်။[၂၁၈] ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ညှိနှိုင်းမှုသည် ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အချက်အလက်များ မရှိမှု၊ အချိန်ကြာမြင့်စွာ တည်ရှိနေသော မယုံကြည်မှုများ ရှိနေကြောင်းကို ထင်ရှားစေသည်။[၂၁၉]

NCA တွင် ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီးအဓိကဖော်ပြချက်အရ ဖွံ့ဖြိုးရေးသည် ပဋိပက္ခဒဏ် ခံနေရသည့်နေရာများကို သက်ရောက်မှုများ မလွဲမသွေ ရှိစေမည်ဖြစ်ကြောင်း အစိုးရသာမက EAO ပါ အသိအမှတ်ပြု လက်ခံထားသည်။ ယင်းဒေသများမှ လိုအပ်ချက်မှာ ကြီးမားလှသည်ရှိသည်။ နိုင်ငံခြား အထောက်အပံ့ဖြင့်ဆောင်ရွက်သည်များအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များသည်အခြေအနေနှင့်ဆီလျော်အောင် စီစဉ်ပြီး အကောင်အထည်ဖော်သည့် အခါမျိုးတွင် ပြည်သူများ၏ ဘဝများကို တိုးတက်စေနိုင်သည်။ သဘောတူထားသည့် သတ်မှတ်ချက်များအရ အစိုးရနှင့် EAO များကြားတွင် ဆောင်ရွက်မည့်ကိစ္စ၊ ဆောင်ရွက်ပုံနှင့် ပတ်သက်ပြီး သဘောတူညီမှုရှိရန် လိုအပ်သည်။ ယင်းအချက်များနှင့် မပြည့်စုံပါက ဖွံ့ဖြိုးရေးစီမံကိန်းများသည် ငြိမ်းချမ်းရေး သဘောတူညီချက်ပေါ်တွင်ထားသည့် ယုံကြည်မှုများ လျော့ပါးသွားစေနိုင်ချေရှိသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များသည် မြေပြင်တွင် ဖွံ့ဖြိုးရေး ရလဒ်များကို ပေါ်ထွက်စေနိုင်သည့်တိုင် ငြိမ်းချမ်းရေးသို့ ဦးတည်စေမည် မဟုတ်ပါ။ တိုးတက်မှုတစ်ခုအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များသည် ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေမည်ဟူသော အစိုးရများ ကာလရှည်ကြာ ဆုတ်ကိုင်ခဲ့သည့် ယုံကြည်မှုကို ငြင်းပယ်ခဲ့သည်။[၂၂၀] ယခုစာတမ်း၏ ရှေ့ပိုင်း အခန်းများတွင် သူမ၏ သဘောထားကို ထောက်ခံသည့် သက်သေအထောက်အထားများ တင်ပြခဲ့ပြီး ခိုင်မြဲနေသည့် အယူအဆများကို စိန်ခေါ်ခဲ့သည်။ ရေရှည်တည်ငြိမ်သည့် ငြိမ်းချမ်းရေး ရရှိရန်မှာ ပဋိပက္ခဖြစ်နေသည့် အစုအဖွဲ့များကြားတွင် နိုင်ငံရေး သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များသည် ငြိမ်းချမ်းရေးကို မဖြစ်စေသကဲ့သို့ အလှမ်း ဝေးသွားအောင်ပြုလုပ်နိုင်သည့် အန္တရာယ်လည်းရှိသည်။ ဖွံ့ဖြိုးရေးအကြောင်းပြပြီး အစိုးရ အာဏာချဲ့ထွင်ရန် အားထုတ်မှုများသည် EAO များ၏ ဆန့်ကျင်ခြင်းကိုခံရပြီး လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ်တွင် ယုံကြည်မှုကျဆင်းစေကာ၊ အကြမ်းဖက်မှုများ ပေါ်ပေါက်စေသည်များပင် ရှိသည်။ အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များမှတဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းတွင် EAO များအဖို့ လက်မခံနိုင်သည့် အချက်များပါဝင်နေသည်။

အခြေခံအဆောက်အဦသစ်များ၊ ဝန်ဆောင်မှုပေးခြင်းများသည် ဒေသအဆင့်တွင် အစိုးရ အာဏာချဲ့ထွင်ရန် အခွင့်အလမ်းများကို ရရှိလာစေသည်။ ဥပမာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အခြားသော အစိုးရဌာနများသည် ပဋိပက္ခ ဒဏ်ခံနေရသည့် နေရာများတွင် အခြေခံ

အဆောက်အဦ စီမံကိန်းအသစ်များကို ဦးစားပေးဆောင်ရွက်သည်။ EAO မှစစ်သားများနှင့် အမာခံနယ်မြေများကို အစိုးရထိန်းချုပ်မှု လက်အောက်သို့ သွတ်သွင်းနိုင်ရန် နိုင်ငံတော် အစိုးရကို ဆန့်ကျင်နေသည့် လက်နက်ကိုင်အဖွဲ့များ အင်အားချိနဲ့သွားစေရန်၊ ၎င်းတို့၏ နယ်မြေ အတွင်းမှ ပြည်သူများနှင့် ဆက်ဆံရေး ကျဲသွားစေရန် ရည်ရွယ်ချက်များ အကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။[၂၃၈] EAO အများအပြားသည်လည်း ၎င်းတို့ နယ်မြေများတွင် အာဏာချဲ့ထွင်နိုင်ရန်၊ တရားဝင်ဖြစ်မှု ထူထောင်နိုင်ရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်ကို အသုံးချကြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၊ ငြိမ်းချမ်းရေး ညှိနှိုင်း ဆွေးနွေးမှုများသည် လူနေမှုအဆင့်အတန်းများနှင့် လုံခြုံရေးတိုးတက်စေရန်အခွင့်အလမ်းများပေါ် ပေါက်စေသည်။ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ နှင့်ယှဉ်တွဲဆောင်ရွက်ခြင်း မရှိပါက ဆုတ်ယုတ်မှုများ ဖြစ်ပေါ်နိုင်သည်ကို စိုးရိမ်ရန်ရှိသည်။ ဥပမာ ကရင်ပြည်နယ်တွင် ၂၀၁၂ မှ စတင်ခဲ့သည့် အပစ်အခတ် ရပ်စဲရေး ကာလအတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း တိုးတက်လာမှု၊ စီးပွားရေး အခွင့်အလမ်းသစ်များ၊ တိုးတက်လာသည့် လုံခြုံမှုတို့ကြောင့် ဒေသခံများ ရရှိသည့် အကျိုးအမြတ်မှာ ကြီးမားခဲ့သည်။[၂၃၉] သို့သော်လည်း အစိုးရ သို့မဟုတ် EAO အဖွဲ့တစ်ခုက အကြမ်းဖက်နည်းကိုအသုံးပြုပြီး ၎င်းတို့၏

## ဇယားကွက် ၅.၃
## ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှု နှင့် အထောက်အပံ့

မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့် အထောက်အပံ့ပေးအဖွဲ့အစည်းအများစု၏ လုပ်ငန်း တွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း (conflict sensitivity) သို့မဟုတ် ပဋိပက္ခနှင့် ဆက်နွယ်နေသည့် အမှားအယွင်းများလျှော့ချခြင်းကို ပေါင်းထည့်လုပ်ဆောင်ကြသည်။ အဖွဲ့အစည်းအများအပြားသည် ပဋိပက္ခ သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အကြံပေးများခန့်ထားရာတွင် သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာရန် နိုင်ငံရေး ဆိုင်ရာ ဝန်ထမ်းသီးသန့်ခန့်ထားခြင်း အတွက် ငွေကြေးအမြောက်အများသုံးစွဲ ထားသည်။ လေ့လာမှုတစ်ခုအရ မြန်မာနိုင်ငံမှ အလှူရှင် အဖွဲ့အစည်းများ၏ ပဋိပက္ခအကြံပေးများ ခန့်ထားမှုသည် အခြားပဋိပက္ခအခင်းအကျင်းများနှင့်ယှဉ်လျှင်များနေသည်ကို တွေ့ရသည်။[၂၂၃] အကြံပေးများသည် အလှူရှင်ပေါင်းစုံပါဝင်သည့် ဘုံရန်ပုံငွေလုပ်ငန်းများတွင် အကြံပေးကြသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည့် PACT နှင့် Save the Children ကဲ့သို့သော အကြီးဆုံး INGO များသည်လည်း အကြံပေးများ ငှားရမ်းခန့်ထားကြသည်။

အလှူရှင်အဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များကို ၂၀၁၆ ခုနှစ်တွင် စစ်တမ်းကောက် မေးမြန်းခဲ့ရာ ဖြေဆိုသူ ၃၂ ဦးအနက် ၂၅ ဦးက ၎င်းတို့ အဖွဲ့အစည်းများသည် ပဋိပက္ခ ဆင်ခြင်ရှောင်ရှားမှု လုပ်ငန်းအချို့ကိုကျင့်သုံးကြကြောင်းဖြေဆိုခဲ့သည်။[၂၂၄] အစိုးရမူဝါဒများနှင့်၊ နိုင်ငံအဆင့် စီမံကိန်း များသို့ ငွေကြေးအများအပြား ထောက်ပံ့ခြင်းများတို့၌ ဆောင်ရွက်ပါက အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများကို ပဋိပက္ခပြဿနာများတွင် ဝင်ရောက်ကူညီခြင်းမှ လမ်းလွဲသွားစေနိုင်သည်ဖြစ်ရာ ယင်းတွေ့ရှိချက်သည် အပြုသဘောဆောင်ပြီး အရေးကြီးသည့်တွေ့ရှိချက်ဖြစ်သည်။

သုတေသနတွေ့ရှိချက်များကို လက်တွေ့ကျင့်သုံးခြင်း၊ ယင်းအခြေခံမှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် စီမံကိန်းတစ်ခုချင်းစီအလိုက် ပဋိပက္ခအခင်းအကျင်းများကို လေ့လာဆန်းစစ်မှုပြုလုပ်ရန်၊အကောင်အထည်ဖော်မှုအမှန်တကယ်ဖြစ်ပေါ်စေရန် လုပ်ငန်းလမ်းညွှန်များ ရှိရန်လို အပ်သည်။ ဥပမာအားဖြင့် 3MDG Fund သည် ပဋိပက္ခ ဒဏ်ခံနေ ရသည့် ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် အထူး ရည်ရွယ်သည့် မဟာ ဗျူဟာတစ်ခုကို ဖော်ထုတ်ထားသည်။ အဖွဲ့အစည်းအများစုသည် သက်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် လုပ်ငန်းစဉ် (procedures) များကို ဝန်ထမ်းများအား လေ့ကျင့်သင်ကြား ပေးထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် အထူးအဖွဲ့တစ်ခုဖွဲ့စည်းပြီး မြန်မာနိုင်ငံရှိ အစီအစဉ် များအတွက် ချဉ်းကပ်ပုံများကို တစ်ခုခြင်းဖော်ထုတ်သည်။ အလွတ်သဘောအားဖြင့် အခင်းအကျင်းလေ့လာခြင်း (Context Sensitivity) ဟု ခေါ်ဆိုကြပြီး စီမံကိန်း များတွင် ပေါ်ပေါက်လာနိုင်သည့် ပြဿနာများကို ဖော်ထုတ်ရန်၊ တုန့်ပြန်မှု ပြုလုပ်ရန် ဖွဲ့စည်းထားသည်။ ပြဿနာမဖြစ်မီ ကြိုတင်ရှင်းရန် ရည်ရွယ်ထားသည်။[၂၂၅] ၎င်း ချဉ်းကပ်ပုံ သည် ‘Do No Harm’ လုပ်ငန်းစဉ်များနှင့် ဆင်ဆင်တူပြီး၊ ဂရုတစိုက်ဆောင်ရွက်သည့် အပြန် အလှန်ဆက်ဆံရေးနှင့် ဆွေးနွေးအကြံယူမှုများ၏တန်ဖိုးကို အသားပေးဖော်ပြထားသည်။

ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်လည်း အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက ကြိုးစားခဲ့ကြသည်။ အလှူရှင်များ စုစည်းထားသည့် အဖွဲ့ဖြစ်သော Cooperation Partners Group ကို ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလေ့အထကောင်းများ ရှင်သန်ပြန့်ပွားစေရန်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထောက်အပံ့ပေးရာတွင် အဓိကညှိနှိုင်းဆောင်ရွက်ပေးသည့် အဖွဲ့ The Peace Support Group သည် မြန်မာနိုင်ငံတွင်းမှ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် အခြေခံရမည့်မူများကို ပြုစုထားသည်။[၂၂၆]

ဖော်ပြခဲ့ပါ အပြုသဘောဆောင်ရွက်မှုများ ရှိနေသော်လည်း အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း ကိစ္စတွင် အခက်အခဲကြီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

## ဇယားကွက် ၅.၃ (အဆက်)
## အရေးပါသော်လည်း အရာမရောက်ခြင်း (DOWNSTREAM’ APPLICATIONS)

နေရာအဆင့်အတန်းသတ်မှတ်ချက်ကြောင့် အကြံပေးများ၏ လမ်းညွှန်မှုများမှာ ထင်တိုင်း မပေါက်ပဲဖြစ်နေရသည်။ ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်းကို ဆုံးရှုံးမှုစီမံမှု လုပ်ငန်း (risk management approach) သို့မဟုတ် အဆင့်မြင့်မန်နေဂျာများ သို့မဟုတ် စီမံကိန်း စီစဉ် ရေးဆွဲသူများ (အများအားဖြင့် နိုင်ငံရပ်ခြားရုံးဌာနချုပ်တွင် ရုံးထိုင်ကြသူများ)က အထောက် အပံ့များကို မည်သို့သုံးစွဲမည်၊ မည်သည့်လုပ်ငန်းဆောင်ရွက်ချက်ဖြင့် အကောင်အထည် ဖော်မည်အစရှိသည့် မဟာဗျူဟာကျ ဆုံးဖြတ်ချက်များ ချပြီးနောက်ပိုင်းတွင်မှ အကျိုး ဝင်သည်ဟု ထည့်သွင်း စဉ်းစားခံရသည့် နည်းပညာပိုင်းဆိုင်ရာ အသိပညာပေး အဖွဲ့တစ်ခု အဖြစ် ထင်မှတ်ခံရလေ့ရှိသည်။

အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ငွေကြေးများ အသုံးပြုမည့်နေရာ ဆုံးဖြတ်စဉ် ပဋိပက္ခ ဖြစ်နိုင်ချေစဉ်းစားချက်များတွင်လုပ်ငန်းအစီအမံ (measures) များ၏လွှမ်းမိုး သက်ရောက်မှု အားနည်းနေခြင်းကို အကြီးအကျယ်စိတ်ပျက်နေကြကြောင်း မေးမြန်းချက်များအရ သိရှိရသည်။ ၎င်းတို့အကြံပေးသည့် အဖွဲ့အစည်းများ၏ အချို့သောလုပ်ငန်း အစီအစဉ်များသည် ပဋိပက္ခဖြစ်နိုင်ချေများကို ရှောင်ရှားတုံ့ပြန်ကြသော်လည်း အချို့က ထည့်သွင်း စဉ်းစားရန်သင့်သည့်ကိစ္စများကို လိုက်လံဆောင်ရွက်ခြင်းမရှိကြောင်း အကြံပေး များနှင့် အခြားသူများက မှတ်ချက်ပေးသည်။ အထူးသဖြင့် နိုင်ငံအဆင့်၊ ကဏ္ဍ အမျိုးမျိုးတွင် လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့အစည်းကြီးများတွင်ပို၍အဖြစ်များသည်။ အထောက် အပံ့ပေးရေးလုပ်ငန်းများ၏ မဟာဗျူဟာမြောက် ဖွဲ့စည်းပါဝင်မှုကို ဆုံးဖြတ် သတ်မှတ် ရသူများအနေဖြင့် ဆင်ခြင်ရှောင်ရှားရမည့် ပဋိပက္ခဖြစ်နိုင်ချေ ကိစ္စများကို စောစာစီးစီး ဖော်ထုတ်ထားနိုင်ရန်မှာ အရေးကြီးသည်။

ဖွဲ့စည်းပုံအနေအထားကလည်း ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှု အတိုင်းအတာကို အကန့် အသတ်ဖြစ်စေသည်။ ဝန်ထမ်းနေရာရွှေ့ပြောင်းမှုမြန်ဆန်ခြင်း ကျွမ်းကျင်သူများ၏အချိန် အများစုကို ရယူထားသည့် စီမံရေးရာ ကိစ္စများလွန်းခြင်းကဲ့သို့သော လုပ်ငန်းအလေ့ အထများသည် ရှုပ်ထွေးသည့် ပဋိပက္ခ အရေးအရာများပေါ်တွင် အားထုတ်ဆောင်ရွက်မှုကို လျော့ကျစေသည်။ တနှစ်စာ ရသုံးစရိတ်ချထားသည့်အတိုင်း ပြည့်မီအောင် အသုံးပြုရသည့် ငွေကြေးသုံးစွဲမှုဖိအား (Disbursement pressure) ကြောင့် အလှူရှင် အဖွဲ့အစည်းမှဝန်ထမ်းသည် ခက်ခဲမှုနည်းသော၊ မှန်းဆရန်လွယ်ကူသည့် လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ရန် တွန်းအားဖြစ်စေသည်။ ပဋိပက္ခဆင်ခြင်ရှောင်ရှား ခြင်းကဲ့သို့သော အပြန်အလှန်ဆက်စပ်မှုရှိနေသည့် အရေးအရာများပေါ်တွင် ငွေကြေးချ ထားပေးမှု နည်းလေ့ ရှိသည်။

## နိုင်ငံအဆင့်တွင် လုပ်ငန်းဆောင်ရွက်နေမှု

ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် တိုက်ရိုက်လုပ်ကိုင်နေသည့် လုပ်ငန်းဆောင်ရွက်မှု များတွင်သာ ပဋိပက္ခဆင်ခြင်ရှောင်ရှားမှုကို ကျင့်သုံးလေ့ရှိသည်။ မူဝါဒရေးရာ ပြုပြင် ပြောင်းလဲမှုများ ဖြစ်စေ သီးသန့်စီမံကိန်းဖြစ်စေ နိုင်ငံအဆင့်တွင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပဋိပက္ခ ရှောင်ရှားခြင်းအမြင်ဖြင့် ချဉ်းကပ်လေ့မရှိကြပါ။

ဥပမာများတွင် နိုင်ငံအဆင့်ဖြန့်ကျက်ဆောင်ရွက်နေသည့်  ပညာရေး၊ အာဏာခွဲဝေရေးကဲ့သို့သော ကဏ္ဍ များပါဝင်သည်။ ယင်းသည်အလေးထား ရမည့်အချက်ဖြစ်သည်။ ပဋိပက္ခဖြစ်စေသည့် အကြောင်းရင်းခံများသည် ဒေသအဆင့်တွင်ဖြစ်ပေါ်ခြင်းမဟုတ်ပဲ ဗဟို၏ဆောင်ရွက်မှု ပုံစံများ၊ နိုင်ငံအဆင့် မူဝါဒများနှင့် နီးနီးစပ်စပ် ပတ်သက်နေသည်။ ပဋိပက္ခအကြောင်းရင်းများသည် နိုင်ငံရေးအရ အကဲဆတ်သည်ဖြစ်သောကြောင့် အငြင်းပွားဖွယ်ရာ ခေါင်းစဉ်များကို နိုင်ငံတော်နှင့် အငြင်းအခုံမပြုလုပ်ခြင်းဖြင့် အလှူရှင်များသည် အငြင်းပွားဖွယ်ရာများကို ရှောင်ရှား လေ့ရှိသည်။ တပ်မတော်လွှမ်းမိုးမှုအဝန်းအဝိုင်းတွင်းမှသွားသည့် ချဉ်းကပ်ပုံဖြင့် ဆောင်ရွက်ရသည့် ခေါင်းစဉ်များကို အစိုးရ ကိုယ်စားလှယ်များက ရှောင်ရှား လိုကြသည်။ သို့မဟုတ် ပဋိပက္ခအကြောင်း ရိုးရိုးသားသား သတိပြုမိမှုမရှိခြင်း၊ အတိုက်အခံ နယ်မြေများတွင် အစိုးရ လုပ်ငန်းဆောင်ရွက် ချက်အပေါ် ထားရှိသည့် အမြင်များကို သတိမပြုမိခြင်းများလည်း ရှိနိုင်သည်။[၂၂၇]

အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သည့် အထောက်အပံ့လုပ်ငန်းအချို့သည် ပဋိပက္ခဆင်ခြင် ရှောင်ရှားမှုကို မြှင့်တင်နိုင်ရန် အထူးအစီအမံများ ကျင့်သုံးကြသည်။ စီမံကိန်းရေးဆွဲ ရာတွင် အမှန်တကယ်ကျင့်သုံးနိုင်သည့် လမ်းညွှန်များထည့်သွင်းသည့် ဖြစ်စဉ်အချို့ရှိ သည်။ ဥပမာအားဖြင့် ကမ္ဘာ့ဘဏ်သည် အစိုးရ၏ အမျိုးသားအဆင့် ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး စီမံကိန်း (National Community Driven Development Project) အတွက် ငွေကြေးပံ့ပိုးရာတွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း သင်တန်း အတွက်လည်း တပါတည်းပံ့ပိုးသည်။ စီမံကိန်းအတွက် တာဝန်ရှိသည့်  ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အရာရှိများသည် EAO ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများရှိသကဲ့သို့ အစိုးရမှခန့်ထားသည့် ဝန်ကြီးချုပ်များနှင့်လည်း ဆက်ဆံရသည်။

ငြိမ်းချမ်းရေး တည်ဆောက်နေသည့် NGO များမှ နည်းပညာအကူအညီရယူပြီး UNDP သည် အစိုးရ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ စုစည်းထားသည့် ဝန်ကြီးဌာနပေါင်းစုံ လုပ်ငန်းအဖွဲ့ကို ပံ့ပိုးပေးခြင်းဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်ရန် အသိပညာပေးမှုကို

အဆင့်မြင့်ပိုင်းတွင် ဆောင်ရွက်နိုင်ရန် ရည်မှန်းထားသည်။ လုပ်ငန်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိဆောင်ရွက်နေမှုများမှ ပဋိပက္ခ ဆင်ခြင်ရှောင်ရှားမှုကို သက်ဆိုင်ရာဝန်ကြီးဌာန ပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် ဒေသနှင့် ရပ်ရွာဖွံ့ဖြိုးရေး စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်မှုနှင့် ပတ်သက်သည့် သင်ခန်းစာ ယူစရာများနှင့် အတွေ့အကြုံများကိုမျှဝေရန် ဖြစ်သည်။[၂၂၈]

ပဋိပက္ခဖြစ်နိုင်ချေ ကိစ္စများအတွက် ရည်ရွယ်၍ပြင်ဆင်ထားသည့် ချဉ်းကပ်မှုများသည် ပဋိပက္ခ ဆင်ခြင်ရှောင်ရှားနိုင်မှု ချဉ်းကပ်ပုံအတိုင်း အမြဲတမ်း အတိအကျ လိုက်နာရန် မလိုအပ်ပါ။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအကြံယူမှုနှင့် အခြေအနေကိုလိုက်ပြီး ဖော်ထုတ်ထားသည့် ပြုပြင်လွယ်သည့်ချဉ်းကပ်ပုံများ သို့မဟုတ် ဗဟိုချုပ်ကိုင်မှုလျော့ချရေးကို အားပေးသည့် ရိုးရိုးရှင်းရှင်း နည်းလမ်းများကိုလည်း အသုံးပြုနိုင်သည်။ ချောင်ထိုးခံထားရသည့် အစုအဖွဲ့များ၏ မျှော်လင့်ချက်များ သို့မဟုတ် မတူညီသည့် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားခြင်းဖြင့် မူဝါဒ လုပ်ငန်းဆောင်ရွက်ချက်သည် ပဋိပက္ခကို သွယ်ဝိုက် ဖြေရှင်းပေးနိုင်သည်။

## လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများအပေါ် လမ်းညွှန်မှု

ပြည်သူ့ရေးရာ ညှိနှိုင်းလက်တွဲမှုများကို  အပြိုင်အဆိုင် သို့မဟုတ် ပုံမှန်မဟုတ်သည့် ခေါင်းဆောင်မှုဖွဲ့စည်းပုံများရှိသည့် နေရာများတွင် ဆောင်ရွက်ရသည့်အခါ ပုံမှန် ပဋိပက္ခ ဆင်ခြင်ရှောင်ရှားရေး အကြံပြုချက်များ၏ လမ်းညွှန်နိုင်မှု အနည်းငယ်မျှသာရှိသည်။ Peace Support Group ကထုတ်ဝေသည့် မြန်မာနိုင်ငံတွင်းလုပ်ငန်းဆောင်ရွက်ခြင်းအတွက် အခြေခံမူများ (Basic operating principles for Myanmar) ကဲ့သို့သော စာတမ်းများတွင် ဖော်ပြထားသည့် အားလုံးဖိတ်ခေါ်ပါဝင်စေခြင်း အခြေခံမူများတွင် အာဏာရှိအစုအဖွဲ့များဖြစ်သော EAO များ၊ ပြည်သူ့စစ်အဖွဲ့များ၊ နယ်ခြားစောင့်တပ်များ၊ အရပ်ဘက်နှင့် ဘာသာရေးခေါင်းဆောင်များနှင့် ဆွေးနွေးအကြံယူရန်လိုအပ်သည်ဟု အသားပေး ဖော်ပြထားသည်။ သို့သော်လည်း ယင်းကဲ့သို့ ဆွေးနွေးအကြံယူမှုများသည် တာဝန်ခံမှုမရှိသည့် ခေါင်းဆောင်များ၏ လွှမ်းမိုးမှုနှင့် တရားဝင်မှုကို ခိုင်ခံ့စေနိုင်သည်။[၂၂၉]

ရွေးချယ်ထားသော လုပ်ငန်းလက်တွဲဆောင်ရွက်မည့်သူ၏ နိုင်ငံရေးနှင့် ဆီလျော်သည့် ဆွေးနွေးအကြံယူမှုများ အပါအဝင် ပဋိပက္ခကိစ္စများကို ညှိနှိုင်းနိုင်ရန် လက်တွေ့ဆောင်ရွက်ရာတွင် ရေခံမြေခံအနေအထားပိုင်နိုင်မှု အတွေ့အကြုံများ လိုအပ်သည်။ နိုင်ငံအတွင်းမှနေ၍ ပြင်ဆင်ရေးဆွဲသည့် လုပ်ငန်းအစီအစဉ်များသည်ပင်လျှင် မြန်မာနိုင်ငံ၏ အမျိုးအစားစုံလင်ကွဲပြားမှုကို နားလည်နိုင်ရန်နှင့် အလိုက်အထိုက် ဆောင်ရွက်နိုင်ရန် အားထုတ်မှုအနည်းငယ်သာရှိသည်။ ဒေသခံအဖွဲ့အစည်းများသို့  သင်တန်းပေးထားသည့် နိုင်ငံတကာ ကျွမ်းကျင်သူများမှ  ပြုစုထားသော လုပ်ငန်းလမ်းညွှန်များကို လွဲမှားစွာအသုံးချသည်ဆိုပါက ရှိထားပြီးသား အသိအမြင်များနှင့် ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှု ပုံစံများကို အားနည်းသွားစေနိုင်သည်။

အာဏာချဲ့ထွင်လာသည့်အခါ  ရေရှည်ပဋိပက္ခ အဆုံးသတ်နိုင်ရန်အတွက် ညှိနှိုင်းထားသည့် နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများတွင် တိုးတက်မှု အနည်းငယ်သာရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များသည် မုန်းတီးမှုများ၊ မကျေလည်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ ၂၀၁၁ တွင်အဆုံးသတ်ခဲ့သည့် ကချင်ပြည်နယ်၏ အပစ်အခတ်ရပ်စဲထားသည့် ကာလရှည်အတွင်း လုပ်ဆောင်ခဲ့သည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် အငြင်းပွားမှုများကြောင့် လက်နက်ကိုင် အဖွဲ့များနှင့် တိုင်းရင်းသားခေါင်းဆောင်များကို ဖွံ့ဖြိုးရေးထက် ငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ကြရန် တိုက်တွန်းခြင်းများ ဖြစ်ပေါ်စေခဲ့သည်။[၂၃၀]

ယင်းအခင်းအကျင်းများသည် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ ဖွံ့ဖြိုးရေး လုပ်ငန်းကို ထောက်ပံ့လိုသည့် နိုင်ငံခြားအထောက်အပံ့အဖွဲ့အစည်းများပေါ်သို့ သက်ရောက်မှုများ ရှိသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ယင်းဒေသများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်နည်းလမ်းရှာကြမည်မှာ နားလည်လက်ခံနိုင်သည့် ကိစ္စဖြစ်သည်။ မြန်မာနိုင်ငံနယ်မြေ သုံးပုံတပုံခန့်သည် နယ်မြေစိုးမိုးရေး ပဋိပက္ခ ဖြစ်ပွားသည့် နေရာများ ဖြစ်နေခြင်းကြောင့် လိုအပ်ချက်များမှာ များပြားသည်။ ဆင်းရဲမွဲတေခြင်းနှင့် လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းများ အပြောင်းအလဲ လုပ်လိုပါက ယင်းနေရာများတွင် ဝင်ရောက်လုပ်ကိုင် ရန်လိုအပ်သည်။

ယင်းဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် အခြေအနေတင်းမာပြီး၊ ရှုပ်ထွေးမှု ရှိနေသည့် ဝန်းကျင်တွင်ဆောင်ရွက်နေရသည်။ မည်သူက မည်သူ့ကို ဖွံ့ဖြိုးအောင်လုပ်ပေးနေသည်၊ မည်သည့်ရည်ရွယ်ချက်များ ပါဝင်သည်ကို မေးမြန်းရန်လိုသည်။ စီမံကိန်းနေရာတွင် ရပ်တည်နေသည့် EAO များ၏ ခွင့်ပြုချက်မရပဲ ဆောင်ရွက်သည့် အခြေခံအဆောက်အဦ အကြီးစား စီမံကိန်း ဆောင်ရွက်ခြင်းကဲ့သို့သော လုပ်ငန်းဆောင်ရွက်ချက်များသည် အထူးသဖြင့် အန္တရာယ်ရှိသည်။ မြန်မာ အစိုးရ၏ မူဝါဒများ၊ ၎င်းတို့၏ မူဝါဒများကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ အခြေခံ အဆောက်အဦနှင့် စီးပွားရေးတိုးတက်မှုသည် ငြိမ်းချမ်းရေးကို ဖြစ်စေမည်ဟု ယူဆထားသည့် အလှူရှင်အချို့ရှိသည်။ ယင်းအချက်သည် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကို ထိခိုက်စေသည်။[၂၃၁]

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ထောက်ပံ့သည့်နိုင်ငံခြားအထောက်အပံ့များသည် နိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများအတွက် ညှိနှိုင်းဖြေရှင်း၍ ရေရှည်အတွက် ရည်ရွယ်သည့် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်နေမှုပေါ်တွင် သက်ရောက်မှုများရှိသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံ၏ ပုံစံသဘောသဘာဝကို အပြောင်းအလဲ ဖြစ်အောင် ထောက်ပံ့နေသည့် နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများသည်

နိုင်ငံရေးဆွေးနွေးမှုများကို ပံ့ပိုးပေးခြင်း၊ အချို့သော ပြဿနာများတွင် ဘုံသဘောတူညီချက်များ ရရှိစေခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးသည်။[၂၂] အရေးအကြီးဆုံး ကိစ္စတစ်ခုမှာ အစိုးရနှင့် အပစ်အခတ်ရပ်ထားသည့် EAO များပါ ကတိပြုထားသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိကအကြောင်းအရာဖြစ်သော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ ၎င်းနှင့်ဆက်စပ်နေသည့် ဖက်ဒရယ်ဝါဒအတွက် ပြင်ဆင်မှုများဖြစ်သည်။ ဖွံ့ဖြိုးရေး အကူအညီများသည် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် ပတ်သက်သည့် ဘုံသဘောတူညီချက်များကို အထောက်အပံ့ဖြစ်စေနိုင်ပြီး အနာဂတ် ဖက်ဒရယ်ဖွဲ့စည်းပုံ၊ ၎င်းနှင့်ဆက်စပ်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုစွမ်းရည်များ တိုးတက်လာစေရန်လည်း အထောက်အပံ့ ဖြစ်စေနိုင်သည်။ အခြားသော ကဏ္ဍများနည်းတူ နယ်မြေစိုးမိုးရေး ပဋိပက္ခနယ်မြေများပေါ် သက်ရောက်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများကို ထောက်ပံ့သည့် အထောက်အပံ့များသည် EAO များနှင့် အခြားသော ဒေသခံ ဩဇာရှိအဖွဲ့များ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် ယုံကြည်မှုကို လျော့ကျစေသည်။ ပြုပြင်ပြောင်းလဲမှုများသည် ပြင်ပမှ ဖန်တီး၊ တင်သွင်းမှုဖြစ်သည်ဟု ယူဆရပါက ကာလရှည်ကြာရှိခဲ့သည့် မကျေလည်မှုများကို တိုးပွားစေနိုင်သည်။

နိုင်ငံအတော်များများရှိ အထောက်အပံ့ပေးသည့်အဖွဲ့များသည် မြန်မာ နိုင်ငံ၏ နယ်မြေ စိုးမိုးရေးပဋိပက္ခအကြောင်း အသင့်အတင့် နားလည် ထားကြသည်။ အထောက်အပံ့လုပ်ငန်း ဆောင်ရွက်မှု အများအပြားကို ပဋိပက္ခဒဏ် ခံနေရသည့် နေရာများတွင် ဆောင်ရွက်ခဲ့သည်။ အလှူရှင်များ အနေဖြင့်လည်း ၎င်းတို့၏ လုပ်ငန်းများတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခရှောင်ရှားဆင်ခြင်လုပ်ကိုင်ခြင်းများကို ပေါင်းစပ်နိုင်ရန် ဆောင်ရွက် နေမှုများ ရှိသည်။ သို့သော်လည်း အခက်အခဲများ ရှိနေဆဲဖြစ်ပြီး နိုင်ငံ အဆင့် စီမံကိန်းများတွင် အထူးသဖြင့်အခက်အခဲများရှိသည်။ (ဇယားကွက် ၅.၃)

ဖွံ့ဖြိုးရေးမူဝါဒ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များသည် နယ်မြေ စိုးမိုးရေး ပဋိပက္ခရှိသည့်ဒေသများသို့ သက်ရောက်မှုရှိမည်ဆိုပါက ၎င်း၏ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများပေါ် ပုံဖော်မှုတို့ကို အလှူရှင်များက အထူးသတိထားပြီး၊ နိုင်ငံရေးအရ လိမ္မာပါးနပ်စွာ စဉ်းစားရန်လိုသည်။ EAO များနှင့် တိုင်းရင်းသားပြည်သူများ၏ အကြံပေးချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို ထောက်ပံ့မိပါက လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကို ထိခိုက်စေသည့် ကိစ္စအချို့ ရှိသည်။ ထို့အတူပင် အာဏာစီးဆင်းမှုရောထွေးနေသည့် နေရာများတွင် EAO သို့မဟုတ် ၎င်းနှင့်ဆက်စပ်နေသည့် အစုအဖွဲ့များ၏ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် လူထုအတွက်အခြားကိစ္စများ ဆောင်ရွက် ခြင်းများကို အစိုးရ၏ အကြံပြုချက်များပါဝင်ခြင်းမရှိပဲ ပံ့ပိုးသည်ဆိုပါက တင်းမာမှုများဖြစ်စေနိုင်ပြီး ယုံကြည်မှုကိုလျော့ကျစေသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေဖြင့် ညှိနှိုင်းဖော်ထုတ် ထားသည့် လုပ်ငန်းသတ်မှတ်ချက်များ အကောင်အထည်ဖော်ခြင်းကို ဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်ချက်များကို ပံ့ပိုးပေးနိုင်သည်ဆိုပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။

## ဝန်ဆောင်မှုပေးသူများ (service providers) ကို အသိအမှတ် ပြုခြင်းသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထောက်အကူဖြစ်စေသည်

*တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင် ရွက်ချက်များကို အသိအမှတ်မပြုခြင်းသည် တိုင်းရင်းသားအသိုင်းအဝိုင်း ကို အစွန်းသို့တွန်းပို့ခြင်းဖြစ်ပြီး ဗဟိုအာဏာပိုင်များ၏ အတိတ်ကာလမှ လက်ရှိအချိန်ထိ မူဝါဒအလွဲများ ကျင့်သုံးဆောင်ရွက်ချက်များကြောင့် မြင့်မားနေပြီးသားဖြစ်သော မယုံကြည်မှုများကိုပို၍ခိုင်မာစေသည်။*[၂၃]

ဝန်ဆောင်မှုပေးသည့်အပိုင်း အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ ဝန်ဆောင်မှုလုပ်ငန်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အားကောင်း စေရန် သို့မဟုတ် ဆုတ်ယုတ်စေရန် အထောက်အပံ့များက တွန်းအားပေးနိုင်ပုံကို ဖော်ပြနေသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း မူကွဲနည်းလမ်းဖြင့်ဝန်ဆောင်မှုပေးသူများကို ဖော်ထုတ်၍၊ အထောက်အပံ့ပေးမှုများ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေး၊  ဆောင်ရွက်နေသည့် ညှိနှိုင်းမှုများကို အနှောက်အယှက်မဖြစ်သည့် မျှတသော ရပ်တည်မှုရှိကြောင်းကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက လက်တွေ့ဖော်ဆောင် ပေးနိုင်သည်။

အလှူရှင်များသည် မြန်မာအစိုးရ ဝန်ကြီးဌာနများနှင့် တိုက်ရိုက် လုပ်ကိုင် မှုများ မြင့်တက်လာ၍လည်းကောင်း၊ နိုင်ငံတဝှမ်း ဝန်ဆောင်မှု ပေးခြင်းများ ချဲ့ထွင်နေ၍ လည်းကောင်း မြန်မာနိုင်ငံတွင် ဝန်ဆောင်မှု ပေးခြင်းများ (service provision) အတွက် အထောက်အပံ့ ငွေကြေး ပေးမှုများ ဆက်လက်တိုးတက်လာဖွယ်ရှိသည်။ မြန်မာအစိုးရသည် နိုင်ငံသား အားလုံးအတွက် လုံလောက်သည့်၊ လက်လှမ်းမီသည့် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဖြစ်ပေါ်စေရန် တာဝန်ရှိပြီး၊ နိုင်ငံအဆင့်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များသည် အရေးပါ သည့်နေရာမှ ပါဝင်သည်။ သို့သော်လည်း အစိုးရသည် တဦးတည်းသော ပံ့ပိုးသူမဟုတ်ပါ၊ ဖြစ်နေရန်လည်းမလိုပါ။ သမာရိုးကျမဟုတ်သည့် အင်စတီကျူးရှင်းများ(Alternative institutions) သည် ပညာရေး၊ ကျန်းမာရေး ရလဒ်ကောင်းများရရှိရေး ပါဝင်ဆောင်ရွက်ရာတွင် အလွန်အရေးကြီးသည်။ အထူးသဖြင့် ဝေးလံသည့်ဒေသမှ အကူအညီမဲ့နေသူများကို ဝန်ဆောင်မှု ပေးခြင်းတွင် လိုအပ်သည်။ ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင် ကျန်းမာရေးကဏ္ဍအတွက် Three Millennium Development Goal Fund နှင့်  Myanmar Education Consortium ကဲ့သို့သော အထောက် အပံ့ငွေကြေးဖြင့် ဆောင်ရွက်ချက်များသည် ဒေသခံတိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် ဆက်လက် လက်တွဲ လျက်ရှိသည်။ EAO များ၏ ဌာနများ၊ ဒေသတွင်းမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတော် အစိုးရမဟုတ်ဘဲ ဝန်ဆောင်မှုပေးနေသည့် အစုအဖွဲ့များသည် အရွယ်အစားအားဖြင့် ကြီးမားပြီး စနစ်ကျစွာ ဆောင်ရွက်လေ့ရှိသည်။

အစိုးရနှင့်မဆိုင်သည့် ပံ့ပိုးပေးသူများကို အထောက်အကူပေးခြင်းသည် အဆက်အသွယ် ခက်ခဲသည့် ဒေသများသို့ ဝန်ဆောင်မှုများပေးနိုင်သည့်

အခွင့်အလမ်းသာမက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု တည်ဆောက်ရန်အခွင့်အလမ်းကိုလည်း ဆောင်ကျဉ်းပေးသည်။ ၂၀၁၇ အစောပိုင်းမှ အစိုးရနှင့် EAO ခေါင်းဆောင်များ၏ ဆွေးနွေးမှုများအတွင်း တစ်ဖက် အဖွဲ့မှ ဝန်ဆောင်မှုများ တိုးချဲ့ခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ်ထားရှိသည့် ယုံကြည်မှုကို ပျက်စီးစေသည့် အယုံအကြည်မဲ့မှုများ တိုးပွားစေ သည်ဟူသော ဆွေးနွေးချက်များ ပါဝင်သည်။[၂၃၁] နယ်မြေသစ်များကို အစိုးရ ထိန်းချုပ်မှု လက်အောက်သို့ သွတ်သွင်းပါက ပထမဆုံး ခန့်ထားသည့် အစိုးရဝန်ထမ်းအဖြစ် ကျေးလက်ဒေသများတွင် ကျောင်းဆရာများကို ခန့် ထားလေ့ရှိသည်။ ကရင်ပညာရေးဌာန အတွင်းရေးမှူး စောလောအယ်မူး က ဝန်ဆောင်မှု ပံ့ပိုးခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ် ယုံကြည်မှုကို မည်ကဲ့သို့ ဆုတ်ယုတ်စေကြောင်းကို ဆက်လက်ရှင်းပြသည်။

*စစ်ရေးအရဆိုရင် နယ်မြေသတ်မှတ် ပိုင်းခြားထားမှုရှိပါတယ်။ ဒါကိုကျော်ရင် ကျနော်တို့ ကြိုတင်အသိ ပေးရတယ်။ ပညာရေးမှာတော့ နယ်မြေသတ်မှတ်ချက်ဆိုတာ မရှိပါဘူး။*[၂၃၂]

အတိုက်အခံနယ်မြေများတွင် အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း အာဏာစုစည်းရန် သို့မဟုတ် ပိုင်ကြောင်းဆိုင်ကြောင်း ပြသရန်အတွက် ဝန်ဆောင်မှု ချဲ့ထွင်ခြင်းကို အသုံးပြုနိုင်သည်။ အစိုးရ သို့မဟုတ် အချို့သော ဖြစ်စဉ်များတွင် EAO များ နှင့် အခြားသော လက်နက်ကိုင်များက ပြည်သူလူထုနှင့် နီးစပ်မှု ခိုင်မာစေရန် ရည်ရွယ် သည့် ထိုကဲ့သို့သောချဲ့ထွင်မှုများကို အားပေးသည့်အလှူရှင်များ၏ ပံ့ပိုးမှုသည် ငြိမ်းချမ်းရေး ဖြစ်စဉ်ကို မငြိမ်မသက်ဖြစ်စေနိုင်သည်။ အထူးသဖြင့် ပညာရေး ကိစ္စ သည် အရှုပ်အထွေးများရှိပြီး တိုင်းရင်းသား လူနည်းစုများကို အစိုးရကသိမ်းသွင်းသည့် နည်းလမ်း တစ်ခုဖြစ်သည်ဟု ရံဖန်ရံခါ ရှုမြင်ကြသည်။ အစိုးရကျောင်းများတွင် မြန်မာ ဘာသာစကား သည် အဓိကလွှမ်းမိုးနေပြီး သင်ရိုးပါအကြောင်းအရာများမှာလည်း လူများစု၏ သဘောထားအမြင်များသာ သိသိသာသာပါဝင်နေသည်။ တိုင်းရင်းသားဘက်မှ ကူညီပံ့ပိုးသူများသည် ဒေသဘာသာ စကား၊ မတူညီသည့် သင်ရိုးများ အသုံးချလေ့ရှိသည်။

## ပေါင်းစည်းရေးကို ရှေ့တန်းတင်ဆောင်ရွက်ခြင်း

ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုပံ့ပိုးသူများ ဟန်ချက်ညီ ဆောင် ရွက်နိုင်ရန် ပေးသည့် အလှူရှင်များ၏အထောက်အပံ့သည် ပဋိပက္ခ ဖြစ်ပွားနေသည့် အစုအဖွဲ့များ ကြား တူညီသည့်ချဉ်းကပ်ပုံများဖြစ်ပေါ် လာစေရန် အားပေးပြီး၊ ရှိနှင့်နေသည့် ဆောင်ရွက်ချက်များပေါ် အခြေ ခံရန် အသိအမှတ်ပြုမှုများကို ဖြစ်စေသည်။ မျှတမှုရှိ၊ ဆင်ဆင်ခြင်ခြင်နှင့် ပံ့ပိုးသည့် အလှူရှင်များ၏ အကူအညီသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုပေါ် ထားသည့် သည့်ကတိကဝတ်၊ ယုံကြည်မှုများကို ထိခိုက်စေသည့် ဗဟိုက ချမှတ်သည့် အစိုးရ၏ လုပ်ငန်းအစီအစဉ်များကို ပံ့ပိုးမိခြင်းမျိုးကို ရှောင်ရှားစေနိုင်သည်။ သမရိုးကျ ပံ့ပိုးသူများပေးသည့် ဝန်ဆောင်မှုတန်ဖိုး၊ ၎င်းတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၏ အရေးပါပုံများကို အသိအမှတ်ပြုရန် ပျက်ကွက်သည့် အလှူရှင်အချို့ရှိသည်။ ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်သည့် သတ်မှတ်ချက်များ ဆွေးနွေးမှုများပြုလုပ်သည့် အခါတွင် ပုံမှန်အားဖြင့် အစိုးရသည် အသာစီးရနေလေ့ရှိသောကြောင့် အာဏာမညီမျှ မှုများ ဖြစ်ပေါ်နေသည်။ အစိုးရစနစ်နှင့် ပူးပေါင်းနိုင်မှုသည် အာဏာခွဲဝေမှုများ ဖြစ်ပေါ်နိုင်သည့် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းနိုင်မှုပေါ်တွင် မူတည်သည် ဟု တိုင်းရင်းသား ဝန်ဆောင်မှု ပံ့ပိုးသူများက အတိအကျပြောထားသည်။ အလောတကြီး သဘောတူ သတ်မှတ်ထားသည့် အစိုးရဦးဆောင်သော ပေါင်းစည်းရေး အစီအစဉ်သည် ဒေသခံ ဝန်ဆောင်မှု ပံ့ပိုးသူများ၏ အပြည့် အဝထောက်ခံမှုကိုမရရှိနိုင်ပဲ၊ ကာလရှည်ကြာ အဆင်ပြေစွာ ပူးတွဲနေထိုင် ခဲ့ကြသည့် ကာလအတွင်း အထူးသဖြင့် အပစ်အခတ်ရပ်စဲရေး ကာလ အတွင်း ထွက်ပေါ်လာသည့် ရှုပ်ထွေးသော၊ ဒေသတွင်း ပူးပေါင်းရေး လုပ်ငန်းစဉ်များကို ထိခိုက်ဆုတ်ယုတ်စေနိုင်သည်။[၂၃၃]

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း အပစ်အခတ်ရပ်စဲရေး အသစ်များ ဖြစ်ပေါ်ပြီးနောက်ပိုင်း ၂၀၁၂ တွင် ဒေသတွင်းမှ တိုင်းရင်းသား ကျန်းမာ ရေးအဖွဲ့အစည်းကွန်ယက်တစ်ခုဖြစ်သော ကျန်းမာရေးဆိုင်ရာ ဆုံချက်ရနိုင်ရေး ဆောင်ရွက်မည့်အစုအဖွဲ့ (Health Convergence Core Group (HCCG) ကို ဖွဲ့စည်းပြီး အစိုးရ ကျန်းမာရေးစနစ်နှင့် ညှိနှိုင်း ဆောင်ရွက်မှုများဖြင့် စတင်ရန် အခြေခံမူများ ချမှတ်ခဲ့သည်။[၂၃၄] ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ထပ်ချပ်လိုက် ဆောင်ရွက်ရန်၊ တိုင်းရင်းသားအဖွဲ့အစည်း များ၏ စနစ်များ၏ အခန်းကဏ္ဍကို ဆက်လက် အသားပေးရန် အခြေခံမူများတွင် ဖော်ပြထားသည်။

၂၀၁၄ တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပံ့ပိုးသူများ၏ ပေါင်းစည်း ရေး အစီအစဉ်များကို အလှူရှင်အဖွဲ့အစည်းများက အာရုံစိုက်လာကြပြီး၊ အနာဂတ်တွင် ကျန်းမာရေးနှင့် ပညာရေးစနစ်များ တစ်ခုတည်း ဖြစ်ရေး အတွက် ရေးရှုဆောင်ရွက်မှုများကို ပံ့ပိုးလိုသည့် ဆန္ဒရှိကြောင်း အလှူရှင် ကိုယ်စားလှယ်များက မှတ်ချက်ချထားသည်။ မြန်မာနိုင်ငံ အရှေ့တောင် ခြမ်းမှ International Rescue Committee နှင့် World Education အပါ အဝင် နိုင်ငံတကာမှ ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် NGO များသည် ပူးတွဲ မူဝါဒဖွံ့ဖြိုးရေး၊ ဆောင်ရွက်နိုင်သည့် နေရာအတိုင်းအတာသတ်မှတ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း နှင့် နှစ်ဖက် သဘောတူ အသိအမှတ်ပြုထားသည့် သတ်မှတ်ချက်များ အကောင်အထည်ဖော်ခြင်းများကို ပံ့ပိုးပေးနိုင်ခဲ့သည်။ တိုးတက်မှုများနှေးကွေးသော်လည်း အပြုသဘောဆောင်ပြီး နိုင်ငံတွင်း အခြားနေရာများတွင် အသုံးပြုနိုင်သည့် အတွေ့အကြုံများရရှိစေသည်။ သို့သော်အစိုးရမှ သမရိုးကျမဟုတ်သည့် စနစ်များကို အပြည့်အဝ အသိအမှတ်ပြု ကျင့်သုံးရန် တွန့်ဆုတ်နေမှုကြောင့် ကျယ်ပြန့်သည့် တိုးတက်မှုများ ဖြစ်ပေါ်ရန်နှောင့်နှေးနေသည်။ အစိုးရကိုသာမက ပံ့ပိုးသူအမျိုးမျိုးကို ထောက်ပံ့ရန် နည်းလမ်းရှာခြင်းသည် မြေပြင်ရှိ ဖွံ့ဖြိုးမှု အညွှန်းကိန်းများ တိုးတက်စေရန် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မထိခိုက်စေပဲ အထောက်အပံ့များ ဖြစ်စေရန် အဓိကကျသည်။ ဝန်ဆောင်မှုပေးရာတွင် ဗဟိုမှချမှတ်သည့် နည်းလမ်းများထက် စုပေါင်းဆုံးဖြတ်ချက်ချခြင်းဖြင့် ဆောင်ရွက်ရန် ၂၀၁၅ တနိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်တွင် ဖော်ပြ ထားသည်။ တိုင်းရင်းသားလူနည်းစုများ လွှမ်းမိုးနေထိုင်သည့် ဒေသများမှ မြန်မာ့ပညာရေးစနစ်အတွက် ဘာသာစကား ၂ မျိုး သို့မဟုတ် ဘာသာ စကားပေါင်းစုံ စနစ် အသုံးပြုသည့် ကနေဒါ၊ အိန္ဒိယနိုင်ငံများစနစ်နှင့် ဆင်တူသည့် အထူးရည်ရွယ်စီစဉ်ထားသော ချဉ်းကပ်ပုံများကို အသုံးပြုနိုင်သည်။ အလားတူပင် နိုင်ငံအများအပြားတွင်လည်း ဝန်ဆောင်မှု ပေးခြင်းကို အစိုးရတစ်ခုတည်းက ဆောင်ရွက်ခြင်း မဟုတ်ပဲ အဖွဲ့အစည်းအများအပြားက စုစည်းဆောင်ရွက်ကြသည်။

## ၅.၂။ ပဋိပက္ခအကြောင်းရင်းခံများပေါ် သက်ရောက်မှု

အပစ်အခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီချက်များ ပျက်ပြယ်သွားနိုင်သည်။ ယခင်က မြန်မာနိုင်ငံတွင်လည်း ထိုဖြစ်စဉ်များ ရှိခဲ့သည်။[၂၇၅] ငြိမ်းချမ်းရေး စုစည်းတည်ဆောက်နိုင်ရန်အတွက် ပဋိပက္ခကိုဖြစ်စေသည့် အကြောင်းအရင်းခံများကို ဖြေရှင်းရန်လိုသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးသည် လတ်တလော ခေါင်းဆောင်များ လက်နက်ချရန် သဘောတူညီမှု တစ်ခုတည်းပေါ်တွင်မူတည်နေခြင်း မဟုတ်ပါ။ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် ပဋိပက္ခများကို တရားသဖြင့် စီမံနိုင်သည့် အင်စတီကျူးရှင်းများကို အားကောင်းအောင် ဆောင်ရွက်နိုင်မှုပေါ်တွင် မူတည်နေပါသည်။

လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတဆင့် ပဋိပက္ခ အကြောင်းရင်းခံ များဖော်ထုတ်ခြင်း၊ ဖြေရှင်းခြင်းနှင့်ဆိုင်သည့် သဘောတူညီချက်အချို့ပေါ်ထွက်လာသည်။ NCA တွင် ဖော်ပြထားသည့်အတိုင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား

*ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှု နှင့် တရား မျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝ ရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကတို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့် အညီတည်ဆောက်သွားရန် ဟူသော ဖော်ပြထားချက်များ အခြေခံတည်ဆောက်သွားမည်ဖြစ်သည်။*[၂၇၆]

အထောက်အပံ့များသည် ယင်းရည်မှန်းချက်များသို့ ဦးတည်သည့် သို့မဟုတ် ဝေးကွာစေသည့် နိုင်ငံရေး၊ စီးပွားရေး နှင့် အင်စတီကျူးရှင်း အပြောင်းအလဲပေါ်တွင် သက်ရောက်မှုရှိသည်။ နိုင်ငံအင်စတီကျူးရှင်းများ ပေါ်ထွက်လာမှု၊ ၎င်းတို့ကျင့်သုံးသည့် မူဝါဒများပေါ်တွင် သက်ရောက်မှုများရှိသည်။ မြန်မာနိုင်ငံတွင် အထောက်အပံ့များသည် နယ်မြေ စိုးမိုးရေးပဋိပက္ခကိုဖြစ်စေသည့် အကြောင်းရင်းများပေါ်တွင် အပြုသဘော၊ အပျက်သဘော နည်းအမျိုးမျိုးဖြင့် သက်ရောက်မှုများ ရှိသည်။

### ဗဟိုကို ပံ့ပိုးနေသည့် နိုင်ငံခြား အထောက်အပံ့များသည် ပဋိပက္ခဖြစ်ပွားစေသည့် အကြောင်းအရင်းများကို နည်းလမ်းပေါင်းစုံဖြင့် လျော့နည်းစေ သို့မဟုတ် များပြားစေသည်

သက်ရောက်မှုကြီးကြီးမားမားရှိမည့် အကြီးစား အထောက်အပံ့ပေးသည့် လုပ်ငန်းအစီအစဉ်များသည် အစိုးရ၏ ထောက်ခံမှု၊ ပါဝင်မှုလိုအပ်သည်။ စီမံကိန်း အကောင်အထည်ဖော်နေသည့် အထောက်အပံ့ပေးသည့် အဖွဲ့ အစည်းမှ တာဝန်ရှိသူများ၊ ကြားခံအဖွဲ့အစည်းများမှ ဝန်ထမ်းများသည် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေ ထိရောက်မှုရှိစေရန် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးကောင်းများကို ထိန်းသိမ်းထားသည်။ မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးရေးအတွက် တရားဝင် အသိအမှတ်ပြုခံရသည့် လုပ်ငန်းဆောင်ရွက်စွမ်းရည် မြင့်မားသည့် နိုင်ငံတစ်ခု ဖြစ်တည်ရန် အရေးကြီးလှပါသည်။

တချိန်တည်းမှာပင် အစိုးရသည် မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသည့် နယ်မြေစိုးမိုးရေး ပဋိပက္ခများတွင် အစုအဖွဲ့တစ်ခုအနေဖြင့်ပါဝင်နေသည်၊ ၎င်း၏ တရားဝင်မှုကို နိုင်ငံရှိ နယ်မြေ အများအပြားတွင် စိန်ခေါ်ခြင်း ခံနေရသည်ကို အလှူရှင်များက သတိပြုရန်လိုအပ်သည်။ နိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေနှင့် စွမ်းဆောင်ရည်များ ဖြည့်ဆည်းပေးရန် နိုင်ငံခြား အထောက်အပံ့များက ပါဝင်နိုင်သည်။ ဖွံ့ဖြိုးရေး အညွှန်းကိန်းများ ရေရှည်တိုးတက်မှုရှိစေရန်လည်း နိုင်ငံခြား အထောက်အပံ့များ ရံဖန်ရံခါ လိုအပ်သည်။ သို့သော်လည်း ယင်းအထောက်အပံ့များသည် နိုင်ငံအတွင်း ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသော ဗဟိုချုပ်ကိုင်မှုများသည့် ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ခြင်းကို ဖြစ်စေနိုင်သည်။ နိုင်ငံ၏ ဝန်ဆောင်မှု ပေးသည့် စွမ်းရည်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန် အစိုးရဌာနများသို့ အရင်းအမြစ်များ တိုက်ရိုက်လွှဲပေးခြင်းသည် အချို့သော အခြေအနေများအတွက် သင့်တော်သည့် နည်းလမ်းဖြစ်သည်။ သို့သော်လည်း ယင်းလွှဲပြောင်းမှုများသည် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ ပြည်သူများ၊ တိုင်းရင်းသား လူနည်းစုပြည်သူများ၏ ထူးခြားသည့် လိုအပ်ချက်များကို ဖြေရှင်းပေးရန် နိုင်ငံရေးသမားများနှင့် ဝါရင့်ပြည်သူ့ဝန်ထမ်းများ၏ စိတ်အားတက်ကြွမှုကို နှိုးဆွနိုင်ခြင်းအနည်းငယ်သာရှိသည်။[၂၇၇] မရည်ရွယ်ထားသည့် ရလဒ်များသည် အတိတ်ကာစစ် အစိုးရများလက်ထက်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော် အစိုးရနှင့် ပြည်သူများကြားမှ အလှမ်းကွာဟမှုကို ပို၍ ကျယ်ပြန့်စေပြီး လက်နက်ကိုင် တော်လှန်ရခြင်း၏ အကြောင်းအရင်းအဖြစ်လည်း အကြိမ်ကြိမ် ဖော်ပြခဲ့ကြသည်။ နိုင်ငံတော် အစိုးရအာဏာချဲ့ထွင်မှုသည် ညှိနှိုင်း ရရှိထားသည့် နိုင်ငံရေး သဘောတူညီချက်များကို အခြေခံပြီး တဖြည်းဖြည်း ဆောင်ရွက်သွားရန် အလွန်အရေးကြီးသည်။ ထို့ပြင် ဒေသခံ ခေါင်းဆောင်များနှင့် ရပ်ရွာများအကြား ဖြစ်စဉ်၏ တရားဝင်မှုကို တိုးတက်စေမည့် အခြား အစီအမံများ၊ ဆွေးနွေး အကြံယူမှုများနှင့် တွဲ၍ဆောင်ရွက် သွားရန်လည်း အရေးကြီးသည်။

မြန်မာနိုင်ငံတွင် လတ်တလောပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှု များနောက်တွင် အစိုးရနှင့် ရှောင်ရှားလုပ်ကိုင်ခဲ့သည့် အနောက်တိုင်းမှ အလှူရှင်များသည် အစိုးရနှင့် ရင်းနှီးသည့် ဆက်ဆံရေးများပေါ်ပေါက်ရန် လမ်းစရှာကြပြီး၊ တိုက်ရိုက်ပံ့ပိုးမှုများပြုလုပ်လာခဲ့ကြသည်။ အခန်း ၄ ကိုကြည့်ပါ။ နိုင်ငံပေါင်းများစွာတွင်ပြုလုပ်ခဲ့သည့် ဆန်းစစ်ချက်များအရ ဗဟိုအစိုးရမှတစ်ဆင့် သို့မဟုတ် ညွှန်ကြားချက်ဖြင့်သွားသည့် နိုင်ငံခြားအထောက်အပံ့များသည် နယ်မြေစိုးမိုးရေးပဋိပက္ခတင်းမာမှုများ၊ ဒေသတွင်းမှ ကွဲပြားမှုများကို ဂရုစိုက်ခြင်းမရှိကြောင်း အထပ်ထပ်တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူဖြစ်ရပ်များ မရှိစေရန် ကြိုတင် အစီအမံများ ပြုလုပ်ထားရန်လိုအပ်သည်။[၂၇၈]

ဖော်ပြခဲ့ပါ တင်းမာမှုများကို ဆင်ခြင်မိသည့် အလှူရှင်အများ အပြားရှိသည်။ နိုင်ငံတကာ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ သည် ပဋိပက္ခဆင်ခြင်ရှောင်ရှားဆောင်ရွက်ခြင်း သင်တန်းများပေးခြင်း၊ ဘုံလမ်းညွှန်ချက်ပြုစု ထုတ်ဝေခြင်း၊ သုတေသနများဆောင်ရွက်ခြင်းတွင် ငွေကြေးပံ့ပိုးခဲ့ကြသည်။ အစိုးရနှင့်ပတ်သက်မှုမရှိသည့် လမ်းကြောင်းမှ တစ်ဆင့် အကောင်အထည်ဖော်သည့် စီမံကိန်းများတွင်လည်း ယင်းလုပ်ငန်းစဉ်များကို ပေါင်းထည့်ထားလေ့ရှိသည်။ သို့သော်လည်း ဗဟိုအစိုးရ ဝန်ကြီးဌာနများကို ငွေကြေးပံ့ပိုး၊ နည်းပညာကူညီသည့် အစီအစဉ်များတွင် ထိုလုပ်ငန်းစဉ်ကို ထည့်သွင်းဆောင်ရွက်ရန်မှာ

အခက်အခဲရှိသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများမှ ခန့်ထားသည့် ပဋိပက္ခအကြံပေးများသည် နိုင်ငံအဆင့်ဆောင်ရွက်သည့် အထောက်အပံ့ လုပ်ငန်းဆောင်ရွက်ချက်များကို အကြံပေးရာတွင် အောင်မြင်မှု အနည်းငယ်သာရှိသည်ဟု အလှူရှင် ကိုယ်စားလှယ်များနှင့် မေးမြန်းမှု များတွင် ထုတ်ပြောခဲ့သည်။[၂၃၉] အစိုးရလုပ်ငန်းများတွင် ပဋိပက္ခဆင်ခြင် ရှောင်ရှားခြင်းလုပ်ငန်းစဉ်များထည့်သွင်းပေါင်းစပ်နိုင်ရန်မှာ သက်ဆိုင် ရာ ဝန်ကြီးဌာန၏ လက်ခံနိုင်စွမ်း၊ ထိုကဲ့သို့သော ချဉ်းကပ်မှုများ၏ လက်တွေ့အသုံးကျသည့် တန်ဖိုးကို နားဝင်အောင် ရှင်းပြနိုင်သည့် အလှူရှင်များ၏ စွမ်းရည်ပေါ်တွင် မူတည်နေသည်။

ဝန်ကြီးဌာနများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူရှင်များက ခန့်ထားသည့် ကျွမ်းကျင်သူများ၊ ကျွမ်းကျင်သူများနှင့် လုပ်ငန်း ဆောင်ရွက်သည့် အစိုးရဘက်မှ အရာရှိများသည် အစိုးရ၏ အဓိက လုပ်ငန်းစဉ်များတွင် ပဋိပက္ခဆက်စပ်ဖြစ်နေသည့် ကိစ္စများကို ဖြေရှင်းရန် စိတ်ဝင်စားမှုအနည်းငယ်သာရှိကြသည်။ လွန်ခဲ့သည့် ၅ နှစ်အတွင်း ရှိခဲ့သည့် အဖွဲ့အစည်း အနည်းငယ်သာရှိသော မြန်မာနိုင်ငံရှိ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းအများစု၏ လုပ်ငန်းအသစ်မှာ အစိုးရကို နည်းပညာအထောက်အကူပေးခြင်းဖြစ်ပြီး အဓိကဦးစားပေး ကိစ္စမှာ ဆက်ဆံရေးတည်ဆောက်ပြီး အရေးကြီးသည့် မူဝါဒ၊ စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း စသည့်ပြဿနာများကို ဖြေရှင်း ရန် ဖြစ်သည်။ ဆက်ဆံရေး တည်ဆောက်ခြင်းသည် အလှူရှင်များ အတွက် အရေးကြီးသည်ဖြစ်သော်လည်း ၎င်းနှင့်တွဲလျက်ပါလာသည့် အန္တရာယ်များကို သတိပြုမိရန် အရေးကြီးသည်။

လက်ခံအစိုးရနှင့် ဆက်ဆံရေးကောင်းများကို ထိန်းသိမ်းထားရန် လိုအပ်နေခြင်း၊ ရှုပ်ထွေး သည့်နိုင်ငံရေးပြဿနာများကို အပေါ်ယံ သဘောဖြင့် ပုံမှန်နည်းပညာပိုင်းဆိုင်ရာ ချဉ်းကပ်မှုများ အသုံးပြုခြင်း တို့သည် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ ပဋိပက္ခ ဆက်စပ် ကိစ္စများဖြေရှင်းခြင်းကို အတားအဆီးဖြစ်စေသည်။ ဥပမာအားဖြင့် အထောက်အပံ့ ပေးသည့် အဖွဲ့အစည်းများပြုလုပ်သည့် သုတေသန များတွင် လုပ်ငန်း ဆောင်ရွက်နေသည့် နေရာများသည် နိုင်ငံတော် အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့များက အဓိက အုပ်ချုပ်သည့် အင်စတီကျူးရှင်းအဖြစ်ရှိနေသည့်တိုင်အောင် ပဋိပက္ခ အကြောင်းခံများ ဖော်ပြရာတွင် ၎င်းအချက်ကို ထည့်သွင်းခြင်း မရှိသည်ကိုတွေ့ရသည်။[၂၄၃]

သို့သော်လည်း ပဋိပက္ခများကြီးမားလာနိုင်မှုမရှိဘဲ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ၊ အကောင်အထည်ဖော်ခြင်းတွင် အစိုးရနှင့် လက်တွဲလုပ်နိုင်သည့် နည်းလမ်းများရှိပါသည်။ နေပြည်တော်မှ အဆင့်မြင့် အစိုးရ တာဝန်ရှိသူ တစ်ဦးနှင့် မေးမြန်းရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် နိုင်ငံ၏ အဓိက ဦးစားပေးဖြစ်သည်ဟု လေးလေးနက်နက်ခံယူထားသည့် လက္ခဏာများ တွေ့ရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၎င်းတို့ ဝန်ကြီးဌာန များသည် နိုင်ငံရေး၊ ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ ၎င်းနှင့် ဆက်စပ်သည့် အာဏာခွဲဝေမှု ပြုလုပ်ခြင်းမှတစ်ဆင့် အကျိုးပြုနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်အများအပြားက အလေးပေးပြောပြခဲ့သည်။[၂၄၄]

ကဏ္ဍအမျိုးမျိုးတွင် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ နိုင်ငံအဆင့် ဆောင်ရွက်မှုများတွင် အပြုသဘော ဆောင်ရွက်ချက်များနှင့် ကူညီပေးခဲ့သည့် ကိစ္စအများအပြားရှိသည်။ ဥပမာအားဖြင့် အစိုးရ၏

### ဇယားကွက် ၅.၄
### ၂၀၁၄ သန်းခေါင်စာရင်းတွင် ဘာသာနှင့်လူမျိုး အချက်အလက်စုစည်းမှု

၃၁ နှစ်အတွင်း ပထမအကြိမ်ပြုလုပ်ခဲ့သည့် အစိုးရ၏ သန်းခေါင် စာရင်းကောက်သည့် လုပ်ငန်းကို အလှူရှင်များက ဒေါ်လာသန်း ၆၀ ထောက်ပံ့ပေးခဲ့သည်။ အချက်အလက် စုစည်းသည့် နည်းလမ်းများနှင့် ပတ်သက်ပြီး မေးခွန်းအချို့ ထွက်ပေါ်ခဲ့ သော်လည်း အနာဂတ် စီမံကိန်းများ ရေးဆွဲရာတွင် အသုံးပြု နိုင်သည့် စာရင်းအချက်အလက်များကို စုစည်းနိုင်ခဲ့သည်။[၂၄၀] အလှူရှင်အဖွဲ့အစည်းများမှ အကြံပေးအချို့အပါအဝင် ပြည်တွင်း ပြည်ပ ဆန်းစစ်သူများက အကဲဆတ်သည့် အချက်အလက် ဖြစ်သော လူမျိုးရေး၊ ဘာသာရေး အချက်အလက်များ ကောက်ယူခြင်း အထူးသဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု ပြုလုပ်နေစဉ် အချက်အလက်စုစည်းမှုကို ဝေဖန်ခဲ့ကြသည်။

မေးခွန်းများမေးမြန်းရန်အသုံးပြုသည့် အစိုးရပုံစံချထားသည့် တိုင်းရင်းသားအမျိုးအစား ခွဲခြားမှုသည် ရခိုင်ပြည်နယ်တွင်းမှ ရပ်ရွာများအတွင်းရှိနေသည့် လူမျိုးရေးဆိုင်ရာ ဖိအားများကို များပြားစေခဲ့ပြီး၊ အခြားဒေသများမှ ခေါင်းဆောင်များ၏ ဆန့်ကျင်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ကချင် လွတ်မြောက် ရေးအဖွဲ့နှင့် ကရင်အမျိုးသား အစည်းအရုံးတို့က ၎င်းတို့ထိန်းချုပ် ထားသည့် နယ်မြေအချို့တွင် သန်းခေါင် စာရင်းကောက်သူများ ဝင်ခွင့် ပိတ်ပင်ခဲ့သည် ကချင်ပြည်နယ်တွင် သန်းခေါင်စာရင်း ကောက်သူများ လုပ်ငန်း ဆောင်ရွက်နိုင်ရန် တပ်မတော်မှ စစ်သားများကို နေရာချထားခဲ့သည်။ သန်းခေါင်စာရင်းကြောင့် လူမျိုးများအကြားတင်းမာမှုများ မြင့်တက်လာပြီး နောက်ပိုင်း ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာဟု မိမိကိုယ်ကို သတ်မှတ်သည့်သူ တစ်ဦးတယောက်ကိုမှ စာရင်းသွင်းခဲ့ခြင်းမရှိပါ။ ယင်း ပြဿနာ များသည် မကျေလည်မှုများကို ဖြစ်ပေါ်စေပြီး အကြမ်းဖက်မှုများ ပေါ်ပေါက်ရန် အလားအလာများရှိနေသည့်တိုင် UNFPA က ကိုင်တွယ်စီမံသည့်နိုင်ငံတကာက သန်းခေါင်စာရင်းကောက်ယူ ခြင်းအတွက်ပေးသည့် အထောက်အပံ့များသည် တိုင်းရင်းသား အမျိုးအစား သတ်မှတ်ခြင်တွင် ဖြစ်ပေါ်နေသည့် အခက်အခဲ များကို ထိတွေ့ဖြေရှင်းခဲ့ခြင်း မရှိပါ။ တိုင်းရင်းသား လူမျိုးခွဲခြားမှု သည် အချိန်တိုအတွင်း တင်းမာမှုများကိုဖြစ်ပေါ်စေခဲ့ပြီး လူမျိုးနှင့်ဆိုင်သည့် အချက်အလက်များကို မြန်မာအစိုးရက ယနေ့တိုင် ထုတ်ပြန်နိုင်ခြင်း မရှိသေးပါ။ တိုင်းရင်းသား လူမျိုး ခွဲခြားမှုနှင့် ဆိုင်သည့် အချက်အလက်များ မကောက်ယူရန် ဆုံးဖြတ်ခဲ့ပါက သန်းခေါင်စာရင်းစီစဉ်သူများနှင့် ငွေကြေးပံ့ပိုးသူ များသည် ယင်းတင်းမာမှုများကို ရှောင်ရှားနိုင်ဖွယ်ရှိသည်။ ပဋိပက္ခအကြောင်းအရင်းခံအဖြစ် နှစ်ရှည်လများ ရှိနေခဲ့သည့် လူမျိုးအမည် အတင်းအဓမ္မ သတ်မှတ်ပေးလိုက်ခြင်းဖြင့် လူမျိုး ရေးဆိုင်ရာ အမျိုးအစားခွဲထားမှုကို ဖြေရှင်းရန် ရတောင့်ရခဲ လှသည့် အခွင့်အရေးကိုလည်း လက်လွှတ်လိုက် ရသည်။

ဗဟိုချုပ်ကိုင်မှုလျော့ချရေး အားထုတ်မှုများ၊ မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများနောက် လုပ်ပိုင်ခွင့်အာဏာ တိုးတက်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်အစိုးရအဖွဲ့၏ လုပ်ငန်းထိရောက်မှု၊ တာဝန်ခံမှု မြှင့်တင်ခြင်း လုပ်ငန်းများတွင် အလှူရှင်များက ပံ့ပိုးပေးခဲ့ကြသည်။ အခွန်စည်းကြပ်ရေး၊ ဝန်ဆောင်မှုဖြန့်ဝေရေး စွမ်းရည်များတည်ဆောက်ပေးရန်အတွက် အစီအမံများရေးဆွဲရာတွင် အငြင်းအခုန်မရှိသလောက်ဖြစ်သောကြောင့် အုပ်ချုပ်မှုပိုင်းတွင် အာဏာခွဲဝေမှု လုပ်ငန်းများ ဆက်လက်ဖြစ်ပေါ်လာနိုင်ခြင်းကို နိမိတ်ပြလျက်ရှိသည်။ ဗဟိုချုပ်ကိုင်မှု လျော့ချထားသည့် အစိုးရအတွင်း EAO များ၊ ပြည်နယ်များမှနိုင်ငံရေးခေါင်းဆောင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ ပါဝင်စေရန် ထပ်တိုးဆောင်ရွက်သည့် အစီအမံများသည် ပဋိပက္ခအလွန်တွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် နိုင်ငံရေးဖွဲ့စည်းပုံ နှင့်ပတ်သက်ပြီး အသိအမြင်များကို ရရှိစေနိုင်သည်။ သို့မဟုတ်ပါက ပဋိပက္ခဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ခဲ့ခြင်းကြောင့် ဒေသခံခေါင်းဆောင်များအနေဖြင့် အကြမ်းမဖက်မူဝါဒချမှတ်ခြင်းတွင် မည်သို့မည်ပုံပါဝင်ရမည်ကို မှန်းဆပုံဖော်ရာတွင် အခက်အခဲတွေ့စေနိုင်ပါသည်။

တိုင်းရင်းသားလူမျိုးကွဲပြားမှု၊ ကိုးကွယ်ရာ ကွဲပြားမှုကို အသိအမှတ်ပြု အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံသားဖြစ်မှုနှင့်ဆိုင်ပြီး တူညီသည့် သဘောထားများ တည်ဆောက်ပေးနိုင် သည့်ဖွံ့ ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များသည် ပဋိပက္ခတင်းမာမှုများ ပေါ်ထွက်လာခြင်း သို့မဟုတ် အင်အားကောင်းလာခြင်းကို အကာအကွယ်ပေးသည်။ အားလုံးဖိတ်ခေါ် ပါဝင်စေသည့် အစိုးရဖွဲ့စည်းပုံသဘောသဘာဝကို အားပေးခြင်းကို ချမှတ်ထားပြီးသည့် မူဝါဒများပေါ်တွင် အစပြုနိုင်သည်။ နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ်များဖြင့် ပဋိပက္ခအကြောင်းရင်းခံများကို ဖြေရှင်းမည်ဆိုပါက တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ကွဲပြားနေသည့် သမိုင်းပုံစံအမျိုးမျိုးကို ပေါင်းစပ်အသုံးချရမည်ဖြစ်ပြီး အစိုးရအဖွဲ့အတွင်းတွင်လည်း လူနည်းစုကိုယ်စားပြုများပါဝင်လာနိုင်မှုကို မြှင့်တင်ရန်လိုအပ်သည်။ ပဋိပက္ခ ဆင်ခြင်ရှောင်ရှား လက်တွေ့ ဆောင်ရွက်သည့် အထောက်အပံ့အစီအစဉ်များသည် မူဝါဒပိုင်းနှင့် လက်တွေ့ပိုင်း ကွဲပြားမှုများ၊ အစိုးရနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ဆင်ဆင်ခြင်ခြင် ဆောင်ရွက်သင့်သည်။ ဥပမာ အခြားနေရာမှ ဝန်ထမ်းများ ခန့်အပ်မည့်အစား ဒေသခံ ဆရာများ၊ ပညာရေးမှူးများအား သင်တန်းပေးခြင်းကို ထောက်ပံ့ခြင်း။ လုပ်ငန်းဆောင်ရွက်မှု အမျိုးမျိုးတွင် အထူးသတိထားဆောင်ရွက်ရမည့် ဘာသာစကားဆိုင်ရာမူဝါဒများကို ထောက်ပံ့ခြင်းများ လုပ်ငန်းအစီအစဉ်အတွင်း ထည့်သွင်းစဉ်းစားသင့်သည်။

## ဒေသခံများ အကျိုးမပါပဲ သယံဇာတများ အကြီးအကျယ် ထုတ်ယူခြင်းသည် ပဋိပက္ခကိုဖြစ်ပွားစေသည့် မကျေနပ်မှုများကို ဖြစ်ပေါ်စေသည်

ပြုပြင်ပြောင်းလဲမှုများနှင့် ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် အနောက်တိုင်း ပိတ်ဆို့မှုများကြောင့် တားမြစ်ခံထားရသည့် ဖွံ့ဖြိုးရေး ဆောင်ရွက်သူများသည် အကြီးစား အခြေခံ အဆောက်အဦ စီမံကိန်းများအတွက် အထူးနှုန်းချေးငွေ၊ ထောက်ပံ့ငွေများပေးရန် အခွင့်အလမ်းသစ်များ ရှာဖွေလာကြသည်။ ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ ကျော်ကြားသည့် ဖြစ်စဉ်များတွင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ထိုင်းအစိုးရတို့က ငွေကြေးထောက်ပံ့ပေးသည့် ကရင်ပြည်နယ်ရှိ အာရှအဝေးပြေးလမ်းဟု အမည်ပေးထားသည့် လမ်းမအသစ်တစ်ခု ပါဝင်ပါသည်။ မိုင်းတွင်းများ၊ ပိုက်လိုင်းများ၊ ဆည်များ၊ စိုက်ခင်းများ၊ စက်မှုဇုန်များနှင့် လမ်းမကြီးများအပါအဝင် အကြီးစား အခြေခံအဆောက်အဦနှင့် သယံဇာတ ထုတ်ယူခြင်း စီမံကိန်းများသည် နိုင်ငံခြားစီးပွားရေးဘဏ်များနှင့် အထူးနှုန်းဖြင့် အလှူရှင်များ ငွေကြေး စိုက်ထုတ်ပေးမှု ရရှိနေသည့် ထင်ရှားသည့် လုပ်ငန်းဆောင်ရွက်ချက်ဥပမာများဖြစ်သည်။

ဖော်ပြခဲ့ပါစီမံကိန်းအများစုသည် တိုးတက်မှုကို အားပေးနိုင်သည့် အလားအလာရှိသကဲ့သို့ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ အခက်အခဲများကိုလည်း ရင်ဆိုင်ရစေနိုင်သည်။ မြန်မာနိုင်ငံရှိ အတိုက်အခံနယ်မြေများမှ အငြင်းပွားဖွယ်ရာရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြား အထောက်အပံ့များကြား သွယ်ဝိုက်သည့် ဆက်စပ်မှုများရှိနေသည့်တိုင် ပြည်တွင်း၊ ပြည်ပ စီးပွားရေး သမားများသည် အကြောက်အလန့်မရှိ ဝင်ရောက်ကြသည်။ ဥပမာ တနင်္သာရီတိုင်းရှိ ဘန်ချောင်း(Ban Chaung) ကျောက်မီးသွေးမိုင်းတွင် အဓိက ဦးဆောင်နေသည့် ထိုင်း ကုမ္ပဏီနှင့် အချိတ်အဆက်ရှိသည့် ဘဏ်များမှ ရှယ်ယာများဝယ်ယူနေခြင်းကို ချိတ်ဆက် ဖော်ပြထားသည့် မူဝါဒတိုက်တွန်းမှုအစီရင်ခံစာပါ အချက်အလက်များကြောင့် နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (International Finance Corporation) သည် နိုင်ငံပိုင် စာနယ်ဇင်းများတွင် ပစ်မှတ်ထားဖော်ပြခံနေရသည်။[၂၄၆]

နယ်မြေနှင့် သယံဇာတအတွက် ဖြစ်ပွားနေသည့် တပ်မတော်နှင့် EAO ကြားမှ ပဋိပက္ခကို ဖော်ပြခဲ့ပါ လုပ်ငန်းဆောင်ရွက်ချက်များက ပို၍တင်းမာစေခဲ့သည့် ဖြစ်စဉ်အများအပြားရှိ သည်။ အတိအကျဆိုရလျှင် ယင်းလုပ်ငန်းများကို ငွေကြေးပံ့ပိုးခြင်းသည် သယံဇာတ ထွက်ရှိရာ တိုင်းရင်းသား လူနည်းစုများနေရာမှ သယံဇာတအကျိုးအမြတ်များ သယ်ထုတ် သွားခြင်းကို ဆက်လက်ဖြစ်ပေါ်စေရန် အားပေးသကဲ့သို့ ဖြစ်သွားနိုင်ချေရှိသည်။ တိုင်းပြည် အတွင်းရှိ အတိုက်အခံနယ်မြေများမှ ခေါင်းဆောင်များ၊ဒေသခံစီးပွားရေးလုပ်ငန်းများ၊ ပြည်သူလူထုများအတွက် ထိုက်တန်သည့်အကျိုးအမြတ်မချန်ထားပဲ ခရိုနီစီးပွားရေး လုပ်ငန်းများ၊ ဗဟိုအစိုးရနှင့် နိုင်ငံခြားသို့ရောက်သွားသည့် အကျိုးအမြတ်များသည် ပြည်မက တောင်တန်းဒေသကို ခေါင်းပုံဖြတ်သည်ဟူသော အမြင်ဖြင့် မကျေမနပ် ဒေါသ ထွက်ခြင်းများကို ဖြစ်ပေါ်စေသည်။ ယင်းသို့မကျေမနပ်ဖြစ်ခြင်းများကို တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့များမှခေါင်းဆောင်များကလက်နက်ကိုင် တော်လှန်ရခြင်း၏ အကြောင်း ရင်းတစ်ခုအဖြစ်အဖြစ်၊ ဒေါသထွက်နေသည့် လူထုထံမှ ထောက်ခံမှုရယူသည့် နည်း တစ်ခုအဖြစ် အသုံးပြုသွားနိုင်သည်။

မြန်မာနိုင်ငံတဝှမ်းကို ဒုက္ခပေးသည့်ကိစ္စဖြစ်သော မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုများသည် အကြီးစားစီမံကိန်းများနှင့် ဆက်နွယ်နေလေ့ရှိသည်။ ပုဂ္ဂလိက ပိုင်လုပ်ကွက်များအတွက်၊ စစ်ရေးအသုံးပြုရန်အတွက် အဓမ္မနေရာဖယ်ခိုင်းခြင်း (သို့မဟုတ်) မြေယာသိမ်းခြင်းတို့သည် တင်းမာမှုများကိုဖြစ်စေပြီး လူသိရှင်ကြား ဆန့်ကျင်မှုများကို ဖြစ်ပေါ်စေသည်။ အပြောင်းအလဲများ အလျင်အမြန်ဖြစ်ပေါ်နေသည့် အချိန်တွင် အသေးစားလုပ်ငန်းရှင်များကို ပြင်းထန်သည့် စီးပွားရေး ဖိအားများ သက်ရောက်စေသည်။[၂၄၇] မြေယာသိ

မ်းခြင်းကိုဖြစ်ပေါ်စေသည့် ရင်းနှီးမြှုပ်နှံမှုများသည် ရေရှည် နေရာပြောင်းရွှေ့မှုများကိုဖြစ်ပေါ်စေပြီး၊ ပဋိပက္ခဖြစ်စေသည့် မကျေနပ်မှုများကို ခိုင်မာစေ နိုင်သည်။ အချို့သော ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် မြေယာပိုင်ဆိုင် မှုသည် မြေယာမှတ်ပုံတင်စနစ် အမျိုးမျိုးရှိနေခြင်းကြောင့် ရှုပ်ထွေးလျက် ရှိသည်။ အစိုးရ၏ မြေယာမူဝါဒတွင် မထင်မရှားဖော်ပြထားသည့် ရိုးရာ မြေပိုင်ဆိုင်မှုအစီအမံများကို မိရိုးဖလာ စနစ်များတွင် တွင်တွင်ကျယ်ကျယ် လက်ခံထားပြီး EAO အချို့ဆောင်ရွက်သည့် မြေယာ မှတ်ပုံတင်ခြင်းတွင်လည်း အပြည့်အဝလက်ခံထားသည်။[၂၄၈]

**ရေကာတာဆောက်လုပ်ခြင်းများသည် မကျေလည်မှုများကို တိုးပွားစေသည်။** သယံဇာတ အကြီးအကျယ်ထုတ်ယူသည့် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပဋိပက္ခအကြား ရှုပ်ထွေးစွာဆက်စပ်နေမှုကို မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများမှ အကြီးစား ဆည်များ နှင့်ပတ်သက်ပြီး လူသိရှင်ကြားအငြင်းပွားမှုများက ရှင်းလင်းစွာ သက်သေပြလျက်ရှိသည်။ ဆည်များသည် ပြင်းထန်သည့် ပြည်တွင်း ပြည်ပ ဆန့်ကျင်မှုများကို ဖြစ်ပေါ်စေသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ဆန့်ကျင်မှုနှင့် စာနယ်ဇင်းများ၏ အာရုံစိုက်မှုများကို ခံရသည်။[၂၄၉] အခြား အကြီးစားရင်းနှီးမြှုပ်နှံမှုများ နည်းတူ ဆည်များမှ အကျိုးအမြတ်ခံစားမည့်သူ၊ သက်မွေးဝမ်း ကျောင်းမှုနှင့် ပတ်ဝန်းကျင်အပေါ် ၎င်း၏ အပျက်သဘော သက်ရောက်မှု၊ နိုင်ငံတော်အစိုးရ၏ အာဏာချဲ့ထွင်နိုင်ရန် တပ်မတော်သည် ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို အသုံးပြုခြင်းတို့နှင့် ပတ်သက်ပြီး အငြင်းပွားမှုများကို ဖြစ်ပေါ်စေသည်။

အငြင်းပွားဖွယ်ပြဿနာတက်နေသည့် ဆည်တည်ဆောက်မည့်နေရာ များမှာ ကရင် ပြည်နယ်မှ ဟတ်ကြီး၊ ရှမ်းပြည်နယ်မှ မိုင်းတုံဆည်၊ လက်ရှိရပ်ဆိုင်းထားသည့် ကချင်ပြည်နယ်မှ မြစ်ဆုံဆည် တို့ဖြစ်သည်။ ယင်းနေရာများတွင် အရပ်ဘက် အဖွဲ့အစည်း များ၏ ဆန္ဒပြမှုနှင့် အချို့သော လက်နက်ကိုင်အဖွဲ့များ၏ ဆန့်ကျင်မှု စုပေါင်းဖြစ်ပေါ်နေမှု သည် အလားအလာရှိရင်းနှီးမြှုပ်နှံသူများအတွက် ဆုံးရှုံးမှုဖြစ်နိုင်ချေ မြင့်တက်စေပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အထစ်အငေါ့ ဖြစ်စေသည့် တစ်ဆို့မှုများဖြစ်ပေါ်စေသည်။ ဆည်များသည် အကြမ်းဖက် တိုက်ခိုက်မှုများ အကြိမ်ကြိမ်ဖြစ်စေခဲ့ပြီး၊ ရံဖန်ရံခါ ဆောက်လုပ်ရေး လုပ်သားများ တိုက်ခိုက်ခံရသည့် အခြေအနေများ လည်းရှိသည်။[၂၅၀]

ဆည်ရေကာတာစီမံကိန်းအသစ်များပေါ် နိုင်ငံတကာက ငွေကြေး ပံ့ပိုးနေမှုများသည် အနီးကပ် စောင့်ကြည့်မှုခံနေရသည်။ အာရှဖောင်ဒေးရှင်းက သုံးသပ်ခဲ့သည့် ဆည်များနှင့် ပတ်သက်ပြီး စာနယ်ဇင်းများဖော်ပြမှု ၈၀ ရာခိုင်နှုန်းတွင် ရှိနေသည်။[၂၅၁] အစိုးရသို့ ဝေဖန်မှုများရှိသကဲ့သို့ မြန်မာနိုင်ငံမှ ရေအားလျှပ်စစ်စီမံကိန်းကို ထောက်ခံသည့် အနောက်တိုင်းမှ အလှူရှင်များနှင့် အိမ်နီးချင်းနိုင်ငံများ၊ ကုမ္ပဏီများနှင့် ၎င်းတို့တိုင်းပြည် များကို ဝေဖန်မှုများရှိသည်။ ရည်ရွယ်ထားသည့် အကြီးစား စီမံကိန်း အများစုသည် ထိုင်း သို့မဟုတ် တရုတ်ကို လျှပ်စစ်ရောင်းချရန် အဓိကရည်ရွယ်ထားသည်။ ဆည်များမှ ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးများကို အနီးအနားရပ်ရွာများက ခံစားနေရချိန်တွင် ရရှိလာမည့် အကျိုးအမြတ်များသည် အိမ်နီးချင်းနိုင်ငံများ၊ ဆောက်လုပ်ရေး လုပ်ငန်းများ နှင့် ဗဟိုအစိုးရကို သာအကျိုးဖြစ်စေမည်ဖြစ်သောကြောင့် တိုင်းရင်းသား အခွင့်အရေး လှုပ်ရှားသူများ နှင့် နိုင်ငံရေးသမားများကြား စိတ်ပျက်မှုများကို ဖြစ်စေသည်။[၂၅၂]

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း။** မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားရင်းမြစ်များ အရေးတကြီးလိုအပ်နေသည်။ အခြားရင်းမြစ်များနည်းတူ ရေအားလျှပ်စစ်သည်လည်း အလားအလာများစွာရှိသည်။ ပွင့်လင်းစွာ ဆွေးနွေးမှုများ၊ အကြံယူဆွေးနွေးမှုများ လုပ်ဆောင်ရန်လိုအပ်သည်။ (ဇယားကွက် ၅.၅) ယင်းကိစ္စများဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခများရှောင်ရှားနိုင်ရန် လုံလောက်မှုမရှိသေးပါ။ ခေါင်းပုံဖြတ်အမြတ် ထုတ်မှုများဖြစ်နိုင်သည့် အခြေအနေကို တန်ပြန်ထိန်းချုပ်နိုင်ရန် အတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များသည် တနိုင်ငံလုံးကို အကျိုးအမြတ်များ အထင်အရှား ပေးနိုင်ရမည်။ အထူးသဖြင့် လျှပ်စစ်ထုတ်သည့်ဒေသမှ ပြည်သူများကို အကျိုးပြုနိုင်ရမည်။ လျာထားသည့် အစီအစဉ်များကို တိုင်းရင်းသားခေါင်းဆောင်များက အပြင်းအထန် ဆန့်ကျင်သည်ဆိုပါက အကြီးစား ရင်းနှီးမြှုပ်နှံမှုများကို ငြိမ်းချမ်းရေးသို့ ဦးတည်သည့် တိုးတက်မှုများ မရမခြင်း ဆိုင်းထားသင့်သည်။

အလှူရှင်များ၏ ကူညီမှုဖြင့် အစိုးရသည် ပြည်တွင်း မှထုတ်လုပ်သည့် စွမ်းအင်ဝေစုကို အမြင့်ဆုံးရယူနိုင်အောင် ရည်မှန်းချက် ချမှတ် ဆောင်ရွက်နိုင်သည်။ (အိမ်နီးချင်းနိုင်ငံများသို့ရောင်းချမည့်အစား) အထူးသဖြင့် လျှပ်စစ် ထုတ်လုပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင် ဝေစုများများရအောင်ရည်မှန်း ဆောင်ရွက်နိုင်သည်။ ရေကာတာများ၏ ဆိုးကျိုးများ လျော့ချနိုင်ရန်၊ နစ်နာရသည့် ပြည်သူများ နစ်နာကြေးရရှိရန်၊ ရရှိလာသည့် ဓာတ်အားကို အနီးအားပတ်ဝန်းကျင်သို့ ပေး နိုင်ရန် အထူးသဖြင့်အရေးကြီးသည်။ အလှူရှင်များနှင့် အစိုးရများသည် ဆုံးဖြတ်ချက် ချခြင်းနှင့်ဆိုင်သည့် လုပ်ငန်းစဉ်များ တိုးတက်အောင်ဆောင်ရွက်သင့်သည်။ ဆွေးနွေး အကြံယူမှု၊ နည်းပညာပိုင်း ဆန်းစစ်မှုများ ပေါ်တွင် အခြေခံဆောင်ရွက် ရန်လိုသည်ကို လက်ရှိအချိန်ထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြတ်သန်းချက်အရ သိရသည်။

မြန်မာနိုင်ငံရှိ ဆည်အကြီးစားတည်ဆောက်ရန် လျာထားသည့် နေရာ များသည် အလွန် အကဲဆတ်သည့်၊ ပဋိပက္ခ ဒဏ်ခံနေရသည့် နေရာများ ဖြစ်ခြင်းကြောင့် ဒေသပေါ် အပျက်သဘော သက်ရောက်မှုများဖြစ်သော နိုင်ငံရေးအန္တရာယ်၊ ဒေသအတွင်း အကျိုးအမြတ်များဖြစ်ထွန်းစေရန် အရေးကြီးမှုတို့အတွက် လေးလေးနက်နက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထိုကဲ့သို့သောနေရာများတွင် နည်းပညာအရ ဖြစ်နိုင်သည် ဆိုပါက အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကို အပြောင်းအလဲ တစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ၎င်းအစီအစဉ်သည် အစိုးရ၊ EAO များနှင့် နိုင်ငံခြားအစုအဖွဲ့များကို လျှပ်စစ်မီး ရယူအသုံးချ နိုင်မည့် အခွင့်အလမ်း ရရှိစေပြီး၊ နိုင်ငံရေးသဘောတူညီချက်များ မရမီ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် စီမံကိန်းများ ရပ်ဆိုင်းထားရန် စဉ်းစားနိုင် မည်ဖြစ်သည်။ နိုင်ငံဓာတ်အားပေးပို့မှုတွင် ထည့်သွင်းမည့် ၎င်းဆည်များမှ ရရှိသည့် ဓာတ်အား တစ်ယူနစ် ထုတ်လုပ်စရိတ်သည် အကုန်အကျပိုများသည့်တိုင် အသေးစား ဆည်များသည် ပဋိပက္ခ စက်ဝန်းကို အားပေးရန်မှာ ဖြစ်နိုင်ချေနည်းသည်။[၂၅၆]

### ဇယားကွက် ၅.၅
### ဆည်ရေကာတာများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း

ရေအားလျှပ်စစ်ထုတ်ယူမည့်ဆည်များ၏ အလားအလာ၊ ၎င်းတို့၏ အငြင်းပွားဖွယ်ရာ နိုင်ငံတကာမှတ်တမ်းများသည် ပုဂ္ဂလိကကဏ္ဍကို ငွေချေးပေးသည့် နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း(IFC)၊ ကမ္ဘာ့ဌာနခွဲများအား မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံဆိုင်ရာအချက်အလက် စုဆောင်းထားမှုများကို အဆင့်မြှင့်တင်ရန် တွန်းအားဖြစ်စေခဲ့သည်။ အစိုးရနှင့် လုပ်ငန်းဆောင်ရွက်ရင်း IFC  သည် သတင်းအချက်အလက်များကို စုစည်းပြီး၊ မဟာဗျူဟာမြောက် အခင်းအကျင်း ဆန်းစစ်မှု (Strategic Environmental Assessment) လုပ်ငန်း အစိတ်အပိုင်းတစ်ခုအနေဖြင့် တနိုင်ငံလုံးတွင် ဆွေးနွေးအကြံယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်။[၂၅၃]  ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) နှင့် အာရှ ဖွံ့ဖြိုးရေး ဘဏ်တို့မှ မြန်မာ့စွမ်းအင်ကဏ္ဍမဟာဗျူဟာမြောက် စီစဉ်မှုများအတွက် ငွေကြေး ပံ့ပိုးပေးခဲ့သည်။ ရေအားလျှပ်စစ်နှင့် ဆိုင်သည့် အချက်အလက်များ အပါအဝင် သတင်းအချက်အလက်များ ပို၍ စုံလင်စွာ စုဆောင်းနိုင်ရန်၊ ပြည့်စုံသည့် ဆွေးနွေးအကြံယူမှု လုပ်ငန်းစဉ်ဖြစ်ရန် ရည်ရွယ်ဆောင်ရွက်သည်။

ဆွေးနွေးအကြံယူခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်သည့် ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (Public engagement) သည် တုံ့ပြန်မှုအမျိုးမျိုး လက်ခံရရှိ ခဲ့သည်။ ပါဝင်သူ အချို့က ညှိနှိုင်းပါဝင် ခွင့်ရရန် အခွင့်အလမ်းဖြစ်သည်ဟု ချီးမွမ်းသော်လည်း အချို့က အစိုးရနှင့် အလှူရှင်များက အကြီးစား ရေကာတာများဆောက်လုပ်ရန် စီစဉ်ထားပြီးဖြစ်သည်ဟု စောဒကတက်ခဲ့ကြသည်။[၂၅၄] IFC က ပဋိပက္ခကိစ္စများကို ဖြေရှင်းရန် ဆန်းစစ်မှု နည်းလမ်းများ အသုံးပြုခြင်း၊ အကြံပေးချက်များကို ကျင့်သုံးခြင်းတို့ကြောင့် အချိန်ကြာလာသည့်နှင့်အမျှ လုပ်ငန်းစဉ်များ တိုးတက် ပြောင်းလဲလာခဲ့သည်။

ရေကာတာအသစ်များစီမံကိန်းနှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ လျှပ်စစ်ဓာတ်အား ရယူလိုသည့်အိမ်နီးနားချင်း နိုင်ငံများမှ နိုင်ငံပိုင်ကုမ္ပဏီများ ၏ ရေရှည်ဖိအားပေးမှုများကြောင့် နိုင်ငံတကာ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက ငွေကြေးပံ့ပိုးရန် စိတ်ဝင်စားလာခဲ့မှုကို ကျွမ်းကျင်သူများက ထောက်ပြခဲ့ကြသည်။[၂၅၅] အလှူရှင်များက ဆွေးနွေးမှုများ ဆက်လက်ဖြစ်ပေါ်ရန် ပံ့ပိုးမှုများဖြတ်တောက် လိုက်ပါက ဖွံ့ဖြိုးရေး အစီအစဉ်များနှင့်ဆိုင်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဖော်ပြ ထားသည့် အချက်များအပါအဝင် အများပြည်သူထံမှ ဆွေးနွေးအကြံယူခြင်း၊ နိုင်ငံရေးအရ ဆွေးနွေးအကြံယူခြင်းများ ပြတ်တောက်သွားနိုင်သည်။

လက်နက်ကိုင်အဖွဲ့များမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများထိ ပါဝင်သက်ဆိုင်သူ (stakeholder) အများအပြားသည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် လွှမ်းမိုးနိုင်ရန် ပြင်းပြသည့်ဆန္ဒများ ရှိကြသည်။ စီမံကိန်းရေးဆွဲသူများ၊ ငွေကြေးစိုက်ထုတ်သူများသည် ဦးတည်ချက် မတူညီသည့် အစုအဖွဲ့များနှင့် သင့်တော်အဆင်ပြေစွာ ညှိနှိုင်းဆက်ဆံရန်ပျက်ကွက်ခဲ့ပါက မမျှော်လင့်ထားသည့် ရလဒ်များကို ထွက်ပေါ်စေပြီး စီမံကိန်းလုပ်ရန်လျာထားသည့် နေရာများတွင် အကြမ်းဖက် ပဋိပက္ခများဖြစ်ပေါ်နိုင်ချေကို မြင့်တက်စေသည်။ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုများကို ထိခိုက်စေသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်နေရင်းနှင့် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ သဘာဝ သယံဇာတပေါ်အခြေပြုပြီး တိုးတက်ရေး ဆောင်ရွက်ခြင်းသည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်ကို စီမံသည့် စုဖွဲ့မှုဆိုင်ရာ (institutional)  လမ်းကြောင်းများ ခိုင်ခိုင်မာမာ ရှိရန်နှင့် အများလက်ခံနိုင်သည့် အကျိုးအမြတ်ခွဲဝေမှုနည်းလမ်းများ ဖော်ထုတ်နိုင်ရန်လိုအပ်သည်။

## အကြမ်းဖက်မှုသံသရာကိုဖြစ်စေသည့် ပွင့်လင်းမြင်သာမှုမရှိသော အပေးအယူများ လျှော့ချရာတွင် နိုင်ငံခြားအထောက်အပံ့များက အကူအညီပေးနိုင်သည်

အတိုက်အခံနယ်မြေများမှ ပွင့်လင်းမြင်သာမှုမရှိ၊ အစီအမံညံ့ဖျင်းသည့် အုပ်ချုပ်မှုပုံစံများ ကိုပြုပြင်ရန် ဆောင်ရွက်ခြင်းမရှိပါက ရင်းနှီးမြှုပ်နှံမှု အသစ်များသည် ပဋိပက္ခကိုမြင့်တက် စေသည့် အခြေအနေများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ အလေ့အထ ကောင်းများစွဲမြဲစေရန်၊ ရေရှည် တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အခြေခံများချထားရာတွင် နိုင်ငံခြား အထောက်အပံ့များက ကူညီပေးနိုင်သည်။

နယ်မြေစိုးမိုးရေးပဋိပက္ခများရှိရာဒေသများမှ အပစ်အခတ်ရပ်စဲရေးများ နှင့် စီးပွားရေး လုပ်ငန်းများသည် ဩဇာရှိပုဂ္ဂိုလ်များ၏ အပေးအယူ ပေါ်တွင် မူတည်ဖြစ်ပေါ်ခဲ့သည်မှာ ဆယ်စုနှစ် များစွာကြာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံစစ်အစိုးရသည် ၎င်းတို့ကိုထောက်ခံသည့် ၎င်းတို့ ပတ်သက်ရာ ပတ်သက်ကြောင်း ခေါင်းဆောင်များနှင့် စီးပွားရေးသမားများ၊ ပြည်သူ့စစ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ နှင့် နိုင်ငံရေးပါတီများကို မိုင်းတွင်း၊ သစ် လုပ်ကွက် နှင့် အခြားသော စီးပွားရေး လုပ်ကွက်များကို ချထားပေးခဲ့သည်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအချို့ အထင်အရှား ပြုလုပ်ခဲ့သည်တိုင် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာမှုမရှိပဲ၊ ဒေသခံနှင့် နိုင်ငံအဆင့် လူတစ်စုစာကိုသာ အကျိုးအမြတ်ဖြစ်ထွန်းနေစေသည်။

ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် သဘာဝ သယံဇာတများ အလျင်အမြန် ကုန်ခမ်းလာမှု၊ မြေပိုင်ဆိုင်မှု ဆုံးရှုံးရခြင်း၊ မှောင်ခိုလုပ်ငန်း၊ တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ် ရောင်းချမှုသည် စည်းမျဉ်းဥပဒေ

အားနည်းမှု၊ တာဝန်ခံမှုမရှိခြင်းတို့နှင့် ဆက်စပ်နေသည်။ သြဇာရှိပုဂ္ဂိုလ်များသည် တရားဥပဒေအထက်မှ လုပ်ဆောင်နေကြသည်။ သဘာဝ သယံဇာတ ထုတ်ယူခြင်းသည် ဒေသအတွင်း အကျိုးပြုမှု မရှိခြင်းကြောင့် ဒေသခံများမကျေနပ်မှုများ ဖြစ်နေမှုကိုကောင်းစွာ မှတ်တမ်းတင်နိုင်ခဲ့သည်။[၂၅၇] ပြည်နယ်အဆင့် အောက်မှ ပဋိပက္ခ ဖြေရှင်းသည့် လုပ်ငန်းစဉ်များ သို့မဟုတ် အာဏာလွှဲအပ်ထားပေးသည့် ဒေသခံ အစိုးရများ မရှိခြင်းတို့ကြောင့် ပဋိပက္ခများကြားမှ စီးပွားရေး အချိတ် အဆက် များရှိသည့် တိုင်းကချင်ပြည်နယ်တွင် စစ်ပွဲများ ၂၀၁၁ ခုနှစ်တွင် ပြန်လည် ဖြစ်ပွားခဲ့ခြင်းတွင် တင်းမာမှုများ ဖြေရှင်းရန် အခွင့်မသာပဲ ဖြစ်ခဲ့ရသည်။

ဗဟိုနှင့် ပြည်နယ်အဆင့် အစိုးရများကြားတွင် သယံဇာတ ခွဲဝေခြင်းပုံစံအချို့သည် ရေရှည် သဘောဆောင်သော တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်များ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်သည်။ ရည်ရွယ်ထားသည့် တိုးတက်မှုများ ဖြစ်ပေါ်လာရန် အချိန်ကြာနိုင်သည်။ ကြားကာလအတွင်း အလှူရှင်များသည် သဘာဝ သယံဇာတစီမံခန့်ခွဲမှု၊ ဆည်များနှင့် အခြားအကြီးစားရင်းနှီးမြှုပ်နှံမှုများနှင့်ဆိုင်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများ တိုးတက်လာစေရန် နည်းလမ်းရှာသင့်သည်။ တွင်းထွက် သယံဇာတ တူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု Extractive Industries Transparency Initiative (EITI) တွင် ဖော်ပြထားသည့် ပွင့်လင်းမြင်သာစွာ စီမံမှု စံသတ်မှတ်ချက်ကဲ့သို့သော ပို၍ ကောင်းမွန် သည့် စီးပွားရေး အလေ့အထ များက အကူအညီပေးနိုင်သည်။[၂၅၈] The Myanmar Center for Responsible Business သည် ရင်းနှီးမြှုပ်နှံသူများ ပွင့်လင်း မြင်သာမှုရှိစွာဆောင်ရွက်ရန် ဆွဲဆောင်ခြင်းအစီအစဉ်များတိုးတက် လာစေရန်၊ စည်းမျဉ်း ကြပ်မတ်ခြင်းများ အားကောင်းလာစေရန် တိုက်တွန်းလျက်ရှိသည်။ ယင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ကဏ္ဍအသီးသီးတွင် ဆောင်ရွက်နေသည့် အလှူရှင်များမှ ညှိနှိုင်း ဆက်ဆံမှုတွင် ပေါင်းစပ်နိုင်သည်။

ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင် တာဝန်ခံမှုအားကောင်းသည့် အင်စတီကျူးရှင်း များဖြစ်လာစေရန် အစိုးရ၏စွမ်းရည် တဖြည်းဖြည်း မြှင့်တင်ပေးရာတွင်လည်း နိုင်ငံခြား အထောက်အပံ့များက အကူအညီပေးနိုင်သည်။ ဥပမာ အလှူရှင်များသည် ၂၀၀၈ အခြေခံ ဥပဒေအရ ဖွဲ့စည်းထားသည့်ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် များအတွက် လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့များပေးခဲ့သည်။ နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အစိုးရဌာန အများအပြားတွင် လုပ်ငန်းဆောင်ရွက်မှု အလေ့အထသစ်များ ပေါ်ပေါက် လာစေရန် အထောက်အပံ့ရန်ပုံငွေများကို အသုံးပြုခဲ့ကြသည်။ အချို့သော EAO များ၏ သယံဇာတစီမံမှု (ဥပမာ အစိုးရ အရောက်အပေါက် အနည်းငယ်သာရှိသည့် KNU နယ်မြေမှ မြေယာ မှတ်ပုံတင်စနစ်) ပုံစံများ တိုးတက်အောင်ဆောင်ရွက်ပေးရန် NGO အချို့ကို အလှူရှင်များက သင်တန်းပေးခြင်း၊ မူဝါဒပိုင်းအကြံပေးခြင်း၊ အသိအမြင်ဖွင့်ခြင်းများကို ပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သည်။[၂၅၉]

ယင်းအစီအမံများသည် အကြမ်းဖက်ပဋိပက္ခကို အချိန်ကြာစေသည့် နောက်ခံအခြေအနေများကို တစတစအပြောင်းအလဲပြုလုပ်ရာတွင် အထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ သည့်ငြိမ်းချမ်းရေးဖြစ်ပေါ်ရန် အတွက်လိုအပ်သည့် အင်စတီကျူးရှင်းဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်လာရန်အတွက် အခြေခံများကို ဖန်တီးပေးသည်။ နောက်ခံ အခြေအနေများ တိုးတက် ရန်အတွက် ဆောင်ရွက်သည့် အစီအမံများသည် အနာဂတ်တွင် အကျိုးထူးများ ဖြစ်ပေါ်စေနိုင်သည်။ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားသည့် အစိုးရ အင်စတီကျူးရှင်း သို့မဟုတ် အင်စတီကျူးရှင်းအသစ်သည် နိုင်ငံတကာ အကူအညီများအတွက် အခွင့်အလမ်းအသစ်များ ဖွင့်ပေးသည့်အချိန်တွင်အကျိုးထူးများ ရှိနိုင်သည်။

## ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်သည် အသက်မွေးမှုနှင့် လူ့အခွင့်အရေးများကို မထိခိုက်စေပဲ ပံ့ပိုးမှုများ ဖြစ်စေရန် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက ဆောင်ရွက်ပေးရမည်ဖြစ်သည်

မြန်မာနိုင်ငံတဝှမ်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ အထူးသဖြင့် ပဋိပက္ခဒဏ်ခံနေရ သည့်နေရာများမှ ဆောင်ရွက်ချက်များသည် အနာဂတ်တွင် အကြမ်းဖက်မှုဖြစ်ပွားနိုင်ခြင်းကို မြှင့်တင်ပေးသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပတ်ဝန်းကျင် ပျက်းမှုများ၊ သက်မွေးဝမ်းကျောင်းထိခိုက်မှုများနှင့် အမြဲတစေဆက်စပ်နေလေ့ရှိ သည်။ ဆယ်စုနှစ် ၅ စုကျော် စစ်အုပ်ချုပ်မှုအတွင်း နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရ၏ ဆက်ဆံရေးသည် ခြိမ်းခြောက်ဖိနှိပ်သည့်အသွင်နှင့်ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များတွင်လည်း အရပ်သားများကို မလျော်မကန်ဆက်ဆံခဲ့သည့် မှတ်တမ်းများရှိသည်။

ဆိုးဆိုးဝါးဝါးထိခိုက်ခံထားရသည့်ဒေသများတွင် ယင်းဖိနှိပ်မှုများသည် ကျေးလက် ဒေသခံ ရပ်ရွာများအား ပြင်ပလုပ်ငန်းဝင်ရောက်ဆောင်ရွက်မှုများကို အကြီးအကျယ် စိုးရိမ် ကြောက်ရွံ့ မှုများဖြစ်စေခဲ့သည်။ အရပ်ဘက် သို့မဟုတ် စစ်ဘက်မှ အာဏာပိုင်များ အစိုးရနှင့် NGO များမှ ဝန်ထမ်းများ ရွာထဲသို့ဝင်ရောက်လာရုံနှင့် ပြင်းထန်သည့် သံသယများကို ဖြစ်ပေါ်စေသည်။ ကြိုတင်ဆွေးနွေးအကြံယူမှုမပြုလုပ်ပဲ သို့မဟုတ် မြေယာဆုံးရှုံးစေမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်ပျက်ဆီးစေမှုများကဲ့သို့သော အပျက်သဘော သက်ရောက်မှုများဖြစ်စေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများသည် ပြည်သူများ၏ မယုံကြည်မှု၊ နိုင်ငံသားများနှင့် အစိုးရကြား ဆက်ဆံရေးကိုထိခိုက်စေပြီး၊ EAO များကိုလူအများ ထောက်ခံမှုကို အားကောင်းစေသည်။

ဖွံ့ဖြိုးမှုကွာဟချက်များကို မဖြစ်စေပဲ၊ ပဋိပက္ခများကို အားပေးခြင်းမရှိပဲနှင့် စီးပွားရေး တိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျော့ချခြင်းတို့ဖြစ်ပေါ်စေရန် နိုင်ငံတကာ အထောက်အပံ့ များက ပံ့ပိုးပေးနိုင်သည်။[၂၆၀] ယခုအပိုင်းတွင် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ အသေးစိတ် စဉ်းစားရမည့် အဓိကပြဿနာများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဖော်ပြထားသည်။ (ပုံ ၅.၃ နှင့် ၅.၄ တွင်ရှုပါ) ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ချမှတ်ခြင်း နည်းလမ်းကောင်းများ ဖြစ်လာစေရန်၊ ပဋိပက္ခ သံသရာ မရှည်စေပဲ လူနေမှု အဆင့်အတန်း မြှင့်တင်ခြင်းများကို နိုင်ငံခြား အထောက်အပံ့များက မူဝါဒအဆင့်တွင် အကူအညီပေးနိုင်သည်။ ပြည်သူများကို အဓိကထားသည့် သို့မဟုတ် လူသားဖွံ့ဖြိုးမှု ချဉ်းကပ်မှုများကို ကျင့်သုံးသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ ချဉ်းကပ်ပုံများသည် အစိုးရ ထုတ်ပြန်ထားသည့် မူဝါဒပိုင်း ကတိကဝတ်များနှင့် ကိုက်ညီမှုရှိပြီး၊ အကြမ်းဖက်ပဋိပက္ခများကို ရှောင်ရှားခြင်း

နှင့်လည်း ကိုက်ညီမှုရှိသည်။[၂၆၁] နယ်မြေစိုးမိုးရေးပဋိပက္ခ၊ အခြား နိုင်ငံအဆင့် ပြဿနာများ၏ ထူးခြားသည့် အခင်းအကျင်းများကို ထည့်သွင်းစဉ်းစားနေစဉ်အတွင်း လက်တွေ့ဆောင်ရွက်ရာတွင် မည်သည့် ရည်မှန်းချက်များ ထည့်သွင်းဆောင်ရွက်မည်ကို အစိုးရအနေဖြင့် ရှင်းလင်းစွာသတ်မှတ်နိုင်ရန် အလှူရှင်များ၏ မူဝါဒများက တွန်းအားပေးနိုင်သည်။

စီမံကိန်းရေးဆွဲရာတွင် မပါမဖြစ်အစိတ်အပိုင်းတစ်ခုအနေဖြင့် လူ့အခွင့် အရေးကို ထည့်သွင်း ဖော်ဆောင်နိုင်သည်။ လုပ်ပိုင်ခွင့်ရရှိထားသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် (အလှူရှင်အစိုးရများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ) လူမှုရေး၊ စီးပွားရေး တိုးတက်မှုများကို ဦးစားပေးသကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် လူ့အခွင့် အရေးဆိုင်ရာ သတ်မှတ်ချက်များပေါ်တွင်လည်း အာရုံစိုက်သင့်သည်။ အထောက် အပံ့ ပေးသည့် အဖွဲ့တစ်ခု၏ ဦးစားပေးကိစ္စများအားလုံး သဘောတူညီပြီးပြီဆိုပါက အထောက် အပံ့ပေးမည့်သူများ (aid practitioners) သည် စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များတွင် လူ့အခွင့် အရေးကိစ္စများထည့်သွင်းပေါင်းစပ်ရေးကို အားပေးသည့် လုပ်ငန်းစဉ် များဖော် ထုတ်နိုင်သည်။ ဥပမာအားဖြင့် လူထုဆွေးနွေးအကြံပြုခြင်းများ၊ လူထုပါဝင်လျက် အစီအစဉ်ရေးဆွဲခြင်း၊ သတင်းအချက်အလက်ကို ပွင့်လင်းစွာ အသုံးပြုခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရန် ကတိပြုခြင်း၊ မကျေနပ်ချက်များကို တိုင်ကြားနိုင်၊ ပြန်လည် အရေး ယူပေးနိုင်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနိုင်သည်။

အတိုက်အခံဖြစ်ပွားနေသည့်နေရာများတွင် သိမ်မွေ့ညင်သာစွာ ဆောင်ရွက်သည့် အစီအမံများသည် အကြီးစားစီမံကိန်းများ၏ ဆိုးကျိုးများ သို့မဟုတ် အစိုးရအင်အားတိုးချဲ့ခြင်း၊ သို့မဟုတ် EAO များ နေရာယူခြင်း များကိုရှောင်ရှားနိုင်ပြီး လူနေမှုအဆင့်အတန်းများကို တိုးတက်စေသည်။ ဥပမာ မြေပိုင်ဆိုင်မှုခိုင်မာမှုမြှင့်တင်ခြင်း၊ အခွန်လျှော့ခြင်း သို့မဟုတ် တရားလက်လွတ်ကောက်ခံခြင်းကို လျှော့ချခြင်း၊ နှုန်းထားသက်သာသည့် ချေးငွေ၊ ဈေးကွက်များသို့ အလွယ်တကူဆက်သွယ်နိုင်ခြင်းသည် ကျေးလက်မှ အငယ်စား လုပ်ငန်းရှင်များ၏ ဝင်ငွေကို တိုးတက်စေ ပါသည်။[၂၆၂]

ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို လုံ့ဆော်ရန်၊ ထိန်းသိမ်းကြီးကြပ်ရန် အစိုးရ၏ မူဝါဒများ နှင့် အကျိုးအမြတ်များ ဖြန့်ဖြူးပေးခြင်းကို အပျက်သဘောသက်ရောက်မှုများ မရှိစေပဲနှင့် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများအပါအဝင် ပြည်သူများအားလုံးအတွက် အကောင် အထည်ဖော်နိုင်ပါသည်။[၂၆၃]

## ၅.၃။ ဒေသအဆင့် တင်းမာမှုများ နှင့် အကြမ်းဖက်မှုပေါ် သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများသည် ဒေသအဆင့်တွင် နယ်မြေထိန်းချုပ်နိုင် ရန်၊ ပြည်သူများပေါ်အာဏာလွှမ်းမိုးနိုင်ရန်နှင့် သယံဇာတ ထုတ်ယူနိုင်ရန်အတွက် တိုက်ခိုက်ကြခြင်းဖြစ်သည်။ အထောက်အပံ့များသည် အရင်းအမြစ်အသစ်များကို ဖြစ်ပွား စေပြီး မှန်းဆရန်ခက်ခဲသည့် ရလဒ်များကိုဖြစ်စေသည်။ ပဋိပက္ခ တင်းမာမှု များကြောင့် အထောက်အပံ့ စီးဆင်းမှု၏ ထိရောက်မှုတွင် သက်ရောက်မှုများရှိသည်။ သို့သော်လည်း အာဏာအခင်းအကျင်းများ၊ ယှဉ်ပြိုင်ဘက်များ သို့မဟုတ် တပ်မှူးများ၏ သဘောထားနှင့်လည်း ချိတ်ဆက်မှု များရှိနိုင်သည်။ အချို့သော ဖွံ့ဖြိုးရေးစီမံကိန်းများသည် ပဋိပက္ခများ ကိုတိုက်ရိုက်ဖြစ်ပွားစေသည် သို့မဟုတ် အရပ်သား ရပ်ရွာများကြား နှင့် အချင်းချင်းကြား တွင် မကျေမနပ်မှုများကို ဖြစ်ပွားစေသည်။

### အခြေခံအဆောက်အဦသစ်များနှင့် စီးပွားရေး လုပ်ငန်း ဆောင်ရွက်ချက်များသည် အကြမ်းဖက် လက်နက်ကိုင် တိုက်ပွဲများကို ဖြစ်စေခဲ့သည်

နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်နေသည့်နေရာများတွင် လမ်းသစ်များ၊ ရေကာတာများ၊ မိုင်းတွင်းများ နှင့် အခြားအကြီးစား ရင်းနှီးမြှုပ်နှံမှု များသည် ရှိပြီးသား တင်းမာမှုများကို သိသိသာသာမြင့်တက်စေပြီး အကြမ်းဖက်မှုများ ဖြစ်ပွားစေခဲ့သည့် ဖြစ်ရပ်များလည်းရှိသည်။ အချို့သော လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံခြားအထောက်အပံ့ သို့မဟုတ် အစိုးရ နောက်ခံပေးထားသည့် စီးပွားရေး ချေးငွေများဖြင့် ဆောင်ရွက်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများသည် ပဋိပက္ခဒဏ် ခံနေရသည့်နေရာများကို ဦးတည်မည့် ရင်းနှီးမြှုပ်နှံမှု အသစ်များ၏ ဂယက်များကို ထည့်သွင်းစဉ်းစားရန်မှာ အလွန်အရေးကြီးသည်။

လမ်းသစ်များသည် အထူးသဖြင့် အကဲဆတ်သည်။ အစုအဖွဲ့တစ်ခု၏ စစ်ရေးအားသာ ချက်ကို ကြီးမားစေခြင်း၊ အစိုးရ၏ အာဏာချဲ့ထွင်မှုကို အားပေးခြင်း သို့မဟုတ် အချို့ အဖွဲ့များ သို့မဟုတ် တပ်မှူးများ အခွန်ကောက်စစ်ဆေးသည့် ဂိတ်ဖွင့်ရန် အခွင့်ကောင်းဖြစ်သည်ဟု ယူဆသွားပါက ပို၍အကဲဆတ်နိုင်သည်။ ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော် (Democratic Karen Buddhist Army) နှင့် တပ်မတော်ကြား အာရှ အဝေးပြေး လမ်းသစ်ဖောက်လုပ်ခြင်းနှင့်အတူ အခွန်ကိစ္စမကျေလည်မှုများကြောင့် ၂၀၁၅ ခုနစ်တွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။[၂၆၄] ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မြောက်ဘက်ခြမ်း စနစ်တကျထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်ထားသည့် လမ်းကြောင်း တွင်လည်း တိုက်ပွဲများအကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ယင်းလမ်းသည် ဟတ်ကြီး ရေအားလျှပ်စစ် စီမံကိန်းသို့ ထောက်ပံ့သည့် အနီးဆုံးလမ်း ဖြစ်သည်။ အထောက်အပံ့ အစီအစဉ်များ အနေဖြင့် စီမံကိန်း ရွေးချယ် ဖော်ထုတ်ခြင်း နှင့် အကြီးစားလုပ်ငန်းများအတွက် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် နယ်မြေစိုးမိုးရေးပဋိပက္ခအကြောင်းရင်းခံများကို ထည့်သွင်း လျက် လုံလောက်သည့် ဆန်းစစ်မှုများ ပြုလုပ်ရန် လိုအပ်သည်။

### ပုံမှန်အားဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများသည် ရပ်ရွာများကြား တင်းမာမှုများ၊ မကျေလည်မှုများကို မြင့်တက်စေလေ့ရှိသည်

ကျေးရွာအဆင့်ရန်ပုံငွေသည်ပင်လျှင် ဒေသခံခေါင်းဆောင်များ ကိုယ်ကျိုးရှာမှုကို ဖြစ်ပွား စေနိုင်ပြီး ရပ်ရွာများကြား တင်းမာမှုများကို မရည်ရွယ်ပဲ ပေါ်ပေါက်စေနိုင်သည်။[၂၆၅] ယင်းတင်းမာမှုများသည် အကြမ်းဖက်မှုကြီးကြီးမားမား ပေါ်ပေါက်စေခြင်း သို့မဟုတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆိုးဝါးစွာထိခိုက်စေခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေး စီမံကိန်း များ၏ ထိရောက်မှုကို အကန့်အသတ်ဖြစ်စေပြီး၊ ရပ်ရွာနေပုဂ္ဂိုလ်များအတွက် ပြဿနာများ ဖြစ်ပွားစေသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်လာသည့် အခွင့်အလမ်းသစ်များ ရယူရာတွင် ညီမျှမှုမရှိသဖြင့် မကျေလည်မှုများ ပေါ်ပေါက်စေနိုင်သည်။[၂၆] အခွင့်အလမ်း များတန်းတူမရရှိမှုကြောင့်ပေါ်ေပါက်လာသည့်နောက်ဆက် တွဲများသည် တိုင်းရင်းသား လူမျိုးများ ရောနှောနေထိုင်သည့် နေရာများတွင် အဆိုးဆုံး ဖြစ်သည်။ အထောက်အပံ့ စီမံကိန်းများသည် လူမျိုးတစ်ခုကိုထောက်ပံ့ပြီး အခြားတမျိုးပေါ်တွင် ပျက်ကွက်ခဲ့ပါက မရည်ရွယ်ပဲ မကျေနပ်မှုများကို အားကောင်းစေသည်။ ယင်းပုံစံ သည် ရခိုင်ပြည်နယ်တွင် အထင်အရှား ဖြစ်ပွားခဲ့သည်။ ရခိုင်လူမျိုးတက်ကြွလှုပ်ရှားသူများသည် သန်းခေါင် စာရင်း ကိုဆန့်ကျင်ကြပြီး နိုင်ငံခြားအထောက်အပံ့ပေးသည့် အဖွဲ့အစည်း များသည် ဘက်လိုက်မှု ရှိသည်ဟု စွပ်စွဲခဲ့ကြသည်။ ၂၀၁၄ မတ်လတွင် ၎င်းတို့၏ နောက်လိုက်များသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရုံးများကို ဖျက်ဆီးခဲ့ကြသည်။[၂၇]

ကယားပြည်နယ် ကျေးလက်ဒေသခံများနှင့် အခြားစီမံကိန်းနေရာတွင် နေထိုင်သူများက စီးပွားရေး အခွင့်အလမ်းသစ်များမှအကျိုးခံစားခွင့် ရှိနိုင်မည်ကို သံသယရှိကြကြောင်း ထုတ်ဖော်ပြောပြခဲ့သည်။ လမ်းသစ်များမှ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတွင်း အခြား နေရာမှ ရွှေ့ပြောင်းလာသူ များက ဝင်ရောက်လုပ်ကိုင်စားလေ့ရှိကြသည်။ စီးပွားရေး အခွင့်အလမ်းသစ်များကိုလည်း ပြင်ပမှ ဝင်လာသူများကသာ လက်ဝါးကြီးအုပ်ထားကြသည်။ တချိန်တည်းမှာပင် မြေဈေးကစားခြင်း၊ စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းတို့က လယ်သမားများကို မြေရောင်းချရန် သို့မဟုတ် ၎င်းတို့မြေကို စွန့်လွှတ်ရန် ဖိအားများကို မြင့်မားစေသည်။[၂၈]

အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများကို အမြတ်ထွက်စေသည်ဟု ယူဆရသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ဒေသခံခေါင်းဆောင်များက ရံဖန်ရံခါ ဆန့်ကျင်ကြသည်။ နိုင်ငံတကာ ပံ့ပိုးမှုဖြင့် ဆောက်လုပ်ထားသည်မှာ မကြာသေးသည့် ကရင်ပြည်နယ် ကျေးရွာတစ်ခုမှကျောင်းကို ဒေသတွင်းသြဇာကြီးမားသည့် ဘုန်းကြီး အမိန့်ဖြင့် မီးရှို့ခဲ့ကြသည်။ ခရစ်ယာန် အထောက်အပံ့ပေး လုပ်သားများ ပါဝင်နေမှုကြောင့် ကျောင်းကိုအကြောင်းပြုပြီး ပြင်ပလွှမ်းမိုးမှုများ ရောက်ရှိ လာမည်ကို ဘုန်းကြီးက အမြဲမပြတ် စိုးရိမ်နေသောကြောင့်ဖြစ်သည်။[၂၉]

တင်းမာမှုများအားပေးခြင်းကို ရှောင်ရှားနိုင်ရန် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက အစီအမံများချထားလေ့ရှိသည်။ ထိရောက်စွာ ဆန်းစစ်သုံးသပ်ခြင်းနှင့် ဂရုတစိုက် ဆွေးနွေးညှိနှိုင်းခြင်းတို့သည် စီမံကိန်းအသစ်များ၏ အရေးကြီးသည့် အစောပိုင်း လုပ်ငန်း အဆင့်များဖြစ်သည်။ ကရင်ပြည်နယ်အတွင်း ကျေးရွာကျောင်းများ တည်ဆောက် ပေးသည့် စီမံကိန်းမှ အထောက်အပံ့ပေးသည့် လုပ်သားများက စီမံကိန်းရေးဆွဲစဉ် ဆွေးနွေးအကြံယူမှုကို လေးနက်စွာ ဆောင်ရွက်ခဲ့သည်ဆိုပါက နှစ်ဖက်သဘောတူညီမှုကို ရရှိစေပြီး ဒေသခံခေါင်းဆောင်များ၏ ပူပန်မှုများကို လျော့ချပေးခြင်းအားဖြင့် စီမံကိန်းကို အဖတ်ဆယ်နိုင်မည်ဖြစ်ကြောင်း နောက်ပိုင်းတွင် ပြောဆိုမှုများ ရှိခဲ့သည်။[၃၀] မမျှမတ ဘက်လိုက် ဆောင်ရွက်သည်ဟု စွပ်စွဲချက်များကို ရှောင်ရှားနိုင်ရန် အထောက်အပံ့ချထားပေးရာတွင် လူမျိုးနှင့် အခြားကွဲပြားမှုများကို စဉ်းစားရန်လိုအပ်သည်။ အချို့သော ဖြစ်စဉ်များ အထင်အရှားဖြစ်စဉ် အနေဖြင့် ရခိုင်ပြည်နယ်တွင်မူ နိုင်ငံရေးအခြေအနေမှန်ကို အသိအမှတ်ပြုသည့် ချဉ်းကပ်ပုံဖြင့် ဆောင်ရွက်ခြင်းဖြင့် ကွဲပြားမှုများကို အသိအမှတ်ပြုနိုင်သည်။ နောက်ဆုံး ရလဒ် အကျိုးဆက်များသည် အုပ်စုတစ်ခုကို ခွဲခြားနှိမ်ချထားသည့် အမြင်မျိုး မရှိစေရန် လိုအပ်ချက်ကို အခြေပြုလျက် အရင်းအမြစ် ခွဲဝေပေးမှုပုံစံကို စွန့်ခွာရန်လိုသည်။


## အထောက်အပံ့ငွေများကို လုံခြုံရေးဆိုင်ရာ ရည်ရွယ်ချက်အတွက် အသုံးချမှုမရှိနိုင်စေရန် ဆောင်ရွက်ခြင်း

လုံခြုံရေးရည်ရွယ်ချက်များအတွက် နိုင်ငံခြားအထောက်အပံ့များကို အသုံးချခြင်းများ ရံဖန်ရံခါရှိသည်။ အထူးသဖြင့် အစိုးရ သို့မဟုတ် EAO အာဏာပိုင်များက စီမံကိန်းနေရာများ ဆုံးဖြတ်နိုင်ခွင့်ရှိသည့် အနေအထားမျိုးတွင်ဖြစ်သည်။

အစိုးရ အာဏာပိုင် များသည် ဒေသအဆင့်ထိ သြဇာ ချဲ့ထွင်လိုသည့် မဟာဗျူဟာမြောက်နေရာများတွင် လုပ်ငန်း ဝင်ရောက် ဆောင်ရွက် မှုများကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ခဲ့ပြီး အထောက်အပံ့ ပေးသည့်အဖွဲ့အစည်းများ အခြားဒေသများတွင် လုပ်ငန်းဆောင်ရွက်မှု များကို လျော့ကျသွားစေခဲ့သည်။[၃၁] ကရင်ပြည်နယ် အာဏာပိုင်များသည် အထောက်အပံ့များကို အာဏာစီးဆင်းမှု ရောထွေးနေသည့် နေရာများသို့ ပေးရန် ညွှန်ကြားခဲ့သည်ဟု နိုင်ငံတကာ NGO ဝန်ထမ်းများက ပြောပြသည်။ EAO များ ထိန်းချုပ်ထားသည့် နယ်မြေများဝန်းရံထားသည့် မြို့သစ် ၉ ခုသည် နိုင်ငံတကာ ပံ့ပိုးသည့် ငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်း အများအပြားရှိနေသည့် နေရာများဖြစ်သည်။[၃၂] အခြားပဋိပက္ခ ဒဏ်သင့် သည့်နေရာများတွင် ယင်းပုံစံများ၊ အခြားခပ်ဆင်ဆင်ပုံစံများရှိေနသည် အထောက်အပံ့ ပေးသည့် အဖွဲ့မှ ဝန်ထမ်းများကဖော်ထုတ်ခဲ့ပြီး လုံခြုံရေး ရည်ရွယ်ချက်အတွက် အထောက်အပံ့များ ကို အသုံးပြုခဲ့သည့် ဖြစ်စဉ်အချို့ရှိကြောင်း သတိပေးခဲ့သည်။[၃၃]

ဒေသအခင်းအကျင်းနှင့် အကျွမ်းတဝင်ရှိခြင်း၊ ဆွေးနွေးအကြံယူမှုများပြုလုပ်ခဲ့ခြင်းများသည် အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ စီမံကိန်း နေရာရွေးချယ်ရာတွင် အထောက်အကူဖြစ်စေသော်လည်း နိုင်ငံအဆင့်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များတွင် ရင်ဆိုင်ရသော အခက်အခဲမှာ ပို၍ကြီးမားသည်။ အစိုးရဌာနများက လုံခြုံရေး ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်နေသည့် လုပ်ငန်းအစီအစဉ်များကို ငွေကြေးပံ့ပိုးမိခြင်းမဖြစ်အောင် ရှောင်ရှားရန်မှာ အလှူရှင်များအဖို့အခက် အခဲရှိသည်။ ဥပမာ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တွင် ယခင်က သွားလာ ဝင်ထွက်နိုင်ခွင့်မရှိသည့် ကရင်ပြည်နယ် တွင်းမှ ဒေသများရှိ ကျောင်းများသို့ အစိုးရ ကျောင်းဆရာပေါင်း ၃၀၀၀ ကျော်ခန့်အပ်နေရာချထားခဲ့သည်။ ယင်းကျောင်းများ သည် KNU ၏ အထောက်အပံ့ ဆက်လက်ရယူနေဆဲဖြစ်ပြီး ဆွေးနွေးအကြံယူမှု သို့မဟုတ် ပူးပေါင်းဆောင် ရွက်မှု တစုံတရာမရှိပဲ ကျောင်းဆရာများကို နေရာချထား ပေးခြင်းဖြစ်သည်။ ယင်းသို့ဝန်ထမ်းနေရာချထားမှုသည် အကြမ်းဖက် ပဋိပက္ခ များကို တိုက်ရိုက်နှိုးဆော်ပေးခြင်းမရှိသော်လည်း KNU နှင့် အခြား တိုင်းရင်းသား ခေါင်းဆောင်များ၏ အပစ်အခတ် ရပ်စဲရေးပေါ် ယုံကြည်မှုကိုထိခိုက်စေသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်ခုလုံးပေါ်တွင် အကျိုးပြုမည့် ဘုံအသုံးပြုနိုင်သည်ချဉ်းကပ်ပုံ ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းလည်း ဆုံးရှုံးသွားစေသည်။[၃၄]

## ပုံ ၅.၃
နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်ပေါ်နေသည့် နေရာများတွင် ငြိမ်းချမ်းရေးကို အကျိုးပြု စေသည့် သို့မဟုတ် ဆုတ်ယုတ်စေသည့် ဖွံ့ဖြိုးမှု လုပ်ငန်းဆောင်ရွက်ချက်များ




**ဒေသခံများအတွက် အကျိုးမရှိခြင်း။** အတိုက်အခံနေရာများမှ လူထုအတွက် အကျိုးအမြတ် မဆိုစလောက်သာရှိသည့် လုပ်ငန်းများ၊ အထူးသဖြင့် အဆိုးသက်ရောက်မှုများရှိပြီး၊ လုံလောက်သည့် ဆန်းစစ်မှုများ၊ ဆွေးနွေးအကြံယူမှုများ သို့မဟုတ် ဘေးကင်းရေး အစီအမံများ ချထားမှုမရှိပဲ ဆောင်ရွက်ခြင်း။

**ဆွေးနွေးအကြံယူရန်ပျက်ကွက်ပြီး ဒေသတွင်း တင်းမာမှုများဖြစ်စေခြင်း။** ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များ၊ အခြား ဒေသတွင်းမှ အစုအဖွဲ့များ နှင့် ဆွေးနွေးအကြံယူမှု အနည်းငယ်သာ ပြုလုပ်ခဲ့သည့် လုပ်ငန်းဆောင်ချက်များ။ ၎င်းသည် အကြမ်းဖက် သံသရာကို ဖြစ်ပေါ်စေသည်။

**ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်း။** နစ်ဖက် သဘောတူ အပစ်အခတ်ရပ်စဲရေး နှင့် NCA အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပါ သဘောတူညီချက်များ နှင့် ကိုက်ညီမှုမရှိသည့် စီမံကိန်းများ၊

**အကြောင်းရင်းခံများကို အားကောင်းစေခြင်း။** အတိုက်အခံဖြစ်နေသည့် လူမျိုးခွဲခြားသတ်မှတ်မှုများ၊ ပညာရေးတွင် ကျင့်သုံးသည့် ဘာသာစကား မူဝါဒ သို့မဟုတ် ဒေသခံများကို ဝန်ထမ်းခန့်အပ်မှု နည်းခြင်း

**ပဋိပက္ခဖြစ်နေသည့်အစုအဖွဲ့များ၏ လုံခြုံရေး ရည်မှန်းချက်များကို အားပေးခြင်း။** ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များများ၏ သယံဇာတ၊ နယ်မြေ သို့မဟုတ် လူထုပေါ် ထိန်းချုပ် ရန်အတွက် အသုံးချခံရသည့် အစီအစဉ်များ

**နိုင်ငံအဆင့် အစီအစဉ်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်မှုမရှိခြင်း။** ဒေသပဋိပက္ခအခင်းအကျင်းနှင့်အညီ နိုင်ငံအဆင့် အစီအစဉ်များ လိုက်လျောညီထွေ ဆောင်ရွက်နိုင်မှု မရှိခြင်း သို့မဟုတ် အတိုက်အခံ နယ်မြေအတွင်းမှ အမျိုးအစားကွဲပြားမှုများကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း

**ဒေသခံများကို အကျိုးဖြစ်ထွန်းစေခြင်း။** အနီးအနားဝန်းကျင်နေထိုင်သူများ နှင့် အတိုက်အခံနယ်မြေတွင်းမှ ပြည်သူများကို အကျိုးအမြတ် ကြီးကြီး မားမားဖြစ်ထွန်းစေသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် စီမံကိန်းများ

**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အာဏာကျင့်သုံးမှုအားကောင်းစေခြင်း။** တာဝန်ခံမှုရှိပြီး၊ ဗဟိုချုပ်ကိုင်မှု လျော့ချထားသည့် အစိုးရ ပေါ်ပေါက် လာရေးအတွက် ပံ့ပိုးမှုများကဲ့သို့သော အနာဂတ်တွင် ငြိမ်းချမ်းရေး သဘောတူညီချက် များအရဖြစ်ပေါ်လာနိုင်သည့် အချို့သော နိုင်ငံရေး အာဏာများခွဲဝေမှုကို လမ်းခင်းပေးနိုင်သည့် အစီအမံများ

**ဘုံသဘောထားများရရှိစေခြင်း။** ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် သဘောတူ ထားသည့် ဖွံ့ဖြိုးရေးကိစ္စများနှင့် ပဋိပက္ခများကြားမှ ပူးပေါင်း ဆောင်ရွက်ရေးများကို ပံ့ပိုးပေးသည့် လုပ်ငန်းစဉ်များ။

**ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဗဟိုချုပ်ကိုင်မှုလျော့ချထားခြင်း။** ဒေသအခင်း အကျင်းနှင့်အညီ အရေးယူတုန့်ပြန်မှုများ ဆောင်ရွက်နိုင်စေသည့် အောက်ခြေမှပါဝင်လျက် စီမံကိန်းရေးဆွဲခြင်း၊ ဆွေးနွေးအကြံယူခြင်းများ ထည့်သွင်းထားသည့် လုပ်ငန်းဆောင်ရွက်ချက်များ။

**အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်စေခြင်း။** အတိုက်အခံနယ်မြေများ တွင် အထူးနှုန်းချေးငွေ သို့မဟုတ် ဈေးကွက်အဆက် အသွယ်မြှင့်တင်ပေး ခြင်းကဲ့သို့သော လူနေမှု အဆင့်အတန်းမြင့်မားစေရန်၊ ဝင်ငွေမြင့်မားစေရန် နှင့် အခွင့်အလမ်းများတိုးတက်စေရန် ဆောင်ရွက်ပေးမှု။

**စနစ်အမျိုးမျိုးကို အသိအမှတ်ပြုလက်ခံခြင်း။** အစိုးရနှင့် တိုင်းရင်းသား ဝန်ဆောင်မှု ပံ့ပိုးသူများ လက်တွဲလုပ်ဆောင်သည့် အစီအစဉ်များသည် လိုက်လျောညီထွေမှု၊ ညှိနှိုင်းပူးပေါင်းမှုတွင် သဘော တူညီချက်များ ရရှိစေသည်။

## ပုံ ၅.၄

## ပဋိပက္ခဆင်ခြင်ရှောင်ရှား၍ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း နှင့် ငြိမ်းချမ်းရေး အားကောင်းစေသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များဆိုင်ရာ ဥပမာကောင်းများ

### အစီအစဉ်များတွင် ငြိမ်းချမ်းရေးအခြေခံများ ထည့်သွင်းနိုင်သည့် အတိုင်းအတာကို အောက်ခြေ ထိဆင်း၍ အသေးစိတ်ဆန်းစစ်ခြင်း

- ပဋိပက္ခဖြစ်ပွားစေသည့် အကြောင်းရင်းခံများကို ကိုင်တွယ်နေသည့် အစိုးရ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပံ့ပိုးခြင်း
- အစိုးရ၏ လုပ်ငန်းအစီအစဉ်များတွင် အားလုံးပါဝင်စေရေး၊ မတူကွဲပြားမှုများ ကိုယ်စားပြု ပါဝင်စေရေးအတွက် စတင်ဆောင်ရွက်ရမည့် နေရာရှာဖွေခြင်း
- အတိုက်အခံနယ်မြေများတွင် တာဝန်ခံမှုရှိသည့်၊ တန်းတူညီမျှသည့် သဘာဝ သယံဇာတ အသုံးချမှုများကို အားပေးခြင်း

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း

- NCA ၊ အခြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၊ လက်ရှိဆောင်ရွက် နေသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများနှင့် သက်ဆိုင်သည့်အကြောင်း အရာများကို ပံ့ပိုးနိုင်ရန် စဉ်းစား သုံးသပ်ခြင်း
- NCA တွင်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းဆောင်ရွက်ချက်များ စီစဉ်ရာတွင် (ဒေသခံ ရပ်ရွာများနှင့် ဆွေးနွေးအကြံယူ၍) (သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍) ဆောင်ရွက်ရန်။

### တစ်စတစ်စတိုးမြှင့်ပါဝင်ခြင်း

- တဖြည်းဖြည်းအစပြုပါ။ ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ် အနည်းငယ်ဖြင့် အစပြုပါ။
- ပဋိပက္ခနယ်မြေများတွင် ဆောင်ရွက်ခဲ့သည့် ချဉ်းကပ်ပုံများကို လေ့လာအသုံးချပါ။
- အယူအဆအသစ်များနှင့် ဆောင်ရွက်ပုံအသစ်များအတွက် ရေ့ပြေး စီမံချက်ဖြင့် စတင်ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားပါ။
- ဝန်ထမ်းစုဆောင်းရာတွင် ဂရုတစိုက်စုဆောင်းခြင်း၊ သင်တန်းပေးခြင်းများမှ တဆင့် ဝန်ထမ်းများ၏ စွမ်းရည်နှင့် အသိပညာများတည်ဆောက်ပါ။

### စီမံကိန်းများကို ဆန်းစစ်ခြင်း

- ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း အညွှန်းကိန်းများ၊ အခြေအနေနှင့် ပဋိပက္ခဆန်းစစ်မှုများ နှင့် ဘေးကင်းရေးအစီအမံများ (safeguards) အသုံးပြုပါ။
- သတ်မှတ်ထားသည့် ပဋိပက္ခဆင်ခြင်ရှောင်ရှားခြင်း မူဘောင်နှင့် အခြားသတ်မှတ်ချက်များ၊ ရိုးရှင်းသည့် ဆန်းစစ်နည်းလမ်းများ အသုံးပြုရန် ထည့်သွင်းစဉ်းစားပါ။
- ပံ့ပိုးငွေများအကြောင်းပြု၍ အစုအဖွဲ့များကြား သဘောတူညီချက် ကြိုတင်မရရှိပဲ အတိုက်အခံ နယ်မြေများတွင် **အစိုးရ သို့မဟုတ် EAO များ နေရာယူခြင်းမဖြစ်စေရန် လေးလေးနက်နက် ဆောင်ရွက်ရန်**

### ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် နိုင်ငံအဆင့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း


- EAO များ၊ အစိုးရ နှစ်ဖွဲ့လုံးနှင့် လုပ်ငန်းစတင်နိုင်မည့်နေရာကို ရှာဖွေသတ်မှတ်ပါ။
- ဗဟိုချုပ်ကိုင်မှုလျော့ချ၍ အကောင်အထည်ဖော်ပါ။ အခြေ အနေနှင့် နေရာ အပြောင်း အလဲများအလိုက်ဆောင်ရွက် နိုင်ရန်လုပ်ငန်းဆောင်ရွက်မှု အတိုင်းအတာကို ကျယ်ကျယ် ပြန့်ပြန့်သတ်မှတ်ထားပါ။
- ပဋိပက္ခနေရာအချို့အတွက် သီးသန့်လုပ်ငန်းစဉ်ဖြင့်ဆောင်ရွက်မှုကို အားပေးပါ။ ကွဲပြား သည့် အကြံပေးမှုများ ရယူပါ။
- ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင်ကျွမ်းကျင်သည့် အဖွဲ့အစည်း များ၊ အတွေ့အကြုံရှိ ပြည်တွင်းအဖွဲ့အစည်းများမှ ပံ့ပိုးမှု၊ လေ့ကျင့်မှု များ ရယူပါ။

### ရပ်ရွာများနှင့် ညှိနှိုင်းဆက်ဆံခြင်း

- ပြည်သူများနှင့်ဆွေးနွေးအကြံယူခြင်း၊ လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် ပါဝင်စေခြင်းတို့ကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ပါ။
- ဖြစ်နိုင်သမျှ ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ပါ။ သက်ဆိုင်သည့် အဖွဲ့များနှင့် သတင်းအချက်အလက်မျှဝေပါ။
- ဝေဖန်တုန့်ပြန်မှုများ ထိထိရောက်ရောက်လုပ်နိုင်သည့် လုပ်ငန်းစဉ် ဖွဲ့စည်းပါ။ မကျေနပ်မှုများကို အရေးတယူ ဖြေရှင်းပေးပါ။

## စီမံခန့်ခွဲမှု၊ အသိပညာဖြန့်ဝေခြင်း

- ဒေသခံများကို ဝန်ထမ်းခန့်ပါ၊ ဝန်ထမ်းခန့်ထားရာတွင် နောက်ခံအမျိုးမျိုးမှ ထည့်သွင်း ခန့်ထားပါ၊ သင့်တော်သည့် သင်တန်းများအတွက် ငွေကြေးပံ့ပိုးပါ။
- အထောက်အပံ့ပေးသည့် အဖွဲ့အစည်းမှ ဝန်ထမ်း၊ အစိုးရဌာနများမှ ၎င်းနှင့် လုပ်ငန်း ဆောင်ရွက်ဖက်များအတွက် ပဋိပက္ခကိုင်တွယ်ခြင်း၊ ရှောင်ရှားခြင်း သင်တန်း များကို ဦးစားပေးဆောင်ရွက်ပါ
- အကြံပေးများ သို့မဟုတ် ကျွမ်းကျင်သူများ၏ အကြံပြုချက်များကို အောက်ခြေအဆင့် တွင်လည်းကောင်း စီမံကိန်းများ စိစစ်ရာတွင်လည်းကောင်း အသုံးပြုပါ
- စီမံကိန်းတစ်ခုခြင်းစီမှ ရရှိသည့် သက်ဆိုင်ရာ သုံးသပ်ချက်များနှင့် အတွေ့အကြုံများ မျှဝေပါ။



> ဒေသအခြေအနေနှင့် အကျွမ်းတဝင်ရှိခြင်း၊ ဆွေးနွေးအကြံယူမှုများပြုလုပ်ခဲ့ခြင်းများသည် အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ စီမံကိန်း နေရာရွေးချယ်ရာတွင် အထောက် အကူဖြစ်စေသော်လည်း နိုင်ငံအဆင့်တွင်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၏ အခက်အခဲမှာ ပို၍ကြီးမားသည်။

စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်သည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် စီမံကိန်းအစီအစဉ်များ စနစ်တကျရေးဆွဲခြင်း၊ ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ခြင်းဖြင့် ယင်းပြဿနာများကို ရှောင်ရှားနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ပဋိပက္ခဆင်ခြင် ရှောင်ရှားခြင်းများကို တပွဲထိုး အသုံးပြုခြင်း မဟုတ်ပဲ အမြဲတမ်း ကျင့်သုံးခြင်း ဖြင့်လည်းရှောင်ရှားနိုင်သည်။ ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင် တဖြည်းဖြည်းညှိနှိုင်းပါဝင်ခြင်းဖြင့် အဖွဲ့အစည်းများသည် အတွေ့အကြုံ အသိအမြင်များ ရရှိနိုင်မည်ဖြစ်သည်။ အလှူရှင်များသည် ငွေကြေးပံ့ပိုးခြင်း နှင့် ကိုယ်တိုင်ပါဝင် လုပ်ကိုင်ခြင်းမရှိသည့် အထောက်အပံ့များ (hands-off forms of assistance) တိုးမြင့်လာသည်နှင့်အမျှ စီမံကိန်းချဉ်းကပ်ပုံများပြောင်းသွားပြီး ယင်းပြဿနာများ တိုက်ရိုက် ဖြေရှင်းမှုများ လျော့ကျသွားမည်ဖြစ်သည်။ ထိုအစား ငွေကြေးချထားပေးသည့် အစော ပိုင်းအဆင့်အတွက် အလှူရှင်များ၏ မူဝါဒပိုင်း ဆုံးဖြတ်ချက်များတွင် ပဋိပက္ခကိစ္စများ ထည့်သွင်းပေါင်းစပ်ရန် လိုအပ်လျက်ရှိသည်။[၂၇၅]

EAO များ၊ ၎င်းတို့နှင့် ဆက်စပ်သည့် ဝန်ဆောင်မှုပံ့ပိုးသူများကို အထောက်အပံ့များပေးသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ရပ်ရွာများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ တိုးချဲ့ရာတွင် အငြင်းပွားဖွယ်ရာများရှိသည်ကို သတိပြုမိရန်လိုအပ်သည်။ ပြည်သူများ ထံရည်ရွယ်သည့် လုပ်ငန်းအချို့သည် ကြိုတင်ဆွေးနွေးအကြံယူမှု သို့မဟုတ် ညှိနှိုင်းမှု မရှိပဲ လုံခြုံရေးအရ ဆောင်ရွက်ခဲ့သည့် တိုးချဲ့မှုများဖြစ်သည်ဟု အစိုးရ ကိုယ်စားလှယ်များက ဝေဖန်ခဲ့သည်။[၂၇၆]

အခြေအနေကိုလိုက်ပြီး ယင်းဆောင်ရွက်ချက်များကို အလှူရှင်များက ငွေကြေးပံ့ပိုးမှုများ ရှိခဲ့ သည်။ ဥပမာ မွန်အမျိုးသား ပညာရေးကော်မတီ (Mon National Education Committee) က တင်ပြသည့် အငြင်း အခုံဖြစ်နိုင်သည့် ကျောင်းအသစ် တည်ဆောက် မည့် နေရာများ၊ EAO ဆက်ဆံရေးရုံးများက ပြုလုပ်သည့် ကျေးရွာနှင့်တွေ့ဆုံပွဲများဖြစ်သည်။ ရပ်ရွာနှင့် ဆွေးနွေးအကြံယူမှုပြုလုပ်ခြင်းသည် အာဏာရှိသူ ပုဂ္ဂိုလ်များ၏ အမြင်များကို ပြန်လည်ဆန်းစစ်ရာတွင် များစွာအရေးကြီးသည်။ လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များက လုံခြုံရေးနောက်ဆက်တွဲ ဂယက်များကြောင့် လမ်းမကြီး ပြုပြင်ခြင်းကဲ့သို့သော ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ဆန့်ကျင်ကြသော်လည်း ဒေသခံများက ထောက်ခံသည့် ဖြစ်စဉ်အချို့ရှိသည်။ ဒေသခံများ၏ အမြင် သဘောထားများကို နားထောင်ခြင်း၊ ရပ်ရွာများ၏ လိုလားချက်များကို အစိုးရနှင့် EAO အာဏာပိုင်များထံ ရောက်အောင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် အမှန်တကယ်လိုအပ်နေသည့် ဝန်ဆောင်မှုများကို လက်ခံစေရန် အထောက်အကူဖြစ်စေနိုင်သည်။ အခြားသော အခြေ အနေများတွင် လျာထားသည့် လုပ်ငန်းဆောင်ရွက်ချက်များကို EAO နှင့် အခြား လက်နက်ကိုင်အဖွဲ့များက ဆန့်ကျင်ခြင်းသည် အခက်အခဲအဖြစ် ကျန်ရှိနေသေးသည်။ ထိုဖြစ်စဉ်များတွင် တနိုင်ငံလုံးအဆင့် ကျင့်သုံးနေသည့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များပေါ်တွင် မှီခိုနေခြင်းအစား သမရိုးကျမဟုတ် သည့်နည်းလမ်းများရှာဖွေ၍ ပံ့ပိုးရန် လိုအပ်သည်။ အချို့သော အထောက်အပံ့ပေး သည့်အဖွဲ့အစည်းများသည် ယင်းနေရာများတွင် ပံ့ပိုးမှုများပြုလုပ်ရန် NGO များ၊ တိုင်းရင်းသား အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ EAO များနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုပေးသည့် အာဏာပိုင်များနှင့် မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်ကြသည်။

### အရွယ်အစားသေးငယ်ပြီး ရပ်ရွာက ဦးဆောင်သည့် စီမံကိန်းများသည် ပဋိပက္ခကြီးကြီး မားမား မဖြစ်စေပဲ သက်မွေးမှုဆောင်ရွက်ချက်များကို တိုးတက်စေသည်။

ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်အများအပြားတွင် ရေပေးဝေမှုနှင့် လမ်းများ တိုးတက်စေရန် ပြင်ဆင်မှု၊ ကျန်းမာရေး ပညာရေးကဲ့သို့သော ဝန်ဆောင်မှု၊ စိုက်ပျိုးရေးအကြံပေးခြင်းကဲ့သို့သော စီမံကိန်း အသေးစားများသည် ဘုံအကျိုးစီးပွား တိုးတက်မှုကိုဖြစ် စေသည်။ ကျေးလက်ဒေသမှ ပြည်သူများနှင့် ခေါင်းဆောင်များကို မေးမြန်းချက်အရ ယင်းလုပ်ငန်းဆောင်ရွက်မှုများပေါ်တွင် အပြုသဘော အမြင် သဘောထား အများစုရှိသည် ကိုတွေ့ရသည်။ လုပ်ငန်းဆောင်ရွက်ချက်၏ အကျိုးသက်ရောက်မှုကို ခိုင်ခိုင်မာမာ မြင်တွေ့ရခြင်းကို ဖြေဆိုသူများက အထူးကျေနပ်ခဲ့ကြသည်ကိုတွေ့ရသည်။ အနီးအနား မြို့များမှ ဈေးကွက်နှင့် ဝန်ဆောင်မှုများကို ရရှိနိုင်မှုကို တိုးတက်စေသည့် လမ်းများ ဖောက်လုပ်ပေးခြင်းကို ကျေးလက်ရပ်ရွာများက အထူးသဖြင့် အသိအမှတ်ပြုကြသည်။[၂၇၇]

အသေးစားအကောင်အထည်ဖော်မှုအစီအစဉ်များကြောင့် လျင်လျင်မြန်မြန်တုန့်ပြန်မှုရှိ သည့်ဒေသတွင်းအုပ်ချုပ်မှုပုံစံဖြစ်ပေါ်လာ

ခြင်းကို တွန်းအားဖြစ်စေနိုင်သည်။  ကရင် ပြည်နယ်မှ နိုင်ငံတကာနှင့် ပြည်တွင်း NGO များ အကောင်အထည်ဖော်သည့် ဥရောပကော်မရှင်၏ လုပ်ငန်းတစ်ခုဖြစ်သော ပေါင်းစည်းလက် ကဲသို့သော အစီအစဉ်များသည် အသေးစားလုပ်ငန်းများကို ငွေကြေးပံ့ပိုးရန်အတွက်သာရည်ရွယ်သည် မဟုတ်ပဲ အစိုးရ အာဏာပိုင်များအနေဖြင့် ရပ်ရွာများနှင့် နီးစပ်မှုရှိပြီး တာဝန်ခံမှုများတိုးတက်လာ စေရန် လည်းရည်ရွယ်သည်။ နိုင်ငံတကာ ငွေကြေးပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ်ဆန်မြို့နယ်တွင်းမှ ကျေးလက်များတွင် အကောင်အထည်ဖော်သည့် အစိုးရနှင့်ရပ်ရွာများ ပါဝင်ပူးပေါင်းသည့် စီမံကိန်းများကြောင့် ဖွံ့ဖြိုးရေးရန်ပုံငွေများ နေရာချထားသုံးစွဲ ရာတွင် ဒေသခံများ၏ ပြောရေးဆိုခွင့်ရရှိလာခဲ့ကြသည်။[၂၇၈] ဖော်ပြခဲ့ပါ လုပ်ငန်း ဆောင်ရွက်ချက်များကို ဆင့်ပွားဆောင်ရွက်ပါက အနိမ့်ဆုံးအဆင့်အစိုးရကို ပြည်သူလူထုနှင့် နီးစပ်ရာသို့ ဆွဲခေါ်နိုင်မည်ဖြစ်သည်။

EAO များနှင့် တက်ကြွလှုပ်ရှားသူများက ငြိမ်းချမ်းရေးကို ဦးတည်သည့် နိုင်ငံရေးတိုးတက် မှုမရမီ အကြီးစားဖွံ့ဖြိုးရေး လုပ်ငန်းများ ရပ်ဆိုင်းထားရန်တောင်းဆိုသော်လည်း အသေးစား လုပ်ငန်းဆောင်ရွက်ချက်များကိုမူ ထောက်ခံသည်ဖြစ်စဉ်များရှိသည်။ ယင်းစီမံကိန်းများသည် အထက်မှအမိန့်ဖြင့်ဆောင်ရွက်သည့် စီမံကိန်းများထက် ပဋိပက္ခအခင်းအကျင်းကို အနီးကပ်လေ့လာနိုင်ရန် အခွင့်ပေးသည်။[၂၇၉] အခြားဆောင်ရွက်ချက် များနည်းတူ အစိုးရဌာနများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် တင်းမာမှုများသည် တစ်ဆို့မှုများဖြစ်စေနိုင်သ်ည်။ EAO များသည် အစိုးရနှင့်ဆက်နွယ်နေသည့် နိုင်ငံတကာပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် စီမံကိန်းများကို ၎င်းတို့နယ်မြေအတွင်း ဝင်ရောက်လုပ်ကိုင်ခွင့်မပြုသည့် ဖြစ်စဉ်အချို့ရှိသည်။ EAO များ ထောက်ခံမှု ရရှိသော်လည်း စိုးရိမ်နေသည့် ဒေသခံများပါဝင်မှုကို ရရှိရန် ရုန်းကန်ရသည့် ရပ်ရွာအဆင့် စီမံကိန်းများလည်း ရှိသည်။[၂၈၀] ဆွေးနွေးအကြံပြုမှုများ ထောင့်စေ့အောင်ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချခွင့် ခွဲဝေပေးခြင်းများသည် မည်သည့် စီမံကိန်းဆောင်ရွက်မည်နှင့်ပတ်သက်ပြီး ရပ်ရွာများရွေးချယ်နိုင်ခွင့်ရရှိစေပြီး ဒေသတွင်း ထောက်ခံမှုများကို ရရှိစေနိုင်သည်။

အချို့သော အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများသည် ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ခဲ့သည်။ အလှူရှင်များငွေကြေးပံ့ပိုးမှု၊ နည်းပညာပံ့ပိုးမှုနှင့် အစိုးရက အကောင်အထည် ဖော်သည့် အမျိုးသားရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး စီမံချက်သည် အစီအမံ အမျိုးမျိုးကို ကျင့်သုံးခဲ့သည်။  လုပ်ငန်းဆောင်ရွက်မည့်မြို့နယ်များတွင် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက  EAO ခေါင်းဆောင်ပိုင်း၊ ဒေသခံ အရပ်ဘက် လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်သည်။

စီမံကိန်းတစ်ခု၏ ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှု လက္ခဏာများတွင် တဖြည့်းဖြည်း ဆောင်ရွက်ခြင်း  (rolling start) ( မြို့နယ်တစ်ခုအတွင်းမှ ကျေးရွာအချို့တွင် လုပ်ငန်း အစီအစဉ်များ စတင် ဆောင်ရွက်ပြီး အခြားနေရာများသို့ချဲ့ထွင်ခြင်း နောက်ပိုင်းတွင် ပို၍ အကဲဆတ်သည့် နေရာများကို ချဲ့ထွင်ခြင်း) သွက်လက်သည့် သတင်းအချက်အလက်မျှဝေမှု (robust informationsharing)  (ဂိတ်များတွင် အလွယ်တကူ ဖြတ်သန်းနိုင်ရန် စီမံကိန်းဝန်ထမ်း စာရင်းအပါအဝင်) ဒေသခံများ ဦးစားပေးခြင်း (calibrated staffing)  (ဒေသတွင်းမှ ဒေသခံ ဘာသာစကားတတ်ကျွမ်းသည့်သူများကို လုပ်ငန်းညှိနှိုင်းပေးသူ အဖြစ် အသုံးပြုခြင်း)  တို့ပါဝင်သည်ကို သိရှိနိုင်သည်။

USAID ငွေကြေးပံ့ပိုးထားသည့် ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း စီမံကိန်းကဲ့သို့သော အခြား လုပ်ငန်းဆောင်ရွက်ချက်အများအပြားသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အသေးစား ထောက်ပံ့ငွေများကို အစိုးရကို ပေးခြင်းထက် ဒေသအဖွဲ့အစည်းများသို့ပို၍ချထား ပေးခဲ့သည်။ မေတ္တာဖောင်ဒေးရှင်းကဲ့သို့သော အစိုးရမဟုတ်သည့်အဖွဲ့အစည်းသည် ကချင်လွတ်မြောက်ရေး အဖွဲ့နှင့် ပူးပေါင်းပြီး ၎င်း၏နယ်မြေအတွင်း ထိုကဲ့သို့ ပံ့ပိုးမှုများပြုလုပ်ခဲ့သည်။ ယင်းနည်းဖြင့် အကောင်အထည်ဖော်သည့် အသေးစားစီမံကိန်းများသည် အာဏာ ရောထွေးနေသည့်နေရာသို့မဟုတ် EAO ထိန်းချုပ်ထားသည့် နယ်မြေများတွင် ဝင်ရောက်ခွင့် ရရှိစေပြီး ဒေသတွင်းအသိအမြင်များ၊ အချိတ်အဆက်များ ရရှိစေသည်။

အခန်း - ၆

# ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအပေါ် နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုများ

## အကျဉ်းချုပ်


ငြိမ်းချမ်းရေးလုပ်ငန်းကို ပြည်တွင်းက ဦးဆောင်သည်ဖြစ်သော်လည်း အနောက်တိုင်းနှင့် ဒေသတွင်း အလှူရှင်များမှ နည်းပညာ နှင့် ဘဏ္ဍာရေး အထောက်အပံ့များပေးလျက်ရှိသည်။ တရုတ်နိုင်ငံ၏ဩဇာကို လျှော့မတွက်သင့်ပါ။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးရာတွင် မတူညီသည့် လုပ်ငန်း အမျိုးမျိုး ကို ပံ့ပိုးပေးခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ တရားဝင်လုပ်ငန်းစဉ်ကို အားကောင်းစေရန် အလိုက် အထိုက်ပံ့ပိုးပေးသည့် အစီအစဉ်များ၊ ပဋိပက္ခ အကြောင်းရင်းခံများကို ဖြေရှင်းရန် အားထုတ်မှုများ၊ ဒေသ အဆင့်တွင် အခြေအနေများ တိုးတက်လာစေရန် ရည်ရွယ်သည့် လုပ်ငန်း ဆောင်ရွက်ချက်များကို ပံ့ပိုး ပေးခဲ့သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များသည် လက်နက်ကိုင်အစုအဖွဲ့အမျိုးမျိုး၊ ရှုပ်ထွေးလှသည့် အရပ်သားတစ်ပိုင်းအစိုးရ၏ စစ်ဘက်နှင့် အရပ်ဘက်ဆက်ဆံရေးများနှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နေရသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအရ လိမ္မာပါးနပ်စွာ ဆောင်ရွက်ရန်လိုသည်။ ပဋိပက္ခအကြောင်းအရင်းခံများသို့ သက်ရောက်မှုရှိမည့် ၎င်းတို့၏ ငွေကြေးပံ့ပိုးမှုများ၊ ကာလရှည်တွင်ပေါ်ပေါက်လာနိုင်သည့် မညီမျှသည့် တိုးတက်မှုများနှင့် ပတ်သက်ပြီး ကြိုတင်စဉ်းစားထားရန်လိုအပ်သည်။ အစိုးရ၏ အချုပ်အခြာကို လေးစားရန်လိုသကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (Ethnic Armed Organization - EAO) များ၏ နှစ်ရှည်လများ ရပ်တည် လာခဲ့မှု၊ တရားဝင်မှုများကိုလည်း အသိအမှတ်ပြုရန်လိုသည်။

အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်များ (ceasefire monitoring mechanisms) ကဲ့သို့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အထောက်အပံ့ဖြစ် စေသည့် စပ်ကူးမတ်ကူးကာလ အင်စတီကျူးရှင်းများ၊ ယာယီ အစီအမံများကို ပံ့ပိုးပေးနိုင်ခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ညှိနှိုင်းပါဝင်မှု၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထောက်ခံအားပေး ခြင်းဖြင့် အဖွဲ့အစည်းများသည် ၎င်းတို့ပါဝင်မှုကို တိုးချဲ့ခဲ့သည်။

ငြိမ်းချမ်းရေး အသီးအပွင့် များခံစားစေသည့် စီမံကိန်းများသည် ရပ်ရွာများအတွက် ရပ်ပိုင်းဆိုင်ရာ အကျိုး အမြတ် အချို့ဖြစ်ပေါ်စေခဲ့သော်လည်း ငြိမ်းချမ်းရေးသို့ကူးပြောင်းရေးအတွက် ထူးခြားမှုအနည်းငယ်သာ ဖြစ်စေခဲ့သည်။ အလှူရှင်များ နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များသည် လုပ်ငန်းအစီအစဉ်များ (programs) များ၏ သက်ရောက်မှုကို ရံဖန်ရံခါ ပိုပိုသာသာမျှော်မှန်းမိလေ့ရှိ သည်။ အထူးသဖြင့် ရပ်ရွာအဆင့်တွင်ဖြစ်သည်။


မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းကို ပြည်တွင်းက ဦးဆောင်သည် ဖြစ်သော်လည်း အနောက်တိုင်းနှင့် ဒေသတွင်း အလှူရှင်များမှ နည်းပညာနှင့် ဘဏ္ဍာရေး အထောက်အပံ့များ လက်ခံရရှိ လျက်ရှိသည်။ အခန်း ၄ တွင်ဖော်ပြ ထားသည့် လက်ရှိ ဆောင်ရွက်နေသည့် အထောက်အပံ့များနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု အစီအစဉ်များပေါ် သုံးသပ်ထားမှုများကို အခြေခံပြီး ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများနှင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများ အဆုံးသတ်ရန် ရည်ရွယ်သည့် နိုင်ငံခြားအထောက်အပံ့များ၏ သက်ရောက်မှုကို တင်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး တည်ဆောက်မှု အစီအစဉ် များသည် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပေါ်

## ပုံ ၆.၁
### နိုင်ငံခြားအထောက်အပံ့များဖြင့် ပံ့ပိုးထားသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု အစီအစဉ်များ




နေသည်။ တရားဝင် ငြိမ်းချမ်းရေး ညှိနှိုင်းမှုများကို ပံ့ပိုးခြင်း၊ တရားဝင် ညှိနှိုင်းရေး လုပ်ငန်းစဉ် အားကောင်းစေရန် အလိုက်အထိုက် ပံ့ပိုးပေးသည့် အစီအမံများဆောင်ရွက်ခြင်း၊ ပဋိပက္ခ အကြောင်းရင်းခံများ ဖြေရှင်းသည့် အစီအစဉ်များ၊ ပဋိပက္ခကိုမြင့်တက်စေသည့် ဒေသတွင်း အကြောင်းအရာများပေါ် အာရုံထားသည်များ စသဖြင့်အမျိုးမျိုးရှိကြပါသည်။ ပုံ ၆.၁။ ဆက်လက် ဖော်ပြမည့် အပိုင်း ၄ ခုတွင် ယင်းကိစ္စများကို တင်ပြထားပါသည်။

## ၆.၁။ နိုင်ငံခြားအထောက်အပံ့နှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ

### နိုင်ငံတကာပံ့ပိုးမှုဖြင့် ပြည်တွင်းကဦးဆောင်နေသည့် မြန်မာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်တွင်းကသာ ဦးဆောင်နေသည်။ EAO များက နိုင်ငံတကာကြားဝင်မှုကဏ္ဍကို တရားဝင်တိတိကျကျဆောင်ရွက်ရန်တောင်းဆို ထားသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ သို့မဟုတ် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်များ စောင့်ကြည့်ရေးတွင် နိုင်ငံတကာမှ တိုက်ရိုက်ပါဝင်မှု မရှိသေးပါ။[၂၈၁] မြန်မာအစိုးရနှင့် EAO များသည် ငွေကြေးအရင်းအမြစ် အများအပြားစိုက်ထုတ်ထားပြီး၊ ပြည်တွင်း အစိုးရမဟုတ်သည့်အဖွဲ့အစည်း ငြိမ်းဖောင်ဒေးရှင်း (Shalom Foundation) ကလည်း ပွဲဖြစ်မြောက်ရေးနှင့် တိုက်တွန်းအကြံပေးခြင်း (advocacy) တွင် ပါဝင် ကူညီခဲ့သည်။ လက်ရှိအချိန်ထိ ဆောင်ရွက်နေသည့် ညှိနှိုင်းမှုများသည် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များ၏ အတိတ်ကာလ အပစ်အခတ်ရပ်စဲရေး အတွေ့အကြုံများအပေါ်တွင် အခြေခံခြင်းဖြစ်သည်။

လတ်တလော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတကာ ပံ့ပိုးမှုမှ အကျိုးဖြစ်ထွန်းမှု များစွာရှိနေသေးသည်။ ဂျပန်အစိုးရသည် ၂၀၁၂ ခုနှစ်မှစပြီး အဓိက ပံ့ပိုးခဲ့သည့် နိုင်ငံတကာပံ့ပိုးသူဖြစ်ပြီး မြန်မာအစိုးရ ကိုယ်စားလှယ်များနှင့် အရေးကြီးသည့် တွေ့ဆုံမှုများတွင် လာရောက်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များကို ပံ့ပိုးမှုများပြုလုပ်သည်။ အများလက်ခံနိုင်သည့် အစီအမံဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ခြင်းတွင် အထောက်အကူ ဖြစ်စေခဲ့သည်။ အခြားသောနိုင်ငံအများအပြားကလည်း ငြိမ်းချမ်းရေး နှင့်သက်ဆိုင်သည့် ထောက်ပံ့မှုများအား အစိုးရ၊ EAO နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကို ပေးခဲ့ကြသည်။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement - NCA) ၏

အဓိက ပါဝင်သည့်အချက်များတွင် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် လုပ်ထုံးလုပ်နည်းများ လွှမ်းမိုးထားသည်။ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ်ကဲ့သို့သော သဘောတူညီချက်ပါ အထူးသတ်မှတ်ချက်များနှင့် ညှိနှိုင်းမှု လုပ်ငန်းစဉ် တွင်အဓိကကျသည့် တရားဝင်အပစ်အခတ်ရပ်စဲရေး သတ်မှတ်ချက်များတွင် နိုင်ငံတကာပံ့ပိုးမှု လမ်းကြောင်းမှ ရရှိခဲ့သည့် အကြံပေးမှုများ ပါဝင်ခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်သည် လွှမ်းမိုးမှုအရှိဆုံး နိုင်ငံခြားအစုအဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံတနံတလျားနှင့် နယ်စပ်ဒေသတွင် ရှုပ်ထွေးသည့် အချိတ်အဆက်များရှိသည့် အိမ်နီးချင်းတရုတ်၏ အခန်းကဏ္ဍမှာ ပုံစံအမျိုးမျိုးဖြင့်ရှိနေသည်။ တရုတ်အစိုးရသည် ကျန်ရှိနေသေးသည့် EAO များကို NCA ထိုးရန်ဆောင်ရွက်ချက်များကို ထောက်ခံပြီး၊ ဖယ်ထားသည့်အဖွဲ့များကို ပါဝင်ခွင့်ပေးရန် တပ်မတော်ကို ဖိအားပေးခဲ့သည်။ တရုတ်အစိုးရသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လက်ခံကျင်းပရန် ငွေကြေးပံ့ပိုးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် NCA လက်မှတ်မထိုးသေးသည့် အဖွဲ့များမှ ခေါင်းဆောင်အများအပြား ကူမင်းမှနေပြည်တော်သို့ တရုတ်အစိုးရလေယာဉ်ပျံဖြင့် သွားရောက်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံအစည်းအဝေး တက်ရောက်နိုင်ရန် စီစဉ်ပေးခဲ့သည်။[၂၈၂]

အားလုံးခြုံပြောရလျှင် နိုင်ငံခြားအင်အားကြီးနိုင်ငံများ အထူးသဖြင့် အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂတို့သည် ငြိမ်းချမ်းရေးရရှိစေရန် ထောက်ပံ့မှုအမျိုးမျိုး ပြုလုပ်ခဲ့သော်လည်း နိုင်ငံရေးကဏ္ဍတွင် ပါဝင်မှုမှာ မရှိသလောက် နည်းပါးသည်။ မြန်မာနိုင်ငံတွင်ဆောင်ရွက်နေမှုများပေါ် ၎င်းတို့၏ ဩဇာမှာ အကန့်အသတ်ဖြင့်သာရှိသည်။ အထူးသဖြင့် အစိုးရသည် သံတမန်အရ လက်ခံမှု အကြီးအကျယ်ရရှိနေပြီး၊ နိုင်ငံတကာစင်မြင့်တွင် အကူအညီမပါပဲ ရပ်တည်နိုင်သည့် အခြေအနေတွင် ဖြစ်သည်။ ယင်းအခြေအနေသည် ငြိမ်းချမ်းရေးအခြေအနေတိုးတက်လာစေရန် ကြိုးစားနေသည့် နိုင်ငံတကာအဖွဲ့အစည်းများပေါ် အခက်အခဲများဖြစ် စေသည်။ ငြိမ်းချမ်းရေးအခြေအနေတိုးတက်အောင် ဆောင်ရွက်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး၊ ၎င်းတို့ ထိန်းချုပ်နိုင်မှု အနည်းငယ်သာရှိသည့် အပြောင်းအလဲများ လျှင်မြန်စွာဖြစ်ပေါ်နေသည့် ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေများနှင့်အညီ ဆောင်ရွက်နိုင်ရန် ရှေ့တိုးနောက်ဆုတ်ဆောင်ရွက်နိုင်မှုကို ထိန်းသိမ်းထားရန် လိုအပ်သည်ကို သိရှိ ထားရမည်။ နိုင်ငံတကာက ညှိနှိုင်းထားပေးသည့် ကြားနယ်မြေမရှိခြင်းကြောင့် အစိုးရ၏ အရပ်ဘက်၊ စစ်ဘက်ဌာနများနှင့် ဆက်ဆံရေး၊ လက်နက်ကိုင်အဖွဲ့အမျိုးမျိုးနှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားရန်လိုအပ်သည်။

## မျှခြေတစ်ခုရှာဖွေကြည့်ခြင်း - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူ အားလုံးအား ထောက်ပံ့ခြင်း

အထောက်အပံ့များသည် အစုအဖွဲ့များအားလုံးကြားတွင် ယုံကြည်မှု တည်ဆောက်နိုင် စေရန်အတွက် မြန်မာနိုင်ငံသို့ ငြိမ်းချမ်းရေး တည်ဆောက်ရေး ပံ့ပိုးမှုများပြုလုပ်ပေးနေသည့် အလှူရှင်များသည် အစိုးရနှင့်သာမက EAO များနှင့်ပါ ဆက်ဆံရေးရှိရန်လိုအပ်သည်။ ယင်းသည် ခက်ခဲသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံနှင့် အင်အားနည်းပါးသည့် လက်နက်ကိုင်အဖွဲ့အစည်းများကြား မတူညီသည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရှိနေခြင်းကြောင့် ဘက်မလိုက် ရပ်တည်ပြီး အစုအဖွဲ့အားလုံးကို အထောက်အပံ့များ ပေးလိုသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် အခက်အခဲများ ဖြစ်ပေါ်စေသည်။

လက်တွေ့အခက်အခဲများလည်းရှိနေသည်။ မြန်မာနှင့် အလှူရှင်နိုင်ငံအများစုကြား သံတမန်ဆက်ဆံရေးမှာ ပုံမှန်ပြန်လည်ဖြစ်သွားခြင်းကြောင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်း အများစု အဓိကဆက်ဆံသူမှာ အစိုးရဖြစ်လာသည်။ အခြားနေရာများမှာကဲ့သို့ပင် အလှူရှင်များသည် အချုပ်အခြာကို လေးစားရမည်ဖြစ်ပြီး နိုင်ငံဥပဒေအတွင်းမှ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတွင်း ရုံးခန်းဖွင့်လှစ်ထားသည့် နိုင်ငံတကာ NGO များအပါအဝင် နိုင်ငံတကာ အထောက်အပံ့ ပေးသည့် အဖွဲ့အစည်းအားလုံး၏ လုပ်ငန်းဆောင်ရွက်နိုင်ရန် အစိုးရ၏ ထောက်ခံမှု လိုအပ်သည်။ ဥပမာ - နိုင်ငံ၏ ပဋိပက္ခဖြစ်နေသည့် နေရာများသို့ နိုင်ငံတကာဝန်ထမ်းများ သွားလာလိုလျှင် ခွင့်ပြုချက် ရယူရခြင်း။ အလှူရှင်များသည် အကြီးစား ချေးငွေနှင့် ထောက်ပံ့ငွေများ ချထား၊ စီမံနိုင်ရန် အစိုးရဌာနများနှင့် မိတ်ဖက်ပြု ဆောင်ရွက်ရန် လိုအပ်သည်။

အခြားအခက်အခဲတစ်ခုအနေဖြင့် EAO များသည် ၎င်းတို့ကိုယ်စားပြုရန် ရည်ရွယ်ထားသည့် ရပ်ရွာများနှင့် ကွဲပြားသည့် ဦးတည်ချက်များ ရှိနိုင်သည်။ နေရာအများအပြားတွင် EAO များကို အခိုင်အမာ ထောက်ခံမှုများရှိပြီး တူညီသည့်သဘောထားများလည်းရှိကြသည်။ သို့သော်လည်း အခန်း ၂ တွင်ဖော်ပြခဲ့သည့်အတိုင်း ပဋိပက္ခဒဏ်ခံနေရသည့် နယ်မြေများအတွင်း ကွဲပြားမှုအမျိုးမျိုးရှိပြီး၊ ၎င်းတို့နယ်မြေအတွင်းမှ ပြည်သူများကို ကိုယ်စားပြုသည်ဟု ဆိုထားသည့် အဖွဲ့အမျိုးမျိုးရှိနေပါသည်။

အစိုးရ၏ အချုပ်အခြာကိုလည်း လေးစားရမည်ဖြစ်ပြီး၊ EAO နှင့် တိုင်းရင်းသား လူထုများကြားတွင် တခါတရံကွာဟမှုများရှိသည်ကိုလည်း မေ့မထားဘဲ အလှူရှင်များသည် ၂၀၁၅ NCA လက်မှတ်ထိုးရာတွင် ပါဝင်ခြင်းမရှိသည့် အဖွဲ့များအပါအဝင် EAO များ၏ သဘောထားများကိုလည်း နားထောင်၊ တုန့်ပြန်ရန်လိုသည်။ သို့သော်လည်း EAO များနှင့် အချိတ် အဆက်ဆောင်ရွက်ခြင်းသည် လွယ်ကူရိုးစင်းမှုမရှိပါ။ လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ရိုက်ဆက်ဆံခြင်းကို ဥပဒေအရ အသိအမှတ် ပြုထားမှု မရှိပဲ သဘောတရားအရဆိုလျှင် မတရားသင်း ဆက်သွယ်မှု ၁၇/၁ ဖြင့် တရားစွဲဆိုခြင်း ခံရနိုင်ပါသည်။[၂၈၃]

လက်နက်ကိုင်အဖွဲ့များကို တိုက်ရိုက်ပံ့ပိုးရန်အတွက် နိုင်ငံတကာ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းအများစုသည် ၎င်းတို့ ချမှတ်ထားသည့် စည်းကမ်းများအရ ကန့်သတ်ခံနေရသည်။ သို့မဟုတ် အလှူရှင်နိုင်ငံများမှ ဥပဒေသတ်မှတ်ချက်များက အတားအဆီးဖြစ်နေစေသည်။ ခြုံ၍ပြောရလျှင် ယင်းအတားအဆီးများသည် ကြားနေရပ်တည်လိုပြီး၊ ညှိနှိုင်းအဖြေရှာမှုကို လိုလားသည့် အစုအဖွဲ့များအားလုံးကို တန်းတူ ထောက်ပံ့လိုသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၏ အားထုတ်မှုကို အခက်အခဲတွေ့စေသည်။

EAO များမှ ခေါင်းဆောင်အချို့နှင့် အခြားသော တိုင်းရင်းသားအရေး လှုပ်ရှားသူများ အထူးသဖြင့် NCA မထိုးသည့်အဖွဲ့များ၏ အဖွဲ့ဝင်များ သို့မဟုတ် နီးစပ်သူများက ၂၀၁၄ - ၂၀၁၅ အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်ပြီး အလှူရှင်များ၏ ရပ်တည်ချက်သည် အစိုးရ၏

ရပ်တည်ချက်နှင့် နီးစပ်လွန်းသည်ဟုဆိုခဲ့သည်။ ဥပမာ တိုင်းရင်းသား မဟာမိတ် အဖွဲ့ဖြစ်သော ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalities Federal Council) အတွင်းရေးမှူး ခူးဦးရယ်က အောက်ပါအတိုင်းဆိုသည်။

*နိုင်ငံတကာပါဝင်မှု၊ အလှူရှင်နိုင်ငံတွေပေါ်မှာ အစကတည်းက ကျနော်လေ့လာချက်အရ သူတို့မှာ မှားယွင်းတဲ့ အယူအဆရှိတယ်။ လက်ရှိလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်ပေါ်မှာ မှားယွင်းတဲ့ တွေးခေါ်မှု တွေရှိနေပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီဖို့ လက်ထဲငွေတွေကိုင်ပြီး ဗမာနိုင်ငံကို လာတဲ့အခါမှာ သူတို့သဘောပေါက်ထားတာက အစိုးရနှင့် အချိတ်အဆက်ရဖို့ပဲ။*[၂၈၅]

အခြား EAO ခေါင်းဆောင်ကြီးတဦးကလည်း EAO များအား NCA လက်မှတ်ထိုးရန်အတိ အလင်းတိုက်တွန်းခြင်းကြောင့် နိုင်ငံတကာ အလှူရှင်များနှင့် အစိုးရသည် တပ်မတော်နှင့် တသားတည်းရှိနေသည်ဟု ယုံကြည်ကြောင်း ပြောပြခဲ့သည်။ အထောက်အပံ့ပေးသည့် အဖွဲ့ အစည်းများက အပစ်အခတ်ရပ်စဲရန်တိုက်တွန်းကြောင်းကြေညာချက် များပေါ် EAO များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းခေါင်းဆောင်များက ဝေဖန်ခဲ့ကြသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကြောင့် မြန်မာအစိုးရသည် အချို့သောနေရာများတွင် ယာယီတည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ပြီး၊ ပြဿနာများကိုဖြေရှင်းနေသယောင် အယောင်ဆောင်နိုင်ခဲ့သည်။ တချိန်တည်းမှာပင် ရေးယခင်က ကျင့်သုံးခဲ့သည့်မဟာဗျူဟာဖြစ်သော EAO များကို စစ်ရေးအင်အားဖြင့် နိမ်နင်းခြင်းကို အကြီးအကျယ် ဆက်လက်ဆောင်ရွက်နေကြောင်း အထူးသဖြင့် ရှမ်းမြောက်နှင့် ကချင်တွင် ထင်ရှားကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ အကြမ်းဖက်မှုများ တိုးလာခြင်း၊ အသွင်ကူးပြောင်းရေးဆိုင်ရာ နိုင်ငံရေး သဘောတူညီချက် များမှာ ခပ်ဝေးဝေးတွင်သာရှိနေခြင်းတို့ကြောင့် NCA ထိုးပြီးသည့်တိုင် ပူပန်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။[၂၈၆] လက်ရှိ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များသည် EAO မထိုးသည့် အဖွဲ့များနှင့် ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ပွဲများပေါ် အကြီးအကျယ် ဝေဖန်မှုများ လမ်းလွဲသွားအောင် အသုံးချနေမည်ကို စိုးရိမ်မိကြောင်း အလှူရှင် ကိုယ်စားလှယ်တဦးကပြောပြသည်။ အစိုးရက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုတဲ့ အရိုးကို ပစ်လိုက်တာ ကျနော်တို့က အဲနောက် လိုက်နေကြတယ်ဟု ပြောခဲ့သည်။[၂၈၇]

သို့သော်လည်း လက်မှတ်မထိုးသည့် အဖွဲ့များ၏ အခက်အခဲများ ဖြေရှင်းရန် အလှူရှင် အများအပြားက လုပ်ငန်းဆောင်ရွက်လာကြသည်။ လက်မှတ်မထိုးသည့်အဖွဲ့များ ဆွေးနွေးမှုတွင်ပါဝင်လာစေရန်၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ရန်၊ လေ့လာမှုအစီအစဉ်များ၊ လေ့လာရေး ခရီးစဉ်များနှင့် အခြားလုပ်ငန်းများကို ငွေကြေးပံ့ပိုးခဲ့သည်။ NCA ၏ အားနည်းချက်၊ အားသာချက်များကို အသိအမှတ်ပြုသည့် ချဉ်းကပ်ပုံ တစ်ခု လိုအပ်ကြောင်း ကို အလှူရှင်များကြား အသိအမှတ်ပြုမှု တိုးတက်လာပြီး ၎င်းတို့ ရပ်တည်ချက်များကို အပြောင်းအလဲ ပြုလုပ်လာကြသည်။ အချို့သော EAO များကို စိတ်ပျက်စေခဲ့သည့် NCA အပေါ် အလှူရှင်များ အခိုင်အမာ ထောက်ခံမှုသည် အားနည်းချက်များ ထင်ရှားလာသည်နှင့်အမျှ မှေးမှိန် သွားပြီဖြစ်ပြီး ငြိမ်းချမ်းရေးသို့ ဦးတည်သည့် တိုးတက်မှုများ ဖြစ်ပေါ်ရန် တစ်ခုထက်ပိုသည့် ညှိနှိုင်းမှုလမ်းကြောင်း ပါဝင်ရန်လိုအပ်သည်ကို နိုင်ငံတကာမှ အသိအမှတ်ပြုမှုကလည်း များသထက် များလာသည်။

> " အကြမ်းဖက်မှုများ တိုးလာခြင်း၊ အသွင်ကူးပြောင်းရေးဆိုင်ရာ နိုင်ငံရေး သဘောတူညီချက် များမှာ ခပ်ဝေးဝေးတွင်သာရှိနေခြင်းတို့ကြောင့် **NCA** ထိုးပြီးသည့်တိုင် ပူပန်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ "

အာဏာရလာပြီးနောက်ပိုင်းတွင် NLD အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အာဏာလွှမ်းမိုးရန် ဆောင်ရွက်ခဲ့ပြီး ယခင်အစိုးရ၏ အလှူရှင်များပံ့ပိုးမှုအပေါ် ချဉ်းကပ်ပုံများကို ပြန်လည်ပြင်ဆင်ခဲ့သည်။ အစိုးရသစ်သည် ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံခြား အထောက် အပံ့ အများအပြားလက်ခံရရှိခဲ့သည့် အလှူရှင်များ၏ ရုံးခန်းများအနီး၊ ရန်ကုန်တွင် အခြေစိုက်သည့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး ဗဟိုဌာန (Myanmar Peace Center) ကို နေပြည်တော် အစိုးရရုံးနှင့်မလှမ်းမကမ်းတွင်ရှိသော အမျိုးသားပြန်လည် သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center) ဖြင့် အစားထိုးခဲ့သည်။ အစိုးရသစ်သည် ၎င်းတို့၏ ငြိမ်းချမ်းရေး အတွက် ပံ့ပိုးမှုများပေါ်တွင် တင်းကျပ်သည့် သတ်မှတ်ချက်များ ကျင့်သုံးနေသည်ဟု အလှူရှင်များက အထပ်ထပ် မှတ်ချက်ချခဲ့ကြသည်။ အလွတ်သဘောဆွေးနွေးမှုများ၊ လက်နက်ကိုင် အဖွဲ့များနှင့် တိုက်တဆိတ်ဆက်သွယ်ခြင်းကို အစိုးရက ပိတ်ပင်ခဲ့ပြီး တရားဝင် လုပ်ငန်းစဉ်ပေါ်တွင်သာ အာရုံစိုက်စေခဲ့သည်။ NCA ထိုးခဲ့သည့် EAO များမှ ကိုယ်စားလှယ်များက အစိုးရနှင့် ပုံမှန်ဆက်သွယ်နေမှုသည် ၂၀၁၆ အစောပိုင်းမှစပြီး ကျဆင်းသွားသည်ဟု ယူဆနေကြသည်။[၂၈၉]

## အသွင်ကူးပြောင်းရေး အင်စတီကျူးရှင်းများအတွက် ထောက်ပံ့မှုအချို့

အစိုးရ၊ EAOနှင့် အလှူရှင်အဖွဲ့အတွင်းမှ တိုးတက်မှုများကို နှောင့်နှေးစေသော ဘဏ္ဍာရေး၊ နိုင်ငံရေး၊ စီမံမှုဆိုင်ရာ အတားအဆီးများ ရှိနေသည့်တိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုသည့် အရေးကြီးသော အချို့ယာယီအစီအမံများကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများက ပံ့ပိုးပေးနိုင်ခဲ့သည်။ ပဋိပက္ခမှ ရေရှည် သဘော ဆောင်သည့် ငြိမ်းချမ်းရေးသို့ ကူးပြောင်းရာတွင် ယာယီ သို့မဟုတ် အကူးအပြောင်း စီမံမှုများသည် အရေးကြီးသည့် အစိတ်အပိုင်း

ဖြစ်သည်ဟု တကမ္ဘာလုံးက အသိ အမှတ်ပြုထားသည်။[၂၉၀] ယာယီဟု ဆိုသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကြာရှည်မှု၊ တင်းမာမှုများ ကာလကြာမြင့်စွာ ရှိနေခြင်းတို့ကြောင့် ဆယ်စုနှစ်များထိ ဖြစ်သွားနိုင်သည်။ မြန်မာနိုင်ငံ၏ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ် နှင့်အတူ လုပ်ငန်းအစီအစဉ် အများအပြားတွင် ပါဝင်ရမည်ဖြစ်သည်။ အထင် ရှားဆုံးအနေဖြင့် အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီများ (Joint Ceasefire Monitoring Committees) ကို နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်၊ ဒေသအဆင့်များတွင် စိစစ်ရေး အဖွဲ့များနှင့်အတူ ဖွဲ့စည်းသွားရန် ဖြစ်သည်။

၂၀၁၇ နှစ်လည်ပိုင်းတွင် စောင့်ကြည့်ရေးကော်မတီများသည် အချို့ပြည်နယ်များတွင် လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ အစောပိုင်းတွင် ရန်ပုံငွေပံ့ပိုးမှုနှောင့်နှေးမှုများရှိခဲ့ပြီးနောက်တွင် UNDP သည် ပေါင်းကူး ရန်ပုံငွေပေးအပ်ခဲ့သည်။ ယင်းနောက်တွင် ကုလသမဂ္ဂ ရန်ပုံငွေ သို့မဟုတ် ထောက်ပံ့မှုလမ်းကြောင်း (platform) ကိုဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာ အထောက်အပံ့နှင့် အခြားနည်းပညာပိုင်း ကူညီမှုများပေးခဲ့သည်။ ထို့ပြင် ၂၀၁၅ NCA မထိုးမီဖွင့်လှစ်ခဲ့သည့် EAO ဆက်ဆံရေး ၃၀ ကျော်သည် ဆက်လက်ဖွင့်ထားဆဲ ဖြစ်ပြီး အချို့သောနေရာများတွင် လုပ်ငန်းများ တိုးချဲ့ခဲ့ကြသည်။ နိုင်ငံတကာမှ ငွေကြေးနှင့် နည်းပညာ ပံ့ပိုးမှုများနှင့် အတူ ၎င်းရုံးများသည် ဒေသတွင်းမကျေလည်မှုများကို ဖြေရှင်းရန် တရားဝင်အသိအမှတ်ပြုသည့်နေရာအဖြစ် ဆက်လက် ရပ်တည်နိုင်ခဲ့ပြီး တပ်မတော်၊ အရပ်ဘက်အာဏာပိုင်များနှင့် အပြန်အလှန် ဆက်ဆံရေး ရှိကာ EAO ခေါင်းဆောင်များ ထံသို့ သတင်းအချက်အလက်များ ပေးနိုင်ခဲ့သည်။ မိခင် EAO ၏ လိုအပ် ချက်များပေါ်လိုက်ပြီး ဆက်ဆံရေး ရုံးများသည် မတူညီသည့် အခန်းကဏ္ဍအမျိုးမျိုးဆောင်ရွက်ကြသည်။ အချို့သောနေရာများတွင် ဒေသခံ ပြည်သူများနှင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များအကြောင်း ဆွေးနွေးသည်။ ဒေသခံများ တိုင်ကြားသည့် ပြဿနာများကိုဖြေရှင်းရန် နည်းလမ်းရှာကြ သည်။[၂၉၁] NCA တွင် ပါဝင်ခြင်းမရှိသည့် EAO များအတွက် အစိုးရဌာနများ၊ စာနယ်ဇင်းများနှင့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပွင့်လင်းစွာ ဆက်ဆံနိုင်ရန် တရားဝင် အသိအမှတ်ပြုမှု အနည်းငယ်သာရှိသည်။[၂၉၂]

မြေမြှုပ်မိုင်းဖယ်ရှားရေး၊ အကြီးစား အခြေခံအဆောက်အဦ စီမံကိန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် နေရပ်စွန့်ခွာသူများ နေရပ်ပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်း ကဲ့သို့သော အခြားသောလုပ်ငန်းများသည် နိုင်ငံရေးဆန္ဒမရှိခြင်း၊ ညှိနှိုင်းဆွေးနွေးရန် နေရာမရှိခြင်း၊ မလုံခြုံမှုများ ကြောင့် ရှေ့ဆက်မရပဲဖြစ်နေသည်။ ၂၀၁၇ ပထမနှစ်ဝက် အတွင်းမှ အစိုးရနှင့် EAO များ၏ NCA အပစ်အခတ်ရပ်စဲထားသည့် နေရာများ အုပ်ချုပ်ရေးနှင့် ဆိုင်သည့် ကြားကာလအစီအစဉ် ဆွေးနွေးမှုများသည် တိုးတက်မှု အနည်းငယ်ရှိခဲ့သည်။ ယင်းကိစ္စသည် EAO ခေါင်းဆောင် များကြား ယုံကြည်မှု ထိန်းသိမ်းရန် အလွန်အရေးပါ သည့်ကိစ္စဖြစ်သည်။ ယေဘုယျအားဖြင့် ကြားကာလအစီအမံများ အကောင်အထည်ဖော်မှု နောက်ကျနေခြင်းသည် အကျိုးဆက်အဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုကို နှောင့်နှေးစေသည်။ ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်း အစိုးရ အပြောင်းအလဲတွင် NLD အစိုးရသည် ယခင်က ငြိမ်းချမ်းရေး အင်စတီကျူးရှင်းကို ဖျက်လိုက်ပြီးနောက်မှ ပြန်လည်ဖွဲ့စည်းခဲ့သဖြင့် ပြဿနာပိုများစေခဲ့သည်။ အစိုးရရော EAO များပါ ပါဝင်သည့် စောင့်ကြည့်ရေးကော်မတီများ၊ ငြိမ်းချမ်းရေး ကွန်ဖရင့်များနှင့် အဆင့် အသီးသီးမှ ညှိနှိုင်းပူးပေါင်းရေး လုပ်ငန်းစဉ်များ အစရှိသည့် အင်စတီ ကျူးရှင်းများအတွင်း မညီမျှမှု စွပ်စွဲချက်များကြောင့် အခက်အခဲများ ပေါ်ထွက်လာသည်။ ယင်းအဖွဲ့များ လုပ်ငန်းဆောင်ရွက်ခြင်းတွင် EAO များက ပြောရေးဆိုခွင့် အနည်းငယ်သာရှိသည်ဟု စောဒကတက်ခဲ့ကြပြီး လုံလောက်သည့် အသိအမှတ်ပြုမှုများလည်း မရခဲ့ကြပါ။ NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့ကြသည်။

အစိုးရ၊ EAO များနှင့် ဒေသခံ အဖွဲ့အစည်း သို့မဟုတ် ယာယီ အင်စတီကျူးရှင်းများ ထံမှ ရသည့် အဆိုပြုလွှာ (proposals) များသည် သတ်မှတ်ထားချက်များကို ပြည့်မီခြင်းမရှိ၊ တာဝန်ခံမှု ထိန်းချုပ်မှု လျော့ရဲလွန်းသည်ဟု အလှူရှင်များက စောဒကတက်ခဲ့ကြသည်။ လုပ်ငန်း ဆောင်ရွက်ချက်များရှိပြီး လည်ပတ်နေသည့်တိုင် အလှူရှင်များ၏ အဖွဲ့အစည်း တွင်းကန့်သတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု သတ်မှတ်ချက်များကြောင့် အထောက်အပံ့များပေးနိုင်ရန် အခက်အခဲများ ရှိလာသည်။ ဥပမာ အလှူရှင်များအနေဖြင့် အဆိုပြုလွှာ အသစ်များကို သုံးသပ်နိုင်မှုမရှိခြင်း၊ ရေရှည်ထောက်ပံ့ပေးနိုင်မှုမရှိခြင်းကြောင့် ဆက်ဆံရေးရုံးများသို့ ပံ့ပိုးငွေ ပြတ်တောက်မှု၊ နှောင့်နှေးမှုများဖြစ်ပေါ် နေသည်။[၂၉၃]

အလှူရှင်များက ငွေကြေးပံ့ပိုးမှုအဆိုပြုလွှာ ရေးသားရာတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်သည်များလည်းရှိသည်။ ဥပမာအားဖြင့် Paung Sie Facility (ယခင်က ငြိမ်းချမ်းရေး အထောက်အကူပြု ရန်ပုံငွေ (Peace Support Fund) မှဝန်ထမ်းများသည် EAO များ၊ အစိုးရတို့နှင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပြီး အဆိုပြုလွှာများပြင်ဆင်ခြင်း၊ ရန်ပုံငွေ စီမံခြင်းတို့ကို အလှူရှင်များ သတ်မှတ်ချက်နှင့်အတိုင်း ဆောင်ရွက်လျက် ရှိသည်။ အလားတူပင် USAID က ငွေကြေးပံ့ပိုးထားသည့် Kann Let initiative အရပ်ဘက် လူ့အဖွဲ့အစည်းငယ် အများအပြားအတွက် အဆိုပြုလွှာများ ရေးသားပြင်ဆင်ရာတွင် ကူညီပေးခဲ့သည်။

လက်ခံအစုအဖွဲ့များ၏ အဆိုပြုလွှာရေးသားခြင်းတွင် အကူအညီ ပေးနိုင်ရန် လုပ်ငန်းဆောင်ရွက်ပုံများ၊ အကူအညီပေးခြင်းများနှင့် ပတ်သက်ပြီး အလှူရှင်များ၏ လိုက်လျောညီထွေဆောင်ရွက်နိုင်မှုသည် စောင့်ကြည့်ရေးကော်မတီများနှင့် အခြား အင်စတီကျူးရှင်းများ ဖွဲ့စည်းခြင်းကို အရှိန်အဟုန်မြင့်တက်စေမည်ဖြစ်သည်။ စီမံကိန်း ရေးဆွဲခြင်းများ တိုးတက်လာစေရန်၊ လုပ်ငန်းဆောင်ရွက်ချက် ပုံစံချခြင်း များ ကောင်းလာစေရန် အကူအညီပေးခြင်းသည် ၎င်းလုပ်ငန်းများ၏ နောက်ဆက်တွဲ ထိရောက်မှုကို တိုးတက်စေနိုင်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နောက်ပြန်လှည့်ခြင်း၊ အချိန်ဆိုင်း ထားခြင်းများ ပေါ်ပေါက် လာနိုင်သည်ကို သတိထားလျက် ကာလရှည် ပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် အလှူရှင်များအနေနှင့်လည်း ပြင်ဆင်ထားရန်လိုသည်။ အစိုးရနှင့် EAO များသည် အလှူရှင် အထောက်အပံ့များ၏ တင်းကျပ်သည့် စည်းမျဉ်းသတ်မှတ်ချက်များကို နားလည်ပေးရန်လိုပြီး ဖြစ်နိုင်ပါက အလှူရှင်များနှင့် လက်တွဲပြီး ရလဒ်ကောင်းသည့် ပူးပေါင်း ဆောင်ရွက်မှုများ ဖြစ်အောင် ဆောင်ရွက်သင့်သည်။

## ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများဖြစ်စေခဲ့သည့် နည်းပညာအကြံပေးမှုများကို ဆက်လက် တိုးတက်အောင် ဆောင်ရွက်နိုင်သည်

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် နိုင်ငံတကာ ငွေကြေးပံ့ပိုးသူများက နည်းပညာအထောက် အပံ့များပေးခဲ့ကြသည်။ သင်တန်းပေးခြင်း၊ အကြံပေးခြင်း၊ ခရီးသွားလာခြင်းနှင့် ပြင်ဆင်ရေး တွေ့ဆုံမှုများကဲ့သို့သော စနစ်တကျပေးသည့် အကူအညီများသည် ထူးခြားထင်ရှားသည့် အပြုသဘော တိုးတက်မှုများကိုဖြစ်စေသည်။ အလှူရှင်များအနေဖြင့် ၎င်းတို့၏ ထိရောက်မှုကို တိုးတက်အောင် ပြင်ဆင်ရမည့် နေရာများ ရှိသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ရှေ့ဆက် ဆောင်ရွက်လာသည်နှင့်အမျှ ထောက်ပံ့ကူညီရန် အထူးသဖြင့် EAO ခေါင်းဆောင်များနှင့် လက်တွဲ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာနိုင်သည်။

အတွေ့အကြုံများရရှိစေသည့်၊ စွမ်းရည်တိုးတက်စေသည့် ပြင်ပအကြံပေးမှုများအတွက် EAO ရော၊ အစိုးရခေါင်းဆောင်များကပါ လမ်းဖွင့် ပေးထားကြသည်။ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်နှင့် အခြားသော အဓိကကျသည့် လုပ်ငန်းစဉ်များပေါ် ပေးအပ်ခဲ့သည့် အကူအညီ များသည် နိုင်ငံတကာကျွမ်းကျင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမျိုးမျိုးနှင့် ပတ်သက်သည့် အသိအမြင်များ တင်ပြနိုင်ရန် အစပြုရသည့် နေရာဖြစ်လာခဲ့သည်။ အစိုးရ ဦးဆောင်ပြီး အလှူရှင်များက ငွေကြေး ပံ့ပိုးခဲ့သည့် မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)သည် အရေးပါသည့် ကြားဝင်ညှိနှိုင်းရေး ကဏ္ဍတွင်ပါဝင်ခဲ့သည်။ နိုင်ငံတကာမှ နိုင်ငံရေးဆွေးနွေးမှု ဆောင်ရွက်ခြင်းအတွေ့အကြုံများပေါ် အခြေခံပြီး အသုံးဝင်သည့် နည်းပညာပိုင်းပံ့ပိုးမှုများ၊ အယူအဆများကို ပင်မညှိနှိုင်းရေး လုပ်ငန်းစဉ်သို့ အကြံပေး ကူညီခဲ့သည်။ အလှူရှင်များသည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကိုလည်း ထောက်ပံ့ခဲ့သည်။ အစုအဖွဲ့များမှ ညှိနှိုင်းရေးတာဝန်ယူထားသူများ ညှိနှိုင်းမှုစီမံရန် အစီအစဉ်ရေးဆွဲခြင်း၊ မူဘောင်ပြုစုခြင်းများကို ကူညီရန် Euro-Burma ရုံးအပါအဝင် အခြား ရုံးများကို ငွေကြေးထောက်ပံ့ခဲ့သည်။ ယူကေ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (Department for International Development (DFID) သည် ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းတစ်ခု ဖြစ်သော Inter Mediate အား ညှိနှိုင်းရေးတွင် ပါဝင်သည့် အဖွဲ့များ အားလုံးကို အကြံပေးရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်မှုကို အကြံပေးရန် ဒေါ်လာ ၃.၅ သန်းပံ့ပိုးခဲ့သည်။[၂၄၄]

အစိုးရသစ်သည် လုပ်ငန်းဆောင်ရွက်သည့်ပုံစံအသစ်များကျင့်သုံး ခြင်းကြောင့် ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် အစိုးရ အဖွဲ့အစည်းများနှင့် ပေါက်ရောက် ဆက်သွယ်နိုင်မှု လျော့ကျလာသည်ကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းအများအပြားက ကြုံတွေ့ ရသည်။[၂၄၅] သို့သော်လည်း EAO များကတော့ အလှူရှင် ငွေကြေး ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် သင်တန်းများ၊ အကြံပေးချက်များအတွက် စိတ်အား ထက်သန်ဆဲဖြစ်သည်။ ခရီးစရိတ်၊ အစည်းအဝေး ပြုလုပ်စရိတ်ကဲ့သို့သော သွားလာရေး ကိစ္စများအတွက် အလှူရှင်များ၏ ပံ့ပိုးမှုသည် EAO များအတွက် အထူးသဖြင့် အရေးကြီးသည်။ အချို့သော လက်နက်ကိုင် အဖွဲ့ များသည် ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ဝပြည်သွေးစည်း ညီညွတ်ရေး ပါတီကဲ့သို့သော အဖွဲ့များသည် ငွေကြေးအင်အား တောင့်တင်းသည်။ သို့သော်လည်း အချို့အဖွဲ့များမှာ ရန်ပုံငွေ ချို့တဲ့သည်။ NCA လက်မှတ်မထိုးနိုင်မီ EAO များ၏ ညှိနှိုင်းရေး ဦးဆောင် အဖွဲ့ဖြစ်သော တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှု အဖွဲ့ (Nationwide Ceasefire Coordination Team) သို့ ငွေကြေး ပံ့ပိုးခြင်းသည် လက်နက်ကိုင်အဖွဲ့များ တစုတစည်းတည်း ချဉ်းကပ် ဆောင်ရွက်နိုင်ရန် စုစည်းရာတွင် အရေးပါခဲ့သည်။[၂၄၆]

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ အမျိုးစုံသည့် အကူအညီအမျိုးမျိုးအနက် သဘောတူညီမှု ရယူတည်ဆောက်ခြင်း (consensus building)၊ ဓမ္မဓိဌာန်ကျကျတွေးခေါ်ခြင်း၊ ညှိနှိုင်းခြင်း နည်းပညာ ကဲ့သို့သော အနုပညာဆန်သည့်ကျွမ်းကျင်မှုများ(soft skills) ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်းကို သုံးသပ်မှုများအရ သိရသည်။[၂၄၇] EAO မှ ပါဝင်သူများသည် ၎င်းတို့ လက်ခံ ရရှိသည့် သင်တန်းများပေါ်တွင် ပုံမှန်အားဖြင့် နှစ်သက်ကြပြီး အချို့သော အစီအစဉ်များသည် သင့်တော်မှုမရှိဟု ဝေဖန်သည်များလည်းရှိသည်။ အကူအညီပေးသည့် အဖွဲ့အစည်း များနှင့်အတူ လက်ခံသည့် EAO များသည်လည်း ရိုးစင်းသော်လည်း ပို၍ အသုံးတည့်သည့် ခေါင်းစဉ်များအစား ခေါင်းစဉ်ကြီးကြီးမားမားကိုသာ ရွေးချယ်လေ့ရှိကြသည်။ ဥပမာအားဖြင့် EAO ခေါင်းဆောင်များသည် နိုင်ငံတကာ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ဖက်ဒရယ်ဝါဒနှင့် အခြေခံဥပဒေရေးဆွဲခြင်း စွမ်းရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ ဒါဇင်နှင့် ချီပြီး တက်ရောက်ခဲ့ကြသည်။ သို့သော်လည်း ညှိနှိုင်းသူများသည် အဓိက ပြဿနာများ အတွက် ရပ်တည်ချက်များဖော်ထုတ်ရန် လိုအပ်သည့် အဓိကစွမ်းဆောင်ရည်များ ရရှိလာခြင်း မရှိကြပါသည်။

ပို၍တိတိကျကျရှိသော လက်တွေ့အသုံးကျနိုင်သည့် ခေါင်းစဉ်များဖြစ်သော သဘာဝ သယံဇာတ စီမံမှု၊ မြို့နယ်အုပ်ချုပ်ရေး သို့မဟုတ် ဘဏ္ဍာရေးမူဝါဒ ဆိုင်ရာအသိအမြင်များ သည် အစိုးရဗဟိုချုပ်ကိုင်မှုလျော့ချခြင်း သို့မဟုတ် စီးပွားရေးမူဝါဒနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာသည့် မကျေလည်မှုများအတွက် အလုပ်ဖြစ်သည့် ဖြေရှင်းနည်းရှာဖွေရာတွင် အရေးကြီးသည်။ နိုင်ငံခြားအထောက်အပံ့ဖြင့် ပံ့ပိုးကူညီသူများကြား ညှိနှိုင်းပူးပေါင်းမှု အား နည်းခြင်း၊ EAO များနှင့် အခြားလက်ခံအစုအဖွဲ့များက ရင်းမြစ်အမျိုးမျိုးမှ အကူအညီများ တပြိုင်တည်းရှာဖွေကြခြင်းတို့ကြောင့် အစီအစဉ်များထပ်နေ၊ သင်တန်းများ ထပ်နေမှုကို ဖြစ်ပေါ်စေသည်။

ပူးပေါင်းညှိနှိုင်းသည့် လုပ်ငန်းစဉ်များဖြင့် ယင်းအခက်အခဲ အချို့ကို ဖြေရှင်းနိုင်သည်။ စုပေါင်းရန်ပုံငွေ အထူးသဖြင့် ပူးတွဲငြိမ်းချမ်းရေး ရန်ပုံငွေသည် စွမ်းရည်မြှင့်တင်ရေး ကိစ္စအတွက် အလှူရှင်များ၏ အကူအညီများ စနစ်တကျစုစည်းရာတွင် အထောက်အကူ ဖြစ်နိုင်သည်။ NCA လက်မှတ်ထိုးပြီးမကြာမီ အာဏာရလာသည့် NLD အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် အထောက်အပံ့များ စီမံမှုကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ (ဇယားကွက် ၆.၁)

## ၆.၂။ ဆွေးနွေးညှိနှိုင်းခြင်းကို အထောက်အကူဖြစ်စေသည့် အစီအမံများ

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အများပါဝင်မှု အားကောင်းလာစေရန် ဆောင်ရွက်ခြင်း

အခြားနေရာများမှာကဲ့သို့ပင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း အားလုံး ပါဝင်မှုပို၍ရှိလာစေရန် တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်အတူ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ကြားဝင်ဆောင်ရွက်မှုများကို အဆင့်မြင့်ပိုင်းဆွေးနွေးမှုများတိုးတက်စေရန် သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အလိုက်အထိုက် အထောက်အပံ့ ဖြစ်စေရန် ရည်ရွယ်လျက် ဆောင်ရွက်နေကြသည်။ အခြားနိုင်ငံအများအပြားမှ သက်သေ အထောက်အထားများအရ ယင်းသို့အလိုက်အထိုက် အထောက်အပံ့ဖြစ်စေသည့် ကူညီမှုများသည် အားလုံးပါဝင်မှု ကျယ်ပြန့်အောင်ဆောင်ရွက်ရာတွင် အရေးပါသည့် နေရာမှ ပါဝင် နေသည်။[298] မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သည်နှင့် အမျှ ယင်းကဲ့သို့ အကူအညီများပေးနိုင်ရန် အခွင့်အလမ်းများ ရှိလာမည် ဖြစ်သည်။

အလှူရှင်များနှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းများကို လက်တွေ့လုပ်ဆောင်နေသူများသည် တရားဝင် ဆွေးနွေးပွဲများနှင့်တပြိုင်တည်း ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အားလုံးပါဝင်နိုင်ရေးကို တိုက်တွန်းဆောင်ရွက်နေသည်။ အတိတ်ကာလတွင် အဆင်မြင့်ခေါင်းဆောင်များကြား တိတ်တဆိတ် ညှိနှိုင်းခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးများဖြစ်ပေါ်ခဲ့သော်လည်း ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှုမျိုးသို့ ဦးတည်ခြင်းမရှိပဲ အကြမ်းဖက် ပဋိပက္ခများပြန်လည်ဖြစ်ပေါ်မှုကို မတားဆီးနိုင်ခဲ့သည့် ဖြစ်စဉ် အများအပြားရှိသည်။ ပြည်သူများ၏ ထောက်ခံမှု ရရှိရန်အတွက် မြန်မာနိုင်ငံတဝှမ်းမှ ရပ်ရွာများတွင် ညှိနှိုင်းထားသည့် သဘော တူညီချက်များ အမှန်တကယ်ဖြစ်ပေါ်လာစေရန် ကူညီနိုင်သည့် အလွှာစုံမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ဆက်ဆံခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံးပါဝင်မှု၊ ကိုယ်စားပြုမှု တိုးတက်လာစေရန် အားထုတ်မှုများဖြင့် ပဋိပက္ခ ပြန်လည်ဖြစ်ပွားခြင်းကို ရပ်တန့်နိုင်မည်ဖြစ်သည်။ နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ခုအနေနှင့် လက်တွေ့အကောင်အထည်ဖော်သူများ (practitioners) သည် လူနည်းစု အခွင့်အရေးများ ပံ့ပိုးမှုနှင့်အတူ အားလုံးပါဝင်နိုင်သည့် ဒီမိုကရေစီ၊

ဇယားကွက် ၆.၁
ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ထောက်ပံ့မှုများကို ညှိနှိုင်းနေရာချထားခြင်း။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordination Body - JCB) တွင် EAO၊ တပ်မတော် နှင့် အရပ်သား အစိုးရမှ ထိပ်ပိုင်းခေါင်းဆောင်များ ပါဝင်သည်။ ငြိမ်းချမ်းရေးအတွက် ပေးအပ်သည့် နိုင်ငံခြားအထောက်အပံ့များကို စောင့်ကြည့်ထိန်းကျောင်းရန် ၂၀၁၆ ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့သည်။ JCB သည် အလှူရှင် ဦးစားပေး ပုံစံထက် ပြည်တွင်းဦးဆောင်မှုကိုဖော်ဆောင်ရန် ဆောင်ရွက်သည်။[300] အစိုးရနှင့် EAO တာဝန်ရှိသူများ တန်းတူကိုယ်စားပြုပါဝင် စေခြင်းဖြင့် သဘောတူညီချက် များ ရရှိရန်ဆောင်ရွက်သည်။ NCA လက်မှတ်ထိုးသူများ ပါဝင်သကဲ့သို့ လက်မှတ်မထိုးထားသည့် EAO များလည်းပါဝင်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငွေကြေးပံ့ပိုးမှုများရရှိရန် အစိုးရချမှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်တွင် ပါဝင်နေရမှုပေါ် မကျေနပ်မှုများရှိကြောင်း EAO အချို့က ထုတ်ပြောခဲ့သည်။[302] JCB ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အာဏာတန်းတူမရှိမှုကြောင့် ပေါ်ပေါက်လာသည့် တင်းမာမှုများက တိုးတက်မှုများကိုနှောင့်နှေးစေသည်။ အဖွဲ့၏ ငွေကြေးထောက်ပံ့ပုံ၊ လုပ်ငန်းဆောင်ရွက်ပုံများသည် အကျေအလည် သဘောတူညီထား မှုပေါ်အခြေမခံခြင်းပေါ် EAO အဖွဲ့ဝင်များက စိုးရိမ်ကြသည်။ အဖွဲ့ ဥက္ကဋ္ဌ (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူထားသည့်နေရာ) ဆုံးဖြတ်ချက်က နောက်ဆုံး အတည်ဖြစ်ခြင်းကိုလည်း ဆန့်ကျင်ကြသည်။[303]

JCB နှင့် အလှူရှင်များကြား အဆက်အသွယ်မှာ အနည်းငယ်သာရှိသည်။ JCB သည် နှစ်ဖက် သဘောတူထားသည့် ရည်မှန်းချက်များကို ထောက်ပံ့သည့် နိုင်ငံခြားအကူအညီများ ချောမွေ့စွာဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးနိုင်မည်ဟု အလှူရှင်များက မျှော်လင့်ထား သည်။ သို့သော်လည်း JCB သည် အရေးကြီးသည့် မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်များ ပေါ်တွင် သဘောတူညီမှုများ ရရှိအောင် ဆောင်ရွက်ခြင်းထက် အသေးအဖွဲကိစ္စများအပေါ်တွင် သာအာရုံစိုက်နေသည်ဟု ယူဆခဲ့ကြသည်။ အစိုးရနှင့် အလှူရှင်များကြား အထောက် အပံ့များပေါ်တွင် နိုင်ငံတော်က မည်သည့်အတိုင်းအတာထိ ပိုင်ဆိုင်သည်နှင့် ပတ်သက်ပြီး သဘောထားကွဲလွဲမှုများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ထောက်ပံ့မှု များကို မည်သို့ ခွဲတမ်းချမည်၊ သုံးစွဲမည်နှင့် ပတ်သက်ပြီး တင်းမာမှုများဖြစ်စေခဲ့သည်။[304]

JCB ကိုထိထိရောက်ရောက် စီမံနိုင်ပါက ပဋိပက္ခအစုအဖွဲ့များကြား ယုံကြည်မှု တည်ဆောက် နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ မဟာဗျူဟာမြောက် ဦးစား ပေးရမည့် ကိစ္စများပေါ် အဓိကထားလုပ်ကိုင်မည့် ပူးတွဲလုပ်ပိုင်ခွင့်တစ်ခုဖော်ထုတ်ရန် အရေး ကြီး သည်။ ဆုံးဖြတ်ချက်ချရာတွင် နှောင့်နှေးမှုများကိုရှောင်ရှားခြင်းဖြင့် JCB အဖွဲ့ဝင်များ ကို ဝန်ထုတ်ဝန်ပိုးဖြစ်စေခြင်း သို့မဟုတ် ငြိမ်းချမ်းရေးညှိနှိုင်းမှု အရှိန်ကို လျော့စေခြင်းကို ရှောင်ရှားနိုင်ရန် အရေးကြီးသည်။ .

တာဝန်ခံမှုများ တွင်ကျယ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် အဖိုးတန်သည့် အထောက်အပံ့များပေးနိုင်သည်။ ဥပမာအားဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားနိုင်ရန် ပဋိပက္ခဒဏ်ခံနေရသည့် ပြည်သူများ၏ အမြင်ကို ဆွေးနွေး အကြံယူခြင်းဖြင့်ဖော်ထုတ်တင်ပြခြင်း။ မြန်မာနိုင်ငံ၏ အကြီးဆုံး လူမျိုးအုပ်စု ဖြစ်သော ဗမာလူထုကြား ထောက်ခံမှုများ ရရှိစေရရန်၊ ယင်းမှတစ်ဆင့် တူညီသည့် သဘောထားများဖော်ထုတ်ပြီး သြဇာရှိသည့် ပါဝင်သက်ဆိုင်သူများ၏ တာဝန်ခံမှုကို ရရှိရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများသည် ဗမာလူထုကို အသိပေးခြင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် အကူညီပေးနိုင်သည်။[၂၉၉] အာဏာရှင် အစိုးရရှိခဲ့ခြင်း၊ လက်နက်ကိုင် ပဋိပက္ခများ ရှိခဲ့ခြင်းတို့ကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ဒေသ တွင်း ထောက်ခံတရားဝင်အသိအမှတ်ပြုမှုများ အခိုင်အမာ ရရှိထားကြသည်။ ရပ်ရွာများ အတွက် တာဝန်ခံမှုအရှိဆုံး ကိုယ်စားလှယ်များလည်းဖြစ်သည်။[၃၀၀]

တရားဝင်လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေရန်၊ မြေယာ အခွင့်အရေးကဲ့သို့သော ပြည်သူများ စိုးရိမ်နေသည့် ကိစ္စများကို အရေးယူဆောင်ရွက်ပေးအောင် ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များကို ဖိအားပေးရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ တရားဝင် **ဖိုရမ်များကို အလှူရှင်များက ငွေကြေးပံ့ပိုးပေးခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့ အစည်းများ၏ ငြိမ်းချမ်းရေး ဖိုရမ် (Civil Society Forum for Peace) ကဲ့သို့သော ညှိနှိုင်းရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းဆောင်ရွက် သည့် စုဖွဲ့မှုများကို ငွေကြေး ပံ့ပိုးခဲ့သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် အချို့သောကဏ္ဍများတွင် နည်းပညာပိုင်းအရ ကျွမ်းကျင်မှုများရှိသည်။ အချို့သော ခေါင်းစဉ်များအတွက် ၎င်းတို့ ထုတ်ဝေသည့် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်ရေး အစီရင်ခံစာများသည် ညှိနှိုင်းသူများအတွက် အကောင်းဆုံး အကိုးအကားများဖြစ်သည်။**

ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အရေးကြီးသည့် အကြောင်းအရာအဖြစ်နှင့် ဂျန်ဒါ ကိစ္စကို ထည့်သွင်းနိုင်ရန် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ပါဝင်မှုက အထောက်အကူ ဖြစ်စေခဲ့သည်။ နိုင်ငံခြား အထောက်အပံ့များက တစိတ်တပိုင်းပံ့ပိုးထားသည့် အရပ်ဘက် လူ့အဖွဲ့အစည်း ကွန်ယက်တစ်ခုဖြစ်သော ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ (Alliance for Gender Inclusion in the Peace Process) က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ထောက်ခံသည့် နိုင်ငံတကာ စံနှုန်းဖြစ်သော အမျိုးသမီးပါဝင်မှုနှုန်း ၃၀ ရာခိုင်နှုန်း သတ်မှတ်ချက် ပြည့်မီအောင် အစိုးရနှင့် EAO ညှိနှိုင်းသူများကို တိုက်တွန်းခဲ့သည်။[၃၀၅] အစိုးရနှင့် EAO အဆင့်မြင့်ခေါင်းဆောင်ပိုင်းမှ ကန့်ကွက်မှုများရှိသော်လည်း ယင်းတိုက်တွန်းဆောင်ရွက်ချက်များသည် ထိပ်တန်း နေရာများတွင် ဂျန်ဒါမျှတမှုကို ဖြစ်ပေါ်စေခဲ့ပြီး အမျိုးသမီး ကိုယ်စားပြုမှု တိုးတက်လာမှု၏ အကြောင်းရင်းများအနက် တစ်ခု အပါအဝင်ဖြစ်ခဲ့သည်။ တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးပါဝင်မှုနှုန်း ၇ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။[၃၀၆]

ဒေသခံလူထုကို ကိုယ်စားပြုသည်ဟု လက်နက်ကိုင်အဖွဲ့များ၏ ပြောဆိုချက်၏ မြေပြင် ထောက်ခံမှုအခြေအနေ အားနည်းသကဲ့သို့ လူမျိုးအမည် ဆက်စပ်မှုရှိမှုပေါ်တွင်သာ အခြေခံပြီး တရားဝင်မှု ရှိကြောင်း ခံယူထားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းအချို့ရှိသည်။ အရပ်ဘက် လူ့အဖွဲ့ အစည်း ခေါင်းဆောင်များသည် ကျေးလက်ဒေသမှ ပြည်သူအများစုထက် ပညာပိုတတ်ပြီး နိုင်ငံရေးအရ အဆက် အစပ်ပိုရှိသည်။ အချို့သော ဒေသခံ တက်ကြွလှုပ်ရှားသူများသည် အတိုက်အခံဟောင်းများ သို့မဟုတ် ရေပေါ်ဆီလူတန်းစားမှ ဖြစ်ကြပြီး ၎င်းတို့ ဦးစားပေးကိစ္စများသည် ဝေးလံသည့်ကျေးရွာများ သို့မဟုတ် မျက်နှာမွဲ ကျေးလက်လူထုများ၏ သဘောထားနှင့်ကွဲလွဲနိုင်သည်။ အတွေ့အကြုံ၊ နားလည်မှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသည့် ချဉ်းကပ်ပုံများ (participatory approaches) များတွင် စိတ်ဝင်စားမှုမှာ သိသိသာသာကွဲပြားနိုင်သည်ဖြစ်သောကြောင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ဒေသခံအရပ်ဘက်လူ့အဖွဲ့အစည်း အဖွဲ့များနှင့် မိတ်ဖက်ပြု ဆောင်ရွက်ခြင်းကို ရပ်ရွာနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း (community engagement) အဖြစ် မယူဆမိရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လုပ်ကိုင်နေသည့် အစိုးရ ကိုယ်စားလှယ်များ သည် EAO ရပ်တည်ချက်နှင့် နီးစပ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်းများကြောင့် စိတ်ပျက်နိုင်သည်။ သို့သော်လည်း အချို့သော အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်များက အစိုးရကိုရော EAO ခေါင်းဆောင်များကိုပါ တာဝန်ခံမှုရှိစေရန် ရည်ရွယ်သည်ဟု ထုတ်ဖော် ပြောဆိုကြသည်။ ယင်းဖြစ်ရပ်မျိုးသည် ကချင်ပြည်နယ်တွင် အထင်အရှား ဖြစ်ပေါ်လျက်ရှိသည်။ အခြားအကျိုးခံစားမှု အနည်းငယ်သာ ရှိပြီး အချိတ်အဆက်ကောင်း သည့် စီးပွားရေးသမားများကို ကြီးပွားစေခဲ့သည့် အတိတ်ကာလ အပစ်အခတ်ရပ်စဲမျိုး တကျော့ပြန်ခြင်းမရှိအောင် လှုပ်ရှားသူများ (campaigner) များက ဆန္ဒရှိကြသည်။[၃၀၇]

## ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များကြား ယုံကြည်မှု၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်း

ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့များကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ် ယုံကြည်မှုတည် ဆောက်ရန် အားပေးသည့် သို့မဟုတ် အပြန်အလှန် ယုံကြည်မှု၊ ဆက်နွယ်မှု အားကောင်းစေရန် ရည်ရွယ်သည့် လုပ်ငန်း ဆောင်ရွက်ချက် အချို့ရှိသည်။ ယုံကြည်မှု တည်ဆောက်ခြင်း စီမံကိန်းများ (Confidencebuilding projects) သည် EAO များကို အထူးရည်ရွယ်လေ့ရှိပြီး ငြိမ်းချမ်းရေး ညှိနှိုင်းမှုတွင် ၎င်းတို့၏ စိတ်ပိုင်းဖြတ်ပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ် လေ့ရှိသည်။ အပစ်အခတ်ရပ်စဲရေးကို ထောက်ခံရန် ဘဏ္ဍာရေး ဆိုင်ရာ မက်လုံးပေးခြင်း သို့မဟုတ် စတိသဘော ထောက်ပံ့မှုများ ပြုလုပ်ခြင်းထက် မြင်သာသည့် မူဝါဒ အပြောင်းအလဲ သို့မဟုတ် ငြိမ်းချမ်းရေးကိုဦးတည်သည့် တိုးတက်မှုများ ရှင်းရှင်းလင်းလင်း တင်ပြနိုင်ပါက ထိရောက်မှုအရှိဆုံး ဖြစ်နိုင်သည်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် ယခင် အစိုးရများက EAO ခေါင်းဆောင်များကို ရုပ်ပိုင်းဆိုင်ရာ မက်လုံးပေးခဲ့မှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ထောက်ခံမှုများ ရရှိရန် မက်လုံးပေးသည့် နိုင်ငံခြားထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အစီအစဉ်များပေါ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်တပ်တို့၏ ဝေဖန်ချက်များမှာ တူညီမှုရှိကြသည်။[၃၀၈] သို့သော်လည်း နိုင်ငံခြားအထောက်အပံ့ဖြင့် လတ်တလော ဆောင်ရွက်သည့်

လုပ်ငန်းဆောင်ရွက်ချက်များ၏ ယုံကြည်မှု တည်ဆောက်မှုအပေါ် ချဉ်းကပ်ပုံမှာ သိသိသာသာကွဲပြားမှုအချို့ရှိသည်။

နော်ဝေပံ့ပိုးထားသည့် မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (Myanmar Peace Support Initiative) သည် ၂၀၁၂ မှ ၂၀၁၄ အတွင်း ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းများကို ဦးဆောင်လမ်းပြ လုပ်ကိုင်ခဲ့သည်။ ၎င်းတို့ချဉ်းကပ်ပုံများတွင် တိုင်းရင်းသားခေါင်းဆောင် အမျိုးမျိုး အရပ်ဘက် အဖွဲ့အစည်းအမျိုးမျိုး၊ လက်နက်ကိုင်အဖွဲ့အစည်း အမျိုးမျိုးနှင့် အချိတ်အဆက်ပြုလုပ်ခြင်း ပါဝင်သည်။ အသေးစား ရှေ့ပြေးစီမံကိန်းများသည် အငြင်းပွားနေသည့် ဖွံ့ဖြိုးရေးပြဿနာများ အပေါ်တွင် ဆွေးနွေးမှုများဖြစ်ပေါ်စေခဲ့သည်။[၁၀၉] နော်ဝေးအစိုးရသည် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ငွေကြေးပံ့ပိုးသည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ဆွေးနွေးမှုများဖြစ်ပေါ်စေရန် အားပေးသည့် ယုံကြည်မှု တည်ဆောက်သည့် အစီအမံများကိုလည်း ပံ့ပိုးပေးခဲ့သည်။ ၂၀၁၄ ခုနှစ်မှစပြီး ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ငြိမ်းချမ်းရေးတွင်ကူညီရန် ဒေါ်လာသန်း ၁၄၀ နီးပါးကို နိပ္ပွန်ဖောင်ဒေးရှင်းမှတဆင့် ပေးခဲ့သည်။[၁၁၀] ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်အစပိုင်းတွင် EAO အဖွဲ့ဝင်များနှင့် ပဋိပက္ခဒဏ်ခံ ရပ်ရွာများအတွက် ဆန် ပုံမှန်ပံ့ပိုးခဲ့သည်။ နောက်ပိုင်းတွင် ကျေးရွာ လမ်းဖောက်လုပ်ခြင်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ခြင်း၊ ဆေးခန်းဆောက်ခြင်း နှင့် EAO သို့မဟုတ် အာဏာစီးဆင်းမှု ရောယှက်နေသည့် ဒေသများတွင် EAO အချိတ်အဆက်ရှိ ကုမ္ပဏီ များသို့ ဆောက်လုပ်ရေး လုပ်ငန်းများ မပေးမီ အစိုးရ နှင့် EAO ကြား သဘောတူညီချက်များ ထိန်းသိမ်းပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။[၁၁၁] ထင်ရှားသည့် ဥပမာတစ်ခုမှာ ကရင်ပြည်နယ်၊ မြဝတီအနီး လေးကေကော် မြို့သစ်တွင် နေအိမ်နှင့် အဆောက်အဦများ တည်ဆောက်ပေးခြင်း ဖြစ်သည်။

ဖော်ပြခဲ့ပါပုံစံဖြင့်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များသည် လက်ဆုပ်လက်ကိုင် ပြနိုင်သည့် ရလဒ်များကို လျင်လျင်မြန်မြန် ပေါ်ထွက်စေပြီး ပဋိပက္ခဖြစ်နေသည့် အစုအဖွဲ့များကြား အချိတ်အဆက်များ ပေါ်ပေါက်စေသည်။ အပြန်အလှန် နားလည်မှုများ ဖြစ်ထွန်းစေပြီး အချို့သော တပ်မှူးများကို အပစ်အခတ်ရပ်စဲရေးအတွက် တိုက်ရိုက်တိုက်တွန်းမှုများ ဖြစ်ပေါ်စေခဲ့သည်။ EAO ခေါင်းဆောင်များ၏ ထောက်ခံမှုရရှိအောင် လုပ်ဆောင်သည့် အစိုးရ၏ အစောပိုင်းဆောင်ရွက် ချက်များနှင့်ကွဲပြားသည်။ သို့သော်လည်း အလုံးစုံထောက်ခံမှုကို ရရှိသည်တော့မဟုတ်ပါ။ ၂၀၁၂ ခုနှစ်တွင် ကရင် အရပ်ဘက် လူ့အဖွဲ့အစည်းများက  Myanmar Peace Support Initiative သည် KNU နှစ်ခြမ်းကွဲစေရန်၊ နိုင်ငံရေး မဟာဗျူဟာများပေါ်တွင် အာရုံစိုက်ရမည့်အစား အစုအဖွဲ့ အချို့နှင့် အသုံးချ ပူးပေါင်းပြီး ဖွံ့ဖြိုးရေးအကျိုးအမြတ်များကို ရယူနေသည်ဟု စွပ်စွဲခဲ့သည်။[၁၁၂]

အရပ်ဘက်လူ့အဖွဲ့အစည်းမှ ယင်းကဲ့သို့တုန့်ပြန်မှုများသည် KNU အတွင်းဖြစ်ပေါ်နေသည့် အုပ်စုဖွဲ့မှုများနှင့် ယခင်အစိုးရဦးဆောင်သည့် မက်လုံးပေးမဟာဗျူဟာများပေါ်တွင် သံသယရှိခြင်းကြောင့် ပေါ်ထွက် လာခြင်းဖြစ်သည်။[၁၁၃] အချို့သော ခေါင်းဆောင်များနှင့် ယုံကြည်မှု တည်ဆောက်နိုင်ပြီး၊ အခြားသူများကိုခွဲခြားထားသည်ဆိုပါက ယင်း အစီအစဉ်သည် ပြောင်းပြန်အကျိုးသက်ရောက်မှုများ ပေါ်ထွက် လာနိုင်ချေရှိသည်။ ဖော်ပြခဲ့ပါ စိုးရိမ်မှုများသည် အဓိကမေးခွန်းများကို ပေါ်ပေါက်စေခဲ့သည်။ ယုံကြည်မှုတည်ဆောက်သည့် အစီအစဉ်များကို မည်သို့ ရေးဆွဲမည်၊ အစီအစဉ်ချမည်၊ အဖွဲ့အစည်းတစ်ခုအတွင်းမှ အဖွဲ့ ငယ်အမျိုးမျိုး အပါအဝင် မတူညီသည့် အစုအဖွဲ့အမျိုးမျိုးနှင့် မည်သို့ ချိတ်ဆက်ညှိနှိုင်းမည်  အစရှိသည့်မေးခွန်းများပေါ်ထွက်စေခဲ့သည်။

အလှူရှင်များ၏ ငွေကြေးပံ့ပိုးမှုဆုံးဖြတ်ချက်များသည် EAO ခေါင်းဆောင်များ၏ ယုံကြည်မှု သာမက အရပ်ဘက် လူ့အဖွဲ့အစည်း လှုပ်ရှားသူများ နှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်နေသူများ၏ ယုံကြည်မှုများကိုလည်း သက်ရောက်မှုရှိစေသည်။ နိုင်ငံခြား အထောက်အပံ့များ အပြောင်းအလဲကြောင့် ပေါ်ပေါက်လာသည့် တင်းမာမှုများကို ပြည်သူအများအပြား ပြင်ပ အထောက်အပံ့ပေါ်တွင် မှီခိုနေရသည့် နေရာဖြစ်သော ထိုင်း-မြန်မာ နယ်စပ်တွင် အထင်အရှား တွေ့ရသည်။ ဇယားကွက် ၆.၂။

## ၆.၃။ ပဋိပက္ခအကြောင်းရင်းခံများဖြေရှင်းခြင်း

### အဓိကအကြောင်းရင်းများ ဖော်ထုတ်ဖြေရှင်းရန် အရေးကြီးသည်။ ဖွံ့ဖြိုးမှုနောက်ကျခြင်းသည် အဓိက အကြောင်းရင်းမဟုတ်ပါ။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် ကမ္ဘာတဝှမ်းတွင် ကျင့်သုံး နေသည့် တူညီသည့် ချဉ်းကပ်ပုံတစ်ခုမှာ ပဋိပက္ခအကြောင်းရင်းခံကို ဖော်ထုတ်ပြီး၊ ပြောင်းလဲပစ်ရန် နည်းလမ်းရှာ ခြင်းဖြစ်သည်။ ပဋိပက္ခ များကို မျိုးဆက်ပေါင်းများစွာဖြစ်ပွားစေခဲ့သည့် အခြေအနေများကို အဆုံးမသတ်နိုင်ပါက မြန်မာနိုင်ငံ အတိတ်ကာလတွင်ဖြစ်ခဲ့ဖူးသည့် အတိုင်း အပစ်အခတ် ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီ ချက်များ ပျက်ဆီးမည့် အန္တရာယ်များရှိသည်။[၁၁၄] အကြမ်းဖက်မှုကို ဖြစ်စေသည့် ပြဿနာများအားလုံးကို ငြိမ်းချမ်းရေးမရမီ ဖြေရှင်းရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ သို့သော်လည်း အဓိကကျသည့်ပြုပြင် ပြောင်းလဲမှုများ အတွက်အခြေခံအဆင့်ပြင်ဆင်ထားရန် လိုအပ် ကြောင်းကို ဆိုလိုရင်းဖြစ်ပါသည်။

မည်သို့သော အပြောင်းအလဲများသည် ငြိမ်းချမ်းရေးအား အထောက်အပံ့ဖြစ်သည်ကို သတ်မှတ်ရာတွင် အငြင်းပွားဖွယ်များ ရှိနေနိုင်သည်။ အခန်း ၃ တွင် ဖွံ့ဖြိုးမှုမရှိခြင်းကို ပဋိပက္ခအကြောင်းရင်းခံ အဖြစ် ယူဆခဲ့ကြသည့်  မြန်မာအစိုးရအဆက်ဆက်၏ အမြင်ကိုဖော် ပြထားသည်။ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်ခြင်းဖြင့် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး တိုးတက်လာစေရန် အားထုတ်ခဲ့ပုံများကို ဖော်ပြထားသည်။ မကြာသေးမီနှစ်များအတွင်း  နိုင်ငံခြား အထောက်အပံ့အစီအစဉ်များနှင့် အတူ ဂျပန်မှ ငွေကြေးပံ့ပိုးသည့် လုပ်ငန်းဆောင်ရွက်ချက်များဖြင့် လမ်းဖောက်ခြင်း၊ အခြေခံ အဆောက်အဦတည်ဆောက်ခြင်းကို အစိုးရနှင့်လက်တွဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် ရည်ရွယ်လျက် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံခြားအထောက်အပံ့ပေးသည့် အဖွဲ့အစည်း များသည် ကျောင်းဆောက်ခြင်း၊ ကျန်းမာရေးဌာန တည် ဆောက်ခြင်း၊ အတိုက်အခံ နယ်မြေများ နှင့် တနိုင်ငံလုံးနေရာအနှံ့ လျှပ်စစ်မီး သွယ်တန်းရေးကိစ္စများကို အစိုးရနှင့် လက်တွဲပြီး အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

“ အတိတ်ကာလ အပစ်အခတ်ရပ်စဲရေး ဖြတ်သန်းမှုများအရ မက်လုံးပေးသဘောရှိသည့် ဆောင်ရွက်ခဲ့သည့် ပြည်သူ့လုပ်ငန်းအစီအစဉ်များ၊ သဘာဝ သယံဇာတ ထုတ်ယူခြင်းနှင့် စိုက်ပျိုးရေးကဲ့သို့သော ပုဂ္ဂလိက ရင်းနှီးမြုပ်နှံမှုများသည် ရှိရင်းစွဲ မကျေနပ်မှုများကို နက်ရှိုင်းစေပြီး၊ အကြမ်းဖက်မှုကို မြင့်တက်စေနိုင်ပုံကို နမူနာပြခဲ့သည်။ ”

ယခုစာတမ်းတွင် ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများသည် နိုင်ငံရေး နှင့် ခွဲမရအောင်ချိတ်ဆက်နေပုံ၊ ဖွံ့ဖြိုးရေးတစ်ခုတည်းကို ဦးတည်ခြင်းဖြင့် ငြိမ်းချမ်းရေး မရနိုင်ပုံကိုဖော်ပြထားသည်။ မည်သည့်နေရာတွင် မည်သည့်လုပ်ငန်းများ ဆောင်ရွက်မည်ကို ဆုံးဖြတ်မည့်သူ၊ လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်မည့်ပုံနှင့် ပတ်သက်သည့် အငြင်းအခုန်သည်  မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် အထူးသဖြင့် ဖြစ်ပေါ်လေ့ရှိသည့်ကိစ္စဖြစ်သည်။ အတိတ်ကာလ အပစ်အခတ်ရပ်စဲရေး ဖြတ်သန်းမှုများအရ မက်လုံးပေးသဘောရှိသည့် ဆောင်ရွက်ခဲ့သည့် ပြည်သူ့လုပ်ငန်းအစီအစဉ်များ၊ သဘာဝ သယံဇာတ ထုတ်ယူခြင်းနှင့် စိုက်ပျိုးရေးကဲ့သို့သော ပုဂ္ဂလိက ရင်းနှီးမြုပ်နှံမှုများသည် ရှိရင်းစွဲ မကျေနပ်မှုများကို နက်ရှိုင်းစေပြီး၊ အကြမ်းဖက်မှုကို မြင့်တက်စေနိုင်ပုံကို နမူနာပြခဲ့သည်။

အလှူရှင်ပံ့ပိုးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများနှင့် အစိုးရ မူဝါဒများသည် ငြိမ်းချမ်းရေး တည်ဆောက်ရန် အကူအညီ ဖြစ်စေလိုသည် ဆိုပါက အခြေခံအဆောက်အဦမရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများ မရှိခြင်းသည် အကြမ်းဖက်မှုများ၏ အရင်းခံဖြစ်သည်ဟု ယူဆခြင်းအစား  ဖွံ့ဖြိုးရေးနှင့် ပဋိပက္ခကြားမှ ရှုပ်ထွေးလှသည့် ဆက်နွယ်နေမှုကို မဖြစ်မနေ နားလည်ထားရန်လိုသည်။ ပဋိပက္ခအရင်းခံအကြောင်းခံများကို ပြတ်ပြတ်သားသား နားလည်လျက် စီစဉ်သည့် နိုင်ငံခြား အထောက်အပံ့ငွေကြေးဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဥပမာများလည်းရှိသည်။ အကြောင်းရင်းခံများ ဖော်ထုတ်ရန်အတွက် အလှူရှင် အများစုသည် ကိုယ်ပိုင်အစီအစဉ်ဖြင့် ပဋိပက္ခ ဆန်းစစ်မှုများကို ဆောင်ရွက်ကြလေ့ရှိသည်။ နိုင်ငံအဆင့် ဆွေးနွေးပွဲများမှ ဆွေးနွေးချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အဓိက စာသားများအပေါ်အခြေခံပြီး အချို့သော အစီအစဉ်များသည်  ဇဟိုချုပ်ကိုင်မှုလျှော့ချရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု သို့မဟုတ် လုံခြုံရေးကဏ္ဍပြဿနာများကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာ အုပ်ချုပ်စီမံမှု ပြဿနာများကို ဖြေရှင်းခဲ့သည်။

## တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်ခြင်းဖြင့် အဖြေရှာရန်ခက်သည်ဟု ယူဆရသည့် ပြဿနာများကို လျော့ပါးသွားစေရန် ဆောင်ရွက်နိုင်သည်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ဆယ်စုနှစ်ပေါင်းများစွာအချိန်ယူနိုင်ပြီး ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ရန် လိုအပ်သည်ကို အလှူရှင်လုပ်ငန်းများ လက်တွေ့ ဆောင်ရွက်ပေးသူအများစုနှင့် နိုင်ငံတကာမှ ငြိမ်းချမ်းရေး  တည်ဆောက်ခြင်း ကျွမ်းကျင်သူများက အသိအမှတ်ပြု လက်ခံလာကြပြီဖြစ်သည်။ ဖြေရှင်းရန်ခက်သည့် ပြဿနာများကို အလျင်အမြန်ဖြေရှင်းနိုင်သည်မှာ ရှားပါးဖြစ်စဉ်ဖြစ်သည်။ ပဋိပက္ခကို အချိန်ကြာစေသည့် အာဏာအခင်းအကျင်းအကြောင်းအရင်းများသည် နိုင်ငံတကာ အထောက်အပံ့ပေးသည့် စီမံကိန်းများ ပါဝင်ကူညီမရနိုင်သည့် ကိစ္စဖြစ်သည်ကို လက်တွေ့ဆောင်ရွက်သူများက လက်ခံထားလေ့ရှိသည်။ ဥပမာအားဖြင့်  ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်း တစ်ခု သည် မကျေနပ်မှုတစ်ခုနှင့် နီးနီးစပ်စပ် သက်ဆိုင်နေနိုင်သော်လည်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုဖြစ်ပေါ်စေမည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံရေးအပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာစေရန် လုံလောက်သည့် ကြီးကျယ်မှု၊ ထိရောက်မှု ရှိနိုင်ရန် ဖြစ်နိုင်ချေ နည်းသည်။

ရှုပ်ထွေး အကဲဆတ်သည့် ပြဿနာများကိုကိုင်တွယ်သည့် အခါတွင် အချို့သော အလှူရှင်များသည် အသေးစားရှေ့ပြေးစီမံကိန်းများ (small-scale pilot projects)၊ သို့မဟုတ် နယ်မြေအခြေပြု ဆောင်ရွက်ခြင်း (area-based interventions) များဖြင့် ဆောင်ရွက်ကြသည်။ တပွဲထိုး လုပ်ငန်းအဖြစ် အဆက်အစပ်မရှိဆောင်ရွက်ခြင်း မဟုတ်ပဲ ရေရှည်ချဉ်းကပ်ပုံ၏ လုပ်ငန်းတစ်ခုအနေဖြင့် စနစ်တကျ ရေးဆွဲ စီမံပါက ရှေ့ပြေးစီမံကိန်းများသည် အကျိုးထိရောက်မှု ကျယ်ပြန့်သည့် လုပ်ငန်းများ အစပြုနိုင်ရန်အထောက်အကူဖြစ်စေနိုင်သည်။ နိုင်ငံအဆင့်

ချဉ်းကပ်ပုံများ နှင့်  ချိတ်ဆက်ညှိနှိုင်းနိုင်ရန် ရှေ့ပြေးလုပ်ငန်း ဆောင်ရွက်ချက်များအသုံးချခြင်းဖြင့် အထောက် အပံ့ပေးသည့် အဖွဲ့အစည်းများသည် အစိုးရနှင့် နီးနီးကပ်ကပ် အလုပ်လုပ်နိုင်မည်ဖြစ်ပြီး သိသာထင်ရှားသည့် အကျိုး သက်ရောက်မှုများ ပေါ်ပေါက်နိုင်ချေကို မြှင့်တင်ပေးသည်။ ဥပမာအားဖြင့် UNICEF တိုင်းရင်းသားလူနည်းစု ကလေးငယ်များ၏ အခွင့်အရေးများကို ဖြေရှင်းရန် အတွက် ဒေသတွင်းပါဝင်ဆောင်ရွက်ချက်နှင့်အတူ နိုင်ငံအဆင့် မူဝါဒ ချမှတ်ရာတွင် တိုးတက်လာစေရန် ဆောင်ရွက်ချက်များ ပေါင်းစပ်လျက် ဆောင်ရွက်ခဲ့သည်။[၃၁၅]

ရှေ့ပြေးစီမံကိန်းမှ လုပ်ငန်းကြီးအဖြစ် ချဲ့ထွင်ခြင်းတွင် အခက်အခဲများ ရှိသည်။ မူဝါဒပိုင်း သက်ရောက်မှုများရှိရန်၊ ပျံ့နှံ့မှုအားကောင်းသည့် ပံ့ပိုးမှုစနစ်ကို အသုံးချလိုသည်ဖြစ်သောကြောင့် အလှူရှင်လုပ်ငန်းဆောင်ရွက်ချက်များသည် အစိုးရဌာနများနှင့် မိတ်ဖက်ဆောင်ရွက်မှု တိုးသထက်တိုးလာသည်။ ယင်းအပြောင်းအလဲသည် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအတွက် ဆိုးကျိုးရှိသကဲ့သို့ အခွင့်အလမ်းများကို ပေါ်ပေါက်စေသည်။ အခြားနေရာ များမှာကဲ့သို့ပင် မြန်မာနိုင်ငံမှ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ခက်ခဲသည့် ပြဿနာများကို အချိန်ယူဖြေရှင်းရန်ထက် ပံ့ပိုးသည့်ငွေကြေးများကို မြန်မြန်ထက် ထက်အသုံးပြုရန် စိတ်ဝင်စားကြသည်။[၃၁၆] အလှူရှင်များသည် ရှိရင်းစွဲမူဝါဒရပ်တည်ချက်များကို လက်ခံသည်ထက် ဘုံရပ်တည်ချက်ဖော်ထုတ်နိုင်ရန်၊ သို့မဟုတ်

ဇယားကွက် ၆.၂။

## ထိုင်း-မြန်မာနယ်စပ်မှ အပြောင်းအလဲများနှင့် ယုံကြည်မှုအခြေအနေ

မြန်မာအစိုးရနှင့် အနောက်တိုင်းအစိုးရများ၏ ဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ  ထိုင်းမြန်မာနယ်စပ်တွင်အခြေပြုခဲ့သည့် သက်တမ်းရှည် အတိုက်အခံလှုပ်ရှားမှုတွင် အစိတ် အပိုင်းတစ်ခုအနေဖြင့် ပါဝင်ခဲ့သည့် အဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲမှုများ အလျင်အမြန်ပြုလုပ်ပြီး လုပ်ငန်းများကို နိုင်ငံတွင်းသို့ရွှေ့ပြောင်းခဲ့ရသည်။  သို့မဟုတ် ငွေကြေးပံ့ပိုးမှုများဖြတ်တောက်ခံခဲ့ရသည်။

၁၉ ၉ ၀ မှ ၂၀၀၀ နှစ်များအထိ ထိုင်းဘက်ခြမ်း နယ်စပ်တွင် အခြေစိုက်သည့် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ၊ ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး နှင့် နိုင်ငံရေး အဖွဲ့အစည်း အဖြစ်ပွင့်ပွင့်လင်းလင်းခံယူထားသည့် ရာနှင့်ချီသည့် အဖွဲ့များကို အနောက်တိုင်း အထောက်အပံ့များက အကူအညီပေးခဲ့သည်။ ယင်းလှုပ်ရှားမှုသည် အမေရိကန်နှင့် မဟာမိတ်များ မြန်မာနိုင်ငံနှင့် အဓိကဆက်ဆံမှုများပေါ်ထွန်းခဲ့သည့် နေရာဖြစ်ပြီး အစိုးရ ပြောင်းလဲရန်၊ NLD ဦးဆောင်သည့် ဖက်ဒရယ်အစိုးရဖွဲ့စည်းရန် နှင့် စစ်ခေါင်းဆောင် များကို နိုင်ငံတကာဥပဒေအရ အရေးယူရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များက အနောက်၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည့်အတွက် မကျေနပ်ချက်များ ပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း နယ်စပ်အခြေစိုက် အဖွဲ့အစည်းများက လက်မခံပဲဆက်လက်ရပ်တည်ခဲ့သည်။ အစိုးရ သည် EAO များနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် အလှူရှင်များသည် မြန်မာနိုင်ငံတွင်းဝင်ရောက်ရန် အစီအစဉ်များကို တဖြည်းဖြည်းပြုပြင်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုကို လျှော့ချခဲ့သည်။ တိုင်းရင်းသား ဝန်ဆောင်မှု ပံ့ပိုးသူများ (Ethnic service providers) နှင့် မူဝါဒရေးရာ တိုက်တွန်းမှုများ ပြုလုပ်သည့်အဖွဲ့အစည်းများသည် နိုင်ငံတွင်း မှတ်ပုံတင်ရန်နှင့် အစိုးရ သတ်မှတ်ထားသည့် လမ်းကြောင်းမှတစ်ဆင့် အထောက်အပံ့များပေးရန်ဖိအားပေးခံရသည်ဖြစ်သော ကြောင့် ၎င်းတို့တကိုယ်ရေလုံခြုံရေး၊ လုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရေးပေါ် တွင် ပူပန်မှုများဖြစ်စေခဲ့သည်။ ဒုက္ခသည်များနေရပ်ပြန်ရေးဆွေးနွေးချက်များသည်  တည်ငြိမ်မှု မရှိသည့် နေရာများသို့ အတင်းအဓမ္မပြန်ပို့ခံရပြီး မတရားဖိနှိပ်မှု သို့မဟုတ် လုပ်အား ခေါင်းပုံဖြတ်မှုများကြုံတွေ့ရမည်ကိုစိုးရိမ်သည့် အကြောက်တရားများဖြစ်ပေါ် စေခဲ့သည်။ EAO နှင့် ဒီမိုကရေစီလိုလားသည့် အဖွဲ့များအတွင်းတွင်လည်း အကွဲအပြဲ အုပ်စုဖွဲ့မှုများ ရှိလာသည်။

အချို့သော ခေါင်းဆောင်များသည် အစိုးရအပြောင်းအလဲ ပေါ်ပေါက်ရန် ဆက်လက်ရပ်တည်နေပြီး၊  စီးပွားရေး သို့မဟုတ် မဟာဗျူဟာမြောက် ပထဝီ အနေအအ အထားကို အကြောင်းပြုပြီး အလှူရှင်များသည် တပ်မတော်နှင့်ပူးပေါင်းပြီး လှည့်ဖျားမှုများ တွင် တစိတ်တပိုင်းပါဝင်နေသည်ဟု ခံယူခဲ့ကြသည်။ NLD သည် ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲဝင်ရောက်ခဲ့ခြင်း၊ ပြည်ပရောက် အတိုက်အခံများကို ပြန်လာရန် ဖိတ်ခေါ်ခြင်း၊ ပါဝင်ပတ်သက်သူပေါင်းစုံပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများစတင်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေးကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေါ် အကျိုးသက်ရောက်မှုများ ထင်ထင်ရှားရှား ရှိလာခြင်းတို့ကြောင့် ၂၀၁၂ နှင့် ၂၀၁၃ တွင် ယုံကြည်မှုများ တိုးတက်လာသည်။

တချိန်တည်းမှာပင် အလှူရှင်များသည် ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းရန် အသင့်မဖြစ်သေးသည့် အဖွဲ့များပေါ် ဖိအားပေးမှုများကိုလျှော့ချခဲ့ပြီး ရေရှည် အသွင်ကူးပြောင်းမှုကို ပံ့ပိုးမှုများ စတင်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်လုပ်ကိုင်ရန် အလှူရှင်များ၏ တွန်းအားပေးမှုများက ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး ဆောင်ရွက်သည့်အဖွဲ့အစည်းအများအပြားကို ပွင့်လင်းစွာဆောင်ရွက်နိုင်ရန် နှင့် အပြုသဘောဆောင်သည့် နိုင်ငံရေး အပြောင်းအလဲတွင် ပါဝင်နိုင်ရန် အထောက်အကူဖြစ်စေခဲ့သည်။ သို့သော်လည်း ရံဖန်ရံခါတွင် အလှူရှင်များ၏ ဆုံးဖြတ်ချက်ချမှုသည် ယုံကြည်မှု တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် နှားရှေ့ ထွန်ကျူး ရောက်နေပြီး ငြိမ်းချမ်းရေးညှိနှိုင်းမှုများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုပေါ် အယုံအကြည်လျော့ကျစေသည်။

ရှာဖွေရန်အတွက် အချိန်ပေး လုံ့လ စိုက်ထုတ်ရန်လိုအပ်သည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဦးစားပေးမှု သတ်မှတ်ရာတွင် မျှတသည့် အမြင်သဘောထားများကို ထိန်းသိမ်းနိုင်ရန်အတွက် အလှူရှင်များ သည်အခြားသောအစုအဖွဲ့များနှင့် အချိတ်အဆက်ကိုလည်း ဆက်လက် ထိန်းသိမ်းထား ရန်လိုသည်။ အထူးသဖြင့် EAO များ၊ တိုင်းရင်းသား အရပ်ဘက် လူ့အဖွဲ့အစည်းများ နှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားရန် လိုသည်။

ပြန်လည်ရင်ကြားစေ့ရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အရေးအရာများ သည် အစိုးရနှင့် EAO များ ဘုံရပ်တည်ချက်ရရန် ခက်ခဲသည့် ကိစ္စဖြစ်သည်။ သို့သော် လည်း အစပြုနိုင်သည့် နေရာ ရှာဖွေရန် တဖြည်းဖြည်းတိုးတက်ဆောင်ရွက် သွားနိုင်ရန် အခြေအနေရှိပြီး အနာဂတ်လုပ်ငန်းအတွက် အခြေခံများ ချမှတ်နိုင်ဖွယ် ရှိသည်။ ဇယားကွက် ၆.၃။

## ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကဏ္ဍ - အတိတ်ကာလ အတွေ့အကြုံများ နှင့် အနာဂတ် မျှော်မှန်းချက်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး အထောက်အပံ့ပေးရန် နည်းလမ်းရှာ နေသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများနှင့် အခြားအစုအဖွဲ့ များသည် လုံခြုံရေးကဏ္ဍတွင် ချိတ်ဆက် ညှိနှိုင်းနိုင်မှု၏ အရေးပါပုံကို နားလည်ကြသော်လည်း ဆက်သွယ်ပေါက်ရောက်နိုင်မှု အနည်းငယ်သာ ရှိသည်။

သဘောတရားအရ ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိထားသည့် အခြေအနေမျိုးတွင် နိုင်ငံတကာမှ ကျွမ်းကျင်မှုများနှင့် ငွေကြေးပံ့ပိုးမှုကို ပဋိပက္ခလွန်အခြေအနေနှင့် ကိုက်ညီ သည့် လုပ်ပိုင်ခွင့်များဆီလျော်စွာ ပေးထားသည့် တပ်ဖွဲ့များ ဖွဲ့စည်းရာတွင် အထောက် အကူဖြစ်စေရန် လက်နက်ဖျက်သိမ်းရေး၊ တပ်ဖွဲ့ဖျက်သိမ်းခြင်း နှင့် ပြန်လည် ပေါင်းစည်းခြင်း (disarmament, demobilization, and reintegration) (DDR ဟု လူသိများ) သို့မဟုတ်လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု (security sector reform (SSR) လုပ်ငန်းစဉ် အတွက်အသုံးပြုရန်ဖြစ်သည်။ ပြင်ပအထောက်အပံ့များပေါ်တွင် များစွာမှီခိုမှုမရှိသည့် ဆက်ဆံရန်ခက်ခဲသည့် စစ်တပ်အင်စတီကျူးရှင်းပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တွေ့ရလေ့ရှိသည့်အတိုင်း တပ်မတော်သည်လည်း ယင်းကိစ္စများအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ဆောင်ရွက်ရန် ဆန္ဒအနည်းငယ်သာရှိသည်။[၃၁၇]

တပ်မတော်သည် နိုင်ငံတကာမှ စစ်တပ်များ၊ စစ်ပစ္စည်းကုမ္ပဏီများနှင့် ဆက်ဆံရေး တိုးတက်ရန်အားထုတ်နေပြီး လူ့အခွင့်အရေး၊ အစွန်းရောက် အကြမ်းဖက်တန်ပြန်တိုက်ခိုက် ရေး ခေါင်းစဉ်များနှင့်ဆိုင်သည့် အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်မှုရှိသော်လည်း ၎င်း၏ လွတ်လပ်စွာ ရပ်တည်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး ပြည်တွင်းလုံခြုံရေးကိစ္စများကို အနောက်နိုင်ငံများ ပါဝင်ခြင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ရပ်တည် နေသည်။ ၂၀၀၈ အခြေခံဥပဒေအရ ရွေးကောက်ခံ နိုင်ငံရေးသမားသည် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ နှင့် ပတ်သက်ပြီး တရားဝင်လုပ်ပိုင်ခွင့် အာဏာမရှိပါ။[၃၂၁]

သက်ဆိုင်သည့်ဆွေးနွေးမှုများဖြစ်ပေါ်လာရန် အရေးကြီးသည့် ငြိမ်းချမ်းရေး လုပ်ငန်းဆောင်ရွက်မှုအချို့က အထောက်အကူပေးခဲ့သည်။ အခက်အခဲအတားအဆီးများရှိနေခြင်းကြောင့် ဆွေးနွေးမှုများကို အကျိုးပြုသည့်၊ မတူညီသည့် အစုအဖွဲ့များ၏ အမြင်သဘောထားများ ထုတ်ဖော်ပြောနိုင်ရန် အထောက်အကူဖြစ်စေသည့် အသေးအဖွဲ ကိစ္စများကိုပင် အောင်မြင်မှုဟု သတ်မှတ်နိုင်သည်။ U.S. Institute for Peace ၊ Saferworld ၊ Inter Mediate နှင့် Centre for Humanitarian Dialogue တို့သည် အစိုးရ၊ EAO များ နှင့် အရပ်ဘက် အစုအဖွဲ့များပေါ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အကျုံးဝင်သည့် လုံခြုံရေးနှင့်ဆိုင်သည့် ခေါင်းစဉ်များနှင့် ပတ်သက်ပြီး နည်းပညာပိုင်းအထောက်အကူပေး နေသည့် အဖွဲ့အစည်းများဖြစ်သည်။ တကောင်းအင်စတီကျူ (Tagaung Institute) နှင့် မြန်မာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသိပ္ပံ (Myanmar Institute of Peace and Security Studies) ကဲ့သို့သော ပြည်တွင်းမူဝါဒ အဖွဲ့အစည်းများသည်လည်း အရပ်ဘက် စစ်ဘက်ဆက်ဆံရေးကို သုတေသနပြုလုပ်ခြင်း၊ လုံခြုံရေးကဏ္ဍနှင့်ဆိုင်သည့် စာရွက်စာတမ်းများ မြန်မာဘာသာဖြင့်ပြုစုခြင်း၊ အရပ်ဘက် ပညာရှင်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များကို ယင်းခေါင်းစဉ်များနှင့်ပတ်သက်ပြီး ပညာပေးရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်ချက်တစ်ခုစီတိုင်းသည် အတားအဆီး ကြီးကြီးမားမား ရင်ဆိုင်ခဲ့ရသော်လည်း ငြိမ်းချမ်းရေးညှိနှိုင်းမှုများပေါ်တွင် တစ်ခုချင်းစီ၏ သက်ရောက်မှုများရှိသည်။ အစပိုင်းတွင် တပ်မတော်သည် လက်နက်ဖျက်သိမ်းရေး၊ တပ်ဖွဲ့ဖျက်သိမ်းခြင်း နှင့် ပြန်လည်ပေါင်းစည်းခြင်းမှတဆင့် EAO များလုပ်ငန်းလည်ပတ်မှုကို ပြုပြင်ပြောင်းလဲရန်သာ အဓိကထား ခဲ့သည်။ EAO များကလည်း တပ်မတော်၏ လုပ်ငန်း ဆောင်ရွက်မှု ပုံစံများ ကို လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုမှတဆင့် ပြောင်းလဲလိုသည်။ လုပ်ငန်းအစီအစဉ်များ သည် တပ်မတော်နှင့် EAO ကိုယ်စားလှယ်များကို အလျော့ပေးမှုများ တဖြည်းဖြည်း ပြုလုပ်နိုင်ရန် အထောက်အကူ ဖြစ်စေခဲ့ပြီး ယင်းလုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသည့် ပူပန်မှုများကို နိုင်ငံရေးဆွေးနွေးမှု ဆောင်ရွက်စဉ်တွင် ဖြေရှင်းနိုင်မည် ဖြစ်သည်။ နိုင်ငံတကာမှ ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် လုပ်ငန်း ဆောင်ရွက်ချက်များကလည်း အနာဂတ် ငြိမ်းချမ်းရေးသဘောတူညီချက်နောက်ပိုင်း အခင်းအကျင်းတွင် အထောက်အပံ့ပေးသည့် အသိုင်းအဝိုင်းအနေဖြင့် ပံ့ပိုးပေးနိုင်သည့် ထောက်ပံ့မှုများနှင့်ပတ်သက်ပြီး ညှိနှိုင်းသူများ ကြားတွင် အသိအမြင်တိုးမြင့်ပေးခဲ့သည်။

## ၆.၄။ ပဋိပက္ခကိုဆိုးဝါးစေသည့် ဒေသတွင်းမှ အကြောင်းအရာများကို ဖြေရှင်းခြင်း။

### ငြိမ်းချမ်းရေး အကျိုးရလဒ်အနေနှင့်ဆောင်ရွက်သည့် စီမံကိန်းများသည် ရပ်ရွာများအတွက် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသော်လည်း ငြိမ်းချမ်းရေး တိုးတက်မှုအတွက် အနည်းငယ်သာ အထောက်အကူပြုသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုမဟာဗျူဟာများတွင် အပစ်အခတ် ရပ်စဲရေး ကြောင့် တိုက်ရိုက် အကျိုးဖြစ်ထွန်းမှုများကို ထင်ပေါ်စေခြင်းဖြင့် နိုင်ငံရေး ညှိနှိုင်းမှုများပေါ်တွင် လူထု ယုံကြည်မှု မြင့်တင်နိုင်ရန် ဆောင်ရွက်သည့်

စီမံကိန်းများပါလေ့ရှိသည်။ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်အတွက် ပြည်သူများ၏ ထောက်ခံမှုကို ရယူရန် အလျင်အမြန်ဆောင်ရွက်သည့် ကြားဝင်ဆောင်ရွက်ချက်များဖြစ်ပြီး ရလဒ်အနေဖြင့် ပဋိပက္ခသို့ ပြန်လည်မသွားရန် ဒေသအဆင့်မှ ပဋိပက္ခအစုအဖွဲ့များပေါ်တွင် လွှမ်းမိုးနိုင်မှုရှိသည်။ ယင်းကဲ့သို့သော အစီ အစဉ်များကို မြန်မာနိုင်ငံရှိ နယ်မြေစိုးမိုးရေးပဋိပက္ခရှိသည့်နေရာများတွင် အကောင်အထည်ဖော်ခဲ့ကြသည်။

ငြိမ်းချမ်းရေးအကျိုးရလဒ် (peace dividends) နှင့် သာမန်ရပ်ရွာဖွံ့ဖြိုးမှု အထောက်အပံ့ ကြား ခြားနားမှုမှာ မထင်ရှားလှပါ။ ဖွံ့ဖြိုးရေး စီမံကိန်းများ လုပ်ဆောင်ခြင်း သို့မဟုတ် အခြား ပုံစံဖြင့်အထောက်အပံ့ပေးခြင်းသည် ကျယ်ပြန့်သည့် ရေရှည်သဘောဆောင်သော အပြောင်းအလဲများ အမှန်တကယ်ဖော်ဆောင် နေသည်ဟု ရှုမြင်မှုမခံရပါက ခေါင်းဆောင်များကို  ညှိနှိုင်းထားသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရန် တိုက်တွန်းနိုင် မည်မဟုတ်ပါ။   ရပ်ရွာများ၏ ဦးစားပေးမှုများကို

## ဇယားကွက် ၆.၃
## ပြန်လည်ရင်ကြားစေ့ရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသည် နိုင်ငံအတော်များများ၏ ငြိမ်းချမ်းရေးနှင့် ပြန်ည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များတွင် အခိုင်အမာ ပါဝင်နေသည့် အကြောင်းအရာ တစ်ခုဖြစ်သည်။ ၎င်းတွင် အတိတ်ကာလ မတရားမှုများ၊ ၎င်းနှင့်ဆက်စပ်နေသည့် မကျေလည်မှုများ ဖြေရှင်းရန် ချဉ်းကပ်ပုံ အမျိုးမျိုးပါဝင်သည်။ အမှန်တကယ်ဖြစ်ပေါ်ခဲ့ သည့်၊ စွပ်စွဲခံခဲ့ရသည့် အတိတ်ကာလ ရာဇဝတ်မှုများနှင့် စော်ကားနိပ်စက်မှုများသည် ဘက်ပေါင်းစုံတွင် မယုံကြည်မှုများကို ဖြစ်ပေါ်စေသည်။ ပဋိပက္ခတွင်ပါဝင်သည့် အစုအဖွဲ့များသည် ရန်သူကိုတိုက်ခိုက်ရန်၊ လူထုထောက်ခံမှု ရရှိရန်အတွက် အတိတ်ကာလ ကျူးလွန် မှုများ သို့မဟုတ် ရာဇဝတ်မှုများကို အသားပေးလေ့ရှိသည်။ ထိုကဲ့သို့သော ပြဿနာများကို ဖြေရှင်းခြင်း မရှိပါက အကြမ်းဖက်မှု နှင့် လက်တုန့်ပြန်ခြင်းအတွက် အမှန်တရားမှာ ဝေဝါးနေဦးမည်ဖြစ်သည်။

ကာလရှည်ကြာဖြစ်ပေါ်ခဲ့သည့် မကျေလည်မှုများကို ဖြေရှင်းရန် ပထမဆုံး အဆင့်အနေ ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ချက်များသည် အသွင်ကူးပြောင်း ရေးကာလ တရားမျှတမှု နှင့်အခြားသော ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းများနှင့် ဆိုင်သည့် ဆွေးနွေးမှုများဖြစ်လာရန် ပို၍အာရုံစိုက်သင့်သည်ဟု အချို့သော အလျှုရှင်များက မေးမြန်းမှုများတွင်ပြောခဲ့သည်။ အဖွဲ့အစည်းအများစုအတွက် ယခုခေါင်းစဉ်များသည် ဖြေရှင်းကိုင်တွယ်ရန် အကဲဆတ်လွန်းနေသည်။  အနောက်အုပ်စုများအနေဖြင့် တပ်မတော်ခေါင်းဆောင်များကို နိုင်ငံတကာရာဇဝတ်မှုဖြင့် တရားစွဲဆိုရန် အားထုတ်ခဲ့ သည့်နောက်ပိုင်းညှိနှိုင်းနေသည့်အစုအဖွဲ့များကြား ယင်းကိစ္စကိုစိတ်ဝင်စားမှု အနည်းငယ်သာ ရှိကြောင်းကို အလှူရှင်များက ထုတ်ဖော်ခဲ့သည်။ EAO နှင့် တပ်မတော်ပိုင်းမှ ဝါရင့် ခေါင်းဆောင်များသည် တရားရေးလုပ်ငန်းစဉ်များပစ်မှတ်ထားခံရမည်ကို စိုးရိမ်ကြသည်။ ထို့ပြင် ၂၀၀၈ အခြေခံဥပဒေတွင်  အစိုးရခေါင်းဆောင်များကို အတိတ်ကာလ ဆောင်ရွက်ချက်များအရ နောက်ကြောင်းပြန် အရေးမယူနိုင်အောင် အာမခံထားပေးသည့် အဓိပ္ပာယ် သက်ရောက်သည့် အပိုဒ်များပါဝင်သည်။[၂၁၈]

တရားမျှတမှုနှင့် လူ့အခွင့်အရေးကြားတင်းမာမှုကတဖက်၊ အခြားတဖက်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်များရအောင် ဆောင်ရွက်ရသည်က တဖက်ဖြစ်နေသည့် အခြေအနေ သည် နိုင်ငံအများအပြား၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်တွေ့ရသည့်အခြေအနေဖြစ်သည်။ တရားရုံးလုပ်ငန်းစဉ်များ သို့မဟုတ် လူသိရှင်ကြား စီရင်ခြင်းများသည် သင့်တော်မှု မရှိဆိုပါက အခြားရွေးချယ်စရာများလည်းရှိသည်။ ရပ်ရွာအသိုင်းအဝိုင်းများ၊ ပဋိပက္ခ အစု အဖွဲ့များ၊အခြားသော ဩဇာရှိပုဂ္ဂိုလ်များကို အတိတ်ဖြစ်ရပ်များနှင့်ပတ်သက်သည့် ရပ်တည်ချက်များ သတ်မှတ်နိုင်ရန်၊ အပြုသဘောဆောင်သည့် အဆင့်များဆောင်ရွက် နိုင်ရန် ကူညီရာတွင် အသုံးပြုသည့် ချဉ်းကပ်ပုံအမျိုးမျိုးရှိသည်။ တရားမျှတမှု နှင့် ပြစ်ဒဏ်  ချမှတ်ခြင်းထက် ပြန်လည်ရင်ကြားစေ့ရေးက ပို၍လိုအပ်နေကြောင်း အသားပေးထားသည့် နည်းလမ်းများဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံရေးခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အတိတ်ကို အတိတ်တွင်ချန်ထားပြီး ရှေ့ဆက်ကြရန် လိုအပ်ကြောင်း အသားပေးပြောဆိုခဲ့သည်။[၂၁၉] တရားရုံးတင်စစ်ဆေးမှုများ ပေါ်ပေါက်နိုင်ရန်မှာ ဖြစ်နိုင်ချေနည်းပြီးအခြေခံဥပဒေကို ဆန့်ကျင်ခြင်းမရှိပဲ ပြစ်ဒဏ်ချမှုကို အသားမပေးသည့် ပုံစံများဖြင့်  ပြန်လည် ရင်ကြားစေ့ရေးကို ဆောင်ရွက်နိုင်သည့်  အခြားနည်းလမ်းဖြင့် ရှေ့ဆက်နိုင်သည့် ဖြစ်နိုင်ချေရှိသည်။ မြန်မာ နိုင်ငံရှိ အရပ်ဘက်လူ့ အဖွဲ့အစည်းများသည် ဘက်လိုက်မှုမရှိသည့် ချဉ်းကပ်ပုံဖြစ်သော ပဋိပက္ခဒဏ်ခံရသည့် ပြည်သူများအတွက် နစ်နာသူဥပဒေ (victim's law) ပြဋ္ဌာန်းပေးရေးကို ဆွေးနွေးခဲ့ကြသည်။ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု သို့မဟုတ် ပဋိပက္ခ ကြောင့်နေရပ်စွန့် ခွာရသည့်နစ်နာသူပုဂ္ဂိုလ်များအတွက် နစ်နာကြေးပေးအပ်သည့် ကိုလံဘီယာမှ ဥပဒေများ နှင့် ဆင်ဆင်တူသည့် ချဉ်းကပ်ပုံမျိုးဖြစ်သည်။[၂၂၀]  ပဋိပက္ခကို ဖြစ်စေသည့် မကျေလည်မှု များနှင့် အစုအဖွဲ့များအားလုံးပေါ် ၎င်း၏ သက်ရောက်မှုကို နားလည်ခြင်းသည်  ပြန်လည် ရင်ကြားစေ့ရေးနှင့်တန်းတူအရေးပါသည်။ အလှူရှင်များသည် မတူကွဲပြားမှုများကို လက်ခံနိုင်မှုမြင့်တက်လာစေရန် ဆန်းသစ်သည့် အစီအမံများဖော်ထုတ်အားပေးနိုင်သည်။ စာနယ်ဇင်းများတွင် တိုင်းရင်းသား အသံများ ပါဝင်ရန် နှင့် အခြားယဉ်ကျေးမှုများကို လေးစားမှုမြင့်လာစေရန် ဆောင်ရွက်နိုင်သည်။ ဗမာလူများစုနှင့် တိုင်းရင်းသား လူမျိုးများကြားမှ အပျက်သဘော ပုံသေသတ်မှတ်ထားမှုများကို ဖြေရှင်းရန်အားထုတ်မှုများကို  ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အစဉ်အလာတည်ဆောက်ခြင်းနှင့်အတူ ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဖြေရှင်းခြင်းသည် အရေးကြီးသည့် သီးခြားကိစ္စတစ်ခုအဖြစ် စဉ်းစားနိုင်သည်။ ဒေသခံများ လမ်းညွှန်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရပ်ရွာများက ကြိုဆိုကြကြောင်း အထောက်အထား အခိုင်အမာရှိသည်။ သို့သော် လည်း ယင်းကဲ့သို့သော ဆောင်ရွက်ချက်များသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် အကူအညီဖြစ်စေသည်ဟူသော ယူဆချက်မှာ ပြည့်စုံမှုမရှိပါ။

ရပ်ရွာများအနေဖြင့် လက်နက်ကိုင် တပ်သားများ၏ လှုပ်ရှားမှုများပေါ်တွင် လွှမ်းမိုးနိုင်မှု အနည်းငယ်သာရှိခြင်းကြောင့် ရပ်ရွာအခြေပြု ချဉ်းကပ်ပုံများကို ငြိမ်းချမ်းရေး တည်ဆောက်မှု အစီအမံအဖြစ် အသုံးပြုရန်မှာ အကန့်အသတ်များစွာရှိသည်။ ကချင် လူ့အဖွဲ့အစည်းမှာကဲ့သို့ အရပ်သားများအနေဖြင့် EAO ဆုံးဖြတ်ချက်များပေါ်တွင် လွှမ်းမိုးမှု အချို့ ပြုလုပ်နိုင်သည့်တိုင်အောင် လွှမ်းမိုးနိုင်သူများသည် သာမန်အရပ်သားများ မဟုတ်ပဲ ဘာသာရေးပိုင်း၊ အရပ်ဘက် အဖွဲ့အစည်း ထိပ်ပိုင်းမှ ဖြစ်နေတတ်သည်။

အလှူရှင်များနှင့် နိုင်ငံတကာ NGO များသည် ဒေသအဆင့် အစီအစဉ်များ၏ သက်ရောက် မှုကို အလွန်အကျွံခန့်မှန်းမိသည့် ဖြစ်စဉ်များလည်းရှိသည်။ စီမံကိန်းအများအပြားသည် ရပ်ရွာဒုက္ခများသည် ပဋိပက္ခ၏ အဓိကအကြောင်းရင်းခံဟူသော ယူဆချက်ပေါ်တွင် အခြေခံဆောင်ရွက်ကြသည်ဟု အလှူရှင် ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ အခြားတစ်ဦး၏ ဖြေကြားချက်မှာ ပို၍လက်တွေ့ကျပါသည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းတစ်ခု မှ ကိုယ်စားလှယ်တဦးက ၎င်းတို့၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းနှင့် ပတ်သက်ပြီး - အားကိုးရာမဲ့သူတွေအတွက်ဖြစ်ပါတယ် ခံစားရတာလဲ သူတို့ပဲဖြစ်ပါတယ် - ဟု ဖြေကြားခဲ့သည်။[၁၂၂] ဒေသခံပြည်သူများပေါ် ပဋိပက္ခများ၏ သက်ရောက်မှုများဖြေရှင်းခြင်းသည် အရေးကြီးပြီး ပံ့ပိုးမှုများပြုလုပ်သင့်သည်။ သို့သော်လည်း ငြိမ်းချမ်းရေးသို့ ကူးပြောင်း ခြင်းကို ပံ့ပိုးခြင်းနှင့် မတူညီသည့် ရည်ရွယ်ချက် ထားရှိကာ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အထောက်အကူပြုခြင်းတွင် တိုက်ရိုက်ပါဝင်နေသည့် လက်တွေ့ ဆောင်ရွက်သူများသည် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ အစီအစဉ်အမျိုးမျိုးတွင် လုပ်ကိုင်နေသည့် ဖွံ့ဖြိုးရေး ကျွမ်းကျင်သူများထက်စာလျှင် ၎င်းတို့၏ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ငြိမ်းချမ်းရေးကို မည်သို့အကျိုးပြုပုံကို ပို၍ရှင်းလင်းစွာ၊ ပို၍ကျိုးကြောင်း ဆီလျော်စွာ ရှင်းပြနိုင်သည်။ ယင်းတွေ့ရှိချက်အရ ငြိမ်းချမ်းရေးတိုးတက် အောင်ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေး ကျွမ်းကျင်သူများအနေဖြင့် ညှိနှိုင်းဆက်ဆံမှုများ ပြုလုပ်သည့်အခါ ဖွံ့ဖြိုးရေးနှင့် ပဋိပက္ခကြားမှ အချိတ်အဆက်ကို ထည့်သွင်းစဉ်းစားရန်၊ ပို၍ရှင်းလင်းစွာဖော်ပြနိုင်ရန်လိုအပ်သည်။

## ဒေသအဆင့် အကြမ်းဖက်မှုနှင့် မကျေလည်မှုများကို ကိုင်တွယ်ခြင်း - လုပ်ငန်းဆောင် ရွက်ချက်များသော်လည်း ရှင်းလင်းသည့် သက်ရောက်မှုမရှိခြင်း

ဒေသခံများ၏ အမြင်သဘောထားများကို သုံးသပ်မှု၊ သုတေသနများမှ အဓိက တွေ့ရှိချက် အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အယုံအကြည်ရှိရန်အတွက် ၎င်းတို့ဒေသများတွင် တကိုယ်ရေလုံခြုံမှုနှင့် ရေရှည် တည်ငြိမ်မှု အာမခံချက်ရရှိရန် မှာဦးစားပေးဖြစ်သည်ကို တွေ့ရသည်။[၁၂၃] ရပ်ရွာအသိုင်းအဝိုင်းများသည် လက်နက်ကိုင်အာဏာပိုင်အမျိုးမျိုးသို့ မြင့်မားသည့်အခွန်အခများပေးနေရသည်၊ မြေမြှုပ်မိုင်းအန္တရာယ်ရင်ဆိုင်နေရသည်။ မြေယာပိုင်ဆိုင်မှုမှာလည်း ခိုင်မာခြင်းမရှိပဲ လိုအပ်သည့် ဝန်ဆောင်မှု၊ ဈေးကွက်များ ပေါက်မြောက်ရန် သေချာသည့် အဆက်အသွယ်မရှိပဲ ဖြစ်နေသည်။ မတည်ငြိမ်သည့်အခြေအနေများနှင့် အဓမ္မနေရာရွှေ့ပြောင်းရခြင်းအကျိုးဆက်များသည် အမျိုးသမီးများကို ဝန်ထုတ်ဝန်ပိုးများ ဖြစ်စေသည်။[၁၂၄] ငြိမ်းချမ်းရေး အကျိုးရလဒ်ကို ဖြစ်ထွန်းစေသည့် စီမံကိန်းများအနေနှင့် ၎င်းတို့ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်လိုပါက ယင်းအခက်အခဲများကို တိုက်ရိုက်ကိုင်တွယ်ရန် လိုအပ်သည်။

အကြမ်းဖက်အဖြစ်အပျက်များ နှင့် မကျေလည်မှုများကို တိုက်ရိုက်လျှော့ချနိုင်ရန် ရည်ရွယ် သည့် ငြိမ်းချမ်းရေးတည်ဆောက်သည့် အစီအစဉ်များသည် ဒေသအဆင့် အခြေအနေများ ကိုတိုးတက်စေနိုင်သည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ၎င်းအစီအစဉ်များ အလုပ်ဖြစ်မှု အထောက်အထားမှာအနည်းငယ်သာရှိသည်။ အခန်း ၂ တွင် ဆွေးနွေးခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများတွင် တိုက်ခိုက်ရင်ဆိုင်မှုများဖြစ်စေရန် အဓိက နှိုးဆွသည့်အချက်မှာ နယ်မြေထိန်းချုပ်နိုင်ရန်၊ ပြည်သူများပေါ်တွင် အာဏာလွှမ်းမိုးနိုင်ရန် နှင့် သယံဇာတ ရယူလိုမှုတို့ဖြစ်သည်။ လက်နက်ကိုင်အစုအဖွဲ့များကြားတွင် တင်းမာမှုများတဖြည်းဖြည်းရှိလာနိုင်သည် သို့မဟုတ် ရုတ်တရက် အရှိန်မြင့်တက်လာပြီး အကြမ်း ဖက် တိုက်ခိုက်မှုများကို ဖြစ်စေနိုင်သည်။ ပြည်သူများကို မတရားပြုကျင့်မှုများသည် အမြဲ မပြတ်ရှိနေခဲ့ပြီး လက်ရှိလည်းဖြစ်နေဆဲဖြစ်သည်။

နိုင်ငံတကာ NGO များ နှင့် ၎င်းတို့၏ ကြားခံများမှတဆင့် လုပ်ကိုင်သည့် အလှူရှင်များသည် သယံဇာတအတွက် ဒေသအဆင့် လက်နက်ကိုင်အဖွဲ့များ အကြမ်းဖက်တိုက်ခိုက် ရင်ဆိုင်နေခြင်းကိုလျှော့ချနိုင်ရန် စီးပွားရေး အခွင့်အလမ်းများပေးခြင်းကို ကျင့်သုံးခဲ့သည်။ ယင်းအချက်သည် နီပွန်ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် အိမ်ရာစီမံကိန်း၏ ရည်ရွယ်ချက်များအနက်တစ်ခုဖြစ်သည်။ သို့သော်လည်း တပ်ဖွဲ့ဝင်ဟောင်းများသည် အခြားအစုအဖွဲ့များထက်ပိုပြီး အကျိုးခံစားနေရသည်ဟု ယူဆရသည့်အခါ သို့မဟုတ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုအနေနှင့်မမြင်ပဲ အပေးအယူသက်သက်ဟုသာယူဆခံရပါက ယင်းကဲ့သို့သော အားထုတ်မှုများသည်ဒေသအဆင့်တွင် တင်းမာမှုများကိုဖြစ်စေနိုင်သည်။

ဒေသတွင်း အကြမ်းဖက်မှု များလျှော့ချရန်၊ ရပ်ရွာများကို အပျက်သဘောသက်ရောက်စေ သည့် မကျေလည်မှုများ လျှော့ချရန် အလှူရှင်များသည် ဒေသခံ အရပ်ဘက် လူ့အဖွဲ့ အစည်းများကိုလုပ်ငန်းဆောင်ရွက်ချက်အမျိုးမျိုးမှတဆင့် ပံ့ပိုးပေးခဲ့သည်။ လက်နက်ကိုင် တပ်သားများရန်မှ ရပ်ရွာသားများကို ကာကွယ်ရန် ကျေးရွာခေါင်းဆောင်များ၏ စွမ်းရည်ကိုမြှင့်တင်ပေးခြင်းဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ၏ အပျက်သဘောအကျိုးဆက်များ လျှော့ချရန်၊ အရပ်သားများကို မတရားနှိပ်စက်မှုများလျှော့ကျရန်ချင်း လူ့အခွင့်အရေး အဖွဲ့အစည်း၊ ကရင် လူ့အခွင့်အရေး အဖွဲ့ကဲ့သို့သော ဒေသခံ အခွင့်အရေး အခြေပြု အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ကြသည်။ လွတ်လွတ်လပ်လပ် ဖွဲ့စည်းထားသည့် ကွန်ယက်

များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းအဖွဲ့များသည် ဖြစ်ပွားနိုင်ဖွယ်ရှိသည့် တိုက်ပွဲများနှင့် ဆိုင်ပြီးသတင်းအချက်အလက်များ အလဲအလှယ် ပြုလုပ်နိုင်ခဲ့ပြီး အာဏာပိုင် များနှင့် ညှိနှိုင်းနိုင်ရန် ဒေသခံခေါင်းဆောင် များကို ပံ့ပိုးပေးနိုင်ခဲ့သည့် ဖြစ်စဉ်များလည်း ရှိသည်။ အကြမ်းဖက် အဖြစ်အပျက်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လွတ်လပ်စွာ စောင့်ကြည့်ခြင်းဖြင့် ပဋိပက္ခအစုအဖွဲ့များနှင့် အာဏာပွဲစားများကို တာဝန်ခံ မှုရှိစေရန် ကွန်ယက်အဖွဲ့ဝင်များက ရည်ရွယ်ချက်များ ထားရှိခဲ့သည်။

သို့သော်လည်း ယနေ့ထိ ယင်းကဲ့သို့သော စီမံကိန်းများကို စနစ်တကျ သုံးသပ်မှုပြုလုပ်ထား သည်မှာ အနည်းငယ်သာရှိသည်။ ဒေသခံအရပ်ဘက်လူ့အဖွဲ့အစည်းအဖွဲ့များတွင် ကျယ်ပြန့် သည့်ဆန်းစစ်မှုတွင် ပေါင်းစပ်နိုင်ခြင်း မရှိသေးသည့် သို့မဟုတ် အဆင့်မြင့်ပိုင်း ဆုံးဖြတ်ချက်ချသူများဆီသို့ ပေးပို့နိုင်ခြင်းမရှိသေးသည့် မြေပြင်အချက်အလက်အများအပြားရှိသည်။ အကြမ်းဖက်ပဋိပက္ခများလျော့ချရာတွင် ဒေသခံ အာဏာရှိအစုအဖွဲ့များ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်များ အနည်းငယ်သာရှိသည်။ ပြည်နယ် အဆင့် နိုင်ငံရေးယှဉ်ပြိုင်မှုများတွင် ပို၍ဒီမိုကရေစီဆန်သည့် ပတ်ဝန်းကျင် အခင်းအကျင်းများရှိလာသည့်အခါ ပြောင်းလဲလာနိုင်ဖွယ်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်၊ ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် အခြားသူများ၏ အခန်းကဏ္ဍ နှင့် ပတ်သက်ပြီးလည်း အချက်အလက် အနည်းငယ်သာရှိသည်။ မြန်မာနိုင်ငံ၏ ရေရှည်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် နှစ်ပေါင်းများစွာကြာနိုင်ပြီး အကြမ်းဖက်မှုများ ကာကွယ်နိုင်ရန် ဒေသနိုင်ငံရေးကို ဦးတည်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဒေသတွင်းနိုင်ငံရေး၏ ပါဝင်မှုအခန်းကဏ္ဍကို ဆန်းစစ်မှုများ ပြုလုပ်ရန်လိုအပ်သည်။


ဇယားကွက် ၆.၄။
တိတိကျကျအစီအစဉ်ချမှတ်ခြင်းနှင့် အပြောင်းအလဲ ပြုလုပ်နိုင်မှုကြား မျှတအောင်ဆောင်ရွက်ခြင်း

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို ပံ့ပိုးနေသည့် အလှူရှင်များနှင့် လက်တွေ့အကောင် အထည်ဖော်သူများသည် အပြောင်းအလဲများ ပြုလုပ်နိုင်အောင် ပျော့ပြောင်းမှုရှိရမည်ဖြစ်ပြီး ရရှိထားသည့် အသိအမြင်များ၊ တည်ဆောက်ထားသည့် ဆက်ဆံရေးများနှင့်အညီ တုံ့ပြန်မှုများ ပြုလုပ်နိုင်ရမည်ဖြစ်သည်။ ဒေသခံများသတ်မှတ်ထားသည့် လိုအပ်ချက်များ ကို ဆောင်ရွက်ပေးသည့် အဖွဲ့အချို့ရှိပြီး၊ စမ်းသပ်ရန်နှင့် ပြုပြင်မှုများပြုလုပ်ရန် လိုအပ် သည်ကို လက်ခံထားကြသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများသည် အမျိုး အစားအလွန်များပြီး၊ အလျင်အမြန်ပြောင်းလဲနေသည့် အခင်းအကျင်းများကလည်း ရှုပ်ထွေးမှုများကို ထပ်ထိုးရှုပ်ထွေးစေသည်။

သို့သော်လည်း အဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲလွယ်မှု နှင့် တိတိကျကျ စီစဉ်လုပ် ကိုင်ခြင်း၊ ရှင်းလင်းစွာသတ်မှတ်ထားသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရရှိလာ မည့် အကျိုးအမြတ်များကို နှိုင်းယှဉ်နေကြဆဲဖြစ်သည်။ ကြိုတင်သတ်မှတ်ထားသည့်၊ တိုင်းတာ နိုင်သည့် ရလဒ်များပါရှိသည့် အပြောင်းအလဲအယူအဆများနှင့် ဆောင်ရွက်သည့် အလှူ ရှင်များ၏ ပံ့ပိုးမှုသည် လုပ်ငန်းထိရောက်စွာဆောင်ရွက်ရန်မဖြစ်နိုင်ဘဲ ရလဒ်ကောင်းများ မထွက်နိုင်သည်အထိ တင်းကျပ်မှုများပြုလုပ်ရင်း အဆုံးသတ်လေ့ရှိသည်ဟု မေးမြန်းမှုများ တွင်ဖြေဆိုသူများကပြောပြခဲ့သည်။


သို့သော်လည်း အချို့သောအလှူရှင်များက ၎င်းတို့၏ သို့မဟုတ် ၎င်းတို့၏ မိတ်ဖက် အဖွဲ့ များ၏ ချဉ်းကပ်ပုံများမှာ ဝေဝါးလွန်းသည်ဟုဆိုသည်။ မြန်မာနိုင်ငံအတွက် အလှူရှင် အချို့၏မူဝါဒများ၊ UN ပံ့ပိုးသည့် အစီအစဉ်များ နှင့် နိုင်ငံတကာ NGO များတင်လာသည့် လုပ်ငန်းအစီအစဉ်များ (proposal) များတွင် လူမှုရေးပေါင်းစည်းမှု (social cohesion) နှင့် ကိုယ့်အားကိုယ်ကိုးရှင်သန်နိုင်မှု (resilience) ကဲ့သို့သော အငြင်းပွားဖွယ်မရှိသည့် စကား လုံးများကို လျော့ရဲစွာသတ်မှတ် သုံးစွဲမှုများကို မကြာခဏတွေ့မြင်ရသည်။ ပြိုင်ဆိုင်နေ သည့် အဖွဲ့အစည်းများသည် ရန်ပုံငွေရရှိရန်အတွက် စကားလုံးအဆန်းများသုံးစွဲခြင်း ကြောင့် နိုင်ငံရေးအရ ဆန်းစစ်ပြီး အသုံးပြုသည့်သည့်နည်းလမ်းများနှင့် အဆန်းထွင်သည့် အားထုတ်မှုများကြားခွဲခြားရန် ခက်ခဲသွားသည်။ ယင်းပုံစံများကို ငြိမ်းချမ်းရေးတည် ဆောက်ခြင်းကို အထူးပြုဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့များထက် ဖွံ့ဖြိုးရေး တည်ဆောက် မှုအစီအစဉ်အချို့လုပ်ကိုင်သည့် ဖွံ့ဖြိုးရေးအတွက် လုပ်ပိုင်ခွင့်ကျယ်ကျယ်ပြန့်ပြန့် ရရှိထား သည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများတွင် အထင်အရှားတွေ့မြင်နိုင်သည်။[၁၂၅]

အလှူရှင်များမှ စီမံကိန်းများတိတိကျကျရေးဆွဲပြင်ဆင်စေရန် သတ်မှတ်ခြင်းဖြင့် စီမံကိန်း များဖြစ်ကတတ်ဆန်းရေးဆွဲမှု ကိုရှောင်ရှားနိုင်သည်ဖြစ်သော်လည်း စမ်းသပ်မှုများ၊အမှား အယွင်း များမှတဆင့် သင်ယူရန် နှင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် အခွင့်ပေးရန် လိုအပ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေး စီမံကိန်းများအနေဖြင့် စောင့်ကြည့်ရေးနှင့် သုံးသပ်မှုစနစ်များကိုမပြောင်းလဲပဲ ရည်မှန်းချက်များ ပြောင်းလဲသတ်မှတ်နိုင်ရန် အချို့သော အလှူရှင်များက ခွင့်ပြုထားကြသည်။



အခန်း - ၇

# သုံးသပ်ချက်များနှင့် အကြံပြုချက်များ



## ၇.၁။ သုံးသပ်ချက်များ

### မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများအကြောင်း

**မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခအကြောင်းရင်းများသည် အမျိုးသားနိုင်ငံရေး၊ နိုင်ငံ၏ သဘောသဘာဝနှင့် အလွန်နီးကပ်စွာချိတ်ဆက်နေသည်။**



- နယ်စွန်နယ်ဖျားတွင်သာ ဖြစ်ပေါ်နေသည့် ပြဿနာတစ်ခုမဟုတ်သော မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် တိုင်းပြည်ပေါ်တွင် တိုက်ရိုက်သက်ရောက်မှု များရှိနေသည်။ မြို့နယ် ၃၃၀ အနက် ၁၁၈ မြို့နယ်၊ မြန်မာနိုင်ငံ လူဦးရေ၏ ၄ ပုံတစ်ပုံနီးပါး နေထိုင်သည့် ဒေသများတွင် ပဋိပက္ခများဖြစ်ပွားနေသည့် လက္ခဏာများ၊ ငုံ့နေသည့် လက္ခဏာများကို မြင်တွေ့ရသည်။

- ဗဟိုအစိုးရနှင့် နိုင်ငံတော်အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အမျိုးမျိုးကြား အဓိက ဖြစ်ပွားသည့် ပဋိပက္ခများ ဖြစ်သော်လည်း နိုင်ငံတစ်ခုလုံးအရေးနှင့်ဆိုင်သည့် အရေးကြီး ကိစ္စများနှင့် ဆက်စပ်မှုရှိသည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးရာ ပဋိပက္ခများကို အဆုံးသတ်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်ရန်၊ နိုင်ငံအဆင့် အရေးအရာကိစ္စ (၃) ခု ဖြစ်သော *"အစိုးရအတွင်း အရပ်ဖက်နှင့်စစ်ဖက် ယှဉ်ပြိုင်မှု"*၊ *"ဗဟိုချုပ်ကိုင်ခြင်းနှင့် နိုင်ငံရေးအာဏာများ ခွဲဝေပေးခြင်း"*၊ *"နိုင်ငံသားဖြစ်မှု၊ အားလုံးပါဝင်နိုင်မှုနှင့် တိုင်းရင်းသားလူမျိုးများ အခွင့်အရေး"* ကိစ္စများအတွက် တူညီသည့် ရပ်တည်ချက်များ ရှာဖွေရန်လိုအပ်သည်။

- မြန်မာနိုင်ငံ၏ ပဋိပက္ခများ၏ အဓိက အကြောင်းအရင်းမှာ သဘာဝ သယံဇာတများကြောင့် မဟုတ်သော်လည်း ပေါများစွာရှိနေသည့် သဘာဝ သယံဇာတများက ပို၍အားကောင်းအောင် ပြုလုပ်ပေးနေသကဲ့သို့ ဖြစ်နေသည်။ စီးပွားရေးနှင့် ဗဟိုအစိုးရ၏ ရသုံးစရိတ်များသည် သဘာဝ သယံဇာတ ပေါ်တွင်မှီခိုနေရသည်မှာ ကြာခဲ့ပြီဖြစ်ပြီး အများစုမှာ ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများမှ ရရှိခြင်းဖြစ်သည်။ သဘာဝ သယံဇာတ တူးဖော်မှုသည် နိုင်ငံအဆင့်၊ ဒေသအဆင့် တိုက်ခိုက်မှုများနှင့် နက်နက်ရှိုင်းရှိုင်း ချိတ်ဆက်နေပြီး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အဓိကကျသည့် အကြောင်းအရာဖြစ်သည်။

**ဒေသအဆင့်တွင် နယ်မြေစိုးမိုးရေး ပဋိပက္ခပုံစံများမှာ အမျိုးမျိုးကွဲပြားပြီး အလွန်ရှုပ်ထွေးသည်။ ဖြေရှင်းပုံ တစ်ခုတည်းဖြင့် ဖြေရှင်းခြင်းသည် ထိရောက်မှုရှိမည်မဟုတ်ပါ။**

- ပဋိပက္ခဖြစ်စေသည့် အဓိကအကြောင်းရင်းများမှာ နိုင်ငံအဆင့်ပြဿနာ ဖြစ်သော်လည်း အတိုက်အခံနယ်မြေများတွင်ဖြစ်ပွားသည့် ပဋိပက္ခများမှာ အမျိုးမျိုးကွဲပြားသည်။ ဒေသအဆင့် ပဋိပက္ခများတွင် လက်နက်ကိုင် နှင့် လက်နက်ကိုင်ထားခြင်းမရှိသူများသည် နယ်မြေ ထိန်းချုပ်နိုင်ရန်၊ လူထုပေါ်တွင် ဩဇာညောင်းရန်၊ သယံဇာတများ ရရှိရန် ပြိုင်ဆိုင် နေကြခြင်းများ မကြာခဏပါဝင်လေ့ ရှိသည်။ အုပ်စုဖွဲ့တည်မှု သို့မဟုတ် အမျိုးသားရေး လက္ခဏာများသည် နယ်မြေနှင့် ခိုင်ခိုင်မာမာချိတ်ဆက်လျက်ရှိပြီး ပထဝီအနေအထားရ ဖော်ထုတ် သတ်မှတ်ထားသည့် နေရာများတွင် နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင်မှုများကို ဖြစ်ပေါ်စေသည်။

- ကာလရှည်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့်ပဋိပက္ခဖြစ်ပွားနေသည့် အစုအဖွဲ့ များကြား နယ်မြေသတ်မှတ်မှု အတိအကျ သတ်မှတ်နိုင်မှု နည်းပါးခဲ့သည်ဖြစ်ရာ အုပ်ချုပ်မှုအပိုင်းတွင် ရေရှည်အကျပ်အတည်းများကို ဖြစ်ပေါ်စေခဲ့သည်။ အာဏာ သက်ရောက်မှု ရောထွေးနေသည့် ဒေသအများစု ဖြစ်သော်လည်း ပဋိပက္ခဒဏ်ခံနေသည့် အချို့ဒေသကို တပ်မတော်၊ အရံလက်နက်ကိုင်အုပ်စုများ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ထိန်းချုပ်ထားသည်။ ဒေသအုပ်ချုပ်ရေးပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုနည်းနာမှာ အမျိုးမျိုးကွဲပြားသည်။ အရပ်သား ဦးဆောင်သည့် ခေတ်မီ အုပ်ချုပ်ရေး ဖွဲ့စည်းပုံဖြင့် နယ်မြေအများအပြားကို ထိန်းချုပ်ထားသည့် အဖွဲ့ အချို့ရှိပြီး ကျန်အင်အားစုများမှာ တော်လှန်သော အုပ်စုသက်သက်ဖြစ်သည်။
- နယ်မြေစီမံမှုပုံစံအမျိုးမျိုးကွဲနေခြင်း၊ ပါဝင်သည့် အစုအဖွဲ့များ၊ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ၏ သဘောထားများနှင့်ရည်မှန်းချက်များ ကွဲပြားနေသည်ဖြစ်သောကြောင့် ပဋိပက္ခ သဘောသဘာဝမှာ အကြီးအကျယ်ကွဲပြားနေသည်။ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက ယင်းရှုပ်ထွေးမှုကို နားလည်ရန်၊ တစ်ခုချင်းစီအတွက် လိုက်ဖက်သည့် ချဉ်းကပ်ပုံများ ဖော်ထုတ်အသုံးပြုရန်မှာ အဓိကကျသည်။

**မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခသည် နိုင်ငံကို အများဆုံး ဖိစီးနေသည့် အခက်အခဲများပေါ်တွင် ကြီးမားသည့် သက်ရောက်မှုများရှိသည်။**

- မြန်မာနိုင်ငံသည် အောင်မြင်သည့် ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်သို့ သွားရန် နယ်မြေစိုးမိုးရေး ပဋိပက္ခကို အရင်အဆုံးသတ်နိုင်မည့် နည်းလမ်းများ ရှာဖွေရန် လိုအပ်သည်။ စစ်တပ်သည် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်နေ၍ တည်ငြိမ်မှုလိုအပ်ခြင်း၊ တိုင်းရင်းသား လူမျိုး ကွဲပြားခြင်းတို့ကို အကြောင်းပြပြီး နိုင်ငံရေးတွင် ပါဝင်ခဲ့သည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်သည်။ ပဋိပက္ခ သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် နိုင်ငံအင်စတီကျူးရှင်းများကို ပုံဖော်ခဲ့သည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများကို ဖြေရှင်းရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်ရန်၊ လူနေမှုအဆင့်အတန်းများမြှင့်တင်ရန်လိုအပ်သည်။
- ပဋိပက္ခများသည် လူသားချင်းစာနာမှုဆိုင်ရာ ထိခိုက်မှုအများအပြား ဖြစ်စေခဲ့သည်။ နေရာပြောင်းရွှေ့ရမှုကြောင့် သန်းပေါင်းများစွာ ထိခိုက် ခဲ့ရပြီး ထောင်နှင့် သောင်းနှင့်ချီသည့် အရေအတွက်မှာ ယာယီစခန်းများတွင် နေထိုင်နေရဆဲဖြစ်သည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများသည် လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ မြေယာပိုင်ဆိုင်မှုများပေါ်တွင် ထိခိုက်မှုရှိပြီး၊ အဆိုးဆုံးထိခိုက်ခံရသည့်နေရာများတွင် ဝန်ဆောင်မှုများရရှိရေးကိုလည်း ထိခိုက်စေခဲ့သည်။ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့ပြီး၊ နေရာအနှံ့ ပျံ့နှံ့ စေခဲ့သည်။
- နယ်မြေစိုးမိုးရေးပဋိပက္ခသည် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဖွံ့ဖြိုးရေး အလား အလာများကို ပုံသွင်းခဲ့သည်။ နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်ပွားသည့် နေရာတိုင်းသည် ဆင်းရဲ မွဲတေသည့် ဒေသမဟုတ်သော်လည်း နေရာအများအပြားမှ ဆင်းရဲမွဲတေမှုများတွင် ပဋိပက္ခသည် အကြောင်းတစ်ခုအနေဖြင့် ပါဝင်ခဲ့သည်။ နယ်မြေစိုးမိုးရေးပဋိပက္ခသည် ကုန်သွယ်ရေး၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေး အတွက် ကြီးမားသည့် အတားအဆီးဖြစ်စေသည်။ ပဋိပက္ခသက်တမ်း နှစ် ၇၀ ကျော်အတွင်း မြန်မာ့စီးပွားရေး ဆုံးရှုံးမှု စုစုပေါင်းမှာ များပြား သည်။
- ကျား-မ မရွေး ပဋိပက္ခ သက်ရောက်မှုကို ခံစားရသည်။ အရပ်သားများအပါအဝင် အမျိုး သားအများစုသည် တိုက်ပွဲဝင်ရ၊ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် သေဆုံး ဒဏ်ရာ ရှိ ကြသည်။ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ နှင့် ကျား-မအခြေပြုခွဲခြား အကြမ်းဖက်မှုဒဏ်ကို အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်နှင့် ပြီးဆုံးသွားသည့် ကာလအတွင်း ခံစား ကြရသည်။ အိမ်ထောင်ပေါ်ကျရောက်သည့် စီးပွားရေး၊ လူမှုရေး သက်ရောက်မှုများကိုလည်း ခံစားရသည်။ ပဋိပက္ခဖြစ်ပွားရာ မြို့နယ်များတွင် အမျိုးသမီး စာတတ်မြောက်မှုနှုန်းသည် အမျိုးသား စာတတ်မြောက်မှုနှုန်းထက် များစွာနောက်ကျနေသည် သို့သော်လည်း အမျိုးသမီး လုပ်သားအင်အားစု ပါဝင်မှုနှုန်းမှာ အနည်းငယ် မြင့်မား သည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများသည် တိုင်းဒေသကြီးများထက် ပြည်နယ်များတွင်ရှိနေသည်။ အမျိုးသမီးများ၏ နိုင်ငံရေးအရ ကိုယ်စားပြုမှုတွင်လည်း ပြည်နယ်ထက် တိုင်းဒေသကြီးအစိုးရအဖွဲ့ များတွင် ပိုများသည်။

**အကြမ်းဖက်တိုက်ခိုက်မှုများလျှော့ချရန်အတွက် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှာ မဖြစ်မနေဆောင်ရွက်ရမည့် အဆင့်များဖြစ်သည်။ ရေရှည်တွင် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလူမျိုးများအားလုံးက တရားနှင့်ညီသည်ဟု လက်ခံယူဆသည့် အစိုးရစနစ်တစ်ခုလိုအပ်မည်ဖြစ်သည်။**

- ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆက်လုပ်ပြုလုပ်ရန် အရေးပါသည်။ သို့သော်လည်း ယင်းတစ်ခုတည်းနှင့် ငြိမ်းချမ်းရေးကို တည်ဆောက် နိုင်မည်မဟုတ်ပါ။ နယ်မြေစိုးမိုးရေး အငြင်းပွားမှုများကို အကြမ်းမဖက်ပဲဖြေရှင်းနိုင်သည့် နိုင်ငံရေးအခင်းအကျင်းတစ်ခု ဖန်တီးရန် ကျယ်ပြန့် သည့် ပြုပြင်ပြောင်းလဲမှုများ ရေရှည်တွင်လိုအပ်မည်ဖြစ်သည်။ အစိုးရ ဦးဆောင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ဖက်ဒရယ် အခြေခံမှု များအပေါ်အခြေခံသည့် အစိုးရစနစ်တစ်ခုကို စုပေါင်းဆွေးနွေးရန် သမိုင်းဝင် အခွင့်အရေးတစ်ခုဖြစ်သည်။
- မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခများကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်ခုတည်း သို့မဟုတ် သဘောတူညီချက် တစ်ခုတည်းဖြင့် ဖြေရှင်း နိုင်မည်မဟုတ်ပါ။ အားလုံးပါဝင် သည့်နိုင်ငံရေးဆွေးနွေးမှုဖြစ်လာစေရန် ဦးတည်သည့် အရေးပါသည့် တိုးတက်မှုများ ရှိသော်လည်း တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် သမိုင်းအရ စင်ပြိုင်၊ လမ်းကြောင်းစုံဖြင့် ဆွေးနွေးညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်သည်။ တိုးတက်မှုသည် တန်းတန်းမတ်မတ် ဖြစ်ပေါ်နေမည်မဟုတ်ပါ။ အတက်အကျပုံစံဖြင့် ဖြစ်ပေါ်နိုင်ပါသည်။
- လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ညှိနှိုင်းရရှိထားသည့် အပစ်အခတ်ရပ်စဲရေးများမှာ ခိုင်မာမှုမရှိသောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝင်ရောက်ရန် အာမခံပေးသည့် သင်္ကေတဖြစ်သည်ဟု မယူဆသင့်ပါ။ ယခင် အပစ်အခတ်ရပ်စဲရေးများသည် အစိုးရ၊ လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို စီးပွားရေး အကျိုးအမြတ်များ ဖြစ်ထွန်းစေ ခဲ့သော်လည်း ပြည်သူလူထုအများစုမှာ အသက်ရှူ ချောင်ရုံမျှသာ ရှိခဲ့ပြီး နိုင်ငံရေးပြဿနာ ဖြေရှင်းမှုများမှာလည်း အောင်မြင်မှုမရှိခဲ့ပါ။ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၊ အလှူရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူ အားလုံး နှင့် အခြားပုဂ္ဂိုလ်များ ပူးပေါင်းလုပ်ဆောင်ရာတွင် အပစ်အခတ် ရပ်စဲရေး သတ်မှတ်ချက်များကို လေးစားရန် အရေးကြီးသည်။

## ၁၀၅

## ဖွံ့ဖြိုးရေး၊ အထောက်အပံ့ နှင့် နယ်မြေစိုးမိုးရေးပဋိပက္ခ



**မြန်မာနိုင်ငံ၏ ပဋိပက္ခများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းကြောင့် ဖြစ်ရသည်မဟုတ် ပါ။ ဖွံ့ဖြိုးရေး ရလဒ်များ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းမရနိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားခြင်း သို့မဟုတ် ပို၍ကောင်းမွန်သည့် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများသည် ပဋိပက္ခကိုဖြစ်ပွားစေသည့် အကြောင်းခံနိုင်ငံရေး ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ပါ။**

- မြန်မာနိုင်ငံ၏ ပဋိပက္ခသည် လူသားဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့နှင့် တိုက်ရိုက်ဆက်နွယ်နေမှုမရှိပါ။ ပဋိပက္ခဖြစ်ပွားနေသည့် မြို့နယ်များသည် ပျမ်းမျှအားဖြင့် ပဋိပက္ခမရှိသည့် မြို့နယ်များထက် မဆိုစလောက်သာ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည်။ အထူးသဖြင့် နှိုင်းယှဉ်မှုတွင် ရန်ကုန်ဖယ်ထုတ်လိုက်လျှင် ရှင်းလင်းစွာ တွေ့ရမည်ဖြစ် သည်။ ပဋိပက္ခဖြစ်ပွားနေသည့်အချို့သော မြို့နယ်များသည် တနိုင်ငံလုံးပျမ်းမျှ သတ်မှတ်ချက် ထက်ကျော်လွန်နေပြီး အချို့မှာတနိုင်ငံလုံးတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံး ဖြစ်နေသည်။
- အတိုက်အခံနယ်မြေများ၏ ဖွံ့ဖြိုးမှုနောက်ကျခြင်းကို ဖြေရှင်းခြင်းထက် ငြိမ်းချမ်းခြင်း တည်ဆောက်ခြင်းက ပို၍ရှုပ်ထွေးသည်။ ပဋိပက္ခဖြစ်စေသည့် အကြောင်းရင်းခံ အမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။ နယ်မြေစိုးမိုးရေးပဋိပက္ခရှိသည့် အခြားသော အာရှနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် လျင်မြန်သည့် စီးပွားရေး တိုးတက်မှုများက ရေရှည် ပဋိပက္ခ အကြောင်းခံ သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်မှုများ၏ ပြင်းထန်သည့် သက်ရောက်မှုများကို ပြောင်းလဲနိုင်ခြင်းမရှိသည်ကို ဒေသတွင်း အထောက်အထားများအရ သိရှိနိုင်သည်။

**ဖွံ့ဖြိုးရေးမူဝါဒများနှင့် စီမံကိန်းများသည် ရံဖန်ရံခါတွင် နယ်မြေစိုးမိုးရေး ပဋိပက္ခများကို ဖြစ်ပွားစေသည့် ညီမျှမှုမရှိသည့် အာဏာအခင်းအကျင်းကို ဖြစ်ပွားစေသည်။**

- ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ အမြဲတစေ သဘောရိုးဖြင့် ဆောင်ရွက်သည်ဟု မဆိုလိုနိုင်ပါ။ ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် အထက်အောက် ပုံစံဖြင့် ရေးဆွဲခြင်း၊ ဒေသခံများ အကျိုးမခံစားရသည့် သယံဇာတ ထုတ်ယူမှုများသည် တိုင်းရင်းသား ပြည်သူများကြား မကျေနပ်မှုများကို ကြီးမားလာစေပြီး လက်နက်ကိုင် တော်လှန်မှုများကို ပို၍အားကောင်းစေခဲ့သည်။
- သမိုင်းတလျောက်တွင် ဗဟိုအစိုးရသည် ကျန်းမာရေးဌာနအသစ်၊ ကျောင်းများ၊ လမ်းများ၊ ဆည်များနှင့် သတ္တုတွင်း အစရှိသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ၎င်း၏ အာဏာ ချဲ့ထွင်ရန်၊ တိုင်းရင်းသားများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို မေးမှိန်စေရန် အထူးသဖြင့် အပစ်အခတ် ရပ်စဲထားသည့် ကာလများတွင် အသုံးချခဲ့သည်။ အတိုက်အခံနယ်မြေများသို့ အရပ်သား အစိုးရ ဝန်ဆောင်မှုများ ချဲ့ထွင်ခြင်းကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူများက ခြိမ်းခြောက်မှုတစ်ခုအနေဖြင့် ရှုမြင်ခဲ့သည်။
- အတိုက်အခံနယ်မြေအများအပြားတွင် စီးပွားရေး အပြောင်းအလဲများ နှင့် သဘာဝ သယံဇာတ တိုးချဲ့ထုတ်လုပ်မှုသည် တင်းမာမှုများကို အထွဋ်အထိပ်ရောက်စေခဲ့သည်။ ဆန့်ကျင်မှုများ ဖြစ်ပေါ်စေခဲ့သည်။ မကျေနပ်မှုများကို အားကောင်းစေခဲ့ကာ ဝင်ငွေ ရရှိမှုများက ပဋိပက္ခကို အသက်ဆက်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း အသစ်များသည် ပဋိပက္ခနေရာများကို ဖန်တီးခဲ့သည်။ လမ်းများ၊ ကန်ထရိုက်များ နှင့် သယံဇာတများကို ထိန်းချုပ်နိုင်ရန် လက်နက်ကိုင်တပ်များကြား တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။

**ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ အရေးတကြီးလိုအပ်ချက်များကို အထောက်အပံ့များ တိုးမြှင့်ပံ့ပိုးပေးခြင်းဖြင့် ဖြေရှင်းနိုင်သော်လည်း လုပ်ဆောင်ချက်များသည် ပဋိပက္ခမ ဖြစ်စေရန်ဆင်ခြင်မှုမရှိသည့် အခါတွင် ငြိမ်းချမ်းရေး အလားအလာကို ပျက်စီးစေသည်။**

> “ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များသည် အမြဲတစေ သဘောရိုးဖြင့် ဆောင်ရွက်သည်ဟု မဆိုလိုနိုင်ပါ။”

- မြန်မာနိုင်ငံသို့ပေးသည့် အထောက်အပံ့မှာ သိသိသာသာမြင့်တက်လာသည်။ ၂၀၁၁ နှင့် ၂၀၁၅ အတွင်း စီကိန်းအသစ်များအတွက် ဒေါ်လာ ၁၃.၇ ဘီလီယံ ထောက်ပံ့ရန် လျာထားသည်။ နည်းပညာ အထောက်အပံ့များနှင့် ယှဉ်တွဲ၍လာသည့် ယင်းငွေများသည် မြင့်တက်နေ သည့် ဆင်းရဲမွဲတေမှုနှုန်းကို နှင့် ပဋိပက္ခဒဏ်ခံနေရသည့် နေရာအများအပြားတွင် အရေး တကြီးလိုအပ်နေသည့် အခြေခံလိုအပ်ချက်များကို ဖြေရှင်းရာတွင် အကူအညီ ဖြစ်စေနိုင်သည်။
- အစိုးရနှင့် အလှူရှင်များ နီးနီးစပ်စပ်ဆောင်ရွက်ခြင်းဖြင့် လွှမ်းခြုံနိုင်မှု၊ စရိတ်သက်သာမှု နှင့် ရေရှည်ဆောင်ရွက်နိုင်မှု အားသာချက်များရှိသော်လည်း ငြိမ်းချမ်းရေးအတွက် ဆုတ် ယုတ်မှုများ ဖြစ်စေနိုင်သည့် အချက်များလည်းရှိသည်။ အစိုးရ ထိန်းချုပ်မှု ချဲ့ထွင်ရန် အသုံးချသည့် ဝန်ဆောင်မှုကဲ့သို့ တဖက်အဖွဲ့၏ လုံခြုံရေးရည်မှန်းချက်များကို အကျိုးပြု သည့် စီမံကိန်းများသည် တိုင်းပြည်အကူးအပြောင်းကာလ ၌ တိုင်းရင်းသား ကိုယ်စားလှယ်များ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သည်။ နိုင်ငံတော်အစိုးရမဟုတ်သည့် အဖွဲ့များနှင့် ထိတွေ့ဆက်ဆံခြင်းမရှိပဲ နိုင်ငံတော်ကို အားကောင်းစေသည့် လုပ်ငန်းများသည် ပဋိပက္ခအရင်းခံဖြစ်သည့် အာဏာမညီမျှမှုကို ဖြစ်ပွားစေနိုင်သည်။
- မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦအသစ်များ တည်ဆောက်ရန် လိုအပ်နေသော် လည်း ပဋိပက္ခရှိနေသည့် နေရာများတွင် ရင်းနှီးမြှုပ်နှံမှုအကြီးစားပြုလုပ်ပါက အလွန် သတိထားရမည်ဖြစ်သည်။ အများသောအားဖြင့် အလှူရှင်ပံ့ပိုးမှုနှင့် အစိုးရက အကောင်အထည်ဖော်သည့် နိုင်ငံအဆင့် ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် စီမံကိန်းများသည် ပဋိပက္ခ ဒဏ်ခံနေရသည့် ဒေသမှ အခင်းအကျင်းများကို ထည့်သွင်းစဉ်းစား၊ လိုက်လျောညီထွေ ဆောင်ရွက်ရန်လိုသည်။

**ပဋိပက္ခဒဏ်ခံနေရသည့် နေရာများအတွက် အထူးရေးဆွဲစီစဉ်ထားသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများသည် ဆက်ဆံရေးများကို တိုးတက်စေပြီး၊ ငြိမ်းချမ်းရေး ဖြစ်ထွန်းမှု အရှိန်အဟုန်ကို တည်ဆောက်နိုင်မည်။**

- စနစ်တကျရေးဆွဲထားသည့် အထောက်အပံ့လုပ်ငန်းများသည် အစိုးရနှင့် ၎င်း၏ဆွေးနွေး ဖက်များကြား သဘောတူညီချက်များကို ပံ့ပိုးပေးနိုင်သည်။ အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုပေးသူများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးသည့် လုပ်ငန်းများသည် ဖွံ့ဖြိုးရေးကို အားကောင်းစေပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ် ယုံကြည်မှုများကိုလည်း ဖြစ်ထွန်းစေခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရတို့ကြား အပြန်အလှန်ဆက်ဆံမှုကို အားပေးသည့် အထောက်အပံ့ စီမံကိန်းများသည် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုကို အားကောင်းစေသည်။ နှစ်ဖက် သဘောတူထားသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်သော ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ပံ့ပိုးသည့် အစီအစဉ်များသည် အလားအလာကောင်းများကို ဖြစ်ပေါ်စေသည်။
- ပို၍ကောင်းမွန်ပြီး တာဝန်ခံမှုပိုရှိသည့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဖွဲ့စည်းပုံများ ဖြစ်လာရန် နိုင်ငံခြား အထောက်အပံ့များက ပံ့ပိုးပေးနိုင်သည်။ တချိန်တည်းမှာပင် ဗဟိုမှ လုပ်ပိုင်ခွင့်အချို့ခွဲဝေပေးမည့် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက်လည်း အောက်ခြေ အဆင့် ပြင်ဆင်မှုများ ပြုလုပ်ပေးသည်။
- လူနေမှုအဆင့်အတန်းမြင့်တက်ရေးအတွက် နောက်ကွယ်မှဆောင်ရွက်ပေးမှုများသည် ပဋိပက္ခမဖြစ်စေရန် ဆင်ခြင်ဆောင်ရွက်သည်ဆိုပါက အထူးအသုံးဝင်သည်။ ဥပမာ အတိုးနှုန်း နည်းသည့်ချေးငွေများ၊ ဈေးကွက်လက်လှမ်းမီရေး တိုးတက်ဆောင်ရွက်မှုများ၊ အခွန်ကင်း လွတ်ခွင့်၊ တရားလက်လွတ် အခွန်ကောက်ခြင်းများမှ ကင်းလွတ်ခွင့် များရှိပါက လယ်သမားများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပါသည်။ ရပ်ရွာအခြေပြု ဖွံ့ဖြိုး တိုးတက်မှုကဲ့သို့သော ဒေသက စီမံသည့် အသေးစားလုပ်ငန်းများသည် ကြီးကျယ်သည့် ရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပြီး အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများထက် အငြင်းအခုန် နည်းနိုင်သည်။

**အတိုက်အခံနယ်မြေများတွင် ပဋိပက္ခမဖြစ်စေရန် ဆင်ခြင်ချဉ်းကပ်ရာတွင် နည်းလမ်းသစ်များလိုအပ်သည်။ ဆောင်ရွက်ပုံကောင်းများ ရှိနေပြီဖြစ်သော်လည်း ပို၍ကောင်းအောင် ဆောင်ရွက်နိုင်သေးသည်။**

- နိုင်ငံအတော်များများရှိ အထောက်အပံ့ပေးသည့်အဖွဲ့များသည်မြန်မာနိုင်ငံ၏ နယ်မြေ စိုးမိုးရေးပဋိပက္ခအကြောင်း အသင့်အတင့် နားလည် ထားကြသည်။ အလှူရှင်များ အနေဖြင့်လည်း ၎င်းတို့၏ လုပ်ငန်းများတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခရှောင်ရှားဆင်ခြင်လုပ်ကိုင်ခြင်းများကို ပေါင်းထည့်ရန် ဆောင်ရွက်နေမှုများရှိသည်။ ဥပမာ ပဋိပက္ခဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်များ ငှားရမ်းခြင်း၊ ငြိမ်းချမ်းရေး အစီအမံများကို အသုံးပြုခြင်း များ ဆောင်ရွက်ကြပြီး ပူးပေါင်းခြင်း၊ စုပေါင်းဆောင်ရွက်ခြင်း အလေ့အထများ တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။
- အထောက်အပံ့ပေးသည့် အဖွဲ့များအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာ ရည်မှန်းချက်များ ကြောင့်အသိအမြင်များကို လက်တွေ့ပြောင်းရန် အကန့် အသတ်များ ရှိနေသည်။ ပဋိပက္ခများ ရှောင်ရှားခြင်းကို  လုပ်ငန်းရေးဆွဲခြင်း၊ ဦးစားပေးအရာများ ရွေးချယ်ရာတွင် အောက်ခြေမှနေ၍ ပါဝင်ရမည့် (upstream) အလေ့အထ အနေဖြင့် လက်ခံထားခြင်းထက် သတ်မှတ်ထားသည့် အစီအစဉ်များအတွင်း ထည့်သွင်း ကျင့်သုံးရသည့် (downstream) အလေ့အထ တစ်ခုအနေဖြင့် ယူဆလေ့ရှိသည်။ ပဋိပက္ခအကြံပေးများ၏ အကြံပေးချက်များသည်လည်း အတိုက်အခံ ဖြစ်နေသည့် နေရာနှင့် တိုက်ရိုက်ချိတ်ဆက်နေသည့် လုပ်ငန်းများတွင် ထိရောက်မှုမရှိ ဖြစ်နေသည်။ အတိုက်အခံဒေသသို့ အစိုးရ၏ မူဝါဒနှင့် လုပ်ငန်း ဆောင်ရွက်မှုကို အထူးသဖြင့်သက်ရောက်မှုရှိသော နိုင်ငံအဆင့် အထောက်အပံ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ချဉ်းကပ်ပုံများပေါ်တွင် ပဋိပက္ခ ဆိုင်ရာအကြံပေးများ၏ လွှမ်းမိုးအကြံပေးနိုင်မှုလည်း အနည်းငယ်သာရှိသည်။ ပဋိပက္ခ ဆင်ခြင်ရှောင်ရှားခြင်းကို အောက်ခြေမှနေ၍ တဆင့် ချင်းကျင့်သုံးသည့် အလေ့အထ ဖြစ်လာရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။
- အထောက်အပံ့ငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ လုပ်ငန်းပုံစံရေးဆွဲရာတွင် ဆွေးနွေး အကြံယူမှုများ တိုး၍ထည့်သွင်းလာကြသည်။ သို့သော်လည်း မည်သည့် ရည်ရွယ်ချက်နှင့် မည်သူမှ ဆွေးနွေးအကြံယူသည်ကို လေးလေးနက်နက် စဉ်းစားရန် လိုသည်။ (ဇယားကွက် ၇.၁ ကိုကြည့်ပါ)

> ပို၍ကောင်းမွန်ပြီး တာဝန်ခံမှုပိုရှိသည့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဖွဲ့စည်းပုံများ ဖြစ်လာရန် နိုင်ငံခြား အထောက်အပံ့များက ပံ့ပိုးပေးနိုင်သည်။ တချိန်တည်းမှာပင် ဗဟိုမှ လုပ်ပိုင်ခွင့်အချို့ ခွဲဝေပေးမည့် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက်လည်း အောက်ခြေ အဆင့် ပြင်ဆင်မှုများ ပြုလုပ်ပေးသည်။

### ဇယားကွက် ၇.၁
### အကြီးစားဖွံ့ဖြိုးရေးစီမံချက်များအတွက် စေ့စပ်ဆွေးနွေးခြင်း (consultation)

အကြီးစား သို့မဟုတ် အများပေါ်တွင် သက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပဋိပက္ခဖြစ်နိုင်ခြေများကို ဆင်ခြင်ရှောင်ရှားနိုင်ရန် အတွက် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန်မှာ လွန်စွာအရေးကြီးသည်။ အကြီးစား အခြေခံအဆောက်အဦ စီမံကိန်း သို့မဟုတ် နယ်မြေ အများအပြားတွင် အကောင်အထည်ဖော်မည့်လုပ်ငန်းများကို ဗဟိုက သာစီစဉ်ရေးဆွဲရန် အလားအလာများပြီး၊ ဒေသခံများ၏ အမြင် သဘောထားများ ထည့်သွင်း ပေါင်းစပ်နိုင်ရန် အထူးဆောင်ရွက်ချက်များလိုအပ်သည်။ အထောက်အပံ့ ပေးသည့် အဖွဲ့အစည်းများသည် အကြံယူဆွေးနွေးခြင်းကို လုပ်ရိုးလုပ်စဉ် တစ်ခုအနေ နှင့် ဆုံးရှုံးမှုများ ရှောင်ရှားနိုင်ရန် ဆောင်ရွက်ချက်များ အနက်မှ  တစ်ခုအနေနှင့်သာ လက်ခံ ထားကြသည်များရှိသည်။ မှန်ကန်သည့်ဆောင်ရွက်ချက်တစ်ခုဖြစ်ရန်မှာ မည်သည့် အတွက် ကြောင့် ဆွေးနွေးအကြံယူရသည်၊ ဆွေးနွေး အကြံယူရန် လိုအပ်သူ မည်သူဖြစ်သည်ကို တိတိကျကျ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

### မည်သည့်အတွက်ကြောင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရသနည်း။

ကြိုတင်ဆုံးဖြတ်ပြီးသား အစီအစဉ်များအတွက် ခွင့်ပြုကြောင်း သရုပ်ပြရန်ရည်ရွယ်ချက်ဖြင့်  ဆွေးနွေးကြံယူမှုများ မလုပ်သင့်ပါ။ စီမံကိန်းတစ်ခု အစပြုသည်နှင့် ရပ်ရွာအသိုင်းအဝိုင်းများ နှင့် ဒေသခံခေါင်းဆောင်များ၏ ဦးစားပေးကိစ္စများ၊ ပူပန်မှုများ နှင့်ဆိုင်သည့် တင်ပြချက်များ စုတည်းနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်သွားရန် လိုအပ်သည်။ အနည်းဆုံးအနေနှင့် စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်ရာတွင်

၁။ လုပ်ငန်းဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများပေါ် ဒေသခံ ပါဝင်သက်ဆိုင်နေသူ (stakeholder) များ၏ စိုးရိမ်မှုများကို ဖော်ထုတ်ခြင်း၊ ယင်းကိစ္စများကို ဖြေရှင်းပေးရန် ကတိပေးခြင်း

၂။ ပါဝင်သက်ဆိုင်နေသူ (stakeholder) များနှင့် ယုံကြည်မှုတည်ဆောက်ပြီး အပြန်အလှန်ဆက်ဆံရေး ထူထောင်ခြင်း

၃။ တင်းမာမှုများဖြစ်နိုင်သည့် အကြောင်းအရင်းများကို ဖော်ထုတ်ခြင်း၊ ပဋိပက္ခဖြစ်စေသည့် အကြောင်းရင်းပေါ် သက်ရောက်မှုရှိလာနိုင်သည် များကို ဖော်ထုတ်ခြင်း၊

၄။ ပါဝင်သက်ဆိုင်နေသူများ (stakeholder) နှင့် အပြန်အလှန်ဆက်ဆံရေးပေါ်မူတည်ပြီး လုပ်ငန်းအစီအစဉ် ပြောင်းလဲနိုင်ရန် အခြေခံများ ချမှတ်ခြင်း

### ပါဝင်သင့်သူများ

အားလုံးနှင့် ဆွေးနွေးအကြံယူရန် မဖြစ်နိုင်ပါ။ သို့သော်လည်း အဓိက ပါဝင်သက်ဆိုင်နေသူများ မပါဝင်နိုင်ခဲ့သည်ဆိုပါက ရေရှည်တွင် ပြဿနာဖြစ်နိုင်သည်။ ယေဘုယျအားဖြင့် စီမံကိန်းများကြောင့် ဘဝများကို တိုက်ရိုက်ထိခိုက်ခံရမည့် အဓိကအရေးကြီးဆုံး ပါဝင်သက်ဆိုင်နေသူ (stakeholder) များသည် အမျိုးသားနှင့် အမျိုးသမီးများဖြစ်သည်။ ၎င်းတို့၏ အသံများကို နားထောင်ခြင်းသည် ကျားမကွဲပြားမှု၊ ဘာသာ၊ လူမျိုး၊ လူမှုအဆင့်အတန်းအပါအဝင် အခြားသော ကွဲပြားမှု ရှိနေသည့် ရပ်ရွာတစ်ခု၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်းဖြစ်သည်ဟု ပုံမှန်အားဖြင့် သတ်မှတ်နိုင်သည်။ ရွှေ့ပြောင်းများ၊ မြေယာမဲ့များ သို့မဟုတ် မုဆိုးမ များကဲ့သို့ သော ခိုကိုးရာမဲ့ အုပ်စုများအတွက် အထူးရည်ရွယ်သည့် လုပ်ဆောင်ချက်များ မရှိပါက ၎င်းအုပ်စုသည်  ဖယ်ထားခံရနိုင်ဖွယ်ရှိသည်။

ဩဇာရှိသူများနှင့် ဆွေးနွေးအကြံယူခြင်းသည်လည်း အရေးပါသည်။ မြို့နယ် သို့မဟုတ် ရပ်ရွာများမှ ရှိပြီးသား ကော်မတီများကို ဖွံ့ဖြိုးရေးစီမံကိန်းများ သုံးသပ်ပေးရန် အတွက် ဖိတ်ကြားလေ့ရှိသည်။သို့သော်လည်း ယင်းကော်မတီသည် အစိုးရခန့်အပ်ထားသူများ ကြီးစိုး နေသည့် သို့မဟုတ် ဒေသခံ လွှမ်းမိုးသူတစ်ဦးက စုစည်းရွေးချယ်ထားသည့် အုပ်စုဖြစ်နိုင်သောကြောင့် ဂရုစိုက်စိစစ်ရန်လိုသည်။ ဖွဲ့စည်း ထားပြီးဖြစ်သော ကော်မတီများသာမက ရံဖန်ရံခါ တိုးချဲ့လုပ်ငန်းအဆင့်များ လိုအပ်နေနိုင်သည်။

ဆွေးနွေးအကြံယူရမည့် အခြားအစုအဖွဲ့များတွင် ဒေသခံအရပ်ဖက်လူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများလုပ်ဆောင်ဖူးသည့် အတွေ့အကြုံရှိ ပုဂ္ဂိုလ်များပါဝင်သည်။ ဒေသခံ မူဝါဒပိုင်းတိုက်တွန်းမှုပြုလုပ်သည့်အဖွဲ့(Local advocacy group) များတွင် ဒေသနိုင်ငံရေး အခင်းအကျင်းနှင့် ပတ်သက်ပြီး ယှဉ်နိုင်သူမရှိသည့် အသိပညာများရှိနိုင်သည်ဖြစ်သော ကြောင့် နီးနီးကပ်ကပ်ဆက်ဆံရန်လိုသည်။ သို့သော်လည်း ၎င်းတို့၏ နိုင်ငံရေး ဘက်လိုက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်ရန်လိုသည်။

မည်သည့်လက်နက်ကိုင် သို့မဟုတ် နိုင်ငံရေး အာဏာပိုင်များကို စေ့စပ်ဆွေးနွေးရခြင်းနှင့်၊ လွှမ်းမိုးနိုင်ခွင့် မည်မျှပေးမည်ဆိုသည်မှာ ခက်ခဲသည့် အနေအထားတစ်ရပ်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့မှာ မတူညီသော အနေအထားများကြောင့် ၎င်းတို့၏ ဒေသအကျိုးကို ကိုယ်စားပြုခြင်း တရားဝင်မှုမှာလည်း အမျိုးမျိုးကွဲပြားသည်။ ဒေသခံရပ်ရွာများမှ အသိအမှတ်ပြုမှု ကြီးကြီးမားမားရရှိထားသူများကို အမြဲတမ်း အလေးအနက် ထား ဆက်ဆံကာ  တိုက်ရိုက် ဆွေးနွေးအကြံယူရန်လိုအပ်သည်။ အစိုးရတစ်ခု၏ ဖွဲ့စည်းပုံရှိပြီး လူအများက အသိအမှတ်ပြု ထားသူများကို စီမံကိန်း အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်မည့် တရားဝင် မိတ်ဖက်အနေဖြင့် ဆက်ဆံနိုင်သည်။ ခြိမ်းခြောက်ခြင်း သက်သက်ဖြင့် အာဏာယူထားသည့် ယုံကြည်၍မရနိုင်သည့် အဖွဲ့များဖြစ်နေပါက  ခွင့်ပြုချက်ရရန် နှင့် အကောင် အထည်ဖော်ရာတွင် ဘေးကင်းရှင်းစွာနှင့် ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် အတွက် လုံလောက်သည့် သတင်းအချက်အလက်များရရှိရေးကို  အဓိက ထားပြီး ထိတွေ့ဆက်ဆံရန် လိုသည်။

## အထောက်အပံ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထင်ရှားသည့်တိုးတက်မှုများရှိနေသော်လည်း အခက်အခဲ အများအပြား ကျန်နေသေးသည်။ အစိုးရ၊ လက်နက်ကိုင်အဖွဲ့များ နှင့် အထောက်အပံ့ အဖွဲ့အစည်းများသည် ရေရှည်ခရီးအတွက် စိတ်ပိုင်းဖြတ်ထားရန်၊ သဘောထားပျော့ပြောင်းရန်လိုအပ်သည်။

- တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်၊ နိုင်ငံရေး ဆွေးနွေးပွဲ များ စတင်ခဲ့ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ၏ အဆုံးသတ်၊ တည်တံ့သည့် ညှိနှိုင်းမှုများအတွက် အခြေခံအုတ်မြစ်များ ချထားနိုင်ခဲ့သည်။ မြန်မာ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်တွင်းရေးသက်သက် ဖြစ်သောကြောင့် အစုအဖွဲ့များသည် ပြင်ပမှပံ့ပိုးပေးသည့် ဖြေရှင်းမှုများထက် ၎င်းတို့ အစစ်အမှန်ပိုင်ဆိုင်သည့် သဘောတူညီချက်များကို ပို၍လိုလားကြသည်။ အစိုးရအဆက်ဆက်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ပြသခဲ့သည့် ခိုင်မာသည့် ကတိပြုမှုများကြောင့် လက်ရှိ ဖြစ်စဉ်သည် ယခင်က အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများထက် မြန်မာ၏ နယ်မြေ စိုးမိုးရေး ပဋိပက္ခများဖြေရှင်းနိုင်ရန် အလားအလာ ပိုကောင်းနေသည်။
- တနိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေး ရရှိရန်အတွက် ခိုင်မာသည့် အကြောင်းပြချက်များ ရှိသော်လည်း ရယူနိုင်ရန်မှာ အလွန်တရာ ခက်ခဲနေသည်။ ၎င်းတို့အတွင်း ကွဲပြားမှုများရှိနေ၍သော်လည်းကောင်း၊ အစိုးရက အဖွဲ့အချို့ကို ချန်လှပ်ထားခြင်းကြောင့် သော်လည်းကောင်း လက်နက်ကိုင်အဖွဲ့ အများအပြားသည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် မပါဝင်ခဲ့ပါ။ ပင်မဖြစ်စဉ်ကို အခြား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်မည် မပါဝင်မည်၊ သို့မဟုတ် မည်သည့် ပုံစံဖြင့် ပါဝင်မည်ကို ပြတ်ပြတ်သားသား မသိနိုင်သေးပါ။ လက်ရှိချဉ်းကပ်ပုံအရ တိုးတက်မှုများ ရှိသည့်တိုင် အချို့နေရာများတွင် အကြမ်းဖက်မှုများ မြင့်တက်လာနိုင်ချေရှိသည်။
- တိုးတက်မှုများ အလျင်အမြန်ဖြစ်လာနိုင်ချေနည်းသည်။ လက်မှတ်ထိုးသူများအနေဖြင့် ယုံကြည်မှုများ ပျက်ဆီးသွားနိုင်သည်။ ရည်ရွယ်ချက် အမျိုးမျိုးရှိသည့် အစုအဖွဲ့ အမျိုးမျိုးနှင့် တူညီသည့်သဘောတူညီချက်များ ရရှိရန်မှာ အခက်အခဲတစ်ခုဖြစ်သည်။ အရပ်သား တပိုင်းအစိုးရ၏ အရပ်ဘက် စစ်ဘက် ဆက်ဆံရေးသည် တိုးတက်မှုနှုန်းကို အဓိကဆုံးဖြတ်မည်ဖြစ်သည်။ အာဏာခွဲဝေမှု၊ အရပ်သား အုပ်ချုပ်ရေးသို့ အချိန်ယူ ကူးပြောင်းမှုသည် ငြိမ်းချမ်းရေး မျှော်လင့်ချက်အတွက် အဓိကကျသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်များကို နိုင်ငံတကာ အလှူရှင်များက ဆုံးဖြတ်ကြမည်မဟုတ်သော်လည်း အဓိက ပံ့ပိုးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

- ငြိမ်းချမ်းရေးကို အဓိကထားသည့် အထောက်အပံ့သည် မြန်မာနိုင်ငံရရှိသည့် အထောက် အပံ့များအနက်မှ သေးငယ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း အာရှဒေသတွင်းရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပံ့ပိုးခဲ့မှုနှင့်ယှဉ်လျှင်တော့ မြင့်မားနေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အစုအဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကြားဝင်ညှိနှိုင်းပေးသူ သို့မဟုတ် ပြင်ပ အထောက်အပံ့များ ညှိနှိုင်းရေးမှူးအဖြစ်နှင့် တရားဝင် ပါဝင်နိုင်သည့် အခန်းကဏ္ဍမရှိပါ။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ နှင့် နိုင်ငံခြား အစိုးရများသည်အရေးထားခံရမှုရှိသော်လည်း အကန့်အသတ်ဖြင့် ထောက်ပံ့ရသည့် နေရာမှ ပါဝင်နေရသည်။
- မည်သို့ပင်ဆိုစေကာမူ အိမ်နီးချင်းနိုင်ငံများမှ အစိုးရများ နှင့် OECD အဖွဲ့ဝင်များ အပါအဝင် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ကူညီမှုများ ပေးနိုင်ရန် အခွင့်အလမ်းများရှိနေသည်။ ဆွေးနွေးမှုများ အရှိန်မပြတ်အောင် ထိန်းသိမ်းရာတွင် နိုင်ငံတကာ နောက်ခံသည် အသက်တမျှအရေးပါသည်ဟု အဖွဲ့အသီးသီးမှ အထင်ကရ ခေါင်းဆောင်များက ယူဆထားကြသည်။ အကူးအပြောင်း ဆိုင်ရာ အင်စတီကျူးရှင်းများနှင့် အဓိကငြိမ်းချမ်းရေး ဖြစ်စဉ်များကို ပံ့ပိုးသည့် ယာယီအစီအမံများကို ပံ့ပိုးပေးသည့် နည်းလမ်းမှာ အသုံးတည့်သည့် နည်းလမ်း ဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာ အကြံပေးခြင်း၊ ဖြစ်စဉ်များ နှိုင်းယှဉ်တွင်ပြခြင်းတို့သည် နှစ်ဘက်လုံးကို အထောက်အပံ့ဖြစ်စေခဲ့သည်။ ပဋိပက္ခများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်း ရန် အစိုးရနှင့် အခြားသူများအား တိုက်တွန်းသည့် နိုင်ငံတကာမှ တွန်းအားပေးမှုများတွင် အထောက်အပံ့သည် အရေးပါသည့် အစိတ်အပိုင်းတစ်ခု အနေဖြင့်ပါဝင်သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်စေရန် အထောက်အပံ့ ပေးသည့် အဖွဲ့ အစည်းများက တိုက်တွန်းနိုင်သည်။ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် အစိုးရ၊ အခြားအစုအဖွဲ့များနှင့် လုပ်ငန်း လက်တွဲဆောင်ရွက်ခြင်းဖြင့် အလားအလာကောင်းများကို ဖန်တီးပေးနိုင်သည်။

- အတိတ်ကာလတွင် အဆင့်မြင့်ခေါင်းဆောင်များကြားတွင်သာ ပြုလုပ်သည့် ညှိနှိုင်းမှု များကြောင့် အပစ်အခတ်ရပ်စဲရေးများ ဖြစ်ပေါ်ခဲ့သော်လည်း ပဋိပက္ခဖြစ်စေသည့် အခြေခံ အကြောင်းရင်းများကို အောင်မြင်စွာဖြေရှင်းနိုင်ခြင်းမရှိခဲ့ပါ။ အချို့သော အထောက်အပံ့ အစီအစဉ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆိုင်ပြီး အသိအမြင်နှီးဆော်မှုများ ကျယ်ကျယ် ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့သည်။ အောက်ခြေမှအဆင့်ဆင့် တာဝန်ခံမှုကို ပံ့ပိုးပေး ခဲ့ပြီး အမျိုးသမီးများပါဝင်မှုကို အားကောင်းစေခဲ့သည်။ တရားဝင်ဆွေးနွေးမှုများကို အထောက်အကူ ဖြစ်စေမည့် ကိစ္စများဖြစ်သော အမျိုးသားအဆင့်ဆွေးနွေးမှုများနှင့် စတိတ်ဟိုဒါ ညှိနှိုင်းမှုအတွက် ပြင်ဆင်ခြင်း (preparatory stakeholder engagement) တွင် ပံ့ပိုးမှုများ ဆက်လက်ပြုလုပ်ရန်လိုအပ်နေသည်။
- အလားအလာကောင်းများတည်ဆောက်ရာ၌ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်ရွာများနှင့် လက်တွဲ ဆောင်ရွက်ရန်လိုအပ်သည်။ ပဋိပက္ခဖြစ်နေသည့် နှစ်ဖက်လုံးက သဘောတူထားသည်များ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးခြင်းကိုဆိုလိုသည်။ အစိုးရနှင့် အလွန်နီးစပ်သည်ဟု ယူဆခံရပါက အခြားအစုအဖွဲ့များ၏ ယုံကြည်မှုနှင့် အယုံအကြည် လျော့သွားစေနိုင်သည်ကို သိထားရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်စားပြုသည်များနှင့် တူညီသည့် ဦးတည်ချက်များ အမြဲတမ်း ရှိမနေသည်ကို သိထားရန် လိုအပ်သည်။ အထောက်အပံ့ ပေးသည့် အေဂျင်စီ များသည် ၎င်းတို့စီမံကိန်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် မိတ်ဖက်အမျိုးမျိုးနှင့် မျှမျှတတ ဆက်ဆံရန် လိုအပ်သည်။

**အထောက်အပံ့ပေးသည့် အဖွဲ့များသည် ဖြစ်နိုင်ချေများနှင့် ပတ်သက်ပြီး ပို၍ လက်တွေ့ ကျကျဆောင်ရွက်ခြင်း၊ ဝေဖန်စိစစ်မှုများကို လက်ခံခြင်းဖြင့် ၎င်းတို့၏ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပံ့ပိုးမှုများကို တိုးတက် စေနိုင်သည်။**

- အချို့သော ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းများ အထူးသဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ကျွမ်းကျင်သည့် အဖွဲ့များ အကောင်အထည်ဖော်ခြင်းမရှိသည့် လုပ်ငန်းတွင် ဝေဝါးသည့် သို့မဟုတ် လက်တွေ့မဆန်သည့် ရည်မှန်းချက်များနှင့် ဖြစ်နိုင်ချေမရှိသည့် ပြောင်းလဲမှုဆိုင်ရာအယူအဆများ ရှိကြသည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ချုပ်ငြိမ်းအောင်ဆောင်ရွက်ခြင်းနှင့် ပို၍ကျယ်ပြန့်သည့် ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ လူမှုရေး ညီညွတ်မှုများ ဖော်ဆောင်ခြင်းတို့ကြား ခွဲခြားသတ်မှတ်ထားမှုမှာ အများအားဖြင့် ဝေဝါးနေလေ့ရှိပြီး မည်သည့် စီမံချက်များက မည်သည့်အရာအတွက် ရည်ရွယ်သည်နှင့် မည်သည့်ကိစ္စကို လက်တွေ့ကျကျ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို ဆုံးဖြတ်ရာတွင် အခက်အခဲများဖြစ်စေသည်။
- ပဋိပက္ခဖြစ်စေသည့် အကြောင်းခံရင်းမြစ်များကို ဖြေရှင်းရန် ရည်ရွယ်လျက် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ရည်ရွယ်ချက်များ ပေါင်းစပ်ခြင်းကို အခြေအနေနှင့်အညီ သင့်လျော်စွာ စီစဉ်ရေးဆွဲနိုင်ပါက အသေးစား ဆောင်ရွက်ချက်များ၏ သက်ရောက်မှုထက် ပို၍အားကောင်းသည့် သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ နိုင်ငံ၏ ဒေသအများစုမှာ အတိုက်အခံဖြစ်ပွားနေသည့် နေရာများ ဖြစ်ခြင်းကြောင့် ဒေသ တွင်းဆောင်ရွက်မှုများ၏ အရွယ်အစားမှာ ကြီးထွားခြင်းမရှိနိုင်ပဲ တန့်နေ သည်။ နိုင်ငံ အဆင့်တွင် အင်အားကောင်းသည့် အစီအစဉ်ကြီးများ အလုပ်ဖြစ်နိုင်ပြီး နိုင်ငံ၏ နယ်မြေစိုးမိုး ရေးပဋိပက္ခများ ဖြေရှင်းရန် လိုအပ်သည့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်လည်း ပံ့ပိုးပေးနိုင်သည်။
- မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးတည်ဆောက်ရေး စီမံကိန်းများကြောင့် ပဋိပက္ခကို အမှန် တကယ် လျော့ကျသွားသည့် သို့မဟုတ် ငြိမ်းချမ်းရေး အမှန်တကယ် တည်ဆောက်နိုင် သည်ကို သက်သေထူနိုင်သော ခိုင်မာသည့်အထောက်အထားမှာ အနည်းငယ်သာရှိသည်။ မည်သည့် နည်းက အလုပ်ဖြစ်သည် မည်သည့်နည်းက အလုပ်မဖြစ်သည်နှင့် အကြောင်းရင်းများကို နားလည်ရန် လေ့လာမှုများစွာလုပ်ဆောင်ရန်လိုအပ်သည်။  အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအနေနှင့် အပြုသဘောဆောင်သည့် ဝေဖန်စိစစ်မှုများကို လက်ခံနိုင်ရန် လိုအပ်သည်။

**ယုံကြည်မှုတည်ဆောက်ရန် ဖွံ့ဖြိုးရေးကို အသုံးချခြင်းသည် ခက်ခဲသည်။ အဓိပ္ပာယ်ရှိသည့် နိုင်ငံရေးဖြစ်စဉ်တိုးတက်မှုနှင့် ချိတ်ဆက်နိုင်မှသာ ထိရောက်မှုရှိနိုင်သည်။**

- လက်ရှိ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နှင့် အထောက်အပံ့ နောက်ခံ နှင့်ဆောင်ရွက်သည့် လုပ်ငန်းများသည် ဒေသခံ ခေါင်းဆောင်များ သို့မဟုတ် ပဋိပက္ခဒဏ် ခံနေရသည့် ရပ်ရွာများကြားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ် ယုံကြည်မှုတိုးလာစေရန် အများပြည်သူဆိုင်ရာ အဆောက်အဦသစ်များ သို့မဟုတ် လမ်းများဖောက်ခြင်းကဲ့သို့သော ငြိမ်းချမ်းရေးအသီးအပွင့်များအဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းကဲ့သို့သော အစီအစဉ်များ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ခုအနေဖြင့် လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင်သော်လည်း နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြေရှင်းပေးနိုင်ခြင်းမရှိပါက  ပဋိပက္ခခံစားနေရသည့် ပြည်သူများ ၏ ဖြတ်သန်းမှုများပေါ်တွင် သက်ရောက်မှုအနည်းငယ်သာရှိသည်။ ရပ်ရွာများအနေနှင့် လက်နက်ကိုင်အစုအဖွဲ့များ ပေါ်တွင် လွှမ်းမိုးနိုင်မှု အနည်းငယ်သာ ရှိသည်ဖြစ်သောကြောင့် ယုံကြည်မှုတည်ဆောက်ခြင်းကို ဦးတည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုအတွက် တိုက်ရိုက်အကျိုးဖြစ်စေသည် ဟူသော အယူအဆမှာ မှန်ကန်ခြင်းမရှိပါ။
- ခေါင်းဆောင်များ၏ ယုံကြည်မှုသည် ပြည်သူလူထုများ၏ ယုံကြည်မှုနှင့် ကွဲပြားနိုင်ပါသည်။  ပဋိပက္ခတွင်ပါဝင်နေသည့်အဖွဲ့များကြား ယုံကြည်မှုတည်ဆောက်ရန် ခက်ခဲသည်။ အဓိပ္ပာယ်ပြည့်ဝသည့် ရေရှည်နိုင်ငံရေး ဦးတည်ချက်များနှင့်၊ သိသာထင်ရှားသည့် တိုးတက်မှုများပေါ်အခြေခံနိုင်မှ ထိရောက်မည်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များကို ရေတိုစီးပွားရေးများအခွင့်အရေး ပေးခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရန် အားထုတ်ခြင်းသည် စစ်မှန်သည့် ယုံကြည်မှုတည်ဆောက်ခြင်းကို ပျက်ပြားစေလေ့ရှိပြီး ခေါင်းဆောင်များနှင့် ကျန်သူများကို တသီးတသန့်ဖြစ်သွားစေသည်။ ပဋိပက္ခများကြား လုပ်ငန်းဆောင်ရွက်ရန်၊ ယုံကြည်မှုတဖြည်းဖြည်းတည်ဆောက်ခြင်းများ အတွက်ရေရှည် ချဉ်းကပ်ပုံများ လိုအပ်လေ့ရှိသည်။

**ပိုများသည့် အထောက်အပံ့များထက်  ပိုကောင်းသည့် အထောက်အပံ့ လိုအပ်သည်။**

- အဓိကကျသည့် ကူညီမှုများအထဲမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဖြစ်ပေါ်ရန်၊ နည်းပညာပိုင်းအရ အပြည့်အစုံပံ့ပိုးထားသည့် ဆွေးနွေးမှု နှင့် အားလုံးပါဝင်မှုဖြစ်လာစေ ရန်အတွက်အထောက်အပံ့ရရှိမှုသည် ဆက်လက် အရေးပါနေဦးမည်ဖြစ်သည်။  တိုးတက်ဖြစ်ထွန်းရေးကို အတားအဆီးဖြစ်နေသည့် ဖြေရှင်းရန်ခက်သော အချို့ပြဿနာ များကိုသာ ရန်ပုံငွေတိုးမြှင့်ချထားခြင်း တစ်ခုတည်းဖြင့် ဖြေရှင်းနိုင်သည်။
- ရှိနှင့်ပြီးသား ရန်ပုံငွေများကိုမဟာဗျူဟာကျကျ ခွဲခြားအသုံးပြုရန် နှင့်၊ အလှူရှင်များကြား၊ အလှူရှင်တဦးနှင့်တဦးကြား၊ ပြည်တွင်းမှ ပါဝင်သက်ဆိုင်နေသူများ(stakeholders) ကြား ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရန်မှာ ပို၍အရေးကြီးသည့် ကိစ္စဖြစ်လာသည်။ အလှူရှင်အသိုင်းအဝိုင်းနှင့် နိုင်ငံအဆင့် ငြိမ်းချမ်းရေး ပါဝင်သက်ဆိုင်နေသူများကြား(stakeholder) ဆက်ဆံရေး မြှင့်တင်ခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်းသည် နှစ်ဖက်လက်ခံကာ လုပ်ငန်းလက်တွဲ ဆောင်ရွက်နိုင်သည့် နည်းလမ်းများ ဖော်ဆောင်ခြင်းအတွက် အရေးပါသည့် အဆင့်ဖြစ်သည်။
- အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက် ကိုအဆုံးသတ် သဘောတူခဲ့ခြင်း ကဲ့သို့သော အပြောင်းအလဲကြီးတစ်ခုဖြစ်ပေါ်လာမည်ဆိုပါက  ယင်းကိုအကောင်အထည်ဖော်ရန်အတွက် စနစ်တကျတိုင်းတာပြင်ဆင်ထားသည့် အပိုထပ်ဆောင်းကူညီမှုများသည် အရေးပါလာမည် ဖြစ်သည်။

# ၇.၂။ အကြံပြုချက်များ

## အစိုးရသို့အကြံပြုချက်များ

**ငြိမ်းချမ်းရေးကိုအထောက်အကူဖြစ်စေသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လက်နက် ကိုင်အဖွဲ့များ၊ အခြားအဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးပြီး ဆက်လက် ဆောင်ရွက်ရန်**

- **တနိုင်ငံလုံးအတိုင်းအတာ ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်နေမှုကို ဆက်လက်ဆောင်ရွက်ရန်။** နယ်မြေစိုးမိုးရေးပဋိပက္ခများ အဆုံးသတ်ရန် နိုင်ငံတစ်ခုလုံး အတိုင်းအတာဖြင့် ပြောင်းလဲမှုများလိုအပ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် အခက်အခဲသည် နိုင်ငံရေးနည်းအရ ဖြေရှင်းရမည့် နိုင်ငံရေးကိစ္စတစ်ခုဖြစ်သည်။ နေထိုင်သူအားလုံးက အသိအမှတ်ပြု၊ အားကိုးသည့် နိုင်ငံတစ်ခု၊ အစိုးရတစ်ခု တည်ဆောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးခြင်း၊ လက်တွဲဆောင်ရွက်ခြင်းသည် အရေးကြီးသည့် အချက်ဖြစ်သည်။
- **ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်ဝါဒကို အားကောင်းအောင်ဆောင်ရွက်ရန်။** နိုင်ငံရေးနှင့် စီးပွားရေးတွင် ဗဟိုချုပ်ကိုင်မှုများ တဖြည်းဖြည်း လျှော့ချခြင်းသည် အောင်မြင်သည့် ဖက်ဒရယ်စနစ် တစ်ခုဖြစ်လာရန်လိုအပ်သည့် စွမ်းဆောင်ရည်များနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရန် အကူအညီဖြစ်စေသည်။ ကွဲပြားမှုများကို အကြမ်းဖက် ပဋိပက္ခများဖြင့်ဖြေရှင်းခြင်းမှ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းခြင်းသို့ကူးပြောင်းနိုင်ရန် လုပ်ပိုင်ခွင့် ခွဲဝေပေးမှုများ အဆင့်မြင့်လုပ်ဆောင်သွားရန်လိုအပ်သည်။ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် အခင်းအကျင်းများအရ ပြည်နယ်များမှ အာဏာပိုင်များသည် ပြည်ထောင်စုသို့ သစ္စာရှိမှုကို မပျက်ဆီးစေပဲ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကို အပြည့်အဝအသိအမှတ်ပြုနိုင်သည်။
- **နိုင်ငံအဆင့် လုပ်ငန်းများရေးဆွဲရာတွင် အားလုံးပါဝင်နိုင်မှုကိုမြှင့်တင်ရန်။** ပြည်ထောင်စုစိတ်ဓာတ်ကို ပျိုးထောင်ရန်အတွက် နိုင်ငံနှင့်ဒေသအဆင့် ဖွံ့ဖြိုးရေးမဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် ရပ်ရွာများကို ပါဝင်စေရမည်။ အမျိုးသားကျန်းမာရေးအစီအစဉ်သည် ဆောင်ရွက်ရယူနိုင်ဖွယ်ရှိသည့် အတုယူဖွယ်ဥပမာဖြစ်သည်။ ဝန်ထမ်းအဆင့်တိုင်း အဆင့်တိုင်းတွင် လူမျိုးစုံလင်ပါဝင်ခြင်းကို မြှင့်တင်ပေးသည့် အစီအစဉ်များ လက်ခံကျင့်သုံးရန်လိုအပ်ပါသည်။

**နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့် ဖွံ့ဖြိုးရေးမူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်မှုများ စီစဉ်သည့်အခါတွင် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေးပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းအတွက် မည်သည့်နည်းက အထောက်အပံ့ဖြစ်စေနိုင်သည်ကို ဂရုတစိုက်ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။**

- **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးရေးအသုံးစရိတ်များသည် ငြိမ်းချမ်းရေးကို အလိုအလျောက် ဖြစ်လာစေမည်မဟုတ်ဟု ပြောထားပါသည်။** ယုံတမ်းစကားပေါ်တွင် အခြေခံသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာများကို ရှောင်ရှားသင့်သည်။ ပြည်ထောင်စုအဆင့်တွင်လည်းကောင်း၊ ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင်လည်းကောင်း ဖွံ့ဖြိုးရေး၏ ပဋိပက္ခပေါ် သက်ရောက်မှုများသည် ကျင့်သုံးသည့်မူဝါဒများ၊ လုပ်ငန်းအကောင်ထည်ဖော်နေသူများပေါ်တွင် မူတည်ပြီးဖြစ်ပေါ်လေ့ရှိသည်။
- **ဖွံ့ဖြိုးရေးနှင့်ဆက်စပ်နေသည့် ပြဿနာများအတွက် ဆွေးနွေးမှုများ အစဉ်တစိုက် ဆောင်ရွက်ခြင်း။** အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရပ်ရွာများသည် ပဋိပက္ခများကို ကျော်လွှန်ပြီး ဖွံ့ဖြိုးရေး ဆောင်ရွက်ပုံများနှင့် မူဝါဒများပေါ်တွင် သဘောတူညီမှုရရှိပါက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် ဖော်ပြထားသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးပေါ်တွင် ယုံကြည်မှုများ တည်ဆောက်နိုင်မည်၊ ပဋိပက္ခ ဒဏ်ခံနေရသည့် နေရာများမှ ပြည်သူများ၏ နေထိုင်မှု အဆင့်အတန်း တိုးတက်မှုကို ဦးတည်စေနိုင်မည်ဖြစ်သည်။
- **ရင်းနှီးမြုပ်နှံမှုများအတွက် အထူးသဖြင့် သဘာဝ သယံဇာတကဏ္ဍတွင် ပိုမိုကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများနှင့် စီခံခန့်ခွဲမှုများ ဖြစ်လာစေရန် ဦးစားပေးခြင်း။** တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်ခေါင်းဆောင်များ၊ ရပ်ရွာများနှင့်လက်တွဲပြီး ပဋိပက္ခဒဏ်ခံနေရသည့် နေရာများတွင် ဆောင်ရွက်နေသည့် သဘာဝ သယံဇာတ အသုံးချသည့် စီးပွားဖြစ်ရင်းနှီးမြုပ်နှံမှု (သတ္တုတွင်း၊ ရေအားလျှပ်စစ်ထုတ်ယူရန် ဆည်များ၊ စိုက်ပျိုးရေး နှင့် သစ်တောဆိုင်ရာ စီမံကိန်းများ) ပို၍ကောင်းမွန် လာစေရန် ဆောင်ရွက်ခြင်းကို ရင်းနှီးမြုပ်နှံမှုအသစ် ခေါ်ယူခြင်းထက် ပို၍ ဦးစားပေးကာ ဆောင်ရွက်သင့်သည်။

**ပဋိပက္ခဖြစ်နေသည့် နေရာများရှိ စီမံကိန်းများနှင့် ရင်းနှီးမြုပ်နှံမှုများမှ ရရှိလာသည့် အကျိုးအမြတ်များကို ဒေသခံများသို့ မျှဝေသုံးစွဲခြင်း**

- စီမံကိန်းအသစ်များသည် ပဋိပက္ခနေရာများမှ ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရန်။ ပြည်သူများတွင် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးကျေးဇူးများကို မြင်တွေ့ခံစားရမှ မကျေနပ်ချက်များပို၍မတိုးစေပဲ လျော့သွားအောင် ကိုင်တွယ်နိုင်ကာ အစိုးရပေါ်တွင် ယုံကြည်မှုရှိလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရရှိသည့် အကျိုးအမြတ်များကို ဒေသတွင် ပြန်လည်ဖြန့်ဝေပေးရန်အတွက် အစိုးရ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းသတ်မှတ်နိုင်သည်။ ပုဂ္ဂလိကလုပ်ငန်းများအတွက်လည်း မဖြစ်မနေ ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်ဟု သတ်မှတ်နိုင်သည်။
- အရွယ်အစားကြီးမားပြီး၊ သက်ရောက်မှုများနိုင်သည့် လုပ်ငန်းများကို သတိထား၍ ဆောင်ရွက်ရန်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် အားလုံး သဘောတူညီမှုရရှိနိုင်သည့် အခြေအနေရောက်သည်အထိ တိုးတက်မှုမရှိပါက အကြီးစားဆည်များနှင့် အခြားလုပ်ငန်းကြီးများကို နောက်ဆုတ်ထားရန် စဉ်းစားသင့်သည်။ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံ ပြည်သူများကြား ပြည့်ပြည့်စုံစုံ ဆွေးနွေးခြင်းဖြင့် သဘောတူညီချက် အောင်မြင်ရှေ့ဆက်နိုင်သည်ဆိုပါကလည်း ခိုင်မာသည့် ဆုံးရှုံးမှု ကာကွယ်သည့် အစီအစဉ်များ (safeguards) လိုအပ်နေဦးမည်ဖြစ်သည်။
- သယံဇာတခွဲဝေရေးအတွက် ကနဦးအဆင့်လုပ်ဆောင်မှုများ၊ ရှေ့ပြေး စမ်းသပ်လုပ်ငန်းများဖော်ထုတ်အကောင်အထည်ဖော်ခြင်း သယံဇာတထုတ်ယူသုံးစွဲမှုဆိုင်ရာ ရင်းနှီးမြုပ်နှံမှုများမှ အကျိုးအမြတ်များအား ဒေသခံ ပြည်သူလူထု၊ ထိုမှတဆင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် တနိုင်ငံလုံးဆိုင်ရာ အတွက် အကျိုးအမြတ်များ အသေအချာခံစားစေနိုင်ရန် နည်းလမ်းပေါင်းစုံဖော်ထုတ်သွားရမည်။ သဘာဝ သယံဇာတ ရင်းနှီးမြုပ်နှံမှုများသည် ဒေသခံရပ်ရွာများနှင့် ပြည်နယ်၊ တိုင်းဒေသ ကြီးများကို အကျိုးပြုနိုင်စေရန် ပုံစံအမျိုးမျိုးစမ်းသပ်သုံးစွဲရမည်။

- **ပြည်သူများ၏ဘဝကို ကြီးကြီးမားမား စွက်ဖက်ခြင်းမရှိပဲ တိုးတက်စေသည့် မူဝါဒများနှင့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်သွားရန်။** သက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို တိုးတက်စေသည့် အစီအစဉ်များဖြစ်သော ချေးငွေအလွယ်တကူရရှိစေရန် ဆောင်ရွက်ပေးခြင်း ရပ်ရွာသားများ ပါဝင်သည့် အသေးစား သို့မဟုတ် ဇဟိုချုပ်ကိုင်မှုလျှော့ချထားသည့် လုပ်ငန်း များ ဆောင်ရွက်ခြင်း။

နယ်မြေစိုးမိုးရေးပဋိပက္ခဖြစ်ရာဒေသများနှင့်လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများအသုံးပြုခြင်း

- **လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ဆွေးနွေးအကြံယူပြီး ငြိမ်းချမ်းရေးသဘော တူညီချက်များ နှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်သွားရန်။** တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အခြားခေါင်းဆောင်များ နှင့် ရွာများကို နိုင်ငံအဆင့်၊ သို့မဟုတ် ဒေသအဆင့် လုပ်ငန်း စီမံကိန်း ရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်းများတွင် ဖိတ်ခေါ်ပါဝင်လာစေရန်။ ယင်းကိစ္စအောင်မြင်ရန်မှာ အစိုးရဌာနများအတွင်း ချိတ်ဆက်ဆောင်ရွက်မှုများ လိုအပ်သည်။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့မှ ကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် လုပ်ငန်းတာဝန်များ ချမှတ်ပေးရာတွင် လမ်းညွှန်မှု ပေးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

- **နိုင်ငံအဆင့်လုပ်ငန်းများကို ပဋိပက္ခဒဏ်ခံနေရသည့်ဒေသများတွင် လိုက်လျောညီထွေ ဖြစ်အောင်ဆောင်ရွက်ခြင်း** - နိုင်ငံအဆင့် လုပ်ငန်းများ မစတင်မီ ဒေသခေါင်းဆောင်များ၊ ရပ်ရွာများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သဘောတူညီချက် ရယူသွားရန်။

- **ပြုပြင်ပြောင်းလွယ်ပြီး လုပ်ပိုင်ခွင့်ခွဲပေးသည့် နည်းလမ်းကို ပံ့ပိုးအားပေးသွားရန်။** ရပ်ရွာ အခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံယူခြင်း ကဲ့သို့သော ရှိပြီးသား ပြုပြင်ပြောင်းလွယ်သည့် လုပ်ငန်းဆောင်ရွက်ချက် (flexible initiatives) များပေါ်တွင် အခြေခံသွားရန်။ ပြည်ထောင်စု အဆင့်နှင့်ချိတ်ဆက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အာဏာပိုင်များသည် လုပ်ငန်းအချို့ကို တာဝန်ယူ ဆောင်ရွက်နိုင်သည်။

- **ဝန်ဆောင်မှုပေးသူ အသီးသီးအား အသိအမှတ်ပြုသွားရန်။** တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများသည် ကိုယ်ပိုင်လုပ်ပိုင်ခွင့်အချို့ ဆက်လက်ရယူပြီး အခြားနိုင်ငံများတွင် လက်ခံကျင့်သုံးနေသကဲ့သို့ နိုင်ငံစနစ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်ပါဝင်နိုင်ပါသည်။ နှစ်ဖက်သဘောတူ ထားသည့် အဆင့်များကို တဆင့်ခြင်းသဘောတူဆောင်ရွက်ခြင်းဖြင့် မတူညီသည့် ဝန်ဆောင်မှုပေးသူများကြား ဟန်ချက်ညီ၊ အပြန်အလှန် ပူးပေါင်းခြင်းများကို အားကောင်းစေသည့် လုပ်ငန်းများစီစဉ်သွားရန်။

အလှူရှင်များ၏ ပံ့ပိုးမှုကို  ငြိမ်းချမ်းရေး ခိုင်မာအောင်ဆောင်ရွက်ရာတွင် အသုံးချသွားရန်။

- **ဖွံ့ဖြိုးရေး၊  ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမူဝါဒများနှင့် လုပ်ငန်းများအတွက် နိုင်ငံတကာမှ နည်းပညာ အထောက်အပံ့များပေါ်တွင် အခြေခံသွားရန်။** နိုင်ငံအဆင့်ချဉ်းကပ်ပုံများနှင့် ပြည်နယ်အဆင့် လုပ်ငန်းအကောင်အထည်ဖော်မှုများသည် ငြိမ်းချမ်းရေးတည်ဆောက်ရန် အားထုတ်နေမှုကို အမှန်တကယ်ပံ့ပိုးပေးနိုင်ရန်    အစိုးရ အဖွဲ့ များသည် ပံ့ပိုးမှု အကူအညီများကို အသုံးချနိုင်သည်။ အခြားနိုင်ငံများမှ လုပ်ပုံကိုင်ပုံများကို အတုယူပြီးလည်း ဆောင်ရွက်နိုင်သည်။ထိရောက်မှု၊ လုပ်ငန်းတွင်ကျယ်မှု တိုးတက်စေရန် နည်းအမျိုးမျိုးရှိသည့်အနက် ခရီးသွားလာခွင့်နှင့် ပတ်သက်ပြီး ကျိုးကြောင်းဆီလျော်သည့် စနစ်တစ်ခုသည် နိုင်ငံတကာ အထောက်အပံ့ ပေးသည့်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုကို ပို၍ထိရောက်စေမည်ဖြစ်သည်။

- **နိုင်ငံတကာမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြတ်သန်းမှုများကို လေ့လာအတုယူခြင်း။** ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းကောင်းများ တိုးတက်ဖြစ်ပေါ်စေရန် နိုင်ငံတကာ နည်းပညာ ပံ့ပိုးမှုများနှင့် ရန်ပုံငွေများ ဆက်လက် ပေးအပ်နိုင်သည်။ ငြိမ်းချမ်းရေးအထောက်အကူဖြစ်စေရန် နိုင်ငံတကာ၏ အထောက်အပံ့များသုံးစွဲသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ တန်းတူညီမျှပါဝင်မှု မှန်မှန်ကန်ကန် ဖြစ်ပေါ်ရန် လိုအပ်သည်။



## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

**ပဋိပက္ခအခြေအနေများကို ကျော်လွှန်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်။**



- **နိုင်ငံအဆင့်၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အစီအစဉ်များတွင် ပါဝင်အကြံပေးသွားရန်။** အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် မူဝါဒကြီးများ၊ လုပ်ငန်း အစီအစဉ်ကြီးများတွင် ပြည်နယ်အဆင့်အစုအဖွဲ့များနှင့် ဆွေးနွေးအကြံယူခြင်းကို တိုးမြင့် ဆောင်ရွက်လာကြသည်။ အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒေသနှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းလမ်းများ ဖော်ထုတ်ကျင့်သုံးခြင်း၊ ပဋိပက္ခ ပြဿနာများမှ ယဉ်ကျေးမှု နှင့် ဘာသာ စကားဆိုင်ရာ ပြဿနာများထိ ဒေသခံများလိုအပ်ချက်များကို အရေးတယူဆောင်ရွက် ပေးခြင်းသည် နိုင်ငံအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေနိုင်သည်။ အချို့သော ဆုံးဖြတ်ချက်ချသည့် ကိစ္စများကို ပြည်နယ် အဆင့်သို့ ခွဲဝေပေးသည့် တနိုင်ငံလုံးတွင် ကျင့်သုံးနိုင်သည့် အစီအမံများ ပေါ်ပေါက်လာရန် တိုက်တွန်းသွားရန်။
- **ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော နည်းလမ်းများကို ရှာဖွေသွားရန်။** အုပ်ချုပ်ရေးဌာနခွဲများရှိသည့် တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် ပူးတွဲ စီမံကိန်းများနှင့် အစီအစဉ်များကို  ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ ရှာဖွေသင့်သည်။ ပဋိပက္ခအခင်းအကျင်းများ၌ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ လုပ်ကိုင်ရာတွင် ယုံကြည်မှုတည်ဆောက်နိုင်ရန် ရည်ရွယ်ထားရမည်။ ဥပမာ ရှိနှင့်ပြီးသား ဝန်ဆောင်မှုပေးသူများကို သေးသိမ်အောင် ဆောင်ရွက်ခြင်းမျိုးမဟုတ်ပဲ ဝန်ဆောင်မှုပေးခြင်း
- **တူညီသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များ၌ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများ ရယူသွားရန်။** တိုင်းရင်းသားအဖွဲ့အစည်းများတွင်လည်း ၎င်းတို့၏ အခြေခံမှုများရှိသည် သို့သော်လည်း အခြေခံ ဖွံ့ဖြိုးရေး ကိစ္စများတွင် အစိုးရနှင့် တူညီသည့် သဘောထားများရှိသည်။ ဥပမာ ကျောင်းအပ်နှံမှုနှုန်းမြှင့်တင်ခြင်း၊ မြန်မာနိုင်ငံသားများ၏ ဝင်ငွေတိုးမြင့်အောင် ဆောင်ရွက်ခြင်း ကိစ္စများ

**ပဋိပက္ခမဖြစ်အောင် ရှောင်ကျဉ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ အလေးထားအသုံးပြုခြင်း။**

- **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း ကိစ္စရပ်များတွင် သင့်တင့်လျောက်ပတ်သော  ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဒေသခံရပ်ရွာများနှင့် ဆွေးနွေးအကြံယူသွားရန်။** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆိုင်သည့် မူဝါဒ ပြဿနာများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များအတွက် ကွဲပြားနေသည့် သဘောထားအမျိုးမျိုးကို ဖော်ထုတ်သွားရန်။ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်။ ရင်းနှီးမြုပ်နှံမှု အသစ် သို့မဟုတ် အကြီးစား စီမံကိန်းများအတွက် သတင်းအချက်အလက်မျှဝေခြင်း၊ ဆွေးနွေးခြင်းများ အပြန်အလှန် ဆောင်ရွက်ခြင်းကို မြှင့်တင်ဆောင်ရွက်သွားရန်။
- **အခြေခံလိုအပ်ချက်များနှင့် သက်မွေးဝမ်းကျောင်းမှုကို ဦးစားပေးသွားရန်။** ပြည်သူများ၏ အခြေခံ လိုအပ်ချက်များဖြေရှင်းရန် ဝန်ဆောင်မှုပေးသူများ (service providers) လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အားပေးသွားရန်။ ကျေးလက်စီးပွားရေး နှင့် အလုပ်အကိုင် ဖန်တီးမှုကို အားပေးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား အမြင်ဖွင့်အား ပေးသွားရန်။
- **ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေသည့် အစိုးရနှင့် အလှူရှင်များ၏ ဆောင်ရွက်မှုကို အားပေးသွားရန်။** ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆောင်ရွက်မှုများသည် ဆွေးနွေးအကြံယူရန် သဘောတူညီချက်ကဲ့သို့သော အပစ်အခတ်ရပ်စဲရေး သတ်မှတ်ချက်များနှင့် အတိုက်အခံ မဖြစ်စေရန် သတိထားဆောင်ရွက်သွားရန်။ လုပ်ငန်းဆောင်ရွက်ပုံကောင်းများ မြှင့်တင်ရာတွင် အသုံးဝင်နိုင်ဖွယ်ရှိသည့် လမ်းကြောင်းများမှာ ယာယီ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အင်စတီကျူးရှင်းများ ဖွဲ့စည်းခြင်း၊ အလှူရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်း၊ လွှတ်တော်အတွင်း ဆွေးနွေးခြင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ တိုက်တွန်းမှု သို့မဟုတ် မူဝါဒပိုင်း လက်တွဲဆောင်ရွက်မှုများပါဝင်သည်။
- **ရေရှည်သဘောဆောင်သည့် ရင်းနှီးမြုပ်နှံမှုနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုကို တိုးတက်အောင် အားပေးလုပ်ဆောင်သွားရန်။** အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း စီးပွားရေးသမားများနှင့် အခြားသော အစုအဖွဲ့များသည်  ဒေသခံပြည်သူများအတွက် အကျိုးမရှိစေသည့် သယံဇာတများ တူးဖော်ခြင်း သို့မဟုတ် ကုန်သွယ်မှု လမ်းကြောင်းများ ဖွင့်လှစ်ဆောင်ရွက်ရန် အခွင့်အလမ်းများ ပေါ်ထွက်လာလေ့ရှိသည်။လုပ်ငန်း ဆောင်ရွက်မှုများသည် သက်မွေးဝမ်းကျောင်းမှုများကို မထိခိုက်စေပဲ ဒေသခံများနှင့် ရပ်ရွာများပေါ်တွင် အကျိုးရှိစေရန် အလေးအနက် ဆောင်ရွက်ရမည်ဖြစ်သည်။ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုနှင့် ရေရှည် စီးပွားရေး လုပ်ငန်း ဆောင်ရွက်မှုများအတွက် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများထံမှ နည်းပညာ ပံ့ပိုးမှုများ ရယူသွားရန်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မဟာဗျူဟာကျကျ ချိတ်ဆက်ပါဝင်လုပ်ဆောင်နိုင်ရန် ချဉ်းကပ်ပုံ နည်းလမ်းများကို အဆင့်မြှင့်တင်သွားရန်။**

- **ရန်ပုံငွေနှင့် နည်းပညာပိုင်း ပံ့ပိုးမှုများ စီမံခန့်ခွဲရန်ရန် နည်းလမ်းများဖော်ထုတ်သွားရန်။** နည်းပညာပိုင်း ဆိုင်ရာ ပံ့ပိုးမှုများကို ရရှိရန်နှင့် မဟာဗျူဟာကျကျ စီမံခန့် ခွဲ နိုင်ရန် အထောက်အပံ့စုရပ်များ (support hubs) ကဲ့သို့ အဖွဲ့အစည်းဆိုင်ရာ ယန္တယားများ ဖွဲ့စည်းသွားရန်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ညှိနှိုင်းသူများ၏ စွမ်းရည် တိုးတက်လာစေရန် ကောင်းမွန်ထိရောက်မှုရှိသော လုပ်ငန်းအစီအစဉ်များ ရေးဆွဲသွားရန်။ ဘဏ္ဍာရေး အထောက်အပံ့ များကို ပွင့်လင်းမြင်သာမှု ရှိစွာ စီမံခန့်ခွဲနိုင်ရန် အုပ်ချုပ်မှု ဖွဲ့စည်းပုံများ ရေးဆွဲပြုစုသွားရန်။
- **ဖွံ့ဖြိုးရေးပြဿနာများ အကြောင်း သိရှိရန်နှင့် နားလည်နိုင်ရန် ဆောင်ရွက်သွားရန်။** မြေစိုးမိုးရေးပဋိပက္ခဖြစ်ပွားနေသည့် နေရာတစ်ခုစီ တိုင်းအတွက် မတူညီသည့် ချဉ်းကပ်ပုံများ လိုအပ်သည်။လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းကောင်းများကိုလည်းကောင်း၊ ပဋိပက္ခကို ဦးတည်စေ

နိုင်ချေများသော ဖွံ့ဖြိုးမှု လုပ်ငန်းများ၏ ဆိုးကျိုးများကိုလည်းကောင်း စသည်တို့နှင့် စပ်လျဉ်း၍ အစိုးရ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ရန် နည်းလမ်းများကိုရှာဖွေ လေ့လာ၊ အကြံဉာဏ်များ ရယူသွားရန်။

- **မြန်မာနိုင်ငံ၏ အနာဂတ်လုံခြုံရေးကဏ္ဍအတွက် နိုင်ငံတကာ အကြံပေးမှုရယူသွားရန်။** လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ လက်နက်ဖြုတ်သိမ်းခြင်း တပ်ဖွဲ့ဖျက်သိမ်းခြင်းနှင့် ပြန်လည် ပေါင်းစည်းခြင်းကိစ္စများအတွက် နိုင်ငံတကာဖြစ်စဉ်အများအပြားရှိသည်။ ယင်းကိစ္စသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် အရေးကြီးပြီး ခက်ခက်ခဲခဲ ညှိနှိုင်းရမည့် ကိစ္စတစ်ခုဖြစ်သည်။ မူဝါဒရပ်တည်ချက်များရေးဆွဲရန်၊ စစ်သားအများအပြား မလိုတော့သည့် အေးချမ်းသည့် အနာဂတ်သို့ ဦးတည်သည့် လုပ်ငန်းများဂရုတစိုက်ဆောင်ရွက်ရာ တွင် ပံ့ပိုးမှုများ ရှာဖွေရယူသွားရမည် ဖြစ်သည်။

အနာဂတ်ပြုပြင်ပြောင်းလဲမှုများနှင့် အုပ်ချုပ်မှုကဏ္ဍများအတွက် ပြင်ဆင်သွားခြင်း။

- **ဒေသတွင်းအရေးပါသည့် ဦးဆောင်မှုကဏ္ဍရယူထားသည့် နိုင်ငံရေး အစုအဖွဲ့တစ်ခု ဖြစ်လာရန် ပြင်ဆင်သွားရန်။** ပုံမှန်အားဖြင့် နယ်မြေ စိုးမိုးရေး ပဋိပက္ခများ အောင်မြင်စွာ ဖြေရှင်းရာတွင်  လက်နက်ကိုင်အစုအဖွဲ့များက နိုင်ငံရေးအစုအဖွဲ့များအဖြစ် ပြောင်းလဲသွားသည့် ဖြစ်စဉ်ပါဝင်လေ့ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုတွင် ၎င်းတို့၏ ကိုယ်ပိုင် အုပ်ချုပ်ရေးများရှိနေသည်ဖြစ်သောကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ ဖွဲ့စည်းပုံများသည် အနာဂတ် ပဋိပက္ခလွန် အခြေအနေ အထူးသဖြင့် အာဏာရောယှက်နေသည့် နယ်မြေ သို့မဟုတ် အစိုးရက အများစု ထိန်းချုပ်ထားသည့်နယ်မြေများတွင် အလွန်အရေးကြီးသည့် ကိစ္စတစ်ခုဖြစ်လာနိုင်သည်။ အုပ်ချုပ်မှုပုံစံမူဝါဒချမှတ်ခြင်း စွမ်းရည်များ တိုးတက်လာစေရန် နည်းပညာ အထောက်အပံ့များ ရှာဖွေရယူသွားရန်။
- ပြည်နယ်အဆင့် အုပ်ချုပ်မှုစနစ် နှင့် ဖက်ဒရယ်ဝါဒ တည်ဆောက်ရေး ရည်မှန်းချက်များ ဖြစ်ပေါ်လာစေရန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အသုံးချသွားရန်။ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ရွေးချယ်ခံများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အောက်ခြေကျေးရွာအဆင့် ထိပါဝင်သော ဒေသခံအစိုးရသည် ပြည်သူများပေါ် တာဝန်ခံမှုမြင့်တက်လာစေရန်  တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ညှိနှိုင်းဆွေးနွေးပွဲအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင် ဖြစ်စေ နည်းလမ်းရှာဆောင်ရွက်ပေး နိုင်သည်။ ဆုံးဖြတ်ချက်ချသည့် လုပ်ပိုင်ခွင့်များ အောက်ခြေ သို့ခွဲပေးနိုင်ရန်၊ စီးပွားရေး မူဝါဒများ၊ ဝန်ဆောင်မှုဆောင်ရွက်ပေးမှုများ ဒေသတွင်းအခြေခံအဆောက်အဦများဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ပေးခြင်းနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုများ တိုးတက်ကောင်းမွန်လာစေရန် အားပေးသည့် ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲသွားရန်။

## အလှူရှင်များသို့အကြံပြုချက်



**လာမည့် ဆယ်စုနှစ်များအထိ မြန်မာနိုင်ငံ၏ ဖွံ့ ဖြိုးရေးအဝန်းအဝိုင်းတွင် ပဋိပက္ခနှင့် လက်ရှိ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများအတွက်  ရည်ရွယ်သည့် လုပ်ငန်းအစီအစဉ်များသည် အဓိကနေရာတွင် ရှိနေမည်ဖြစ်သည်။**

- ငြိမ်းချမ်းရေးကို ပံ့ပိုးပေးရန် ရေရှည်စိတ်ပိုင်းဖြတ်ဆောင်ရွက်မှုကို ထိန်းသိမ်းထားရမည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပဋိပက္ခရှောင်ရှား၍ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်းကို  နှစ်ရှည်ဆောင်ရွက်နိုင်ရန် အလှူရှင်များအနေနှင့် ပြင်ဆင်ထားသင့်သည်။ ပဋိပက္ခ အခင်း အကျင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရှောင်လွှဲမရသည့် မမျှော်လင့်သော အပြောင်းအလဲများကြောင့် လိုက်လျောညီထွေဆောင်ရွက်မှု၊ အခြေအနေလိုက် တုန့်ပြန်မှုကို ဆက်လက် ထိန်းသိမ်းထားရန်လိုအပ်သည်။
- **ရှုပ်ထွေးသည့် အုပ်ချုပ်မှုစနစ်များ ဆက်လက်ရှိနေမည်ကို အသိအမှတ်ပြုရမည်။** အာဏာစီးဆင်းမှု ရောထွေးနေသည့် သို့မဟုတ် နှစ်မျိုးထပ်နေသည့် ဒေသအပါအဝင် အုပ်ချုပ်မှုပုံစံ ရှုပ်ထွေးသည့် နေရာများတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် အေဂျင်စီများ အနေဖြင့် ပြင်ဆင်ထားသင့်သည်။ မြန်မာနိုင်ငံအချုပ်အချာ၏ အဓိကအခန်းကဏ္ဍ၌ အစိုးရသည် ဆက်လက်ရှိနေမည်ဖြစ်သော်လည်း အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်ဘက်၊ စစ်ဘက် စွမ်းရည်များရှိပြီး၊ ၎င်းတို့ ဩဇာလွှမ်းမိုးသည့် ဒေသများတွင် တရားဝင်လက်ခံထားမှု ခိုင်ခိုင်မာမာရှိသည်ကို အလှူရှင်များက အသိအမှတ်ပြုရမည်။
- **အပစ်အခတ်ရပ်စဲရေးကာလအတွင်း လုပ်ငန်းများပံ့ပိုးသည်ဆိုပါက သတိထားရန်၊** မှန်မှန် ကန်ကန် ရွေးချယ်ဆောင်ရွက်ရန်လိုအပ်သည်။ အပစ်အခတ်ရပ်စဲရေးများကြောင့် ပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာပြီး ဆွေးနွေးအကြံယူဆောင်ရွက်ခြင်းများ တိုးတက်လာ၍ ငြိမ်းချမ်းရေးတိုးတက်မှုအတွက် အခြေခံကောင်းများကို ဖြစ်စေပါသည်။ သို့သော်လည်း အဖွဲ့ အားလုံးလက်ခံသည့် လုပ်ငန်းများဖြစ်ရန်၊ လက်နက်ကိုင်အဖွဲ့များ၏ လုံခြုံရေး ရည်မှန်းချက် များကို အားပေးသည့် လုပ်ငန်းများမဖြစ်စေရန် အလှူရှင်များက သတိထားရမည်။ ထိုသို့သတိထားခြင်းဆိုရာတွင် အချို့သောနယ်မြေများကို ရှောင်ရှားလုပ်ကိုင်ခြင်းကို ဆိုလိုနိုင်သည်။

နိုင်ငံအဆင့်လုပ်ငန်းစီမံကိန်းများပေါ်တွင် ပဋိပက္ခရှောင်ရှားသည့် နည်းလမ်းများပေါင်းစပ်ခြင်း

- **ပဋိပက္ခများ မကြီးလာမီ ဖြေရှင်းရမည်။** ဖွံ့ဖြိုးရေးသည် ငြိမ်းချမ်းရေးကို မဖြစ်စေ နိုင်သည်ကို အသိအမှတ်ပြုထားရမည်ဖြစ်ပြီး အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းစဉ် အစော ပိုင်းတွင် အထောက်အပံ့အစီအစဉ်များ၏ ပဋိပက္ခပေါ် သက်ရောက်နိုင်ချေများကို ထည့်သွင်း စဉ်းစားရမည်။ နိုင်ငံရှိ အတိုက်အခံမြို့နယ် ၁၁၈ တွင် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစီအစဉ်များအနေဖြင့် နယ်မြေစိုးမိုးရေးပဋိပက္ခနှင့် ဆိုင်သည့် ကိစ္စများကို ချင့်ချိန်ရန် လို အပ်သကဲ့သို့ နိုင်ငံအဆင့်ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့်လည်း ယင်းကိစ္စကို ဆင်ခြင်ရန်လိုသည်။ ဆိုလိုသည် မှာ နယ်မြေစိုးမိုးရေးပဋိပက္ခကို ဖြစ်ပွားစေသည့် အဓိက အခြေအနေများကို အလှူရှင် များ၏ ပံ့ပိုးမှုများ က မည်သို့ သက်ရောက်မှုရှိမည်ကို ဆန်းစစ်ရန်ဖြစ်သည်။
- **နိုင်ငံအခြေအနေနှင့် မဟာဗျူဟာများ လိုက်လျောညီထွေဆောင်ရွက်ခြင်း။** ဥပမာ - မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုကို ကြီးထွားစေသည့် သို့မဟုတ် ဒေသခံပြည်သူများအတွက် ခိုင်မာသည့် အကျိုးအမြတ် အနည်းငယ်သာရှိသည့်  ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့  မကျေနပ်မှုများကို တိုးပွားစေသော၊ ပဋိပက္ခသံသရာကို ရှည်ကြာစေသော ဖွံ့ဖြိုးရေးပုံစံများကို ရှောင်ရှားရန်လိုသည်။

- **ဆွေးနွေးအကြံယူခြင်းနှင့် ညှိနှိုင်းဆက်ဆံခြင်းကို အလေးပေးဆောင်ရွက်ခြင်း။** စီမံကိန်း ရေးဆွဲခြင်း၊ မူဝါဒ ပြုစုခြင်းများတွင် မြန်မာနိုင်ငံအစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်းအပြင် အခြားသူ များကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာအောင် ဆောင်ရွက်ရန် အရေးကြီးသည်။ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ၎င်းတို့ထိန်းချုပ်ဒေသတွင် ၎င်းတို့နှင့် ညှိနှိုင်းဆက်ဆံရန်လည်းအရေးကြီးသည်။ သို့သော်လည်း ၎င်းတို့သည် လူထုကို အပြည့်အဝကိုယ်စားမပြုနိုင်သည်ဖြစ်သောကြောင့် ဆွေးနွေးညှိနှိုင်း မှုများပြုလုပ်ရာတွင် ၎င်းတို့ထက် ကျော်လွန်၍ အခြားအစုအဖွဲ့များနှင့်ဆောင်ရွက်ရန်လည်း အရေးကြီးသည်။ ဒေသတွင်း တုန့်ပြန်အကြံပေးချက်များ လက်ခံရန် ပြင်ဆင်မှုများ ပြုလုပ်ထားရမည်။
- **လူသားချင်းစာနာမှု အထောက်အပံ့များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တိုးတက်မှုကို အမှန်တကယ်ပံ့ပိုးပေးနိုင်ရမည်။** အချို့သော ပဋိပက္ခဒဏ် ခံနေရာများတွင် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များ ရှိနေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည်။ လုပ်ငန်းအစီအစဉ်များသည် ရည်ရွယ်ထားခြင်းမရှိပဲ ဒေသခံများ၏ မကျေနပ်ချက်များကို လှုံ့ဆော်ပေးမှု မျိုးမဖြစ်စေရန် ငွေကြေးအလှူရှင်များ၊ အကောင်အထည်ဖော်သူများသည် ပဋိပက္ခပေါ် သက်ရောက်နိုင်မှုများ နှင့် ဆက်စပ်ပေါ်ပေါက် လာနိုင်သည့် နိုင်ငံရေး ဂယက်များကို ချင့်ချိန်ပြီး ဆောင်ရွက်ရမည်။
- **လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်လျောညီထွေဖြစ်ရန်အတွက် ရွေးချယ်စရာ အမျိုးမျိုး ပုံစံအမျိုးမျိုးပြင်ဆင်ထားပြီး ဗဟိုချုပ်ကိုင်မှုလျော့ချသည့် ချဉ်းကပ်ပုံဖြင့် အကောင်အထည်ဖော်ရမည်။** သမာရိုးကျအသုံးပြုသည့် ပဋိပက္ခဆင်ခြင်ရှောင်ရှားသည့် ချဉ်းကပ်ပုံများ အပြင် အခြားသော ပုံစံအမျိုးမျိုး အသုံးပြုလျက် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် အစိုးရနှင့် ပူးပေါင်း အကောင်အထည်ဖော်သည့် လုပ်ငန်းများအပါအဝင် အခြားသော လုပ်ငန်းအစီအစဉ်များကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်သည်။ ဗဟို ချုပ်ကိုင်မှု လျော့ချသည့် ချဉ်းကပ်ပုံသည် ကွဲပြားနေသည့် အခြေအနေမျိုးတွင် ပြောင်းလွယ် ပြင်နိုင်သည့် တုန့်ပြန်မှုများကို ဖြစ်ပေါ်စေသည်။ ပဋိပက္ခ ဒဏ်ခံနေရသည့် နေရာများမှ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရည်ရွယ်ပြုစုထားသည့် နည်းလမ်းများ၊ သင်တန်းများနှင့် လမ်းညွှန်ချက်များကို မြန်မာနိုင်ငံ၏ ထူးခြားသည့် အခင်းအကျင်းတွင် အသုံးပြုနိုင်သည်။ ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် ဆွေးနွေးညှိနှိုင်းမှု သက်တမ်း ကြာလာပါက မည်သည့်အရာက အလုပ်ဖြစ်သည်၊ မည်သည့်ကိစ္စက ပြဿနာဖြစ်နိုင်သည်ကို အတွေ့အကြုံများအရ သိရှိနိုင်သည်။

ပဋိပက္ခဒဏ်ခံနေရသည့်နေရာများသည် ကွဲပြားသည့် ချဉ်းကပ်ပုံများ ဆက်လက်လိုအပ်နေဦးမည်ကို အသိအမှတ်ပြုရမည်။

- **သီးသန့်ဖွဲ့စည်းပုံဖြင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းသည် ဆက်လက် အရေးပါနေမည်။** တနိုင်ငံလုံးကျင့်သုံးနေသည့် လုပ်ငန်းယန္တယားများကို အပြောင်းအလဲ အနည်းငယ်လုပ် ထားခြင်းပေါ် တွင် အလှူရှင်များအနေဖြင့် အားထား၍မရပါ။ ဆင်းရဲမွဲတေမှုနှုန်းမြင့်နေလေ့ရှိသော သက်ရောက်မှုကြီးမားခဲ့သည့် အချို့သောဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ဝန်ဆောင်မှု ပေးသူများသည် ဝန်ဆောင်မှုများကို အကောင်းဆုံးပေးနိုင်သည်ဟု ဆိုနိုင်သည်။ အလှူရှင်များအနေဖြင့် နိုင်ငံ အဆင့် လမ်းကြောင်းတစ်ခုတည်းမှ ဆောင်ရွက်ခြင်းမဟုတ်ပဲ ယင်းဖြစ်နိုင်ချေ လမ်းကြောင်း အတွက်လည်း လမ်းဖွင့်ပေးထားရမည်ဖြစ်သည်။ လုပ်ငန်းဆက်စပ် ကုန်ကျစရိတ်များ အတွက်မှု မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသော ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက် သည့်အခါ ရှောင်လွှဲမရပဲ ရင်ဆိုင်ရမည့် ကိစ္စတစ်ခုအဖြစ် လက်ခံထားရမည်။
- **ပဋိပက္ခဖြစ်ပွားနေသည့် ကာလအတွင်း ဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် ပူးပေါင်း ဆောင်ရွက်မှုများ တွင်ကျယ်အောင် ဆောင်ရွက်ခြင်း။** အထောက်အပံ့များသည် လုပ်ငန်းတစ်ခုချင်းစီ နှင့် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်ကြား ကာလရှည်ပူးပေါင်းဆောင်ရွက်မှုများကို အထောက် အပံ့ ပေးနိုင်သည်။ အစီအစဉ်များသည် နှစ်ဖက်လက်ခံထားမှုမရှိသည့် ပူးပေါင်းရေး ရည်မှန်းချက်သို့ (convergence objectives) အတင်းသွတ်သွင်းခြင်း သို့မဟုတ် ရှိပြီးသား ပူးပေါင်းဆောင်ရွက်သည့် အလေ့အထများ၊ နားလည်မှုနှင့် ခွင့်ပြုချက်များကို ထိခိုက် စေမည့် ကိစ္စမျိုးကို ရှောင်ရှားရမည်။
- **လုပ်ငန်းအကောင်အထည်ဖော်ရာတွင်ကိုယ်စားပြုသူအမျိုးမျိုးနှင့် ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ၎င်းတို့၏ အမြင်သဘောထားများရယူရန် လိုအပ်သည်။** အစိုးရ အားလည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်းကောင်းဒေသခံ လူထုကို အပြည့်အဝကိုယ်စားပြုသည်ဟု ယူဆမရသည့် နေရာများစွာရှိသည်။ အာဏာပိုင်များနှင့် ဆက်ဆံရေး များ သည်လည်း တရွာနှင့် တရွာကွဲပြားနိုင်သည်။ စီမံကိန်းကို ပြည်သူများက တရားဝင် လက်ခံနိုင်ရန်မှာ အုပ်ချုပ်နေသည့် အာဏာပိုင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ဘာသာရေး အင်စတီကျူးရှင်းနှင့် အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် ဒေသအဆင့် အစုအဖွဲ့အမျိုးမျိုးနှင့် နားလည်မှုရှိရန်၊ ဆက်ဆံရေး တည်ဆောက်ထားရန်လိုသည်။ ယင်းသည် အချိန်ကုန်၊ ခက်ခဲသော အလုပ် ဖြစ်သော်လည်းထိရောက်မှုရှိပြီး ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေသည့် စီမံကိန်းမျိုးကို လိုလားသည် ဆိုပါက မဖြစ်မနေ ဆောင်ရွက်ရန် လိုသည်။

မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်ကို ပံ့ပိုးခြင်း

- ဖက်ဒရယ်ဝါဒအခြေခံ အုတ်မြစ်ချနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးတွင် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းကို အားပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများ ပြေလည်ရန်အတွက် နိုင်ငံအဆင့်အပြောင်းအလဲများ လိုအပ်သကဲ့သို့ အတိုက်အခံဒေသတွင်လည်း ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်သည်။ ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းကို သီးသန့် နည်းပညာ အထောက်အပံ့ပေးသည့် လုပ်ငန်းများနှင့် ပံ့ပိုးပေးနိုင်သည့်ပြင် ကဏ္ဍအလိုက် (ဗဟိုထိန်းချုပ်မှုဖြင့်ဆောင်ရွက်သည့်လုပ်ငန်း) အစီအစဉ်များတွင် ဗဟိုချုပ်ကိုင်မှု လျော့ချရေး ဆောင်ရွက်ခြင်းဖြင့်လည်းဆောင်ရွက်နိုင်သည်။ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်ကို အားကောင်းစေသည့် လှုပ်ရှားမှုများသည် အနာဂတ်တွင် ပို၍ပြည့်စုံသည့် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းကို ဖြစ်ပေါ်စေနိုင်သည်။
- အားလုံးပါဝင်သည့် အသိုင်းအဝိုင်းဖြစ်လာစေရန်အတွက် ကဏ္ဍအသီးသီးတွင် နိုင်ငံရှိ လူမျိုးများ၊ ဘာသာစကား၊ ယဉ်ကျေးမှု အမျိုးအစားစုံလင်မှုများကို အသိအမှတ်ပြုခြင်း ဖြင့် မြှင့်တင်ဆောင်ရွက်ခြင်း။ အတိအကျဆိုရလျှင် အစိုးရအင်စတီကျူးရှင်းများနှင့် ဝန်ဆောင်မှုများတွင် လူနည်းစုဘာသာစကားများ အသုံးပြုနိုင်ရန်၊ ကွဲပြားနေသည့် လက္ခဏာများ အားလုံးကိုယ်စားပြုနိုင်ရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေခြင်းကို ပံ့ပိုးပေးရမည်။ ယင်းသို့ ဆောင်ရွက်မှုသည် နိုင်ငံတော်နှင့် ကာလရှည်ကြာ ခွဲခြားခံထားရသည့် တိုင်းရင်းသား အသိုင်းအဝိုင်းကြား ယုံကြည်မှု များ အားကောင်းစေရန် အရေးကြီးသည့် လုပ်ဆောင်မှုများဖြစ်သည်။

သိရှိနားလည်မှုနယ်ပယ်ချဲ့ထွင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ခြင်း

- **ချဉ်းကပ်ပုံများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပဋိပက္ခကြားချိတ်ဆက်မှုများကို ရှင်းလင်းစွာနားလည်မှု ပေါ်တွင် အခြေခံသင့်သည်။** အထောက်အပံ့ပေးသည့် အဖွဲ့များ အထူးသဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုကို ဖောက်ချဆောင်ရွက်မှုမရှိသည့်အဖွဲ့များ၏ လုပ်ငန်းများတွင် ဖွံ့ဖြိုးရေးနှင့် ပဋိပက္ခများကြား ဆက်နွယ်မှုနှင့်ပတ်သက်သည့် လက်တွေ့ကျကျ အတွေးအမြင်များကို ထည့်သွင်းပေါင်းစပ်နိုင်ရန်လိုအပ်သည်။ ၎င်းတို့၏ လုပ်ငန်းသည် ငြိမ်းချမ်းရေးကို မည်သို့ အထောက်အပံ့ဖြစ်စေသည် သို့မဟုတ် ဆိုးကျိုးဖြစ်စေသည်ကို နားလည် သဘောပေါက်ကြရန် လိုအပ်သည်။
- **နယ်မြေစိုးမိုးရေး ပဋိပက္ခဖြစ်ပေါ်နေသည့် နေရာများမှ ရှုပ်ထွေးသည့် နိုင်ငံရေးအခင်းအကျင်းများကို နားလည်ခြင်း။** ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ အာဏာဆင်းသက် ပုံအခင်းအကျင်းကို အများသောအားဖြင့် မပြည့်မစုံသာ နားလည်ထားကြသည်။ လက်နက်ကိုင်အဖွဲ့များ၏ ဩဇာသည် တရားမဝင် စီးပွားရေးနှင့် ကုန်သွယ်ရေး အပါအဝင် ဒေသတွင်းနိုင်ငံရေး၊ စီးပွားရေး လှုပ်ရှားမှုများပေါ်တွင် လွှမ်းမိုးမှုရှိနေသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် နှင့် အနာဂတ်ငြိမ်းချမ်းရေး စာချုပ်များတွင် သတ်မှတ်ဖွယ်ရှိသည့် နိုင်ငံရေး အခင်းအကျင်းများ ကိုပုံဖော်နိုင်ရန် ပို၍ပြည့်စုံသည့် အသိအမြင်များကို လေ့လာစုဆောင်း၊ မျှဝေရန်လိုသည်။
- **ကဏ္ဍ သို့မဟုတ် လုပ်ငန်းအမျိုးအစားများကို ရွေးချယ်၍သုံးသပ်မှုပြုလုပ်ခြင်းကို ပံ့ပိုးရမည်။** မည်ကဲ့သို့သော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ချဉ်းကပ်ပုံများက အလုပ်ဖြစ် သည်၊ မည်သည့် လုပ်ငန်းဆောင်ရွက်မှုက ထိရောက်မှု အားနည်းသည် နှင့်ပတ်သက်ပြီး ဘုံနားလည်မှုတိုးလာရန် ဆောင်ရွက်သည့် သုံးသပ်မှု များတွင် ပံ့ပိုးပေးရန် နှင့် ရလဒ်များကို မျှဝေရန် လိုအပ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဂျန်ဒါ ကိစ္စကို မျှမျှတတ ထည့်သွင်းစဉ်းစားမှုများပါဝင် နှင့် တွေ့ရှိချက်များကို ခွဲခြားသတ်မှတ်နိုင်ရန် ပံ့ပိုးပေးရမည်။
- **စီမံကိန်းအတွင်း နားလည်မှုတည်ဆောက်ခြင်း။** စီမံကိန်းဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများကြား လုပ်ငန်းဆောင်ရွက်မှု အခင်းအကျင်း ပေါ်တွင် နားလည်မှုရှိစေရန် ဆောင်ရွက်ရမည်။ အခင်းအကျင်းနှင့်ပတ်သက်ပြီး သိနားလည်သည့် ဝန်ထမ်းကို လုပ်ပိုင်ခွင့်ပေးကာ ၎င်းထံမှ လေ့လာရမည်။

စီမံကိန်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များအားလုံးသည် ဒေသခံပြည်သူများအတွက် လက်ဆုတ်လက်ကိုင်ပြနိုင်သည့် အကျိုးအမြတ်များ ရှိစေရမည်၊ ပျက်စီးနစ်နာစေသည့် ဘေးထွက်ဆိုးကျိုးများကို ရှောင်ရှားဆောင်ရွက်ရမည်။

- **ပြည်သူများဘဝကို တိုးတက်စေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ပံ့ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ကာ မကျေနပ်ချက်များ တိုးပွား စေခြင်းကို ရှောင်ရှားရမည်။** လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေသည့် စီမံကိန်းများသည် နိုင်ငံသားစိတ်ဓာတ် ခိုင်မာစေရန် အထောက်အကူဖြစ်စေသည်။ စွက်ဖက်စိုးမိုးမှု မရှိပဲ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုးတက်စေသည့် အသေးစား လုပ်ငန်းများနှင့် လယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်ချက်များကဲ့သို့သော အသေးစား လုပ်ငန်းဆောင်ရွက်ချက်များသည် ယေဘုယျ အားဖြင့် ပဋိပက္ခကင်းစင် လေ့ရှိသည်။
- **စီမံကိန်းကြီးများ၏ ဂယက်များကို နိုင်ငံရေးအမြင်ဖြင့် လိမ်မာပါးနပ်စွာ ရှုမြင်စဉ်းစားရန်လိုသည်။** အကြီးစား၊ လူထုဘဝများကို စွက်ဖက်မှုရှိသည့် စီမံကိန်းများ၏ အစီအစဉ် ရေးဆွဲခြင်း၊ ရွေးချယ်ခြင်းအမျိုးအစားများတွင် နိုင်ငံရေးအရ အန္တရာယ်ဖြစ်နိုင်မှုကို အပြည့်အဝ ထည့်သွင်း စဉ်းစားရန် လိုသည်။ အချို့သော ဖြစ်ရပ်များတွင် အန္တရာယ်မဖြစ်နိုင်သည့် အဆင့်သို့လျော့ချဆောင်ရွက်နိုင်ပြီး အခြားသော ဖြစ်စဉ်များတွင် ဒေသခံအုပ်စုများ အမှန်တကယ် အကျိုးခံစားရစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ ဆိုးဆိုးဝါးဝါး ထိခိုက်မှုမရှိ အောင် ဆောင်ရွက်နိုင်သည်။ သင့်တော်သည့် ဘေးကင်းရေး အစီအမံများ၊ စောင့်ကြည့်မှုများ ထည့်သွင်းထားရှိရမည်။
- **လူ့အခွင့်အရေးများကို ဦးစားပေးပါ။** မြန်မာနိုင်ငံတွင် ကာလရှည်ကြာ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်ဖြစ်သောကြောင့် တာဝန်ရှိ အထောက်အပံ့ပေးသည့် အဖွဲ့များ သည် နိုင်ငံတကာ သတ်မှတ်ချက်များ နှင့် စံချိန်စံညွှန်းများကို ကာကွယ်သည့် လုပ်ငန်း များထောက်ပံ့ခြင်းကို ဆက်လက်ဆောင်ရွက်ရန်လိုသည်။ ပြည်တွင်း၊ ပြည်ပအဖွဲ့ အစည်း များသည် ပဋိပက္ခဒဏ်ခံနေရသည့်နေရာများတွင် လူ့အခွင့်အရေး မြှင့်တင်မှုများကို ပံ့ပိုး အားပေးရမည်။
- **အရပ်ဘက်လူ့အဖွဲ့အစည်းများအား ထောက်ပံ့မှုကို ဆက်လက်ဆောင်ရွက်ရမည်။** စီမံကိန်းများဆောင်ရွက်ရန်သာမဟုတ်ပဲ တိုက်တွန်းနှိုးဆော်မှုများပြု လုပ်ရန်၊ အစိုးရနှင့် ချိတ်ဆက်ညှိနှိုင်းမှုများပြုလုပ်ရန်၊ ၎င်းတို့၏ အရည်အသွေးများတည်ဆောက်နိုင်ရန် အတွက် အရပ်ဖက် လူ့အဖွဲ့အစည်း များကို ထောက်ပံ့မှုများပြုလုပ်ရမည်။ လူနည်းစုများနှင့် အမျိုးသမီးများ အကျိုးကို ကိုယ်စားပြုသည့် အဖွဲ့များကို ထောက်ပံ့ပေးရမည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရှိဆဲဖြစ်သောပံ့ပိုးမှုများကို ထိန်းထားရန်နှင့် အကူအညီများ ပိုမိုများပြားအောင် ပြုလုပ်ရန်လိုအပ်သည်။

- **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ပါဝင်ပတ်သက်သူများ၏ နည်းပညာပိုင်း မူဝါဒပိုင်းဆိုင်ရာ အရည်အသွေးများ ဖြည့်ဆည်းပေးခြင်းကို ဆက်လက် ဆောင်ရွက်ရမည်။** ယင်းအစီအစဉ်တွင်  နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေး ကိစ္စများ ဆောင်ရွက်နေသည့် လုပ်ငန်း ကော်မတီများလည်း ပါဝင်သည်။ နည်းပညာအထောက်အကူသည် အပစ်အခတ်ရပ်စဲ သည့် အဖွဲ့များကိုသာပံ့ပိုးခြင်းမဖြစ်သင့်ပါ။  ထို့ပြင်လက်ရှိပြောင်းလဲနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ် ဖွဲ့စည်းပုံ၊ အသစ်ပေါ်လာသည့် ဆွေးနွေးညှိနှိုင်းမှုလမ်းကြောင်းများနှင့်လည်း ကိုက်ညီမှုရှိရမည်။
- **ပံ့ပိုးမှုများကို ချိတ်ဆက်ပီး ဂျန်ဒါ ကိစ္စကို ဆက်လက်ဦးစားပေးရန်လိုသည်။**  ညှိနှိုင်းရာတွင် ကူညီပေးပြီး အလှူရှင်များ၏ ပံ့ပိုးမှုများ တိုးတက်လာ စေရန် ကူညီပေးရမည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအပါအဝင် အဖွဲ့အစည်းတစ်ခုခုနှင့် ချိတ်ဆက် ပေးသည့် အထောက်အပံ့ စုရပ်ကဲ့သို့သော ဒေသခံ ကွန်ယက်များနှင့် ညှိနှိုင်းရေးအဖွဲ့များ (coordination bodies) ကို ငွေကြေးပံ့ပိုးပေးရမည်။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ကိစ္စများကို တိုက်တွန်းမှုများပြုလုပ်နိုင်ရန် ပံ့ပိုးပေးရမည်။
- **ပြုလွယ်ပြင်လွယ် ရှိရမည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အပြောင်းအလဲများကို မျက်ခြေ မပြတ် လေ့လာထားရမည်။**  လမ်းကြောင်းအမျိုးမျိုး အပြောင်း အလဲအမျိုးမျိုးဖြင့် မတူညီသည့် အချိန်အခါတွင် ဖြစ်ပေါ်နေသည်ဖြစ်ရာ အထောက်အပံ့ပေးသည့်အစုအဖွဲ့ များအနေဖြင့် နိုင်ငံရေးအရ လိမ္မာပါးနပ်ရန်လိုသည်။  ရုတ်တရက် တစ်ဆို့မှုများ ပေါ်ပေါက်ကာ ဖြစ်စဉ်ရပ်တန့်သွားခြင်း၊ မှန်းဆမရသည့် တိုးတက်မှုများ ပေါ်ပေါက်လာနိုင်သည်ကို ကြိုတင်မျှော်လင့်ထားရမည်။ လုပ်ငန်းစဉ်တွင် ဖောက်ထွက်အောင်မြင်မှုများ ရှိခဲ့သည်ဆိုပါက အနာဂတ်တွင် ဘဏ္ဍာရေးအထောက်အပံ့များ တိုးတက်လာမည့် အခွင့်အလမ်းများရှိသည်။

- အသိအမြင်နှံ့စပ်ပြီး အချိတ်အဆက်ကောင်းသည့် ကြားခံအဖွဲ့အစည်းများ၏ ကဏ္ဍကို ပံ့ပိုးပေးရန်။ တခါတရံတွင် NGO များ၊ သုတေသန အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများသည် ပဋိပက္ခဖြစ်နေသည့် အဖွဲ့များကြား အဖိုးတန်သည့် ဆက်ဆံရေးများ ဖြစ်ထွန်းစေရန် ကြားဝင် ဆောင်ရွက် ပေးနိုင်သည်။ အဖွဲ့ငယ်များ သို့မဟုတ် အမျိုးမျိုး ကွဲပြား နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို အလှူရှင်များ ပံ့ပိုးပေးနိုင်အောင် လမ်းကြောင်းအဖြစ် ဆောင်ရွက်ပေးနိုင်ကြသည်။
- အလွတ်သဘောနှင့်  ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် အစီအစဉ်များ၏ အခန်းကဏ္ဍကို အားပေးရန်။ အမျိုးသားအဆင့် ဆွေးနွေးမှု အပါအဝင် တရားဝင် ဆွေးနွေးမှုများကို အထောက်အကူဖြစ်စေသည့် လုပ်ငန်းများကို ပံ့ပိုးပါ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ပါဝင်ပတ်သက်သူ များကြား ကြိုတင်ပြင်ဆင်သည့် ဆွေးနွေးအကြံယူမှုများ တွင်ကျယ်လာစေရန် အားပေးပါ။ ဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ ပါလာစေရန် အားပေးပါ။



# အခန်းဆုံး မှတ်စု

1. ၁၉၈၉ မှ ၂၀၁၆ ခုနှစ်ထိ မြန်မာနိုင်ငံတွင်းပေါ်ပေါက်ခဲ့သည့် ပဋိပက္ခအမျိုးမျိုးကြောင့် သေဆုံးရသည့် ခန့်မှန်းအရေအတွက်မှာ ၁၇၀၀၀ ခန့်ရှိပြီး အများစုမှာ နယ်မြေစိုးမိုးရေး ပဋိပက္ခများကြောင့်ဖြစ်သည်ဟု ရင်းမြစ်တစ်ခုက ခန့်မှန်းထားသည်။ (Allanson, M., Melander, E., & Themnér, L. 2017).
2. Oh & Nair 2016
3. ယခု ဖွင့်ဆိုချက်သည် ယခုစာတမ်းဖြစ်ပေါ်စေရန် လမ်းကြောင်းပေးခဲ့သော The Asia Foundation ထုတ်ဝေပြီး Colletta, Oppenheim, & Parks 2013 တို့ရေးသားသည့် စာအုပ်မှဖြစ်သည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် လွတ်လပ်ရေး သို့မဟုတ် အပြည့်အဝ ထိန်းချုပ်ရေးထက် ဖက်ဒရယ်နိုင်ငံရေးစနစ်ကျင့်သုံးသည့်စနစ်အတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြစ်ထွန်းစေရန် ရည်ရွယ်သည့် အပြောင်းအလဲများ ဖြစ်ပေါ်စေရေးအတွက် တိုက်ပွဲဝင်သည်ဟု ထုတ်ပြန်ကြသည်။
4. Parks et al. 2013., 17
5. နယ်မြေစိုးမိုးရေး ပဋိပက္ခများဖြစ်ပွားနေသည့် ၁၁၈ မြို့နယ်သည် ပဋိပက္ခများ ဖြစ်ခဲ့၊ ဖြစ်နေဆဲ အဓိကနေရာများဖြစ်သည်။ အညွှန်းကိန်းအမျိုးမျိုး၊ အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုပြီး The Asia Foundation ၏ သုတေသနအဖွဲ့က ဖော်ထုတ်ပြုစုထားခြင်း ဖြစ်သည်။ ၂၀၁၅ - ၁၆ အတွင်း ၁ နှစ်လျှင် တိုက်ပွဲ ၂ ပွဲထက်ပို၍ဖြစ်ပွားသည့်နေရာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(များ) ရှိသည့် နေရာကို စာရင်းသွင်းခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များရှိသည့် မြို့နယ်ပေါင်း ၁၁၇ ရှိသည်။ မြို့နယ်တစ်ခုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမရှိသော်လည်း ၂၀၁၆ ခုနှစ်အတွင်း တိုက်ပွဲ ၅ ကြိမ်ဖြစ်ပွားခဲ့သည်။ မြေမြှုပ်မိုင်းများ၊ အပစ်အခတ် ရပ်စဲရေး၊ IDP များရှိနေခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိနေခြင်း၊ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားနေခြင်း တို့နှင့်ဆက်စပ်နေသည်။ အကိုးအကားများ၊ စာတမ်းပြုစုပုံအသေးစိတ်ကိုနောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။
6. အမြဲတမ်းတပ်ဖွဲ့များ၊ အရန်တပ်ဖွဲ့များ၏ အင်အားကိုပါထည့်သွင်းခန့်မှန်းခြင်းဖြစ်သည်။ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်သည် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ (Burma News International [BNI] n.d)
7. Parks et al. 2013, 1, 14 မှ အချက်အလက်များဖြစ်သည်။ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်နယ် ၆ ခုတွင် ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ အချို့သော လက်နက်ကိုင်အဖွဲ့များ၏ သက်တမ်းမှာ မမြဲလှပါ။
8. ယခု စာတမ်းတွင် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိပ္ပာယ်အဖြစ် သတ်မှတ်သုံးစွဲသွားမည်ဖြစ်ပါသည်။ မူကွဲများ ရှိနိုင်သကဲ့သို့ ယူဆပုံနှင့် ပတ်သက်ပြီး ရံဖန်ရံခါ အငြင်းအခုန်များရှိနိုင်ပါသည်။ အစိုးရအကြံပေးများ (government technocrats) အဖို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ စီးပွားတိုးတက်မှု၊ လူမှုရေးအထောက်အပံ့များ ထောက်ပံ့နိုင်မှုဟု ယေဘုယျအားဖြင့် လက်ခံထားကြပါသည်။ အခြားသူများ အထူးသဖြင့် နယ်မြေစိုးမိုးရေးပဋိပက္ခများရှိနေသည့် မြန်မာနိုင်ငံ၏ အစိတ်အပိုင်းအချို့တွင် လူ့အခွင့်အရေး၊ လုံခြုံဘေးကင်းမှု၊ ရပ်ရွာများ ဆုံးဖြတ်ပါဝင်နိုင်မှု ကဲ့သို့သော လူမှုဖူလုံမှုအဆင့်မြင့်ဖွင့်ဆိုချက်များကို ရည်ညွှန်းသည်။
9. ဥပမာအားဖြင့်၊ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ်နှင့် တရုတ်တို့ကြား နယ်စပ်ကုန်သွယ်ရေး ပမာဏမှာ ၂၀၁၆ ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၁၀ ထိကျဆင်းသွားသည်။ စီးပွားကူးသန်းဝန်ကြီးဌာန (မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေး ၂၀၁၆) အချက်အလက်များကို ကိုးကားလျက် ဆင်ဟွာ သတင်းဌာနတွင် ဖော်ပြထားသည်။.
10. အများဆုံးလှူဒါန်းသူများမှာ ကမ္ဘာ့ဘဏ်၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)၊ တောင်ကိုရီးယား နှင့် ဥရောပသမဂ္ဂတို့ဖြစ်သည်။ တရုတ်အကူအညီများမှာ တရားဝင်မှတ်တမ်းတွင် ထည့်သွင်းထားခြင်းမရှိပါ။ ကိုးကား - Organization for Economic Cooperation and Development [OECD] 2016
11. ဥပမာအားဖြင့် - OECD 2011; World Bank 2011; Fukuyama 2004; Ghani & Lockhart 2008 ကိုလေ့လာပါ။
12. Contested Corners study တွင်ဖော်ပြထားချက်မှာ နယ်မြေစိုးမိုးရေးပဋိပက္ခ ဖြစ်ပွားရာဒေသများ (subnational conflict areas) နှင့် အခြေပျက်လုဆဲဆဲနိုင်ငံများ (fragile states) ကြားမှ အရေးပါသည့် ကွာဟချက်တစ်ခုမှာ အစိုးရအင်အားတိုးမြင့်ခြင်းသည် တိုက်ခိုက်မှုများကို လျော့နည်းသွားအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း ဖြစ်သည်။ (Colletta et al. 2013, 28).
13. Department for International Development [DFID] 2016; Australian Agency for International Development [AusAID) 2011
14. Parks et al. 2013, 23-26.
15. Asia Foundation Violence Data Assessment (အာရှဖောင်ဒေးရှင်း တိုက်ခိုက်မှု အချက်အလက် ဆန်းစစ်မှု) - အသေးစိတ် အချက်အလက်များကို နောက်ဆက်တွဲတွင် လေ့လာနိုင်ပါသည်။
16. အထက်ဖော်ပြပါအတိုင်း
17. Humanitarian Country Team [HCT] 2016
18. ကွဲပြားနေသည့် ရင်းမြစ်များစာရင်းကို Method Annex တွင်လေ့လာနိုင်ပါသည်။ အထူးသဖြင့် လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွားမှု၊ အပစ်အခတ်ရပ်စဲရေး နှင့် EAO များစာရင်း
19. ၁၁၈ မြို့နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁ ခုက နေရာယူထားသည့် မြို့နယ်ပေါင်း ၁၁၇ ခုရှိသည်။ အသေးစိတ်ကို နောက်ဆက်တွဲ (Methods Annex) တွင် လေ့လာနိုင်ပါသည်။
20. မြို့နယ်ဖွံ့ဖြိုးရေးအညွှန်းကိန်းစုစည်းရာတွင် အသုံးပြုခဲ့သည့် ရင်းမြစ်များနှင့် ပတ်သက်သည့် အချက်အလက်များကို Method Annex တွင် လေ့လာနိုင်ပါသည်။
21. အချို့သော တပ်ရင်းများသည် ဖွဲ့စည်းပုံအင်အားအပြည့်အဝမရှိဟု ယူဆရသည်ဟု အတည်မပြုနိုင်သည့် ရင်းမြစ်များမှ သိရသည်။ ထို့ကြောင့် တရားဝင် ခန့်မှန်းချက်များနှင့် ကွာဟမှုများရှိနိုင်ပါသည်။ (Selth 2015)
22. ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရေအတွက် အတိအကျမှာ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ စတင်သည့်နေ့များပေါ်တွင်မူတည်ကာ ကွဲပြားမှုများရှိနိုင်သည်။ ( ဥပမာ Transnational Institute - Burma Centrum Nederland 2013).
23. မြေပုံ ၂ ခုတွင်ဖော်ပြထားသည့် အချက်အလက်များမှာ ပြည့်စုံမှုမရှိပါ။ သို့သော်လည်း ပဋိပက္ခဆက်နွယ်လျက်ဖြစ်သည့် ရွှေ့ပြောင်းနေထိုင်မှုများရှိသည့်နေရာများကို နယ်မြေစိုးမိုးရေးပဋိပက္ခများဖြစ်ပွားသည့် ကာလအသီးသီးတွင် လူသားချင်းစာနာမှု အဖွဲ့အစည်းများက မှတ်တမ်းတင်ထားသည်နှင့်အညီ ညွှန်ပြလျက်ရှိသည်။ ၂၀၀၆ ခုနှစ်မှ အချက်အလက်များကို နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ Thailand Burma Border Consortium (TBBC 2006) က စုစည်းထားခြင်းဖြစ်သည်။ ၂၀၁၆ အချက်အလက်များကို UNOCHA စုစည်းထားသည်မှ ရရှိသည်။ (HCT 2016).
24. မြေမျက်နှာပြင် အချက်အလက် ကိုးကားရယူသည့်နေရာ -WorldClim n.d. ပဋိပက္ခအချက်အလက်ရယူသည့် ရင်းမြစ် - Armed Conflict Location & Event

Data Project [ACLED] 2017. ၂၀၁၅ - ၂၀၁၆ လ အလိုက်တိုက်ပွဲအချက်အလက် ရယူသည့် ရင်းမြစ် Burmese News International [BNI] n.d; ကိုးကားသည့်အချက်အလက်များကို နိုင်ငံအဆင့်ထုတ်ဝေသည့် စာနယ်ဇင်းများတွင် ဖော်ပြထားချက်များနှင့် တိုက်ဆိုင်စစ်ဆေးသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အချက်အလက် ကိုးကားသည့် ရင်းမြစ် - Jolliffe 2015; BNI 2013, 2014, & 2016.

25. ရိုဟင်ဂျာဆိုသည့် အသုံးအနှုန်းကိုလည်း ဆင်ဆင်ခြင်ခြင် သုံးစွဲရန်လိုသည်။ ယင်းအသုံးအနှုန်းကို ရခိုင်လူမျိုးအများစုမှ လက်မခံ နိုင်သကဲ့သို့ မြန်မာအစိုးရကလည်း အသိအမှတ်ပြုထားခြင်းမရှိပါ။ အစိုးရသည် ဘင်္ဂါလီဟု သုံးနှုန်းပြီး ယင်းကိုလည်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာဟု မိမိကိုယ်ကို သတ်မှတ်ထားသူများအဖို့ လက်ခံနိုင်ခြင်းမရှိပါ။.

26. ဒေသရှိ လူမျိုးရေး၊ ဘာသာရေး တင်းမာမှုများကို အကျယ်တင်ပြထားသည်များရှိသည်။ ဥပမာ Aron & Gilmore 2017; International Crisis Group [ICG] 2014.

27. ICG 2016

28. International Organization for Migration [IOM] 2017, 1

29. United Nations Office of the High Commissioner for Human Rights [UNOHCHR] 2017

30. ဥပမာအားဖြင့် ရှမ်းပြည်နယ်ရှိ အခြားလူမျိုးများနှင့် ရှမ်းလူမျိုးများကြား၊ ကချင်ပြည်နယ်ရှိ မတူညီသည့် အစုအဖွဲ့များကြား တင်းမာမှုများရှိသည်။.

31. Ware 2015, 5–6

32. Smith 1999

33. Jolliffe 2015; BNI 2013, 2015 & 2016. အပါအဝင် ရင်းမြစ်အများအပြားမှ ကိုးကားဖော်ပြပါသည်။ နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်များကို မြေပုံတွင်ဖော်ပြထားခြင်းမရှိပါ။ ပါဝင်သည့်အဖွဲ့အားလုံးကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဟု အသိအမှတ်ပြုထားပြီး၊ ၂၀၁၁ ခုနှစ်မှ စတင်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သည့်အဖွဲ့များဖြစ်သည်။ ၂၀၁၇ နှစ်လည်တွင် WNO သည် UWSA နှင့်ပူးပေါင်းသည်။

34. Jolliffe 2015; McCartan & Jolliffe 2016.

35. ရှမ်းသံတော်ဆင့်၊ သတင်းစာ The Shan Herald, reported in Buchanan, J. 2016, iii, 29

36. Smith 1999, 41-44

37. တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အများပိုင်း အထူးသဖြင့် ကချင်နှင့် ရှမ်းခေါင်းဆောင်များသည် ဗမာပြည်မနှင့် ပူးပေါင်းကာ ဖက်ဒရယ်တည်ထောင်ရေးကို လိုလားသည်။ သို့သော်လည်း ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုလည်း ရယူလိုကြသည်။

38. အာရကန်ဟု သုံးနှုန်းမှု ပို၍မှန်ကန်ပါသည်။ စာတမ်းရှင်းလင်းမှုရှိရန်အတွက် ရခိုင်ဟူသော အသုံးအနှုန်းကို သုံးနှုန်းထားပါသည်။

39. ဖြတ်လေးဖြတ် မဟာဗျူဟာသည် လက်နက်ကိုင်အဖွဲ့အစည်းများ အားနည်းသွားစေရန် ရိက္ခာ၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် လူသူအင်အားစုဆောင်းမှုကို ဖြတ်တောက်ခြင်းဖြစ်သည်။ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသမှ အရပ်သားလူထုကို အကြီးအကျယ် အခက် အခဲတွေ့စေခဲ့သည့် မဟာဗျူဟာဖြစ်သည်။

40. တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အများစုမှာလည်း ကလေးစစ်သားအသုံးပြုခြင်း၊ အဓမ္မစုဆောင်းခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားပြုလုပ်ကြောင်း စွပ်စွဲခံထားရသည်။

41. MNDAA မှတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လူပေါင်း ၃၀ အသတ်ခံခဲ့ရသည်။ အသတ်ခံရသည့် ပြည်သူအရေအတွက် မရရှိပါ။ (Keenan 2017).

42. Min Zaw Oo 2014, 8

43. အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အထူးဒေသ ၁၁ ခုကို ဖွဲ့စည်းခဲ့ပြီး အပစ်အခတ်ရပ်ခြင်းနှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများအတွက် စီးပွားရေးလုပ်ကွက်များချထားပေးခဲ့သည်။

44. Woods 2011. ယင်းကာလအတွင်း နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ကမ်းလှမ်းသည့်အခါ အစိုးရက ပယ်ချခဲ့သည်။ အပြောင်းအလဲကာလတွင်ဖြစ်နေသော ကြောင့်၊ နိုင်ငံရေးအစိုးရတက်လာသည့်အခါတွင် ဆွေးနွေးမည်ဟုဆင်ခြေပေးခဲ့သည်။ စစ်အစိုးရသည် အဖွဲ့များစုပေါင်းဆွေးနွေးခြင်းကို ငြင်းပယ်ခဲ့ပြီး တဖွဲ့ခြင်းနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

45. အဓိက အတိုက်အခံပါတီကို ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်မပေးခြင်း၊ လုပ်ငန်းစဉ်တလျောက် အခြားစိုးရိမ်စရာများ ရှိခဲ့သည့်တိုင် ၂၀၁၀ ခုနှစ်တွင် သမ္မတဦးသိန်းစိန်ရွေးကောက်ခံခဲ့ရသည်။ ယင်းအချက်များသည် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများ၏ အရေးပါမှုကို ပို၍ထင်ရှားစေခဲ့သည့် အချက်များဖြစ်သည်။

46. BNI 2014, 4

47. ကုန်သွယ်ရေးအချက်အလက်များကို ယုံကြည်၍မရပါ။ နယ်စပ်ကုန်သွယ်ရေး၊ တရားမဝင် သွင်းကုန် ပို့ကုန်များ အဝင်အထွက်များအရ တရုတ်သည်မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်အဖြစ်ရပ်တည်နေသည်ကို အတည်ပြုနိုင်သည်။ (Rab et al.2016)

48. ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ အထက်ပါအတိုင်း

49. ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် တရုတ်စစ်တပ်၏ အထောက်အပံ့ များအဓိက လက်ခံသည့်အဖွဲ့ဖြစ်သည်။ (Lintner 2017).

50. Yun Sun 2017

51. ICG 2017

52. ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အစိုးရ၏ ဦးစားပေးဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက် - ၂၀၁၆

53. မူဘောင်အရ နိုင်ငံရေး၊ အပစ်အခတ်ရပ်စဲရေးကော်မတီများပေါ်ပေါက်လာပြီး၊ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝ သယံဇာတ ကဏ္ဍများအတွက် လုပ်ငန်းကော်မတီ ၅ ခုဖွဲ့စည်းခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ အမျိုးသား အဆင့် ငြိမ်းချမ်းရေး ညီလာခံများကိုလည်း တပြိုင်တည်းဆောင်ရွက်ခဲ့သည်။

54. ပင်လုံစာချုပ်သည် ၁၉၄၇ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ညီလာခံ ၂ ခု၏ ရလဒ်ဖြစ်သည်။ ကချင်၊ ချင်း၊ ရှမ်းခေါင်းဆောင်များသည် ၎င်းတို့ လက်အောက်ရှိ တစိတ်တပိုင်း လွတ်လပ်နေသည့်နယ်မြေများကို လွတ်လပ်သောဗမာနိုင်ငံနှင့် ပူးပေါင်းရန်သဘောတူညီခဲ့သည်။ နိုင်ငံရေးသမားများနှင့် အခြားသောခေါင်းဆောင်များသည် ပင်လုံသဘောတူညီချက်ကို အမျိုးသားရင်ကြားစေ့ရေး ဥပမာအဖြစ် ရည်ညွှန်းခဲ့သော်လည်း ကိုယ်စားပြုလက်မှတ်ရေးထိုးသည့် လူမျိုးမှာ ၃ မျိုးသာဖြစ်သောကြောင့် အားလုံးကို ခြုံငုံမိခြင်းမရှိပါ။.

55. တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ၂၀၁၅ (Nationwide Ceasefire Agreement [NCA] 2015)

56. ဥပမာအားဖြင့် NCA ထိုးပြီးနောက်ပိုင်းတွင် တပ်မတော်နှင့် RCSS ကြားလက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက်ရှိနေသည်။ RCSS သည် TNLA နှင့်လည်း တိုက်ပွဲများဖြစ်နေသည်။ ကရင်ပြည်နယ်တွင်လည်း DKBA မှ ခွဲထွက်အဖွဲ့တစ်ခုသည် တပ်မတော်၊ နယ်ခြားစောင့် တပ်များ နှင့် တိုက်ပွဲအကြိမ်ကြိမ် ဖြစ်ပွားခဲ့သည်။

57. တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၄ ခု။ ရက္ခိုင့်တပ်မတော် (Arakan Army (AA)၊ ကချင် လွတ်လပ်ရေး တပ်မတော် (Kachin Independence Army (KIA)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (Myanmar National Democratic Alliance Army (MNDAA) နှင့် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (Ta'ang National Liberation Army (TNLA) တို့ဖြစ်သည်။ မြောက်ပိုင်းမဟာမိတ်အလံအောက်တွင် ပူးတွဲစစ်ဆင်ရေးများကို ဝပြည်သွေးစည်းညီညွတ်ရေးမှ ပစ္စည်းအထောက်အပံ့နှင့် ဆောင်ရွက်သည်။
58. ဗမာပြည်ကွန်မြူနစ်ပါတီအကြောင်း အသေးစိတ်သိရှိလိုပါက Lintner 1990 တွင်ကြည့်ပါ။
59. မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး သဘောထားကွဲလွဲမှုများကို ကိုလိုနီအမွေဆိုးများဖြစ်သည်ဟု တပ်မတော်က လက်ခံထားပြီး မြန်မာနိုင်ငံသည် ရေးပဝေဏသီကတည်းက ရှိလာသည့် နိုင်ငံဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုထားသည်။ (၂၀၁၆ ခုနှစ် ကာကွယ်ရေး အစည်းအဝေးတွင် စစ်ဦးစီးချုပ်၏ နှုတ်ဆက်စကား) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အရပ်သားနိုင်ငံရေးသမားများသည်လည်း စည်းလုံးညီညွတ်ရေး၏ အရေးပါပုံကို ထပ်တလဲလဲ ရည်ညွှန်းပြောဆိုလေ့ရှိသည်။
60. တနိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ၂၀၁၅ တွင်၊ လက်မှတ်ရေးထိုးကြသူများသည် - ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့် အညီ ဒီမိုကရေစီ ရေး၊ အမျိုးသားတန်းတူရေးနှင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့် အညီ တည်ဆောက်သွားရန် သဘောတူကြသည် ဟုဆိုသည်။.
61. အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြောင်း ခြုံငုံသုံးသပ်ချက်ကို Kyi Pyar Chit Saw & Arnold 2014 တွင်ကြည့်ပါ။
62. အခြား ဘာသာစကား ၆ မျိုးသည် ဒေသမျိုးရင်း ဘာသာစကားမဟုတ်ဟု သတ်မှတ်ထားသည်။ (Lewis, Simons & Fenning 2016)
63. ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသဆိုသည်မှာ ပြည်နယ် ၇ ခုကို ဆိုလိုပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းပြည်နယ်။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ၂၀၁၅၊ ဘီ။
64. ၁၉၈၂ နိုင်ငံသားဥပဒေတွင် အဓိက လူမျိုး ၈ မျိုးကို သတ်မှတ်ထားပြီး၊ တိုင်းရင်းသား ၁၃၅ မျိုးသတ်မှတ်ချက်ကိုမူ တိုင်းရင်းသား အုပ်စုအများအပြားက ဆန့်ကျင်ကြသည်။ အခြားသူများသည် ၁၈၂၃ မှစပြီး နိုင်ငံတွင်းနေထိုင်ခဲ့ကြောင်း ခိုင်မာသည့် အထောက်အထားများပြနိုင်မှသာလျှင် နိုင်ငံသားဖြစ်ခွင့်ရမည်ဖြစ်သည်။
65. ၂၀၁၄ သန်းခေါင်စာရင်းတွင် ဖော်ပြထားသည့် အချက်လက်များမှ လူဦးရေခန့်မှန်းချက် (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ၂၀၁၅)
66. Sakhong 2012
67. ဥပမာ - ရခိုင်အမျိုးသားပါတီ (Arakan National Party) မဟာမိတ်အုပ်စုသည် ရခိုင်ပြည်နယ်တွင် အကြီးဆုံးပါတီအဖြစ်ပေါ်ထွက်ခဲ့သည်။
68. Fuller 2015; Black & Lintner 2009
69. ဒေသခံများက ဘုန်းကြီးလမ်းဟုခေါ်သည်။
70. ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်သွားသည့်တိုင် ယင်းကဲ့သို့သော တင်းမာမှုများ ဆက်လက်ရှိနေရန် အလားအလာများသည်။
71. BNI 2015 b
72. TNLA ၏ နိုင်ငံရေးဦးဆောင်သည် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး ( PSLF – Palaung State Liberation Front (PSLF) ဖြစ်သည်။
73. ပန်ဆန်း၊ နမ်ပန်၊ ပန်ဝန် နှင့် မိုင်းမော ဒေသများတွင် ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများကို ပိတ်ပင်ခဲ့သည်။ မက်မန် နှင့် ဟိုပန်ဒေသရှိ ကျေးရွာအုပ်စု အများအပြားတွင်လည်း ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများ ပယ်ဖျက်ခဲ့သည်။ Union Election Commission 2017; Centre for Peace and Conflict Studies [CPCS] 2011; Jolliffe 2015, 35.
74. မြို့ပြနှင့်ကျေးလက်ဒေသနေရာအများစုတွင် လူမျိုးများ ရောထွေးနေထိုင်ကြသည်ဖြစ်သောကြောင့် အချို့သော အစွန်းရောက်သည့် တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေး သဘောထားများအတွက် အခက်အခဲရှိသည်။
75. Parks et al. 2013, 31-35.
76. အထက်ဖော်ပြပါအတိုင်း
77. အထက်ဖော်ပြပါအတိုင်း
78. ဥပမာ - အသက် ၅ နှစ်အောက် ကလေးငယ် သေဆုံးမှု ၁၉၉၀ နှင့် ၂၀၁၄ ကြား အနည်းဆုံး ၄၀ ရာခိုင်နှုန်းလျော့ကျသွားသည်ဟု ယူဆရသည်။ အရင်းအမြစ်အမျိုးမျိုးမှ ရရှိသည့် အချက်အလက်များကို UNICEF တွင်ဖော်ပြထားပြီး ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်နှင့် တိုက်ဆိုင် စစ်ဆေးထားသည်။
79. World Bank 2013, 1.
80. Rab et al. 2016, 5.
81. ၂၀၁၆ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (Human Development Index ) တွင် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် အဆင့် ၁၄၅ တွင်ရှိသည်။ (လူသားဖွံ့ဖြိုးမှု အစီရင်ခံစာ အဖွဲ့၊ ၂၀၁၆)
82. အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) က နိုင်ငံ၏ ၂၅. ၆ ရာခိုင်နှုန်းသည် နိုင်ငံ၏ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်အောက်တွင်ရှိနေသည်ဟု ခန့်မှန်းထားသည်။ (Asian Development Bank [ADB] 2017, 2-6). ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့ဘဏ်က ၃၇.၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။ (World Bank 2014a, 7).
83. ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု စာရင်း၊ အမှန်တကယ်ရှိသည့် ကိန်းဂဏန်းများမှာ လျော့နည်းနိုင်ပါသည်။ ဖြေဆိုသူများအနေဖြင့် အကောင်းမြင်ဖြင့် ဖြေဆိုရန် နှင့် အခြား အစိုးရ ဝန်ဆောင်မှု လုပ်ငန်းများ အကြောင်း အပြုသဘောဖြေဆိုရန် တွန်းအားပေးခံရခြင်း ဖြစ်နိုင်သည်။
84. ADB 2015.
85. ADB 2016, 2. အခြေခံလမ်းအသုံးပြုနိုင်မှု "basic road access" ဟုဆိုရာတွင်ရပ်ရွာမှ အနီးအနားရှိ စီးပွားရေး၊ အုပ်ချုပ်ရေး ဆုံရပ်များသို့ တနှစ်ပတ်လုံး စက်တပ်ယာဉ်ဖြင့်သွားလာနိုင်မှုကို ရည်ညွှန်းပါသည်။ NLD အစိုးရသည် နိုင်ငံအဆင့်လမ်းကွန်ယက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် အခြေခံအဆောက်အဦ ကိစ္စကို ဦးစားပေး ဆောင်ရွက်ရန် ကိစ္စ ၁၂ ခုတွင် ထည့်သွင်းဖော်ပြထားသည်။
86. Zaw Oo et al. 2015.
87. ကိုးကား - MIP 2015b. သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာ ပံ့ပိုးမှုများပေါ် အငြင်းပွားမှုအသေးစိတ်ကို ယခုစာတမ်း အခန်း ၅၊ ဇယားကွက် ၅.၅ တွင်လေ့လာနိုင်ပါသည်။ လူမျိုးနှင့် ဘာသာရေး ဆိုင်ရာ အချက်အလက်များ စုစည်းရာတွင် အထူးသဖြင့် အငြင်းအခုန်ဖြစ်သည်။

88. United Nations Population Fund [UNFPA] 2016.
89. MIP 2015b, 12.
90. ကိုးကား၊ ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု စာရင်း။ ခေါင်းစဉ်ခွဲများ၊ အသုံးပြုခဲ့သည့် ကိန်းဂဏန်းများနှင့် ပတ်သက်ပြီး အသေးစိတ်ကို နောက်ဆက်တွဲ (Methods Annex) တွင်ကြည့်ပါ။.
91. အာရှဖောင်ဒေးရှင်း၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း၊ အသေးစိတ်ကို (Methods Annex) တွင်လေ့လာနိုင်ပါသည်။
92. ပုံ ၃.၃ မှ ၃.၇ ထိ အသုံးပြုခဲ့သည့် နယ်မြေစိုးမိုးရေးပဋိပက္ခအချက်အလက်၊ ခေါင်းစဉ်ခွဲများနှင့် ပတ်သက်သည့် အသေးစိတ်ကို (Methods Annex) တွင်လေ့လာနိုင်ပါသည်။ အခြားအရင်းအမြစ်များအပြင် ၂၀၁၄ မြန်မာလူဦးရေနှင့် အိမ်ထောင်စု စာရင်းကိုလည်း အသုံးပြုထားသည်။
93. အထက်ပါအတိုင်း
94. အထက်ပါအတိုင်း
95. အထက်ပါအတိုင်း
96. အခြေခံပညာသင်ယူတတ်မြောက်မှုနှုန်းသည် အနည်းဆုံး အခြေခံပညာ ပြီးမြောက်သည့် ငါးနှစ်အထက်လူဦးရေရာခိုင်နှုန်းကို (သန်းခေါင်စာရင်း ၂၀၁၄)
97. လုံခြုံရေးဆိုင်ရာ အတားအဆီးများကြောင့် ယင်းမြို့နယ်များမှ ပဋိပက္ခဒဏ်ခံနေရသည့် ပြည်သူ အချို့ကို စာရင်းသွင်းနိုင်ခြင်းမရှိပါ။ သန်းခေါင်စာရင်း ကောက်ယူနိုင်သူများ ရောက်ရှိနိုင်သည့် နေရာထက်ဝေးသည့်ဒေသများတွင် ကျောင်းအပ်နှံမှုနှုန်း အနည်းဆုံး အခြေခံပညာအဆင့်အပ်နှံမှုသည် သိသိသာသာမြင့်မားသည်။ ကေအိုင်အိုနှင့် အခြား ဒေသခံ ဝန်ဆောင်မှုပေးသူများ ပံ့ပိုးထားခြင်းကြောင့် ဖြစ်သည်။
98. Women's League of Burma [WLB] 2016.
99. Than 2014.
100. သန်းခေါင်စာရင်းအချက်အလက်များအရ ကျောင်းသင်ပညာရေးတွင် အမျိုးသား၊ အမျိုးသမီး အချိုးအစားသည် ထပ်တူနီးပါးဖြစ်သည်။ (MIP2015a, 20).၂၀၁၄ စာရင်းအရ မြန်မာနိုင်ငံ၏ ဆယ်ကျော်သက်ကလေးမွေးမှုနှုန်းသည် လူ ၁၀၀၀ တွင် ၃၃ ယောက်နှုန်းဖြစ်သည်။ ထိုင်း ၄၄.၆၊ ကမ္ဘောဒီးယား ၅၁.၀၅ နှင့် ဗီယက်နမ် ၃၈.၁၂ ရှိသည်။ (World Bank n.d.).
101. Gender Equality Network [GEN] 2015; Hindstorm 2012
102. Shwe Shwe Sein Latt et al. 2017, 3. စုစုပေါင်းစာရင်းတွင် အားလုံးနီးပါး အမျိုးသားများသာဖြစ်သည့် စစ်တပ်နေရာ ၂၅ ရာခိုင်နှုန်းကိုလည်း ထည့်သွင်းထားသည်။
103. အထက်ဖော်ပြပါအတိုင်း, ii
104. ၂၀၁၆ မေ၊ ရှမ်းပြည်မြောက်ပိုင်း လားရှိုးတွင် တွေ့ဆုံမေးမြန်းမှု၊ တိုင်းရင်းသား CSO များ၏ အစီရင်ခံစာ များတွင်လည်း အလားတူ တွေ့ရှိချက်များကို ဖော်ပြထားသည်။ ဥပမာ Network for Human Rights Documentation–Burma 2016 ကိုကြည့်ပါ။
105. ကိုးကား ပုံ ၃.၃ မှ ၃.၇ ထိ အသုံးပြုခဲ့သည့် နယ်မြေစိုးမိုးရေးပဋိပက္ခအချက်အလက်၊ ခေါင်းစဉ်ခွဲများနှင့် ပတ်သက်သည့် အသေးစိတ်ကို (Methods Annex) တွင်လေ့လာနိုင်ပါသည်။အခြားအရင်းအမြစ်များအပြင် ၂၀၁၄ မြန်မာလူဦးရေနှင့် အိမ်ထောင်စု စာရင်းကိုလည်း အသုံးပြုထားသည်။
106. ကိုးကား - ၂၀၁၄ မြန်မာလူဦးရေနှင့် အိမ်ထောင်စု စာရင်း။ နယ်မြေစိုးမိုးမှု ပဋိပက္ခဆိုင်ရာ အချက်အလက် များနှင့်ပတ်သက်ပြီး အသေးစိတ်ကို ( Methods Annex) တွင်ကြည့်ပါ။
107. Palaung Women's Organization [PWO] 2011; GEN & Kachin Women's Peace Network 2013.
108. Lall & South 2016; Jolliffe & Speers Mears 2016
109. ကျန်းမာရေးသတင်းအချက်အလက်လုပ်ငန်းအဖွဲ့ (Health Information Systems Working Group) မှ ဝါရင့်ဝန်ထမ်းအားမေးမြန်းချက်။ March 2016. Quoted in Davis & Jolliffe 2016, 10.
110. ၂၀၁၇ မတိုင်မီထိ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ၊ NLD ကျန်းမာရေးကွန်ယက်၊ ကျန်းမာရေးဝန်ကြီးဌာနတို့၏ ဆက်ဆံရေးကို ဆက်လက်လေ့လာလိုပါက Davis & Jolliffe 2016 ကိုကြည့်ပါ။
111. Karen Women Organization n.d. ; Karenni National Women's Organization n.d.
112. Jolliffe 2016, 50.
113. နအဖ၏ နိုင်ငံရေး ဦးတည်ချက် လေးခုအနက်မှ တစ်ခုဖြစ်သည်။ ယင်းကာလအတွင်း စီးပွားရေး ဦးတည်ချက် လေးရပ်နှင့် အတူ မြန်မာ့အလင်းသတင်းစာ၏ မျက်နှာဖုံးတွင် နေ့စဉ်ဖော်ပြခဲ့သည်။
114. ဦးသန်းရွှေ၊ ၂၀၀၉
115. ဥပမာ ၂၀၀၅ ခုနှစ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်နှင့် ဦးသန့်ရွှေ တွေ့ဆုံမှု (Permanent Mission of the Union 2005); နှင့် Burma: GOB "Rejects" Human Rights Report 2005.တို့ကိုကြည့်ပါ
116. Tagaung Institute of Political Studies 2017.
117. Myanmar News Agency [MNA] 2004.
118. ပြန်ကြားရေး ဝန်ကြီးဌာန၊ 2017a.
119. အထက်ဖော်ပြပါအတိုင်း
120. The Asia Foundation ၏ Township Development Index တွင် အချက်အလက်များ ရရှိနိုင်ပါသည်။ မူရင်း - MOI 2017a.
121. MNA 2011.
122. Jones 2016, 100
123. အထက်ဖော်ပြအတိုင်း
124. အထက်ဖော်ပြပါအတိုင်း၊ ကချင်ပြည်နယ်မှ အပစ်အခတ်ရပ်စဲရေးအကြောင်းကို ၁၀၀ - ၁၀၇ တွင် အသေးစိတ်ဖော်ပြထားပါသည်။
125. Woods 2016, 118.
126. Jolliffe 2016, 44-49.
127. အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိပြီးနောက် မြို့နယ်ခွဲများကို မြို့နယ်အတွင်းသို့ပြန်လည်ထည့်သွင်းခဲ့သည်။
128. Jolliffe 2016

129. ဥပမာ - တရုတ်ကုမ္ပဏီများသည် စီးပွားရေးလုပ်ကိုင်ခွင့်ရရန် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးကို ပေးသွင်းရသည်။ (Meechan 2016)
130. PNO နှင့်ချိတ်ဆက်ထားသည့် ပတ္တမြားနဂါး၊ ကေအိုင်အိုနှင့်ချိတ်ဆက်ထားသည့် BUGA ကုမ္ပဏီ
131. KNU အပစ်အခတ်ရပ်စဲရေးအပြီး မဖျိုမ သတင်းဌာနသို့ ဝန်ကြီးဦးအောင်မင်းပြောပြချက်။ ၂၀၁၂ ဇန်နဝါရီ ၁၄ (Radio Free Asia Burmese 2012).
132. မြန်မာအစိုးရ ဦးစီးသည့် MPC နှင့် ပူးပေါင်းသည့် နိုင်ငံတကာမှ ငွေကြေးပံ့ပိုးသည့် ငြိမ်းချမ်းရေးတည်ဆောက်မှု စီမံကိန်းများသည် ယင်းချဉ်းကပ်ပုံကို အသုံးပြုခဲ့သည်။ အခန်း ၆ ကိုကြည့်ပါ။
133. ဥပမာအားဖြင့် KHRG 2016b.
134. အမျိုးသားညီလာခံသို့တင်သွင်းသည့် ကေအိုင်အို၏ နိုင်ငံရေးတောင်းဆိုချက်များကို ငြင်းပယ်ခံခဲ့ရသည်။ နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းပြီး တပ်မတော် ညွှန်ကြားချက်အတိုင်းနေရန် အမိန့်ပေးမှုကိုလည်း ငြင်းပယ်ခဲ့ရာမှ ၂၀၀၈ - ၂၀၀၉ တွင် တင်းမာမှုများစတင်ခဲ့သည်။
135. ပဋိပက္ခဖြစ်ပွားစေခဲ့သည့် အကြောင်းအရင်းများစွာရှိသည်။ အစိုးရက ကေအိုင်အိုသည် လုပ်ငန်းခွင် အတွင်းမှ တရုတ်အင်ဂျင်နီယာများကို ဖမ်းထားသည်ဟု စွပ်စွဲခဲ့သည်။ တရုတ်ကုမ္ပဏီများကေအိုင်အိုကို အခွန်ပေးသွင်းနေရမှု မရှိတော့စေရန် ယင်းနေရာများကို ထိုးစစ်ဆင်ခဲ့သည်ဟု ကေအိုင်အိုက အစိုးရကို အပြစ်တင်ခဲ့သည်။
136. KNU KNPP NMSP တွင်းမှ အဖွဲ့များ၊ ဆက်စပ်လုပ်ကိုင်နေသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများက သံသယရှိသည်။
137. ADB 2014.
138. ၂၀၁၅ ဇွန်လမှ အစိုးရ ကိန်းဂဏန်းများ။ Aung Shin 2015
139. Zaw Oo et al. 2015.
140. Lynn & Oye 2014.
141. Bauer, Shortell, & Delesgues 2016, 2 မှ ကိန်းဂဏန်းများ
142. Township Development Index မှ နယ်မြေစိုးမိုးရေးပဋိပက္ခ ဆိုင်ရာ အချက်အလက်၊ ၂၀၁၅ - ၂၀၁၆ လက်နက်ကိုင်တိုက်ပွဲများစာရင်း
143. Molo Women Mining Watch Network 2012.
144. ကိုးကား EcoDev-Alarm 2016၊ အသေးစိတ်အချက်အလက်များကို သုတေသနနည်းနာ-နောက်ဆက်တွဲတွင် ကြည့်ပါ
145. Eh Na 2012.
146. Chan Mya Htwe 2015; "Tanintharyi Development Projects Must Not Proceed" 2016
147. International Hydropower Association [IHA] 2015.
148. American University International Law Review 2001.
149. Forss 2016.
150. IHA 2015.
151. World Bank 2014b. ၂၀၁၇ အစောပိုင်းတွင် မေးမြန်းခဲ့သည့် ကမ္ဘာ့ဘဏ် ကျွမ်းကျင်သူ အဆိုအရ တိုးချဲ့မှုများ မပြုလုပ်နိုင်မီ အသေးစား နေစွမ်းအင်သုံးစနစ်များကို ဓာတ်အားလိုင်းမရှိသည့် နေရာများတွင် ဖြန့်ဖြူးပေးသွားမည်။ ဖြန့်ဖြူးပေးမည့် အချို့သောနေရာများသည် ပဋိပက္ခဒဏ်ခံနေရသည့် နေရာများဖြစ်သည်။
152. Forss 2016
153. International Finance Corporation [IFC] 2017a; Su Myat Mon 2017
154. မေးမြန်းချက် ၂၀၁၆ နိုဝင်ဘာ၊ လားရှိုး၊ ရှမ်းပြည်နယ်
155. မေးမြန်းချက် ၂၀၁၇၊ ကယားပြည်နယ်
156. ၂၀၁၄ သန်းခေါင်စာရင်း
157. ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် မေးမြန်းချက်။ ၂၀၁၇ ဇန်နဝါရီ
158. ယခုအခန်းတွင်ဖော်ပြထားသည့် အရေအတွက်ယူသည့် ဆန်းစစ်မှုများအတွက် ရင်းမြစ် ၃ ခုတွင်အခြေခံခဲ့သည်။ MIMU 2017၊ OECD 2016a နှင့် The Asia Foundation Aid Data Verification Survey 2017 တို့ဖြစ်သည်။
159. မြန်မာနိုင်ငံသို့ အထောက်အပံ့ပေးသည့် OECD အဖွဲ့ဝင်များမှာ အဓိကအားဖြင့် ဖွံ့ဖြိုးပြီး အနောက်နိုင်ငံများ နှင့် တောင်ကိုရီးယား၊ ဂျပန်တို့ ဖြစ်သည်။ မြန်မာနိုင်ငံသို့ ထောက်ပံ့သည့် အချို့သော အလှူရှင်များဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ရုရှားတို့သည် OCED အဖွဲ့ဝင်များ မဟုတ်ပါ။
160. ICG 2006.
161. အစိုးရတာဝန်ခံမှု ရုံး Government Accountability Office [GAO] 2007.
162. OECD 2016a မှ အထောက်အပံ့အချက်အလက်
163. ဦးသိန်းစိန်၊ ၂၀၁၃
164. McLannahan & Dickie 2012
165. Robinson 2013
166. ယခုကိန်းဂဏန်းများနှင့် ဆက်လက်ဖော်ပြမည့် ကိန်းဂဏန်းများသည် ၂၀၁၅ ခုနှစ် တွင် ဒေါ်လာပေါက်ဈေးဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။
167. OECD 2016a
168. အထက်ဖော်ပြပါအတိုင်း။ စီးပွားရေး အရွယ်အစားနှင့် အလှူရှင်များ၏ ပံ့ပိုးမှုကို သက်ရောက်မှုရှိစေသည့် အခြားအကြောင်းအရာများကို အခြေခံပါက လာအိုကဲ့သို့သော နိုင်ငံငယ်လေးများသည် တစ်ဦးချင်းလက်ခံရရှိသည့် ပမာဏမြင့်မားလေ့ရှိသည်။
169. OECD သို့ အစီရင်ခံသည့် နှစ်နိုင်ငံကြား သို့မဟုတ် နိုင်ငံပေါင်းစုံ စုပေါင်း၍ ပံ့ပိုးခဲ့သမျှ အထောက်အပံ့ အချက်အလက်များကို OECD အချက်အလက်များတွင်ဖော်ပြထားသည်။
170. AIDS TB ငှက်ဖျား တိုက်ဖျက်ရေး နှင့် ကျန်းမာရေး ကိစ္စများအတွက် လူသိနည်းသည့် ဘုံရန်ပုံငွေ၊ Global Alliance on Vaccines and Immunization နှင့် the Global Fund
171. Gilmore 2016

172. ပုဂ္ဂလိက ကဏ္ဍငွေချေးမှုကို တရားဝင် အထောက်အပံ့များစာရင်းတွင် ထည့်သွင်းထားခြင်းမရှိပါ။ အန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ထိုင်းနှင့် အမေရိကန်တို့သည် ၂၀၁၁ ခုနှစ်မှ စပြီး သွင်းကုန် - ထုတ်ကုန် ဘဏ်လုပ်ငန်းများတိုးချဲ့လာခဲ့ကြသည်။ ဒေါ်လာသန်း ၁၀၀ ကျော်တန်သည့် လုပ်ငန်းများလည်း ပါဝင်လေ့ရှိသည်။ ဥပမာ Kyaw Hsu Mon 2013.
173. နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း (The International Finance Corporation) သည် ကမ္ဘာ့ဘဏ်၏ ပုဂ္ဂလိကပိုင်းငွေချေးပေးသည့် ဘဏ်ဖြစ်သည်။ OECD မဟုတ် သည့်အလှူရှင်နိုင်ငံများ နှင့် ပုဂ္ဂလိက ကဏ္ဍငွေချေးမှုတို့ကို OECD ၏နိုင်ငံတကာ ဖွံ့ဖြိုးရေး အထောက်အပံ့နှင့်ဆိုင်သည့် အချက်အလက်များစာရင်းတွင် ထည့်သွင်းထားခြင်း မရှိပါ။
174. ယခုဖော်ပြထားသည့် အချက်အလက်၊ ဆက်လက်ဖော်ပြသွားမည့် ဇယားများပါ အချက်အလက်များသည် ၂၀၁၆ နိုဝင်ဘာထိ ဆောင်ရွက်နေဆဲ စီမံကိန်းများ ပါဝင်သည့် The Asia Foundation Aid Verification Survey ကို ကိုးကားပြီး ဖော်ပြခြင်းဖြစ်သည်။ The Asia Foundation သို့ ပေးသည့် အမေရိကန်ဒေါ်လာပေါ်တွင် အခြေခံထားခြင်းမရှိသည်များကို လျာထားသည့်ပမာဏ၊ အမှန်တကယ်သုံးစွဲသည့် ပမာဏ ပြီးဆုံးသည့်နေ့၏ ငွေလဲနှုန်းနှင့်တွက်ချက် ဖော်ထုတ်ထား ပါသည်။ ဩစတေးလျမှ အထောက်အပံ့နှင့်ဆိုင်သည့် အချက်အလက်များသည် မြန်မာနိုင်ငံသို့ပေးသည့် နှစ်နိုင်ငံ[illegible] ကားပံ့ပိုးမှုအနေဖြင့်ပေးသည့် ဩစတေးလျအထောက်အပံ့ကို အပြည့်အဝဖော်ထုတ်နိုင်ခြင်းမရှိပါ။ အခြား အလှူရှင်များ ကလည်း အစီရင်ခံသည့် ပုံစံကြောင့် လုပ်ငန်းအစီအစဉ်များ Aid Verification Survey data တွင် အပြည့်အဝ ပါဝင်နိုင်ခြင်း မရှိမည်ကို စိုးရိမ်ကြသည်။ အထောက်အပံ့ စိစစ်ရေး လုပ်ငန်းစဉ် aid verification process နှင့်ပတ်သက်ပြီး Methods Annex တွင် အပြည့်အစုံ ဖော်ပြထားပါသည်။
175. ဥပမာ Pyae Thet Phyo 2016
176. DACU ၏ ကဏ္ဍဆယ်ခု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့များ - သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ ပညာရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အာဟာရ၊ လူမှုကာကွယ်ရေး =နှင့် ဘေးအန္တရာယ်စီမံမှု၊ ကျန်းမာရေး အလုပ်အကိုင်ဖန်တီးရေးနှင့် အကြီးစားစီးပွားရေး စီမံမှု
177. လယ်သမားများသို့ငွေထောက်ပံ့မှုသည် ပြည်သူများအတွင်း၊ လွှတ်တော်အတွင်း အငြင်းအခုန်များဖြစ်ပွားစေခဲ့သည်။ Htoo Thant 2016.
178. Kyaw Htike Soe 2017
179. ယခင်က ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း ( Kaladan Multi-Modal Transport Transit Project) ဟု ရည်ညွှန်းပြီး၊ မြန်မာမှတဆင့် အန္ဒိယ အနောက်မြောက်ဒေသ သို့အဆက်အသွယ်လွယ်ကူစေရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်ဖြစ်သည်။
180. Yun Sun 2017
181. OECD 2016a.
182. The Asia Foundation’s Aid Data Verification Survey 2017
183. MIMU ၂၀၁၇ အချက်အလက်များသည် စီမံကိန်းအရေအတွက်ကိုသာဖော်ပြပြီး တန်ဖိုးကိုဖော်ပြထားခြင်းမရှိပါ။ NGO နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ အစီရင်ခံသည့် စီမံကိန်းများသာပါဝင်ပြီး နိုင်ငံတကာဘဏ်များ သို့မဟုတ် မြန်မာအစိုးရ၏ စီမံကိန်းများ ပါဝင်ခြင်းမရှိပါ။
184. ဂျပန်သည် ရခိုင်ပြည်နယ်မှ သယ်ယူပို့ဆောင်ရေးအတွက် ပမာဏများသည့် အထောက်အပံ့ချေးငွေ ၂ ခုကို ချထားပေးသည်။
185. ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကာကွယ်ရေး ပံ့ပိုးမှု အများစုကို နိုင်ငံအဆင့်တွင်သာ စီစဉ်ပြီး ဖော်ပြပါ ကိန်းဂဏန်းများပါဝင်မှုမရှိပါ။
186. နိုင်ငံတကာ အထောက်အပံ့အဖွဲ့အစည်းများကို အကြံပေးနေသည့် ပုဂ္ဂိုလ်များကို စာဖြင့်မေးမြန်းမှု၊ ၂၀၁၆ နိုဝင်ဘာနှင့် ၂၀၁၇ ဖွန်
187. The Border Consortium [TBC] 2014, 1
188. အထက်ဖော်ပြပါအတိုင်း
189. ဥပမာ - The Border Consortium ၏ ၂၀၁၆ အတွက် ထိုင်းမြန်မာနယ်စပ်မှ ထိုင်းလုပ်ငန်းအစီအစဉ်များအတွက် ချထားပေးသည့် ဘတ်ဂျတ်သည် ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်းလျော့နည်းသွားသည်။
190. လူသားချင်းစာနာမှု အထောက်အပံ့ တာဝန်ရှိသူများနှင့် ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ဘန်ကောက်နှင့် ရန်ကုန်တွင် မေးမြန်းထားချက်။
191. အထက်ဖော်ပြပါအတိုင်း
192. အာရှတိုက်တခွင်လုံးတွင် ပျမ်းမျှအားဖြင့် ဒေါ်လာ ၈.၈ သန်း၊ တနှစ်စာ အထောက်အပံ့၏ ၂.၁ ရာခိုင်နှုန်းကိုသာတရားဝင်ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ် သို့မဟုတ်နိုင်ငံရေးအပြောင်းအလဲ မရှိသည့် နယ်မြေစိုးမိုးရေးပဋိပက္ခများအတွက် ရည်ရွယ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းအစီအစဉ်များတွင် အသုံးပြုသည်။ (Parks et al. 2013, 67)
193. OECD 2016a
194. တိုးတက်လာမှုတွင် ဘဘာဝ ဘေးအန္တရာယ်ကျရောက်ချိန်တွင် သုံးစွဲခဲ့သည့် လူသားချင်းစာနာမှု အသုံးစရိတ်များထည့်သွင်းထားခြင်းမရှိပါ။ ဥပမာ ၂၀၀၄ ဒီဇင်ဘာ ၂၆ အန္ဒိယသမုဒ္ဒရာ ဆူနာမီဖြစ်ပြီးနောက်ပိုင်း သီရိလင်္ကာနှင့် အင်ဒိုနီးရှားသို့ပေးခဲ့သည့် ပြန်လည်တည်ဆောက်ရေး အထောက်အပံ့
195. ယခုစာပိုဒ်တွင်ပါဝင်သည့် မြန်မာနိုင်ငံမှလွဲ၍အခြားနိုင်ငံများအတွက် တွက်ချက်မှုကို Contested Corners study အတွက်စုစည်းထားသည့် အချက်အလက်ပေါ် အခြေခံသည်။
196. ဖိလစ်ပိုင်အစိုးရနှင့် Moro Islamic Liberation Front တို့သည် ၂၀၁၂ တွင် ပမာဏ မူဘောင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ တွင်ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ နှင့် ၂၀၁၅ အတွင်း ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအတွက် အသုံးစရိတ်သည် စုစုပေါင်း ဒေါ်လာ ၈၄ သန်းသာရှိသည်။ ထိုင်းနိုင်ငံအတွက် ၂၀၁၂ - ၂၀၁၅ အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့မှုသည် ဒေါ်လာ ၁၃ သန်းသာ ရှိသည်။
197. Aung Khaing 2016
198. Myanmar Peace Support Initiative [MPSI] 2014
199. အသေးစိတ်ကို အခန်း ၆၊ အပိုင်း ၆.၂ တွင်ကြည့်ပါ။
200. PSF သည် ပေါင်းစည်းလုပ်ငန်း Paung Sie Facility ကိုပြန်လည်အမည်ပေးထားခြင်း ဖြစ်ပြီး၊ လူမှုရေးစီးကပ်မှုနှင့် ရပ်ရွာတွင်း သဟဇာတဖြစ်ရေးကို အဓိကထား ဆောင်ရွက်မည်ဖြစ်သည်။
201. MNA 2016
202. Lun Min Mang 2016
203. Parks et al. 2013
204. OECD 2016b

205. Gibson et al. 2005.
206. Boyce 2002
207. The Asia Foundation Aid Data Verification Survey 2017
208. ကမ္ဘာ့ဘဏ်မှအချက်အလက်၊ ရန်ကုန်
209. စုစုပေါင်းလျာထားသည့် ပမာဏတွင် ကမ္ဘာ့ဘဏ်နှင့်မဆိုင်သည့် အရင်းအမြစ်များမှလည်း ပါဝင်သည်။ (World Bank 2015)
210. Livelihoods and Food Security Trust Fund [LIFT] 2016
211. LIFT ၏ အသုံးစရိတ်အများစုကို အလှူရှင် ၁၂ နိုင်ငံနှင့် ဥရောပသမဂ္ဂက အဓိက ပံ့ပိုးပေးပြီး Mitsubishi Corporationကလည်း ပံ့ပိုးမှုများပြုလုပ်သည်။ (LIFT 2015).
212. မြန်မာအစိုးရနှင့် KNPP ကြား အချက် ၁၄ ချက်ပါ သဘောတူညီချက်။ ၂၀၁၂ ဇွန်လ။ Keenan 2012
213. အပစ်အခတ်သဘောတူညီချက်မရမီ ၂၀၁၀ ခုနှစ်တွင် ရေကာတာနေရာသို့သွားသည့် အင်ဂျင်နီယာများကို KNPP က လက်နက်ကြီးဖြင့်ပစ်ခဲ့သည်။ ဆည်တည်ဆောက်ခြင်းဖြင့် ဒေသခံများကို အန္တရာယ်ဖြစ်စေသူပါဝင်ခြင်းကြောင့် ယဉ်တန်းကို တိုက်ခိုက်ရခြင်း ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။ (Sai Zom Hseng 2010).
214. နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီလမ်းစဉ် မိန့်ခွန်းတွင် ဖွံ့ဖြိုးရေးကြောင့် ငြိမ်းချမ်းရေးရမယ်လို့ ပြောတဲ့သူ တချို့ ရှိပါတယ်။ ကျမ လုံးဝ သဘောမတူပါဘူး ဟု ပြတ်ပြတ်သားသားပြောခဲ့သည်။ (Min Min 2017)
215. ၂၀၁၁ ကမ္ဘာ့ဖွံ့ဖြိုးရေးအစီရင်ခံစာ (World Development Report) တွင် ယင်းအကြောင်းရင်းများကို ဖော်ပြထားပါသည်။ The Contested Corners of Asia စာတမ်းသည် WDR မူဘောင်ကိုအခြေခံပြီး အထောက်အပံ့များသည် နယ်မြေစိုးမိုးရေးပဋိပက္ခနေရာများမှ ငြိမ်းချမ်းရေးအသွင်ကူးပြောင်းခြင်းကို အထောက်အကူဖြစ်စေပုံကို ရှင်းပြထားသည်။
216. ကတိကဝတ်များ ခိုင်မာစေရန် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်ပြဿနာများကို ပြည်တွင်းစစ်ဖြစ်ရခြင်း၊ ဖြေရှင်းရန်နည်းလမ်းများရှာဖွေရန်ခက်ခဲရခြင်းများ အကြောင်း ဖော်ပြထားသည့် စာအုပ်စာတမ်းများတွင် အကျယ်တဝင့်ရေးသားထားသည်။ ဥပမာ Walter 2009
217. NCA စာပိုဒ် ၂၅ တွင်ဖော်ပြထားပါသည်။ ဖော်ပြထားခြင်းမရှိသည့် အချက် ၆ သည် တရားမဝင် မူးယစ်ဆေးဝါးနှိမ်နင်းရေးဖြစ်သည်။
218. MOI 2017a
219. South 2015.
220. ငြိမ်းချမ်းရေးနောက်မှ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် စကားရပ်ကို EAO များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ရှမ်း၊ ကချင်နှင့် ချင်းမိုင် တို့တွင်ပြုလုပ်ခဲ့ သည့်မေးမြန်းမှုများတွင် အထပ်ထပ်သုံးစွဲခဲ့ကြသည်။ ၂၀၁၆ စက်တင်ဘာ - ၂၀၁၇ မတ်။
221. ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကြားဆက်နွယ်မှုနှင့်ပတ်သက်သည့် အယူလွဲများကို Ministry of Border Affairs [MBA] နှင့် Japan International Cooperation Agency [ JICA] 2013 တွင်ကြည့်ရှုနိုင်သည်။
222. ၂၀၁၅ ဒီဇင်ဘာတွင် ထွက်ရှိခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်သည် NCA နောက်တွင် ဆောင်ရွက်ရန်အတွက်ဖြစ်သည်။ ပဋိပက္ခဒဏ်ခံနေရသည့် နေရာများမှ ပြဿနာများအပြင် စီးပွားရေး၊ မြေယာ နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံအဆင့် မူဝါဒများထိ ဆွေးနွေးနိုင်ရန် နေရာပေးထားသည်။
223. Richards, Morrice, & Carr 2016, 9
224. လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ မြန်မာနိုင်ငံပြင်ပမှ ဒေသတွင်းရုံးများ သို့မဟုတ် နိုင်ငံရေးပိုင်းလုပ်ပိုင်ခွင့်မရှိသည့် အဖွဲ့အစည်းများတွင် ပဋိပက္ခဆင်ခြင်ရှောင်ရှားမှုကျင့်သုံးနေမှုကို မေးမြန်းခံရသူ ၇ ဦးက ဖြေကြားခဲ့ခြင်းမရှိပါ။ မေးမြန်းမှုများကို ၂၀၁၆ ဇူလိုင်နှင့် ဒီဇင်ဘာတွင် ပြုလုပ်ခဲ့ပါသည်။
225. ADB n.d
226. UN စီမံသည့် 3MDG နှင့် LIFT ရံပုန်ငွေ များ၏အဖွဲ့အစည်းတွင်း လမ်းညွှန်ချက်များကိုကြည့်ပါ။ LIFT n.d.; 3MDG 2015
227. ကလေးသူငယ် အခွင့်အရေးများ နှင့် ကလေးသူငယ် ဘဝမြှင့်တင်ရေး ကဲ့သို့သော နိုင်ငံရေးအရ အကဲဆတ်မှုနည်းသည့် လုပ်ငန်းများ ဆောင်ရွက်ကြသည့် အလှူရှင်များသည် ပဋိပက္ခတိုက်ရိုက်ဖြေရှင်းရန် လွယ်ကူမည်ဟု ယူဆနိုင်ကြသည်။ ဥပမာ UNICEF 2017
228. UNDP ကိုယ်စားလှယ်နှင့်မေးမြန်းချက်။ ၂၀၁၆ အောက်တိုဘာ
229. International Peace Support Group’s Recommendations 2016 ကိုလည်းကြည့်ပါ။
230. Vit Suwanvanichkij, Johns Hopkins Center for Public Health and Human Rights. Thornton 2015 တွင်ဖော်ပြထားချက်
231. KNU နှင့် NMSP မှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် မေးမြန်းချက်၊ အစိုးရ၏ NRPC မှာ တာဝန်ရှိသူနှင့် စာဖြင့်မေးမြန်းချက်၊ မေ နှင့် ဇွန် ၂၀၁၇
232. Michaels 2014 တွင်ဖော်ပြထားချက်။ ကရင်ပညာရေးဌာန (The Karen Education Department) သည် KNU ၏ ဝန်ကြီးဌာနတစ်ခုဖြစ်သည်။
233. ဥပမာ NMSP နှင့် KIO တို့၏ လူမှုရေး ဝန်ဆောင်မှု စနစ်များသည် ၁၉ ၉ ၀ နှစ်များ နှင့် ၂၀၀၀ နှစ်များတွင် အစိုးရစနစ်များနှင့် လိုက်ဘက်ညီမှု မြင့်တက်လာပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အခွင့်လမ်းများ ရရှိခဲ့သည်။
234. Health Convergence Core Group 2013
235. မြန်မာ့သမိုင်းတွင် ပျက်ဆီးခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်အများအပြားရှိသည်။ ဥပမာ ၂၀၁၁ ခုနှစ်တွင် ကချင်လွတ်မြောက်ရေး အဖွဲ့နှင့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားမှု ပျက်ဆီးသွားခဲ့သည်။
236. NCA အပိုဒ် ၁ (က)
237. အထောက်အပံ့များ ရယူခဲ့သည့်၊ နည်းပညာအကူအညီများကို အထောက်အပံ့ စီမံကိန်းမှ တဆင့်လက်ခံခဲ့သည့်၊ သင်တန်းများနှင့် အစိုးရများသို့ ပံ့ပိုးသည့် ဘဏ္ဍာရေး အထောက်အပံ့များ ရရှိခဲ့သည့် အခြားသော အရှေ့တောင်အာရှနိုင်ငံများမှအစိုးရများသည် ဗဟိုအစိုးရဌာနများ၏ အင်အားကို တဖြည်းဖြည်းစုစည်းတိုးချဲ့ခဲ့ကြပြီး ဆင်းရဲမွဲတေမှု လျှော့ချရေးကို အလျင်အမြန်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဥပမာ - Muscat 1990
238. Stewart 2008; Esman 1997. အစိုးရ အင်စတီကျူးရှင်းများသို့ အထောက်အပံ့ သစ်များဝင်ရောက်ခြင်းသည် စစ်ဘက်ခေါင်းဆောင်များထက် အရပ်ဘက်ခေါင်းဆောင် များကို အသာစီးရစေရန် အထောက်အကူဖြစ်စေနိုင်သော်လည်း ယင်းတစ်ခုတည်းဖြင့် မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေမည်ဟု အာမခံချက်မရှိပါ။
239. အလှူရှင် ကိုယ်စားလှယ်များနှင့် မေးမြန်းချက်များ၊ ၂၀၁၆ စက်တင်ဘာ - အောက်တိုဘာ
240. Callahan 2017

241. ICG 2014a.

242. The Asia Foundation ၏ ဒေသတွင်းလေ့လာချက်ဖြစ်သော Contested Corners of Asia စာတမ်းတွင် အဓိက အကြောင်းအရာ ၃ ခုကို တင်ပြထားသည်။ လက်ခံအစိုးရ၏ ဦးတည်ချက်များ၊ အလှူရှင် ဦးစားပေးကိစ္စများ၊ အထောက်အပံ့ လုပ်ငန်းဆောင်ရွက်ပုံနှင့် နည်းလမ်းများ (Parks et al. 2013, 83)

243. ဥပမာ - ဒေသန္တရအုပ်ချုပ်ပုံအခြေအနေကို UNDP ပံ့ပိုးမှုဖြင့် သုံးသပ်မှုပြုလုပ်ခဲ့သည်။ (UNDP Myanmar 2014a-g & 2015a-g)

244. အစိုးရတာဝန်ရှိသူများနှင့်မေးမြန်းချက်၊ နေပြည်တော်၊ ၂၀၁၇ ဧပြီ၊

245. ဘန်ချောင်း ကျောက်မီးသွေးတွင်းကို IFC က ပံ့ပိုးသည်။ Martov 2017. ထိုင်း အစိုးရ နှင့် ADB သည် အာရှအဝေးပြေးလမ်းကို ပံ့ပိုးသည်။ KHRG 2016a

246. Martov 2017

247. တနိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် မြေယာမဲ့သူများမှာ အိမ်ထောင်စု အားလုံး၏ ၁၉ .၈ ရာခိုင်နှုန်းဖြစ်သည်။ အိမ်ထောင်စု ၃၃.၆ ရာခိုင်နှုန်းသည် ဆင်းရဲသည်ဟု သတ်မှတ်ထားချက်တွင်ပါဝင်သည်။ (UNDP 2011, 43)

248. KNU တွင် သီးသန့်အသုံးပြုသည့် မြေယာမှတ်ပုံတင်စနစ်ရှိသည်။

249. နိုင်ငံတကာ အရပ်ဘက်လူ့အဖွဲ့အစည်း လှုပ်ရှားသူများ နှင့် သုတေသနပညာရှင်များနှင့်အတူ ပြည်ပရောက်အုပ်စုများသည် မြန်မာနိုင်ငံတွင်းရှိ ရေကာတာများ ဆန့်ကျင်ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သည်။

250. ၂၀၁၀ ခုနှစ်တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီသည် တာဆန်း ဆည် စီမံကိန်းနေရာမှ တရုတ် အင်ဂျင်နီယာများကို ပြန်ပေးဆွဲခဲ့သည်။

251. ရေကာတာများ၊ ဆည်များအကြောင်းဖော်ပြထားသည့် သတင်းပေါင်း ၂၁၅ ခုအနေက် ၁၇၁ သည် နိုင်ငံတကာ ငွေကြေးပံ့ပိုးမှုများအကြောင်းကို ဖော်ပြထားသည်။ ၂၀၁၃ မှ ၂၀၁၆ အတွင်း သတင်းများကို စုစည်းထားခြင်းဖြစ်သည်။.

252. EAO များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ရှမ်း၊ ကချင်နှင့် ချင်းမိုင် တို့တွင်ပြုလုပ်ခဲ့သည့်မေးမြန်းမှုများ။ ၂၀၁၆ စက်တင်ဘာ - ၂၀၁၇ မတ်။

253. IFC သည် သဘာဝ သယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တို့နှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ IFC ကိုယ်စားလှယ်နှင့် မေးမြန်းချက်မှ ရရှိသည့် အချက်အလက်များ။ ၂၀၁၇ ဖေဖော်ဝါရီ။

254. Deetes 2016.

255. ဥပမာ ဆည်များနှင့်ပတ်သက်ပြီး World Commission က ၂၀၀၀ ခုနှစ်တွင် ထုတ်ဝေ ထားသည်များ။ စင်ကာပူ၊ ထိုင်း နှင့် ယူကေတွင် အခြေချသည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အကြံပေးများ နှင့် ပညာရှင်များအား လူတွေ့၊ စာဖြင့် မေးမြန်းချက်များကို ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဇန်နဝါရီအတွင်း ဆောင်ရွက်ခဲ့ပါသည်။

256. ဖြေရှင်းချက်တစ်ခုအနေဖြင့် အသေးစား ရေကာတာများ တည်ဆောက်ခြင်းကို အမွှန်းတင်ခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးမှုနှင့် ငြင်းခုန်မှုများကို Blanc & Strobel 2013 တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

257. Sadan 2016.

258. ၂၀၁၅ NCA အပိုဒ် ၂၅ ခ တွင် EITI ကိုဖော်ပြထားသည်။

259. KNU သစ်တောနှင့် စိုက်ပျိုးရေးဌာန တို့နှင့်လက်တွဲဆောင်ရွက်သည့် Karen Environmental and Social Action Network (KESAN) အတွက် ပံ့ပိုးမှုများကို နိုင်ငံတကာ NGO များမှ တဆင့် အလှူရှင်များက ပေးခဲ့သည်။

260. မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်ခံနေရသည့်နေရာများမှ စီးပွားရေးအပြောင်းအလဲများသည် ဖွံ့ဖြိုးမှုမညီမျှမှုများကို တဖြည်းဖြည်းဖြစ်ပေါ်စေပြီး၊ ကျေးလက်လူထုများကို မြင့်တက်လာသည့် ဖိအားများအောက်တွင်ရောက်ရှိစေသည်ဟု Kevin Woods နှင့် အခြားသူများက ထောက်ပြထားသည်။ (Buchanan, Kramer, & Woods 2013)

261. အစိုးရသည် ၎င်း၏ စီးပွားရေးမူဝါဒများကို အချက် ၁၂ ချက်ဖြင့် အတိုချုပ်ဖော်ပြထားပြီး အသေးစိတ် အစီအစဉ်များကို ယင်းပေါ်တွင် အခြေခံ ရေးဆွဲသွားမည်ဖြစ်သည်။ မြန်မာအစိုးရ ၂၀၁၆။

262. ဥပမာ Chamberlain, et al. 2014. စိုက်ပျိုးရေးကဏ္ဍ သုံးသပ်မှုကို လေ့လာလိုပါကThan Tun, Kennedy, & Nischan 2015

263. ဥပမာ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ လွတ်လပ်ခွင့်ပေးလိုက်ပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြုပ်နှံမှုသည် ဝေးလံသည့်ဒေသများတွင် ရောက်ရှိမှု မရှိသေးသည့်တိုင်အောင် ပျံ့နှံ့မှုအားကောင်းပြီး အလွယ်တကူ ရရှိနိုင်သည့် ခေတ်မီ မိုဘိုင်း ဖုန်းကွန်ယက်များကိုဖြစ်ပေါ်စေခဲ့သည်။

264. Frontier Myanmar 2015

265. Burke, Tweedie, & Poocharoen 2013

266. ဥပမာ ကယားပြည်နယ်၊ ဖရူဆိုမှ ကျေးရွာသားများနှင့် ၂၀၁၇ ဇန်နဝါရီတွင် မေးမြန်းချက်အရ နိုင်ငံခြားအထောက်အပံ့ဖြင့် ဆောင်ရွက်လေ့ရှိသော အထူးနှုန်းချေးငွေများ၊ ကျောင်းသားများကို ထောက်ပံ့ခြင်းကဲ့သို့ တဦးချင်းစီကို အကျိုးဖြစ်ထွန်းစေသည့် ကိစ္စများကို ကျေးရွာတွင်းရှိ ချမ်းသာ၍ အဆက်အသွယ်ကောင်းသည့် မိသားစုများကသာ လက်ဝါးကြီးအုပ်ထားကြောင်း သိရသည်။

267. MacGregor & Shwe Yee Saw Myint 2014

268. ဗမာများနှင့် အခြားဗမာစကားပြောပုဂ္ဂိုလ်များ ရောက်ရှိလာကြပြီး ရုံဖန်ရံခါတင်းမာမှုများ ဖြစ်စေသည်ဟု ကရင်ပြည်နယ်တွင် အသစ်တည်ထားသည့် မြို့သစ်များနှင့် အနီးအနားတွင်နေထိုင် သည့်သူများက ရှင်းပြခဲ့သည်။ မေးမြန်းချက်များ၊ ကရင်ပြည်နယ်၊ ၂၀၁၇ ဖေဖော်ဝါရီ

269. မေးမြန်းချက်များ၊ လှိုင်းဘွဲ၊ ကရင်ပြည်နယ်၊ ၂၀၁၆ နိုဝင်ဘာ နှင့် ဒီဇင်ဘာ

270. နိုင်ငံတကာ NGO ဝန်ထမ်းများနှင့် မေးမြန်းချက်များ၊ ဖားဘုံ၊ ကရင်ပြည်နယ်၊ ၂၀၁၇ မေ

271. အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများကို ကရင်၊ ကချင် နှင့် ရှမ်းပြည်နယ် နေရာအချို့တွင် လုပ်ကိုင်ရန် အားပေးသော်လည်း အခြားနေရာများတွင် လုပ်ရန် ပိတ်ပင်ထားသည်။

272. အသေးစိတ်အချက်အလက်ကို Jolliffe 2016 တွင်ကြည့်ပါ။

273. အစိုးရကော EAO များပါ လုံခြုံရေး ရည်မှန်းချက်များအတွက် အထောက်အပံ့ စီမံကိန်းများကို လမ်းညွှန်နိုင်ရန် နည်းလမ်းရှာကြသည်။ ရှမ်းပြည်နယ်၊ ထိုင်း-မြန်မာ နယ်စပ်၊ ရန်ကုန် နှင့် ဘန်ကောက် တွင် လုပ်ငန်းဆောင်ရွက်နေသည့် အထောက်အပံ့ပေး သည့် အဖွဲ့အစည်းများနှင့် မေးမြန်းချက်။ ၂၀၁၆ အောက်တိုဘာ နှင့် နိုဝင်ဘာ

274. KNU ထောက်ပံ့ထားသည့်ကျောင်းများတွင် ခန့်ထားသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ အရေအတွက်မှာ ၂၀၁၂ - ၁၃ မှ ၂၀၁၅ - ၁၆ အတွင်း သုံးဆနီးပါး ၁၅၄၇ မှ ၄၇၁၈ ထိ တိုးတက်လာပြီး၊ ပေါင်းစပ်ကျောင်း ၃၇၉ ခုပေါ်ပေါက်စေခဲ့သည်။ ၂၀၁၅ - ၁၆ တွင် KNU ထောက်ပံ့ထားသည့်ကျောင်း ၄၉ .၃ ရာခိုင်နှုန်းတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာများရှိနေသည်။ ၂၀၁၂ - ၁၃ တွင် ၂၆.၆ ရာခိုင်နှုန်းရှိနေရာမှ မြင့်တက်လာခြင်းဖြစ်သည်။ (Jolliffe & Speers Mears 2016, 64)

275. အခန်း ၄ ကိုကြည့်ပါ။ ၂၀၁၇ အစောပိုင်းတွင် အလှူရှင်အများအပြား (ဂျပန် နှင့် ကမ္ဘာ့ ဘဏ်) တို့သည် ဘတ်ဂျက်ပံ့ပိုးမှုအချို့ပြုလုပ်ခဲ့ပြီး သင့်တော်သည့် ဘဏ္ဍာရေး စီမံရေး လမ်းကြောင်းများ ဖွံ့စည်းနိုင်ပါက အခြားသူများကလည်း ၎င်းတို့ အတိုင်း လုပ်ဆောင်ရန် စီစဉ်နေသည်။
276. နိုင်ငံအဆင့် အစိုးရ အရာရှိများနှင့် စာပေးစာယူမေးမြန်းချက်။ ၂၀၁၇ ဧပြီ၊ ပြည်နယ်အဆင့် အစိုးရ အရာရှိများနှင့် မေးမြန်းချက် ၂၀၁၇ မေ
277. The Asia Foundation မှ တနိုင်ငံလုံးတွင်ဆောင်ရွက်ခဲ့သည့် နိုင်ငံသား အသိအမြင် နှင့် တန်ဖိုးလေ့လာချက်(civic knowledge and values) များက ယခုစာတမ်းပါ မြေပြင် အချက်အလက်များကို အတည်ပြုထားပေးသည်။ အကောင်းဘက်သို့ ဦးတည်နေသည် ဟု ခံစားရကြောင်းဖြေဆိုသူများအနက် လမ်းသစ်များဖောက်လုပ်ခြင်းသည် အများဆုံး ရည်ညွှန်းခံရသည့် ကိစ္စဖြစ်သည်။ (The Asia Foundation 2014)
278. ၂၀၁၆ နှစ်ကုန်ပိုင်းနှင့် ၂၀၁၇ အစောပိုင်းတွင် ရှမ်းပြည်နယ်၊ နမ့်ဆန် အရှေ့ပိုင်းမှ ကျေးရွာ ၉ ခုတွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ် ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် အစိုးရ၏ အမျိုးသား အဆင့် ရပ်ရွာအခြေပြုဖွံ့ဖြိုးရေး စီမံကိန်းသည် ယင်းနေရာများတွင် ရပ်ရွာသားများပါဝင်သည့် အကြီးဆုံး စီမံကိန်းဖြစ်သည်။
279. ကယားနှင့် ရှမ်းပြည်နယ်များတွင် ဖြစ်စဉ်လေ့လာချက်များအရ ဒေသနှင့်အညီဆောင်ရွက်သည့် ညှိနှိုင်းဆက်ဆံမှု နှင့် ဆုံးဖြတ်ချက်ချခြင်း၊ ရပ်ရွာများသို့ အကျိုးအမြတ်များ ခိုင်ခိုင်မာမာ တိုက်ရိုက်ပေးနိုင်ခြင်းတို့သည် ဖွံ့ဖြိုးရေးကို အထောက်အောက်ဆန်သည့် သို့မဟုတ် ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် လုပ်ငန်းအဖြစ် မြင်နေခြင်းကို လျော့ချပေးသည်ကို တွေ့ရှိရသဖြင့် အရှေ့ပိုင်းသုံးသပ်ချက်များ မှန်ကန်ကြောင်းအတည်ပြုနိုင်ခဲ့သည်။
280. KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နှင့်မေးမြန်းချက်၊ ၂၀၁၆ နိုဝင်ဘာ.
281. EAO များသည် ဘက်မလိုက်ကြားဝင်ညှိနှိုင်းပေးရန်၊ စောင့်ကြည့်ပေးရန် အပါအဝင် နိုင်ငံတကာပါဝင်မှုမြှင့်တင်ရန် အထပ်ထပ်တောင်းဆိုခဲ့သည်။ ကရင်အမျိုးသား အစည်းအရုံးမှ တာဝန်ရှိသူတဦးက နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဖိအားပေးတာ၊ ငွေကြေးပံ့ပိုးတာ လုပ်ဖို့လိုပါတယ်။ မဟုတ်ရင် ကျနော်တို့တောထဲပြန်ရောက်သွားလိမ့်မယ် ဟု ပြောခဲ့သည်။ (အဆင့်မြင့် KNU ခေါင်းဆောင်နှင့်မေးမြန်းချက်။ ကရင်ပြည်နယ်၊ ၂၀၁၆ နိုဝင်ဘာ)
282. ၂၀၁၇ ဖေဖော်ဝါရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ် H.E. Hong Liang က လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အရေးအကြီးဆုံးကတော့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ အနေနဲ့ တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကို လက်မှတ်ရေးထိုးဖို့ပါ ဟု ပြောခဲ့သည်။မြန်မာအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန နှင့် မေးမြန်းချက်။ (MOI 2017b).
283. NCA လက်မှတ်မထိုးသည့် EAO များကို မတရားသင်းအဖြစ်သတ်မှတ်သည်။.
284. မဇ္ဈိမသတင်းဌာနနှင့် မေးမြန်းချက် (Zarleen 2015).
285. အဆင့်မြင့် KNU ကိုယ်စားလှယ် နှင့်မေးမြန်းချက်။ ကရင်ပြည်နယ်၊ ၂၀၁၆ နိုဝင်ဘာ.
286. EAO ခေါင်းဆောင်များသည် ဟန်ပြလက်မှတ်ရေးထိုးခြင်းဖြင့် လှည့်စားခံရမည်ကို စိုးရိမ်ကြသည်။ NMSP ၊ KIO နှင့် KNU ခေါင်းဆောင်များနှင့် မေးမြန်းချက် ၂၀၁၆ နိုဝင်ဘာ - ၂၀၁၇ ဩဂုတ်
287. အလှူရှင်နှင့်မေးမြန်းချက်။ ၂၀၁၆ ဇူလိုင် - စက်တင်ဘာ။ အခြားကိုယ်စားလှယ်တဦး က NCA သည် ယနေ့ခေတ်တွင်အသုံးပြုသည့် အာရုံလွှဲသည့်နည်းလမ်းကဲ့သို့ဖြစ်ပြီး ပြဿနာ အစစ်များမှ အာရုံလွှဲရန် အသုံးပြုသည်ဟု ဆက်လက်ပြောပြခဲ့သည်။ ၂၀၁၇ ဩဂုတ် ဆက်သွယ်မေးမြန်းချက်။
288. အလှူရှင်များက ခန့်ထားသည့် ငြိမ်းချမ်းရေးတည်ဆောက်မှု ကျွမ်းကျင်သူများနှင့် မေးမြန်းချက်များ နှင့် အလွတ်သဘော ဆက်သွယ်မှုများ။ ၂၀၁၇ ဇန်နဝါရီ - ဇွန်
289. EAO သုံးခုမှ ကိုယ်စားလှယ်များနှင့် စာဖြင့်ဆက်သွယ်မေးမြန်းချက် ၂၀၁၇ ဧပြီ
290. Adler, Sage, & Woolcock 2009.
291. Davis 2016.
292. Peace Support Fund 2015
293. အလှူရှင်ကိုယ်စားလှယ်များနှင့် မေးမြန်းချက်။ ၂၀၁၇ မတ် နှင့် ဇွန်
294. UK Parliamentary International Development Committee 2014; DFID မှ Inter Mediate ကို ဒေါ်လာ ၃.၅ သန်း၊ (ပေါင် ၂.၇ သန်း) ကို ၂၀၁၂ နှင့် ၂၀၁၇ ကြားတွင် ပေးခဲ့သည်။ (ယူကေလွှတ်တော် ၂၀၁၇) Inter Mediate ကို တိုနီဘလဲ၏ အမှုဆောင်အရာရှိချုပ် ဟောင်း (chief of staff) ဂျိုနာသန်ပေါဝဲက တည်ထောင်ထားသည်။
295. ငြိမ်းချမ်းရေးအထောက်အကူပြုခြင်းတာဝန်ယူထားသည့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် အစိုးရနှင့် ဆက်ဆံမှု အပြောင်းအလဲ အကြောင်းကို ၂၀၁၆ နှင့် ၂၀၁၇ အစောပိုင်းတွင် ပြုလုပ်ခဲ့သည့်မေးမြန်းချက်များတွင် အထပ်ထပ် ပြောဆိုခဲ့သည်။
296. အစပိုင်းတွင် ယူကေ ကထောက်ပံ့ခဲ့ပြီး နောက်ပိုင်းတွင် ပူးပေါင်းအားထုတ်မှုအဖြစ် အခြား အလှူရှင်များက ပူးပေါင်းခဲ့သည်။
297. ဥပမာ Minoletti 2016 ကြည့်ပါ
298. Paffenholz and Ross 2015
299. Johanson 2017
300. ပြည်ပရောက် အသိုင်းအဝိုင်းများ၏ တက်ကြွလှုပ်ရှားမှု၊ နိုင်ငံတကာ အထောက်အပံ့များ ဆယ်စုနှစ်ကျော်ရရှိခဲ့မှုကြောင့် ပဋိပက္ခအရေးအရာများတွင် ပါဝင်နေသည့် တိုင်းရင်းသား အရပ်ဘက်လူ့အဖွဲ့အစည်း အကြံပေးတိုက်တွန်းအဖွဲ့များနှင့် စာနယ်ဇင်းများသည် နိုင်ငံတွင်းတွင် ခိုင်ခိုင်မာမာ ရပ်တည်နေကြသည်။
301. နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က JCB သည် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အလှူရှင်များကို ဦးစားပေးခြင်းထက် အမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေအနေပေါ်လိုက်ပြီး ကဏ္ဍအလိုက်ခွဲဝေချထားပေးခြင်းဖြင့် ရန်ပုံငွေများကို မျှတစွာ၊ ထိထိရောက်ရောက် အသုံးပြုသွားမည် ဟု ဆိုခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံရုံး။ Lun Min Mang 2016.
302. EAO အဆင့်မြင့်ကိုယ်စားလှယ်များနှင့် မေးမြန်းချက်။ ၂၀၁၇ ဖေဖော်ဝါရီ - ဇူလိုင်
303. အထက်ဖော်ပြပါအတိုင်း
304. အလှူရှင်ကိုယ်စားလှယ်များနှင့် ဆက်သွယ်မေးမြန်းချက်။ ၂၀၁၇ မေ - ဇူလိုင်
305. Saning 2016.
306. Phillips 2017; MacGregor 2016.
307. ဥပမာ - ကချင်ပြည်နယ်တနံတလျားတွင် Shalom Foundation သည်အရေးပါသည့် နေရာမှပါဝင်ခဲ့သည်။ (Lahtaw, Zakhung, & Lahpai2014). ပူးတွဲညှိနှိုင်းရေးအဖွဲ့သစ်သည် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အပံ့ ရယူမှုကို ကန့်သတ်မှုများပြုလုပ်နိုင်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် EAO နှင့် အစိုးရ ၂ ခုလုံး၏ တာဝန်ခံမှုပေါ်တွင် အပျက်သဘော သက်ရောက်မှုများရှိလာစေနိုင်သည့် အပြောင်းအလဲဖြစ်သည်။

308. Jagan 2016
309. Johnson and Lidauer 2014
310. အလှူရှင် ကိုယ်စားလှယ်များနှင့် မေးမြန်းချက်များ။ ၂၀၁၇ ဇန်နဝါရီ။ နီပွန်ဖောင်ဒေးရှင်းသည် ကိုယ်ပိုင်ငွေကြေးအပြင် ဂျပန်အစိုးရထံမှလည်း မြန်မာနိုင်ငံငြိမ်းချမ်းရေး တည်ဆောက်ခြင်းအတွက် အထူးထောက်ပံ့ငွေများ ရရှိခဲ့သည်။
311. တန်ဖိုးနည်းအိမ်ရာများတွင် EAO အဖွဲ့ဝင်များ၊ မိသားစုများ နှင့် ဆက်စပ်သူများ နေထိုင် ကြလေ့ရှိသည်။ သို့မဟုတ် နေရပ်စွန့်ခွာထွက်ပြေးရသူများ နေထိုင်သည်များလည်းရှိသည်။
312. Sein Twa 2012; Saw Khar Su Nyar 2012
313. ၁၉၉၀ နှစ်များတွင် KNU အဖွဲ့ကွဲခြင်း၊ ဆက်စပ်ဖြစ်ပေါ်သည့် အကြမ်းဖက်မှုများကြောင့် အစိုးရ၏မက်လုံးပေးမှုများကို အပြစ်တင်ခဲ့ကြသည်။
314. အထင်ရှားဆုံး ဥပမာမှာ ၂၀၁၁ ခုနှစ်တွင် ပျက်ဆီးသွားသည့် ကေအိုင်အိုနှင့် အစိုးရကြားမှ ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြစ်သည်။ KNPP နှင့် အစိုးရသည် ၂၀၀၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးနိုင်ခဲ့ကြသော်လည်း ၃ အတွင်း ပြန်လည်ပျက်ပြယ်သွားခဲ့သည်။ DKBA တပ်မဟာ ၃ နှင့် အပစ်အခတ်ရပ်စဲရေးကို ၂၀၁၁ နိဝင်ဘာတွင်ပြုလုပ်ခဲ့ပြီး ၂၀၁၂ ဖေဖော်ဝါရီတွင် ပျက်ပြယ်သွားသည်။
315. UNICEF 2017. The Asia Foundation သည် အစိုးရ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ပံ့ပိုးပေးခဲ့သည်။ ဦးတည်သုတေသနများဆောင်ရွက်ခြင်း။ ဒေသအုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။
316. အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် လုပ်ကိုင်ပေးနေသည့် အလှူရှင် အဖွဲ့အစည်းဝန်ထမ်း နှင့် အကြံပေးများ နှင့်မေးမြန်းချက် (၂၀၁၆ - ၂၀၁၇ ရန်ကုန်) ချဉ်းကပ်ပုံများဖော်ထုတ်ရာတွင် ငွေကြေးသုံးစွဲမှုဖိအားများ၏ အရေးပါပုံကို အသားပေး မေးမြန်းချက်
317. ၂၀၀၀ မှ ၂၀၁၀ ကာလအတွင်း တောင်အာရှ နှင့် အရှေ့တောင်အာရှရှိ နယ်မြေစိုးမိုးရေး ပဋိပက္ခများအတွက် ပေးခဲ့သည့် အထောက်အပံ့၏ မဆိုစလောက်သော အချိုးအစားကိုသာ နိုင်ငံတကာပါဝင်သည့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် သုံးစွဲခဲ့သည်။ (Parks et al., 65).
318. International Center for Transitional Justice 2009, 32–33
319. Min Min 2017
320. အရပ်ဘက် လူ့အဖွဲ့အစည်းကိုယ်စားလှယ်များနှင့်မေးမြန်းချက်။ ၂၀၁၆ ဩဂုတ် - ၂၀၁၇ ဩဂုတ်၊ Human Rights Watch 2011.
321. MOI 2008.
322. မေးမြန်းချက်များ၊ ရန်ကုန်၊ ၂၀၁၇ မေ.
323. MPSI 2014
324. ဂျန်ဒါနှင့်ပတ်သက်ပြီး အသေးစိတ်ကို KHRG 2016b; WLB 2016; Transnational Institute 2016 တွင်လေ့လာနိုင်ပါသည်။
325. ဥပမာအားဖြင့် စကားလုံးများ ဝေဝေဝါးဝါး သုံးစွဲရာတွင် လူမှုရေးပေါင်းစည်းမှု ကို UNDP က အများဆုံးသုံးစွဲပြီး ကြံ့ကြံ့ခံရှင်သန်မှုကို နိုင်ငံတကာ NGO အများအပြားက သုံးစွဲခဲ့ကြသည်။ (UNDP Myanmar 2013 ) CARE 2012 တွင်လည်း ယင်းပြဿနာကို ဆွေးနွေးထားပါသည်။

# ကိုးကားရင်းမြစ်များ


The Three Millennium Development Goal Fund (3MDG) (2015). *The 3MDG Fund Strategy to Operate in Conflict Affected Areas*. https://www.3mdg.org/sites/3mdg.org/files/publication_docs/3mdg_strategy_to_operate_in_conflict_areas_october_2015_r_dec2015.pdf မှ ကောက်နုတ်ထားသည်။

Adler, D., Sage, C., & Woolcock, M. (2009). *Interim Institutions and the Development Process: Opening Spaces for Reform in Cambodia and Indonesia*. Brooks World Poverty Institute Working Paper, 86. http://hummedia.manchester.ac.uk/institutes/gdi/publications/workingpapers/bwpi/bwpi-wp-8609.pdf မှ ကောက်နုတ်ထားသည်။

Allanson, M., Melander, E. & Themnér, L. (2017). "Organized Violence, 1989-2016." *Journal of Peace Research,* 54 (4).

American University International Law Review (2001). "The Report of the World Commission on Dams-Executive Summary." *American University International Law Review*, 16(6), 1435-1452. http://digitalcommons.wcl.american.edu/cgi/viewcontent.cgi?article=1253&context=auilr မှ ကောက်နုတ်ထားသည်။

Armed Conflict Location & Event Data Project (ACLED) (2016). *Myanmar 2015-2016 File*. https://www.acleddata.com/asia-data/ မှ ကောက်နုတ်ထားသည်။

Aron, G. & Gilmore, D. (2017). *Navigating Change: Crisis and Crossroads in the Rakhine State Context*. Collaborative Learning Projects. http://cdacollaborative.org/publication/navigating-change-crisis-crossroads-rakhine-state-context/ မှ ကောက်နုတ်ထားသည်။

The Asia Foundation (2014). *Myanmar 2014: Civic Knowledge and Values in a Changing Society*. https://asiafoundation.org/resources/pdfs/MyanmarSurvey20141.pdf မှ ကောက်နုတ်ထားသည်။

Asian Development Bank (ADB) (n.d.). *Conflict sensitivity principles for ADB engagement in Myanma*r [restricted access].

Asian Development Bank (ADB) (2014). *Myanmar: Unlocking the Potential.* Country Diagnostic Study. Metro Manila: ADB. https://www.adb.org/sites/default/files/publication/42870/myanmar-unlocking-potential.pdf မှ ကောက်နုတ်ထားသည်။

Asian Development Bank (ADB) (2015). "Sector Assessment (Summary): Transport." In *Country Operations Business Plan: Myanmar, 2015–2017*. https://www.adb.org/sites/default/files/linked-documents/cobp-mya-2015-2017-ssa-02.pdf မှ ကောက်နုတ်ထားသည်။

Asian Development Bank (ADB) (2016). "Myanmar Transport Sector Policy Note: Summary for Decision Makers." https://www.adb.org/sites/default/files/publication/184794/mya-transport-policy-note-es.pdf မှ ကောက်နုတ်ထားသည်။

Asian Development Bank (ADB) (2017). *Basic 2017 Statistics*. https://www.adb.org/sites/default/files/publication/298061/basic-statistics-2017.pdf မှ ကောက်နုတ်ထားသည်။

Aung Khaing (2016). "Interview with MPC's Executive Director U Kyaw Soe Hlaing." *7Day Daily*. http://www.7daydaily.com/story/63323 မှ ကောက်နုတ်ထားသည်။

Aung Shin (2015). "Govt earns US$170 million monthly from gas exports." *Myanmar Times*. http://www.mmtimes.com/index.php/business/15034-govt-earns-us-170-million-monthly-from-gas-exports.html မှ ကောက်နုတ်ထားသည်။

Australian Agency for International Development (AusAID) (2011). *Framework for working in fragile and conflict-affected states: Guidance for staff*. Canberra: AusAID. https://dfat.gov.au/about-us/publications/Documents/aid-fragile-conflict-affected-states-staff-guidance.pdf မှ ကောက်နုတ်ထားသည်။

Bauer, A., Shortell, P., & Delesgues, L. (2016). *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues*. http://www.resourcegovernance.org/sites/default/files/documents/nrgi_sharing_myanmar_revenue-sharing.pdf မှ ကောက်နုတ်ထားသည်။

Blanc, E. & Strobel, E. (2013). *Is Small Better? A Comparison of the Effect of Large and Small Dams on Cropland Productivity in South Africa*. Policy Research Working Paper, 6567. http://documents.worldbank.org/curated/en/660091468302415060/pdf/WPS6567.pdf မှ ကောက်နုတ်ထားသည်။

The Border Consortium (TBC) (2014). *Protection & Security Concerns in South East Burma/Myanmar*. Yangon: TBC. http://www.theborderconsortium.org/media/54376/report-2014-idp-en.pdf မှ ကောက်နုတ်ထားသည်။

The Border Consortium (TBC) (2015). *The Border Consortium Annual Report January – December 2015*. http://www.theborderconsortium.org/media/67600/2015-Annual-Report-Jan-Dec.pdf မှ ကောက်နုတ်ထားသည်။

The Border Consortium (TBC) (2016). *The Border Consortium 2016 Annual Report*. http://www.theborderconsortium.org/media/80489/2016-annual-report-jan-dec.pdf မှ ကောက်နုတ်ထားသည်။

Boyce, J. K. (2002). "Unpacking Aid." *Development and Change,* 33(2), 239-246. Oxford: Blackwell Publishers Limited.

Buchanan, J. (2016). *Militias in Myanmar.* Yangon: The Asia Foundation. http://asiafoundation.org/wp-content/uploads/2016/07/Militias-in-Myanmar.pdf မှ ကောက်နုတ်ထားသည်။

Buchanan, J., Kramer, T. & Woods, K. (2013). *Developing Disparity: Regional Investment in Burma's Borderlands.* Amsterdam: TNI & BCN. https://www.tni.org/files/download/tni-2013-burmasborderlands-def-klein-def.pdf မှ ကောက်နုတ်ထားသည်။

Burke, A., Tweedie, P. & Poocharoen, O. (2013). *The Contested Corners of Asia: Subnational Conflict and International Development Assistance, The Case of Southern Thailand.* San Francisco: The Asia Foundation. https://asiafoundation.org/resources/pdfs/SouthernThailandCaseStudyFullReport.pdf မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (n.d.a). "Monitoring Archive". http://mmpeacemonitor.org/research/monitoring-archive မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (n.d.b). "United Wa State Party". http://www.mmpeacemonitor.org/stakeholders/mpsi/169-uwsaမှ ကောက်နုတ်ထားသည်။

Burma News International (BNI) (2013). *Deciphering Myanmar's Peace Process: A Reference Guide 2013 [2nd ed]*. Chaing Mai: BNI. http://www.mmpeacemonitor.org/images/pdf/deciphering_english_2013.pdf မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (2014). *Deciphering Myanmar's Peace Process: A Reference Guide 2014*. Chaing Mai: BNI. http://www.mmpeacemonitor.org/images/pdf/deciphering_myanmar_peace_process_2014.pdf မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (2015a). *Deciphering Myanmar's Peace Process: A reference Guide 2015*. Chiang Mai: BNI. http://www.mmpeacemonitor.org/images/2015/august/deci-myan-peace-process-2015-eng.pdf မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (2015b). "PNA Responds to Accusations of Land Grabbing." http://e-archive.bnionline.net/index.php/news/shan/18041-pna-responds-to-accusations-of-land-grabbing.html မှ ကောက်နုတ်ထားသည်။

Burma News International (BNI) (2016). *Deciphering Myanmar's Peace Process: A Reference Guide 2016*. Chiang Mai: BNI. http://www.mmpeacemonitor.org/images/books/dm%20peace%20process%20a%20reference%20guide%202016.pdf မှ ကောက်နုတ်ထားသည်။

"Burma: GOB "Rejects" Human Rights Report." (2005). Wikileaks Cable: 05RANGOON273_a. https://wikileaks.org/plusd/cables/05RANGOON273_a.html မှ ကောက်နုတ်ထားသည်။

Callahan, M. (2017). "Distorted, Dangerous Data? Lumyo in the 2014 Myanmar Population and Housing Census." *SOJOURN: Journal of Social Issues in Southeast Asia,* 32(2), 452-478. Singapore: ISEAS–Yusof Ishak Institute.

CARE (2012). *Peacebuilding with Impact: Defining Theories of Change.* http://www.care.org/sites/default/files/documents/PSJ-2012-CARE-Defining-Theories-of-Change-document.pdf မှ ကောက်နုတ်ထားသည်။

Centre for Peace and Conflict Studies (2011). *2010 Myanmar General Elections: Learning and Sharing for Future.* http://www.centrepeaceconflictstudies.org/publications/browse/2010-myanmar-election-observer-report/ မှ ကောက်နုတ်ထားသည်။

Chamberlain, D., Bester, H., Smit, H., Loots, C., Mburu, S., Dermish, A. & Gidvani, L. (2014). Myanmar: Demand, Supply, Policy, and Regulatory. CENFRI. https://www.lift-fund.org/sites/lift-fund.org/files/publication/MAP_Myanmar_Diagnostic_full_report_Final.pdf မှ ကောက်နုတ်ထားသည်။

Chan Mya Htwe (2015). "Activists accuse Thai firm of 'stealing' coal." *Myanmar Times.* http://www.mmtimes.com/index.php/business/17328-activists-accuse-thai-firm-of-stealing-coal.html မှ ကောက်နုတ်ထားသည်။

Davis, Q. (2016). *Building Infrastructure for Peace: The Role of Liaison Offices in Myanmar's Peace Process.* Centre for Peace and Conflict Studies Learning Paper. http://www.centrepeaceconflictstudies.org/publications/building-infrastructures-for-peace-the-role-of-liaison-offices-in-myanmars-peace-process/မှ ကောက်နုတ်ထားသည်။

Davis, B. & Jolliffe, K. (2016). Achieving Health Equity in Contested Areas of Southeast Myanmar. Yangon: The Asia Foundation. http://asiafoundation.org/wp-content/uploads/2016/07/Achieving-health-equity-in-contested-corner-of-southeast-myanmar_ENG.pdf မှ ကောက်နုတ်ထားသည်။

Deetes, P. (2016). "Can Myanmar's Hydropower study truly be for the people?" *Myanmar Times*. https://www.mmtimes.com/opinion/23519-can-myanmar-s-hydropower-study-truly-be-for-the-people.html မှ ကောက်နုတ်ထားသည်။

Department for International Development (DFID) (2016). *Building Stability Framework*. London: DFID. http://international-alert.org/sites/default/files/DFID_Building%20stability%20framework%202016.pdf မှ ကောက်နုတ်ထားသည်။

EcoDev-ALARM (2016). *Mining Areas* [Interactive Map]. http://geonode.themimu.info/layers/geonode%3Amining_myanmar_updated_2016apr20 မှ ကောက်နုတ်ထားသည်။

Eh Na (2012). "Villagers Protest Tine Mine Expansion." *Karen News.* http://karennews.org/2012/12/villagers-protest-tin-mine-expansion.html/ မှ ကောက်နုတ်ထားသည်။

Esman, M. J. (1997). *Can Foreign Aid Moderate Ethnic Conflict?* Peaceworks, 13. Washignton, D.C.: United States Institute for Peace. https://www.usip.org/publications/1997/03/can-foreign-aid-moderate-ethnic-conflict မှ ကောက်နုတ်ထားသည်။

Forss, A. (2016). "Can Myanmar Avoid Conflict Pitfalls in its Hydro Blitz?" *New Security Beat*. https://www.newsecuritybeat.org/2016/01/myanmar-avoid-conflict-pitfalls-hydro-blitz/.မှ ကောက်နုတ်ထားသည်။

Frontier Myanmar (2015). "Highway tensions: Security row linked to Tatmadaw, DKBA clashes." *Frontier Myanmar*. https://frontiermyanmar.net/en/news/highway-tensions-tatmadaw-dkba-clashes မှ ကောက်နုတ်ထားသည်။

Fukuyama, F. (2004). *State Building: Governance and World Order in the 21st Century*. London: Profile Books.

Fuller, T. (2015). "Profits of Drug Trade Drive Economic Boom in Myanmar." *The New York Times*. https://www.nytimes.com/2015/06/06/world/asia/profits-from-illicit-drug-trade-at-root-of-myanmars-boom.html မှ ကောက်နုတ်ထားသည်။

Gender Equality Network (GEN) (2015). *Raising the Curtain: Cultural Norms, Social Practices and Gender Equality in Myanmar*. Yangon: GEN. http://www.genmyanmar.org/publications/GEN%20Raising%20the%20Curtain%20Full%20Eng.pdf. မှ ကောက်နုတ်ထားသည်။

Gender Equality Network (GEN) & Kachin Women's Peace Network (2013). *Women's Needs Assessment in IDP Camps, Kachin State*. http://www.genmyanmar.org/publications/Women%27s%20Needs%20Assessment%20IDP%20Camps%20Kachin%20State%20Feb%202013%20FINAL.pdf. မှ ကောက်နုတ်ထားသည်။

Ghani, A. & Lockhart, C. (2008). *Fixing Failed States: A Framework for Rebuilding a Fractured* World. Oxford: Oxford University Press.

Gibson, C. C., Andersson, K., Ostrom, K., & Shivakumar, S. (2005). The Samaritan's Dilemma: The Political Economy of Development Aid. Oxford: Oxford University Press.

Gilmore, S. (2016). "AIIB invests in Myanmar. Myanmar Times." http://www.mmtimes.com/index.php/business/22868-aiib-invests-in-myanmar.html. မှ ကောက်နုတ်ထားသည်။

Government Accountability Office (GAO) (2007). *International Organizations Constrained in Working in Burma*. Washington: GAO. http://www.gao.gov/new.items/d07457.pdf မှ ကောက်နုတ်ထားသည်။

"Greetings of Commander-in-Chief of Defence Services Senior General Min Aung Hlaing at the First Anniversary of the NCA." (2016). *Global New Light of Myanmar*. http://www.globalnewlightofmyanmar.com/greetings-of-commander-in-chief-of-defence-services-senior-general-min-aung-hlaing-at-the-first-anniversary-of-the-nca/.မှ ကောက်နုတ်ထားသည်။

Health Convergence Core Group (2013). "Building Trust and Peace by Working through Ethnic Health Networks Towards a Federal Union." http://www.burmapartnership.org/2013/03/building-trust-and-peace-towards-a-federal-union/ မှ ကောက်နုတ်ထားသည်။

Hindstorm, H. (2012). "Burma lags in female political participation." http://www.dvb.no/news/burma-lags-in-female-political-participation/20638 မှ ကောက်နုတ်ထားသည်။

Htoo Thant (2016). "Govt. mulls rejection of US$300 million loan from China." *Myanmar Times*. http://www.mmtimes.com/index.php/national-news/nay-pyi-taw/22069-govt-mulls-rejection-of-us-300-million-loan-from-china.html မှ ကောက်နုတ်ထားသည်။

Human Development Report 2016 Team (2016). *Human Development Report 2016: Human Development for Everyone*. New York: UNDP. http://hdr.undp.org/en/2016-report မှ ကောက်နုတ်ထားသည်။

Human Rights Watch (2011). *Colombia: Victims Law a Historic Opportunity: Bold Measures Needed to Protect Beneficiaries*. https://www.hrw.org/news/2011/06/10/colombia-victims-law-historic-opportunity မှ ကောက်နုတ်ထားသည်။

Humanitarian Country Team (HCT) (2016). *2017 Humanitarian Needs Overview*. UN Office for the Coordination of Humanitarian Affairs. http://reliefweb.int/report/myanmar/myanmar-humanitarian-needs-overview-2017 မှ ကောက်နုတ်ထားသည်။

International Center for Transitional Justice (2009*). Impunity Prolonged: Burma and its 2008 Constitution*. New York: ICTJ. https://ictj.org/sites/default/files/ICTJ-Myanmar-Impunity-Constitution-2009-English.pdf မှ ကောက်နုတ်ထားသည်။

International Crisis Group (ICG) (2006). *Myanmar: New Threats to Humanitarian Aid*. Update Briefing, 58. Yangon/Brussels: ICG. https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-new-threats-humanitarian-aid မှ ကောက်နုတ်ထားသည်။

International Crisis Group (ICG) (2014a). *Counting the Costs: Myanmar's Problematic Census*. Briefing, 144. https://d2071andvip0wj.cloudfront.net/counting-the-costs-myanmar-s-problematic-census.pdf မှ ကောက်နုတ်ထားသည်။

International Crisis Group (ICG) (2014b). *Myanmar: The Politics of Rakhine State*. Asia Report, 261. Brussels: ICG. https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-politics-rakhine-state မှ ကောက်နုတ်ထားသည်။

International Crisis Group (ICG) (2016). *Myanmar: A New Muslim Insurgency in Rakhine State*. Asia Report, 283. Brussels:

ICG. https://www.crisisgroup.org/asia/south-east-asia/myanmar/283-myanmar-new-muslim-insurgency-rakhine-state မှ ကောက်နုတ်ထားသည်။

International Crisis Group (ICG) (2017). *Building Critical Mass for Peace in Myanmar*. Asia Report, 287. https://www.crisisgroup.org/asia/south-east-asia/myanmar/287-building-critical-mass-peace-myanmar မှ ကောက်နုတ်ထားသည်။

International Finance Corporation (IFC) (2017a). "Getting to Know the SEA in Myanmar." http://www.ifc.org/wps/wcm/connect/news_ext_content/ifc_external_corporate_site/news+and+events/news/getting+to+know+the+sea+in+myanmar မှ ကောက်နုတ်ထားသည်။

International Finance Corporation (IFC) (2017b). "SEA of the Hydropower Sector in Myanmar Resources Page." http://www.ifc.org/wps/wcm/connect/industry_ext_content/ifc_external_corporate_site/hydro+advisory/resources/sea+of+the+hydropower+sector+in+myanmar+resources+page မှ ကောက်နုတ်ထားသည်။

International Hydropower Association (IHA) (2015). "Myanmar." https://www.hydropower.org/country-profiles/myanmar မှ ကောက်နုတ်ထားသည်။

International Organization for Migration (IOM) (2017). *Bangladesh: Needs and Population Monitoring Report - Undocumented Myanmar Nationals in Teknaf and Ukhia*. Round 1. http://reliefweb.int/sites/reliefweb.int/files/resources/REPORT_NPM_Round_Final.pdf မှ ကောက်နုတ်ထားသည်။

International Peace Support Group – Aid and Conflict Working Group (2016). *Recommendations*. http://ingoforummyanmar.org/en/system/files/minutes/IPSG-ACWG_-_Recommendations.pdf မှ ကောက်နုတ်ထားသည်။

Jagan, L. (2016). "Suu Kyi kick-starts peace process." *Bangkok Post*. http://www.bangkokpost.com/print/990325/ မှ ကောက်နုတ်ထားသည်။

Ja Nan Lahtaw, Nang Shan Lahpai, & Nang Raw Zahkung (2014). *Civil Society Contributions to Myanmar's Peace Process*. Yangon: SwissPeace. http://www.swisspeace.ch/fileadmin/user_upload/Media/Publications/Catalyzing_Reflections_3_2014.pdf မှ ကောက်နုတ်ထားသည်။

Johanson, V. (2017). *Creating an Inclusive Burmese Peace Process*. Peace Brief, 223. Washington, D.C.: USIP. https://www.usip.org/publications/2017/05/creating-inclusive-burmese-peace-process မှ ကောက်နုတ်ထားသည်။

Johnson, C. & Lidauer, M. (2014). *Testing Ceasefires, Building Trust: Myanmar Peace Support Initiative Operational Review*. https://www.regjeringen.no/contentassets/3e66a5bcb64e4a96a950e2bcafb2d885/mpsi_report.pdf မှ ကောက်နုတ်ထားသည်။

Jolliffe, K. (2015). *Ethnic Armed Conflict and Territorial Administration in Myanmar*. Yangon: The Asia Foundation. https://asiafoundation.org/resources/pdfs/ConflictTerritorialAdministrationfullreportENG.pdf မှ ကောက်နုတ်ထားသည်။

Jolliffe, K. (2016). *Ceasefires, Governance and Development: The Karen National Union in Times of Change*. Yangon: The Asia Foundation. http://asiafoundation.org/publication/ceasefires-governance-development-karen-national-union-times-change/ မှ ကောက်နုတ်ထားသည်။

Jolliffe, K. & Speers Mears, E. (2016). *Strength in Diversity: Towards Universal Education in Myanmar's Ethnic Areas*. Yangon: The Asia Foundation. http://asiafoundation.org/wp-content/uploads/2016/10/Strength-in-Diversity-Toward-Universal-Education-Myanmar-Ethnic-Area.pdf မှ ကောက်နုတ်ထားသည်။

Jones, L. (2016). "Understanding Myanmar's Ceasefire: Geopolitics, Political Economy, and Statebuilding." In Sadan (Ed.), *War and Peace in the Borderlands of Myanmar: The Kachin Ceasefire, 1994–2011*. Copenhagen: NIAS Press.

Karen Human Rights Group (KHRG) (2016a). *Beautiful Words, Ugly Actions: The Asian Highway in Karen State, Burma*. http://khrg.org/2016/08/beautiful-words-ugly-actions-0 မှ ကောက်နုတ်ထားသည်။

Karen Human Rights Group (KHRG) (2016b). *Ongoing militarization in southeastern Myanmar*. http://khrg.org/2016/10/ongoing-militarisation-southeast-myanmar-0မှ ကောက်နုတ်ထားသည်။

Karen Women Organization (n.d.). "Karen Women Organization – Who we Are." https://karenwomen.org/about/ မှ ကောက်နုတ်ထားသည်။

Karenni National Women's Organization (n.d.). "About." https://karenni-women.org/about-knwo-4/ မှ ကောက်နုတ်ထားသည်။

Keenan, P. (2012). *Karenni (Kayah) State: The Situation Regarding the Peace Process in Karenni (Kayah) State*. Burma Centre for Ethnic Studies Briefing Paper, 9. http://cdes.org.mm/publications/a7ecc850d99b364d70b112a115c5f74c.pdf မှ ကောက်နုတ်ထားသည်။

Keenan, P. (2017). *The MNDAA Offensive: Implications for the Myanmar Peace Process*. Euro-Burma Office Background Paper, 2/2017. https://paullkeenan.net/2017/04/11/the-mndaa-offensive/မှ ကောက်နုတ်ထားသည်။

Kyaw Htike Soe (2017). "759 Officials, technicians, teachers receive Chinese training in 2016." *Global New Light of Myanmar*. https://issuu.com/myanmarnewspaper/docs/18_jan_17_gnlm/9 မှ ကောက်နုတ်ထားသည်။

Kyaw Hsu Mon (2013). "India's Exim Bank Sees Potential in Burma." *The Irrawaddy*. https://www.irrawaddy.com/in-person/interview/indias-exim-bank-sees-potential-in-burma.html မှ ကောက်နုတ်ထားသည်။

Kyi Pyar Chit Saw and Arnold, M. (2014). *Administering the State in Myanmar: An Overview of the General Administration Department*. Subnational Governance in Myanmar Discussion Paper, 6. Yangon: The Asia Foundation. http://asiafoundation.org/publication/administering-the-state-in-myanmar/မှ ကောက်နုတ်ထားသည်။

Lall, M. (2016). *Understanding Reform in Myanmar: People and Society in the Wake of Military Rule*. London: Hurst and Co. Ltd.

Lall, M. & South, A. (2016). *Schooling and Conflict: Ethnic Education and Mother Tongue-based Teaching in Myanmar*. Yangon: The Asia Foundation. http://asiafoundation.org/resources/pdfs/SchoolingConflictENG.pdf မှ ကောက်နုတ်ထားသည်။

Lewis, M. P., Simons, G.F., & Fennig, C.D. (eds.). (2016). *Ethnologue: Languages of the World*, 19th edition. Dallas: SIL International. Online version: https://www.ethnologue.com/country/MM

Lintner, B. (1990). *The Rise and Fall of the Communist Party of Burma*. Ithaca, New York: Cornell Southeast Asia Program.

Lintner, B. (2017). *The People's Republic of China and Burma: Not Only Pauk-Phaw*. Virginia: Project 2049 Institute. http://www.project2049.net/documents/China_Burma_Lintner_Pauk_Phaw2049.pdf မှ ကောက်နုတ်ထားသည်။

Lintner, B. & Black, M. (2009) *Merchants of Madness: The Methamphetamine Explosion in the Golden Triangle*. Chiang Mai: Silkworm Books.

Livelihoods and Food Security Trust Fund (LIFT) (n.d.). *LIFT Conflict Sensitive Principles*. Yangon: LIFT. http://www.lift-fund.org/lift-conflict-sensitive-principles မှ ကောက်နုတ်ထားသည်။

Livelihoods and Food Security Trust Fund (LIFT) (2015). *LIFT Annual Report 2015*. Yangon: LIFT. http://www.lift-fund.org/sites/lift-fund.org/files/publication/LIFT%20AR%202015_compressed_0.pdfမှ ကောက်နုတ်ထားသည်။

Livelihoods and Food Security Trust Fund (LIFT) (2016). *Livelihoods and Food Security Trust Fund Flyer*. Yangon: LIFT. http://www.lift-fund.org/sites/lift-fund.org/files/uploads/LIFT-flyer-June-2016.pdf မှ ကောက်နုတ်ထားသည်။

Lun Min Mang (2016). "Taskforce to manage donor-supplied peace fund." *Myanmar Times*. http://www.mmtimes.com/index.php/national-news/24346-taskforce-to-manage-donor-supplied-peace-fund.html မှ ကောက်နုတ်ထားသည်။

Lynn, T. A. & Oye, M. (2014). *Natural Resources and Subnational Governments in Myanmar: Key considerations for wealth sharing*. Discussion Paper, 4. Yangon: The Asia Foundation. https://asiafoundation.org/resources/pdfs/NaturalResourcesandSubnationalGovernmentsinMyanmar.pdf မှ ကောက်နုတ်ထားသည်။

MacGregor, F. (2016). "Why do few women in peace talks, demand Myanmar campaigners?" *The Guardian*. https://www.theguardian.com/global-development/2016/sep/20/why-so-few-women-in-peace-talks-demand-myanmar-campaigners မှ ကောက်နုတ်ထားသည်။

MacGregor, F. & Shwe Yee Saw Myint (2014). "Foreign Aid Workers to be Evacuated from Sittwe." *Myanmar Times*. https://www.mmtimes.com/national-news/9978-foreigners-evacuated-from-sittwe-and-violent-tensions-erupt-in-rakhine-state.html မှ ကောက်နုတ်ထားသည်။

Martov, S. (2017). "World Bank Financing Arm Under Fire Over Burmese Coal Mine Link". *The Irrawaddy*. https://www.irrawaddy.com/news/burma/world-bank-financing-arm-under-fire-over-burmese-coal-mine-link.html မှ ကောက်နုတ်ထားသည်။

McCartan, B. & Jolliffe, K. (2016). *Ethnic Armed Actors and Justice Provision in Myanmar*. http://asiafoundation.org/wp-content/uploads/2016/10/Ethnic-Armed-Actors-and-Justice-Provision-in-Myanmar_EN.pdf မှ ကောက်နုတ်ထားသည်။

McLannahan, B. & Dickie, M (2012). "Japan waives most of its Myanmar debt." *Financial Times*. https://www.ft.com/content/d1fa46c4-8ace-11e1-b855-00144feab49a မှ ကောက်နုတ်ထားသည်။

Meehan, P. (2016). "The Continuation of War by Other Means: An Anatomy of the Palaung Ceasefire in Northern Shan State." In Sadan (Ed.), *War and Peace in the Borderlands of Myanmar: The Kachin Ceasefire, 1994–2011*. Copenhagen: NIAS Press.

Michaels, S. (2014). "They Know Nothing About Ethnic Education." *The Irrawaddy*. https://www.irrawaddy.com/in-person/interview/know-nothing-ethnic-education.html မှ ကောက်နုတ်ထားသည်။

Min Min (2017). "Aung San Suu Kyi 'Path to Democracy' speech highlights." *Mizzima*. http://www.mizzima.com/news-domestic/aung-san-suu-kyi-'path-democracy'-speech-highlights မှ ကောက်နုတ်ထားသည်။

Min Zaw Oo (2014). *Understanding Myanmar's Peace Process: Ceasefire Agreements*. Bern: SwissPeace. http://www.swisspeace.ch/fileadmin/user_upload/Media/Publications/Catalyzing_Reflections_2_2014_online.pdf မှ ကောက်နုတ်ထားသည်။

Ministry of Border Affairs (MBA) & Japan International Cooperation Agency (JICA) (2013). *Preparatory Survey for the Integrated Regional Development for Ethnic minorities in the South-East Myanmar – Final Report*. http://www.burmalibrary.org/docs17/JICA%2012126272-summary.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2014). *The 2014 Myanmar Population and Housing Census*. http://themimu.info/census-data မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2015a). *The 2014 Myanmar Population and Housing Census: Highlights*

*of the Main Results.* Census Report, 2-A. Nay Pyi Taw: Department of Population. http://myanmar.unfpa.org/sites/default/files/pub-pdf/Census%20Highlights%20Report%20-%20ENGLISH%20%281%29.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2015b). *The 2014 Myanmar Population and Housing Census: The Union Report.* Census Report, 2-b. Nay Pyi Taw: Department of Population. http://myanmar.unfpa.org/publications/union-report-volume-2-main-census-report မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2015c). *The 2014 Myanmar Population and Housing Census: Kachin State.* Census Report, 3-a. http://themimu.info/sites/themimu.info/files/documents/Census_Kachin_Report_Eng_2015.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2015d). *The 2014 Myanmar Population and Housing Census: Kayin State.* Census Report, 3-c. http://themimu.info/sites/themimu.info/files/documents/Census_Kayin_Report_Eng_2015.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2015e). *The 2014 Myanmar Population and Housing Census: Rakhine State.* Census Report, 3-k. http://themimu.info/sites/themimu.info/files/documents/Census_Rakhine_Report_Eng_2015.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2016a). *The 2014 Myanmar Population and Housing Census Thematic Report on Fertility and Nuptuality.* Census Report, 4-a. Nay Pyi Taw: Department of Population. http://myanmar.unfpa.org/sites/default/files/pub-pdf/4A_FertilityandNuptiality_fullreport_preview_27nov.pdf မှ ကောက်နုတ်ထားသည်။

Ministry of Immigration and Population (MIP) (2016b). *The 2014 Myanmar Population and Housing Census: Thematic Report on Population Dynamics.* Census Report, 4-e. http://reliefweb.int/report/myanmar/2014-myanmar-population-and-housing-census-thematic-report-population-dynamics-census မှ ကောက်နုတ်ထားသည်။

Ministry of Information (MOI) (2008). *Constitution of the Republic of the Union of Myanmar.* http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf မှ ကောက်နုတ်ထားသည်။

Ministry of Information (MOI) (2017a). "Border areas in unprecedented development in the time of the new government." http://www.moi.gov.mm/moi:eng/?q=news/28/03/2017/id-10327 မှ ကောက်နုတ်ထားသည်။

Ministry of Information (MOI) (2017b). "The most important thing for the peace process is for all national ethnic armed groups to sign the Nationwide Ceasefire Agreement: H.E. Mr. Hong Liang." http://www.moi.gov.mm/moi:eng/?q=news/5/02/2017/id-9833 မှ ကောက်နုတ်ထားသည်။

Minoletti, P. (2016). *Knowledge Inputs, Needs and Gaps for Myanmar's Political Dialogue: A Mapping Exercise Conducted for the United States Institute of Peace.* Yangon: USIP.

Molo Women Mining Watch Network (2012). *Lost Paradise: Damaging Impact of Mawchi Tin Mines in Burma's Karenni State.* http://burmacampaign.org.uk/media/LostParadise-MawchiMining-English-.pdf မှ ကောက်နုတ်ထားသည်။

Morel, A. (2016). *Violent Monitoring Systems: A Methods Toolkit.* Washington, DC: The Asia Foundation. http://asiafoundation.org/publication/violent-incidents-monitoring-systems-methods-toolkit/ မှ ကောက်နုတ်ထားသည်။

Muscat, R. J. (1990). *Thailand and the United States: Development, Security, and Foreign Aid.* New York: Columbia University Press.

"Myanmar-China Border Trade Drops due to Conflicts" (2016). *Xinhua News.* http://news.xinhuanet.com/english/2016-12/01/c_135873745.htm မှ ကောက်နုတ်ထားသည်။

Myanmar Information Management Unit (MIMU) (n.d.). "Place-codes." http://www.themimu.info/place-codes မှ ကောက်နုတ်ထားသည်။ Accessed August 2016.

Myanmar Information Management Unit (MIMU) (2017). *MIMU 3W March 2017 - Countrywide Subsector Overview.* http://themimu.info/sites/themimu.info/files/documents/Overview_SubSectorSummary_VT_Map_Apr_3W_Countrywide_08May2017.pdf မှ ကောက်နုတ်ထားသည်။

Myanmar News Agency (MNA) (2004). "Accomplishments of border area development project have strengthened national races' confidence …." *The New Light of Myanmar.* http://www.ibiblio.org/obl/docs/NLM2004-09-26.pdf မှ ကောက်နုတ်ထားသည်။

Myanmar News Agency (MNA) (2011). "We have to strive to our utmost to stand as a strong government ...." *The New Light of Myanmar.* http://www.burmalibrary.org/docs11/NLM2011-03-31.pdf မှ ကောက်နုတ်ထားသည်။

Myanmar News Agency (MNA) (2016). "Funds for peace process to be allocated into four sectors." *The Global New Light of Myanmar.* http://www.globalnewlightofmyanmar.com/funds-for-peace-process-to-be-allocated-into-four-sectors/ မှ ကောက်နုတ်ထားသည်။

Myanmar Peace Support Initiative (MPSI) (2014). *Lessons Learned from MPSI's Work Supporting the Peace process in Myanmar.* Yangon: MPSI. http://www.myanmarpeacesupportinitiative.com/uploads/3/0/4/2/30426500/mpsi_lessons_learned.pdf မှ ကောက်နုတ်ထားသည်။

National Oceanic and Atmospheric Administration (NOAA) (n.d.). *Defense Meteorological Satellite Program - Operational Linescan System Nighttime Lights Time Series*. https://ngdc.noaa.gov/eog/dmsp/downloadV4composites.html မှ ကောက်နုတ်ထားသည်။

*The Nationwide Ceasefire Agreement between the Government of the Republic of the Union of Myanmar and the Ethnic Armed Organizations (NCA)* (2015). Retrieved from http://peacemaker.un.org/sites/peacemaker.un.org/files/MM_151510_NCAAgreement.pdf

Network for Human Rights Documentation–Burma (2016). *Rape: the Burma Army's Unpunished Weapon of War*. Briefing Paper. Chiang Mai: ND–Burma. http://www.rehmonnya.org/reports/Rape-Burma-Army%27s-Unpunished-War-Weapon-briefing-paper.pdf မှ ကောက်နုတ်ထားသည်။

Oh, S. & Nair, V. (2016). "Landmines in Myanmar: No Solution in Sight." *Perspective*. Singapore: ISEAS–Yusof Ishak Institute. https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2016_54.pdf မှ ကောက်နုတ်ထားသည်။

Organization for Economic Cooperation and Development (OECD) (2011). *Supporting Statebuilding in Situations of Conflict and Fragility: Policy Guidance*. Paris: OECD Publishing. http://www.oecd-ilibrary.org/development/supporting-statebuilding-in-situations-of-conflict-and-fragility_9789264074989-en မှ ကောက်နုတ်ထားသည်။

Organization for Economic Cooperation and Development (OECD) (2016a). *Creditor Reporting System Aid Activity Database*. http://stats.oecd.org/ မှ ကောက်နုတ်ထားသည်။

Organization for Economic Cooperation and Development (OECD) (2016b). *Stockholm Declaration: Addressing Fragility and Building Peace in a Changing World*. http://www.pbsbdialogue.org/media/filer_public/1e/23/1e237c73-5518-4a03-9a87-b1aa6d914d20/stockholm_declaration.pdf မှ ကောက်နုတ်ထားသည်။

Paffenholz, T. & Ross, R. (2015). "Inclusive Peace Processes – An Introduction." *Development Dialogue*. Uppsala: The Dag Hammerskjöld Foundation. http://www.daghammarskjold.se/wp-content/uploads/2015/12/DD63_DHF_final_web.pdf မှ ကောက်နုတ်ထားသည်။

Palaung Women's Organization (2011). *Voices for Change: Domestic Violence and Gender Discrimination in the Palaung Area*. http://www.burmalibrary.org/docs13/Voices_for_Change-PWO(en)-red.pdf မှ ကောက်နုတ်ထားသည်။

Parks, T., Colletta, N., & Oppenheim, B. (2013) *The Contested Corners of Asia: Subnational Conflict and International Development Assistance*. San Francisco: The Asia Foundation. https://asiafoundation.org/resources/pdfs/ContestedCornersOfAsia.pdf မှ ကောက်နုတ်ထားသည်။

Peace Support Fund (2015). *Independent Review of EAO Liaison Offices*. Yangon: Peace Support Fund [Limited Circulation].

Permanent Mission of the Union of Myanmar to the United Nations and Other International Organizations in Geneva, Switzerland (2005). "Senior General Than Shwe meets UN Secretary-General Mr Kofi Annan." http://www.myanmargeneva.org/HeadState/badnaung/bandaung.html မှ ကောက်နုတ်ထားသည်။

Phillips, K. (2017). "Women's voices at latest Panglong 'just tokenism,' say critics." *The Democratic Voice of Burma*. http://www.dvb.no/news/womens-voices-at-latest-panglong-just-tokenism-say-critics/75737 မှ ကောက်နုတ်ထားသည်။

Pyae Thet Phyo (2016). MPs question reliance on foreign loans. *Myanmar Times*. http://www.mmtimes.com/index.php/national-news/nay-pyi-taw/23841-mps-question-reliance-on-foreign-loans.html မှ ကောက်နုတ်ထားသည်။

Rab, H. N., Zorya, S., Jain, A., Badiani-Magnusson, R. C., Rahardja, S., Zin, M.T., Sharifuddin, T.S.B., Nair, A., Annamalai, N., Trieu, V.Q., & Kessler, M.D.A. (2016). *Myanmar Economic Monitor: Anchoring Economic Expectations*. Washington, D.C.: World Bank Group. http://documents.worldbank.org/curated/en/271301485510327677/pdf/112317-WP-MEM-Jan27-17-final-PUBLIC.pdf မှ ကောက်နုတ်ထားသည်။

Radio Free Asia Burmese (2012). KNU-ceasefire-signing.f4v [Youtube video]. https://www.youtube.com/watch?v=8mBno7Wi-QE မှ ကောက်နုတ်ထားသည်။

Richards, S., Morrice, A., & Carr, T. (2016). *Conflict Sensitivity Monitoring in Myanmar: Findings for OECD-DAC INCAF*. Geneva/Yangon: PeaceNexus Foundation. http://themimu.info/sites/themimu.info/files/documents/Report_Conflict_Sensitivity_Monitoring_in_Myanmar_PeaceNexus_Jan2016.pdf မှ ကောက်နုတ်ထားသည်။

Robinson, G. (2013). "Myanmar signs deal with foreign creditors." *Financial Times*. https://www.ft.com/content/9b2d6e4c-68b2-11e2-9a3f-00144feab49a မှ ကောက်နုတ်ထားသည်။

Sadan, M. (ed.). (2016). *War and Peace in the Borderlands of Myanmar: The Kachin Ceasefire, 1994–2011*. Copenhagen: NIAS Press.

Sai Zom Hseng (2010). "KNPP Troops Ambush Convoy Carrying Dam Technicians." *The Irrawaddy*. http://www2.irrawaddy.com/article.php?art_id=20418 မှ ကောက်နုတ်ထားသည်။

Sakhong, L. H. (2012). *The 2008 Constitution and Ethnic Issues: To What Extent Did It Satisfy the Aspirations of Various Ethnic Groups?* Burma Centre for Ethnic Studies Analysis Paper, 5. http://www.burmalibrary.org/docs14/BCES-AP5-2008_const-en-ocr.pdf မှ ကောက်နုတ်ထားသည်။

Saning, Y. (2016). "Women's Alliance Breaks Down Gender Disparity in Peace Process." *The Irrawaddy*. https://www.irrawaddy.com/news/burma/womens-alliance-breaks-down-gender-disparity-in-peace-process.html မှ ကောက်နုတ်ထားသည်။

Saw Khar Su Nyar (2012). "Karen Group Wants 'Clean Hands' In 'Peace Talks.'" *Karen News*. http://karennews.org/2012/10/karen-group-wants-clean-hands-in-peace-talks.html/ မှ ကောက်နုတ်ထားသည်။

Sein Twa, P. (2012). "Burma Peace Funds Must Do No Harm." *Karen News*. http://karennews.org/2012/07/burma-peace-funds-must-do-no-harm.html/ မှ ကောက်နုတ်ထားသည်။

Selth, A. (2015). "Burma's Tatmadaw: A Force to be Reckoned With." *Interpreter*. https://www.lowyinstitute.org/the-interpreter/burmas-tatmadaw-force-be-reckoned-1မှ ကောက်နုတ်ထားသည်။

Shwe Shwe Sein Latt, Ninh, K.N.B., Mi Ki Kyaw Myint & Lee, S. (2017). *Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011-2016*. Yangon: The Asia Foundation. http://asiafoundation.org/publication/womens-political-participation-myanmar-experiences-women-parliamentarians-2011-2016/မှ ကောက်နုတ်ထားသည်။

Smith, M. (1999). *Burma: Insurgency and the Politics of Ethnicity*. rev. ed. New York: Zed Books.

South, A. (2015). "Participation, mobilisation: The Karen peace dividend." *Myanmar Times*. https://www.ashleysouth.co.uk/files/Ashley%20South%20peace%20dividend%208-4-15.pdf မှ ကောက်နုတ်ထားသည်။

Stewart, F. (2008). "Horizontal Inequalities and Conflict: An Introduction and some Hypotheses." In her (ed.), *Horizontal Inequalities and Conflict: Understanding Group Violence in Multiethnic Societies*. Basingstoke: Palgrave Macmillan

Su Myat Mon (2017). "Breaking Myanmar's hydropower deadlock." *Frontier Myanmar*. https://frontiermyanmar.net/en/breaking-myanmars-hydropower-deadlock မှ ကောက်နုတ်ထားသည်။

"Suu Kyi Says Peace Process Will be Government Priority." (2016). *GMA News Online*. http://www.gmanetwork.com/news/story/549934/news/world/suu-kyi-says-peace-process-will-be-government-priority#sthash.HjMAFwyM.dpufvမှ ကောက်နုတ်ထားသည်။

Tagaung Institute of Political Studies & Myanmar Center for Strategic Studies (2017). *Military Budget Analysis (2017-2018)*. Yangon: TIPS & MCSS.

"Tanintharyi Development Projects Must Not Proceed without Transparency and Accountability." (2016). http://progressivevoicemyanmar.org/2016/12/14/tanintharyi-development-projects-must-not-proceed-without-transparency-and-accountability/ မှ ကောက်နုတ်ထားသည်။

Thailand Burma Border Consortium (TBBC) (2006). *Internal Displacement in Eastern Burma - 2006 Survey*. Bangkok: TTBC http://www.theborderconsortium.org/media/10598/report-2006-idp-english-1-.pdf မှ ကောက်နုတ်ထားသည်။

Thornton, P. (2015). "No Quick Fix for an Ailing Health System." *Karen News*. http://www.bnionline.net/news/karen-state/item/376-no-quick-fix-for-an-ailing-health-system.html မှ ကောက်နုတ်ထားသည်။

Than, T. (2014). *Women in Modern Burma*. Routledge Studies in the Modern History of Asia. London: Routledge.

Than T., Kennedy, A., & Nischan, U. (2015). *Promoting Agricultural Growth in Myanmar: A Review of Policies and an Assessment of Knowledge Gaps*. Working Paper, 7. Washington, D.C.: ReSAKSS-Asia. https://mdricesd.files.wordpress.com/2016/01/report-ag-growth-nov-2015.pdf မှ ကောက်နုတ်ထားသည်။

Than Shwe (2009). "Independence Day Deserves Respect of Entire people." *The New Light of Myanmar*. http://www.burmalibrary.org/docs6/NLM2009-01-05.pdf မှ ကောက်နုတ်ထားသည်။

Thein Sein (2013). *Myanmar's Complex Transformation: Prospects and Challenges*. London: Chatham House. https://www.chathamhouse.org/sites/files/chathamhouse/public/Meetings/Meeting%20Transcripts/150713Sein.pdf မှ ကောက်နုတ်ထားသည်။

Transnational Institute (2016). *No Women, No Peace: Gender Equality, Conflict and Peace in Myanmar*. Myanmar Policy Briefing. https://www.tni.org/files/publication-downloads/myanmar_briefing_18.pdf မှ ကောက်နုတ်ထားသည်။

Transnational Institute - Burma Centrum Nederland (2013). *Burma's Ethnic Challenge: From Aspirations to Solutions*. Burma Policy Briefing, 12. https://www.tni.org/files/download/bpb_12_def.pdf မှ ကောက်နုတ်ထားသည်။

United Kingdom Parliament (2017). "UK Parliament Record Burma: Inter Mediate: Written question- 67269." http://www.parliament.uk/business/publications/written-questions-answers-statements/written-question/Commons/2017-03-09/67269/ မှ ကောက်နုတ်ထားသည်။

United Kingdom Parliamentary International Development Committee (2014). *UK Parliamentary International Development Committee – Ninth Report: Democracy and Development in Burma*. https://publications.parliament.uk/pa/cm201314/cmselect/cmintdev/821/82102.htm မှ ကောက်နုတ်ထားသည်။

United Nations Children's Fund (UNICEF) (2012). *Maternal and Newborn Health Country Profiles: Myanmar*. https://www.

unicef.org/eapro/MNH_Myanmar.pdf မှ ကောက်နုတ်ထားသည်။

United Nations Children's Fund (UNICEF) (2017). *Lives on Hold: Making sure no child is left behind in Myanmar*. https://www.unicef.org/eapro/UNICEF_Lives_on_Hold_Myanmar.pdf.မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2011). *Poverty Profile: Integrated Household Living Conditions Survey in Myanmar (2009-2010)*. http://www.mm.undp.org/content/dam/myanmar/docs/FA1MMRPovertyProfile_Eng.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2013). *Work on strengthening local governance, livelihoods and social cohesion begins in ethnic and border areas of Myanmar*. http://www.mm.undp.org/content/myanmar/en/home/presscenter/pressreleases/2013/04/social-cohesion.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014a). *The State of Local Governance: Trends in Ayeyarwady*. Local Governance Mapping Series. http://themimu.info/sites/themimu.info/files/documents/Report_Local_Governance_Mapping_Ayeyarwady_UNDP_Nov2014.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014b). *The State of Local Governance: Trends in Bago*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-bago.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014c). *The State of Local Governance: Trends in Chin*. Local Governance Mapping Series. http://themimu.info/sites/themimu.info/files/documents/Report_Local_Governance_Mapping_Chin_UNDP_May2014.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014d). *The State of Local Governance: Trends in Kayin*. Local Governance Mapping Series. http://themimu.info/sites/themimu.info/files/documents/Report_The_State_of_Local_Governance_-_Trends_in_Kayin_UNDP_2014.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014e). *The State of Local Governance: Trends in Kayah*. Local Governance Mapping Series. http://www.burmalibrary.org/docs20/UNDP_MM_LG_Mapping_Kayah_web.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014f). *The State of Local Governance: Trends in Mon*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-mon.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2014g). *The State of Local Governance: Trends in Thanintharyi*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance-trends-in-tanintharyi.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015a). *The State of Local Governance: Trends in Kachin*. Local Governance Mapping Series. Retrieved from http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/LocalGovmappingKachin.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015b). *The State of Local Governance: Trends in Magway*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-magway.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015c). *The State of Local Governance: Trends in Mandalay*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-mandalay.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (UNDP). (2015d). *The State of Local Governance: Trends in Rakhine*. Local Governance Mapping Series. http://themimu.info/sites/themimu.info/files/documents/Report_Local_Governance_Mapping_Rakhine_UNDP_Feb2015.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015e). *The State of Local Governance: Trends in Sagaing*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-sagaing-.html မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015f). *The State of Local Governance: Trends in Shan*. Local Governance Mapping Series. http://www.burmalibrary.org/docs21/UNDPThe_State_of_Local_Governance-Trends_in_Shan-en.pdf မှ ကောက်နုတ်ထားသည်။

United Nations Development Program (UNDP) (2015g). *The State of Local Governance: Trends in Yangon*. Local Governance Mapping Series. http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-yangon.html မှ ကောက်နုတ်ထားသည်။

United Nations Office for the Coordination of Humanitarian Affairs (UNOCHA) (2016). "Myanmar." http://www.unocha.org/myanmar မှ ကောက်နုတ်ထားသည်။

United Nations Office of the High Commissioner for Human Rights (UNOHCHR) (2017). *Report of OHCHR mission to Bangladesh: Interviews with Rohingyas fleeing from Myanmar since 9 October 2016*. Flash Report. http://www.ohchr.org/Documents/Countries/MM/FlashReport3Feb2017.pdf မှ ကောက်နုတ်ထားသည်။

United Nations Population Fund (UNFPA) (2016). "UNFPA Welcomes Release of Myanmar Census Data on Religion." http://myanmar.unfpa.org/en/news/unfpa-welcomes-release-myanmar-census-data-religion?page=1%2C4 မှ ကောက်နုတ်ထားသည်။

Union Election Commission (n.d.). "Union Election Commission." http://www.uecmyanmar.org/မှ ကောက်နုတ်ထားသည်။

Walter, B. F. (2009). "Bargaining Failures and Civil War." *Annual Review of Political Science,* 12, 243-261.

Ware, A. (2015). "Secessionist Aspects to the Buddhist-Muslim Conflict in Rakhine State, Myanmar." In Kingsbury & Laoutides (Eds.). *Territorial Separatism and Global Politics*. War and Intrastate Conflict Series, 153-168. London: Routledge. https://www.researchgate.net/publication/281102667_Secessionist_Aspects_to_the_Buddhist-Muslim_Conflict_in_Rakhine_State_Myanmarမှ ကောက်နုတ်ထားသည်။

Weidmann, N. B. & Schutte, S. (2017). "Using night light emissions for the prediction of local wealth." *Journal of Peace Research,* 54(2), 125-140. https://kops.uni-konstanz.de/handle/123456789/34392?locale-attribute=en မှ ကောက်နုတ်ထားသည်။

Women's League of Burma (2016). *Long Way to Go: Continuing Violations of Human Rights and Discrimination Against Ethnic Women in Burma*. CEDAW Shadow Report. Chiang Mai: WLB. http://womenofburma.org/cedaw-shadow-report-long-way-to-go/.မှ ကောက်နုတ်ထားသည်။

Woods, K. (2011). "Ceasefire Capitalism: Military-Private Partnerships, Resource Concessions and Military-Statebuilding in the Burma-China Borderlands." *Journal of Peasant Studies,* 38, 4. http://www.tandfonline.com/doi/abs/10.1080/03066150.2011.607699.မှ ကောက်နုတ်ထားသည်။

Woods, K. (2016). "The Commercialization of Counterinsurgency: Battlefield Enemies, Business Bedfellows in Kachin State, Burma." In Sadan (Ed.), *War and Peace in the Borderlands of Myanmar: The Kachin Ceasefire, 1994–2011*. Copenhagen: NIAS Press.

WorldClim (n.d.). *WorldClim–Global Climate Data, Version 1.4*. http://www.worldclim.org/မှ ကောက်နုတ်ထားသည်။

World Bank (n.d.). "Adolescent fertility rate (births per 1,000 women ages 15-19)." Graph from World Bank Open Data. http://data.worldbank.org/indicator/SP.ADO.TFRT မှ ကောက်နုတ်ထားသည်။

World Bank (2011). *World Development Report 2011: Conflict, Security, and Development*. Washington, DC: World Bank. https://siteresources.worldbank.org/INTWDRS/Resources/WDR2011_Full_Text.pd.f မှ ကောက်နုတ်ထားသည်။

World Bank (2014a). *Myanmar - Ending poverty and boosting shared prosperity in a time of transition: Systematic Country Diagnostic*. Washington, DC: World Bank Group. http://documents.worldbank.org/curated/en/871761468109465157/Myanmar-Ending-poverty-and-boosting-shared-prosperity-in-a-time-of-transition-systematic-Country-Diagnostic မှ ကောက်နုတ်ထားသည်။

World Bank (2014b). *Myanmar: Towards Universal Access to Electricity by 2030*. Washington, D.C.: World Bank Group. https://www.esmap.org/sites/esmap.org/files/DocumentLibrary/Myanmar%20NEP%20BBL%20presenation%2010-01-2014.pdf မှ ကောက်နုတ်ထားသည်။

World Bank (2015). "National Electrification Project." http://projects.worldbank.org/P152936/?lang=en&tab=overview မှ ကောက်နုတ်ထားသည်။

World Commission on Dams (2000). *Dams and Development: A New Framework for Decision-Making*. London/Sterling, V.A.: Earthscan Publications Ltd. https://www.internationalrivers.org/sites/default/files/attached-files/world_commission_on_dams_final_report.pdf မှ ကောက်နုတ်ထားသည်။

Yun Sun (2017). *China and Myanmar's Peace Process*. Special Report, 401. Washington, DC: United States Institute of Peace. https://www.usip.org/sites/default/files/SR401-China-and-Myanmar-Peace-Process.pdf. မှ ကောက်နုတ်ထားသည်။

Zaw Oo, Joelene, C., Minoletti, P., Phoo Pwint Phyu, Kyi Pyar Chit Saw, Ngu Wah Win, Porter, I., Oye, M. & Smurra, A. (2015). *Fiscal Management in Myanmar*. ADB Economics Working Paper Series, 434. Metro Manila: Asian Development Bank. https://www.adb.org/sites/default/files/publication/161213/ewp-434.pdf မှ ကောက်နုတ်ထားသည်။

Zarleen, A. (2015). "'We are not hardliners – we are the ones who want peace the most': Khu Oo Reh, General Secretary of UNFC." *Mizzima*. http://www.mizzima.com/news/'we-are-not-hardliners-—-we-are-ones-who-want-peace-most'-khu-oo-reh-general-secretary-unfc မှ ကောက်နုတ်ထားသည်။

# နောက်ဆက်တွဲ - သုတေသန နည်းလမ်းများ

မြန်မာနိုင်ငံ၏ အတိုက်အခံနယ်မြေများ (The Contested Areas of Myanmar) စာတမ်းတွင် အရည်အသွေးယူသည့်နည်းလမ်း (qualitative) နှင့် အရေအတွက်ယူသည့် နည်းလမ်း (quantitative) ၆ ခုကိုပေါင်းပြီး ပဋိပက္ခ၊ အထောက်အပံ့နှင့် ဖွံ့ဖြိုးရေး ပုံစံများ၊ အထောက်အပံ့နှင့် ဖွံ့ဖြိုးမှုတို့၏ ပဋိပက္ခပေါ် သက်ရောက်မှုတို့ကို လေ့လာခဲ့သည်။ အချက် အလက် စုဆောင်းခြင်းကို ၂၀၁၆ ဖွန်တွင်စတင်ခဲ့ပြီး ၂၀၁၇ ဇူလိုင်တွင်အဆုံးသတ်ခဲ့သည်။

အသုံးပြုခဲ့သည့် အဓိကနည်းလမ်း ၆ ခုကို ဇယားကွက် က.၁ တွင်ဖော်ပြထားပါသည်။ တစ်ခုခြင်းစီကို အောက်တွင်ဆွေးနွေးထားပါသည်။

## ဇယားကွက် က.၁။

သုတေသနနည်းလမ်းများ

| နည်းလမ်း | ၁။ ပဋိပက္ခကိုလေ့လာခြင်း | ၂။ အထောက်အပံ့နှင့်ဖွံ့ဖြိုးရေး ပုံစံများကိုလေ့လာခြင်း | ၃။ အထောက်အပံ့နှင့်ဖွံ့ဖြိုးမှုတို့၏ ပဋိပက္ခအပေါ်သက်ရောက်မှုကို လေ့လာခြင်း |
|---|---|---|---|
| ၁။ တဆင့်ခံ ရင်းမြစ် များမှ သုံးသပ် ဆန်းစစ်ခြင်း | X | X | X |
| ၂။ အထောက်အပံ့ အချက်အလက်များ လေ့လာခြင်း | | X | |
| ၃။ မြို့နယ် ဖွံ့ဖြိုးရေး အညွှန်းကိန်း နှင့် အညွှန်းများ | X | X | X |
| ၄။ ဒေသတွင်း ဖြစ်စဉ်လေ့လာချက်၊ ကွင်းဆင်းဆောင်ရွက်ချက် | X | X | X |
| ၅။ အဓိက ပုဂ္ဂိုလ်များနှင့် မေးမြန်းချက်များ | X | X | X |
| ၆။ စာနယ်ဇင်းဖော်ပြမှုများ ဆန်းစစ်ချက် | X | | X |

### တစ်ဆင့်ခံရင်းမြစ်များမှ ဆန်းစစ်သုံးသပ်ခြင်း (SECONDARY SOURCE ANALYSIS)

ယခုသုတေသန၏ ပထမအဆင့်တွင် မြန်မာနိုင်ငံ၏ ပဋိပက္ခအကြောင်း ဖော်ပြထားသည့် စာအုပ်စာတမ်းများ သုံးသပ်မှုများပြုလုပ်သည်။ နယ်မြေစိုးမိုးရေး ပဋိပက္ခဖြစ်စေသည့် အကြောင်းရင်းခံများ နှင့် အခင်းအကျင်းများကို မည်သို့ပုံဖော်ခဲ့သည်ကို သုံးသပ်စစ်ဆေးမှု များပြုလုပ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် မူဝါဒများ၊ နိုင်ငံခြားအထောက်အပံ့ စံသတ်မှတ်ချက်များ ဆောင်ရွက်ပုံများကို ဖော်ပြထားသည့် စာအုပ်စာတမ်းများကိုလည်း ဆန်းစစ်လေ့လာခဲ့သည်။ စတင်ခြင်းအဆင့်တွင် တဆင့်ခံ အရင်းအမြစ်ပေါင်း ၅၀ ကျော်ကို သုံးသပ်မှုပြုလုပ်ခဲ့သည်။

စာအုပ်စာတမ်းများ သုံးသပ်မှုသည် သုတေသနအဖွဲ့ကို နယ်မြေစိုးမိုးရေးပဋိပက္ခများ၏ အမှတ်လက္ခဏာများ၊ လူသိများသည့် သမိုင်းဝင်သည့် ပြန်ပြောင်းပြောပြချက်များ၊ မည်သည့် အထောက်အထားများသည် ရရှိနိုင်သည်၊ လူအများလက်ခံထားသည့် ပဋိပက္ခ နှင့် ဖွံ့ဖြိုးမှုကြားမှ ဆက်စပ်မှုတို့အကြောင်းကို သိရှိနားလည်စေခဲ့သည်။ မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပြဿနာအရင်းခံများကို နိုင်ငံအဆင့်၊ ဒေသအဆင့် ခွဲခြားရာတွင် အထောက်အကူဖြစ်စေခဲ့သည်။

### အထောက်အပံ့ အချက်အလက်များ တိုက်ဆိုင်စစ်ဆေး သုံးသပ်ခြင်း (AID DATA VERIFICATION SURVEY)

အဓိကပုဂ္ဂိုလ်များနှင့်မေးမြန်းချက်များပြုလုပ်ရာမှ (အောက်တွင်ကြည့်ပါ) TAF သုတေ သနအဖွဲ့အနေဖြင့် ယခုလေ့လာမှုတွင် အသုံးပြုထားသည့် အထောက်အပံ့ဆိုင်ရာ အချက်အလက်များသည် ပြည့်စုံမှု၊ ကဏ္ဍစုံပါဝင်မှုရှိစေရန်အတွက် ဆန်းစစ်မှုတစ်ခုပြုလုပ်ရန် တွန်းအားဖြစ်စေခဲ့သည်။ ယင်းတွန်းအားသည် အထောက်အပံ့အသုံးစရိတ်များကို သီးခြား လွတ်လပ်စွာ သုံးသပ်ဆန်းစစ်မှုတစ်ခုဖြစ်သော The Asia Foundation Aid Data Verification Survey 2017 ပြုလုပ်ရန် ဦးတည်စေခဲ့သည်။ ရရှိထားသည့် အချက် အလက်များအရ အထောက်အပံ့ ပမာဏအများဆုံးပေးခဲ့သည့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နေသည့် မိတ်ဖက် ၂၅ ဖွဲ့ကို ဦးတည်ပြီး ဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

အလှူရှင်အဖွဲ့အစည်း ၂၁ ခုက လေ့လာဆန်းစစ်မှုကို တုန့်ပြန်ခဲ့ကြသည်။ ၂၀၁၆ နိုဝင်ဘာတွင် ပုံစံကိုဖြန့်ဝေခဲ့ပြီး အလှူရှင်အဖွဲ့အစည်းများမှ လုပ်ငန်းဖော်

များနှင့် အနီးကပ် ပူးပေါင်းပြီး ၂၀၁၇ မေတွင် အချက်အလက်များကို စုစည်းခဲ့သည်။ လေ့လာဆန်းစစ်ခဲ့သည့် အလှူရှင်များ၏အချက်အလက်များ တိုက်ဆိုင်စစ်ဆေးရန် ၂၀၁၇ ဖွန်နှင့် ဩဂုတ်တွင် နောက်ဆုံးအဆင့် စစ်ဆေးခြင်းပြုလုပ်ခဲ့သည်။ အခြား အထောက်အပံ့ စီမံမှုစနစ်များနည်းတူ ငွေဈေးနှုန်းကို အချက်အလက်သွင်းသည့်နေ့ ပေါက်ဈေးဖြင့် တွက်ချက်ပါသည်။

၂၀၁၆ နိုဝင်ဘာထိ အကောင်အထည်ဖော်နေသည့် စီမံကိန်းမှ အချက်အလက်များကိုလည်း လေ့လာဆန်းစစ်မှုတွင်ထည့်သွင်းခဲ့သည်။ သုတေသနပြုလုပ်ရန်အချိန်သတ်မှတ် တစ်ခုအဖြစ် ရွေးချယ်ထားသည့် နေ့စွဲဖြစ်သည်။ ဆောင်ရွက်နေဆဲ စီမံကိန်းတစ်ခုခြင်းကို လေ့လာဆန်းစစ်မှုပြုရာတွင် စီမံကိန်းအမည်၊ ငွေကြေးပံ့ပိုးမှုပုံစံ၊ လျာထားသည့်ငွေပမာဏ၊ အသုံးပြုခဲ့သည့်ငွေပမာဏ၊ ကဏ္ဍ၊ မိတ်ဖက်ဝန်ကြီးဌာန၊ လုပ်ငန်းအကောင်အထည်ဖော်သည့် အဖွဲ့(များ) နှင့် နေရာတို့ကို ထည့်သွင်းလေ့လာခဲ့သည်။ ယင်းကိန်းရှင်များသည် OECD ၏ စံသတ်မှတ်ထားသည့် အစီရင်ခံခြင်းဆိုင်ရာ မူဘောင်ပေါ်တွင် အခြေခံခြင်းဖြစ်သည်။ အလှူရှင်အဖွဲ့အစည်း ၂၁ ခုအနက် ၁၇ ခုသည် အချက်အလက်သစ်များပေးခဲ့ပြီး ကျန်ရှိသည့် ၄ ဖွဲ့သည် Mohinga Aid Information Management System (AIMS), (ထောက်ပံ့ရေးအချက်အလက်စီမံမှုစနစ်) နှင့် အစိုးရ၏ အထောက်အပံ့ အချက်အလက် စုစည်းမှုကို ကြည့်ရန် ရည်ညွှန်းခဲ့သည်။

ယင်းအချက်အလက်များကို မြန်မာနိုင်ငံသို့ပေးအပ်သည့် အထောက်အပံ့များ၏ အဓိက လက္ခဏာများအကြောင်း တင်ပြရန်အတွက် သုံးသပ်မှုများပြုလုပ်ရာတွင် အသုံးပြုခဲ့သည်။ (အခန်း ၄ တွင်ကြည့်ပါ) OECD Creditor Reporting System Aid Activity Database နှင့် MIMU ၏ 3W, 'Who is doing What, Where', database အပါအဝင် သုံးသပ်မှု ပြုလုပ်ရန်အသုံးပြုခဲ့သည့် အခြားသောအရင်းအမြစ်များ နှင့် ပေါင်းစပ်အသုံးချခဲ့သည်။

ပြည်နယ်များကိုပေးအပ်သည့် အထောက်အပံ့အချက်လက်များတွင် အားနည်းချက်များ စွာရှိပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်အောက်တွင် ဘဏ္ဍာရေးဆိုင်ရာ အချက် အလက်များ ခြေရာခံရာတွင် အခက်အခဲများရှိသည်။ ပထဝီအနေအထားလိုက်ပြီး စီမံကိန်း များ၏ လျာထားမှု၊ အသုံးစရိတ်များကို ခွဲခြားလေ့လာရန် ကြိုးစားခဲ့သော်လည်း အလှူရှင် များနှင့် လုပ်ငန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းများသည် အစီအစဉ်များအလိုက် အချက်အလက်များ ထုတ်ပြန်ခဲ့ခြင်းကြောင့် အခက်အခဲများရှိခဲ့သည်။

## မြို့နယ်ဖွံ့ဖြိုးမှု အညွှန်းကိန်း နှင့် အညွှန်းများ TOWNSHIP DEVELOPMENT INDEX (TDI) AND INDICATORS

မြန်မာနိုင်ငံ၏ မြို့နယ် ၃၃၀ ရှိ၊ ကဏ္ဍ ၆ ခုမှ အညွှန်း ၉ ၈ ၏ အချက်အလက်များကို စုစည်းခဲ့သည်။

- လူဦးရေ၊
- ဖွံ့ဖြိုးရေး၊
- နယ်မြေစိုးမိုးရေးပဋိပက္ခ/အတိုက်အခံ၊
- နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီ၊
- ပထဝီအနေအထား၊ သဘာဝသယံဇာတနှင့် ရာသီဥတု
- အခြေခံအဆောက်အဦ

အညွှန်းအများအပြားတွင် တိုက်ဆိုင်စစ်ဆေးနိုင်သည့် အချက်အလက်များရှိသည့် အနိမ့်ဆုံး အုပ်ချုပ်ရေး အဆင့်ဖြစ်သောကြောင့် မြို့နယ်များကို အဓိက ယူနစ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ TDI အချက်အလက်များကို ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်၊ ဂြိုလ်တုပုံရိပ်များ၊ ပဋိပက္ခအချက်အလက်များ နှင့် တိုက်ဆိုင်စစ်ဆေး ပြုစုထားခြင်းဖြစ်သည်။ ၎င်းတွင်မြို့နယ်အဆင့် ဖွံ့ဖြိုးရေးအညွှန်းကိန်းပါဝင်ပြီး ၎င်းအဆင့် အုပ်ချုပ်ရေးယူနစ်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံး ဖန်တီးထားခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုနှင့် ပဋိပက္ခ အချက်အလက်များ ပေါင်းစပ်နိုင်မှုကြောင့် အချိတ်အဆက်များ ကွဲပြားမှုပေါ် သုံးသပ်မှုများနှင့် မြို့နယ်အဆင့် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ခဲ့သည်။

သို့သော်လည်း TDI တွင် အကန့်အသတ်များရှိနေသည်။ မြို့နယ်တစ်ခုအတွင်းမှ ဖွံ့ဖြိုးရေး သို့မဟုတ် ဖြစ်ရပ်များ သို့မဟုတ် ပဋိပက္ခပေါ် သက်ရောက်မှုရှိသည့် မြို့နယ်တွင်း အခင်းအကျင်း အမျိုးမျိုး၊ ကျေးလက်မြို့ပြခွဲခြားမှု၊ ပင်လယ်ပြင်အမြင့်နှင့် မြေမျက်နှာ သွင်ပြင်၊ လမ်းများမှ အကွာအဝေး၊ ဝေးလံချောင်ကျမှု၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ ပုံစံများ၊ အစိုးရ ထိန်းချုပ်မှု၊ ပဋိပက္ခဖြစ်ပေါ်နေသည့်နေရာနှင့် နီးစပ်မှုတို့ကို စုစည်းနိုင်ခြင်းမရှိပါ။ မြို့နယ်များကြားမှ ကွာဟမှုများကို ဖြစ်စဉ်လေ့လာခြင်းအပါအဝင် အခြားနည်းလမ်းများအသုံးပြုပြီးဖော်ထုတ်သည်။

အချက်အလက်များ စုစည်းရာတွင် (၁) အချက်အလက်စုဆောင်းခြင်း၊ ၎င်း၏ အရည်အသွေးကို ဆုံးဖြတ်ခြင်း၊ မူရင်းအရင်း အမြစ်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း (၂) အရင်းအမြစ်အမျိုးမျိုးမှ ရလာသည့် အချက်အလက်များကို တူညီသည့်အညွှန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် စုစည်းခြင်း (၃) တူညီသည့် အညွှန်းများဖြင့် အချက်အလက် စုစည်းထားနိုင်ရန် ဂြိုလ်တုပုံများကို အသွင်ပြောင်းလဲခြင်း (ဂြိုလ်တုအချက်အလက်) (၄) နယ်မြေ နံပါတ်များထည့်သွင်းပြီး အချက်အလက်များကို ပြန်လည်တည်ဆောက်ခြင်း၊ ယင်းကို အချက်အလက်စီမံမှုစနစ်၏ အဓိကသော့ချက်အနေဖြင့် အသုံးပြုခဲ့ပါသည်။[၁]

၂၀၁၄ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုပြီး အညွှန်းကိန်းများစွာ ဖော်ထုတ် ခဲ့ပါသည်။ (ပုံ က.၁)[၂] ဖွံ့ဖြိုးရေးအညွှန်းကိန်းသည် ၂၀၁၄

၁။ Myanmar Information Management Unit (MIMU) (n.d.).

၂။ အညွှန်းကိန်းများ ဖော်ထုတ်သည့်နည်းလမ်းမှာ Oxford Poverty၊ Human Development Initiative နှင့် United Nations Development Program တို့ဖော်ထုတ် ထားသည့် Global Multidimensional Poverty Index ပြုစုသည့်နည်းလမ်း၏ လွှမ်းမိုးမှု များပါသည်။ တဦးချင်းတွင်ဖြစ်ပေါ်နေသည့် လိုအပ်ချက် (overlapping deprivations) များကို သုံးသပ်ခြင်းကို ဆင်းရဲမွဲတေမှုကိုကိုဝင်ငွေဖြင့်တိုင်းတာခြင်း( monetary measures of poverty) ပေါင်းစပ်ထားပါသည်။ အချက်အလက်ရရှိမှုပေါ်လိုက်ပြီး TDI ခေါင်းစဉ်ခွဲများ ဖွဲ့စည်းရာတွင် ထပ်တိုး သို့မဟုတ် မူကွဲ အညွှန်းများ (alternative indicators) ကို အသုံးပြုခဲ့ပါသည်။ ဖွံ့ဖြိုးရေးအညွှန်းများအတွက် အချက်အလက် အဓိက ရယူခဲ့သည့် ရင်းမြစ်များကို နောက်ဆက်တွဲ အဆုံးတွင်ဖော်ပြထားပါသည်။

သန်းခေါင်စာရင်းမှ တိုင်းတာချက်များနှင့် ပညာရေး၊ လူနေမှုအဆင့်အတန်းနှင့် ကျန်းမာရေး ခေါင်းစဉ်ခွဲ ၃ ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ စုစုပေါင်း အညွှန်း ၁၆ ခုကို အသုံးပြုခဲ့သည်။ အညွှန်း များကို ခေါင်းစဉ်ခွဲတစ်ခုခြင်းစီတွင် တန်းတူညီမျှ ထည့်သွင်းတွက်ချက်ထားပါသည်။

အညွှန်းကိန်းပြုစုသည့်နည်းလမ်းကို Darin Christensen ၊ Assistant Professor of Public Policy, University of California, Los Angeles (UCLA) နှင့် Mai T. Nguyen, Department of Politics, New York University တို့နှင့် ဆွေးနွေးပြီးပြုစုထားခြင်း ဖြစ်သည်။ အညွှန်းများတွင်ပါဝင်သည့် ဖွံ့ဖြိုးရေးအညွှန်းကိန်း (development index) နှင့် ခေါင်းစဉ်ခွဲများ (sub-indexes) မှာ

- ပညာရေး - စာတတ်မြောက်မှုနှုန်း၊ ကျောင်းအပ်နှံမှုနှုန်း အခြေခံပညာ တတ်မြောက်မှုနှုန်း၊ အလယ်တန်း အဆင့် တတ်မြောက်မှုနှုန်း[၃]
- လူနေမှု အဆင့်အတန်း - နေထိုင်မှုအခြေနေနှင့်ပတ်သက်သည့် အညွှန်း ၁၂ ခုကို အသုံးပြုခဲ့ပါသည်။ (ဥပမာ - ရေကောင်းရေသန့်ရရှိမှု) အိမ်ထောင်အလိုက်ပိုင်ဆိုင်မှု (ဖုန်း သို့မဟုတ် တီဗီ)[၄]
- ကျန်းမာရေး - မွေးစကလေးသေဆုံးမှု ( တနှစ်အတွင်း တနှစ်အောက်ကလေးသေဆုံးမှုနှင့် အသက်ရှင်သည့် ကလေးအရေ အတွက် အချိုးစား ) သက်ကြီးရွယ်အို အညွှန်းကိန်း ရလဒ် (လူ ၁၀၀ တွင် အသက် ၁၅ နှစ်အောက် နှင့် အသက် ၆၅ နှစ် နှင့်အထက် အချိုးအစား)[၅]

**ပုံ ၈.၁။**

မြို့နယ်ဖွံ့ဖြိုးရေး အညွှန်းကိန်းနှင့် ခေါင်းစဉ်ခွဲများ




အညွှန်းအများအပြား ပေါင်းစပ်အသုံးချရခြင်းသည် သန်းခေါင်စာရင်းပါအချက်အလက်များ၏ အားသာချက်၊ အားနည်းချက်များကို ကြားချနိုင်ရန်ဖြစ်သည်။ ဥပမာ သုံးသပ်မှုပြုလုပ် သူများသည် စာတတ်မြောက်မှုနှုန်းနှင့်ပတ်သက်ပြီး အသေးစိတ် အစီရင်ခံမှုနှင့် ပတ်သက်ပြီး ပြောဆိုခဲ့ကြသည်။အခြားနိုင်ငံများမှာ ကဲ့သို့ အခွန်ကောက်နိုင်သည့် အမျိုးအစားများ ကိုလျော့ပေါ့အစီရင်ခံခြင်းသည် ပြဿနာတစ်ခုဖြစ်လာနိုင်သည်။ သို့သော်လည်း ယင်းပုံစံသည် တနိုင်ငံလုံးတွင် ဖြစ်ပေါ်နိုင်ဖွယ်ရှိပြီး ယင်းကိုစွကြောင့် နယ်မြေများ ကြား နှိုင်းယှဉ်မှုများကို ထိခိုက်မှုမရှိစေသင့်ပါ။ ကျန်းမာရေးခေါင်းစဉ်ခွဲတစ်ခုလုံးသည် စိတ်ချရသည့် မြို့နယ်အဆင့် ကျန်းမာရေးအချက်အလက်များ မရရှိနိုင်မှုကြောင့် အကန့်အသတ်များရှိသည်။

## ၂၀၁၄ သန်းခေါင်စာရင်း အားနည်းချက်များ

၂၀၁၄ သန်းခေါင်စာရင်းတွင် လူအများသိသည့် အချက်အလက်ပိုင်း လစ်ဟာမှုများရှိ သည်။ ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများမှ ပြည်သူများအပါအဝင် အချို့ကို စာရင်း ထည့်သွင်းထားခြင်းမရှိပါ။ ရခိုင်ပြည်နယ်တွင် ခန့်မှန်း ၁၀ ၉ ၀၀၀၀၊ ပြည်နယ် လူဦးရေ၏ ၃၄ ရာခိုင်နှုန်းကို စာရင်းထည့်သွင်းထားခြင်းမရှိပါ။ မိမိကိုယ်ကို ရိုဟင်ဂျာဟု သတ်မှတ်လိုသည့် သူအများအပြား အထူးသဖြင့် ပြည်နယ် မြောက်ပိုင်းနေသူများကို စာရင်းထည့်သွင်းခြင်းမရှိပါ။ ကချင်ပြည်နယ် တွင် စာရင်းသွင်း မခံရသည့် လူဦးရေ ၄၆၆၀၀၀ နီးပါးရှိသည်။ ၊မန်စီနှင့် မိုးမောက်မြို့နယ်များမှ ကျေးရွာအုပ်စု ၂၅ ခုမှဖြစ်ကြပြီး ပြည်နယ်လူဦးရေ၏ ၂.၇ ရာခိုင်နှုန်းဖြစ်သည်။ ကရင် ပြည်နယ်တွင် ခန့်မှန်းပြည်နယ်လူဦးရေ ၄.၄၃ ရာခိုင်နှုန်းကို စာရင်းထည့်သွင်းထားခြင်း မရှိပါ။ အဓိကအားဖြင့် ဖာပွန်မြို့နယ် အတွင်းမှ ကျေးရွာများတွင်နေထိုင်သူများ ဖြစ်ကြသည်။ [၆]

သန်းခေါင်စာရင်းတွင်ပါဝင်ခြင်းမရှိသူများ၏ အသေးစိတ်လူဦးရေစာရင်းကို တွက်ချက်နိုင် ရန် အားထုတ်မှုများရှိသည်။ သန်းခေါင်စာရင်းပါ လူဦးရေ အချက်အလက်များ ကွဲပြားနေမှု ကိုဖြေရှင်းရန် ၂၀၁၁ ခုနှစ် မြို့နယ်ကျန်းမာရေး စာရင်းကို အသုံးပြုခဲ့သည်။ ၎င်းနှစ်သည် ကျန်းမာရေးအချက်အလက်များ လူသိရန် ထုတ်ပြန်ခဲ့သည့် နောက်ဆုံးအကြိမ်ဖြစ်သည်။ ပြည့်စုံမှုမရှိသော်လည်း အစိုးရ၏အခြားအရင်းအမြစ်များကို အသုံးချခြင်းဖြင့် လူဦးရေ ပမာဏကို နီးနီးစပ်စပ် ခန့်မှန်းနိုင်ခဲ့သည်။

---

၃။ သင်ယူတတ်မြောက်မှုနှုန်း (Educational attainment) သည် နိုင်ငံတစ်ခု၏ ပညာရေးစနစ်တွင် အမြင့်ဆုံး အတန်း/သတ်မှတ်ချက် အောင်မြင်မှုကို ဆိုလိုသည်။ အစိုးရကျောင်း၊ အစိုးရ အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်း ၂ ခုလုံးကို ထည့်သွင်းတွက်ချက်သည်။.

၄။ အသုံးပြုသည့် အညွှန်းများတွင် သန်းခေါင်စာရင်းရလဒ်များအရ ချက်ပြုတ်ရာတွင် သန့်စင်သည့် လောင်စာသုံးနိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ သန့်ရှင်းသည့် သောက်သုံးရေ ရရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ သန့်ရှင်းသည့် မိလ္လာအဆောက်အဦ အသုံးပြုနိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ သန့်ရှင်းကောင်းမွန်သည့် ကြမ်းခင်းနှင့်နေထိုင်နိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း (ဥပမာ ဖုန်မရှိသည့် ကြမ်းခင်း)၊ လျှပ်စစ်မီးအသုံးပြုနိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ တယ်လီဖုန်း အသုံးပြုနိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ ရေဒီယိုပိုင်ဆိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ ရုပ်မြင်သံကြား ပိုင်ဆိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ ဆိုင်ကယ် ပိုင်ဆိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း၊ စက်ဘီး ပိုင်ဆိုင်သည့် အိမ်ထောင်စု ရာခိုင်နှုန်း။ မူရင်းကိုးကား ၂၀၁၄ သန်းခေါင်စာရင်း

၅။ အဓိပ္ပာယ်ဖွင့်ဆိုမှုများနှင့် ပတ်သက်ပြီး အသေးစိတ်သိလိုပါက MIP 2016b, 125 & 127. Original source: Census 2014.

၆။ MIP 2015c; MIP 2015d; MIP 2015e

## ညအချိန် လျှပ်စစ်မီး အသုံးပြုနိုင်မှုနှင့် ဖွံ့ဖြိုးရေး အညွှန်းကိန်း


စီးပွားရေး ဖွံ့ဖြိုးမှု အဆင့်အတန်း[၇] ကို ခန့်မှန်းရန်ရာတွင် အသိအမှတ်ပြု ခံထားရသည့် ညအချိန်လျှပ်စစ်မီးအသုံးပြုနိုင်မှုကို မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း ၃၃၀ ၏ ဂြိုလ်တု ပုံရိပ်များဖြင့် စုဆောင်းခဲ့သည်။ (၁၉၉၃ - ၂၀၁၃) အညွှန်းကိန်းကို အတည်ပြုနိုင်ရန် ဆန်းစစ်သည့်အနေဖြင့် သုတေသနအဖွဲ့သည် ၂၀၁၃ ခုနှစ် မြို့နယ်အဆင့် ညအချိန်လျှပ်စစ် အသုံးပြုနိုင်မှုနှင့် ဖွံ့ဖြိုးမှု အညွှန်းကိန်းကို နှိုင်းယှဉ်ပြီး၊ ဆက်နွယ်မှု အတိုင်းအတာကို ဖော်ထုတ်ခဲ့သည်။ ပုံ က.၂ တွင် ဖွံ့ဖြိုးရေးအညွှန်းကိန်း အသုံးချမှု ကိုပံ့ပိုးပေးခဲ့သည့် အပြုသဘော စုဖွဲ့မှုများကိုတွေ့မြင်နိုင်သည်။

## မြန်မာနိုင်ငံ၏ နယ်မြေစိုးမိုးရေး ပဋိပက္ခရှိရာ နယ်မြေများကို အမျိုးအစား သတ်မှတ်ခြင်း

မြန်မာနိုင်ငံရှိမြို့နယ်တစ်ခုခြင်းစီကို နယ်မြေစိုးမိုးရေးပဋိပက္ခ သက်ရောက်မှု ရှိမရှိ ခွဲခြား သတ်မှတ်ခဲ့သည်။ နယ်မြေအမျိုးအစား သတ်မှတ်ရာတွင် မတူညီသည့် အညွှန်းများကြား အပြန်အလှန်ဆက်နွယ်နေမှုကို ပထမဆုံး လေ့လာသည်။[၈]

## ပုံ ဣ.၂။

ညအချိန်လျှပ်စစ်မီးအသုံးပြုနိုင်မှုနှင့် ဖွံ့ဖြိုးရေး အညွှန်းကိန်း ဆက်စပ်မှု




- လက်နက်ကိုင်တိုက်ပွဲများ (၂၀၁၃ - ၂၀၁၆)
- အစွန်အဖျားဒေသများမှ အကြမ်းဖက်မှုများ (IED များ၊ မြေမြှုပ်မိုင်းဖြစ်စဉ်များ)
- ပြည်သူများကို အကြမ်းဖက်မှု (၂၀၁၅ - ၂၀၁၆)
- မြေမြှုပ်မိုင်း အသုံးပြုမှု (၂၀၁၄ - ၂၀၁၆)
- IDP များရှိနေမှု ( စခန်းအရေအတွက်၊ စုစုပေါင်း လူဦးရေ) (၂၀၀၂ - ၂၀၁၆)
- နိုင်ငံတော်အစိုးရ လက်နက်ကိုင်အဖွဲ့၊ နိုင်ငံတော်အစိုးရနှင့်မဆိုင်သည့် လက်နက်ကိုင်အဖွဲ့ များနေရာယူမှု
- EAO ဝန်ဆောင်မှု ပံ့ပိုးသူများ
- အပစ်အခတ်ရပ်စဲရေးများ NCA (၂၀၁၅ - မှ လက်ရှိ) နှင့် နှစ်ဖက်သဘောတူညီချက်များ (၁၉၈၉ - ၂၀၁၀၊ ၂၀၁၁ - လက်ရှိ)
- လုံခြုံရေး အခြေအနေကြောင့် ရွေးကောက်ပွဲများ ဖျက်သိမ်းခဲ့ခြင်း (၂၀၁၀၊ ၂၀၁၅)

အခြား အညွှန်းများနှင့် ဆက်စပ်မှုအရှိဆုံး အကြောင်းအရာမှာ EAO များ ရှိနေမှုဖြစ် သည်။ ထို့ကြောင့် နယ်မြေစိုးမိုးရေး ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်အဖြစ် သတ်မှတ်ရာ တွင် EAO များရှိမရှိကို ပထမ အဆင့်အနေဖြင့် ဆန်းစစ်သည်။ ရင်ဆိုင် ပဋိပက္ခများ (လက်နက် ကိုင်တိုက်ပွဲများ) နှင့် ပဋိပက္ခများအောင်းနေသည့် လက္ခဏာများ ( လက်နက် ကိုင်တိုက်ပွဲများမရှိသော်လည်း လက်နက်ကိုင်တပ်ဖွဲ့များဆက်လက်ရှိနေသည်) ရှိနေ သည့် မြို့နယ်များကိုလည်း ပဋိပက္ခဒဏ်ခံနေရသည့် ဒေသအဖြစ် သတ်မှတ်သည်။ EAO များမရှိသော်လည်း လတ်တလောနှစ်များအတွင်း (၂၀၁၅ နှင့် ၂၀၁၆ ) တွင် ၅ ကြိမ်ထက် နှင့်အထက် လက်နက်ကိုင်တိုက်ပွဲများရှိခဲ့သည့်နေရာများကိုလည်း နယ်မြေစိုးမိုးရေး ပဋိပက္ခဒဏ်ခံနေရသည့်နေရာများအဖြစ်သတ်မှတ်သည်။ အရင်းအမြစ်များစွာကို စုစည်း၊ စစ်ဆေးအတည်ပြုပြီးနောက်တွင် မြို့နယ်ပေါင်း ၁၁၇ မြို့နယ်တွင် အနည်းဆုံး EAO တဖွဲ့ ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ရသေ့တောင်မြို့နယ်တွင် EAO တဖွဲ့မှမရှိသော်လည်း လက်နက်ကိုင်တိုက်ခိုက်မှု ၅ ကြိမ်နှင့်အထက်ဖြစ်ပေါ်ခဲ့သည်။[၉] စုစုပေါင်း ၁၁၈ မြို့နယ် ကို နယ်မြေစိုးမိုးရေးပဋိပက္ခရှိသည့်နေရာအဖြစ် သတ်မှတ်ခဲ့သည်။ အခြားသော ပဋိပက္ခ အညွှန်းများတွင် ရမှတ်များခဲ့သည့် မြို့နယ်များသည် ယင်း ၁၁၈ မြို့နယ်တွင် အများအား ဖြင့်ပါဝင်လေ့ရှိသည်။

## ပဋိပက္ခအချက်အလက်များကို စစ်ဆေးအတည်ပြုခြင်း၊ အမျိုးအစားခွဲခြင်း

လက်နက်ကိုင်တိုက်ပွဲ စုစုပေါင်းအရေအတွက်ကို မတူညီသည့် အရင်းအမြစ်အမျိုးမျိုးမှ The Asia Foundation ကတွက်ချက်ဖော်ထုတ်ခဲ့ပြီး ၎င်းတို့ကို နှိုင်းယှဉ်လေ့လာမှု၊ သုံးသပ်မှု၊ စစ်ဆေးအတည်ပြုမှုများ ပြုလုပ်ခဲ့သည်။ စနစ်တကျ စုစည်းထားသည့် လက်နက်ကိုင် အဖွဲ့များကြား ဖြစ်ပေါ်သည့်

---

၇။ Data source: NOAA n.d. စီးပွားရေး တိုးတက်မှုအပါအဝင် အမျိုးမျိုးသော ကိန်းရှင် များကို ညအချိန်လျှပ်စစ်မီးအသုံးပြုနိုင်မှုကို နည်းလမ်းအတစ်ခုအနေဖြင့် အသုံးပြုပြီး ဖော်ထုတ်သည့် သုတေသနအဖွဲ့တစ်ခုရှိသည်။ အထူးသဖြင့် ဝင်ငွေတိုးတက်မှု၊ နိုင်ငံအဆင့် အချက်အလက်များအားနည်းသည့်၊ စီးပွားရေး လုပ်ငန်းအများစုကို နားလည်မှုဖြင့် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခင်းအကျင်းတွင် အသုံးပြုသည်။ မကြာသေးမီက ထွက်ရှိခဲ့သည့်စာတမ်းများတွင် ညအချိန်မီးအသုံးပြုနိုင်မှု အချက်အလက်နှင့် အိမ်ထောင်စုများကို မြေပြင်တွင်လိုက်လံဆန်းစစ်မှု တုန့်ပြန်ချက်များတွင် အပြန်အလှန်ဆက်စပ်မှုရှိနေသည်။ ညအချိန်လျှပ်စစ်မီးအသုံးပြုနိုင်မှုသည် စီးပွားရေးတိုးတက်မှုကို မှန်မှန်ကန်ကန်မှန်းဆ နိုင်သည့် နည်းလမ်းဖြစ်သည်။ (Weidmann & Sebastian 2017)

၈။ အသုံးပြုခဲ့သည့် ရင်းမြစ်များစာရင်းကို ကို နောက်ဆက်တွဲ အဆုံးတွင်ဖော်ပြထားပါသည်။

၉။ အစိုးရနှင့် နှစ်ဖက်သဘောတူအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိထားသည့် EAO များမှာ ၉ ၄ မြို့နယ်တွင်ရှိသည်။ ယင်းမြို့နယ်များ၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်တွင် သဘောတူ ညီချက်များရှိထားသည့်တိုင် ၂၀၁၅ - ၁၆ တွင် လက်နက်ကိုင် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

## ဇယားကွက် က.၂။
ဖြစ်စဉ်လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသများ

| ပြည်နယ် | မြို့နယ် |
|---|---|
| ကယား | လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲ |
| ရှမ်း (မြောက်) | နမ့်ဆန်၊ မန်တုံ |
| ကရင် | လှိုင်းဘွဲ့ |
| ကချင် | မြစ်ကြီးနား၊ ဝိုင်းမော်၊ IDP စခန်းများ အပါအဝင် |

အကြမ်းဖက်ရင်ဆိုင်မှုများအဖြစ် လက်နက် ကိုင်တိုက်ခိုက်မှုများ (armed clashes) သို့မဟုတ် တိုက်ပွဲများ (battles) ဟု အမျိုးအစားခွဲသတ်မှတ်ခဲ့သည်။ ယခုအမျိုးအစားသည် တပ်မတော် (သို့မဟုတ် နယ်ခြားစောင့်တပ်) နှင့် EAO ကြား သို့မဟုတ် EAO အချင်းချင်းကြားဖြစ်ပွားသည့် အကြမ်းဖက်မှုများကို အဓိကထားသည်။ အချက်အလက်များ မှတ်တမ်းယူသည့် လုပ်ငန်းစဉ်နှင့် ဆန်းစစ်မှုများသည် The Asia Foundation’s Violent Monitoring Systems: A Methods Toolkit တွင်ဖော်ပြထားသည့် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များပေါ်တွင် အခြေခံခဲ့သည်။[၁၀] အချက်အလက် မူရင်းအရင်းအမြစ်များတွင် အားနည်းချက်များရှိကြောင်း လုပ်ငန်းစဉ်က ဖော်ထုတ်ခဲ့သည်။ ယင်းအနက်မှ အချို့သည် စံသတ်မှတ်ထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုခြင်းမရှိပါ။ အဖွဲ့အနေဖြင့် လုပ်ငန်းစဉ် ကြောင့် အများအသုံးပြုနိုင်သည့် အရင်းအမြစ်များကို ကိုးကားခြင်းဖြင့် အကြမ်းဖက်ပဋိပက္ခဖြစ်ရပ်များ အချက်အလက်ကို မှန်မှန်ကန်ကန်၊ အရှိကို အရှိအတိုင်း ဖော်ထုတ်နိုင်ခဲ့သည်။

### ဒေသတွင်း ဖြစ်စဉ်လေ့လာချက်၊ ကွင်းဆင်းဆောင်ရွက်ချက်

အထောက်အပံ့နှင့် ဖွံ့ဖြိုးမှု၏ အတိုက်အခံနယ်မြေများပေါ် သက်ရောက်မှုကိုဖော်ထုတ်နိုင်ရန် သုတေသနအဖွဲ့သည် ကရင်၊ ရှမ်း၊ ကယားနှင့် ကချင်ပြည်နယ်မှ မြို့နယ်များတွင် ဖြစ်စဉ်လေ့လာမှု ၄ ခုပြုလုပ်ခဲ့သည်။ (ဇယား က.၂) ဖြစ်စဉ်လေ့လာရန် နေရာရွေးချယ်ရာတွင် အတိုက်အခံအဆင့်အမျိုးမျိုး၊ လက္ခဏာအမျိုးမျိုး၏ ဒဏ်ခံနေရသည့် ပြည်သူများကို လေ့လာနိုင်ရန်၊ လူမျိုးဖွဲ့စည်းမှုအလိုက်ဖြစ်ပေါ်သည့် ကွဲလွဲမှုများ သိရှိနိုင်ရန်၊ ပထဝီ အနေအထား နယ်မြေအမျိုးအစား ဖြစ်နိုင်သမျှစုံလင်စွာလေ့လာနိုင်ရန်၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် အမျိုးမျိုးနှင့် အထောက်အပံ့ဆောင်ရွက်ပုံအမျိုးမျိုးကိုလေ့လာနိုင်ရန် ရည်ရွယ်စုစည်းခြင်း (purposive sampling) နည်းဖြင့် အမျိုးအစားခွဲရွေးချယ်ခဲ့သည်။ ပဋိပက္ခနယ်မြေများအပြားအနက်မှ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး ဆောင်ရွက်ချက် ၅ ခု ဖြစ်သော ရေအားလျှပ်စစ်နှင့် လျှပ်စစ်သွယ်တန်းမှု၊ လမ်းများဖောက်လုပ်မှု၊ ရပ်ရွာနှင့် ဒေသဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ လူမှုရေးဝန်ဆောင်မှုများ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး ဆောင်ရွက်နေမှုများ နှင့် စိစစ်ကာ လေ့လာမည့်နယ်မြေများကို ဖော်ထုတ်ခဲ့သည်။ ကချင်ပြည်နယ်တွင်မူ ဒေသဆိုင်ရာ သုံးသပ်မှုများပြုလုပ်ရန် နေရာ တစ်ခုကိုသာ ဦးတည်လေ့လာခြင်းထက် ၁၉၉၄ မှ ၂၀၁၁ ခုနှစ် အပစ်အခတ် ရပ်စဲရေး ကာလအတွင်း ဖွံ့ဖြိုးမှုများကိုလေ့လာသည့် ပုံစံဖြင့် ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ် လေ့လာချက်များကို မြို့နယ်အတွင်းရှိ မြို့များ၊ ကျေးရွာများတွင် မေးမြန်းချက်များ၊ ဦးတည်အုပ်စုမေးမြန်းချက်များ ပြုလုပ်ခြင်းများဖြင့် ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်လေ့လာချက်တစ်ခုတွင် ကျေးရွာ ၆ ခုမှ ၉ ခုနီးပါး ပါဝင်လေ့ရှိသည်။ အထောက်အပံ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် နီးစပ်မှု၊ အဓိကနေထိုင်သည့် ဒေသခံလူမျိုး ကွဲပြားမှုပေါ်အခြေခံပြီး ရပ်ရွာများကိုရွေးချယ်ခဲ့သည်။ ဦးတည်အုပ်စုဆွေးနွေးမှု များတွင် ကျေးရွာခေါင်းဆောင်များ၊ ဖွံ့ဖြိုးရေးကော်မတီများ၊ ဆရာများ၊ ကျန်းမာရေး ဝန်ထမ်းများ နှင့် ဒေသတွင်းမှခေါင်းဆောင်များ၊ ကျေးရွာပြည်သူများ ပါဝင်ခဲ့ကြသည်။ မြို့များ တွင်ပြုလုပ်ခဲ့သည့်မေးမြန်းမှုများတွင် မြို့နယ်အဆင့် အစိုးရအရာရှိများ၊ စီးပွားရေး ခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့များ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ခဲ့သည်။

ဖြစ်စဉ်လေ့လာမှု သုတေသနလုပ်ငန်းစဉ်တလျောက် သုတေသနအဖွဲ့အတွင်းတွင်လည်းကောင်း၊ မေးမြန်းမှုများပြုလုပ်ရာတွင်လည်းကောင်း ဂျန်ဒါမျှတမှုကို ထည့်သွင်းခဲ့သည်။ ဂျန်ဒါနှင့်ဆိုင်သည့် အခင်းအကျင်းများ ထွက်ပေါ်လာ စေရန် ကျားမရောနှောဆွေးနွေးခြင်းနည်းလမ်းကို အသုံးပြုခဲ့သည်။

ယင်းကဲ့သို့သောနည်းလမ်းများသည် ဂျန်ဒါသဘောထား မမျှမတဖြစ်စေမှုကို ဦးတည်စေသောကြောင့် အမျိုးသမီးသီးသန့် အစုဖွဲ့ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့သီးသန့် ဆွေးနွေးခြင်းဖြင့် မိခင်ကျန်းမာရေး၊ ဝန်ဆောင်မှု ရရှိရေး အပါအဝင် ကျားမလိုက်ပြီး ခံစားရသည့် ဖွံ့ဖြိုးရေးပြဿနာများပေါ် အမြင်သဘောထားများပေါ်ထွက်စေခဲ့ပြီး ပြဿနာများကို ပွင့်လင်းစွာ ထုတ်ဖော်နိုင်ခဲ့သည်။ ဒေသခံပြည်သူများနှင့် ယုံကြည်မှု အလွယ်တကူတည်ဆောက်နိုင်ရန်၊ ဦးတည်အုပ်စုဆွေးနွေးမှုများ၊ မေးမြန်းချက်များကို တိုင်းရင်းသားဘာသာစကားဖြင့်ဆောင်ရွက်နိုင်ရန် ဒေသခံသုတေသနအဖွဲ့များနှင့် ၎င်းတို့၏ လူမျိုးဖွဲ့စည်းပုံကို စနစ်တကျ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

---

၁၀။ Morel 2016

# ဇယားကွက် ၈.၃။

## စာနယ်ဇင်းဖော်ပြချက်များ ဆန်းစစ်မှုတွင်ပါဝင်ခဲ့သည့် အကြောင်းအရာများ

| ခေါင်းစဉ် | ခေါင်းစဉ်ခွဲ |
|---|---|
| ငြိမ်းချမ်းရေးတည်ဆောက်ခြင်း | ပင်လုံညီလာခံ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ |
| | တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| | အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု |
| | ညီညွတ်သောလူမျိုးစုများ ဖက်ဒရယ်ကောင် စီနှင့် တိုင်းရင်းသားမဟာမိတ်အဖွဲ့များ |
| | FOREIGN FUNDING |
| | ဖက်ဒရယ်ဝါဒ၊ ဝင်ငွေခွဲဝေခြင်း |
| | မှောင်ခိုစီးပွားရေး |
| | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှု |
| | ဒေသခံ /အရပ်ဘက် လူ့အဖွဲ့အစည်းများ ဦးဆောင်သည့် ငြိမ်းချမ်းရေးတည်ဆောက် မှုလုပ်ငန်းများ |
| | ပဋိပက္ခဆင်ခြင်ရှောင်ရှားနိုင်မှုမရှိခြင်း၊ ဆွေးနွေးအကြံပြုမှုမရှိခြင်း |
| | ပြည်သူများကို မတရားပြုခြင်း၊ ပြည်သူများ အသက်စည်းစိမ်ဆုံးရှုံးမှု |
| လမ်းများ | ဒေသ လူမှုစီးပွားဖွံ့ဖြိုးမှု |
| | နိုင်ငံအဆင့် စီးပွားရေး ဖွံ့ဖြိုးမှု |
| | ခရီးဝေး သို့မဟုတ် နယ်စပ် ကုန်သွယ်ရေး |
| | အထူးဖွံ့ဖြိုးရေးရည်မှန်းချက်များ နှင့် ဆက်စပ်မှု (သတ္တုတွင်း၊ အထူးစီးပွားရေး ဇုန် အစရှိသဖြင့်) |
| | ငြိမ်းချမ်းရေး၊ ပဋိပက္ခများနှင့် ဆက်နွယ်မှု ( စီမံကိန်းနေရာတွင် စစ်တပ်တိုးချဲ့လာမှု၊ လက်နက်ကိုင် ပဋိပက္ခများ တိုးလာမှု) |
| | နိုင်ငံခြားအထောက်အပံ့၊ ပါဝင်မှု |
| | နေရာရွှေ့ပြောင်းရမှု၊ အသက်မွေးမှုလုပ်ငန်း များဆုံးရှုံးခြင်း |
| | အခွန်အခ |
| ရေအားလျှပ်စစ်ထုတ်ယူသည့် ရေကာတာများ | လျှပ်စစ်ထုတ်ခြင်း |
| | အခြား လူမှုစီးပွားဖွံ့ဖြိုးမှု |
| | နိုင်ငံခြား အထောက်အပံ့/ပါဝင်မှု |
| | စစ်တပ်တိုးချဲ့မှု၊ လက်နက်ကိုင်တိုက်ခိုက်မှု များမြင့်တက်လာမှု |
| | နေရာရွှေ့ပြောင်းရမှု၊ အသက်မွေးမှုလုပ်ငန်း များဆုံးရှုံးခြင်း |
| | သဘာဝ ပတ်ဝန်းကျင် ပျက်ဆီးမှု |
| | သဘာဝ ပတ်ဝန်းကျင် အကျိုးဖြစ်ထွန်းစေမှု |
| ပညာရေး | ဗဟိုအစိုးရက ပံ့ပိုးသည့် ပညာရေး |
| | ရပ်ရွာအခြေပြုအဖွဲ့အစည်း၊ အရပ်ဘက် လူ့အဖွဲ့အစည်း သို့မဟုတ် EAO များ ပံ့ပိုး သည့် ပညာရေး |
| | ပညာရေး အဆောက်အဦသစ်များ ဆောက်လုပ်ခြင်း |
| | နိုင်ငံခြား အထောက်အပံ့/ပါဝင်မှု |
| | ပညာရေး အရည်အသွေးပြည့်မီမှုမရှိခြင်း/ ပညာရေးစနစ်ကို လျစ်လျူရှုထားခြင်း |
| | လက်နက်ကိုင်ပဋိပက္ခကြောင့် ပညာရေးကို အတားအဆီးဖြစ်စေခြင်း |
| | IDP/ ဒုက္ခသည်များ ပညာရေး |
| | တိုင်းရင်းသားပညာရေး (မိခင် ဘာသာစကား အခြေပြုပညာရေး၊ တိုင်းရင်း သားသမိုင်း နှင့်ယဉ်ကျေးမှု) |
| | နိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသား တို့၏ ဝန်ဆောင်မှုလုပ်ငန်းများညှိနှိုင်းပူးပေါင်းခြင်း |
| ကျန်းမာရေး | ဗဟိုအစိုးရက ပံ့ပိုးသည့် ကျန်းမာရေး |
| | ရပ်ရွာအခြေပြုအဖွဲ့အစည်း၊ အရပ်ဘက် လူ့အဖွဲ့အစည်း သို့မဟုတ် EAO များ ပံ့ပိုး သည့် ကျန်းမာရေး |
| | ကျန်းမာရေး အဆောက်အဦသစ်များ ဆောက်လုပ်ခြင်း |
| | နိုင်ငံခြား အထောက်အပံ့/ပါဝင်မှု |
| | ကျန်းမာရေး အရည်အသွေးပြည့်မီမှုမရှိခြင်း/ ကျန်းမာရေး စနစ်ကို လျစ်လျူရှုထားခြင်း |
| | IDP/ ဒုက္ခသည်များ ပညာရေး |
| | ဗမာမှုပြုခြင်းအယူအဆ (ဥပမာ ဝန်ထမ်း ခန့်ထားရာတွင် လူမျိုးရေးပါဝင်ခြင်း) |
| | နိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသား တို့၏ ဝန်ဆောင်မှုလုပ်ငန်းများညှိနှိုင်းပူးပေါင်းခြင်း |

## အဓိက ပုဂ္ဂိုလ်များနှင့် မေးမြန်းချက်

နိုင်ငံသား ကျွမ်းကျင်သူ၊ နိုင်ငံခြားသားကျွမ်းကျင်သူ၊ အလှူရှင် များ၊ အစိုးရအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများ ခန့်မှန်းအကြိမ် ၁၂၀ ခန့်ပြုလုပ်ခဲ့သည်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ၈ ခုမှ ဝန်ထမ်းများ၊ အလှူရှင်အဖွဲ့အစည်းပေါင်း ၃၀ ကျော်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရ ၃ ဖွဲ့ ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့ အစည်း များ၊ ပညာရှင်များ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် အရပ်ဖက် လူ့အဖွဲ့အစည်းများကို မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အဓိက ပတ်သက်သော ယခင်က ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre) မှ အမည်ပြောင်းလဲထားသည့် အမျိုးသား ပြန်လည် သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဌာန National Reconciliation and Peace Center (NRPC)၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မဟာမိတ်များ၊ ငြိမ်းချမ်းရေး ညှိနှိုင်း မှုများ နှင့် သက်ဆိုင်သည့် ကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ မေးမြန်းမှုအများစုကို ရန်ကုန်တွင်ပြုလုပ်ခဲ့ပြီး၊ အခြားမေးမြန်းမှုများကို နေပြည်တော်၊ မော်လမြိုင်၊ ဘားအံ၊ ချင်းမိုင်နှင့် ဘန်ကောက်တွင် ပြုလုပ်ခဲ့သည်။

## စာနယ်ဇင်းဖော်ပြမှုများ ဆန်းစစ်ချက် (MEDIA DISCOURSE ASSESSMENT)

ဖွံ့ဖြိုးရေး၊ အထောက်အပံ့နှင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဖော်ပြမှု အမျိုးမျိုးကို လေ့လာနိုင်ရန် စာနယ်ဇင်းများတွင်ဖော်ပြထားချက်များကို ဆန်းစစ်ခဲ့သည်။ ဖြစ်စဉ်လေ့လာရေး ချဉ်းကပ်ပုံနှင့်အညီ နိုင်ငံခြား အထောက်အပံ့အဖွဲ့အစည်းများ ဝင်ရောက်လုပ်ကိုင်နေသည့် အဓိကနေရာ ၄ ခု ဖြစ်သာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ လမ်းများ၊ ရေအားလျှပ်စစ် နှင့် လျှပ်စစ် ထုတ်ယူခြင်း၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများကို အဓိကထားခဲ့သည်။ ဒေသတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များပေါ်တွင် စာနယ်ဇင်းများဖော်ပြမှု အကန့်အသတ်ရှိသောကြောင့် ဆန်းစစ်မှု (assessment) ဟု ယူဆခြင်းမရှိပါ။ တိုင်းရင်းသား နှင့်ဒေသခံ စာနယ်ဇင်းများအပါအဝင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ပြည်တွင်းစာနယ်ဇင်း အမျိုးမျိုးမှ သတင်း ဆောင်းပါးပေါင်း ၇၀၀ ကျော်ကို သုံးသပ်ခြင်း၊ အမျိုးအစားခွဲခြင်းများ ပြုလုပ်ခဲ့သည်။

လေ့လာမှုအဆင့်တွင် ကဏ္ဍတစ်ခုခြင်းစီမှ အရေးပါသည့် ခေါင်းစဉ်ခွဲများဖော်ထုတ်ခြင်း (ဇယား က.၃။) ၊ အမျိုးအစားခွဲခြားခြင်း၊ စမ်းသပ်ခြင်း၊ အချောသပ်ခြင်းများပါဝင်သည်။ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းဖြင့် ဖြစ်ရပ်များဖြစ်ပေါ်ခဲ့သည့်နေရာ၊ နိုင်ငံရေးသမား၊ အစိုးရ အရာရှိ၊ ဒေသခံပြည်သူ၊ အရပ်ဘက် လူ့အဖွဲ့ အစည်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အလှူရှင်များ နှင့် NGO များ၊ သုတေသနပညာရှင်များ၊ လက်နက်ကိုင် အဖွဲ့များ အစရှိသော သတင်းတစ်ခုချင်းစီမှ သတင်းရင်းမြစ်အမျိုးအစားများ ဖော်ထုတ်နိုင်ရန် ရည်ရွယ်သည်။ အတိုက်အခံနယ်မြေများအတွင်းမှ လုပ်ငန်းဆောင်ရွက် ချက်များအပါအဝင် ဖွံ့ဖြိုးရေးနှင့် အထောက်အပံ့များနှင့် ပတ်သက်ပြီး အများပြည်သူကြား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသည့် အကြောင်းအရာများ၊ ခေါင်းစည်းပြဿနာများကို ဖော်ထုတ်နိုင်ခဲ့သည်။ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတွင်းမှ စတိတ်ဟိုဒါ များဖြစ်သော NLD အစိုးရ၊ စစ်တပ်၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ EAO များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ဒေသခံရပ်ရွာအုပ်စုများကြား  အတိုက်အခံဖြစ်နေသည့် သဘောထားများရှိကြောင်းကို သက်သေအထောက်အထား အခိုင်အမာပြသနိုင်ခဲ့သည်။ စာနယ်ဇင်းဖော်ပြချက်များကို အရေအတွက်ယူ၊ အရည်အသွေးယူသည့်နည်းဖြင့် သုံးသပ်မှုများ ပြုလုပ်ခြင်းသည် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ အထောက်အပံ့ နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ် အမြင်သဘောထားများ၊ အယူအဆများကို ဆန်းစစ် ဖော်ထုတ်နိုင်ခဲ့သည်။

## ဖွံ့ဖြိုးရေး အချက်အလက်များ အဓိက ရယူသည့် ကိုးကားရင်းမြစ်များ


လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ၂၀၁၄. ၂၀၁၄ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

National Oceanic and Atmospheric Administration (n.d). Defense Meteorological Satellite Program – Operational Linexan

System Nighttime Lights Time Series.

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (၂၀၁၁)၊ ၂၀၁၁ ခုနှစ်မြို့နယ်ကျန်းမာရေး အချက်အလက်


## နယ်မြေစိုးမိုးရေးပဋိပက္ခအချက်အလက်များ အဓိက ရယူသည့် ကိုးကားအရင်းအမြစ်များ


ALTSEAN-Burma (2010). “2010 Election Watch.”
Armed Conflict Location & Event Data Project (2015-2016). Real time Running Asia File.
Armed Conflict Location & Event Data Project (2015). Armed Conflict Location and Event Data Project (ACLED) Codebook ACLED – ASIA.
Armed Conflict Location & Event Data Project (2016). Myanmar 2015-2016 File.
The Border Consortium (2010). Protected Displacement & Chronic Poverty in Eastern Burma / Myanmar.
The Border Consortium (2013). Poverty, Displacement and Local Governance in South East Burma / Myanmar.
The Border Consortium (2014). Protection & Security Concerns in South East Burma/Myanmar.
The Border Consortium (2015-2016). Refugee and IDP camp population data files 2015-2016.

Buchanan, J. (2016). Militias in Myanmar. Yangon: The Asia Foundation.
Burma News International (2014). Conflicts Archive 2013-2014.
Burma News International (2016). Conflicts Archive 2015-2016.
Burma News International (n.d.). "Conflicts, Communal Violence, and IDPs."
Burma News International (2013). Deciphering Myanmar's Peace Process: A Reference Guide 2013 [2nd ed].
Burma News International (2015). Deciphering Myanmar's Peace Process: A reference Guide 2015.
Burma News International (2017). Deciphering Myanmar's Peace Process: A Reference Guide 2016.
Ceasefire Negotiation and Implementation Program - Myanmar Peace Center (n.d.). 2015 Myanmar Peace and Conflict Overview.
Danish Refugee Council/Danish Demining Group & Myanmar Information Management Unit (2015). Landmine Contamination Map.
Davis, B. & Jolliffe, K. (2016). Achieving Health Equity in Contested Areas of Southeast Myanmar.
International Organization for Migration (2014). Camp Coordination and Camp Management Information Sheet.
International Foundation for Electoral Systems (2011, 2015).
Jolliffe, K. (2016). Ceasefires, Governance and Development: The Karen National Union in Times of Change.
Jolliffe, K. (2014). Ethnic Conflict and Social Services in Myanmar's Contested Regions.
Jolliffe, K. (2015). Ethnic Armed Conflict and Territorial Administration in Myanmar.
Jolliffe, K. & Speers Mears, E. (2016). Strength in Diversity: Towards Universal Education in Myanmar's Ethnic Areas.
Lun Min Mang & Ye Mon (2015). "Ceasefire pact is 'historic gift': president." Myanmar Times.
McCartan, B. & Jolliffe, K. (2016). Ethnic Armed Actors and Justice Provision in Myanmar.
Oxfam (2016). Durable Peace Program in Myanmar: Baseline Report.
Raleigh, C., Linke, A., Hegre, H., & Karlsen, J. (2010). "Introducing ACLED-Armed Conflict Location and Event Data." Journal of Peace Research 47(5) 651-660.
Union Election Commission (n.d.).
United Nations Children's Fund (2015 & 2016). Landmines/ERW Information (Jan-Sep 2016).
United Nations Office for the Coordination of Humanitarian Affairs (2012). Recent Rakhine emergency, reported IDP figures: 5 Nov 2012 [Map].
United Nations Office for the Coordination of Humanitarian Affairs (2013). Myanmar: Internal Displacement in Kachin and northern Shan States [Map].
United Nations Office for the Coordination of Humanitarian Affairs (2013). Myanmar: Internal Displacement in Rakhine State As of 30 November 2013 [Map].
United Nations Office for the Coordination of Humanitarian Affairs (2014). Myanmar: Internal Displacement in Kachin and northern Shan States [Map].
United Nations Office for the Coordination of Humanitarian Affairs (2014). Myanmar: IDP Sites in Rakhine State [Map].
United Nations Office for the Coordination of Humanitarian Affairs (2015). Myanmar: Internal Displacement in Kachin and northern Shan [Map].
United Nations Office for the Coordination of Humanitarian Affairs (2015). Myanmar: Internal Displacement in Rakhine State [Map].
Win Ko Ko Lat, Win Naung Toe, Nay Rein Kyaw, & Khet Mar. (2015) "Myanmar Signs Historic Cease-Fire Deal with Eight Ethnic Armies." Radio Free Asia. Translated by Joshua Lipes.

**The Asia Foundation**

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှ ဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေး အခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဂပတ်ဂန်းကျင်ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီး စွမ်းဆောင်ရည် မြင့်မားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။